http://www.cherrythitsar.org

www.foreverspace.com.mm

ဦးလှဝင်း(လေသူရဲတစ်ဦး)

# ရွှေဘုံသာလမ်းပေါ်မှာ



http://www.cherrythitsar.org

www.foreverspace.com.mm

**ရတနာပုံစာအုပ်တိုက်**

အမှတ် ၄၆/၁၊ ဗိုလ်ရာညွန့်လမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၃၇၃၇၁၆

http://www.cherrythitsar.org

www.foreverspace.com.mm

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.cherrythitsar.org

www.foreverspace.com.mm

# ရွှေဘုံသာလမ်းပေါ်မှာ

ဦးလှဝင်း (လေသူရဲတစ်ဦး)

ရတနာပုံစာအုပ် - ၅၉
၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ

http://www.cherrythitsar.org

www.foreverspace.com.mm

စာမူခွင့်ပြုချက်အမှတ် - ၆၄၃/၂၀၀၄ (၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၆၇၈၀၅၀၅

| | | |
|---|---|---|
| ပုံနှိပ်မှတ်တမ်း | ■ | (ပထမအကြိမ်)၊<br>၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ၊<br>ရတနာပုံစာအုပ်တိုက်၊ |
| အုပ်ရေ | ■ | ၅၀၀ |
| ထုတ်ဝေသူ | ■ | ဦးမင်းထွဋ်ဝင်း [၀၃၇၇၅]<br>(ရတနာပုံစာအုပ်တိုက်)<br>၄၆/၁၊ ဗိုလ်ရာညွန့်လမ်း၊<br>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | ■ | ဒေါ်ခင်အေးမြင့်<br>(ရာပြည့်အော့ဖ်ဆက်)<br>၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်။ |
| မျက်နှာဖုံးပန်းချီ | ■ | မောင်နေကြည် |
| အတွင်းဖလင် | ■ | Quality |
| စာအုပ်ချုပ် | ■ | ကိုမြင့် |
| တန်ဖိုး | ■ | ၁၆၀၀ ကျပ် |

www.foreverspace.com.mm

## စာရေးသူအမှာ

ကျွန်တော်သည် ၁၉၇၀ခုနှစ်အတွင်း၌ တပ်မတော်(လေတပ်)မှ အငြိမ်းစား ယူခဲ့သည်။

လေတပ်မှမထွက်လာမီကပင် ရတနာကုန်သည်လုပ်ရန်ဟူသော စိတ်ကူးမှာ ကျွန်တော့်ရင်တွင်း၌ ရှိထားပြီးဖြစ်၏။

သို့သော် ရတနာလောကသို့ ချက်ချင်းဝင်မရ။

ပြင်ဆင်မှုများအတွက် နှစ်နှစ်၊ သုံးနှစ်ခန့် အချိန်ယူခဲ့ရ၏။

၁၉၇၄ ခုနှစ် အချိန်ခန့်တွင်မူ ကျွန်တော်သည် အချိန်ပြည့်ရတနာကုန်သည်ဖြစ်နေချေပြီ။

မိုးကုတ်မြို့တွင်လည်း အခြေချနေထိုင်နေပြီဖြစ်၏။

ကျွန်တော်၏ရတနာကုန်သည်ဘဝအစ၌ ပထမဆုံး အရောင်းအဝယ် လုပ်ခဲ့သည့်ပစ္စည်းမှာ ရွှေဖြစ်၏။

မိုးကုတ်၌ အထည်ပျက်ရွှေများ ဝယ်သည်။

အထည်သန့်လျှင် ရွှေကို အရောင်ပြန်တင်ပြီး ဈေးကွက်၌ ပြန်ရောင်းသည်။

http://www.cherrythitsar.org

www.foreverspace.com.mm



အထည်ညှပ်လျှင် ရွှေကိုအရည်ကျိုပြီး ပြန်ချွတ်ပစ်သည်။ အခေါက်ရွှေ ပြန်လုပ်၍ ဈေးကွက်တွင် ပြန်ရောင်းသည်။

ထိုခေတ် မြန်မာနိုင်ငံ၏ ရွှေဈေးကွက်မှာ ရွှေဘုံသာလမ်းတွင်ဖြစ်၏။ ရွှေအရောင်းအဝယ်လုပ်ချင်သူတစ်ဦးသည် ဤလမ်းနှင့်ဘယ်သို့မှကင်း၍မရ။

ထို့ကြောင့် ကျွန်တော်သည် ရတနာကုန်သည်ဘဝအစမှာပင် ရွှေဘုံသာလမ်းသို့ အမြဲ ဦးတည်လာနေရ၏။

နောက်. . . စိန်ကို စိတ်ဝင်စားသည်။

စိန် အရောင်းအဝယ်လုပ်သည်။

မြန်မာနိုင်ငံ၏ စိန်ဈေးကွက်မှာလည်း ရွှေဘုံသာလမ်းပင်ဖြစ်၏။

ကျွန်တော်သည် စိန်ကိုစ၍ အရောင်းအဝယ်လုပ်သည်နှင့် ရွှေဘုံသာလမ်းသို့ ရောက်ခဲ့ရပြန်ပြီ။

နောက်. . ၁၉၈၅ ခုနှစ်ခန့်တွင် ရန်ကုန်ပြန်ပြောင်းလာသည်။

ရန်ကုန်တွင် ပြန်အခြေချသည်။

ရန်ကုန်တွင် ရတနာကုန်သည် ပြန်လုပ်သည်။

ရန်ကုန်မြို့၏ ရတနာဈေးကွက်မှာလည်း ရွှေဘုံသာလမ်းပင်ဖြစ်၏။

ရွှေဘုံသာလမ်းသို့ နေ့တိုင်းရောက်နေခဲ့ရ၏။

ရွှေဘုံသာလမ်း၌ပင် ရတနာရောင်းမည့်သူနှင့် တွေ့သည်။

ရွှေဘုံသာလမ်း၌ပင် ရတနာဝယ်မည့်သူနှင့် တွေ့သည်။

နေ့စဉ် နံနက် ၉ နာရီထိုးလျှင် ကျွန်တော် ရွှေဘုံသာလမ်းပေါ်သို့ ရောက်နေခဲ့ရချေပြီ။

ရွှေဘုံသာလမ်းပေါ်၌ ကျွန်တော် ရတနာလောကမှလူမျိုးစုံနှင့် တွေ့ဖူး၏။ ပစ္စည်းဝယ်ဖူးသည်။ ရောင်းဖူးသည်။

မြတ်ဖူး၏။

ရှုံးဖူး၏။

ပြဿနာဖြစ်ဖူး၏။

ကျွန်တော် ပြန်တွေးကြည့်သည်။

၁၉၉၂ ခုနှစ်. . နှစ်ဆန်းမှစ၍ ကျွန်တော် ကျောက်မျက်ရတနာ ဝတ္ထုဆောင်းပါးများကို စရေးသောအခါ၌ ကျွန်တော့်ဝတ္ထုဆောင်းပါးများ၏ ရေခံမြေခံမှာ ရွှေဘုံသာလမ်းပင်ဖြစ်၏။

http://www.cherrythitsar.org

www.foreverspace.com.mm



မှန်ပါသည်။

ထို့ကြောင့်လည်း ၁၉၉၉ ခုနှစ်၊ မတ်လမှစ၍ မြန်မာ့ဓနတွင် လစဉ်ကျွန်တော်ရေးသော ဝတ္ထုဆောင်းပါးများကို သီးခြားခေါင်းစဉ်ပင် မတတ်တော့ဘဲ ရွှေဘုံသာလမ်းပေါ်မှာ(၁). . .၊ ရွှေဘုံသာလမ်းပေါ်မှာ(၂) စသည်ဖြင့် အခန်းဆက်များ ရေးခဲ့ဖူးပါသည်။

ကျောက်မျက်ရတနာအကြောင်းများနှင့်ပတ်သက်၍ ကျွန်တော် ရေးခဲ့ဖူးသမျှ ဆောင်းပါးဝတ္ထုများကို ပြန်လည်ဆန်းစစ်ကြည့်လျှင် ယေဘုယျအားဖြင့် နှစ်မျိုး တွေ့ရှိရပါသည်။

ပညာရပ်ပေါ်တွင် အခြေပြုသည့် ဝတ္ထုဆောင်းပါး။

အတွေ့အကြုံအပေါ်တွင် အခြေပြုသည့် ဝတ္ထုဆောင်းပါး။

ဒုတိယဆောင်းပါးများမှာ ရသပိုပါသည့် ဝတ္ထုဆောင်းပါးများဖြစ်ပါသည်။

ကျွန်တော်သည် ဝတ္ထုတိုရေးခြင်းကို အလွန်မြတ်နိုး၏။ အားသန်၏။ စာပေလောကသို့ ဝတ္ထုတိုဖြင့် စတင်ဝင်ရောက်လာသူဖြစ်၏။

တစ်ခါတစ်ရံ ဆောင်းပါးရေးခြင်းဖြစ်သော်လည်း ဝတ္ထုတိုဖြစ်မှန်းမသိဖြစ်သွားတတ်ပါသည်။

ကြည့်. . .။

ယနေ့ ရွှေဘုံသာလမ်းကို အခြေပြုရေးထားသော ဝတ္ထုဆောင်းပါးများကို ကျွန်တော် ပြန်ဖတ်ကြည့်သည်။ ဝတ္ထုတိုလေးများကဲ့သို့ပင် လှနေပါသည်။ ပိုပြီးသွက်စေသည့် အခြားအကြောင်းရပ်တစ်ခုမှာ မိမိဘဝတွင် တကယ်ကြုံတွေ့ခဲ့သော ဖြစ်ရပ်များအပေါ်တွင် အခြေခံထားသဖြင့် ဝတ္ထုဆောင်းပါးလေးတိုင်းမှာ မိမိအတွက် ပြန်သတိရစရာ. . . လွမ်းစရာများ ဖြစ်နေပါသည်။

ယနေ့ ကျွန်တော် ကျောက်မျက်ရတနာ အရောင်းအဝယ်အလုပ်ကို မလုပ်တော့ပါ။ ပန်းချီနှင့် ရှေးဟောင်းပစ္စည်းအလှအပများအပေါ်တွင် ပို၍ စိတ်ဝင်စားနေပါသည်။

ရတနာလောကနှင့် ကင်းကွာနေပါသည်။

ယခင် မိမိရေးခဲ့ဖူးသော ရွှေဘုံသာလမ်းပေါ်မှ ဝတ္ထုဆောင်းပါးမျိုးများကို ယနေ့ ဘယ်သို့မှ ထပ်ရေးနိုင်တော့မည်မဟုတ်ပါ။

တကယ်တော့ ကျွန်တော်ရေးခဲ့ပြီးသမျှ ရွှေဘုံသာလမ်းပေါ်မှာ ဝတ္ထု

www.foreverspace.com.mm
http://www.cherrythitsar.org


ဆောင်းပါးများမှာ မိမိအတွက် စိန်ပွင့်လေးများကဲ့သို့ ဖြစ်နေပါသည်။

မိမိ အပွင့်တိုင်းကို မြတ်နိုးပါသည်။

ချစ်ပါသည်။

အပျောက်အပျက် မခံချင်ပါ။

ထို့ကြောင့်လည်း ဤစိန်ပွင့်လေးများကို စုပေါင်းပြီး " ရွှေဘုံသာလမ်းပေါ်မှာ "ဟူသော ဤစာအုပ်ကို သီကုံးစုစည်းပေးခဲ့မိပါသည်။

ဦးလှဝင်း(လေသူရဲတစ်ဦး)

၄. ၁. ၂၀၀၄

http://www.cherrythitsar.org

www.foreverspace.com.mm

# မာတိကာ


| | | |
|---|---|---|
| ၁။ | ၅၀၂ကရက် နီလာကြီး | ၁၃ |
| ၂။ | မြန်မာ့တွင်းထွက်ကျောက်မျက်သစ်များ | ၂၇ |
| ၃။ | ခါတ်ခွဲခန်းမှ ပြဿနာများ | ၃၉ |
| ၄။ | ကျွန်တော်နှင့် ဆာဘီခွဲ | ၅၄ |
| ၅။ | စိန်သမား ထွန်းမောင် | ၆၆ |
| ၆။ | သခင်ချစ် စိန် | ၈၅ |
| ၇။ | ကျွန်တော့် နီလာဝါ | ၉၈ |
| ၈။ | သခင်မုန်း စိန် | ၁၁၄ |
| ၉။ | ဦးသူတော် (၁) | ၁၂၉ |
| ၁၀။ | ဦးသူတော် (၂) | ၁၃၇ |
| ၁၁။ | ကျွန်တော်နှင့် နီလာဝါ | ၁၄၆ |
| ၁၂။ | သူတို့လာနေပြီ | ၁၅၄ |
| ၁၃။ | အလှနှင့် သဘာဝ | ၁၆၆ |
| ၁၄။ | မိုင်းရှူးမာယာ | ၁၇၉ |
| ၁၅။ | အရောင်ပြောင်းနီလာ | ၁၉၁ |
| ၁၆။ | ရွှေဘုံသာလမ်းပေါ်မှာ | ၂၀၅ |
| ၁၇။ | ယနေ့ စိန်တုပြဿနာ | ၂၂၀ |
| ၁၈။ | အမှားနှင့် အမှန် (၁) | ၂၃၂ |
| ၁၉။ | အမှားနှင့် အမှန် (၂) | ၂၄၅ |
| ၂၀။ | အောင်ဘာလေ | ၂၅၈ |
| ၂၁။ | နှစ်လိမ်သုံးလိမ် (၁) | ၂၇၂ |
| ၂၂။ | နှစ်လိမ်သုံးလိမ် (၂) | ၂၈၆ |
| ၂၃။ | ထိုက်သူပန် | ၂၉၉ |

http://www.cherrythitsar.org
www.foreverspace.com.mm

## ၁။ ၅၀၂ ကရက် နီလာကြီး

လွန်ခဲ့သည့် ဖွန်လအတွင်းက ဖြစ်၏။

"လှဝင်း. . . ကိုယ်တို့ထုတ်မယ့် Myanma Economic Review မဂ္ဂဇင်းမှာ မောင်ရင် လတိုင်း ရတနာဆောင်းပါးတစ်ပုဒ် မှန်မှန်ရေးပေးပါ"

ကိုလှမြင့်က ကျွန်တော့်ကို လှမ်းပြောလိုက်ခြင်းဖြစ်၏။ သူနှင့်ကျွန်တော်မှာ စစ်တက္ကသိုလ်၌ အတူနေဖူး၏။ သူက ကျွန်တော့်ထက် တစ်နှစ်စော၏။

"ခင်ဗျားတို့ထုတ်မှာက အင်္ဂလိပ်ဘာသာနဲ့ ထုတ်မယ့်မဂ္ဂဇင်းလား"

"ဟုတ်တယ်။ ကုန်သွယ်ရေးဝန်ကြီးဌာနက ဦးစီးထုတ်ဝေမဲ့ မဂ္ဂဇင်းပါ။ ဒီနေ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှု အခြေအနေတွေကို ကမ္ဘာကသိအောင် လုပ်ချင်တယ်။ နောက် မြန်မာထွက်ကု န်ရောင်းဝယ်မှု အခြေအနေတွေကိုလည်း မြင့်တင်နိုင်သလောက် စာနယ်ဇင်းစွမ်းအားနဲ့ မြှင့်တင်ပေးနိုင်အောင်ပေါ့ကွာ"

"ဒါဖြင့်ရင် စာအုပ်ကို တော်တော်အဆင့်မြင့်မြင့် ရိုက်ရမှာပေါ့။ ခင်ဗျားတို့စာအုပ်က ကမ္ဘာ့ဈေးကွက်ဝင်ရမယ့် မဂ္ဂဇင်းမျိုး ဖြစ်နေပြီ"

"ဟုတ်တယ်။ စင်ကာပူမှာ သွားရိုက်မယ်။ ပူးတွဲအလုပ်လုပ်မယ့် စင်ကာပူသတင်းဌာနတစ်ခုနဲ့လည်း အကုန်ညှိထားပြီးပြီ။ မင်း ဆောင်းပါးကို

http://www.cherrythitsar.org

www.foreverspace.com.mm



လည်း အကောင်းဆုံးဖြစ်အောင် ရေးပေးပါ။ ဒို့တိုင်းပြည်ကို ကမ္ဘာက ရတနာ တိုင်းပြည်အနေနဲ့ သိကြတယ် မဟုတ်လား"

"ကျွန်တော်ကတော့ အကောင်းဆုံးရေးမှာပဲ။ ဒါပေမဲ့ ပြဿနာက ဒီနေ့ ကျွန်တော် မြန်မာမဂ္ဂဇင်းတွေမှာ ရေးနေတဲ့ ရတနာသိပ္ပံဆောင်းပါးတွေ လို အကြောင်းအရာမျိုး ရေးလို့မရဘူး။ ရေးဟန်ရော ပြောင်းရမယ်။ ပြဿနာ အဖြစ် အဓိကကြုံရမှာကတော့ အကြောင်းအရာပဲ။ ဒီနေ့ မြန်မာနိုင်ငံကထွက်တဲ့ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းသတင်းတွေကို မှန်မှန်ရရင်တော့ သတင်းဆောင်းပါး အနေနဲ့ ကျွန်တော်ရေးပေးနိုင်တယ်။ ကမ္ဘာ့မဂ္ဂဇင်းတွေမှာ လူတွေ အဓိက ဖတ်ချင်ကြတာက သတင်းပဲ။ သတင်းဦး သတင်းထူးကို ရေးနိုင်လေ လူတွေ စိတ်ဝင်စားကြလေပဲ။ ဒီလို သတင်းဦး သတင်းထူးရဖို့ကလည်း မြန်မာ့ ကျောက်မျက်ရောင်းဝယ်ရေးဌာနအပေါ်မှာ တည်တယ်။ သူတို့က လိုလိုလားလား သတင်းထုတ်ပေးကြမယ်ဆိုရင်တော့ ကျွန်တော့်အတွက် ရေးရမှာ ဘာပြဿနာမှ မရှိဘူး။ ဒီအခက်အခဲကို ကျော်အောင်ကိုတော့ ခင်ဗျား ကုန်သွယ်ရေးဝန်ကြီးဌာန ကတစ်ဆင့် ကျွန်တော့်အတွက် ကြိုးစားပေးပါ"

"အေးပါ။ ကိုယ် အဆင်ပြေအောင် လုပ်ပေးပါ့မယ်"

ကိုလှမြင့်နှင့် တွေ့ခဲ့ပြီး တစ်ပတ်ခန့် ကြာသည်အထိ ကျွန်တော် မြန်မာနိုင်ငံထွက် ကျောက်မျက်များနှင့်ပတ်သက်ပြီး ဘာသတင်းထူးမှ မရပါ။ ကျွန်တော့်ရုံးခန်းသို့ မကြာခဏလာလည်တတ်သော မိုးကုတ်သားများထံမှမူ မိုးကုတ်ကျောက်တွင်းများသတင်းကို မပြတ်ကြားနေရ၏။ သို့သော် သူတို့ပေးသောသတင်းမှာ တရားဝင်မဟုတ်။ ကျွန်တော် မရေးရဲပါ။

တစ်နေ့ ည (၈) နာရီခန့်တွင် ဖြစ်၏။

ရွှေဘုံသာလမ်းတွင်နေသော မိတ်ဆွေကြီး ဦးရန်ကြီးအောင်ထံမှ ကျွန်တော့်ထံ ဖုန်းဆက်လာပါသည်။

"ဦးလှဝင်း ကျွန်တော့်ကို တစ်ခု အကူအညီပေးပါ"

"ဘာအကူအညီပေးရမှာလဲ ဦးရန်ကြီးအောင်"

ဦးရန်ကြီးအောင်မှာ လူထူးလူဆန်းဖြစ်၏။

နာမည်ကြီး လက္ခဏာဆရာ၊ ဗေဒင်ဆရာကြီးလည်း ဖြစ်၏။

ကျောက်မျက်ကိုလည်း ဝါသနာပါ၏။

သူ မိုးကုတ်သွား၍ ကျောက်တွင်းလုပ်နေသည်မှာ သုံးနှစ်ခန့်ရှိလေပြီ။

www.foreverspace.com.mm



"ကျွန်တော့်ကိစ္စ မဟုတ်ပါဘူး။ ကျွန်တော့်မိတ်ဆွေတစ်ယောက်ရဲ့ ကိစ္စပါ။ ခင်ဗျား မိုးကုတ်ကားလမ်းဘေးက ကပိုင်ဆိုတဲ့ရွာကို သိတယ်မဟုတ်လား"

"သိတယ်"

"အဲဒီ ကပိုင်ရွာမှာနေတဲ့ ဦးမြမောင်ဆိုတဲ့ ပုဂ္ဂိုလ်ပါ။ သူ့တွင်းက ကျောက်ကြီးတစ်ပွင့်ရလို့"

"ဘာကျောက်လဲ"

"နီလာ"

"ဘယ်လောက်ကြီးလဲ"

"၅၀၂ ကရက်"

"ဘာ. . . ၅၀၂ ကရက် ကြီးလှပါလား. . ။ အသားကျောက်ကြီးလား"

"မဟုတ်ဘူး အရည်ကျောက်"

"ခင်ဗျား မြင်ပြီးပြီလား"

"မြင်ပြီးပြီ။ သိပ်ကောင်းတယ်၊ အရည်လည်းကောင်း၊ အသားလည်း ကောင်း၊ ဂေါ်အားလည်း ကောင်းတယ်"

"ဂေါ်ကြိုး ဖြစ်နိုင်သလား"

"သိပ်ဖြစ်နိုင်တာပေါ့။ ဒီအတိုင်း ကျောက်သားပေါ်မှာ ဆီအစက်လေး ချကြည့်လိုက်ရင်တောင် ကြိုးခြောက်ကြိုးလုံး ကားနေအောင် မြင်ရတယ်"

"ကျွန်တော် လုပ်ပေးရမှာက . . . "

"တခြား မဟုတ်ပါဘူးဗျာ။ ခင်ဗျားက ကျောက်အကြောင်းကို သိပ္ပံနည်းကျလည်း နားလည်တယ်။ ကမ္ဘာ့ဈေးကွက်လည်း သိတယ်။ ဒါကြောင့် ခင်ဗျား ဒီကျောက်ကြီး လာကြည့်ပြီး ဘာလုပ်သင့်တယ်ဆိုတာ အကြံဉာဏ် ပေးဖို့ပါ"

"ရပါတယ်. . ။ ကျွန်တော် လုပ်ပေးပါ့မယ်။ ကျောက်က ဘယ်မှာလဲ။ ခင်ဗျားအိမ်မှာလား"

"မဟုတ်ဘူး။ ကျောက်မျက်ရုံးမှာ. . . ။ ဒီကျောက်က ဦးမြမောင် တစ်ဦးတည်းပိုင်တဲ့ ကျောက်မဟုတ်ဘူး။ ဖက်စပ်ကျောက် . . . "

ဖက်စပ်တွင်းဟူသည်မှာ နိုင်ငံတော်ထံမှ ကျောက်တူးခွင့်အမိန့်ခံယူ၍ သတ်မှတ်သော မြေနေရာမှ တူးဖော်ရရှိခဲ့သည့် ကျောက်ဖြစ်၏။ ဤကျောက်ကို ရောင်းပြီးလျှင် တွင်းလုပ်သော ပုဂ္ဂလိကနှင့် နိုင်ငံတော်တို့ သတ်မှတ်ထား

http://www.cherrythitsar.org
www.foreverspace.com.mm



သော အချိုးအတိုင်း ခွဲဝေယူကြရမည် ဖြစ်၏။ တစ်နည်းအားဖြင့် ပုဂ္ဂလိက ပိုင်ရှင်နှင့် ကျောက်မျက်ရုံးတို့ ဆွေးနွေးညှိနှိုင်းပြီးမှ နှစ်စဉ်ကျင်းပသော ကျောက်မျက်ရတနာပြပွဲများ၌ လေလံတင် ရောင်းချလေ့ရှိသော ကျောက်မျိုးဖြစ်၏။

"ကျွန်တော် သွားကြည့်ခွင့်ကို ကျောက်မျက်ရုံးက ပေးပါ့မလား"

"ပေးပါလိမ့်မယ်။ ကျွန်တော် စီစဉ်ပါ့မယ်"

"ကျောက်ပိုင်ရှင် ဦးမြမောင်ဆိုတာကရော. . ."

"ခု ကျွန်တော့်အိမ်မှာ ရှိတယ်။ ကျွန်တော့်အိမ်မှာ တည်းနေတယ်"

"စီစဉ်ကြည့်လေ။ ခွင့်ပြုချက်ရရင် ကျွန်တော့်ကိုပြော။ ကျွန်တော် လိုက်ကြည့်ပေးမယ်။ ဩော်. . ကျောက်က မူလပုံဆောင်ခဲသဏ္ဌာန် မပျက် ရှိလား။ ရေတိုက်စားဒဏ် မခံနိုင်လို့ ပုံပျက်ပန်းပျက် ဖြစ်နေပြီလား"

"မူလ ပုံဆောင်ခဲအတိုင်း အလှမပျက်ရှိတယ်။ ကြက်ဆူးပုံ တိတိကျကျ ကြီးဗျ။ ခင်ဗျားတွေ့ရင် သိပ်သဘောကျလိမ့်မယ်"

မှန်ပါသည်။

ကျွန်တော်မှာ ပုံဆောင်ခဲရူးဖြစ်၏။ ပုံဆောင်ခဲများကို သိမ်းဆည်းစုဆောင်းသည့် ဝါသနာလည်းရှိ၏။ ပုံဆောင်ခဲဖြင့် ငွေ ဘယ်သို့ရှာနိုင်သည်ကို လည်း သိသူဖြစ်၏။ ယနေ့ ကျောက်မျက်ရောင်းသည့် အလုပ်ကိုပင် ဝါသနာ မပါတော့။ ပုံဆောင်ခဲနှင့် ခနိဇတွင်းထွက်အမျိုးမျိုးကို စုဆောင်းရောင်းချချင်သည့် ဝါသနာသာ ရှိတော့၏။ ကျွန်တော့် ရတနာဆိုင်ကို Rock Shop ဟူ၍ နာမည်ပြောင်းထား၏။ ငွေ ရသည် မရသည်ထက် ဤပုံဆောင်ခဲများကို မြင်တွေ့ကိုင်တွယ်နေရသည်ကို ကျွန်တော် အလွန်ကြည်နူး၏။

စိတ်ချမ်းသာ၏။

မှန်ပါသည်။

ပုံဆောင်ခဲများမှာလည်း တန်ခိုးသိဒ္ဓိ ရှိ၏။

ဘေးရန်အမျိုးမျိုးမှ အကာကွယ်ပေး၏။

ရောဂါအမျိုးမျိုးကို ကုသနိုင်စွမ်း၏။

ကျောက်မျက်တစ်မျိုးခြင်း၏ ပုံဆောင်ခဲကို ကိုင်၍ ထူးခြားဆန်းကျယ်သော အစွမ်းသတ္တိ တန်ခိုးများ ရှိတတ်၏။

အနောက်တိုင်း၌ ပုံဆောင်ခဲဖြင့် ဆေးကုသခြင်းကို ယနေ့ Crystal healing ဟု ခေါ်၏။

http://www.cherrythitsar.org

www.foreverspace.com.mm



၅၀၂ ကရက် နီလာကြီးကို ကျောက်မျက်ရုံး၌ သွားရောက်ကြည့်ခွင့်ကို ဦးရန်ကြီးအောင် မဆောင်ရွက်ပေးနိုင်ခဲ့ပါ။ သို့သော် ကိုလှမြင့်တို့ ကုမ္ပဏီမှ ဒါရိုက်တာလူကြီးတစ်ဦးဖြစ်သော ဒုဗိုလ်မှူးကြီး ဝင်းဖေ (အငြိမ်းစား)၏ ကြိုးစားမှုများကြောင့် နောက်ဆုံး သူ့မျက်နှာနှင့်ပင် ကျွန်တော် ကြည့်ရှုလေ့လာခွင့် ရခဲ့၏။

ဓာတ်ပုံရိုက်ခွင့်ရ၏။

ကျွန်တော်နှင့် ဝင်းဖေတို့ ကျောက်မျက်ရုံးသို့ ရောက်သွားသောအချိန်၌ နေ့လည် ၂ နာရီ ထိုးလုပြီ။

"ဦးလှဝင်းတို့ ကြည့်ချင်တဲ့ နီလာကြီးကို ကျွန်တော်တို့ရုံးက ကျောက်-မျက် ဓာတ်ခွဲခန်းမှာ အသင့်ပြထားတယ်။ ဓာတ်ခွဲခန်းကို ကြွကြပါ"

ကျောက်မျက်ဓာတ်ခွဲခန်းသို့ ရောက်သွား၏။

နီလာကြီးကို စားပွဲပေါ်၌ အဆင်သင့်ပင် တွေ့ရ၏။

ကျွန်တော် ကြည့်ချင်နေသော ၅၀၂ ကရက် နီလာကြီးသာ မဟုတ်၊ တစ်ချိန်က ကမ္ဘာပေါ်၌ အကြီးဆုံးနီလာရိုင်းကြီးဖြစ်သော ကရက်ချိန် ၆၃၀၀၀ ရှိသော နီလာအရိုင်းတုံးကြီးကိုလည်း ပြသထားပေး၏။

"ဟိုဘက်က အတုံးအကြီးကြီးက ဘာလဲကွ"

ဝင်းဖေက ၆၃၀၀၀ ကရက်ချိန်ရှိသော နီလာကြီးကို ကြည့်ပြီး ကျွန်တော့်ကို မေးလိုက်ခြင်းဖြစ်၏။

"နီလာအရိုင်းတုံးကြီးလေ"

"ဒီဘက်က နီလာနဲ့လည်း မတူပါလား။ အရောင်ကလည်း မပြာဘူး။ ရိုးရိုးကျောက်တုံးကြီးလိုပဲ"

"နီလာဆိုတာ အရောင်အမျိုးမျိုးရှိတယ်။ အပြာရောင်နီလာမှာပဲ ပြာတဲ့အဆင့်က အမျိုးမျိုးကွဲနေတယ်။ မင်း ဟိုဘက်က အသေးတုံးပြာသလို ဒီဘက်က အကြီးတုံးကလည်း ပြာပြီး အသားလည်းကောင်းမယ်၊ အလင်းဖောက်နိုင်စွမ်းလည်း ရှိမယ်ဆိုရင် ဒို့ အဖိုးအနဂ္ဃဆိုတဲ့ စကားကို မင်း ကြားဖူးတယ် မဟုတ်လား။ ကျောက်တန်ဖိုးက အဲဒီလောက် ဖြစ်သွားလိမ့်မယ်"

ကျွန်တော် စားပွဲမှ ၅၀၂ ကရက်ရှိသော နီလာတုံးကို ကောက်ကိုင်လိုက်၏။

ကျွန်တော် ရတနာလောက၌ ကျင်လည်နေခဲ့သည်မှာ နှစ်ပေါင်း

www.foreverspace.com.mm
http://www.cherrythitsar.org


နှစ်ဆယ်ကျော်ပြီ။

ဤမျှ အရွယ်ကြီး၍ ဤမျှလှသော နီလာအရိုင်းတုံးကြီးကို မကိုင်ခဲ့ဖူးပါ။ မြင်လည်း မမြင်ဖူးပါ။

အရွယ်ကြီးသော နီလာအများအပြားကို ကျွန်တော် မြင်ဖူး၏။ ကျွန်တော့်အလုပ်စားပွဲပေါ်၌ပင် ကရက်ချိန် တစ်ထောင့်နှစ်ရာကျော်ရှိသော နီလာအရိုင်းတုံးတစ်ခုကို အလှတင်ထား၏။

သို့သော် ယခု နီလာကြီးကဲ့သို့ မလှ။

အရွယ်၏ ကောင်းခြင်းနှင့်သာ ပြည့်စုံ၏။

ကျန်နီလာကောင်းများတွင် ရှိရမည့် အရည်အသွေး ဘာမှမရှိ။

ယခု ၅၀၂ ကရက် နီလာကြီးမှာမူ အံ့စရာကောင်းလောက်အောင်ပင် ထူးခြားနေပါသည်။

အရည် (ဝါ) အရောင်မှာ အကောင်းဆုံး ဒုတိယတန်းစားနှင့် တတိယ တန်းစားကြားတွင် ရှိ၏။ ကျောက်သားမှာ အိနေ၏။ ဖန်ဖယောင်းသားဖြစ်၏။ ဤကျောက်မျိုးမှာ လမ်းတည့်ဖြစ်အောင် သွေးပြီးသည့်အခါ၌ အရည် တက်လာဦးမည် ဖြစ်၏။ ဒုတိယအကောင်းဆုံး အရည် (2nd Top colour) အဆင့်ကို ရောက်သွားနိုင်၏။

"ဟော့ကောင်. . မင်း နီလာတုံးရဲ့ ပုံသဏ္ဌာန်ကြီးကလည်း တယ်ဆန်းပါလားကွ။ အီဂျစ်နိုင်ငံမှာရှိတဲ့ ထိပ်ပြတ်နေတဲ့ ပီရမစ်ပုံကြီးလိုပဲ"

ဝင်းဖေက ကျွန်တော့်ကို ပြောလိုက်ခြင်း ဖြစ်၏။

"သိပ်မှန်ပေ့ါကွာ။ မင်းတင်စားတဲ့ ဥပမာက တို့ ကျောက်လောကမှာ သုံးနေတဲ့ စံဥပမာအတိုင်း အတိအကျမှန်နေတယ်"

"မင်းတို့ကလည်း ပီရမစ်လို့ သုံးလား"

"ဒီလိုတော့ မသုံးဘူး။ Prismatic form ဆိုပြီး သုံးတယ်။ အဓိပ္ပာယ်ကတော့ ခပ်ဆင်ဆင်ပါပဲ။ ပီရမစ်ပုံမျိုး မျက်နှာပြင်တွေနဲ့ တည်ဆောက်ထားတာပေ့ါကွာ"

"ဒီ ချောနေတဲ့ မျက်နှာတွေက လူလုပ်ထားတာလား။ သဘာဝအတိုင်းလား"

"အကုန် သဘာဝအတိုင်းပဲ။ နီလာရဲ့ ပုံဆောင်ခဲပုံအမှန်က ခြောက်-မျက်နှာရှိတဲ့ ပီရမစ်နှစ်ခုကို အောက်ခြေချင်းကပ်ပြီး ဆက်ထားတဲ့ပုံ။ မြန်မာလို

http://www.cherrythitsar.org
www.foreverspace.com.mm



ဆိုရင်တော့ ကြက်ဆူသီးပုံဆန်ဆန်ပေါ့ကွာ”

“ခု မင်းပုံကြီးက ထိပ်ပြတ်ကြီးပဲ။ အောက်ပိုင်းက ပီရမစ်ပုံကြီးကရော ဘယ်ရောက်သွားတာလဲ”

“အဲဒါ စိတ်ဝင်စားဖို့ သိပ်ကောင်းနေတာပေါ့။ ဒီကျောက်စဖြစ်တဲ့ နှစ်ပေါင်း သန်းရှစ်ဆယ်၊ တစ်ရာလောက်တုန်းက စောစောက ငါပြောခဲ့သလို ပီရမစ်နှစ်ခု အခြေချင်းဆိုင်ထားတဲ့ ပုံအတိုင်း အတိအကျရှိခဲ့တယ်။ ဒါပေမဲ့ နှစ်ပေါင်း သန်းချီပြီး မိုးဒဏ်၊ လေဒဏ်၊ ရေဒဏ်၊ အပူဒဏ် အဲ သဘာဝဒဏ် အမျိုးမျိုးကို ခံရတဲ့အခါကျတော့ မူလပုံသဏ္ဌာန်တွေက ပြောင်းကုန်တယ်။ ကြက်ဆူသီးပုံမျိုးဆိုတာက သိပ်တွေ့ရခဲပါတယ်။ ပီရမစ်နှစ်ခု အခြေချင်းဆိုင်ထားတဲ့ သဏ္ဌာန်မျိုးဖြစ်နေတဲ့ ပုံဆောင်ခဲ ခါးနေရာကို ဒို့လောကမှာ (Equatorial plane)လို့ ခေါ်တယ်။ ခု မင်း အသေအချာကြည့်။ ဒီ နီလာကြီးရဲ့ အောက်ပိုင်းပြတ်နေတဲ့နေရာက ခါးတည့်တည့်၊ equational plane နေရာက အတိအကျပြတ်နေတယ်”

“အေး. . ဟုတ်တယ်။ ဟိုအချွန်ထိပ်မှာ ပြတ်နေတာကရော”

“ဒါလည်း ရာသီဥတုဒဏ်ကြောင့် ဖြစ်ရတာပဲ။ ဒါပေမဲ့ သိပ်ထူးနေတာက အပေါ်ထိပ်ကပြတ်တဲ့ မျက်နှာပြင်နဲ့ ခါးကပြတ်နေတဲ့ မျက်နှာပြင်က ပြိုင်နေသလို ဖြစ်မနေဘူးလား”

“မင်း ကျောက်ပုံကလည်း ငါတို့ရွာမှာ သစ်သားပြားနဲ့ အကြမ်းရိုက်ပြီးလုပ်ထားတဲ့ ဆန်ချင်တဲ့ ပြည်တောင်းကြီးတစ်ခု မှောက်ထားတဲ့ ပုံလိုပဲ”

“မှန်လိုက်လေကွာ။ ဒီလို ပုံဆောင်ခဲမျိုးဟာ ပတ္တမြားမှာပဲ တွေ့ရတာ များတယ်။ ဗုံတိုပုံလို့ ခေါ်ကြတယ်။ စာအုပ်ထဲမှာသာ ပုံသေဆိုတာ ရှိပေမယ့် လက်တွေ့ကျောက်တွင်းနယ်မြေမှာ ရာသီဥတုဒဏ်ကြောင့် ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ တွေ့ရတတ်တယ်။ ငါ ဒီလိုပုံမျိုး ငါ့ဘဝမှာ အများကြီး တွေ့ဖူးပါတယ်။ ခု ကျောက်မှာ ထူးနေတာ အရွယ်ပဲ။ ဒီလောက်ကြီးတဲ့အရွယ် နီလာမျိုးမှာ ဒီလို ပုံမျိုးဖြစ်နေတာ ငါ မမြင်ဖူးဘူး”

“ဒီကျောက်က ဘယ်လောက်တန်မလဲ”

“မသိဘူး။ ငါ အသေအချာ စစ်ကြည့်ရဦးမယ်”

ကျွန်တော် အိတ်ဆောင်မှန်ဘီလူးလေးဖြင့် ကျောက်သားအတွင်းသို့ စနစ်တကျ နေရာစုံမှ စစ်ကြည့်၏။

http://www.cherrythitsar.org

www.foreverspace.com.mm



အလွန်သန့်ရှင်းသည့် ကျောက်. . ။ အပြစ်စင်သည့် ကျောက် ဖြစ်သည်။ ကျောက်၏ အပေါ်ပိုင်း ငါးပုံတစ်ပုံခန့်နေရာ၌ အတွင်းသို့ စောင်းပြီး စိုက်ဝင်နေသော စိုက်ပြစ် (healed crack) တစ်ခုမှလွဲ၍ အခြားအပြစ်ဆိုး ဘာမှမတွေ့။

ထိုအချိန်၌ ကျောက်မျက်ရုံးမှ ကျောက်မျက်ဓာတ်ခွဲခန်း တာဝန်ခံ အရာရှိ ဖြစ်သော ကိုဟန်ထွန်းလည်း ရောက်လာ၏။

"ကိုဟန်ထွန်း ခင်ဗျား ဓာတ်ခွဲခန်းကြီးက သိပ်သားနားနေပါလားဗျ"

"ဟုတ်တယ်။ ဒီအခန်းကို ပြုပြင်ပြီးတာ ဘာမှမကြာသေးဘူး။ ကျွန်တော်တို့လည်း အစွမ်းကုန် ကြိုးစားထားကြတာပဲ"

မှန်ပါသည်။

ဓာတ်ခွဲခန်းလေး၏ ဖွဲ့စည်းထားပုံမှာ အလွန် စနစ်ကျလှ၏။ ဤမျှ သပ်ရပ်သော ဓာတ်ခွဲခန်းမျိုး မြန်မာနိုင်ငံ၌ ကျွန်တော် မမြင်ဖူးပါ။

သဘာဝ အလင်းရောင်ကိုလည်း အပြည့်ရအောင် ဖန်တီးထား၏။ နံရံကပ်ဗီရိုလေးများ ပြုလုပ်ထားပုံမှာလည်း အလွန် စနစ်ကျလှ၏။

"ကိုဟန်ထွန်း. . ဒီ နီလာကြီးကို ကြည့်ပြီးပြီလား"

"မကြည့်ရသေးဘူး"

"ရော့. . ဝိုင်းကြည့်ပေးစမ်းပါ။ အပေါ်နားက စိုက်ဝင်နေတဲ့အပြစ်ကို ကုန်အောင်ချရင် အချိန် ဘယ်လောက်လျော့သွားမယ်လို့ ခင်ဗျား ထင်သလဲ"

ကိုဟန်ထွန်းက ကျွန်တော့်မှန်ဘီလူးလေးကို ယူပြီး အပြစ်နေရာကို အသေအချာကြည့်၏။ အဖက်ဖက်မှ လှည့်ပတ်ကြည့်၏။

သူ့မျက်စိမှာလည်း အလွန်စူးရှပုံရ၏။

"ကျောက်သားတစ်ခုလုံးရဲ့ ခုနစ်ပုံတစ်ပုံလောက် လျော့သွားနိုင်တယ်။ ခု ကျောက်ချိန်က ဘယ်လောက်ရှိလဲ"

"၅၀၂ ကရက်"

"သွေးပြီးရင် အနည်းဆုံး ကျောက်ချိန်သုံးရာကျော်တော့ ကျန်မှာပါ"

"ဟုတ်တယ်။ ကျွန်တော့်စိတ်ထဲမှာ တွက်ထားတာလဲ ဒီလောက်ပဲ။ ခင်ဗျား ဓာတ်ခွဲခန်းမှာ အလှဆီလေး ဘာလေး မရှိဘူးလား"

"ရှိတယ်။ ဘာလုပ်ဖို့လဲ"

"ဂေါ်ကြိုးသွေးရမယ့် ကျောက်ဆိုတော့ ကြိုးကောင်း မကောင်း စစ်

http://www.cherrythitsar.org
www.foreverspace.com.mm



ကြည့်ချင်လို့"

ကိုဟန်ထွန်းက အလှဆီပုလင်းလေးတစ်လုံး ထုတ်ပေး၏။

ကျွန်တော်က အင်္ဂလိပ်ဘာသာဖြင့် ဝင်ရိုး (c-axis) ဟုခေါ်သော ပုံဆောင်ခဲကျောက်ကြီး၏ အဓိကဝင်ရိုးတည့်တည့်၌ ဆီတစ်စက်ကို ချကြည့်လိုက်၏။

ကြိုး ခြောက်ကြိုးမှာ ကားနေသည်ကို မြင်တွေ့ရ၏။

ဂေါ်ကြိုးကျောက်၌ ကြိုးအားကောင်းသည့်ဂုဏ်မှာ အဓိကလိုအပ်သည့် ဂုဏ်ဖြစ်သည်။

"ဟေ့ကောင်. . မင်း ကျောက်ကြီးရဲ့ အောက်အပြတ်အပြားပေါ်မှာ ကပ်နေတဲ့ အဝါဖတ်တွေက ဘာတွေလဲ။ နောက် ဟို အဖြူကွက်ကြားကြီးတွေ ကရော. . ."

ဝင်းဖေက ကျွန်တော့်ကို မေးလိုက်ခြင်းဖြစ်၏။

"ဒီအဖြူကွက်တွေက ဂေါ်လေကွာ။ အင်္ဂလိပ်လို silk လို့ခေါ်တယ်။ ဂေါ်ကြိုး (Star stone)ဖြစ်ရတာ ဒီ ဂေါ်တွေရဲ့ သတ္တိကြောင့်ပေါ့ကွ။ အဝါဖတ်တွေက ဒို့အနောက်တိုင်းသိပ္ပံအယူအဆမှာတော့ သံအောက်ဆိုက် (Iron oxide)တွေ။ မိုးကုတ်သားတွေကတော့ သံချေးကိုက်အမှတ်အသားလို့ ခေါ်တယ်။ ဒီအမှတ်အသားမျိုးကို မိုးကုတ်သားတွေက ဂေါ်ကြိုးကောင်းဖြစ်မယ့် လက္ခဏာတွေလို့ ယူဆကြတယ်။ သူတို့ရဲ့ အယူအဆတွေက သူတို့ရဲ့ ဘဝအတွေ့အကြုံအရ သိခဲ့ကြတာတွေမို့ အလွန်မှားခဲပါတယ်"

ကျွန်တော်က လက်ဆွဲအိတ်တွင်းမှ အသင့်ယူလာသော ကော်ပေတံလေးတစ်ခုကိုထုတ်ပြီး ကျောက်၏အသေးစိတ် အလျား၊ အနံများကို စနစ်တကျ တိုင်းထွာကြည့်လိုက်၏။

အမြင့် ၄၀ မီလီမီတာ

အကျယ်ဆုံး အောက်ခြေဖြတ်မျဉ်း ၄၂ မီလီမီတာ

အကျဉ်းဆုံး အောက်ခြေဖြတ်မျဉ်း ၄၀ မီလီမီတာ

အပေါ်ထိပ် အကျယ်ဆုံးဖြတ်မျဉ်း ၂၀ မီလီမီတာ

အပေါ်ထိပ် အကျဉ်းဆုံးဖြတ်မျဉ်း ၁၉ မီလီမီတာ

နောက် ကျောက်၏ သဘာဝပုံဆောင်ခဲ မျက်နှာ (Prismatic face) များကိုလည်း မျက်နှာတစ်ခုချင်း တိုင်းကြည့်လိုက်၏။

http://www.cherrythitsar.org
www.foreverspace.com.mm



"ကဲ. . ခါတ်ပုံဆရာလေး။ ကျွန်တော်ရဲ့ တန်ဖိုးဖြတ်ဖို့ စစ်ဆေးရမယ့် အပိုင်းက တာဝန်တွေတော့ ပြီးသွားပြီ။ ခါတ်ပုံမှတ်တမ်းတင်ရမယ့်အလုပ်တွေ ဆက်ကြဦးစို့"

ကျွန်တော်တို့နှင့်အတူ လိုက်ပါလာခဲ့သော ခါတ်ပုံဆရာလေးက နီလာ အရိုင်းတုံးကြီးကို ကျွန်တော် ရိုက်ကူးစေချင်သည့် ရှုထောင့်အမျိုးစုံမှ ခါတ်ပုံ များကို စနစ်တကျ ရိုက်ကူးပေးပါသည်။ ဤ ခါတ်ပုံဆရာလေးမှာ ကျွန်တော် မျှော်လင့်ထားသည်ထက် အလွန် ပိုတော်နေသူဖြစ်၏။

သူ့ခါတ်ပုံများမှာ အလွန်ကောင်းပါသည်။

ကျောက်သား၏ အရောင်ကိုလည်း သဘာဝကျောက်သား၌ အမှန် တကယ်ရှိသည့်အရောင်နှင့် အနီးစပ်ဆုံးဖြစ်အောင် သူ ကူးပေးနိုင်၏။

စိုက်ပြစ်လေး တစ်ချက် ရှိနေသည့်နေရာကိုလည်း သူ ထင်ထင်ရှားရှား ပေါ်အောင် ရိုက်နိုင်စွမ်း၏။

"ဟော့ကောင်. . ဟိုကမ္ဘာမှာ အကြီးဆုံးဆိုတဲ့ နီလာတုံးကြီးကိုရော မင်း တိုင်းတာ ထွာတာ၊ စစ်တာ ဆေးတာတွေ မလုပ်တော့ဘူးလား"

ဝင်းဖေက ကျွန်တော့်ကို ပြောလိုက်ခြင်းဖြစ်၏။

"မလုပ်တော့ဘူး။ ဒီ နီလာကြီးအကြောင်းက ဒို့လူမျိုးကြားမှာသာ မသိ ကြတာ။ အမေရိကန်က Gem & Gemology မဂ္ဂဇင်းထဲမှာ ဟို လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်ကတည်းက ဖော်ပြထားပြီးပြီ။ ကမ္ဘာအတွက် သတင်းထူး မဟုတ်တော့ဘူး။ ခုနောက်ပိုင်း ထပ်တွေ့တဲ့အထဲမှာ သူ့ထက်ကြီးတာတွေလဲ ပေါ်လာကြပြီ။ ဥပမာကွာ သီရိလင်္ကာနိုင်ငံက ထပ်တွေ့တဲ့ နီလာအတုံးကြီး ဆိုရင် ၄၀ ဒသမ ၃ ကီလို အလေးချိန်တောင် ရှိတယ်။ နောက် ဒို့ ဒီကျောက် လို အသားကျောက်တုံးကြီးသက်သက် မဟုတ်ဘူး။ အလင်းဖောက်နိုင်စွမ်းရှိတဲ့ ကျောက်သားအပိုင်းတွေ ပါနေသေးတယ်။ နောက် တောင်အာဖရိကနိုင်ငံက ထွက်တဲ့ နီလာတုံးကြီးတစ်ခုဆိုရင် ၁၅၂ ကီလိုဂရမ်တောင် ရှိတယ်တဲ့"

နောက်တစ်နေ့၌ ဦးရန်ကြီးအောင်က ၅၀၂ ကရက် နီလာရိုင်းကြီး၏ ပိုင်ရှင်အဖြစ် ဦးမြမောင်နှင့် ကျွန်တော် တွေ့ဆုံရန် စီစဉ်ပေး၏။

ဦးမြမောင်က ကျွန်တော့်ကို နေ့လယ်စာဖြင့် ဧည့်ခံပါသည်။

"ဆရာ. . ကျွန်တော့် နီလာကြီးအပေါ်မှာ ဘယ်လိုမြင်လဲ"

ဦးမြမောင်က ကျွန်တော့်ကို မေးလိုက်၏။

http://www.cherrythitsar.org
www.foreverspace.com.mm



"သိပ်ကောင်းတယ် ဦးမြမောင်။ ကျွန်တော့်ဘဝမှာ မြင်ဖူးတဲ့ နီလာရိုင်းကြီးတွေထဲမှာတော့ ဒါ အရွယ်အကြီးဆုံးနဲ့ မျှော်လင့်စရာ အကောင်းဆုံးရှိတဲ့ နီလာပဲ"

"ရောင်းရင် ဘယ်လောက်အဖိုးရနိုင်တယ်လို့ ဆရာ ထင်လဲ"

"တိတိကျကျပြောဖို့တော့ ခက်တယ်။ ကျွန်တော့်ဆန္ဒကတော့ ကုန်သည်ဝယ်ရင် ရနိုင်တဲ့ ဈေးနဲ့ ပြတိုက်တို့၊ ကျောက်မျက်ကို ချစ်မြတ်နိုးသူ၊ စုချင်သူ (collecters)တို့ ဝယ်ရင်ရနိုင်တဲ့ ဈေးကို ခွဲခြားပြီး ပြောချင်တယ်။ ဒီကျောက် ကပိုင်ရွာကျောက်တွင်းကရတဲ့ ကျောက်မဟုတ်လား"

"ဟုတ်ပါတယ်"

"ပထမဆုံး သမိုင်းတွင်ခဲ့ဖူးတဲ့ ဒီပတ်ဝန်းကျင်ဒေသကထွက်တဲ့ နီလာကြီးတစ်ပွင့်ဈေးနဲ့ယှဉ်ပြီး ကျွန်တော်တို့ စဉ်းစားကြည့်ကြရအောင်။ ငွေးပင်ရွာနဲ့ ဦးမြမောင်တွင်းရှိတဲ့ ကပိုင်ရွာဟာ မြေပုံပေါ်မှာ ထောက်ကြည့်ရင် တစ်မိုင်ခွဲလောက်ပဲ ဝေးတယ်။ ဒီပတ်ဝန်းကျင်ဒေသက ကျောက်ထွက်ကျဲပေမယ့် ထွက်ပြန်ရင်လည်း ကြီးကြီးကောင်းကောင်းတွေ ထွက်တတ်တယ်။ နာမည်ကြီးကျောက်တွေ ထွက်တတ်တယ်။ ဥပမာ ငွေးပင်ရွာက ဦးကျောက်လုံးဆိုတဲ့ ပုဂ္ဂိုလ် ၁၉၂၈ ခုနှစ်မှာ အလေးချိန် ၉၅၈ ကရက်ရှိတဲ့ နီလာရိုင်းကြီးတစ်ပွင့် ရခဲ့ဖူးတယ်။ အဲဒီကျောက်ကို ကမ္ဘာ့ရတနာလောကမှာ အလွန်နာမည်ကြီးတဲ့ Albert Ransay ဆိုတဲ့ ပုဂ္ဂိုလ်က အဲဒီခေတ် အမေရိကန်ဒေါ်လာငွေ တစ်သောင်းသုံးထောင်နဲ့ ဝယ်သွားတယ်။ အဲဒီကျောက်ဟာ အမေရိကန်ကုန်သည်လက်ထဲ ရောက်သွားပြီးတော့ ကမ္ဘာမှာတော့ "Gem of the jungle" ဆိုပြီး နာမည်ကြီးနီလာကြီးဖြစ်သွားခဲ့တယ်။ ဦးမြမောင်ကျောက်က ဂေါ်ကြိုးသွေးရမယ့် နီလာအရိုင်း၊ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ SMITHSONIAN ဆိုတဲ့ ပြတိုက်ဟာ ကျောက်မျက်ကောင်းတွေ ရှိတယ်လို့ အလွန်နာမည်ကြီးတဲ့ ပြတိုက်။ အဲဒီမှာ ရှိတဲ့ အကြီးဆုံး နီလာဂေါ်ကြိုးက ၃၁၆ ကရက်ရှိတယ်။ STAR OF ARTABAN လို့ နာမည်ပေးထားတယ်။ ဒုတိယအပွင့်က ၉၈ ဒသမ ၆ ကရက် ရှိတယ်။ BISMARK SAPPHIRE လို့ နာမည်ပေးထားတယ်။ နှစ်ပွင့်လုံးက သီရိလင်္ကာနိုင်ငံက ထွက်တဲ့နီလာတွေ။ ကျွန်တော်တို့ မြန်မာ့နီလာက သီရိလင်္ကာနီလာထက်ကောင်းတယ်။ ဒီတော့ ဦးမြမောင်ကျောက်က အရိုင်း ၅၀၂ ကရက်တောင်ရှိပြီး အပေါ်က ဆီးကြည့်ရင် အရိုင်းဘဝမှာပဲ ခြောက်ကြိုးလုံး ရှင်းရှင်း

http://www.cherrythitsar.org

www.foreverspace.com.mm



ကြီးမြင်နေရတဲ့ ဝေါ်ကြီးဖြစ်မယ့် နီလာကြီးဆိုတော့ ကမ္ဘာ့ပြတိုက်ကြီးတွေက စိတ်ဝင်စားမှာ သေချာတယ်။ နောက် ပုံဆောင်ခဲအနေအထားအရလည်း အလွန်ထူးခြားတဲ့ ပုံဆောင်ခဲအနေအထားမျိုး ရှိနေတာမို့ ကမ္ဘာ့ကျောက်မျက်ပညာရှင်တွေ၊ ကျောက်မျက်အသင်းကြီးတွေကလည်း စိတ်ဝင်စားနိုင်တယ်။ နောက်တစ်ခုက ကမ္ဘာ့ကျောက်မျက်ပွဲတွေရဲ့ လေလံမှတ်တမ်းတွေကို ပြန်လှေလာကြည့်ရင် ၁၉၈၈ ခုနှစ်မှာ ကျင်းပတဲ့ SOTHEBY'S လေလံပွဲမှာ ၆၂ ဒသမ ၀၂ ကရက်အချိန်ရှိတဲ့ မြန်မာ့နီလာတစ်ပွင့်ကို အမေရိကန်ဒေါ်လာ ၂၈၂၈၅၄၈ နဲ့ ရောင်းဖူးတယ်။ တစ်ကရက်ကို ဒေါ်လာ ၄၅၆၀၇ ဈေးဆိုပါတော့။ ခု ဦးမြမောင်ရဲ့ကျောက်က အဲဒီ တစ်ကရက်ဈေးရဲ့ ဆယ်ပုံတစ်ပုံပဲ ရတယ်ထား။ အကြမ်းသဘော တစ်ကရက်ကို အမေရိကန်ဒေါ်လာ တစ်ထောင်ဈေး ရနိုင်တယ်။ ခုကျောက်ချိန်က ၅၀၂ကရက် ရှိတယ်ဆိုတော့ ကျွန်တော်ထင်တယ်၊ မျှော်လင့်တယ်။ ဒီကျောက်ဟာ အနည်းဆုံး ဒေါ်လာ ငါးသိန်း ရလိမ့်မယ်။ ဒါပေမဲ့ ဒီနေ့ကမ္ဘာ့စီးပွားရေးအခြေအနေက မကောင်းဘူး။ တိုးတက်မှုနှုန်းတား သိပ်နှေးနေတယ်။ အမေရိကန်၊ ဂျပန်တို့လို ဝယ်အားကောင်းတဲ့ နိုင်ငံကြီးတွေရဲ့ ဝယ်လိုအား သိပ်ကျဆင်းနေတယ်။ ဒါကြောင့် ဦးမြမောင် ကျောက်ကို ရောင်းတဲ့အခါအချိန်စောင့်ရမယ်။ သည်းခံရမယ်။ ကမ္ဘာ့ကျောက်မျက်မဂ္ဂဇင်းကြီးတွေမှာ ဒီကျောက်အကြောင်းပါအောင် လုပ်ရမယ်။ ကျောက်မျက်ကောင်းတစ်ခုကို ဈေးကောင်းရဖို့ဆိုတာ ကမ္ဘာသိ နာမည်ကြီး ကျောက်မျက်မဂ္ဂဇင်းကြီးတွေမှာ သတင်းအဖြစ်ပါလာအောင် လုပ်တတ်ဖို့ သိပ်အရေးကြီးတယ်။ ဒီလို မလုပ်တတ်ရင်ဘယ်တော့မှ ဈေးကောင်းမရနိုင်ဘူး။ နောက် ကမ္ဘာ့ပြတိုက်ကြီးတွေ ကျောက်မျက်အသင်းကြီးတွေကို ဒီကျောက်သတင်း အပြည့်အစုံပို့ပေးပြီး သူတို့ ဝယ်ချင်တဲ့ စိတ်ဆန္ဒ ရှိ မရှိကို မေးရမယ်။ ကြိုက်ဈေးရမှ ရောင်းရမယ်"

"ကျွန်တော့် ကျောက်အကြောင်း ကမ္ဘာသိအောင်က ကျွန်တော်ဘယ်လိုလုပ်ပေးရမလဲ"

"ခင်ဗျား မိုးကုတ် အေးအေးဆေးဆေး ပြန်သွား။ ကျွန်တော် လုပ်ပေးမယ်။ ကျွန်တော့်မှာ ကမ္ဘာ့စာနယ်ဇင်းတွေနဲ့ အဆက်အသွယ်အများကြီး ရှိတယ်။ ခင်ဗျား ကျောက်ကြီးသတင်းကို ကမ္ဘာ့ရတနာမဂ္ဂဇင်းတွေထဲမှာ နောက်တစ်လနှစ်လအတွင်းမှာ စပါစေရမယ်"

ကျွန်တော် မျှော်လင့်သည့်အတိုင်း ဖြစ်ခဲ့ပါသည်။

www.foreverspace.com.mm



ဦးမြမောင်နှင့် ဆုံတွေ့ပြီး တစ်ပတ်ခန့်အကြာ၌ပင် အမေရိကန်လူမျိုး၊ ကျွန်တော့်မိတ်ဆွေ ရတနာကုန်သည် (ရွှန်ဇော့) ဆိုသူ ကျွန်တော့်ရုံးခန်းသို့ ရောက်လာ၏။ သူနှင့်အတူ Jewelry Newsline မဂ္ဂဇင်းမှ တာဝန်ခံအယ်ဒီတာ ဖြစ်သော Chinda Chang benchanong ပါလာ၏။ ထိုင်းအမျိုးသမီးတစ်ဦး ဖြစ်သော်လည်း အင်္ဂလိပ်စကားကို ကျွန်တော် အံ့ဩလောက်အောင်ပင် သွက်လက်စွာ ပြောနိုင်၏။

"ရှင်ရဲ့ ၅၀၂ ကရက်ရှိတဲ့ နီလာကြီးအကြောင်းကို ကျွန်မတို့မဂ္ဂဇင်းမှာ သတင်းဦးအနေနဲ့ ရေးချင်တယ်"

"ရပါတယ်။ ရေးပါ။ ဒါပေမဲ့ ခင်ဗျားကတိတစ်ခုပေးရမယ်။ ဒီသတင်းကို ခင်ဗျား ကျွန်တော်တို့နိုင်ငံကထုတ်တဲ့ Myanma Economics Review မဂ္ဂဇင်းမှာ ပါပြီးမှ ဖေါ်ပြမယ်ဆိုတာပဲ"

"ရှင်တို့ မဂ္ဂဇင်းမှာ ဘယ်လပါမှာလဲ"

"ဇူလိုင်လထုတ်မှာ"

"ဒါဖြင့် ဩဂုတ်လထွက်မယ့် ကျွန်မတို့မဂ္ဂဇင်းမှာ ကျွန်မသုံးမယ်။ နောက် စက်တင်ဘာလထုတ် Jewelsiam မှ ကျွန်မ ဆက်အသေးစိတ် ရေးပေးမယ်။ ရှင် ကျေနပ်တယ်မဟုတ်လား"

"ကျေနပ်ပါတယ်"

(ဆင်ဒါ) သည် သူမ၏ကတိကို တည်အောင်ထိန်းခဲ့ပါသည်။ ဩဂုတ်လထုတ် Jewelry Newsline မဂ္ဂဇင်းတွင်မှ ဦးမြမောင်၏ ၅၀၂ကရက် နီလာသတင်းကို ဖေါ်ပြခဲ့ပါသည်။ ဖေါ်ပြရာတွင်လည်း ရိုးရိုးမဟုတ်၊ သူနှင့် ကျွန်တော်တွေ့ဆုံစဉ်က ကျွန်တော်ပြောပြသော ဤနီလာကြီးနှင့် ပတ်သက်သည့် ထင်မြင်ချက်များနှင့် ကျွန်တော့်ဓာတ်ပုံကိုပင် တွဲ၍ ဖော်ပြထားလိုက်သေး၏။

ပို၍ကံကောင်းသည်မှာ ကျွန်တော်နှင့် ရင်းနှီးခင်မင်သော အမေရိကန်လူမျိုး ကမ္ဘာကျော် ကျောက်မျက်ရတနာ စာရေးဆရာကြီး Richard W.Hughes ထံသို့ ဦးမြမောင် ကျောက်ကြီးအကြောင်း စာရေးလိုက်သောအခါ၌ သူ၏ မကြာမီ ဒုတိယအကြိမ်ထုတ်ဝေမည့် ကမ္ဘာကျော် Corundum ကျမ်းစာအုပ် ကြီးတွင်ပင် ဦးမြမောင်၏ နီလာကြီးအကြောင်းကို ဖြည့်စွက်ဖေါ်ပြပေးမည် ဖြစ် ကြောင်းနှင့် သူနှင့်ကျွန်တော် ပေါင်း၍ အမေရိကန် Journal of Gemmology ၌ (Myanma Sapphire Giants) ကိုရေးရန် ဖိတ်ခေါ်၏။

http://www.cherrythitsar.org

www.foreverspace.com.mm



ကျွန်တော်ကလည်း ဝမ်းမြောက်စွာ သဘောတူလိုက်၏။

ကမ္ဘာ့ရတနာမဂ္ဂဇင်းကြီးများ၌ ကျွန်တော် တစ်ကြိမ်မှ ပါဝင်ရေးသား ခြင်း မပြုဖူးသေးပါ။ ပထမဆုံး ပေါ်ထွက်လာသည့် အခွင့်အရေးဖြစ်၏။ နောက် ကမ္ဘာကျော် ရတနာစာရေးဆရာကြီးနှင့် ပူးတွဲစာရေးဆရာ Co-Author အဖြစ် ရေးခွင့်ရသဖြင့် ကျွန်တော် အထူးဝမ်းမြောက်မိ၏။ ဦးမြမောင်ကို ကူညီရင်း မိမိစေတနာ မိမိကို အကျိုးပေးခဲ့သည်ဟု ဆိုရပါမည်။

နှစ်ပတ်ခန့်အတွင်းမှာပင် သူ့ထံမှ သူ စုဆောင်းထားသော မြန်မာ့ နီလာကြီးများအကြောင်းကို ရေးသားထားသည့် ဆောင်းပါးစာမူကြမ်း ရောက် လာ၏။ ကျွန်တော့်တာဝန်မှာ ကျွန်တော်ကိုယ်ပိုင် စုဆောင်းထားသည့် မြန်မာ့ နီလာဈေးနှင့်ပတ်သက်သည့် အချက်အလက်များကို ဖြည့်စွက်၍ ပြန်လည် ပေးပို့ ရမည် ဖြစ်သည်။

ဤဆောင်းပါး၌လည်း ဦးမြမောင်၏ နီလာကြီးအကြောင်း အသေး- စိတ် ပါရှိဦးမည် ဖြစ်၏။

ကျွန်တော် ဆောင်ရွက်ရမည့်တာဝန်များက ကျေသင့်သလောက် ကျေ ချေပြီ။

ရတနာအရောင်းအဝယ် ဟူသည်မှာ ကံပါပါသည်။

ကံသာအမိ ကံသာအဖ ဖြစ်ပါသည်။

ဦးမြမောင်၏ ကံကို ကျွန်တော် စောင့်ကြည့်ရပါဦးမည်။

အမှတ် ၅၂၊ ၁၉၉၄၊ အောက်တိုဘာလ။

❋ ❋ ❋

www.foreverspace.com.mm

## ၂။ မြန်မာ့ထူးခြားထွက်ကျောက်မျက်သစ်များ

**မိုးညှင်းနီလာ**

လွန်ခဲ့သည့် တစ်နှစ်ခန့်ကဖြစ်၏။

ကျွန်တော့်ထံသို့ ဦးညီညီ ဖုန်းဆက်လာသည်။

"ဦးလှဝင်း. . . နီလာလိုပြာတဲ့ အညံ့ပန်းကျောက်ဆိုတာ ရှိလား"

"အညံ့ပန်းကျောက်မှာ အပြာရောင်တော့ရှိတယ်။ နီလာလိုပြာတာ ရှိမရှိတော့ ကျွန်တော် မသိဘူး"

"ကျွန်တော့်လက်ထဲမှာ အခု မိုးကုတ်ကဝယ်လာတဲ့ အပြာရောင်ကျောက်တွေရှိတယ်။ အရောင်က နီလာအတိုင်းပဲ"

"ပွင့်ကောပွင့်လား"

"ပွင့်တယ်။ မျိုးလည်းကောင်းတယ်။ နီလာလိုပဲ အလင်းဖောက်တယ်။ ကျောက်သားလည်း ညက်တယ်"

"သွေးပြီးသားလား"

"ဟုတ်တယ်"

"နီလာမျိုးများ ဖြစ်နေသလား"

"နီလာတော့ မဟုတ်ဘူး"

http://www.cherrythitsar.org
www.foreverspace.com.mm



"ဘာကြောင့် မဟုတ်ဘူးလို့ ပြောနိုင်တာလဲ"

"ကျွန်တော်ကိုယ်တိုင် မိုးကုတ်မှာ သွေးခဲ့တာပဲ။ ကျောက်ပြာတစ်ပွင့်ဟာ နီလာ ဟုတ်မဟုတ်ကို ကျောက်သွေးတဲ့မှတ်ပေါ် တင်ကြည့်လိုက်တာနဲ့ ကျွန်တော်တို့ မိုးကုတ်သားတိုင်း ပြောနိုင်တာပဲ။ ခု ကျောက်သားက နီလာလို မမာဘူး။ အသားပျော့တယ်"

"အတွင်းအပြစ်တွေရော"

"ရှိတယ်"

"ဂေါ်ရော. ."

"ဂေါ်တော့မရှိဘူး။ ဂေါ်မရှိတော့ ကျောက်က ပိုလှနေတာပေါ့ဗျာ"

"ခင်ဗျား ဘယ်နှစ်ပွင့် ဝယ်ခဲ့လဲ"

"ငါးပွင့်"

"ခင်ဗျားစိတ်ထဲမှာ ဘာကျောက်လို့ ထင်လဲ"

"အညို့ပန်းကျောက်လို့ ထင်တာပဲ။ ဒါပေမဲ့ ဒီလိုပြာတဲ့ အညို့ပန်းမျိုးလည်း ကျွန်တော် မိုးကုတ်မှာ တစ်ခါမှ မမြင်ဖူးဘူး။ အရည်က သိပ်လှလွန်းနေတယ်။ ကျွန်တော်မြင်ဖူးတဲ့ အပြာရောင်ရှိတဲ့ အညို့ပန်းကျောက်အရည်က ခပ်ကြောင်ကြောင်။ ခု ကျောက်အရည်က မကြောင်ဘူး။ အပြာဖြော့။ နီလာကတ္တီပါရည်ပဲ"

"ဒါဖြင့်ရင် ဒီလိုလုပ်။ နေ့လယ် (၂)နာရီလောက် ကျွန်တော် ဂေါက်ကွင်း သွားရင်းနဲ့ ဦးညီညီအိမ် ဝင်လာခဲ့မယ်။ ကျောက်စစ်တဲ့ ကိရိယာတွေလည်း ယူလာခဲ့မယ်။ ဦးညီညီ အိမ်မှာရှိတယ် မဟုတ်လား"

"ရှိတယ်။ ကျွန်တော် စောင့်နေမယ်"

ကျွန်တော် နေ့လယ်ပိုင်းတွင် အင်းယားလမ်းရှိ ဦးညီညီအိမ်သို့ ရောက်သွား၏။

"ကဲ. . ဆို. . ကျောက်တွေပြပါဦး"

ဦးညီညီက ကျောက်ပြာငါးပွင့်ကို ကျွန်တော့်ကို ထုတ်ပြ၏။

မှန်ပါသည်။

ကျောက်ငါးပွင့်လုံးမှာ ချစ်စရာလေးများ ဖြစ်၏။

ပြာပုံမှာလည်း နီလာအတိုင်း ဖြစ်၏။

သို့သော် ဤကျောက်များမှာ နီလာမဟုတ်သည်ကို ကျွန်တော် ကိုင်

http://www.cherrythitsar.org
www.foreverspace.com.mm



ကြည့်လိုက်သည်နှင့် သိ၏။ အလေးချိန်ရှိသင့်သည်ထက် အနည်းငယ် ပေ့ါနေသလို ရှိ၏။

ကျွန်တော့်အိတ်ဆောင် ကျောက်ကြည့်မှန်ဘီလူးလေးဖြင့် ကျောက် ကို အလင်းရောင်ရှိရာဘက်သို့ ထောင်ပြီး မျက်နှာမှဖြတ်ကြည့်လိုက်၏။ အံ့သြစရာတွေ့ရ၏။ ကျောက်သား၏အတွင်းသဘာဝ သင်္ကေတာန်များမှာ မိုးကုတ်နီလာများ၏ သဘာဝသင်္ကေတာန်များနှင့် လုံးဝမတူ။

တရုတ်ကပ်မှန်ဘောင်၌ မြင်တွေ့နေရသော အစင်းတန်းကလေးများ ကဲ့သို့ တစ်ခုနှင့်တစ်ခု ပြိုင်နေသော အဖြူစင်းလေးများကို မြင်တွေ့နေရ၏။

"ဒီ ပြိုင်နေတဲ့ အဖြူစင်းတွေက ဂေါ်လည်းမဟုတ်ပါဘူးနော်"

ကျွန်တော်က ဦးညီညီကို မေးလိုက်၏။

"မဟုတ်ဘူး။ ကျွန်တော် သေသေချာချာ ကြည့်ပြီးပြီ။ ဂေါ်ထက်ကို ကွဲအက်နေတဲ့ အဖြူအစင်းကြောင်းတွေနဲ့ ပိုတူတယ်။ မိုးကုတ်မှာ တချို့ကုန်သည်တွေကလည်း ဒီအဖြူစင်းကို ဂေါ်စင်းလို့ ယူဆပြီး နီလာအဖြစ် ဝယ်နေကြတယ်"

"ဒီသဘာဝသင်္ကေတာန်တွေကို အထင်အရှား မြင်နေရပြီဆိုတော့ ဒီကျောက်ပြာတွေက တွင်းထွက်တော့ တွင်းထွက်ပဲ။ ဘာတွင်းထွက်မျိုးလည်းဆိုတာ စစ်ကြည့်ရအောင်. . "

ကျွန်တော်က အသင့်ယူလာခဲ့သော အင်္ဂလိပ်ဘာသာဖြင့် Refractometer ခေါ် အလင်းယိုင်ကိန်းတိုင်း ကိရိယာကို ထုတ်လိုက်၏။

ကျောက်အတုအစစ် ခွဲခြားရာ၌ ကျောက်စစ်မှန်ဘီလူး (Gemolite) မှာ အသက်ဟု ယူဆနိုင်သကဲ့သို့ ကျောက်အမျိုးအစား ခွဲခြားရာ၌ အလင်းယိုင်ကိန်းတိုင်းကိရိယာမှာ အသက်ဟု ယူဆနိုင်၏။

ကျွန်တော် ကျောက်ပြာလေးတစ်ပွင့်ကို အလင်းယိုင်ကိန်းတိုင်းကိရိယာ အပေါ်သို့ တင်လိုက်၏။

အလင်းယိုင်ကိန်းကို ရှာလိုက်၏။

"၁ ဒသမ ၇၁ ခန့်. . "

"ဦးညီညီရေ. . ဒီကျောက်က အညံ့ပန်းကျောက်တော့ မဟုတ်တော့ဘူး။ အညံ့ပန်းကျောက်က ၁ ဒသမ ၇၂ လောက်မှာ ရှိတာများတယ်။ ဒီကျောက်က ဘာကျောက်လဲမသိဘူး။ အလင်းယိုင်ကိန်းဇယားမှာ ရှာကြည့်လိုက်ဦးမယ်။ ကျောက်နှစ်မျိုးရဲ့ အလင်းယိုင်ကိန်းကတော့ ကပ်နေတာပဲ"

http://www.cherrythitsar.org

www.foreverspace.com.mm



KYANITE ...

ကိုင်းနိုက်ကျောက်၏ အလင်းယိုင်ကိန်းနှင့် အနီးစပ်ဆုံး ဖြစ်နေ၏။

"ဦးညီညီ. . ဒါ ကိုင်းနိုက် ဆိုတဲ့ကျောက်. . ."

"ဘာလဲ. . . ကိုင်းနိုက် ဆိုတာ . . ."

"တွင်းထွက်ကျောက် တစ်မျိုးပေါ့ဗျာ"

"မြန်မာလို ဘယ်လိုခေါ်လဲ"

"မသိဘူး။ မြန်မာနာမည် မရှိသေးဘူး။ ကျားနိုက်ကျောက်ဆိုပြီး ကျွန်တော်တို့ နာမည်ပေးလိုက်ရင် မကောင်းဘူးလား"

ဦးညီညီက ပြုံးလိုက်ပါသည်။

"ဒီကျောက်က မိုးကုတ်ထွက်လား"

"ထွက်တယ်။ အင်္ဂလိပ်ဘူမိဗေဒပညာရှင်တွေ ပြုစုသွားတဲ့ မိုးကုတ်ထွက် ကျောက်မျက် (၂၇)မျိုးထဲမှာ ကိုင်းနိုက် လည်းပါတယ်"

"ကျောက်မျက်တန်းဝင်လား"

"မသိဘူး။ ကျွန်တော် အိမ်ပြန်သွားပြီးမှ ကျောက်မျက်စာအုပ်တွေထဲမှာ ရှာဖတ်လိုက်ဦးမယ်။ ကျွန်တော်သိသလောက် ဒီကျောက်က ရှားပါးတဲ့ ကျောက် များများစားစား ထွက်လေ့မရှိဘူး။ ခု မိုးကုတ်မှာ ဘာကြောင့် များများစားစား လာထွက်နေတာလည်း မသိဘူး"

မှန်ပါသည်။

ကျွန်တော် အိမ်ပြန်ရောက်၍ ကိုင်းနိုက်ကျောက်အကြောင်း ရှာဖွေဖတ်ရှုလိုက်သည်နှင့် ကိုင်းနိုက်မှာ ရှားပါးသော ကျောက်တစ်မျိုးဖြစ်နေသည်ကို သိလိုက်ရ၏။

ရှားပါးခြင်း (Rarity) ဂုဏ်အပြည့် ရှိ၏။

ကိုင်းနိုက်ကျောက်သည် ရိုးရိုးကျောက်ခဲဘဝရောက်မည့် ကျောက်အဖြစ် အများအပြားတွေ့နိုင်သော်လည်း ကျောက်မျက်အဆင့်ဝင်သည့် ကျောက်များကို အလွန်တွေ့ရခဲ၏။

ဓာတ်သဘောအားဖြင့် အလူမီနီယန်ဆီလီကိတ် တစ်မျိုးဖြစ်၏။

ပုံဆောင်ခဲစနစ်မှာ (ထရိုင်ကလီနစ်) ဖြစ်၏။

ကိုင်းနိုက်ကျောက်၏ ထူးခြားချက်မှာ မာဆင့်ဖြစ်၏။ ကိုင်းနိုက်ကျောက်၏ မာဆင့်မှာ ဝင်ရိုးမှ ဒီဂရီအတိမ်းအစောင်း အနည်းအများကိုလိုက်၍ ပြောင်းလဲ

www.foreverspace.com.mm



သွား၏။ အရိုင်းဘဝ၌ အလျားရှည်၍ အနံတိုသော ကျောက်ပြားပုံဆောင်ခဲလေးများအဖြစ် မြင်ရ၏။ ထိပ်ပိုင်းတွင် မာဆင့်နည်းပြီး ဘေးပိုင်းတွင် မာဆင့် မြင့်နေ၏။ ဤအဖြစ်ကို ကိုင်းနိုက်ကျောက်သွေးဖူးသော မိုးကုတ်သားတိုင်း သိ၏။

ထို့ကြောင့် မာဆင့်ကို ၅ နှင့် ၇ အကြားတွင် ရှိသည်ဟု ယေဘုယျ သတ်မှတ်ထား၏။ အချို့ ကျောက်မျက်စာအုပ်၌လည်း ၆ မှ ၇အတွင်း ရှိသည်ဟု ဖော်ပြထား၏။

သိပ်သည်းဆမှာ ၃ ဒသမ ၆၈ ရှိ၏။

နှစ်လင်းခွဲကျောက် ဖြစ်၏။

အလင်းယိုင်ကိန်းမှာ ၁ ဒသမ ၇၁၅မှ ၁ ဒသမ ၇၃၂ အကြား ရှိ၏။

ကိုင်းနိုက်ကျောက်သည် မိုးကုတ်သားများ ကျောက်စစ်မီးဟုခေါ်သည့် (UV)အောက်တွင် အားနည်းသော အနီရောင်တောက်၏။

ကိုင်းနိုက်ကျောက်နှင့် အညံ့ပန်းကျောက်ကို အလင်းကွဲသတ္တိများကို စစ်ဆေးခြင်းဖြင့် အလွယ်တကူ ခွဲခြားနိုင်၏။ ကိုင်းနိုက်က နှစ်လင်းခွဲသတ္တိပြပြီး အညံ့ပန်းက တစ်လင်းကွဲသတ္တိပြ၏။

ကိုင်းနိုက်နှင့် နီလာပြာတို့ကို ခွဲခြားခြင်း၌ အလင်းယိုင်တန်း အနည်းအများကို စစ်ဆေးပြီး အလွယ်တကူ ခွဲခြားနိုင်၏။ ကိုင်းနိုက်၏ အလင်းယိုင်ကိန်းမှာ နည်းပြီး နီလာပြာ၏ အလင်းယိုင်ကိန်းမှာ များ၏။

ကိုင်းနိုက်၏အရောင်မှာ အပြာရောင်သာရှိသည်မဟုတ်၊ အဖြူ အဝါဖျော့၊ မွဲပြာနှင့် အမဲရောင်များလည်း ရှိ၏။ သို့သော် အပြာရောင်ရှိသော ကိုင်းနိုက်များသာ ကျောက်မျက်တန်းဝင်၏။ လက်ဝတ်ရတနာအဖြစ် ပြုလုပ်ဝတ်ဆင်ကြ၏။

ကိုင်းနိုက်သည် ကွဲအင် (cleavage) စွမ်းအားကြီးသည့် ကျောက်ဖြစ်၏။ ထို့ကြောင့်လည်း ကျောက်သား မျက်နှာပြင်ပေါ်၌ အမျှင်သဏ္ဍာန် အစင်းများကို မြင်တွေ့နေရခြင်းဖြစ်၏။

ကိုင်းနိုက်မှာ အလင်းဖောက်အား သင့်တင့်ရုံမျှရှိသည့် ကျောက် ဖြစ်၏။ အလင်းမှုန်ကျောက်မျိုးတွင် ပါဝင်၏။ သို့သော် ဦးညီညီထံမှ ကျွန်တော် မြင်တွေ့ခဲ့ရသည့် ကျောက်အားလုံးမှာ မိုးကုတ်ထွက် နီလာများကဲ့သို့ပင် အလင်းဖောက်အားကောင်းသော ကျောက်မျိုး ဖြစ်နေ၏။

ကျောက်မျက်ကျမ်းများ အဆိုအရ အကောင်းဆုံး အမျိုးအစား ကိုင်း-

www.foreverspace.com.mm



နိုက်များမှာ အိန္ဒိယနိုင်ငံမှ ထွက်ရှိသည်ဟု ဆို၏။ သို့သော် ဆွစ်ဇာလန်၊ မြန်မာ၊ ဘရာဇီးလ်၊ အမေရိကန်ပြည်ထောင်စုတို့၌လည်း ထွက်၏။

ကျွန်တော်သည် ကျွန်တော့်အိမ်ရှိ စာအုပ်စင်မှ ရှာဖွေတွေ့ရှိသမျှ ကိုင်းနိုက်အကြောင်းများကို ဦးညီညီထံသို့ ဖုန်းဆက်ပြောပြလိုက်၏။

ကိုင်းနိုက်ကျောက်နှင့် ကျွန်တော့်ဇာတ်လမ်းမှာ ထိုမျှနှင့် မပြီးသေးပါ။

ကျွန်တော် ဦးစီးဖွင့်လှစ်သည့် ဒုတိယအပတ် ရတနာကုန်သည်အဖြစ် သင်တန်းတွင် ထူးဆန်းစွာ ဆရာဝန် သင်တန်းသားတစ်ဦး ပါလာ၏။

ဒေါက်တာအောင်မြိုင် ဖြစ်၏။

ထိုပုဂ္ဂိုလ်၌ ပို၍ထူးခြားနေသည့် အံ့ဖွယ်တစ်ခုမှာ သူသည် ဆရာဝန် သာ ဖြစ်သော်လည်း ဆေးမကုတော့။ ကျောက်စိမ်းအရောင်းအဝယ် လုပ်နေ သည့် ရတနာကုန်သည်တစ်ဦး ဖြစ်၏။ ကျွန်တော့်သင်တန်းသို့ အခြားရတနာ များအကြောင်းကို စနစ်တကျ သိချင် တတ်ချင်၍သာ လာတက်သူ ဖြစ်၏။

သင်တန်းကာလအတွင်း၌ပင် တစ်နေ့ ဒေါက်တာအောင်မြိုင်နှင့်အတူ မိုးညှင်းမြို့မှ ကျောက်စိမ်းကုန်သည်တစ်ဦးဖြစ်သော ဦးကိုကိုကြီး ကျွန်တော့် ရုံးခန်းသို့ ရောက်လာ၏။

ဦးကိုကိုကြီးနှင့်တွေ့မှပင် ကိုင်းနိုက်ကျောက်အကြောင်းကို ပို၍ ပြည့်စုံ စွာ ကျွန်တော် သိခွင့်ရ၏။

"ကိုင်းနိုက်ကျောက်တွေက ကျွန်တော်တို့ မိုးညှင်းမှာ ထွက်တာ ဆရာ။ ဆရာတို့ မိုးကုတ်ကို မနှစ်က ရောက်သွားတဲ့ ကိုင်းနိုက်အားလုံး ကျွန်တော်တို့ မိုးညှင်းက ပို့လိုက်တဲ့ကျောက်တွေ။ နီလာလို့ထင်ပြီး မိုးကုတ်သွားရောင်းကြတာ"

"မိုးညှင်းမှာ စထွက်တာက ဘယ်တုန်းက ထွက်တာလဲ"

"ခုတစ်ကြိမ် ထွက်တာကတော့ ၁၉၉၃ ခုနှစ် မတ်လနဲ့ဧပြီလအတွင်း လောက်ကပါ"

"အရင်ကရော ထွက်ဖူးလား"

"ထွက်ဖူးပါတယ်။ လူကြီးတွေပြောတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်၊ အစိတ်လောက်ကလည်း ထွက်ဖူးတယ်။ ဒါပေမဲ့ ဈေးကွက်မရှိတော့ ဒီတွင်းလုပ် တဲ့လူတွေက ဆက်မလုပ်ကြတော့ဘဲ ပစ်ထားခဲ့ကြတာတဲ့"

"ကိုင်းနိုက်ကျောက်တွင်းတွေက မိုးညှင်းမြို့နဲ့ ကပ်ရက်မှာရှိလား"

"မရှိဘူး။ မိုးညှင်းမြို့ရဲ့တောင်ဘက် ဆယ်မိုင်လောက်မှာ ဆယ်မိုင်ရွာ

http://www.cherrythitsar.org

www.foreverspace.com.mm



ဆိုတာ ရှိတယ်။ ဆယ်မိုင်ရွာက ငါးမိုင်လောက် တောထဲဝင်သွားရင် စမ်းချောင်း တစ်ခုရှိတယ်။ နဂါးအင်းလို့လည်းခေါ်တယ်။ အဲဒီ စမ်းချောင်းပတ်ဝန်းကျင်ဟာ ကိုင်းနိုက်ကျောက်တွင်းတွေရှိတဲ့ ဒေသပဲ”

“မိုးကုတ်ရောက်သွားပုံက . . . ”

“ဒီလို ဆရာ။ ဆရာ မိုးကုတ်က ဒေါက်တာအောင်မြင့်ကို သိတယ် မဟုတ်လား”

“ဟုတ်ကဲ့ သိပါတယ်”

“ကိုအောင်မြင့်က ကျွန်တော်တို့ မြို့သား။ ကျွန်တော်နဲ့သူငယ်ချင်း။ ကိုင်းနိုက်ကျောက်တွေ ခုတစ်ကြိမ်ပေါ်လာတဲ့အချိန်မှာ ကိုအောင်မြင့်လည်း မိုးညှင်း ရောက်နေတယ်။ ဒီကျောက်ပေါ်လာစက ဘာကျောက်ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ဒေသမှာ ဘယ်သူမှ မပြောနိုင်ဘူး။ နီလာဖြစ်လိမ့်မယ်လို့ ထင်ကြတဲ့လူက များတယ်။ ဒါကြောင့် ကျွန်တော်တို့က ကိုအောင်မြင့်ကို မိုးကုတ် ယူသွားပြီး ဈေးကွက်မှာ ပြကြည့်ဆိုပြီး ထည့်ပေးလိုက်ကြတာပဲ”

“ရောင်းရလား”

“မရောင်းရပါဘူး။ မိုးကုတ်သားတွေကလည်း နီလာမဟုတ်တော့ ဘယ်ဝယ်ကြမလဲ။ ထူးဆန်းတဲ့ ကျောက်သစ်အဖြစ်ပဲ နည်းနည်းပါးပါး ရောင်းရ ပါတယ်”

“မိုးညှင်းဒေသခံတွေက ကိုင်းနိုက်ကို ဘယ်လိုခေါ်ကြသလဲ”

“မိုးညှင်းနီလာတဲ့။ ဆရာတို့မိုးကုတ်သားတွေကလည်း ဒီနေ့ ကိုင်းနိုက်ကို မိုးညှင်းနီလာလို့ ခေါ်နေကြတာပဲ။ ဪ . . ဆရာ ကိုင်းနိုက်ကျောက်က ကမ္ဘာ့ဈေးကွက်မှာ ရောင်းကွက်ရှိရဲ့လား”

“ရှိတော့ရှိတယ်။ သိပ်ကျယ်ကျယ်ပြန့်ပြန့်ကြီးတော့ မရှိဘူး။ သိပ် ကောင်းတဲ့ကျောက်မျိုးလောက်ပဲ အရောင်းအဝယ်ဖြစ်တယ်။ ဥရောပဈေးကွက် မှာတော့ သိပ်မကြိုက်ကြဘူး။ ဒါပေမဲ့ ကျောက်မျက်ကို လူတွေ မြတ်နိုးကြပုံက ပုံသေမရှိဘူး။ အချိန်အခါကိုလိုက်ပြီး ပြောင်းနေတယ်။ ဥပမာ နဂါးသွဲ့ Apa-tite ဆိုရင် မိုးကုတ်မှာ အလွန်လှတဲ့ နဂါးသွဲ့တွေထွက်ပေမယ့် ကမ္ဘာ့ဈေးကွက် ကို မတိုးနိုင်ခဲ့ဘူး။ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကမှ အာဖရိကမှာ နဂါးသွဲ့အပြာ-ရောင်တွေ စတွေ့တယ်။ ကြီးကြီးလည်း မတွေ့ဘူး။ အညှာလေးတွေ။ တစ်ကရက် အောက်တွေ။ ဒါပေမဲ့ ဒီကျောက်တွေ အမေရိကန်ဈေးကွက်ကို ဝင်သွားတော့

http://www.cherrythitsar.org

www.foreverspace.com.mm



အမေရိကန်တွေ သိပ်ကြိုက်ပြီး ရောင်းမလောက်ဖြစ်နေတယ်။ လူကြိုက် သိပ်များတဲ့ကျောက် ဖြစ်နေတယ်"

"ဒါဖြင့်ရင် ကျွန်တော်တို့ မိုးညှင်းနီလာကလည်း မျှော်လင့်စရာ အနာဂတ် ရှိတာပေါ့"

"ရှိပါတယ်။ သိပ်ရှိပါတယ်။ ခင်ဗျားတို့ ကိုင်းနိုက်တွေက ကျွန်တော့်မျက်စိမှာတော့ သိပ်လှတာပဲ။ ခင်ဗျားတို့တွင်းတွေက များများစားစားရော ထုတ်နိုင်စွမ်း ရှိလို့လား"

"ထုတ်နိုင်တယ်။ ဈေးကွက်ပေါ်လာလို့တော့ ကျွန်တော်တို့ အများကြီး တူးပေးနိုင်တယ်။ ဆရာ ဈေးကွက်ကိုသာ ရှာပေးစမ်းပါ"

ကျွန်တော် ပြုံးလိုက်မိပါသည်။

ဤပြဿနာကို ဖြေရှင်းရန်မှာ ကျွန်တော် တစ်ဦးတည်းစွမ်းအားဖြင့် မဖြစ်နိုင်ပါ။

**တော်မလင်းစိမ်း**

ရယ်ရပါသည်။

လွန်ခဲ့သည့်နှစ်အတွင်း မိုးကုတ်မြဟု အမည်တပ်ပြီး ကျွန်တော့်ထံ ရောက်လာကြသော အစိမ်းရောင်ရှိသည့် ကျောက်အမျိုးမျိုးရှိ၏။

မိုးကုတ်သားများက မိုးကုတ်၌ မြမထွက်ဟုပြောသော ကျွန်တော့်စကားကို လက်မခံချင်ကြပါ။

"ကိုလှဝင်း. . ခင်ဗျား စောင့်ကြည့်နေ။ ကျုပ် တစ်နေ့နေ့ မိုးကုတ်က ထွက်တဲ့ မြတစ်ပွင့်ကို ရအောင်ရှာပြီး လာပြဦးမယ်။ ခင်ဗျားက ဘယ်လို အထောက်အထားနဲ့ ကျုပ်တို့မြို့က မြမထွက်ဘူးလို့ ပြောနေရတာလဲ။ ကွင်းဆင်းပြီး သုတေသန လုပ်ဖူးလို့လား"

ရင်းနှီးခင်မင်သည့် မိတ်ဆွေများက ဤသို့ပင် မကြာခဏ ရန်တွေ့တတ်ကြ၏။

"ဘာသုတေသနမှ မလုပ်ဖူးရပါဘူးဗျာ။ ကျွန်တော်က အင်္ဂလိပ်ခေတ်က သုတေသနပြုလုပ်ထားတဲ့ မှတ်တမ်းတွေထဲမှာ မိုးကုတ်က မြထွက်တယ်လို့ မပါဘူးလို့သာ ပြောတာပါ။ တစ်နေ့ တွေ့ချင်လည်း တွေ့မှာပေါ့ဗျာ"

မိုးကုတ်သား မိတ်ဆွေများယူလာပြသည့် မြဟူသော ကျောက်များမှာ

http://www.cherrythitsar.org
www.foreverspace.com.mm



ကျွန်တော်စစ်ဆေးကြည့်သည်နှင့် နီလာစိမ်း၊ အညှံ့စိမ်း၊ တော်မလင်းစိမ်း၊ ဒိုက်-အောက်ဆိုက်ကျောက် (diopside)၊ ထပ်ခွာကျောက် (Enstatite)၊ ဂေါမိတ်စိမ်း၊ ဖူရူအိုရိုက် (Fluorite) စိမ်းများသာ ဖြစ်၏။

မြတစ်ပွင့်မှမပါ။

မြဟူ၍ သူတို့ အများဆုံးယူဆပြီး ယူလာတတ်သည့် ကျောက်မှာ ဒိုက်အောက်ဆိုက်ကျောက် ဖြစ်နေ၏။ အပြစ်လည်း မဆိုသာပါ။

အချို့ မိုးကုတ်ထွက် ဒိုက်အောက်ဆိုက်များမှာ မြကဲ့သို့ပင် လှ၏။ သို့သော် မြကိုမြင်နေကြဖြစ်သည့် ရတနာကုန်သည်တစ်ဦးအတွက်မူ မြ မဟုတ်သည်ကို မြင်သည်နှင့် သိ၏။ မြရည်ဝင်သော အစိမ်းရောင်ဟူသည်မှာ သဘာဝ ကျောက်မျက်များတွင် အလွန်တွေ့ရခဲသော အရည်ဖြစ်၏။

သို့သော် ၁၉၉၃ ခုနှစ်အတွင်း လွိုင်ကော်မြို့နှင့် တောင်ကြီးမြို့တို့မှ စာဖတ်သူများ ကျွန်တော့်ထံယူလာသည့် အစိမ်းရောင် ကျောက်တစ်မျိုးမှာမူ ကျွန်တော်ကိုယ်တိုင်ပင် တကယ်ပင် မြများဖြစ်နေပြီလားဟု အထင်မှားစရာ အလွန်လှသည့် အစိမ်းရောင်ကျောက်များ ဖြစ်နေ၏။

ပထမဆုံးယူလာသူမှာ ကိုစိုး ဖြစ်၏။

ကိုစိုးမှာ ပြည်သူ့ရဲတပ်ဖွဲ့မှ အငြိမ်းစား အရာရှိတစ်ဦးဖြစ်ပြီး မန္တလေး တွင် အခြေချနေထိုင်သူဖြစ်၏။

"ကိုလှဝင်း . . ဒါ မြတွေ မဟုတ်လား"

ကျောက်အရိုင်းတုံးလေးများ ဖြစ်၏။

"ကိုစိုး ဘယ်ကရလာတဲ့ ကျောက်တွေလဲ"

"လွိုင်ကော်က . . . "

"လွိုင်ကော်က ထွက်တာဆိုကတည်းက မြတော့ မဖြစ်နိုင်တော့ဘူး"

"ခင်ဗျားကလည်း အသေအချာ စစ်ပေးစမ်းပါဦး။ ကျွန်တော်တို့ မန္တလေးဈေးကွက်မှာတောင် မြဆိုပြီး ရောင်းသူက ရောင်းနေကြပြီ"

"ကျောက်အရိုင်းကို ကျောက်အမျိုးအစား တိတိကျကျ ခွဲပေးဖို့ဆိုတာ ကတော့ သိပ်မလွယ်ဘူး ကိုစိုး။ အနည်းဆုံး မျက်နှာပြင်တစ်ခု ချောထားပေးမှ ကျွန်တော် စစ်ပေးလို့ရမယ်။ ကိုစိုးမှာ သွေးပြီးသား အယဉ်တစ်ပွင့်လောက် မပါလာဘူးလား"

"ပါတယ်"

www.foreverspace.com.mm



သူ့ပိုက်ဆံအိတ်အတွင်း၌ အသေအချာ သိမ်းဆည်းထားသော ကျောက်လေးတစ်ပွင့်ကို ထုတ်ပေး၏။

ကျွန်တော်က ထိုကျောက်လေးကို အလင်းယိုင်ကိန်းတိုင်းကိရိယာပေါ် တင်ပြီး အလင်းယိုင်ကိန်းကို တိုင်းကြည့်လိုက်၏။

၁ ဒသမ ၆၂ နှင့် ၁ ဒသမ ၆၄ အကြားတွင် ရှိနေသည်ကို တွေ့ရ၏။

"တော်မလင်းကျောက်. . "

"ဘာလဲ. . တော်မလင်းဆိုတာ"

"မိုးကုတ်သားတွေကတော့ ဖရဲအူကျောက်လို့ ခေါ်ကြတာပဲ"

"ဖရဲအူကျောက်က ဒီလိုပဲ အစိမ်းရောင်ရှိလား။ မြနဲ့ တူလား"

"အစိမ်းရောင် ဖရဲအူကျောက်တွေကတော့ ကျွန်တော် အများကြီး မြင်ဖူးတယ်။ မိုးကုတ်မြို့ ကျပ်ပြင်က ဦးဝင်းရွှေ ကျွန်တော့်ဆီလာပို့ထားတဲ့ ၅၂ ကရက် ရှိတဲ့ ဖရဲအူစိမ်းကြီးတောင် ကျွန်တော့်မှာ ရှိနေသေးတယ်။ ဒါပေမဲ့ အဲဒီအစိမ်းက ဒီလိုအစိမ်းတော့မဟုတ်ဘူး။ အစိမ်းနဲ့ အညိုစပ်နေတဲ့အစိမ်း။ နှစ်ရောင် ကွက်ကြားအစိမ်း။ ကိုစိုး ကျောက်ရဲ့ အစိမ်းကတော့ သိပ်လှတာပဲ"

"ဒါဖြင့် ဒါက ဖရဲအူကျောက်ကနေ မြဘဝပြောင်းသွားတဲ့ ကျောက်ရော မဖြစ်နိုင်ဘူးလား"

ကိုစိုးက သူလိုချင်ရာ ဆွဲပြောလိုက်၏။

"ဟဲ. . ဟဲ. . အဲတာတော့ မဖြစ်နိုင်ဘူး။ မြရဲ့ အလင်းယိုင်ကိန်းက ၁ ဒသမ ၅၇ ကနေ ၁ ဒသမ ၆၀ကြားမှာပဲ ရှိတယ်။ ကိုစိုးကျောက်က ၁ ဒသမ ၆၂ ကျော်နေတာပဲ။ နောက်. . ကျောက်မျက်မှာ ဖားဘဝက လိပ်ဘဝကို ပြောင်းသွားတဲ့ သဘာဝမျိုးလည်း မရှိနိုင်ဘူး။ မဖြစ်နိုင်ဘူး"

"ဒါဖြင့်ရင် ဒီကျောက်တွေကို ကျွန်တော် ဘယ်လိုလုပ်ရမလဲ။ ကျွန်တော်က ဒီကျောက်တွေကို မြ သိပ်ဖြစ်စေချင်နေတာ"

"ရပါတယ်။ ဒီလိုလုပ်။ ကိုစိုး ဒီကျောက်အရိုင်းလေးတွေကို မြကွက် သွားသွေးခိုင်းလိုက်။ နောက် ရတနာဈေးကွက်မှာ မြဆိုပြီး လိမ်ရောင်းစား။ အဲ. . ပြဿနာတက်လာရင်တော့ ကျွန်တော် မပါဘူးနော်"

ကိုစိုးက ဟက်ဟက်ပက်ပက် အသံထွက်၍ ရယ်လိုက်၏။

"ကောင်းတယ်။ ကျွန်တော်လည်း ခင်ဗျားပြောသလိုပဲ လုပ်ရင် ကောင်း မလားလို့ စိတ်ကူးကြည့်နေတာ။ မတတ်နိုင်ဘူးဗျာ။ ဒါ ကျွန်တော့်ပိုင်ပစ္စည်း

http://www.cherrythitsar.org

www.foreverspace.com.mm



လည်း မဟုတ်ပါဘူး။ ပိုင်ရှင်ကို သွားပြန်ပေးလိုက်တော့မယ်"

ကိုစိုး ပြန်သွားပြီးနောက် မကြာခဏပင် ကျွန်တော့်ရုံးခန်းသို့ နယ်မှ ဧည့်သည်များ တော်မလင်းစိမ်းများ ယူ၍ ရောက်လာတတ်၏။

"ဆရာ. . ဒီကျောက်ကို ကျွန်တော်တို့ဘက်မှာတော့ လွှိုင်ကော်မြလို့ ခေါ်တယ်"

"ဆရာ. ကျွန်တော်တို့ဘက်မှာတော့ ဆော်လဘောမြလို့ ခေါ်တယ်"

ဒေသအလိုက် အမည်အမျိုးမျိုးလည်း ပေးထားကြ၏။ တကယ်တော့ လွှိုင်ကော်နှင့် တောင်ကြီးဘက်မှ ထွက်သည်ဆိုသည့် တော်မလင်းစိမ်းများမှာ မိုးကုတ်မှထွက်သည့် ရိုးရိုး တော်မလင်းစိမ်း (Green tourmaline) မဟုတ်ပါ။ ကျောက်မျက်လောကမှ ခရုန်းတော်မလင်း (Chrome Tourmaline) များ ဖြစ်၏။

ဤကျောက်သည် တော်မလင်းကျောက်အမျိုးအစားဖြစ်၏။ အစိမ်း-ရောင်ဖြစ်ပေါ်ရခြင်းမှာလည်း ခရိုမီယမ်ဒြပ်စင်၏ သတ္တိကြောင့် ဖြစ်လေ့ရှိ၏။ ရှား၏။ ဈေးကွက်၌ တန်ဖိုးရှိ၏။

ထိုင်းဈေးကွက်သို့လည်း ဤမြန်မာနိုင်ငံမှ (ခရုန်းတော်မလင်း) များ ဘယ်သို့ လျှင်မြန်စွာ ရောက်ရှိသွားကြသည်ကို ကျွန်တော် မတွေးတတ်ပါ။ ၁၉၉၄-ခုနှစ် စက်တင်ဘာလထုတ် Jewelsiam မဂ္ဂဇင်းတွင် (ဘန်ကောက်) မြို့တွင်ရှိသော အေအိုင်ဂျီအက်(စ်)ကျောက်မျက်ကျောင်းမှ ထုတ်ပြန်သည့် မြန်မာ့ ခရုန်းတော်မလင်းနှင့် ပတ်သက်သည့် သုတေသနစာတန်းတစ်ခု ဖတ်ရ၏။

စိတ်ဝင်စားဖွယ် သိပ္ပံအချက်အလက် အများအပြားကိုပင် တွေ့ရှိရ၏။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဤတွင်းထွက်ကျောက်မျက်သစ်ကို ကမ္ဘာ့ ရတနာဈေးကွက်၌ နိုင်ငံအတွက် အကျိုးရှိအောင် ကျွန်တော်တို့ အဘယ်သို့ ပြုသင့်ပါသနည်း။

**မီလိုပုလဲ**

မီလို (Melo)ပုလဲမှာ လိမ္မော်ရောင်ရှိသော ပုလဲဖြစ်၏။ ပုလဲလောက၌ အလွန့်အလွန်ရှားသော ရှားပါးပုလဲမျိုး ဖြစ်၏။

ဤပုလဲမျိုး မြန်မာ့ပင်လယ်ပြင်မှ ထွက်ရှိခဲ့ဖူးကြောင်းကိုလည်း (ဘန်-ကောက်)မြို့ ကျောက်မျက်သိပ္ပံကျောင်းမှ ထုတ်ပြန်သည့်စာတမ်းကို ဖတ်ခွင့်ရ

http://www.cherrythitsar.org

www.foreverspace.com.mm



သည့်အခါမှပင် ကျွန်တော် သိခွင့်ရ၏။

ပုလဲမှာ ရိုးရိုးကမာကောင်မှ ရရှိသော ပုလဲမဟုတ်။ အခွံရွှေရောင်ရှိသော ကနုကမာတစ်မျိုး၏ ခန္ဓာတွင်း၌ သန္ဓေတည်ပြီး ပေါ်လာသော ပုလဲဖြစ်၏။

ယင်း ကနုကမာမှာ မီတာ (၇၀)အနက် ရွှံ့နွံထူထပ်သော ပင်လယ်ပြင် ရေအောက်၌ နေလေ့ရှိ၏။ အရွယ်မှာ ၁၅၀ မီလီမီတာမှ ၂၇၅မီလီမီတာအတွင်း ရှိ၏။ ၃၆၂ မီလီမီတာအထိရှိသော အကောင်ကြီးများကိုလည်း ဖမ်းမိခဲ့ဖူး၏။

ဤ ကနုကမာကောင်မျိုးမှ ပထမဆုံး (မီလို)ပုလဲကို ၁၉၆၀ ခုနှစ်၌ ရရှိခဲ့၏။ ၂၀၀မီလီမီတာမျှ အရွယ်ရှိသော ပုလဲကြီးဖြစ်ပြီး မြိတ်ကျွန်းစု ပင်လယ်ကမ်းခြေ ရွှံ့နွံများအတွင်းမှ တွေ့ရှိခဲ့ကြခြင်းဖြစ်၏။ ဒုတိယ မီလိုပုလဲတစ်လုံးကို မလေးရှားနိုင်ငံ ကမ်းခြေမှ ရရှိခဲ့၏။

နောက်ဆုံးရရှိခဲ့သည့် မီလိုပုလဲမှာ မြန်မာပိုင် ကော့သောင်းမြို့နှင့် ကပ်လျက်ရှိသော (ထိုင်း)ပိုင် (ရနောင်း)မြို့မှ တံငါသည်တစ်ဦး ရရှိခဲ့သည့် မီလိုပုလဲဖြစ်၏။ မြန်မာ့ပင်လယ်ကမ်းခြေမှ ရရှိသွားခြင်းလည်း ဖြစ်နိုင်၏။

အလေးချိန် ၇၂ ဒသမ ၈၆ ကရက်ရှိပြီး အလျားအနံ ၂၁ ဒသမ ၅၁ မီလီမီတာနှင့် ၂၁ ဒသမ ၃၃ မီလီမီတာရှိ၏။ မီလိုပုလဲမှာ ပုလဲလောက၌ မရှိသလောက်ရှားသော ပုလဲဖြစ်၏။ ပုလဲသား၏ လိမ္မော်ရောင်မျက်နှာပြင်၌ မီးညွန့်များသဏ္ဌာန် အရိပ်များ ပေါ်နေသည်ဟုလည်း ဆို၏။

မြိတ်ကျွန်းစုမှာ သဘာဝအနေအထားအရ မွေးပုလဲစခန်းများ တည်ထောင်ရန် အလွန်သင့်တော်သော ဒေသဖြစ်၏။ အဖိုးတန် တွင်းထွက်ပစ္စည်းအမျိုးမျိုးလည်း ထွက်ရှိနိုင်၏။ ထိုင်းမှ ကျောက်မျက်သိပ္ပံပညာရှင်များ၏ အဆိုအရ ထိုဒေသရှိ ခဲတွင်းများမှ ခဲများနှင့်အတူ စိန်များကိုပင် တွဲ၍ တွေ့နိုင်သေးသည်ဟု ဆို၏။

အမှတ် ၅၅၊ ၁၉၉၅၊ ဇန်နဝါရီလ။

❋ ❋ ❋

www.foreverspace.com.mm

## ၃။ ဓာတ်ခွဲခန်းမှ ပြဿနာများ

မကြာသေးပါ။

လွန်ခဲ့သည့် တစ်လခန့်က ဖြစ်၏။

နေ့လည် ၂ နာရီခန့်တွင် မြန်မာအမျိုးသမီးတစ်ဦးနှင့် ကုလားကျောက်ကုန်သည်တစ်ဦး ကျွန်တော့်ရုံးခန်းသို့ ရောက်လာ၏။

"ကျွန်တော်တို့ ကျောက်စစ်ချင်လို့ပါ"

"ဘာကျောက်လဲ"

"ကျောက်စိမ်း. . "

"ကျောက်စိမ်းဆိုရင် ကျွန်တော်မစစ်ဘူး။ စစ်နိုင်တဲ့ ကိရိယာပစ္စည်းလဲ ကျွန်တော့်မှာမရှိဘူး။ ကျောက်စိမ်း ဟုတ်မဟုတ်လောက်ဘဲ ကျွန်တော်တို့ စစ်နိုင်တဲ့ ပစ္စည်းတွေရှိတယ်။ နောက်ဆုံးပေါ် ဆိုးကျောက် B.type ကျောက်စိမ်းမျိုးကို ကျွန်တော် မခွဲနိုင်သေးဘူး"

"ကျွန်မတို့လည်း ကျောက်စိမ်း စစ် မစစ်လောက်ပဲ သိချင်ပါတယ်"

"ဒါကတော့ ဘာမှမခက်ဘူး။ လုပ်ပေးနိုင်ပါတယ်။ ခင်ဗျားတို့ဝယ်တဲ့ ဘက်ကလား။ ရောင်းတဲ့ဘက်ကလား"

www.foreverspace.com.mm



"ကျွန်မက ဝယ်မယ့်လူ။ သူက ရောင်းမယ့်လူ"

"ပစ္စည်းက ဘယ်မှာလဲ"

"ဒီမှာ. . "

ကုလားကျောက်ကုန်သည်က သူ့အင်္ကျီအိတ်အတွင်းမှ ကျောက်စိမ်းလက်စွပ်တစ်ကွင်းနှင့် နားကပ်တစ်ရံကို ထုတ်ပေး၏။

အထည်များမှာ ငွေနှင့် လုပ်ထား၏။

ရွှေနှင့် လုပ်ထားခြင်း မဟုတ်။

နောက်. . ကျောက်များမှာလည်း အောက်ကျောက်များဖြစ်၏။ တန်ဖိုးမရှိ။ အောက်ကျောက်၊ တန်ဖိုးမရှိသော ကျောက်ကို ဘယ်သူမှ အတုမလုပ်ပါ။

အထည်များမှ ကျောက်စိမ်းများကို ကျွန်တော် မြင်လိုက်သည်နှင့် တွင်းထွက်ကျောက်စိမ်းအစစ်မှန်းသိ၏။ သို့သော် စစ်သူများ ကျေနပ်အောင် ကျောက်စစ်မှန်ဘီလူးအောက်တွင် ကျောက်သားများကို စနစ်တကျ စစ်ဆေးလိုက်၏။

ကျောက်စိမ်း၏ ကျောက်သားတွင် အဓိကလက္ခဏာဖြစ်သော ချိုင့် (Dimple) လေးများကို အထင်အရှားပင် မြင်နေရ၏။ ယမ်းကြမ်းသော အောက်ကျောက်ဖြစ်သဖြင့် မထင်မရှား ယမ်းလေးများကို မြင်နေရသေး၏။

"ကျွန်တော်တို့ ထုံးစံကတော့ အထည်မှာ ကပ်ထားတဲ့ ကျောက်ဆိုရင် ဖြုတ်ပြီးမှ စစ်တယ်။ ပိုသေချာအောင်လို့ပါ။ ခင်ဗျားတို့ ကျောက်ကို ဖြုတ်ကြည့်လို့ ရမလား။ မြင်နေရတဲ့ ကျောက်သားအပိုင်းကတော့ ကျောက်စိမ်းပဲ။ ငွေထဲမြုပ်နေတဲ့အပိုင်းတော့ မမြင်နိုင်တဲ့အတွက် ကျွန်တော် မပြောနိုင်ဘူး"

"ရတယ် ဆရာ။ မြင်နေရတဲ့အပိုင်းက ကျောက်စိမ်းဆိုရင်ပဲ ကျွန်မ ကျေနပ်ပါပြီ။ ဆရာက ကျောက်စိမ်းဖြစ်တယ်ဆိုတဲ့ အာမခံလက်မှတ်ပဲ ထုတ်ပေးပါတော့"

ကျောက်ဝယ်မည်ဆိုသော အမျိုးသမီးက ပြောလိုက်ခြင်းဖြစ်၏။

ကျွန်တော်က အာမခံလက်မှတ် ထုတ်ပေးလိုက်၏။

သူမက စစ်ဆေးခ ငွေတစ်ထောင် ထုတ်ပေးသွား၏။

ထို့နေ့က ကျွန်တော့်ရုံးခန်းတွင် ဧည့်သည်များနှင့် ပြည့်နေပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး သူတို့ ကျောက်များနှင့်ပတ်သက်၍ တန်ဖိုးအပေါ် ကျွန်တော့်သဘောထားကို လာဆွေးနွေးနေကြခြင်းဖြစ်၏။

http://www.cherrythitsar.org

www.foreverspace.com.mm



တစ်နာရီခန့်ပင် မကြာပါ။

ထိုင်းမတစ်ဦးနှင့် စောစောက ကျွန်တော့်ထံ ကျောက်လာစစ်သွား သော အမျိုးသမီး ပြန်ရောက်လာ၏။

"ကျွန်မက အမေရိကန်သူပါ"

အမေရိကန်တွင် သွားအခြေချနေထိုင်သော ထိုင်းအမေရိကန် ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ သူမသည် အင်္ဂလိပ်စကားကို သွက်လက်စွာ ပြောနိုင်သူ ဖြစ်၏။ ဝတ်ထားသည့် အဝတ်မှာလည်း (စကတ်)အတိုလေး ဖြစ်၏။ အလွန် အောက်တန်းကျသည့် ဝတ်ဆင်ပုံမျိုး ဖြစ်၏။

"ဒီသက်သေခံလက်မှတ်က ရှင် ထုတ်ပေးလိုက်တာလား"

"ဟုတ်တယ်"

"ကျောက်စိမ်းမဟုတ်ဘဲ ဘာကြောင့် ကျောက်စိမ်းပါလို့ ရှင် လက်မှတ် ပေးထားရတာလဲ။ ကျွန်မ စစ်ဆေးခငွေ တစ်ထောင် ပြန်ပေး"

တကယ်တော့ ကျွန်တော့်ထံ ကျောက်လာစစ်သွားသည်မှာ သူမ မဟုတ်သဖြင့် ဥပဒေအရ ကန့်ကွက်ပိုင်ခွင့်မှာ သူမတွင် မရှိပါ။ သို့သော် နိုင်ငံခြား သား ဖြစ်နေသဖြင့် သူမစကားကို ဆက်နားထောင်နေလိုက်၏။

စကားပြောဆိုပုံမှာလည်း အလွန်ရိုင်းသည့် အမျိုးသမီးဖြစ်၏။ ကျွန်တော်ထုတ်ပေးလိုက်သော စစ်ဆေးချက်မှတ်တမ်းကိုလည်း ရိုးရိုး ပြန်မပေး။ ကျွန်တော့်အလုပ်စားပွဲပေါ် သို့ ပစ်ချပြီး ပြန်ပေး၏။

ကျွန်တော်သည် ကျွန်တော့်ဒေါသကို အစွမ်းကုန် ထိန်းထား၏။ နိုင်ငံခြားသားနှင့် ပြဿနာလည်း မဖြစ်ချင်ပါ။

"ခင်ဗျား ကျောက်အကြောင်း နားလည်လား။ ကျောက်စစ်တတ်သ-လား။ စစ်တတ်ရင် ခင်ဗျားဟာခင်ဗျား ဟောဒီကျောက်စစ်မှန်ဘီလူးအောက်မှာ လာကြည့်။ ကျောက်စိမ်း မျက်နှာပြင်ပေါ်မှာ သဘာဝအမှတ်အသားတွေ အကုန် ရှိတယ်။ ဒါကြောင့် ကျုပ် ကျောက်စိမ်းလို့ ပြောတာ"

"ရှင့် မှန်ဘီလူးက အဆ ဘယ်လောက် ချဲ့နိုင်သလဲ"

"ပုံမှန်ကိုပဲ အဆငါးဆယ်ကျော် ချဲ့လို့ရတယ်။ အရံပါတဲ့ မှန်ဘီလူးကို တွဲတပ်ပေးလိုက်ရင် အဆတစ်ရာကျော်အထိ ချဲ့နိုင်တယ်"

"ဒါ ကျောက်စိမ်းမဟုတ်ဘူး"

ကျောက်စစ် မှန်ဘီလူးအနား မလာဘဲ စကားကို လွှဲပြောလိုက်သည်

http://www.cherrythitsar.org
www.foreverspace.com.mm



ကို ကြည့်သည်နှင့် ဤထိုင်းအမေရိကန်ဆိုသူမှာ ကျောက်မျက်ပညာ နားမလည်ကြောင်းကို ကျွန်တော် ချက်ချင်း တွေးယူ၍ ရ၏။

"ကျောက်စိမ်း မဟုတ်ဘူးလို့ ခင်ဗျားကို ဘယ်သူပြောလဲ"

"ဒီဈေးထဲက ကျွန်မ မေးကြည့်သမျှ လူတိုင်းက ပြောတယ်"

"ဘာကြောင့် ဒီလူတွေပြောတဲ့စကားက မှန်ပြီး ကျွန်တော်က မှားတယ်လို့ ခင်ဗျား ပြောနိုင်လဲ"

"ဒီကျောက်စိမ်း နားကပ်နဲ့ လက်စွပ်ကို ကျွန်မ ဘယ်လောက်နဲ့ ဝယ်ရသလဲ ရှင် သိလား။ ဒေါ်လာလေးရာနဲ့။ အခု ကျွန်မ တခြားလူတွေကို မေးကြည့်တော့ ဒေါ်လာ နှစ်ဆယ်တောင် မတန်ဘူးတဲ့။ ဒီလို အဖိုးမတန်တဲ့ကျောက်ကို ရှင်က ဘာဖြစ်လို့ ကျောက်စိမ်းလို့ သက်သေခံလက်မှတ် ထုတ်ပေးရတာလဲ။ အမေရိကန်မှာဆိုရင် ရှင့်ကျောက်စစ်ခွင့်လိုင်စင် အသိမ်းခံရတာကြာပြီ။ ရှင် နားမလည်ဘဲ သက်သေခံလက်မှတ် ထုတ်ပေးတာ ရှင် မရှက်ဘူးလား။ ကျွန်မ ခု ဒေါ်လာလေးရာ ရှင့်ကြောင့် နစ်နာသွားပြီ။ ကျောက်စိမ်းဆိုတဲ့ ကျောက်မျက်မှာ ဒေါ်လာ ၂၀ တန် ရှိနိုင်သလား။ ရှင် နားမလည်ဘူးလား"

ထိုင်းအမေရိကန်မမှာ သူပြောချင်ရာ လျှောက်ပြောနေ၏။ အသံကလည်း ဈေးတွင် ငါးတန်းမှ ငါးရောင်းသူများ ရန်ဖြစ်သည့်အခါ ပြောတတ်သည့် အသံမျိုး ဖြစ်၏။ ကျွန်တော် ဤမိန်းမနှင့် လုံးဝ ပြိုင်ရန်မဖြစ်ချင်ပါ။

"ကျောက်စိမ်းမှာ ဒေါ်လာ ၂၀ တန်တောင် ရှိတာမဟုတ်ဘူး။ လမ်းဘေးက ကျောက်ခဲလို ရောင်းစားလို့ တစ်ပြားမှမရနိုင်တဲ့ ကျောက်စိမ်းမျိုးလည်း ရှိသေးတယ်"

"ရှင် ဘာမှ အပိုတွေမပြောနဲ့။ ရှင့်စစ်ဆေးချက်ကို ကျွန်မ လက်မခံနိုင်ဘူး။ စစ်ဆေးခ ကျွန်မကို ပြန်ပေး"

ဆက်ငြင်းခုန်ရမည်ဟု ဆိုလျှင် ပြဿနာမှာ ကြီးသည်ထက်ကြီးလာတော့မည် ဖြစ်၏။ သူမသည် သိပ္ပံကို အခြေခံပြီး ကျွန်တော့်ကို လာငြင်းသည် မဟုတ်။ ဈေးကို အခြေခံပြီး လာငြင်းနေခြင်းဖြစ်၏။ သူမ မှားဝယ်သည့် ပြဿနာကို ကျွန်တော့်အမှားဖြစ်အောင် ပြုလုပ်နေခြင်းဖြစ်၏။

ကျွန်တော်သည် ကျွန်တော့် ဂုဏ်ကိုထိခိုက်ပြီး ပြောထားသော စကားများရှိနေသဖြင့် စစ်ဆေးခကို လုံးဝ ပြန်မပေးချင်ပါ။ တရားရုံးရောက်သည်အထိ ဆက်အငြင်းပွားချင်၏။ သို့သော် သူမ ကိုင်ထားသည်မှာ အပြာရောင် နိုင်ငံကူး

http://www.cherrythitsar.org

www.foreverspace.com.mm



လက်မှတ်ဖြစ်၏။ ကျွန်တော် သိသည်။ ထို နိုင်ငံကူးလက်မှတ်မျိုးမှာ ကုလသမဂ္ဂ အမှုထမ်းများကိုသာ ထုတ်ပေးသော လက်မှတ်။ သံတမန်အဆင့် အကာအကွယ် ရနိုင်သော လက်မှတ်။ တရားရုံးရောက်သည်အထိ ကျွန်တော် ပြဿနာဆက် လုပ်၍လည်း ဘာမှ သူမကို ထိခိုက်အောင် ပြုလုပ်နိုင်မည် မဟုတ်ပါ။

"နိုနို. . . သူ့ငွေ တစ်ထောင် ပြန်ထုတ်ပေးလိုက်ကွာ"

ထိုင်းအမေရိကန်မက ငွေတစ်ထောင်ကိုင်ပြီး ဆောင့်ကြီးအောင့်ကြီး နှင့် ကျွန်တော့်ဓာတ်ခွဲခန်းမှ ပြန်ဆင်းသွား၏။

ကျွန်တော် နှစ်ရက်ခန့် အိပ်မရပါ။ ဒီမိန်းမလုပ်သွားပုံကို ပြန်တွေးပြီး ဒေါသအလွန် ဖြစ်နေ၏။

ထိုအပတ်ထဲ၌ပင် အမေရိကန်ကျောက်မျက်ပညာရှင် Richard Hughes စာရေးပေးလိုက်သော ပြင်သစ် ကျောက်မျက်ပညာရှင် (Olivier Galibert) ကျွန်တော့်ထံသို့ အလည်ရောက်လာ၏။

အိုလီဗာက ကျွန်တော့်ကို ညစာတစ်နပ်ကျွေး၏။ ကျွန်တော်က သူ့ကို တစ်နပ်ပြန်ကျွေး၏။ ကျွန်တော်တို့ နှစ်ညနေ အချိန်ကြာမြင့်စွာ စကားပြောခွင့် ရခဲ့၏။

အကြောင်းသင့်သဖြင့် (အိုလီဗာ)ကို ကျွန်တော် ကြုံတွေ့ခဲ့ရသော ထိုင်းအမေရိကန်မဆိုသူ၏ အကြောင်းကို ပြန်ပြောပြလိုက်၏။

အိုလီဗာက ကျွန်တော် ပြောပြသော ဇာတ်လမ်းကို အသေအချာ နားထောင်ပြီး ကျယ်လောင်စွာ ရယ်လိုက်၏။

"ဦးလှဝင်း. . ခင်ဗျား ခုကြုံရတဲ့ပြဿနာမျိုးက မြန်မာပြည်မှာသာ ကြုံတွေ့နေရတာမျိုး မဟုတ်ဘူး။ တစ်ကမ္ဘာလုံးမှာ ကြုံတွေ့နေရတာ။ လူတွေက လောဘသိပ်ကြီးတတ်တယ်။ သိုက်တူးသလို ငွေရှာချင်ကြတယ်။ ကျောက်မျက် ထွက်တဲ့ တိုင်းပြည်တစ်ခုကို နိုင်ငံခြားသားတစ်ဦး ရောက်လာရင် ကျောက်မျက် အကြောင်း ဘာမှနားမလည်ဘဲ ကျောက်မျက်ကိုဝယ်သွားပြီး သိပ် အမြတ်ထုတ် ချင်ကြတယ်။ ကျောက်မျက်အလုပ်က အမြတ်ရဖို့ဆိုတာ လွယ်တာမှ မဟုတ်ဘဲ။ နားမလည်တဲ့ လူတွေဆိုတော့ ဒီအလုပ်ကို သိပ်လွယ်တယ်လို့ ထင်နေတယ်။ နောက် မှားဝယ်မိပြီဆိုရင် ရှက်ရမ်းလိုက်ရမ်းတတ်တယ်။ ကျွန်တော် ဟောင်-ကောင်မှာ ဓာတ်ခွဲခန်းတစ်ခု ဖွင့်တုန်းက ဒီပြဿနာမျိုး အကြိမ်ကြိမ် ကြုံဖူးတယ်။ နောက်ဆုံး စိတ်ညစ်လို့ ကျွန်တော့်စစ်ဆေးချက်ရဲ့ အောက်ဆုံးမှာ အတိအကျ

http://www.cherrythitsar.org

www.foreverspace.com.mm



စာလုံးမည်းကြီးနှင့် ရေးထားတယ်။ ကျွန်တော့် စစ်ဆေးချက်မှတ်တမ်းနှင့် ပတ်သက်ပြီး စောဒကတက်ချင်ရင် ကျွန်တော့်ဆီ တိုက်ရိုက်မလာပါနှင့်။ ကျွန်တော့် ရှေ့နေမှတစ်ဆင့် လာပါလို့။ နောက် ဒီစစ်ဆေးချက်မှတ်တမ်းနှင့် ပတ်သက်ပြီး မှားနေဦးလည်း ကျွန်တော့်မှာ တာဝန်မရှိဘူး။ တရားစွဲဆိုခွင့် မရှိလို့ ဖော်ပြထားတယ်။ ဒါဟာ ဒီနေ့ တစ်ကမ္ဘာလုံးက ဓာတ်ခွဲခန်းတွေမှာ ကျင့်သုံးနေတဲ့ ထုံးစံပဲ”

မှန်ပါသည်။

ကျောက်မျက်ဓာတ်ခွဲခန်းဟူသည်မှာ မမှားဖူးသည့် ဓာတ်ခွဲခန်းလည်း ကမ္ဘာ၌မရှိပါ။ ယနေ့ကမ္ဘာ၌ နာမည်အကြီးဆုံးဖြစ်သော အမေရိကန်အမျိုးသား ကျောက်မျက်ဓာတ်ခွဲခန်းကြီးမှလည်း လွဲမှား၍ စစ်ဆေးမှုအမျိုးမျိုး ပြုလုပ်ဖူး၏။ ကျောက်မျက်တစ်ခုကို စစ်ဆေးရသည်မှာ ထိုဓာတ်ခွဲခန်းသုံး ကိရိယာပစ္စည်းများ၏ အဆိုးအကောင်းပေါ်၌လည်း တည်၏။ စစ်ဆေးသူ၏အပေါ်၌လည်း တည်၏။ ဓာတ်ခွဲခန်းတစ်ခု၌ ကမ္ဘာ့အကောင်းဆုံး ဓာတ်ခွဲကိရိယာပစ္စည်းများကို သုံးနိုင်လျှင် ကျန်ဓာတ်ခွဲခန်းများထက် ပို၍တိကျမှန်ကန်သော စစ်ဆေးမှုများကို ပြုလုပ်နိုင်ကောင်း ပြုလုပ်နိုင်လိမ့်မည်ဖြစ်၏။ စစ်ဆေးသူ အတွေ့အကြုံများလျှင်၊ တော်လျှင်၊ စိတ်အေးအေးချမ်းချမ်း ရှိနေသော အချိန်မျိုး၌ စစ်ဆေးရလျှင် မှန်ကန်တိကျမှုမှာ ပို၍ရှိနိုင်၏။

ကျောက်မျက်ဓာတ်ခွဲခန်းတစ်ခုခု၏ စစ်ဆေးချက် မှားသွား၍လည်း ထိုဓာတ်ခွဲခန်းကို လုံးဝ အပြစ်ဖို့၍ မဖြစ်နိုင်ပါ။ စစ်ဆေးပေးစဉ် အခြေအနေက ရှိထားသော အခြေအနေအရပ်ရပ်ကို စနစ်တကျ ပြန်သုံးသပ်ရဦးမည် ဖြစ်၏။

ထို့ကြောင့်လည်း ကျွန်တော့်ဓာတ်ခွဲခန်း၌ အခြား ဓာတ်ခွဲခန်းမှ စစ်ပြီးသား ကျောက်မျက်တစ်ပွင့်ကို လာစစ်လျှင် ဘယ်တော့မှ ပြန်မစစ်ပေးပါ။ လာစစ် သူက ထုတ်မပြောသဖြင့်သာ ကျွန်တော် လုံးဝမသိ၍ စစ်ပေးမိခဲ့ဖူးသည်များ ရှိ၏။

“ခင်ဗျား မူလစစ်ပေးတဲ့ ဓာတ်ခွဲခန်းကိုပဲ ပြန်သွားဗျာ။ ခင်ဗျား ခုသံသယဖြစ်နေတာကို သူတို့ကိုပဲ ပြန်ပြောပြပြီး တစ်ကြိမ် ထပ်စစ်ပေးပါဦးလို့ ပြောပါ။ မစစ်ပေးတဲ့ဓာတ်ခွဲခန်း မရှိပါဘူး။ ဘယ်ဓာတ်ခွဲခန်းမှ နာမည်အပျက်မခံဘူး။ ဝမ်းမြောက်ဝမ်းသာ ပြန်စစ်ပေးကြမှာပါ”

မှန်ပါသည်။

http://www.cherrythitsar.org
www.foreverspace.com.mm


ကျောက်မျက်ဓာတ်ခွဲခန်းများသည် တစ်ဦးနှင့်တစ်ဦး မပြိုင်သင့်ပါ။ ညီညွတ်စွာ တစ်ဦးနှင့်တစ်ဦး ပူးပေါင်း၍ နားလည်မှုရှိစွာဖြင့် လုပ်ကိုင်သင့်လှ၏။

ပညာဟူသည်မှာ သင်၍ မကုန်နိုင်ပါ။ ပြီးပြည့်စုံအောင် တတ်ပြီဆိုသော ဘဝကို လူတစ်ယောက်သည် မည်သည့်အခါမှ ရောက်လိမ့်မည် မဟုတ်ပါ။

ကျောက်မျက် ဓာတ်ခွဲခန်း၌ ရန်အတွေ့ခံရပြီး စစ်ဆေးခကိုပင် ပြန်ပေးလိုက်ရသော အတွေ့အကြုံ ကျွန်တော့်၌ ရှိသလို ရသင့်သည့်စစ်ဆေးခထက် မြောက်မြားစွာရသော အတွေ့အကြုံများလည်း ကျွန်တော့်မှာ ရှိဖူး၏။

ပထမ အတွေ့အကြုံမှာ မိုးကုတ်မြို့မှ ကျွန်တော့်မိတ်ဆွေကြီး ကိုစိုင်း-အင်ပေါင်းထံမှ ဖြစ်၏။

၁၉၉၃ ခုနှစ် နိုဝင်ဘာလက ကျွန်တော် မိုးကုတ်သို့ ခေတ္တပြန်သွား၏။

တစ်နေ့ ကိုစိုင်းအင်ပေါင်းက ကျွန်တော့်ထံ ရောက်လာ၏။

"ကိုလှဝင်း . . ဒီကျောက်လေးကို စစ်ပေးစမ်းဗျာ။ ကျွန်တော်ကိုယ်တိုင် အရိုင်းဝယ်ပြီး သွေးထားတဲ့ကျောက်။ ချင်းကုန်သည်တွေ ဝယ်သွားပြီး ကုလားကုန်သည်ကို ပြန်ရောင်းတော့ အတုဖြစ်နေတယ်တဲ့။ ကုလား ဓာတ်ခွဲခန်းက စစ်ဆေးချက်မှတ်တမ်းပါ သူတို့ယူပြီး လာပြန်ပေးတော့ ကျွန်တော် ငွေလည်း ပြန်လျှော်ထားရပြီးပြီ။ ဒါပေမဲ့ စိတ်ထဲက မကျေနပ်ဘူးဗျာ။ အသေအချာ ထပ်စစ်ပေးစမ်းပါ"

ကျောက်မှာ နီလာပန်း (Pink Sapphire) ဖြစ်၏။ အလွန် သန့်ရှင်းသော ကျောက်ဖြစ်၏။ ကျောက်သားအတွင်း၌ မည်သည့် သဘာဝသဏ္ဌာန်မှ မမြင်တွေ့ရ။ မိုးကုတ်အခေါ် လုံးဝ ဂေါ်စင်၊ အပြစ်စင် ကျောက်မျိုးဖြစ်၏။

"ကိုစိုင်းအင်ပေါင်း . . ကျောက်စစ်ဆရာတွေ ခေါင်းခြောက်ရတာ ဒီကျောက်မျိုးပဲ။ ဒီကျောက်ကို စစ်ဖို့ ခင်ဗျား ကျွန်တော့်ကို အချိန်ပေးရမယ်"

"ဘယ်လောက်လဲ"

"နှစ်ရက်"

"ရပါတယ်။ အေးအေးဆေးဆေးသာ ယူထားပြီး စစ်ပေးဗျာ"

ကိုစိုင်းအင်ပေါင်း ပြန်သွားပြီးနောက် ကျွန်တော် ထိုကျောက်ကို ကျွန်တော့်သား အပါကို ပေးလိုက်၏။

"သား . . မင်းပဲ အရင်စစ်ကြည့်စမ်းကွာ။ ပထမဆုံး (ယူဗီ)ထဲမှာ ထောက်ကြည့်လိုက်"

http://www.cherrythitsar.org
www.foreverspace.com.mm



အပါက ကျောက်ကို ယူသွား၏။

နောက် ငါးမိနစ်အတွင်း ပြန်လာ၏။

"ဖေဖေ. . . (ယူဗီ)ထဲမှာတော့ inert နော်"

Inert ဟူသည်မှာ ခရမ်းလွန်ရောင်ခြည်အောက်၌ အရောင်မတောက်လာသည်ကို ဆိုလိုခြင်း ဖြစ်၏။

"မိုးကုတ်ကျောက်က (ယူဗီ)အောက်မှာ inert ဆိုရင် အစစ် ဖြစ်တာများတယ်။ သေချာတဲ့ သဘာဝအမှတ်အသားတစ်ခုခုတွေ့တဲ့အထိ မင်းပဲ ဆက်ရှာကြည့်ဦးကွာ"

အပါက နှစ်ရက်လုံးလုံး ကြိုးစားပြီး ထိုကျောက်ကို စစ်ဆေး၏။

ပထမနေ့၌ POLARISCOPE အောက်၌ အမွှာကျောက်လိုင်း (twinning Line) ကို ရှာတွေ့၏။ နောက်တစ်နေ့၌မူ အလွန်သေးသော အပ်ချောင်းပုံ ဂေါ်စင်းလေး သုံးခုကို ရှာတွေ့၏။

ကိုစိုင်းအင်ပေါင်း ကျောက်မှာ ကျောက်စစ်ဖြစ်သွားလေပြီ။

"ကိုစိုင်း. . ခင်ဗျားကျောက်က ကျောက်စစ်ပါ"

"သေချာလား"

"ရာခိုင်နှုန်းပြည့် သေချာတယ်။ ဒါပေမဲ့ ကျုပ်တို့ စစ်ဆေးပေးရတာလည်း သေချာအောင် တော်တော်ကြိုးစားစစ်ရတယ်။ ခင်ဗျား ကျောက်စစ်ခတော့ ကောင်းကောင်းပေး"

"ပေးပါ့မယ်ဗျာ။ သိပ်ပေးပေါ့။ ကျုပ်အတွက်က ရေထဲမြုပ်သွားတဲ့ ကျောက်ခဲ ပြန်ပေါ်ခဲ့တာပဲ။ ဒီလိုလုပ်။ ခင်ဗျားကို ကျွန်တော် အမှန်အတိုင်းပြောမယ်။ ဒီကျောက် ကျွန်တော့်ဝယ်ရင်း သုံးသောင်းငါးထောင် ရှိတယ်။ ခင်ဗျားတို့ပဲ ရန်ကုန်ပြန်ယူသွားပြီး ရန်ကုန်မှာရောင်း။ ရောင်းပြီးရင် ကျွန်တော် ဝယ်ထားတဲ့ ငွေရင်းနှုတ်ပြီး အမြတ်ကို တစ်ဝက်ယူလိုက်။ ကျန်တစ်ဝက်ပဲ ကျွန်တော့်ကိုပေး"

ထိုကျောက်ကို ကျွန်တော် ရန်ကုန်ယူလာ၏။ သန့်ရှင်းသော ကျောက်ဖြစ်၍ ရန်ကုန်ဈေးကွက်၌ သိပ်ကြာကြာပင် ကြိုးစား မရောင်းရလိုက်ပါ။ ဂျပန်ကုန်သည်တစ်ဦး ကျွန်တော့်ထံမှ ဝယ်သွား၏။ နိုင်ငံတော်ကို အမြတ်ခွန်ဆောင်ပြီး ကျပ်ငွေ ရှစ်သောင်းကျော်ရ၏။

ကျောက်လေးတစ်ပွင့်အတွက် ကျောက်စစ်ခ နှစ်သောင်းကျော်

http://www.cherrythitsar.org
www.foreverspace.com.mm


ရလိုက်ပါသည်။

ရယ်ရပါသည်။

ကျောက်မျက်ဓာတ်ခွဲခန်း ဖွင့်ရသည်မှာ တစ်ခါတစ်ရံ ပြည်ပမှ ဖြစ်လာသော ပြဿနာကိုလည်း မိမိက ကြားမှ ရှေ့နေလိုက်ပေးရသည့်ဒုက္ခများလည်း ရှိတတ်သေး၏။

မှတ်မိသေးသည်။ လွန်ခဲ့သည့် သုံးလခန့်ကဖြစ်၏။ အမေရိကန်လူမျိုး တစ်ဦး ကျွန်တော့်ရုံးခန်းသို့ ရောက်လာ၏။

အသက် ၂၅ နှစ်မျှသာ ရှိဦးမည်။

"ကျွန်တော့်နာမည် (ဂျွန်မက်သူ) ပါ။ ကျောက်သုံးပွင့်ကို ပထမဆုံး အတု အစစ် ခွဲချင်လို့"

"ရပါတယ် ခင်ဗျား။ ဘယ်မှာလဲ ကျောက်"

နီလာသုံးပွင့် ဖြစ်၏။

သုံးပွင့်လုံး၏ သွေးဟန်ကို ကြည့်လိုက်သည်နှင့် မြန်မာနိုင်ငံမှ ကျောက်များ မဟုတ်သည်ကို ကျွန်တော် သိ၏။

သွေးကွက်များမှာ အလွန်လှပါသည်။ သို့သော် ကျောက်ငယ်လေးများ ဖြစ်၏။ တစ်ကရက်နှင့် တစ်ကရက်အောက်မျှ အချိန်ရှိသော ကျောက်သေးများ ဖြစ်၏။

ကျွန်တော် ကျောက်စစ်မှန်ဘီလူးအောက်၌ ကျောက်သုံးပွင့်လုံးကို အသေအချာ စစ်ဆေးကြည့်လိုက်၏။

သဘာဝတွင်းထွက်အစစ်များ ဖြစ်၏။

ပို၍ အံ့စရာမြင်ရသည်မှာ ကျောက်သုံးပွင့်လုံးမှာ မိုးကုတ်မှထွက်သော နီလာများ ဖြစ်နေ၏။ မိုးကုတ် နီလာများတွင် မြင်တွေ့ရလေ့ရှိသော ဂေါ်ပါး လေးများကို အထင်အရှား မြင်နေရ၏။

"သုံးပွင့်လုံးက ကျောက်စစ်တွေပါ"

ကျွန်တော်က နီလာသုံးပွင့်ကို ဧည့်သည် အမေရိကန်ကို ပြန်ပေးရင်း ထုတ်ပြောလိုက်၏။

"အင်း. . ဒါဆိုရင်တော့ တစ်ခုတော့ စိတ်အေးသွားရပြီ။ ဈေးပဲ ကျန်တော့တယ်။ ခင်ဗျား တန်ဖိုးဖြတ်တဲ့အလုပ်ရော လုပ်သလား"

"လုပ်ပါတယ်"

http://www.cherrythitsar.org

www.foreverspace.com.mm



"ဒီသုံးပွင့်လုံးကို တစ်ပွင့်ချင်း တန်ဖိုးဖြတ်ပေးစမ်းပါ"

ကျောက်သုံးပွင့်လုံးမှာ အရည်အနည်းငယ် ချိုနေပါသည်။ မိုးကုတ်၌ ဗိုလ်ကြိုက်အဆင့်ဟု ခေါ်သော နီလာများဖြစ်၏။

ကျွန်တော် ကျောက်သုံးပွင့်လုံးကို တစ်ပွင့်ချင်း ပြန်ချိန်လိုက်၏။

တစ်ကရက်ပြည့်သည့် အပွင့်တစ်ပွင့်သာ ပါ၏။

ကျန်နှစ်ပွင့်မှာ တစ်ကရက် မပြည့်။ အေးနေပါသည်။ ၁၀ပွိုင့်နှင့် ၁၅ပွိုင့် လျော့နေ၏။

ကျောက်သုံးပွင့်လုံးမှာ မစင်ပါ။ တစ်ချက်ငြိ။ နှစ်ချက်ငြိ ကျောက်များ ဖြစ်နေ၏။

တစ်ကရက်အပွင့်ကို ဒေါ်လာတစ်ရာ ကျွန်တော် တန်ဖိုးဖြတ်ပြီး ကျန် နှစ်ပွင့်ကို တစ်ပွင့် ဒေါ်လာ ရှစ်ဆယ်ဆီ တန်ဖိုးဖြတ်လိုက်၏။

အမေရိကန်လူငယ်မှာ ကျွန်တော်ဖြတ်ပေးသော တန်ဖိုးများကို ကြည့် ပြီး မျက်နှာ အလွန်ပျက်သွား၏။

"ခင်ဗျား အခုဖြတ်ပေးတဲ့ တန်ဖိုးဟာ သေချာတဲ့ တန်ဖိုးလား"

"သေချာတယ်လို့တော့ ဘယ်လိုမှပြောလို့ မဖြစ်နိုင်ဘူး။ ကျောက်မျက် ရဲ့အလှကို မြင်တဲ့ဆီမှာ မြင်ပုံချင်း မတူတာ အများကြီးရှိနိုင်တယ်။ ကျွန်တော် ခုဖြတ်တဲ့ တန်ဖိုးက ရတနာကုန်သည်ဖြတ်တဲ့ တန်ဖိုး။ ဝတ်ချင်တဲ့လူ၊ ဝယ်ချင် တဲ့လူဖြတ်တဲ့ တန်ဖိုး မဟုတ်ဘူး"

"ခင်ဗျားဆီမှာ ဒီနီလာမျိုး ထပ်ဝယ်ချင်တယ်ဆိုရင် ရောင်းပေးစရာ နီလာတွေ ရှိလား။ ဒီတန်ဖိုးမျိုးနဲ့ ရောင်းနိုင်မလား"

"ရှိပါတယ်။ အများကြီး ရှိပါတယ်။ ခုတန်ဖိုးနှင့်တော့ နည်းနည်းလျော့ ပြီး ကျွန်တော် ရောင်းပေးနိုင်သေးတယ်"

ကျွန်တော်သည် ကျွန်တော့်စားပွဲတွင်းမှ တစ်ကိုက်အရွယ် နီလာထုပ် ကြီးကိုထုတ်ပြီး အမေရိကန် ဧည့်သည်၏ရှေ့၌ ခင်းပြလိုက်၏။

"ကျွန်တော့်နီလာတွေရဲ့ အရည်က ခင်ဗျားနီလာတွေရဲ့ အရည်ထက် တစ်ရည်သာတယ်။ အရွယ်အားဖြင့်လည်း တစ်အောက် တစ်ပွင့်မှမပါဘူး။ တစ်- ကရက် ပြည့်တဲ့ အပွင့်တွေချည်းပဲ။ ကျွန်တော် တစ်ကရက် ဒေါ်လာ ခုနစ်ဆယ် ဈေးနဲ့ ရောင်းပေးမယ်"

အမေရိကန်ဧည့်သည်က သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်၏။

www.foreverspace.com.mm



"ကျွန်တော် ဒီနီလာသုံးပွင့်ကို ပြန်ရောင်းချင်တယ်"

"ဘာ. . ခင်ဗျား ပြန်ရောင်းချင်တယ်"

"ဟုတ်ကဲ့။ ပြန်ရောင်းချင်တယ်။ ဒါပေမဲ့ ခင်ဗျားဖြတ်တဲ့ဈေးနဲ့တော့ ပြန်မရောင်းနိုင်ဘူး။ ကျွန်တော့် ဝယ်ဈေးက သိပ်မြင့်နေတယ်"

"ခင်ဗျား ဒီနီလာတွေကို ဘယ်ဆိုင်က ဝယ်လာတာလဲ"

"မြန်မာနိုင်ငံက ဝယ်တာ မဟုတ်ဘူး။ ထိုင်းနိုင်ငံက. . . "

"ဘာ. . . ထိုင်းနိုင်ငံက"

"ဟုတ်တယ်"

"ထိုင်းဈေးနဲ့ ဒီမှာ နီလာရောင်းလို့ ကျွန်တော်တို့ ဘယ်မှာ ဝယ်နိုင်မလဲ။ ကျွန်တော်တို့ နိုင်ငံက အလှဆုံးနီလာတွေ ထွက်နေတဲ့နိုင်ငံပဲ"

"ဟုတ်တယ်။ အားလုံးကတော့ ကျွန်တော်ရဲ့ မိုက်မဲမှုတွေပါ။ ဪ. . ဒီမှာ 'ရှာကီ' ဆိုတဲ့ ရတနာဆိုင် ရှိလား"

"ရှာကီ"

"ဟုတ်ကဲ့"

"ဒါ မြန်မာနာမည် မဟုတ်ဘူး။ ဒီရတနာဆိုင်လည်း မရှိဘူး"

အမေရိကန်ဧည့်သည်က သူ့အိတ်တွင်းမှ စာရွက်တစ်ရွက်ကို ထုတ်လိုက်၏။

"အဲဒီဆိုင်ရဲ့ လိပ်စာက ဒီမှာ. . "

ကျွန်တော် သူ့စာရွက်ပေါ်မှ လိပ်စာကို ဖတ်ကြည့်လိုက်၏။

Shaky Jewellery

25, Gera Road, Yangon

"ဂျီရာလမ်းဆိုတာလည်း ရန်ကုန်မှာ မရှိဘူး"

"ဟုတ်မှာပါ။ ကျွန်တော်တော့ အကုန် အညာမိလာပြီ"

အမေရိကန်ဧည့်သည်က ကျွန်တော့်အား ပေးရမည့် ကျောက်မျက်စစ်ဆေးခများကို ပေးပြီး ရုံးခန်းမှ ပြန်ထွက်သွား၏။

နောက် ငါးရက်ခန့်ကြာလျှင် ဤအမေရိကန် ကျွန်တော့်ရုံးခန်းသို့ ပြန်ပေါ်လာပြန်၏။

"ကျွန်တော့်ကို မှတ်မိပါတယ်နော်"

"မှတ်မိပါတယ်။ ခင်ဗျား ဟိုတလောက နီလာသုံးပွင့် လာစစ်တဲ့

http://www.cherrythitsar.org

www.foreverspace.com.mm



အမေရိကန်လူမျိုး မဟုတ်လား"

"မှန်ပါတယ်။ ကျွန်တော် ခင်ဗျားဆီက အကူအညီတစ်ခု တောင်းချင်လို့ပါ"

"ဘာအကူအညီလဲ"

"ခင်ဗျား ဒီ နီလာသုံးပွင့်ဟာ ဟိုတစ်နေ့က ဖြတ်ပေးတဲ့ဈေးအတိုင်းပဲ တန်တယ်ဆိုတာကို ထောက်ခံစာလိုဟာမျိုး တစ်ခုရေးပေးပါ။ ခင်ဗျား ဒီလို ဆောင်ရွက်ပေးရတဲ့ စရိတ်ကိုလည်း ကျွန်တော် ထပ်ပေးပါ့မယ်"

ကျွန်တော် အလွန်အံ့သြသွားသည်။

"ကျွန်တော် မသိလို့ မေးကြည့်ပါရစေဗျာ။ ခင်ဗျား ဒီနီလာသုံးပွင့်ကို ဘာကြောင့် ထိုင်းနိုင်ငံကဝယ်ပြီး မြန်မာပြည် ယူလာခဲ့တာလဲ"

"မြန်မာပြည်မှာ ပြန်ရောင်းမလို့။ မြန်မာပြည်မှာ ပြန်ရောင်းရင် အမြတ်ရမယ်။ ကျွန်တော့်ခရီးစရိတ် အကုန် ကျေမယ်ဆိုလို့"

ကျွန်တော် အသံထွက်၍ပင် ရယ်လိုက်မိ၏။

"ကျွန်တော်တို့နိုင်ငံက နီလာကောင်းတွေထွက်တဲ့ တိုင်းပြည်ပဲ။ ထိုင်းက ကျွန်တော်တို့ဆီက နီလာတွေကို ဝယ်နေရတာပဲ။ ခင်ဗျား ထိုင်းက ဝယ်လာတဲ့ ဝယ်ဈေးက ဘယ်လောက်လဲ။ ခင်ဗျားကို ဒီလို ကုန်ကူးဖို့ ဘယ်သူအကြံပေးလိုက်တာလဲ"

"ကျွန်တော် ခင်ဗျားကို ဟိုတစ်နေ့ထဲက ပြောပြမလို့ဘဲ။ ရှက်လို့ မပြောပြခဲ့တာ။ ကျွန်တော် အလိမ်ခံခဲ့ရတာ"

"ခင်ဗျား ဒီနီလာတွေကို ဘန်ကောက်မှာရှိတဲ့ ရတနာဆိုင် တစ်ခုခုက ဝယ်တာလား။ လမ်းဘေးက ဝယ်တာလား"

"ရတနာဆိုင်က ဝယ်တာပါ။ သူတို့ဆီကထုတ်ပေးတဲ့ ပြေစာတွေလည်း ကျွန်တော့်မှာ အကုန်ပါလာပါတယ်"

အမေရိကန်ဧည့်သည်က သူ့အိတ်တွင်းမှ စာရွက်နှစ်ခုကို ကျွန်တော့်ကို ထုတ်ပြ၏။

တစ်ခုမှာ ကျောက်စစ်ဖြစ်ကြောင်း အာမခံလက်မှတ်။ ကျန်တစ်ခုမှာ ငွေရပြေစာဖြစ်၏။ ငွေရပြေစာပေါ်၌ ရေးထားသည့် နီလာဈေးနှုန်းများမှာ ကျွန်တော်ဖြတ်ပေးသည့် ဈေးနှုန်းထက် ဆယ်ဆမက ကွာခြားနေ၏။

"ခင်ဗျားကို ဒီနီလာတွေ ဝယ်ပြီး မြန်မာပြည်မှာ ပြန်ရောင်းဖို့ အဲဒီ

http://www.cherrythitsar.org

www.foreverspace.com.mm



ရတနာဆိုင်က အကြံပေးတာလား"

"မဟုတ်ဘူး။ ဖြစ်ပုံက ဒီလိုဗျာ။ ကျွန်တော် ညံ့လွန်းလို့ ခံခဲ့ရတာပါ။ ကျွန်တော်က အမေရိကန်ဆိုပေမယ့် ဂျပန်မှာနေတယ်။ ဂျပန်မှာ အင်္ဂလိပ်စာ သင်တဲ့ ကျောင်းဆရာအလုပ် လုပ်တယ်။ အာရှတိုက် အရှေ့ဖျားနိုင်ငံတွေကို ကျွန်တော် ခုလာတဲ့ခရီးဟာ ပထမဆုံး အလည်လာတဲ့ခရီးပါ။ အဓိက လာလည်တာကတော့ မြန်မာနိုင်ငံကိုပါ။ မြန်မာနိုင်ငံကိုလာတော့ ထိုင်းကို ဝင်မနားလို့မှ မရဘဲ။ ဘန်ကောက်မှာ ကျွန်တော် တစ်ပတ်လောက်နေခဲ့တယ်။ တစ်နေ့ ကျွန်တော် ပန်းခြံထဲလျှောက်သွားပြီး ထိုင်ခုံတစ်ခုမှာ နားရင်းဝင်ထိုင်တယ်။ ကျွန်တော့်မလှမ်းမကမ်းမှာ အသက်ခြောက်ဆယ်ကျော်လောက်ရှိတဲ့ ထိုင်းတစ်ယောက် ထိုင်နေတယ်။ သူက သူ့ကိုယ်သူ ထိုင်း အကောက်ခွန်ဌာနက အငြိမ်းစားယူထားတဲ့ အရာရှိကြီးတစ်ယောက်ပါဆိုပြီး မိတ်ဆက်တယ်။ အင်္ဂလိပ်စကားလဲ ကောင်းကောင်းပြောတတ်တယ်။ သူက ကျွန်တော်နဲ့ ထွေရာလေးပါးစကားပြောရင်း ကျွန်တော့်ကို ဘယ်နိုင်ငံကို ဆက်အလည်သွားဦးမလဲလို့မေးတယ်။ ကျွန်တော်က မြန်မာနိုင်ငံကို သွားလည်ဦးမည့်အကြောင်း ပြောပြတော့ သူက အကြံပေးတယ်။ ခင်ဗျား မြန်မာနိုင်ငံကိုသွားရင် ဒီအတိုင်းမသွားနဲ့၊ နီလာတွေ ဘန်ကောက်က ဝယ်သွား။ ရန်ကုန်မှာ ပြန်ရောင်း။ နောက် ရန်ကုန်ကအပြန်မှာ ပတ္တမြားတွေ ဝယ်လာခဲ့။ ဘန်ကောက်မှာ ပြန်ရောင်း။ ခင်ဗျား ခရီးစရိတ် အကုန်ကျေအောင် အမြတ်ရလိမ့်မယ်လို့ ပြောတယ်။ ကျွန်တော်က နီလာအကြောင်းလည်း ဘာမှမသိဘူး။ ဘယ်ဆိုင်မှာ ဝယ်ရမှန်းလည်း မသိဘူးပြောတော့ သူက ထိုင်းနိုင်ငံမှာ နီလာဝယ်. . သင့်တဲ့ဆိုင်ကို သူခေါ်သွားမယ်။ ရန်ကုန်မှာ နီလာပြန်ရောင်းရမဲ့ဆိုင်။ ပတ္တမြား ပြန်ဝယ်ခဲ့ရမဲ့ဆိုင်ရဲ့ လိပ်စာတွေကိုလည်း ပေးလိုက်မယ်လို့ပြောတယ်"

"ခင်ဗျားကလည်း ယုံလိုက်ရောလား"

"ဟုတ်တယ်။ ယုံလိုက်မိတယ်။ ခင်ဗျား စဉ်းစားကြည့်လေ။ သူက သူ့နီလာတွေကို ကျွန်တော့်ကို ရောင်းတာမှမဟုတ်ဘဲ။ တရားဝင်ဖွင့်လှစ်ထားတဲ့ဆိုင်က သွားဝယ်ဖို့ ပြောနေတာပဲ။ ဒါကြောင့်လည်း ကျွန်တော် လွယ်လွယ်နဲ့ ယုံကြည်မိပြီး သူခေါ်သွားတဲ့ ရတနာဆိုင်က နီလာတွေ ဝယ်လာခဲ့မိတယ်"

"ရတနာဆိုင်က ခင်ဗျားကို ရောင်းလိုက်တာက နီလာအစစ်တွေပဲ။ ဈေးနှုန်းဆိုတာ သူရောင်းချင်တဲ့ဈေးကို ရောင်းတာ သူ့အခွင့်အရေးပဲ။ တရား

http://www.cherrythitsar.org

www.foreverspace.com.mm



ဥပဒေအရ ဒီဆိုင်ကို ခင်ဗျား ဘာမှအရေးယူလို့ မရဘူး”

“မှန်ပါတယ်။ ဒါပေမဲ့ ခု သူတို့ရောင်းလိုက်တဲ့ ဈေးက ခင်ဗျားဆီ ရောက်မှ မဟားတရားတွေ ဖြစ်နေတာကို ကျွန်တော်သိရတယ်။ ခု ဗိုလ်ချုပ်ဈေး ထဲက ရတနာဆိုင်တွေကို စမ်းသွားရောင်းကြည့်တော့လည်း ဘယ်ရတနာဆိုင် ကမှ တစ်ပွင့်ကို ဒေါ်လာငါးဆယ်ထက် ပိုမပေးဘူး။ ခံရတာတော့ ခံပြီးပြီပေါ့ ဗျာ။ ဒီလိုခံရတာကို ကျွန်တော် ပြန်တွေးကြည့်လိုက်တိုင်း သိပ်ရှက်တယ်။ လူလိမ် နဲ့ ရတနာဆိုင်ပေါင်းပြီး ကျွန်တော့်ကို ဈေးကြီးနဲ့ ထည့်လွှတ်လိုက်တာကို ကျွန်-တော် ရန်ကုန်ရောက်လာမှ သဘောပေါက်တယ်။ ခု ဒီမှာ ညဘက် ဒီကိစ္စကို ပြန်တွေးမိတိုင်း အိပ်လို့မရဘူး။ ငါ တစ်ခုခု ဘာပြန်လုပ်သင့်သလဲလို့ အမျိုးမျိုး စဉ်းစားတယ်။ မနေ့ညကတော့ လုပ်သင့်တာ၊ လုပ်နိုင်တာတစ်ခုကို အကြံရပြီး လုပ်လည်း လုပ်လိုက်ပြီးပြီ”

“ဘယ်လိုလုပ်လိုက်တာလဲ”

“ကျွန်တော် အဲဒီရတနာဆိုင်က ဝယ်ခဲ့တာက ငွေသားနဲ့ ဝယ်ခဲ့တာ မဟုတ်ဘူး။ ခရက်ဒစ်ကတ်(Credit Card)နဲ့ ဝယ်ခဲ့တာ။ ငွေက သူတို့လက်ထဲ မရောက်သေးဘူး။ အမေရိကန်မှာရှိတဲ့ ကျွန်တော့်ဘဏ်က ပို့ပေးရဦးမှာ။ ဒါကြောင့် ကျွန်တော် မနေ့ညက အမေရိကန်မှာရှိတဲ့ ကျွန်တော့်အမေကို ဖုန်း ဆက်ပြီး ကျွန်တော့်ဘဏ်ကို အဲဒီ (Credit Card)နဲ့ ဝယ်ထားတဲ့ငွေကို ထိုင်း နိုင်ငံကို မပို့ပေးသေးဖို့ လှမ်းတားခိုင်းလိုက်တယ်။ ကျွန်တော် ခု ဒီနီလာတန်ဖိုး ဘယ်လောက်ပဲရှိတယ်ဆိုတဲ့အကြောင်း ခင်ဗျားဆီက ထောက်ခံစာတစ်ခု ယူ သွားမယ်။ နောက် ဂျပန်ပြည်ရောက်ရင် ဂျပန်ကျောက်မျက်ဓာတ်ခွဲခန်းတစ်ခုခု က ထောက်ခံစာတစ်ခုရအောင်လည်း တောင်းဦးမယ်။ အဲဒီထောက်ခံစာနှစ်ခု ရပြီးရင် အဲဒီကျောက်ဆိုင်ကို စာရေးပြီး ခင်ဗျားတို့ နီလာသုံးပွင့်ကို ပြန်ယူချင် ယူ၊ မယူချင်ရင်လဲ တရားမျှတတဲ့ ဈေးနှုန်းအသစ်၊ ဈေးနှုန်းအမှန်နဲ့ ပြန်ရောင်း ပေးဖို့ တောင်းဆိုမယ်”

“ခင်ဗျား အဲဒီ ရတနာဆိုင်ကို တိုက်ရိုက် စာမရေးနဲ့။ ထိုင်းနိုင်ငံမှာ ကျောက်မျက်ရတနာဆိုင်တွေကို ခုလို မတော်မတရားတာမလုပ်ဖို့ ထိန်းသိမ်း ရေးအဖွဲ့ဆိုတာကို ထိုင်းကျောက်မျက်ရတနာအသင်းကြီးက ဖွဲ့စည်းပေးထား တာ ရှိတယ်။ အဲဒီအဖွဲ့ လိပ်စာလည်း ကျွန်တော့်ဆီမှာရှိတယ်။ ခင်ဗျားယူသွား။ အဲဒီအဖွဲ့ကို ခင်ဗျား ခု ဖြစ်ပျက်ခံစားခဲ့ရတာတွေ အသေးစိတ် သက်သေ

http://www.cherrythitsar.org

www.foreverspace.com.mm



အထောက်အထားနဲ့ စာရေးပြီး ပြန်တင်ပြရင် အဲဒီရတနာဆိုင်ကို ကျောက်ဆိုင် မည်း စာရင်း (black list)ထဲမှာ ထည့်ပေးလိုက်လိမ့်မယ်။ ထိုင်းနိုင်ငံမှာ ခင်ဗျား ခုလို ခံနေရတဲ့ပြဿနာမျိုးက မကြာခဏ ဖြစ်တတ်တယ်။ ဒါကြောင့် ခင်ဗျား ထိုင်းနိုင်ငံက အင်္ဂလိပ်ဘာသာနဲ့ ထုတ်တဲ့ ကျောက်မျက်ရတနာမဂ္ဂဇင်းကြီးတွေ ကို ရှာဖတ်ကြည့်။ အယ်ဒီတာထံပေးစာအခန်းမှာ ဒီလိုအဖြစ်အပျက်တွေကို စာရေးပြီး ပြည်သူသိအောင်တိုင်တဲ့ တိုင်ကြားစာတွေကို ခင်ဗျား မကြာခဏ တွေ့လိမ့်မယ်။ ထိုင်းရတနာကုန်သည်ကြီးများအသင်းကလည်း သူတို့ဈေးကွက် ထိခိုက်လာမှာ၊ နာမည်ပျက်လာမှာစိုးလို့ မတရား ဈေးနှုန်းနဲ့ လိမ်ရောင်းတာ မျိုးကို လုံးဝသည်းမခံဘူး”

အမေရိကန်ဧည့်သည်၏ မျက်နှာမှာ ရုတ်ချည်းပင် အလွန် ရွှင်လန်း၍ သွား၏။

“ကျွန်တော်ကဗျာ ငွေဆုံးရတာ၊ နစ်နာရတာတွေအပေါ်မှာ သိပ် စိတ် မထိခိုက်ပါဘူး။ ခေါင်းတုံးပေါ် ထိပ်ကွက်ပြီး အလိမ်ခံရတာကို လုံးဝမခံချင် ဖြစ် နေတာ။ ဩော် . . ခင်ဗျား (ဟားဗတ်) တက္ကသိုလ်ဆိုတဲ့နာမည်ကို ကြားဖူးလား”

“ကြားဖူးပါတယ်။ ကမ္ဘာကျော် အမေရိကန်တက္ကသိုလ်ကြီးပဲ။ အင်္ဂလန် က အောက်(စ်)ဖို့တို့ (ကင်းဗရစ်)တို့နဲ့အပြိုင် ယှဉ်ရပ်နေတဲ့ တက္ကသိုလ်ကြီးပဲ”

“ကျွန်တော်က အဲဒီ ဟားဗတ်တက္ကသိုလ်ကြီးက ဘွဲ့ရထားတဲ့လူပါ။ အဲဒီ (ဟားဗတ်)လို တက္ကသိုလ်ကျောင်းတော်ကြီးက ဘွဲ့ရထားတဲ့လူတစ်ယောက် ဟာ ခုလို အပေါစားလိမ်တာကို အလိမ်ခံခဲ့တယ်ဆိုရင် ခင်ဗျား ယုံနိုင်မလား”

ကျွန်တော် ဟန်မဆောင်နိုင်တော့ပါ။ အသံထွက်၍ အော်ရယ်လိုက် မိ၏။

ဧည့်သည် အမေရိကန်လူငယ်ကလည်း ကျွန်တော့်ကဲ့သို့ပင် အသံထွက် ၍ ဟက်ဟက်ပက်ပက် ရယ်နေပါသည်။

အမှတ် ၅၈၊ ၁၉၉၅၊ ဧပြီလ။

❋ ❋ ❋

www.foreverspace.com.mm

## ၄။ ကျွန်တော်နှင့် ဆာဘီနို

"ဆာဘီ. . နှစ်ခါမကြည့်နှင့် အနာရှိတယ်"

လွန်ခဲ့သည့် ၂ နှစ်ခန့်က ဖြစ်၏။

မန္တလေးမှ ကျွန်တော့်မိတ်ဆွေကြီး ကျောက်စိမ်းသုတေသီ ဆရာ ဦးကျော်ဝင်း ပြောသွားဖူးသောစကား ဖြစ်၏။

ထိုစကားကို ဆရာ ဦးကျော်ဝင်းပြောသည်မှာ ကျွန်တော်နှင့် ကျောက်စိမ်းအခွံပြဿနာများကို ဆွေးနွေးနေကြစဉ် ဖြစ်၏။

"ဆရာတို့ ကျောက်စိမ်းရဲ့ အခွံကို အမျိုးအစားခွဲရင် တကယ်တော့ သုံးမျိုးပဲ တွေ့နိုင်တယ် မဟုတ်လား"

ကျွန်တော်က ဦးကျော်ဝင်းကို ပြောလိုက်ခြင်း ဖြစ်၏။

"ဘယ်လို သုံးမျိုးလဲ"

"တွေ့ရှိတဲ့နေရာနဲ့ တွေ့ရှိပုံကိုလိုက်ပြီး အခွံကို ခွဲခြားထားတာကို ပြောတာပါ။ ကျောက်စိမ်းမှာ ရေကျောက်၊ ကုန်းကျောက်၊ တော်မှော်ကျောက်ဆိုပြီးတော့ သုံးမျိုးခွဲထားတယ် မဟုတ်လား။ ရေကျောက်ဆိုတာက ရေထဲက ငုတ်ယူပြီး ဆယ်ယူလာတဲ့ကျောက်။ ဒီကျောက်တွေက ရေတိုက်စားခြင်းကို နှစ်ပေါင်း

http://www.cherrythitsar.org

www.foreverspace.com.mm



များစွာ ခံထားရတဲ့အတွက် အခွံက ချောနေမယ်။ ကုန်းကျောက်ဆိုတာက ကျောက်စိမ်းတွင်းတွေက တူးယူလို့ရတဲ့ လုံးစွပ်တွေရဲ့ အခွံကိုပြောတာ။ ရေ-ကျောက်လို မချောဘူးပေါ့။ ကြမ်းနေတဲ့ အခွံမျိုးကို ဆိုလိုတာ။ တော်မှော်-ကျောက်ဆိုတာကတော့ ကမ္ဘာ့အတွင်းပိုင်းက အပေါ်တက်လာပြီး ကမ္ဘာ့ မျက်နှာ-ပြင် အောက်နားမှာ စူထွက်နေတဲ့ အရပ်စကားကတော့ ငုတ်ပေါ့ဆရာ။ ငုတ်က နေပြီး ဖဲ့ယူလာတဲ့ လုံးဖဲ့ကျောက်စိမ်း။ ဒီကျောက်စိမ်းမျိုးက အခွံမရှိတာလည်း ဖြစ်နိုင်တယ်။ အခွံရှိရင်လည်း စောစောက ရေကျောက်တို့ ကုန်းကျောက်တို့က အခွံလို မပီပြင်တော့ဘူး။ အကာသဘောဆန်ဆန် အခွံမျိုးပဲရှိနိုင်တယ် မဟုတ်လား။ ဒီတော့ ကျောက်စိမ်းရဲ့ အခွံကို အမျိုးစားခွဲကြရင် သုံးမျိုးပဲတွေ့နိုင်တယ်လို့ ပြောရင် မှားမလား”

“မှားတော့ မမှားဘူး ဆရာ ဦးလှဝင်း။ ဒါပေမဲ့ ဒါက ယေဘုယျခွဲတဲ့ သဘော။ အကြမ်းခွဲတဲ့သဘော။ လက်တွေ့ ကျောက်စိမ်းအရောင်းအဝယ်လောက မှာ အဲဒီလို အကြမ်းသဘောခွဲကြရုံနဲ့ မလုံလောက်ဘူး။ လုပ်ကိုင်စားလို့လည်း မဖြစ်ဘူး။ အခွံရဲ့အရောင် အခွံရဲ့အကြမ်း၊ အနု၊ အခွံရဲ့ဖွဲ့စည်းတည်ရှိနေပုံ. . အဲ. . အခွံရဲ့အသေးစိတ် အနေအထားတွေကို အနုစိတ်လေ့လာပြီးတော့ ကျောက်စိမ်းအခွံကို ကျွန်တော်တို့ နာမည်အမျိုးမျိုး ဆက်ပေးကြတယ်။ နောက်. . တစ်ခါတစ်ရံ အခွံကတစ်ထပ် မဟုတ်ဘူး။ နှစ်ထပ်သဘောဖြစ်နေတာမျိုးလည်း ရှိတတ်သေးတယ်”

“ဆရာတို့က ဘယ်လိုနာမည်တွေ ပေးထားလဲ”

“နာမည်တွေကတော့ ဒေသကိုလိုက်ပြီး ကွဲနေတာလည်း ရှိတယ်။ တူညီနေတာလည်း ရှိတယ်။ မှည့်ခေါ်ထားပုံတွေကတော့ အများကြီးပဲ။ ကျွန်တော် သိသလောက်၊ မှတ်မိသလောက် ပြောရရင် မုံထုခွံ၊ ဒီအခွံမျိုးက အခွံရွရွ။ တင်းတင်းကျပ်ကျပ် မရှိတာမျိုး။ နောက် ဝါးဖတ်ခွံ. . ဒါက ဝါးဖတ်နဲ့ သဏ္ဍာန် တူတဲ့ အခွံမျိုး။ အဲဒီ ဝါးဖတ်ခွံမှာပဲ ဝါးဖတ်နု၊ ဝါးဖတ်ကြမ်းဆိုပြီး နှစ်မျိုး ခွဲလိုက်ကြသေးတယ်။ နောက် မြေခွံ၊ ဆာဘီခွံ၊ သစ်တော်ခွံ၊ အာလူးခွံ၊ သစ်ကြားသီးခွံ၊ ဖွဲနုခွံ၊ ဖွဲကြမ်းခွံ. . အဲ. . အခွံမျိုးတွေက တော်တော်လေး စုံတယ်”

“ဒီအခွံတွေကို လေ့လာပြီး မိမိဝယ်မယ့် ကျောက်ရဲ့ အဆိုးအကောင်း ကို ခန့်မှန်းလို့ရလား”

“အထိုက်အလျောက်တော့ ရတယ်။ ဒါပေမဲ့ ပုံသေပြောနိုင်တာတော့

http://www.cherrythitsar.org

www.foreverspace.com.mm



မရှိပါဘူး"

"ယေဘုယျသဘော ခန့်မှန်းလို့ပဲ ရနိုင်တယ် ဆိုပါတော့"

"မှန်ပါတယ်။ ဒါပေမဲ့ ယေဘုယျသဘောပြောတာ ဆိုပေမယ့် တိကျမှု တော်တော်လေးတော့ ရှိပါတယ်။ ကုန်းကျောက်တွေမှာ အခွံညက်တယ်။ ရွှတယ်။ ကောင်းတယ်ဆိုရင် အတွင်းက ကျောက်စိမ်းသားက ကောင်းတတ်တယ်။ ရေ-ကျောက်တွေမှာလည်း အခွံက ချောတယ်။ အဆီတက်တယ်ဆိုရင် အတွင်း-ကျောက်သားက ကောင်းတတ်တယ်။ အခွံကြမ်းတယ်။ မညီမညာ ဖြစ်နေတယ် ဆိုရင်တော့ အတွင်းကျောက်သားက မကောင်းဘူး။ ညံ့တတ်တယ်"

ဆရာ ဦးကျော်ဝင်းမှာ အလွန်စိတ်ရှည်သူဖြစ်၏။ ကျောက်စိမ်းနှင့် ပတ်သက်၍ ကျွန်တော့်ဆရာဟုပင် ဆိုနိုင်၏။ ဦးကျော်ဝင်းနှင့် ခင်မင်သိကျွမ်းခဲ့ပြီးသည့်နောက်ပိုင်းကျမှပင် ကျောက်စိမ်းနှင့်ပတ်သက်သည့် သိပ္ပံသဘောများ၊ ဒေသခံတို့၏ အယူအဆများကို ကျွန်တော် ပြည့်ပြည့်စုံစုံ သိခွင့်ရခဲ့ပါသည်။

ကျွန်တော် ရတနာကုန်သည်ဘဝတွင် ကျောက်စိမ်းကို ကျွန်တော် အရောင်းအဝယ်လုပ်ပါသည်။

သို့သော် အယဉ်ကိုသာ အရောင်းအဝယ်လုပ်၏။ ရုပ်တုဘက်ကို အားသန်၏။ သေချာမှ ဝယ်၊ သေချာမှ ရောင်းသည့်အလုပ်မျိုးကိုသာ သဘောကျ၏။

အရိုင်း ဝယ်ဝံ့သည့် သတ္တိ ကျွန်တော်တွင် မရှိပါ။

ရယ်ရပါသည်။

ကျွန်တော်သည် လေသူရဲဘဝမှ ကျောက်ကုန်သည် ဖြစ်လာသူဖြစ်သော်လည်း စွန့်ရမှာကို အလွန်ကြောက်တတ်သူဖြစ်၏။ ထို့ကြောင့်လည်း ခင်မင်သူ မိတ်ဆွေအချို့က ကျွန်တော်ကို သရော်ပါသည်။

"ဒီလူ လေသူရဲဘဝက ဘယ်လို လေယာဉ်ပျံမောင်းလာလဲ မသိဘူး။ စွန့်စားရမှာကို အားကြီး ကြောက်တတ်တဲ့လူ။ သွေးကြောင်တဲ့လူ"

ကျွန်တော်၏ မိတ်ဆွေများကို အပြစ်မတင်ပါ။ ဗွေမယူပါ။ လေယာဉ်-ပျံ မောင်းသည့်အလုပ်ကို သူတို့ မသိ၍ နားမလည်၍ ဤသို့ ပြောနေကြခြင်း ဖြစ်၏။

လေသူရဲများမှာ သေချာသည့်ဘက်မှာ အမြဲရပ်သူများဖြစ်၏။

မစွန့်။

http://www.cherrythitsar.org

www.foreverspace.com.mm



မမိုက်။

မရမ်း။

အဘက်ဘက်မှ စနစ်တကျ စစ်ဆေး၍ သေချာပြီဆိုသည့် အလုပ်ကိုမှ လုပ်သူများ ဖြစ်၏။

ယခုနှစ် မတ်လ ဒုတိယအပတ်အတွင်းက ဖြစ်၏။

ကျောက်စိမ်းအရိုင်းကို အလွန် အဝယ်နည်းလှသော ကျွန်တော့်ကို အထင်ကြီးပြီး တိုင်ပင်ချင်သူများကလည်း ရတနာလောက၌ ရှိပါသေးသည်။

ကျွန်တော့်မိတ်ဆွေကြီး ကိုလှမောင် ဖြစ်၏။

အံ့ဩဖို့လည်း အလွန်ကောင်းလှပါသည်။

ကိုလှမောင်မှာလည်း ကျွန်တော့်ကဲ့သို့ပင် လေသူရဲဘဝမှ ရတနာလောက ရောက်လာသူဖြစ်၏။ သူနှင့် ကျွန်တော် တပ်မတော် (လေတပ်)တွင် လေယာဉ်အုပ်တစ်ခုအတွင်း၌ ငါးနှစ်ခန့် အတူနေဖူး၏။ (ဒါကိုတာ)လေယာဉ်ဖြင့် စစ်ဆင်ရေးတာဝန်အမျိုးမျိုးကို လက်တွဲ၍ အကြိမ်ကြိမ် ထမ်းဆောင်ခဲ့ဖူး၏။

ထိုစဉ်က သူက လေယာဉ်မှူး . . . ။ ကျွန်တော်က သူ၏ ဒုလေယာဉ်မှူး . . . ။

သို့သော် ရတနာလောကသို့ ဝင်သည့်အခါ၌မူ သူသည် ကျွန်တော့်ထက် နှစ်ပေါင်းများစွာ နောက်ကျပြီးမှ ဝင်လာသူဖြစ်၏။

သူ ရတနာလောကသို့ ရောက်လာသည်မှာ ဘာမှ မကြာလှသေးပါ။

"ကိုလှဝင်း. . ခင်ဗျားကို ကျွန်တော် လိုက်ရှာနေရတာ သုံးလေးရက်တောင် ရှိတော့မယ်။ လာ. . ကျွန်တော့်ဆိုင်ကို လိုက်ခဲ့။ ခင်ဗျားကို ကျွန်တော် အရေးကြီးတဲ့ပစ္စည်းတစ်ခု ပြမလို့။ တိုင်ပင်ချင်လို့"

ကျွန်တော် သူ့ ရတနာဆိုင်သို့ လိုက်သွား၏။

သူနှင့်ကျွန်တော်မှာ ဗိုလ်ချုပ်ဈေးတစ်ခုတည်း၌ ရတနာဆိုင်များ ဖွင့်ထားကြခြင်း ဖြစ်၏။ သို့သော် တစ်လနေ၍လည်း တစ်ဦးနှင့်တစ်ဦး တစ်ကြိမ်မဆုံမိကြပါ။ ကိုယ့်အလုပ် သူ့အလုပ်နှင့် အမြဲ ဗျာများနေခဲ့ကြသူများဖြစ်၏။

သူ့ဆိုင်ရောက်သွားခဲ့ပြီ။

"ကဲ. . ကိုလှဝင်း ထိုင်။ ခင်ဗျားကို ကျွန်တော့်အရေးကြီးတဲ့ပစ္စည်း ပြမယ်"

ကျွန်တော်က သူ့အလုပ်စားပွဲဘေးမှ ထိုင်ခုံလွတ်တစ်ခုတွင် ဝင်ထိုင်

http://www.cherrythitsar.org

www.foreverspace.com.mm



လိုက်၏။ ကိုလှမောင်က သူ့အလုပ်စားပွဲအတွင်း၌ အသေအချာ သော့ခတ်၍ သိမ်းဆည်းထားသော လွယ်အိတ်ကြီးတစ်လုံးကို ထုတ်လိုက်၏။

နောက် စားပွဲပေါ် တင်လိုက်၏။

လွယ်အိတ်ကြီးနှင့် ထည့်၍သိမ်းထားလောက်အောင် အရွယ်ကြီးသော ကျောက်မျက်ဖြစ်သဖြင့် ကိုလှမောင် ကျွန်တော့်ကို ပြမည့်ပစ္စည်းမှာ ကျောက်-စိမ်းဖြစ်လိမ့်မည်ဟု ကျွန်တော် ချက်ချင်း တွေးယူ၍ရ၏။

မှန်ပါသည်။

ကျောက်စိမ်းအရိုင်းတုံးကြီး ဖြစ်၏။

သုံးပိဿာအရွယ်ခန့် ရှိပါလိမ့်မည်။

"ကဲ. . ကိုလှဝင်း၊ ဒီကျောက်တုံးကြီးကို သေသေချာချာကြည့်စမ်း။ ခင်ဗျား ဘယ်လိုမြင်သလဲ"

ရယ်ဖို့လည်း ကောင်းလှပါသည်။

ကိုလှမောင်ပြသော ကျောက်စိမ်းတုံးမျိုးကို ကျွန်တော် တစ်ခါမျှ မမြင်ဖူးပါ။

အခွံမှာ အမည်းရောင် ဖြစ်နေ၏။

မီးသွေးကဲ့သို့ပင် မည်းနေပါသည်။

ယခင် ကျွန်တော် မြင်ဖူးသမျှ ကျောက်စိမ်းအရိုင်းများ၏ အခွံမှာ အညို၊ အဝါ၊ ညိုမည်း၊ ညိုဖြူ. . . ။

"ကိုလှမောင်. . ဆာဘီခွံဆိုတာ ဒီအခွံမျိုးပဲ"

"ဟုတ်တယ်။ ဒါ ဆာဘီ။ ဆာဘီ အစစ်"

ကျွန်တော် ကျောက်စိမ်းအမည်းတုံးကြီးကို ပေါင်ပေါ်တင်ပြီး ပြချက် နေရာများကို အသေအချာ ဂရုတစိုက် လိုက်ကြည့်၏။

ပြချက်များကလည်း ထင်ထင်ရှားရှား ပြထားသည်မဟုတ်။ အခွံမည်းကြီးအပေါ်၌ ပွတ်ရုံမျှ ပွတ်၍ ပြထား၏။

မရှင်း။

ခန့်မှန်းရမလွယ်။

ကျွန်တော် ကျောက်စစ်လက်နှိပ်ဓာတ်မီးလေးဖြင့် ထို ပြချက်နေရာများကို စစ်ကြည့်၏။

စိမ်းနေသည့်နေရာများ၌ အလင်းဖောက်အား အထိုက်အလျောက်

www.foreverspace.com.mm



ရှိပါသည်။

"ကိုလှမောင်. . ဒီကျောက်က ဘာလုပ်ဖို့လဲ။ ခင်ဗျားပစ္စည်းလား။ ခင်ဗျား ဝယ်ဖို့လား"

"ကျွန်တော့်ပစ္စည်း မဟုတ်ဘူး။ ကျွန်တော့်မိတ်ဆွေ ကုန်သည်တစ်ယောက်ရဲ့ပစ္စည်း။ ကုန်သည်ဆိုပေမယ့် ကျွန်တော်တို့ ရတနာလောက က ကုန်သည်မဟုတ်ဘူး။ ကျွန်တော့်ကို ပွဲစားရှာပြီး ရောင်းပေးပါဆိုလို့ ကျွန်တော် ယူထားတာ။ ကျွန်တော် ခု ခင်ဗျားကို လိုက်ရှာနေတာ ဒီကျောက်ကြီးကို ဘယ်လို ရောင်းသင့်တယ်ဆိုတာ တိုင်ပင်ချင်လို့. . "

"ကိုလှမောင်. . ဒီနေ့. . ဒီအချိန်အခါမှာ ပြချက် ခုလို မပေါ့တပေါ် ပြထားတဲ့အရိုင်းတုံးမျိုး ဘယ်သူမှ စွန့်မဝယ်ကြတော့ဘူး။ ကျောက်မျက်ရတနာပြပွဲတွေမှာ ပြထားသလို ထင်ထင်ရှားရှား ဖြတ်ပြထားတဲ့ ပေါ်ပေါ်လွင်လွင် နေရာမျိုး ရှိကို ရှိရမယ်။ အဲဒီလိုရှိမှ ဝယ်ချင်တဲ့လူက ဈေးပေးရဲမယ်"

"ဒါကို ဘယ်လို လုပ်ရမလဲ"

"အရည်ရှိမယ်လို့ ထင်တဲ့ တစ်နေရာရာကိုရွေးပြီး ဖြတ်ချလိုက်ပေါ့"

"ဟာ. . ကျွန်တော့်ကျောက်မှမဟုတ်ဘဲ။ ကျွန်တော် ဘယ်ဖြတ်ရဲမလဲ"

"မှန်ပါတယ်။ ခင်ဗျားဖြတ်ဖို့ ပြောတာမဟုတ်ပါဘူး။ ပစ္စည်းရှင်ကို ပစ္စည်းပြန်ပေးပြီး ဖြတ်ချပြီးမှ ဈေးကွက်ကို တိုးကြည့်သင့်တယ်ဆိုတဲ့အကြောင်း ခင်ဗျား အကြံပေးဖို့ ကျွန်တော်ပြောတာပါ"

"ပစ္စည်းရှင်ကတော့ ဖြတ်ရဲလိမ့်မယ် မထင်ဘူး"

"မဖြတ်ရင်လည်း ဘယ်သူမှ မဝယ်ရဲဘူး။ ဈေးမပေးဘူး"

"ထားပါတော့။ ခု အမြင်အတိုင်းပဲ ခင်ဗျား ဒီကျောက်ဟာ ဘယ်ဈေးလောက်ရနိုင်မလဲလို့ ထင်လဲ"

"ပစ္စည်းရှင်ရဲ့ တောင်းဈေးက ဘယ်လောက်လဲ"

"သိန်းငါးဆယ်"

"ဘာ. . . သိန်းငါးဆယ်"

ကျွန်တော့် မျက်လုံးများမှာ ပြူးထွက်၍ သွား၏။

"ကိုလှမောင်. . ဒီလောက် အဖိုးကြီးတဲ့ ကျောက်စိမ်းအရိုင်းမျိုးကို ကျွန်တော်မဝယ်ဘူး။ ဝယ်လဲ မဝယ်တတ်ဘူး။ ရောင်းလည်း ပြန်မရောင်းတတ်ဘူး။ ကျွန်တော်က ကျောက်စိမ်းကို အယဉ်ပဲ ဝယ်တတ်တာ"

http://www.cherrythitsar.org
www.foreverspace.com.mm



"ကျွန်တော်က ခင်ဗျား အရိုင်းလည်း ဝယ်တယ်ထင်လို့"

ကျွန်တော်က အသံထွက်၍ ရယ်လိုက်မိ၏။

"ကိုလှမောင်ရယ် . . ကျွန်တော့်မှာ ဒီလောက်တန်ဖိုးကြီးတဲ့ ပစ္စည်းကို ဝယ်နိုင်တဲ့အားလည်း မရှိပါဘူး။ အဲ . . တစ်ခုတော့ရှိတယ်။ ကျွန်တော့်မှာ အရိုင်း ဝယ်ရင် အမြဲတိုင်ပင်ရတဲ့ မိတ်ဆွေတစ်ယောက်ရှိတယ်။ သူနဲ့ ကျွန်တော် အစပ် လည်း အမြဲဝယ်တယ်။ သူ့ကို ကျွန်တော် သွားခေါ်ပြီး ဒီပစ္စည်းကို ပြကြည့်ချင် တယ်။ ခေါ်ပြလို့ ရမလား"

"ရပါတယ်။ သွားခေါ်ပါ။ အဲဒီလူက ဒီပစ္စည်းတန်ဖိုးကို ဖြတ်ပေးနိုင် မလား"

"နိုင်လိမ့်မယ် ထင်တာပဲ။ သူက ကျောက်စိမ်းလောကမှာ ကျွန်တော့် ထက် အတွေ့အကြုံအများကြီး ရှိတယ်"

"ဒါဖြင့်ရင် မြန်မြန်သွားခေါ်ဗျာ။ ကျွန်တော်တို့ ဒီပစ္စည်းရဲ့ ရနိုင်တဲ့ တန်ဖိုးအမှန်ကို သိသွားကြတာပေါ့"

ကျွန်တော် ကိုထွန်းမြင့်ကို သွားခေါ်ခဲ့ပါသည်။

ကိုထွန်းမြင့်မှာလည်း ဗိုလ်ချုပ်ဈေး၌ပင် ရတနာဆိုင်ဖွင့်ထားသူဖြစ်၏။ သူ့အသက်မှာ ကျွန်တော့်အောက် ဆယ်နှစ်ခန့် ငယ်ပါလိမ့်မည်။ သို့သော် လူ မှာ လူတော်ဖြစ်၏။ ကျောက်စိမ်းကို အဓိကထား၍ စီးပွားရှာနေသူဖြစ်သဖြင့် ကျောက်စိမ်းအပေါ်၌ သူ့မျက်စိမှာ အလွန်ကောင်းပါသည်။ ကျွန်တော်နှင့် ခင်မင်သောလူငယ် ကျောက်စိမ်းကုန်သည်များတွင် သူ့ကို ကျွန်တော် သဘော အကျဆုံး ဖြစ်၏။

"ကဲ . . ကိုထွန်းမြင့် သေသေချာချာကြည့်။ နောက် ခင်ဗျား ထင်မြင် ချက်တွေကိုလည်း မကွယ်မဝှက် ပွင့်ပွင့်လင်းလင်းပြောပြစမ်းပါ"

"ကိုလှမောင်ကို အားနာစရာမလိုဘူး။ ဒီပစ္စည်းက ကိုလှမောင်ပိုင်တဲ့ ပစ္စည်းမဟုတ်ဘူး။ သူက ကျွန်တော့်လို ကြားလူပဲ"

ကိုထွန်းမြင့်က အရိုင်းတုံးကြီးကို အသေအချာ စစ်ဆေး၏။

ကျောက်စစ်မီးလေးသုံး၍ မျက်နှာပြင်အနှံ့ လိုက်ထိုးကြည့်၏။

"ဒီဆာဘိအခွံတွေက အကြံအဖန် အားကြီးများတယ်"

"ဘာဖြစ်လို့လဲ ကိုထွန်းမြင့်"

"သူက အောင်တတ်တယ်။ ဖြတ်ချလိုက်ရင် အရည်ရှိလေ့ရှိတယ်။

http://www.cherrythitsar.org

www.foreverspace.com.mm



ဒီ ဆာဘိခွံရှိတဲ့ ကျောက်မျိုးကို ပြချက်ကြီးကြီးပြရဲတဲ့၊ ပြတတ်တဲ့ လူတွေထဲမှာ ကချင်ကုန်သည်တွေက အတော်ဆုံးပဲ။ သူတို့ပြထားတာကို မကျေနပ်သေးဘဲ ထပ်ဖြတ်ဖို့ ဘယ်တော့မှ မကြိုးစားနဲ့။ ကြိုးစားရင် ကွဲပြီလို့သာ မှတ်။ ဒီလို ခွံမည်းတွေထဲမှာ ကျွန်တော်သိသလောက် ဖားကန့်ကြီး ဆာဘိက အမည်းဆုံးပဲ။ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကဆိုရင် ဈေးကွက်မှာ အလုအယက်ဝယ်ခဲ့ဖူးတဲ့ ကျောက်မျိုး။ မအောင်တာတွေလည်း အများကြီးရှိပါတယ်။ လူကြိုက်များလာတော့ ဒီအခွံတုမျိုးကို လုပ်တာ ချက်ချင်းပေါ်လာတယ်"

"ဆာဘိကျောက်စိမ်းအခွံက အတုလုပ်လို့ရလား"

"ရတာပေါ့ ဦးလှဝင်း. . ။ လွယ်လွယ်လေး၊ လုပ်ရတာ ဘာမှမခက်ဘူး"

"ဘယ်လို လုပ်ရလဲ"

"မီးပုံထဲထည့်လိုက်လေ။ ကျောက်စိမ်းအခွံဆိုတာက မီးထဲထည့်ဖုတ်လိုက်ရင် ကျပ်ခိုးတွေနဲ့ နောက်ဆုံး မည်းသွားတာပေါ့"

"အမည်းရောင်ကို ပြန်ကျွတ်အောင်လုပ်လို့ရလား"

"အတုသမားတွေ ကျွမ်းတယ်။ ဘယ်လိုမှ အခွံတုမှန်း မသိသာအောင် လုပ်တတ်တယ်။ တချို့လုပ်ထားတာ ဘယ်လောက် ကောင်းသလဲဆိုရင် ဖြတ်ချပစ်လိုက်မှပဲ သိနိုင်တယ်"

"ဒီကျောက်ကရော အခွံတုလုပ်ထားတာ ဖြစ်နိုင်လား"

ကိုထွန်းမြင့်က ကျောက်ကို သေသေချာချာ ထပ်စစ်ဆေးလိုက်၏။

"သံသယဖြစ်စရာ နေရာမျိုးတွေတော့ ကျွန်တော်တွေ့တယ်။ ဒါပေမဲ့ အခွံတုပါလို့လည်း ကျွန်တော် အတိအကျ မပြောရဲဘူး။ တောင်းဈေးက ဘယ်လောက်တဲ့လဲ"

"သိန်းငါးဆယ်"

ကိုလှမောင်က ဝင်ပြောလိုက်ခြင်း ဖြစ်၏။

"သိန်းငါးဆယ်ဆိုရင်တော့ ပိုင်ရှင်ကို ပြန်သာပေးလိုက်တော့။ မဖြစ်နိုင်တဲ့ တောင်းဈေးကြီးပဲ။ ကျွန်တော် အမှန်အတိုင်းပြောမယ်။ ကျွန်တော် ဒီကျောက်ကို ဝယ်ရမယ်ဆိုရင် တစ်သိန်းတောင် မပေးရဲဘူး"

တောင်းသူ သိန်းငါးဆယ်. . ။

ဝယ်မည့်သူက တစ်သိန်းတောင် မပေးရဲဘူးတဲ့. . ။

"ကဲ. . ကိုလှမောင်ရေ။ ပိုင်ရှင်ကိုသာ ခင်ဗျားအမြန်ဆုံး သွားပြန်ပေး

http://www.cherrythitsar.org

www.foreverspace.com.mm



လိုက်တော့။ မတော်တဆများ ခင်ဗျားလက်ထဲမှာ ဒီကျောက်ကြီး ပျောက်သွားတယ်ဆိုရင် လျော်လို့ကို ပြီးတော့မှာ မဟုတ်ဘူး”

တိုက်ဆိုင်သည်ဟုပင် ဆိုရပါမည်။

ကိုလှမောင်၏ ဆာဘိကြီးကို ကြည့်ပြီးနောက် တစ်နေ့မနက်တွင်ပင် ဖြစ်၏။

ကျွန်တော့်ထံသို့ ဧည့်သည်တစ်ယောက် ရောက်လာပါသည်။

“ဆရာ. . ကျောက်စိမ်းအရိုင်း ဝယ်လား”

“ဝယ်ပါတယ်။ ပစ္စည်းပါခဲ့လား”

“ဟုတ်ကဲ့။ ပါပါတယ်”

ဧည့်သည်က သူ့လွယ်အိတ်အတွင်းမှ ကျောက်စိမ်းအရိုင်းတုံးတစ်ခုကို ဆွဲထုတ်လိုက်၏။

ကျွန်တော့်မျက်စိကိုပင် ကျွန်တော် မယုံနိုင်ပါ။

ဆာဘိခွဲအရိုင်းတုံးတစ်ခုပင် ဖြစ်နေ၏။ မနေ့က ကိုလှမောင်၏ ဆာဘိနှင့် ထူးခြားချက်ဟူ၍ အရွယ်ကွာခြင်း တစ်ခုသာ ရှိ၏။

ယခု ဧည့်သည် ယူလာခဲ့သော ဆာဘိမှာ လက်သီးဆုပ်ခန့်သာ ရှိပါသည်။ အရွယ်ငယ်ပါသည်။ သို့သော် အဆင်းသဏ္ဍာန်မှာမူ ကိုလှမောင် ဆာဘိနှင့် လုံးဝ ခွဲမရပါ။

“ကျွန်တော် ခင်ဗျားကျောက်ကို စိတ်ဝင်စားတယ်ဗျာ။ ဘာမှ နားလည်လို့ အမြတ်ရမယ်ထင်လို့တော့ မဟုတ်ဘူး။ အခွံကြောင့်။ ဒီလို အခွံမည်းမည်းကြီးရှိတဲ့ ကျောက်စိမ်းမျိုးကို ကျွန်တော် ခံကျောက်အဖြစ် သိမ်းထားချင်တယ်။ ပြန်ရောင်းဖို့တော့ မဟုတ်ဘူး။ ဒါပေမဲ့ ဈေးပေါပေါရမှ ကျွန်တော်ဝယ်နိုင်မယ်”

“ဈေးမကြီးပါဘူး ဆရာ”

“ဘယ်လောက်လဲ”

“နှစ်ထောင့်ငါးရာထဲပါ”

ကျွန်တော် ရင်ထဲ၌ ဝယ်ချင်လှလေပြီ။

သို့သော် ဟန်ဆောင်၍ မကြိုက်မနှစ်သက်၊ မဝယ်ချင်သည့် မျက်နှာဖြင့် ဈေးဆစ်ကြည့်၏။

နောက်ဆုံး ဧည့်သည်က ကျပ်တစ်ထောင်မျှဖြင့် သူ၏ဆာဘိကို ကျွန်တော်ထံ ရောင်းသွား၏။ သူ ရွှေဘုံသာလမ်းပွဲစားတန်း၌ လိုက်ရောင်းစဉ်

www.foreverspace.com.mm



မည်သူမျှ မဝယ်ဘဲ ရှာလည်နေခဲ့ရသည့်ဒုက္ခများကိုလည်း အသေးစိတ် ပြန်ပြော ပြသွား၏။ တစ်ထောင်ပေး၍ ဝယ်လိုက်သော ကျွန်တော်ကိုလည်း အလွန် ကျေးဇူးတင်သွားဟန်ရှိ၏။

ဧည့်သည်ပြန်သွားသည်နှင့် ကျွန်တော် ဝယ်ထားသော ဆာဘိကို ကိုင် ပြီး ကိုလှမောင်ဆိုင်သို့ လျှောက်သွား၏။

"ကိုလှမောင် . . ဒီမှာ ကြည့်စမ်း။ မနေ့က ခင်ဗျားရဲ့ သိန်းငါးဆယ် ဆိုတဲ့ ဆာဘိကြီးနဲ့ မတူဘူးလား။ အရွယ်ငယ်သွားတာတစ်ခုပဲ ကွာခြားတယ်"

ကိုလှမောင်က ကျွန်တော့်ဆာဘိကို အသေအချာ စစ်ဆေးကြည့်ပြီး

"အေး . . ဟုတ်တယ် ကိုလှဝင်း။ မနေ့က ဆာဘိကြီးအတိုင်းပဲ။ ခင်ဗျား ဘယ်လောက်နဲ့ ဝယ်ခဲ့လဲ"

"တစ်ထောင်"

"ဘာ . . . တစ်ထောင် ဟုတ်လား။ ကျွန်တော် သုံးထောင်ပေးမယ် ခု ပြန်ရောင်းဗျာ"

ကျွန်တော် ကိုလှမောင်ကို မရောင်းပါ။

ကိုထွန်းမြင့်ထံ သွားပြီး စစ်ဆေးခိုင်း၏။

"ဦးလှဝင်း ဘယ်လောက်နဲ့ ဝယ်ခဲ့လဲ"

"တစ်ထောင်"

"တစ်ထောင်ဆိုရင် ပုံဆောင်ခဲအဖိုးတောင် မရှိဘူး။ ဦးလှဝင်း ကောင်း ကောင်း မြတ်လိမ့်မယ်။ အသေအချာ သိမ်းထားလိုက်။ ပေါပေါ ပြန်မရောင်းနဲ့"

ထိုနေ့ပင် ကျွန်တော့်ထံ ရတနာပညာသင်တန်း တက်ခဲ့ဖူးသော ကိုထွန်းဝင်းနှင့် တွေ့၏။

"ကျွန်တော် ငါးထောင်ပေးမယ် ဆရာ။ ဆာဘိကြီးကို ကျွန်တော့်ကို ပြန်ရောင်းပေး"

ကျွန်တော် မရောင်း။

ထိုညနေ၌ ကျွန်တော် မောင်ဇော်ရှင်းတို့ညီအစ်ကို၏ "ရွှေကိန္နရီ ကျောက်စိမ်းအလုပ်ရုံ" သို့ ရောက်သွား၏။ ကျွန်တော့်ဆိုင်၌ တင်ရောင်းနေ သော ပတ္တမြားပုံဆောင်ခဲအချို့ကို ပြုပြင်မှုပြုလုပ်ရန်အတွက် ဖြစ်၏။

စကားစပ်မိပြီး မောင်ဇော်ရှင်းကို ယနေ့မနက်ကမှ တစ်ထောင်နှင့် ဝယ်ထားသော ဆာဘိကြီးအကြောင်းကို ပြောပြလိုက်မိ၏။

http://www.cherrythitsar.org

www.foreverspace.com.mm



"အရင်းက တစ်ထောင်ထဲဆိုတော့ ဈေးများတာမှ မဟုတ်ဘဲ။ ဆရာ့ကံကို စမ်းတဲ့အနေနဲ့ ဖြတ်ကြည့်ဖို့တောင်ကောင်းတယ်"

"အေး. . ကိုယ်လည်း အဲဒါကိုပဲ စဉ်းစားနေတာပဲ။ မနက်ဖြန် ကိုယ်လာဖြတ်မယ်။ မင်းတို့ နေ့လယ်ဘက် အားလား"

"အားပါတယ် ဆရာ"

နောက်တစ်နေ့မှာ တပေါင်းလပြည့်နေ့ ဖြစ်၏။

နံနက်ပိုင်း၌ မိတ်ဆွေတစ်ယောက်က ရှင်ပြုအလှူဖိတ်ထားသဖြင့် ရှင်ပြုအခမ်းအနားသို့ သွားရသေး၏။ အပြန်တွင်မှ မောင်ဇော်ရှင်းတို့ အလုပ်ရုံသို့ ဆာဘိကြီးကိုင်ပြီး ဝင်သွား၏။

ကံဟုပင် ဆိုရပါမည်။

ကျောက်မျက်ရတနာ ပြပွဲကြီး ကျင်းပနေချိန်ဖြစ်၍ ပြည်ပမှ ကုန်သည်များ ရန်ကုန်သို့ ရောက်နေ၏။

မောင်ဇော်ရှင်းတို့ အလုပ်ရုံ၌လည်း သူတို့၏ ကျောက်စိမ်းပန်းပုလက်ရာများကို လာဝယ်သည့် ဟောင်ကောင်မှ ကုန်သည်နှစ်ဦး ရောက်နေပါသည်။

ကျွန်တော်က အသင့်ယူလာသော ဆာဘိကို မောင်ဇော်ရှင်း လက်ထဲသို့ အပ်လိုက်၏။

မောင်ဇော်ရှင်း လက်ထဲ၌ ကျွန်တော့်ဆာဘိကို ဟောင်ကောင်ကုန်-သည်များ မြင်သွား၏။

ထောင်ကြည့်၏။

မောင်ဇော်ရှင်း ကျွန်တော့်ထံသို့ ပြန်လာပြီး . . .

"ဆရာ. . ဆရာ့ ဆာဘိ ရောင်းမလားလို့ ဟောင်ကောင်ကုန်သည်တစ်ယောက်က မေးနေတယ်။ ဆရာ ရောင်းမလား။ ဘယ်လောက်ဈေး ခေါ်လိုက်ရမလဲ"

"အဲဒါ ခက်တာပဲ။ ကိုယ်ဝယ်ဈေးက တစ်ထောင်ပဲ ရှိတယ်ဆိုတာ မင်းလဲသိနေတာပဲ။ သင့်မယ်ထင်တဲ့ဈေး ခေါ်လိုက်ကွာ"

မောင်ဇော်ရှင်းက မြန်မာငွေ သုံးသောင်းဖြင့် ဈေးခေါ်၏။

ဟောင်ကောင်ကုန်သည်က နှစ်သောင်းခွဲ ဈေးဆစ်၍ ဝယ်လိုက်၏။

ကျွန်တော်က ထိုဟောင်ကောင်ကုန်သည်ကို မေးကြည့်ပါသည်။

"ခင်ဗျား ဒီ အခွံမည်းမည်းကြီးဖြစ်နေတဲ့ ကျောက်စိမ်းကို ဘာလုပ်ဖို့

http://www.cherrythitsar.org
www.foreverspace.com.mm



ဝယ်တာလဲ”

“ကျွန်တော့်အိမ်က ငါးကန်မှာ အလှထည့်ထားချင်လို့ပါ”

ဤကုန်သည် ကျွန်တော့်ကို ညာပြောသည်ကို ကျွန်တော် ချက်ချင်း တွေးယူ၍ ရ၏။

မည်သူမျှ ငါးကန်၌ ခဲတစ်လုံးအဖြစ်သုံးရန် လက်သီးဆုပ်ခန့်ရှိသော ကျောက်စိမ်းမည်းတစ်လုံးကို ငွေနှစ်သောင်းခွဲပေး၍ ဝယ်လိမ့်မည်မဟုတ်။

မြတ်မည်ထင်၍သာ ဝယ်ခြင်း ဖြစ်၏။

သူ ဘယ်မျှမြတ်နိုင်ပါသနည်း။

သူ ကျွန်တော်ကို ဘယ်အခါမျှ ပြောပြလိမ့်မည် မဟုတ်ပါ။

ကျွန်တော်ကလည်း ခေါင်းအခြောက်ခံ၍ ဆက်မစဉ်းစားနေတော့ပါ။

ကံ. . .။

ဉာဏ်ရှိ၍လည်း မဟုတ်။

ပညာရှိ၍လည်း မဟုတ်။

မနေ့က ကျွန်တော် တစ်ထောင်ဖြင့် ရမ်းတုတ်ဝယ်ခဲ့သော ဆာဘိမှာ ယနေ့ ကျွန်တော် နှစ်သောင်းလေးထောင် အမြတ်ကျန်အောင် စွမ်းဆောင်ပေးခဲ့ကြချေပြီ။

အကယ်၍ ထိုဆာဘိကို ကျွန်တော် ဖြတ်ကြည့်မိခဲ့လျှင်။

ယခုထက် အမြတ်များစွာ ပိုလေဦးမလား။

သိန်းကျောက် ဖြစ်သွားနိုင်သလား။

လောဘတက်ချင်စိတ်များ ပေါ်၍လာပြန်သည်။

ငွေတစ်ထောင်မျှ ရင်းပြီး တစ်သိန်းမြတ်ချင်လာပြန်သည်။

ဩော်. . လောဘ. . ။

“ဆာဘိ နှစ်ခါ မကြည့်နှင့် အနာရှိတယ်”

ဆရာ ဦးကျော်ဝင်း ပြောသွားဖူးသော စကားဖြစ်၏။

ကျွန်တော် ရောင်းခဲ့ပြီးဖြစ်သည့် ဆာဘိ၌မူ အနာရှိသည့် မရှိသည်ကိုပင် စူးစမ်းခွင့် မရခဲ့ပါ။ မကြည့်လိုက်မိပါ။

အမှတ် ၅၉၊ ၁၉၉၅၊ မေလ။

❃ ❃ ❃

www.foreverspace.com.mm

)

## ၅။ စိန်သမား ထွန်းမောင်

တစ်နေ့မနက် ဆယ်နာရီခန့်တွင် ဖြစ်၏။

ဗိုလ်ချုပ်ဈေးရှိ ကျွန်တော့်ရုံးခန်းသို့ လူငယ်နှစ်ဦး ရောက်လာ၏။

တစ်ယောက်မှာ ပိန်ပိန်။ မြင့်မြင့်။

တစ်ယောက်မှာ ပုပု။ မျက်နှာထားဆိုးဆိုး။

"ကျွန်တော်တို့ ကျောက်ရောင်းချင်လို့ပါ"

"ဘာကျောက်လဲ"

"ကျောက်စိမ်း. . "

"ပြလေ"

လူငယ်တစ်ယောက်က ကျောက်စိမ်းဖြတ်စလေးနှစ်ခုကို ထုတ်ပြ၏။

အလွန်လှပါသည်။

အခွံမှာ မဲနေပြီး အသားမှာ ဖယောင်းသားဖြစ်နေသဖြင့် ဖားကန့်ကြီး မော်ထွက်ကျောက်သားများဟု ယူဆနိုင်၏။

"မင်းတို့က ကျောက်စိမ်းသမားတွေလား"

"မဟုတ်ဘူး။ ကျွန်တော်တို့က ပန်းရန်ဆရာတွေပါ။ အိမ်ဆောက်ရင်း

http://www.cherrythitsar.org
www.foreverspace.com.mm



ဒီကျောက်ဖြတ်စနစ်ခုကို တွေ့လို့ ဆရာဆီ ယူလာပြတာ။ ကျောက်အကြောင်းကိုလည်း ကျွန်တော်တို့ ဘာမှ နားမလည်ပါဘူး"

"ဒီ အစိမ်းဖြတ်စနစ်ခုကို မင်းတို့ ဘယ်လောက်ရချင်လဲ"

"တစ်သိန်း. . "

"ဘာ. . တစ်သိန်း"

"ဟုတ်ကဲ့"

"ဟင်. . မင်းတို့က ကျောက်နားမလည်ကြဘူးလို့သာ ပြောတယ်။ ကျောက်ဈေးတော့ ကောင်းကောင်း တောင်းတတ်နေကြပါလား"

"ကျွန်တော်တို့ နားလည်လို့ တောင်းတာမဟုတ်ဘူး ဆရာ။ ရွှေဘုံသာလမ်းမှာရှိတဲ့ ပွဲစားတန်းမှာ ပြကြည့်တော့ ပွဲစားအချို့က သိန်းကျော်ဖြစ်နိုင်တဲ့ ကျောက်ဖြတ်စတွေလို့ပြောလို့ ဒီလိုဈေးမျိုး တောင်းတာပါ"

သူတို့စကားကို ကျွန်တော် မယုံပါ။

ထိုအချိန်၌ ကျွန်တော့်တွင် ကျောက်ဝယ်ချင်စိတ်လည်း မရှိ။

အစိမ်းကိုလည်း ကျွန်တော် စိတ်မဝင်စား။

"ရော့. . မင်းတို့ပစ္စည်း ပြန်ယူသွားတော့ ကိုယ် ခု ကျောက်ဝယ်ချင်စိတ် မရှိသေးဘူး"

"ဘာဖြစ်လို့လဲ ဆရာ။ ကျွန်တော်တို့တောင်းတာ များသွားလို့လား။ ဆရာကြိုက်သလို ဆစ်ပါ"

"မဆစ်ချင်ဘူးကွာ။ မင်းတို့ တောင်းဈေးကလည်း အလွန်အမင်းကြီး တောင်းထားပြီးပြီဆိုတော့ ကိုယ်လည်း မဆစ်ချင်တော့ဘူး"

"ဆစ်သာဆစ်ပါ ဆရာရယ်။ တောင်းသူတစ်ဆယ် ဝယ်သူတစ်ကျပ် ဆိုတဲ့ စကားတောင် ရှိတယ်မဟုတ်လား။ ဆရာကြိုက်သလိုဆစ်ပါ။ ကျွန်တော်တို့ ဘယ်လိုမှ သဘောမထားပါဘူး။ ရောင်းနိုင်တဲ့ဆစ်ဈေးဆိုရင်လည်း တစ်ခါတည်း ရောင်းသွားပေးခဲ့တာပေါ့"

"ကိုယ် မဆစ်ချင်ပါဘူးကွာ"

"ဆစ်သာဆစ်ပါ ဆရာရယ်။ ကျွန်တော်တို့လည်း ဆရာ့အားကိုးပြီး လာခဲ့ကြတာတွေပါ။ အားနာပြီး ဆစ်တာမျိုးပဲဖြစ်ဖြစ် ဆစ်ကြည့်ပါ။ ဆစ်ဖိုး ရှိတယ်ဆိုရင်ပဲ ကျွန်တော်တို့အတွက်က မင်္ဂလာပါ"

ကျောက် လုံးဝနားမလည်။ ပန်းရန်အလုပ်လုပ်စားပါသည်ဟုဆိုသော

http://www.cherrythitsar.org

www.foreverspace.com.mm



ကောင်လေးနှစ်ယောက်၏ စကားအားလုံးမှာ ကျောက်သမားစကားများ ဖြစ်နေ၏။ ဤစကားမျိုးကို ပြောတတ်နေကြသည်ကို ထောက်ချင့်ကြည့်လိုက်သည် နှင့် သူတို့နှစ်ဦးလုံးသည် ကျောက်လောကမှ ဖြစ်ရမည်။ ကျွန်တော့်ကို လာညာနေသည်ကို ကျွန်တော် တွေးဆ၍ရ၏။

"ကဲ. . မင်းတို့ သိပ်ဆစ်စေရင်လည်း ဆစ်လိုက်မယ်ကွာ။ မင်းတို့ ဖြတ်စနှစ်ခုကို တစ်ခု တစ်ထောင်ပေးမယ်။ နှစ်ခု နှစ်ထောင်ပေါ့။ ရောင်းနိုင်ရင်လည်း ထားခဲ့။ မရောင်းနိုင်ရင်လဲ ပြန်ယူသွား"

"အောင်းမလေး ရက်စက်လှချည်လားဆရာရယ်။ တစ်သိန်းတောင်းတဲ့ ပစ္စည်းကို နှစ်ထောင်ပဲ ပေးတယ်"

"ဟုတ်တယ်။ ဒါကြောင့်လည်း စောစောက မင်းတို့ဖြတ်စကို ငါ မဆစ်ချင်ပါဘူးလို့ ပြောနေခဲ့တယ် မဟုတ်လား။ မင်းတို့ ရောင်းနိုင်ရင်လည်း ပစ္စည်းထားခဲ့။ ငွေယူသွား။ မရောင်းနိုင်ရင်လည်း ပြန်ကြပေတော့"

"ဒီလိုလုပ်ဆရာ။ ကျွန်တော်တို့ ပြန်တိုင်ပင်ကြည့်လိုက်ဦးမယ်။ ရောင်းနိုင်ရင်လည်း ဆရာ့ဆီ ပြန်လာပေးမယ်"

"အေး အေး. . မင်းတို့ သဘောပဲ"

ပန်းရန်ဆိုသော ကောင်လေးနှစ်ယောက် ပြန်သွား၏။

ထိုနေ့၌ ကျွန်တော့်ထံသို့ လုံးဝ ပြန်မပေါ်လာကြတော့။

နောက်တစ်နေ့တွင် ကျွန်တော် ရုံးခန်းမသွားပါ။ နိုင်ငံခြားဧည့်သည် တစ်ယောက် ရောက်နေသဖြင့် အိမ်၌ပင် ကျွန်တော် အလုပ်များနေ၏။

မွန်းလွဲ ၂ နာရီခန့်တွင် ကျွန်တော့်သား အပါ ကျွန်တော့်ထံ ဖုန်းဆက်လာ၏။

"ဖေဖေ. . မနေ့က ဖေဖေ့ ကျောက်စိမ်းဖြတ်စနှစ်ခုကို နှစ်ထောင်နဲ့ ဆစ်ထားတယ်ဆို"

"အေး. . ဟုတ်တယ်"

"ခု ဒီပစ္စည်း လာအပ်နေတယ်။ အပါ ယူထားလိုက်ရမလား"

"ယူထားလိုက်။ ငွေနှစ်ထောင်ထုတ်ပေးလိုက်။ နောက် ဒီပစ္စည်းနှစ်ခုလုံးကို ဦးထွန်းမြင့်ကို သွားပြ။ သူ့မျက်စိမှာ ဘယ်လောက်ဈေးမြင်လဲလို့ မေး။ နောက် မင်း ငါ့ဆီ ဖုန်းပြန်ဆက်ကွာ"

"ဟုတ်ကဲ့"

http://www.cherrythitsar.org

www.foreverspace.com.mm



အပေါ ဖုန်းချသွား၏။

နောက်တစ်နာရီခန့်တွင် အပေါထံမှ ကျွန်တော့်ထံ ဖုန်းလာပြန်သည်။

"ဖေဖေ"

"ဆို"

"ဦးထွန်းမြင့်က ပြောတယ်။ ဖေဖေ့ဖြတ်စနှစ်ခုလုံးဟာ မမှန်ဘူး။ ဆိုး-ကျောက်တွေတဲ့"

"ဟုတ်ရဲ့လား အပေါရယ်။ ကိုထွန်းမြင့် ဖြတ်စတွေကို သေသေချာချာ စစ်ကြည့်ရဲ့လား"

"စစ်ပါတယ်။ သေသေချာချာစစ်ပြီးမှ အပေါ့ကို ပြောခိုင်းလိုက်တာပါ"

ကျွန်တော် မကျေနပ်။

အိမ်၌ အလွန်အလုပ်များသည်များကို ပစ်ထားခဲ့ပြီး ဗိုလ်ချုပ်ဈေးရှိ ရုံးခန်းသို့ ချက်ချင်းလိုက်သွား၏။

"ကိုထွန်းမြင့်. . ဒီဖြတ်စနှစ်ခုကို ဘာကြောင့် ဆိုးကျောက်လို့ ပြောတာလဲ"

"ဒီအရည်မျိုးက ကျောက်စိမ်းမှာ မရှိဘူး ဦးလှဝင်း"

"ဘယ်အရည်ကို ပြောတာလဲ"

"အပြာကွက်လေးတွေကို ကျွန်တော်ပြောတာပါ"

ကျွန်တော် ကျောက်စစ်မှန်ဘီလူးအောက်၌ ဖြတ်စလေးနှစ်ခုကို အသေအချာ ပုံကြီးချဲ့၍ စစ်ကြည့်လိုက်၏။

မည်သည့်အပြာကွက်မှ မတွေ့။

"ကိုထွန်းမြင့်. . လာ။ မှန်ဘီလူးအောက်မှာ ခင်ဗျား သေသေချာချာ လာကြည့်။ ဘာအပြာကွက်မျိုးမှ မတွေ့ဘူး"

"ကြည့်စရာမလိုပါဘူး။ ဒီအပြာကွက်တွေက ကျွန်တော်မျက်စိထဲမှာတော့ ဒီအတိုင်းကြည့်လိုက်ရင်ကို ပေါ်နေတာပဲ"

ကျွန်တော် လက်မခံပါ။

ကိုထွန်းမြင့်မှာ ကျောက်စိမ်းသမား သက်သက်ဖြစ်၏။

ကျွန်တော်မှာ အနီ၊ အပြာနှင့် စိန်သမားဖြစ်၏။ အနီ အပြာပေါ်၌သာ အားသန်၏။ ကျောက်စိမ်းအပေါ်၌ ကိုထွန်းမြင့်ကဲ့သို့ မပိုင်။ ကျောက်စိမ်းတန်ဖိုးကြီးသည်များကို ဝယ်တိုင်း ကိုထွန်းမြင့်ကို တိုင်ပင်ရသည်သာ ဖြစ်၏။

http://www.cherrythitsar.org

www.foreverspace.com.mm



ဆုံးဖြတ်ရာ၌ ကိုထွန်းမြင့်မှာ အလွန်ပိုင်နိုင်သူ ဖြစ်၏။

သို့သော် ယခုပြဿနာမှာ ဆိုးကျောက်ပြဿနာ ဖြစ်၏။

မြန်မာ့ကျောက်စိမ်းဆိုးကျောက်အမျိုးမျိုးကို ကျွန်တော် မြင်ဖူး၏။

ပြည်ပမှ ပြုလုပ်သည့် (B.type)ကျောက်စိမ်း ဆိုးကျောက်မျိုးကိုသာ ကျွန်တော် မခွဲခြားနိုင်ပါ။ ပြည်တွင်းဖြစ် ဆိုးကျောက်မျိုးကိုမူ ကျွန်တော် ကောင်းစွာ ခွဲနိုင်ပါသည်။

ကျောက်သားမျက်နှာပြင်ပေါ်၌ အနုစိပ်ကြည့်လျှင် ဆေးအနံနေသည့် နေရာများကို တွေ့ရတတ်၏။

အပြစ်ရှိသည့်နေရာ၌ ထူးထူးကဲကဲ အဝါရောင်သန်းခြင်း၊ အပြာရောင် သန်းခြင်းများကို တွေ့တတ်၏။

အစိမ်းရောင်များ၌ နံနံပင်ကဲ့သို့ အမျှင်များကို မြင်ရတတ်၏။

အလင်းရောင်ပြင်းပြင်းအောက်၌ ဆိုးကျောက်၏ သရုပ်မှန် တစ်ခု မဟုတ် တစ်ခုကို အမြဲရှာ၍ တွေ့တတ်သည်သာ ဖြစ်၏။

ယခု ဘာမှမတွေ့။

ရောင်စစ်မှန်ပြား (chelsea color filter)ဖြင့် ကြည့်၏။ ဆိုးကျောက်၏ အရိပ်အရောင်မပြ။ အနီရောင်သို့ မပြောင်း။ စိမ်းမြဲစိမ်းနေ၏။ သိပ္ပံနည်းကျ စစ်ဆေးမှုများတွင် ဘာမှ အားနည်းချက်ဟူ၍ မတွေ့ရသေး။

ကျွန်တော် စိတ်မရှည်ချင်တော့။

ဖြတ်စတစ်ခုကို ကျောက်ဖြတ်ခုံသို့ ယူသွားပြီး နှစ်ပိုင်းဖြတ်ချပစ်လိုက်၏။

ဆိုးကျောက်ဖြစ်က ဖြတ်သားနေရာအတွင်းသားများ၌ အစိမ်းရောင် ရှိတော့မည်မဟုတ်။ သဘာဝကျောက်ခံ အသားအရောင်ပေါ်လာရမည်ဖြစ်၏။

ယခု စိမ်းမြဲစိမ်းနေ၏။

"ကိုထွန်းမြင့်. . ဒီမှာ ကြည့်စမ်း။ ဖြတ်သားနေရာမှာလည်း စိမ်းမြဲစိမ်း နေတယ်။ ကျောက်ကို ဆေးဆိုးတယ်ဆိုတာ အဝတ်လို ဆေးဆိုးလို့ရတာမှ မဟုတ်ဘဲ။ ခု ဖြတ်စတွေက တစ်သားလုံး စိမ်းနေတာပဲ။ ဆိုးကျောက် ဘယ်လို ဖြစ်နိုင်မှာလဲ"

"ဦးလှဝင်းရယ် ဆိုးကျောက်ဟာ ဆိုးကျောက်ပဲ။ ဘာမှ ငြင်းမနေနဲ့တော့။ ကျွန်တော်က ဘာမှ ဦးလှဝင်းလို သိပ္ပံသဘောအရ ကျောက်သဘောကို

www.foreverspace.com.mm



နားလည်တဲ့ လူတော့မဟုတ်ဘူး။ ဒါပေမဲ့ ကျောက်စိမ်းနဲ့ ပိုက်ဆံရှာစားတတ်တယ်။ ကျောက်စိမ်းအတု အစစ်ကို ကျွန်တော့်အာရုံတွေထဲကကို အလိုလို သိတယ်။ ဒီ ဖြတ်စနှစ်ခုကို တစ်သိန်းတောင်းပြီး အကြံအဖန်ကျောက်သာ မဟုတ်ရင် ဘယ်သူမှ ဦးလှဝင်းကို နှစ်ထောင်နဲ့ မရောင်းဘူး။ ကျွန်တော့်စကားကို မယုံရင် ဦးလှဝင်း တခြားကျောက်စိမ်းကုန်သည်တွေရဲ့ သဘောထားကို လိုက်မေးကြည့်"

တခြားကုန်သည်များကလည်း ကိုထွန်းမြင့်နှင့် တစ်သဘောတည်း ဖြစ်နေ၏။

ဘယ်သူမှ ကျွန်တော့်အယူအဆကို လက်မခံ။

ကျွန်တော့်ဖြတ်စနှစ်ခုကို ဘယ်သူမှ ဈေးမပေး။

သို့သော် ကျွန်တော်ကလည်း ယနေ့တိုင် လက်မလျှော့။

ခင်မင်သော ကျောက်စိမ်း ကုန်သည်ကြီးများ ကျွန်တော့်ရုံးခန်းသို့ အလည်လာတိုင်း ထိုဖြတ်စနှစ်ခုကို ထုတ်ပြပြီး သူတို့အယူအဆကို မေး၏။

ဆိုးကျောက်။ ။

လူတိုင်းကပင် ဆိုးကျောက်ဟု ပြော၏။

ဤကျောက်စိမ်းဖြတ်စကို မြင်ဖူးကြသည့် ကုန်သည်များကလည်း များလှလေပြီ။

မြင်ဖူးသူ များလွန်းသဖြင့် အချို့ ခင်မင်သူများကလည်း ကျွန်တော့်အပေါ် အကောင်းမမြင်တော့။ "ကိုလှဝင်း. . ဒီဖြတ်စနှစ်ခုကြောင့် ခေါင်းရှုပ်ပြီး နည်းနည်းချောင်သွားပြီ ထင်တယ်"

ကျွန်တော့်နောက်ကွယ်၌ ဤသို့ပင် ရယ်စရာ ပြောနေကြ၏။

ယနေ့ ဖားကန့် ကျောက်စိမ်းတွင်းမှ ကိုတင်ရွှေ ရုံးခန်းရောက်လာသည်။ ဤပုဂ္ဂိုလ်မှာ ယနေ့ ကျောက်စိမ်းလောက၌ အလွန်နာမည်ကြီးနေသည့် ပုဂ္ဂိုလ် ဖြစ်၏။

ဤပုဂ္ဂိုလ်ကလည်း ကျွန်တော့်ဖြတ်စနှစ်ခုကိုကြည့်ပြီး ဆိုးကျောက်ဟုပင် ပြော၏။

ခေါင်းခါ၏။

ကျွန်တော် အလွန်စိတ်ပျက်သွား၏။

သူ့ကို ရုံးခန်းတွင် ထားပစ်ခဲ့ပြီး ဗိုလ်ချုပ်ဈေး အတွင်းတန်းဘက်သို့

http://www.cherrythitsar.org

www.foreverspace.com.mm



တစ်ယောက်တည်း စိတ်ပြေလက်ပျောက် လျှောက်လာ၏။

“ဟေ့ကောင်. . . လှဝင်း”

အနောက်မှ လူတစ်ယောက်က ကျွန်တော့်နာမည်ကို လှမ်းခေါ်လိုက်ခြင်း ဖြစ်၏။

ထွန်းမောင် . . . ။

ကျွန်တော့် ငယ်သူငယ်ချင်း ထွန်းမောင် . . . ။

၁၉၅၈ ခုနှစ်၌ စစ်တက္ကသိုလ်တွင် လေးနှစ်အတူ နေခဲ့ကြဖူးသော ထွန်းမောင်။

“အစ္စရေးနိုင်ငံက ဒီနေ့ နှစ်စဉ် သွေးရောင်းနေတဲ့ စိန်ပမာဏက တန် ခုနစ်ရာ့နှစ်ဆယ် ရှိတယ်နော်”

“ဘာ တန် ခုနစ်ရာ့နှစ်ဆယ်. . ”

“ဟုတ်တယ်”

“မင်းကို ဘယ်သူပြောတာလဲ”

ကျွန်တော် ငပေါက်တစ်ယောက်နှင့် တွေ့နေပြန်ပြီ။

“မင်းပဲ ခုလ မြန်မာ့ဓနထဲမှာ ရေးထားတယ် မဟုတ်လား။ ဂရောင်ကြီး။ မင်းမေ့နေပြန်ပြီလား။ ‘စိန်နှင့်အစ္စရေး’ ဆိုတဲ့ ခုလ မြန်မာ့ဓနထဲက ဆောင်းပါးက မင်းရေးထားတဲ့ ဆောင်းပါး မဟုတ်လား”

ရယ်ရပါသည်။

သူမှန်ပြီး ကျွန်တော် မှားနေပါသည်။

“အေး. . ငါရေးတာ မှန်တယ်။ ဒါပေမဲ့ ငါမှတ်မိသလောက် စိန်အချိန်ကို ငါ တန်နဲ့ ဖော်ပြထားတာ မရှိပါဘူး”

“မင်း ဖော်ပြထားတယ်လို့ ငါ မပြောပါဘူး။ မင်း ကရက်ချိန်နဲ့ ဖော်ပြထားပါတယ်။ ဒါပေမဲ့ ငါ တွက်ကြည့်တယ်။ မင်းက အစ္စရေးက နှစ်စဉ် သွေးပေးနေတဲ့ စိန်ချိန်ပမာဏကို သန်းပေါင်း သုံးထောင်ခြောက်ရာရှိတယ်လို့ ရေးထားတယ် မဟုတ်လား။ ✻ ဒသမ ၂ ဂရမ်က တစ်ကရက်နဲ့ ညီတယ်ကွာ။ ဒီတော့ တစ်ဂရမ်မှာ ငါးကရက်ရှိတယ် မဟုတ်လား။ တစ်ကီလိုမှာက ဂရမ်တစ်ထောင်ရှိတယ်။ ဒီတော့ တစ်ကီလိုမှာ ကရက်ချိန် ငါးထောင်မရှိဘူးလား။ တစ်တန်မှာ ကီလိုတစ်ထောင်ရှိတယ်။ ဒီတော့ တစ်တန်မှာ ကရက်ချိန် ငါးသန်းမရှိဘူးလား။ ဒီတော့ ကရက်ချိန် သန်းပေါင်း သုံးထောင့်ခြောက်ရာဆိုတာ တန် ခုနစ်ရာ့နှစ်ဆယ်နဲ့ မတူညီဘူးလား”

ကျွန်တော် ကြောင်၍သွား၏။

http://www.cherrythitsar.org
www.foreverspace.com.mm


လန့်၍သွား၏။
ထွန်းမောင်ကို စိန်ရှူးဟု ကျွန်တော် ထင်ခဲ့သည်။
ယခု အရှူးက တစ်မူးသာ၍ သွားပြီ။
ကျွန်တော့်ကိုပင် ကျွန်တော် လန့်မိသော ကိန်းဂဏန်းများဖြင့် ခြောက်လှန့်၍ နေလေပြီ။
ဤသို့ ဆင်ခြင်တုံတရားအပြည့်နှင့် သူ၏ တွက်ဆတတ်ပုံကို ကြည့်လိုက်သည်နှင့် ဒီကောင် မရူး။
အရူး မဟုတ်နိုင်တော့။
"အေး. . ဟုတ်တယ်။ ငါလည်း မင်းခုပြောမှပဲ ကရက်ချိန်တွေကို တန်ချိန် ဖွဲ့ကြည့်ဖို့ သတိရတော့တယ်။ ငါ ရေးခဲ့တဲ့ ကရက်ချိန်တွေက အတိအကျ အမှန်တွေပဲ။ လွဲတာ မပါဘူး။ လွဲသွားမှာစိုးလွန်းလို့ မြန်မာ့ခနေက ကိုသီဟစောကိုတောင် အဲဒီဆောင်းပါးပေးပြီးတော့ အသေအချာ မှာထားခဲ့တယ်။ ဒီဆောင်းပါး စာစီပြီးရင် ကျွန်တော့်ကို ဖုန်းဆက်ခေါ်ပါ။ ကျွန်တော်ကိုယ်တိုင် ပရု လာဖတ်ပါ့မယ်လို့"
"မင်း သွားဖတ်လား"
"ဖတ်တယ်။ ဆောင်းပါးမှာပါတဲ့ ကိန်းဂဏန်းတွေဟာ အကုန်အမှန်ပဲ"
"ငါ မင်းဆောင်းပါး ဖတ်ကြည့်ပြီးတော့ သိပ်သဘောကျတယ်။ ကရက်ကနေ တန်ချိန်ပြန်ဖွဲ့ပြီးတော့ ပိုသဘောကျတယ်။ တန်ချိန် ခုနစ်ရာ့နှစ်ဆယ်ရှိတဲ့ စိန်အရိုင်းတွေကို အစ္စရေးတွေက ဘယ်ကသွားရှာလဲ။ စီအက်အို(CSO) မှာလည်း အရောင်းကျနေတယ်ဆိုတာ မင်း ဆောင်းပါးမှာ ပါတာပဲ။ ဒီကောင်တွေ ဘယ်ကမှ ရကြတာ မဟုတ်ဘူး။ တို့ဆီက . . . "
"ဘာ. . တို့ဆီက. . . "
"ဟုတ်တယ် တို့ဆီက။ ဒို့နိုင်ငံက ဒီကောင်တွေ တိတ်တိတ်သယ်သွားကြတာပဲ ဖြစ်လိမ့်မယ်။ မင်းကို ငါ တစ်ခါက ပြောပြဖူးတဲ့ ခြောက်သုညနှစ်ရှစ်တောင်ကုန်းပေါ်မှာ ငါတွေ့ထားတယ်ဆိုတဲ့ ငါ့စိန်တွေ. . "
ကျွန်တော် ရယ်ချင်လာပြန်သည်။
ဒီကောင် ပေါက်သွားပြန်ပြီ။
ထွန်းမောင် ပြောပြခဲ့သည် စိန်များမှာ စိန်မဟုတ်။
သလင်းကျောက်များ ဖြစ်၏။

http://www.cherrythitsar.org
www.foreverspace.com.mm



ဤအကြောင်းကို အထောက်အထားအမျိုးမျိုးဖြင့် သူ့ကို ကျွန်တော် အသေအချာ ရှင်းပြခဲ့ဖူး၏။

သို့သော် သူ လက်မခံ။

စိန်ဟုသာ သူ စွဲနေ၏။

သနားဖို့လည်း ကောင်းပါသည်။

လွန်ခဲ့သော သုံးလခန့်ကလည်း သူ ကျွန်တော့်ကျောက်မျက်ဓာတ်ခွဲ ခန်းသို့ တစ်ကြိမ်လာဖူးသေး၏။

"သူငယ်ချင်း . . မင်း ဒီကျောက်သုံးပွင့်ကို အသေအချာ စစ်ကြည့်ပေးစမ်းပါကွာ။ စိန်အစစ်တွေကွ။ ဒါပေမဲ့ လူတွေ နားမလည်ဘူး။ ငါ့ကို စိန် မဟုတ်ဘူးလို့ ငြင်းနေကြတယ်"

အဖြူရောင် ကျောက်လေးသုံးပွင့် ဖြစ်၏။

လှပစွာ သွေးထား၏။

ကျွန်တော် သူ့ကျောက်ကို ကိုင်ကြည့်လိုက်သည်နှင့် စိန်မဟုတ်သည်ကို ချက်ချင်းသိ၏။

သို့သော် သူ စိတ်ကောင်းရန်အတွက် ကျောက်စစ်မီးဖြင့် ကြည့်၏။

ကျောက်စစ်မှန်ဘီလူးနှင့် စစ်၏။

စိန်စစ်ကိရိယာဖြင့် စမ်း၏။

အလင်းယိုင်ကိန်းရှာ ကိရိယာပေါ်တင်၏။

"ထွန်းမောင် . . မင်းဟာ စိန် မဟုတ်ဘူးကွ"

"စိန်ပါ သူငယ်ချင်းရာ။ ငါက ငွေမက်လို့ မဟုတ်ဘူး။ ဒီကျောက်သုံးပွင့်ကိုလည်း ဘယ်သူ့မှ သွားမရောင်းပါဘူး။ ငါ မခံချင်လွန်းလို့ပါ။ ဒီကျောက်သုံးပွင့်ဟာ စိန်တွေဖြစ်တယ်ဆိုတဲ့ စစ်ဆေးချက်မှတ်တမ်းတစ်ခု မင်းရေးပေးစမ်းကွာ"

ကျွန်တော် ရေးပေးချင်လှပါသည်။

သို့သော် မရေးရဲ။

ကျွန်တော် အရှက်ကွဲမည်။

ပြဿနာတက်ခံရနိုင်သည်။

"ထွန်းမောင် . . စိန် ဟုတ်တယ် မဟုတ်ဘူးဆိုတာ တို့ရှေ့ဘုံသာလမ်း

http://www.cherrythitsar.org

www.foreverspace.com.mm



က ရတနာကုန်သည်တိုင်း ကြည့်တတ်၊ စစ်တတ်တယ်။ ဘယ်ဓာတ်ခွဲခန်းမှ သွားစရာတောင် မလိုဘူး။ စစ်ပေးရတာလည်း သိပ်လွယ်တယ်။ ငါ မင်းကို တစ်ခါတည်း သင်ပေးလိုက်မယ်ကွာ။ ကျောက်တစ်ပွင့်ဟာ စိန် ဟုတ်၊ မဟုတ်ကို မင်းပထမဆုံး ခါးကိုသာ မှန်ဘီလူးလေးနဲ့ကြည့်လိုက်။ စိန်အစစ်ဆိုရင် ကိုးဆယ့်ကိုးဒသမ ကိုးကိုး ရာခိုင်နှုန်း ဘယ်တော့မှ အရောင်မတင်ဘူး။ ခါးက ကြမ်းနေလိမ့်မယ်။ နောက်တစ်ချက်က မင်း ဒီချွန်းဘက်က ဟောဒီလို အလင်းရှိတဲ့ဘက်ကို ထောင်ကြည့်။ ချွန်းထိပ်မှာပဲ အလင်းရောင် စုနေတာတွေ့ရမယ်။ ဒီလို သတ္တိများဟာ ဘယ်ကျောက်မှာမှ မရှိဘူး”

ထွန်းမောင် စိတ်မဝင်စား။

မျက်နှာမကောင်း။

သူလိုချင်နေသည်မှာ သူ့ကျောက်သုံးပွင့်ကို စိန်ဖြစ်ကြောင်း ကျွန်တော့်၏ ထောက်ခံပေးရန် ဖြစ်၏။

ကျွန်တော်ကလည်း ထုတ်မပေးရဲ။

သူပြန်သွား၏။

ထွန်းမောင် သလင်းကျောက်များကို စိန်ဟု စိတ်စွဲနေသည်မှာ ကြာလေပြီ။

ကျွန်တော် မှတ်မိသရွေ့ ဆယ်နှစ်ပင် ကျော်လာခဲ့ပြီဟု ထင်၏။

ကျွန်တော် ဒီသတင်းကို စ သိသည်မှာ သူ့ထံမှမဟုတ် ထိန်ဝင်းထံမှ ဖြစ်၏။

ထိန်ဝင်းထံမှ ဖြစ်၏။

ထိန်ဝင်းမှာလည်း ကျွန်တော်နှင့် စစ်တက္ကသိုလ်တွင် သုံးနှစ်နေဖူး၏။ သို့သော် ကျွန်တော့်ထက် တစ်နှစ် နောက်ကျသူဖြစ်၏။

၁၉၅၉ ခုနှစ် စစ်တက္ကသိုလ်သို့ ရောက်လာသူ ဖြစ်သည်။

သို့သော် ထိန်ဝင်းမှာလည်း ကျွန်တော်ကဲ့သို့ပင် တပ်မတော်၌ ဆယ်နှစ်ခန့်သာ အမှုထမ်းပြီး အပြင်လောက၌ ကုန်သည်လုပ်နေသူ ဖြစ်၏။

အောင်မြင်သော ကုန်သည်တစ်ဦးလည်း ဖြစ်၏။

တစ်နေ့ ထိန်ဝင်း ကျွန်တော့်အိမ်သို့ ရောက်လာ၏။

“ကိုလှဝင်း. . ဒီကျောက်တွေဟာ စိန် ဟုတ်တယ် မဟုတ်ဘူးဆိုတာ

www.foreverspace.com.mm



စစ်ပေးစမ်းပါဗျာ”

ကျွန်တော်က ထိန်ဝင်း ယူလာသော ကျောက်များကို စစ်ဆေးကြည့်လိုက်၏။

တစ်ပွင့်မှ စိန်မပါ။

သလင်းဖြူများ ဖြစ်နေ၏။

“မင်းဟာ သလင်းကျောက်တွေ ထိန်ဝင်း။ အင်္ဂလိပ်လိုတော့ Quartz လို့ ခေါ်တယ်”

“ကျွန်တော်လည်း ဒါတွေ စိန် မဟုတ်ဘူးလို့တော့ ထင်သားပဲ။ ဒါပေမဲ့ ထွန်းမောင်က စိန်လို့ အတင်းပြောနေလို့ ပိုသေချာအောင် ခင်ဗျားဆီ ယူလာပြတာ။ တကယ်တော့ ဒီကျောက်မျိုးနှစ်ပွင့်ကို ကျွန်တော့်မိတ်ဆွေ ဒတ်(ချ်) ကုန်သည်တစ်ယောက်နဲ့ လူကြုံပါးပြီး (အင်စတာဒန်)က ကျောက်မျက်ဓာတ်ခွဲခန်းမှာတောင် စစ်ခိုင်းပြီးပြီ။ စိန်မဟုတ်ဘူးလို့ သူတို့ကလည်း ကျွန်တော့်ကို အကြောင်းပြန်ပါတယ်။ ဒါပေမဲ့ ထွန်းမောင်ကို ပြန်ပြောတော့ သူ လက်မခံဘူး။ ကျွန်တော့်မိတ်ဆွေ ဒတ်(ချ်)က ဈေးပေါပေါနဲ့ မြန်မာပြည်မှာ လာဝယ်လို့ရအောင်လို့ အကြံအဖန်လုပ်တာလို့ စွပ်စွဲနေတယ်”

“ထွန်းမောင်က ခု ဘာလုပ်နေလဲ”

“အတည်တကျအလုပ်တော့ မရှိသေးပါဘူး။ အပြင်မှာ ခိုင်ခိုင်မာမာ ရပ်နိုင်အောင် ကြိုးစားနေရတုန်းနဲ့ပဲ တူပါတယ်။ ဒီကောင်နဲ့ ကျွန်တော်က အထက်တန်းကျောင်းသားဘဝတည်းက ခင်ခဲ့ကြတဲ့ သူငယ်ချင်းတွေ။ ဒါကြောင့် ကျွန်တော်က သူ့အပေါ် သံယောဇဉ်ရှိတယ်။ ကူညီနိုင်တာ ဖြစ်နေရင်လည်း ကူညီချင်လို့ ခင်ဗျားဆီ ယူလာပြပေးတာ”

ထို့နောက်လည်း ထွန်းမောင်နှင့် စိန်ပြဿနာများကို တစိုးတစ သတင်းများကို မကြာခဏကြား၏။ ထိန်ဝင်း ပြန်ပြောပြ၍ ကြားသိသမျှ အချို့သတင်းများမှာလည်း အလွန်ရယ်ဖို့ ကောင်း၏။

ကျွန်တော် မကြာခဏပင် သူ့အကြောင်း စာရေးရန် သတိရ၏။

သို့သော် အကြောင်းအမျိုးမျိုးနှင့် မရေးဖြစ်။

ယနေ့ မြင်တွေ့ချိန်၌မူ သူ့အကြောင်းကို စာရေးရန် ယတိပြတ်ပင် ဆုံးဖြတ်လိုက်၏။

အံ့စရာ လူ့လောက။

လူကောင်းနှင့်လူရူးမှာ အလွန်ပါးသော စည်းလေးတစ်ခုသာ ခြားနေ

www.foreverspace.com.mm



သည်။

ထွန်းမောင်ကို အရူးဟုပြောလျှင် ကျွန်တော်လည်း အရူးပင်ဖြစ်၏။

ကျွန်တော်က ကျောက်စိမ်းရူး။

ထွန်းမောင်က စိန်ရူး။

ရူးပုံချင်း မတူကြသော်လည်း အစွဲအလမ်းကြီးနေပုံများမှာ ခပ်ဆင်ဆင်ဖြစ်၏။

"ထွန်းမောင်. . . မင်း ဒီနေ့ မအားဘူးလား"

"ဘာလုပ်ဖို့လဲ"

"မင်းနဲ့ စိန်အကြောင်းကို စာရေးချင်လို့ကွာ။ ထိန်ဝင်းဆီက တစ်ဆင့် မင်းနဲ့စိန်အကြောင်းတွေကို ငါ ကြားနေရတာတော့ ကြာပါပြီ။ ဒါပေမဲ့ တစ်ဆင့်စကားတွေ ဖြစ်နေလို့ မရေးချင်ဘူး။ မင်းကိုယ်တိုင် ပြောပြတာတွေကို ငါ ကြားချင်တယ်။ လာကွာ။ (အက်(ဗ်)အမ်အိုင်)ကုန်တိုက်အပေါ် ဆုံးထပ်က လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သွားသောက်ရင်း စကားပြောကြရအောင်"

ထွန်းမောင်က ဘာမှ မငြင်းဘဲ ကျွန်တော်နှင့် လိုက်လာ၏။

"ကဲ. . သူငယ်ချင်း ဆိုပါဦး။ မင်း စိန်တွေကို စပြီး မင်း တွေ့တာက ကချင်ပြည်နယ်ဘက်မှာဆိုတာ မှန်လား"

"မမှန်ပါဘူး။ ဝတွေရဲ့ နယ်ထဲမှာ. . . "

"ဘာ. . ဝတွေရဲ့ နယ်ထဲမှာ. . "

"ဟုတ်တယ်။ ငါက အဲဒီတုန်းက တပ်ခွဲမှူး။ ဗကပတွေကလည်း သိပ်သောင်းကျန်းနေတဲ့အချိန်။ ၁၉၈၁ ခုနှစ်အတွင်းက ဆိုပါတော့။ ဝတွေရဲ့ မဟာမန်းမြို့နယ်ထဲမှာ ခြောက်သုည နှစ်ရှစ်ဆိုတဲ့ တောင်ကုန်းရှိတယ်။ ငါ့တပ်က အဲဒီတောင်ကုန်းပေါ်မှာ စခန်းချပြီး တပ်စွဲရတယ်"

"အဲဒီတောင်ထိပ်မှာ မင်း စိန်တွေကို စတွေ့တာလား"

"ဟုတ်တယ်"

"ဘယ်လိုတွေ့တာလဲ"

"ဒီလိုကွာ။ ငါတို့က ဗကပတွေ အလုံးအရင်းနဲ့ ဝင်တိုက်ရင် ခံစစ်အနေနဲ့ ပြန်တိုက်ဖို့ ကတုတ်ကျင်းတွေ တူးကြတယ်။ ဒီလိုတူးရင်းနဲ့ လည်ပင်းအနက်လောက်ရောက်တော့ ကျောက်တုံးကြီးတွေကိုတွေ့တယ်။ အဲဒီ ကျောက်တုံးကြီးတွေကို ရဲဘော်တွေက လက်ဆော့ပြီး ပေါက်ပြားနဲ့ ရိုက်ခွဲလိုက်တော့ အထဲက သိပ်လှတဲ့စိန်လို့ ယူဆနိုင်တဲ့ ကျောက်တွေ ထွက်လာတယ်"

www.foreverspace.com.mm



"ကျောက်တုံးကြီးရဲ့အပြင်ဘက်အရောင်က ရိုးရိုးဝါညိုရောင် မဟုတ်ဘူးလား"

"ဟုတ်တယ်"

"ဒါဖြင့်ရင် ငါသိပြီ။ အဲဒါ ဘာကျောက်တုံးကြီးလဲဆိုတာ"

"ဘာလဲ။ မင်း Geode လို့ ပြောမလို့ မဟုတ်လား"

ကျွန်တော် လန့်၍ပင်သွား၏။

မှန်သည်။

အပြင်၌ အခွံခံနေပြီး အတွင်းသား၌ အလွန်လှသော ပုံဆောင်ခဲများ ပွတ်ပြီး သန္ဓေတည်နေသော ကျောက်မျိုးကို ရတနာပညာ၌ Geode ဟုခေါ်၏။

"ရိုးရိုး မင်းတို့သိထားတဲ့ သလင်း Geode မဟုတ်ဘူး သူငယ်ချင်း။ စိန်တွေစုနေတဲ့ ကျောက်လို့ ယူဆနိုင်တဲ့ ထူးခြားတဲ့ Geode မျိုး"

"ဆိုပါဦး။ ဒီကျောက်တွေ တွေ့တော့ မင်း ဘာလုပ်လဲ"

"ငါတွေ့တာ မဟုတ်ဘူး။ ရဲဘော်တွေကတွေ့ပြီး ငါ့ကိုလာပြတာ။ ငါကလည်း တပ်ရင်းမှူးကို ဆက်ပြတယ်။ ဒါပေမဲ့ တပ်ရင်းမှူးရော အခြားအရာရှိတွေကော ဘယ်သူမှ စိတ်မဝင်စားဘူး။ ကျောက်ဖြူတွေသာ စိန်ဖြစ်ခဲ့ရင် တို့တစ်နိုင်ငံလုံး ချက်ချင်း ချမ်းသာနိုင်တယ်ဆိုတဲ့ အကွက်မမြင်ကြဘူး။ ငါက မြင် လိုက်တာနဲ့ စိန်တွေဖြစ်နိုင်တယ်ဆိုတာ သိတယ်။ ဒါကြောင့် ငါက အဲဒီရေခဲလို ကြည်လင်ပြီး ဖြူနေတဲ့ကျောက်တုံးလှလှလေးတွေကို အသေအချာရွေးပြီး ကျောပိုးအိတ်နဲ့ အပြည့်သိမ်းထားလိုက်တယ်"

"မင်း နောက်တန်းကို ပြန်လာတော့လည်း ဒီကျောက်ဖြူတွေကို ယူလာတယ်ဆိုပါတော့"

"ဟုတ်တယ်။ တို့တပ်ရင်း နောက်တန်းပြန်တော့ ဒီကျောက်တွေ ငါယူလာတယ်။ တပ်ရင်းပြန်ရောက်ပြီး တစ်နှစ်လောက်နေတော့ ငါလည်း ကျန်းမာရေးမကောင်းလို့ တပ်က ထွက်လိုက်တယ်။ ရန်ကုန်မှာလာပြီး အခြေချဖို့ ကြိုးစားတယ်။ စုငွေကလည်း အလုံအလောက်မရှိတော့ ရန်ကုန်မှာ မနေနိုင်ပါဘူး။ မှော်ဘီမှာ သွားနေရတယ်။ သစ်သားအိမ်ငယ်လေးကို ဖြစ်သလိုငှားပြီး နေရတယ် ဆိုပါတော့"

"မင်းရဲ့ ကျောက်ဖြူတွေနဲ့ပတ်သက်ပြီးတော့ရော မင်းဘယ်လို ဆက်လုပ်လဲ"

http://www.cherrythitsar.org

www.foreverspace.com.mm



"ငါက စိန်လို့ သံသယဖြစ်နေတဲ့နောက် စိန်နဲ့ပတ်သက်တဲ့စာအုပ်စာတမ်းတွေ ရန်ကုန်မှာ ရှာလို့ရသမျှရှာပြီး ဖတ်တယ်"

"နောက်တော့. ."

"နောက်တော့ ငါ ရင်ဆိုင်ရတဲ့ပြဿနာက ဓာတ်ခွဲခန်းသုံးကိရိယာ ပစ္စည်းတစ်ခုမှ ငါ့မှာမရှိ ဖြစ်နေတာပဲ။ ပြည်ပကို မှာဝယ်ဖို့လည်း ပိုက်ဆံ မရှိဘူးကွာ။ ဒါကြောင့် စိန် ဟုတ် မဟုတ်ကို ငါ ဘယ်လို စမ်းသပ်ရသလဲဆိုတော့ ဗဟိုသုတေသနရုံးသွားပြီး နမူနာကျောက်တွေ ယူသွားပြီးပြတယ်။ ငါ့အကြောင်း အသေးစိတ်ပြောပြပြီး စစ်ဆေးပေးဖို့ အကူအညီ တောင်းတယ်"

"စစ်ပေးလား"

"စစ်ပေးတယ်"

"တွေ့ရှိချက်က. . ."

"စိန်မဟုတ်ဘူး။ သလင်းကျောက်တွေတဲ့"

"အဲဒီတော့ . ."

"ငါက ဘယ်လက်ခံမလဲကွ။ ဒီကောင်တွေက သေသေချာချာ စစ်ကြတာမှ မဟုတ်ဘဲ"

ကျွန်တော့်ရင်ထဲ၌ ရယ်ချင်လာပါသည်။ မနည်းကြိုးစား အောင့်နေရသည်။

"မင်း ဘာဆက်လုပ်လဲ"

"ရွှေဘုံသာလမ်းက စိန်သွေးဆရာတွေ၊ စိန်ကုန်သည်တွေဆီသွားတာပေါ့ကွ"

"သူတို့ကရော ဘာပြောလဲ"

"စိန်ကုန်သည်တွေကတော့ ဉာဏ်မမီဘူး။ ဘာကျောက်မှန်းမသိဘူးလို့ပြောတယ်။ စိန်သွေးဆရာကတော့ သံပြင်ပေါ် စမ်းသွေးကြည့်ပြီး စိန် မဟုတ်ဘူးလို့ ပြောတယ်"

"အဲဒါလဲ မင်း လက်မခံသေးဘူးလား"

"မခံဘူး။ သူတို့ပြောတာတွေက သိပ္ပံနည်းကျ ပြောတာမှမဟုတ်ဘဲ။ စိတ်ထဲ ထင်ရာပြောကြတာပဲ"

"ဆိုပါဦး။ ဒီတော့ မင်း ဘာဆက်လုပ်လဲ"

"ငါ ပြည်ပအဆက်အသွယ်ကိုရှာတယ်"

www.foreverspace.com.mm
http://www.cherrythitsar.org



"ဘယ်လိုရှာလဲ"

"ပထမဆုံး ထိန်ဝင်းဆီသွားပြီး အင်စတာဒန်မြို့က ကျောက်မျက်ခာတ်ခွဲခန်းခန်းမှာ စမ်းသပ်ပေးဖို့ အကူအညီတောင်းတယ်"

"ထိန်ဝင်းက လုပ်ပေးလား"

"လုပ်ပေးပါတယ်။ ဒါပေမဲ့ မစွံဘူးကွာ။ ဒီကောင်ကလည်း ငါ့ကို နှိမ်ဖို့ ကြံပြန်တယ်"

"ဘယ်လို ကြံတာလဲ"

"ပထမဆုံး ဒါ စိန်မဟုတ်ဘူးတဲ့။ နောက် တန်ဖိုး . . . "

"ဆိုပါဦး တန်ဖိုးက . . "

"ယူသွားတဲ့ ပစ္စည်းနှစ်ခုရဲ့တန်ဖိုးကို ဒတ်(ချ်)ကုန်သည်က သုံးဒေါ်လာနဲ့ ခြောက်ဒေါ်လာပဲ တန်တယ်လို့ ကြေးနန်းပြန်တယ်။ အဲဒီလို ပြန်တာက အကြံအဖန်တွေကွ။ ထိန်ဝင်းနဲ့ သူ့ ဒတ်(ချ်)မိတ်ဆွေရဲ့ အကြံအဖန်"

"ဘယ်လို အကြံအဖန်လဲ"

"မင်းတို့ ရတနာလောကမှာ တစ်သောင်းဆိုရင် တစ်ကျပ်လို့ ပြောတယ်။ နှစ်သောင်းဆိုရင် နှစ်ကျပ်လို့ပဲ ပြောတယ်မဟုတ်လား"

"ပြောတယ်။ တစ်သိန်းလည်း တို့က တစ်ကျပ်ပဲ။ တစ်သောင်းမှ တစ်ကျပ်ပြောတာ မဟုတ်ဘူး"

"ငါ သိပါတယ်။ ခု သုံးဒေါ်လာ၊ ခြောက်ဒေါ်လာဆိုတာလည်း ဒတ်(ချ်)ဘက်က တကယ် သုံးဒေါ်လာ၊ ခြောက်ဒေါ်လာကို ပြောတာမဟုတ်ဘူး။ ဒေါ်လာသုံးထောင်၊ ဒေါ်လာခြောက်ထောင်ကို ပြောပြချင်တာ။ ဒါကြောင့် ငါက ထိန်ဝင်းကို ပြောတယ်။ မင်း မညာနဲ့။ ငါ့ကို အမှန်ကိုပြော။ မင်းကို ရောင်းပြီးရင် ငွေတစ်ဝက်တိတိ ခွဲပေးမယ်။ သုံးဒေါ်လာဆိုတာ ဒေါ်လာ သုံးထောင်မဟုတ်လားလို့ ပြောတော့ ဒီကောင်က ဇွတ်ငြင်းတယ်။ ငါ့ကို သောက်ရူးဆိုပြီး ဆဲတယ်။ ငါလည်း ဒီကောင်ကို ပြန်ဆဲပြီး အဲဒီအချိန်ကစပြီး ဒီကောင်နဲ့ အဆက်ဖြတ်ပစ်လိုက်တယ်။ ငွေနဲ့ပတ်သက်လာရင် ငယ်သူငယ်ချင်းဆိုတာလည်း ယုံလို့ မရတော့ဘူးကွ"

ကျွန်တော် အလွန် ရယ်ချင်နေပါသည်။

"ကဲ. . နောက် မင်း ဘာဆက်လုပ်လဲ ပြောပြပါဦး"

"ငါ့အစွမ်းအစနဲ့ပဲ ကမ္ဘာ့ခာတ်ခွဲခန်းကြီးတစ်ခုခုမှာ ငါကိုယ်တိုင် ယူ

http://www.cherrythitsar.org

www.foreverspace.com.mm



သွားပြီး စစ်ဆေးခိုင်းမယ်လို့ ဆုံးဖြတ်လိုက်တယ်။ မြန်မာပြည်ကိုလာတဲ့ ကမ္ဘာ-လှည့်ခရီးသည်တွေနဲ့ သွားစကားပြောပြီး ပြည်ပမှာရှိတဲ့ ကျောက်မျက်စေတ်ခွဲခန်းတွေအကြောင်းကို စုံစမ်းတယ်။ သူတို့ဆီက ရတဲ့ လိပ်စာတွေနဲ့ စာရေးပြီး ဆက်သွယ်တယ်။ နောက်ဆုံးတော့ ဘန်ကောက်မှာရှိတဲ့ အေအိုင်ဂျီအက်(စ်) [Asia Institute of Gemological Science] နဲ့ ဆက်သွယ်မိတယ်။ သူတို့ကို ငါ စာရေးပြီးမေးတယ်။ ငါ့ဆီမှာ စိန်လို့ ယူဆနိုင်တဲ့ ကျောက်အဖြူတွေ စုဆောင်းထားတာ ရှိတယ်။ သူတို့ အတုအစစ်ခွဲပေးဖို့ ဝယ်ဖို့ စိတ်ဝင်စားလားလို့"

"ဘာအကြောင်းပြန်လဲ"

"အလွန် စိတ်ဝင်စားတယ်။ ဘန်ကောက်မြို့ကိုသာ ယူလာခဲ့ပါတဲ့"

"ဒါနဲ့ မင်း ဘန်ကောက်မြို့ကို သွားရောလား"

"သွားတာပေါ့ကွာ"

"ရောက်သွားရောလား"

"မရောက်ဘူး"

"ဘာဖြစ်လို့လဲ"

"နယ်စပ်တောင် မရောက်ပါဘူးကွာ။ ကော့ကရိတ်မြို့မှာတင် ငါ အဖမ်းခံရတယ်"

"ဘာအတွက် မင်းကို ဖမ်းတာလဲ"

"ရဲတွေက မှောင်ခိုပစ္စည်းလိုက်ရှာတော့ ငါ့ရဲ့ ကျောက်အဖြူတွေကို တွေ့သွားရော။ ဘာကျောက်တွေလဲလို့ ငါ့ကိုမေးတော့ ငါက အမှန်အတိုင်းပဲ စိန်အရိုင်းတွေလို့ ပြောလိုက်တယ်။ စိန်အရိုင်းတွေဆိုတော့လည်း ပြည်တွင်းက အဖိုးတန်ကျောက်မျက်တွေ ပြည်ပ ခိုးထုတ်မှုနဲ့ ငါ့ကို ဖမ်းတော့တာပေါ့ကွာ"

"မင်းကို ကော့ကရိတ်မြို့မှာပဲ တရားစွဲပြီး ရုံးတင်လား"

"မတင်ဘူး။ ငါက စိန်အရိုင်းတွေ အမြောက်အမြား စစ်ကျောပိုးအိတ်ကြီးတစ်လုံးနဲ့ အပြည့်သယ်လာတာဆိုတော့ အမှုက ချက်ချင်း အမှုကြီးဖြစ်သွားတယ်။ ငါ့ကို ချက်ချင်း ရဲအစောင့်အကြပ်နဲ့ မော်လမြိုင် ပို့တယ်။ မော်လမြိုင်က လေယာဉ်ပျံနဲ့ ရန်ကုန်ဆက်ပို့တယ်"

"ရန်ကုန်ရောက်တော့. . "

"ရန်ကုန်ရောက်တော့ ငါ့ကို စစ်ဆေးတာပေါ့ကွာ။ ငါကလည်း အကုန်အမှန်အတိုင်းထွက်တယ်။ ငါ့မှာ မရိုးသားတဲ့စိတ်မှမရှိဘဲ။ ပြည်ပကိုသွားပြီး စိန်

http://www.cherrythitsar.org

www.foreverspace.com.mm



ရိုင်းတွေကို ခိုးရောင်းချင်လို့ ရောင်းတာမှမဟုတ်ဘဲ။ နိုင်ငံတော်ရဲ့ သုတေသန ဌာနတွေကိုလည်း သွားပြပြီးပြီ။ ဒီ စိန်သိုက်ကြီးအကြောင်းကိုလည်း စာတမ်း ပြုစုပြီး တင်ပြထားပြီးပြီ။ သူတို့ကမှ ငါ့ကို မယုံကြဘဲကွာ။ ငါ့ထွက်ချက်က အရှည် ကြီး။ အားလုံး လေးဆယ့်ကိုးမျက်နှာရှိတယ်"

"စစ်ဆေးပြီးတော့ . . . "

"ငါ့ကို ထောင်ထဲပို့လိုက်တယ်"

"ထောင်ထဲမှာ မင်း ဘယ်လောက်နေလိုက်ရလဲ"

"ကိုးရက်ပဲ"

"ဟင်. . ကိုးရက်ထဲ။ ခဏလေး နေလိုက်ရတာလားကွ"

"ဟုတ်တယ်။ ဟိုကောင် သောက်သုံးမကျလို့"

"ဘယ်ကောင်လဲ"

"ထိန်ဝင်း . . "

"ထိန်ဝင်းက ဘာဝင်ရှုပ်ပြန်တာလဲ"

"ဒီလိုကွာ။ ငါ့ရဲ့ထွက်ချက်ထဲမှာ ဒီကောင့်အကူအညီနဲ့ နယ်သာလန် နိုင်ငံ အင်စတာဒန်မြို့က ကျောက်မျက်ဓာတ်ခွဲခန်းကိုလည်း စိန်နှစ်ပွင့်ပို့ပြီး စစ်ဆေးဖူးတယ်လို့ ထွက်ထားတော့ ရဲက ထိန်ဝင်းကို သွားမေးတာပေါ့ကွာ"

"ထိန်ဝင်းက ဘာပြောလိုက်လဲ"

"ဒီကောင်က ပြောလိုက်တယ်တဲ့ကွာ။ အင်စတာဒန်မြို့ ဓာတ်ခွဲခန်းက ကျောက်နှစ်ပွင့်ပို့ပြီး စစ်ခိုင်းတာ မှန်တယ်။ ဒါပေမဲ့ အဲဒါ စိန်တွေမဟုတ်ဘူး။ သလင်းကျောက်တွေ။ နောက် ငါ့ကို ဖမ်းထားတာလဲ တလွဲဖမ်းထားတာ။ ငါက ကျောက်မှောင်ခို မဟုတ်ဘူး။ စိန်ရူး. . ။ အရူး။ ခင်ဗျားတို့ သွားဖမ်းရင် ခင်ဗျား တို့ အရူးဖြစ်ကုန်လိမ့်မယ်လို့ ပြောတော့ ရဲအရာရှိတွေကလည်း ကြောင်ကုန်တာ ပေါ့ကွာ။ ငါ့ကိုလည်း အထင်မကြီးတော့ဘူးပေါ့ကွာ။ တော်တော် အသုံးမကျတဲ့ အကောင်။ နောက် ပိုက်ဆိုးချင်တော့ သူတို့က ငါနေတဲ့အိမ်မှာ ကျန်သေးတယ် လို့ပြောထားတဲ့ မှော်ဘီက အိမ်သွားပြီး စိန်တွေ သွားသိမ်းတယ်။ ငါနေတဲ့အိမ် က အိမ်စုတ် မဟုတ်လား။ အဲဒီအိမ်ကို မြင်တော့ ဒီလိုအိမ်မျိုးမှာနေတဲ့ လူဟာ ဒီလောက်များတဲ့ စိန်တွေ မပိုင်နိုင်ဘူးလို့ သံသယ ဖြစ်ကုန်ကြတယ်"

"ဒီတော့. . "

"အမှုကို တရားသေ ချက်ချင်းပိတ်ပြီး ငါ့ကို ပြန်လွှတ်လိုက်တာပေါ့"

http://www.cherrythitsar.org

www.foreverspace.com.mm



"မင်းကို လာလွှတ်တဲ့ ရဲအရာရှိက မင်းကို ဘာပြောလဲ"

"ဘာမှ အထူးမပြောပါဘူး။ စိန်သူဌေးကြီး . . ကျွန်တော်တို့ ခင်ဗျားကို အမှုမလုပ်တော့ဘူး။ ပိတ်ပစ်လိုက်ပြီ။ ကြွလိုရာ ကြွပေတော့တဲ့"

ကျွန်တော် အသံထွက်၍ ရယ်လိုက်ပါသည်။

ထွန်းမောင်ကလည်း ရောၡ ရယ်ပါသည်။

"မင်းပစ္စည်းတွေကိုရော ပြန်ပေးလား"

"မပေးဘူးကွ။ ငါလည်းမတောင်းဘူး။ စာရင်းရှုပ်နေမှာစိုးလို့။ အဲဒီလို ပြန်မပေးလို့လဲ ငါ့မှာ သံသယစိတ်တွေ ပိုကြီးနေတယ်။ စိန်သာမဟုတ်ခဲ့ရင် သူတို့ ငါ့ကို ပြန်ပေးမှာပေါ့။ ခု ဘာကြောင့် ပြန်မပေးကြတာလဲ"

"အင်း . . တွေးစရာပဲ။ မင်းလက်ထဲမှာတော့ ဟို . . ခြောက်သုံ့ညနှစ်ရှစ် တောင်ကုန်းက သယ်လာတဲ့ စိန်တွေ တစ်ခုမှ မရှိတော့ဘူးပေါ့"

"မရှိတော့ဘူး။ ဒါပေမဲ့ ထပ်ရှာထားတာတွေတော့ ရှိသေးတယ်။ အဲဒီ တောင်ကုန်းကရလာဖူးတဲ့ စိန်တွေအတိုင်းပါပဲ"

"ဘယ်က ထပ်ရှာတာလဲ"

"ပျဉ်းမနားမြို့ အရှေ့ဘက်က။ ငါက ပျဉ်းမနားသားကွ။ ငါ ထောင်က ထွက်လာပြီးတော့ စဉ်းစားကြည့်တယ်။ တောင်ကုန်း ခြောက်သုညနှစ်ရှစ်မှာ စိန်ထွက်ရင် မြန်မာနိုင်ငံရဲ့ အခြားနေရာတွေမှာလည်း စိန်ထွက်ရမယ်။ တို့ ပျဉ်းမနားမြို့ အရှေ့ဘက်ခြမ်းမှာလည်း ကျောက်ဖြူတွေထွက်တဲ့သတင်းကို ငါ ငယ်ငယ်ကတည်းက ကြားဖူးတယ်။ ဒါကြောင့် ပျဉ်းမနားပြန်သွားပြီး ပျဉ်းမနား အရှေ့ဘက်ခြမ်းတောထဲမှာ လိုက်ရှာတယ်"

"တွေ့လား"

"တွေ့တာပေါ့။ တွေ့တာမှ အများကြီး။ သယ်လို့တောင် မနိုင်ဘူး"

"ဘယ်အရွယ်တွေလဲ"

"အရွယ်စုံပဲ"

"လေးပိဿာအထက် ရေခဲလိုကြည်လင်ပြီး အပြစ်စင်တဲ့ ကျောက်ကြီးတွေရော မတွေ့ဘူးလား"

"တွေ့တယ်။ ငါတောင် ရန်ကုန်အထိ ယူလာဖူးသေးတယ်"

"များများ မင်း ယူလာပေးနိုင်မလား"

"ယူလာနိုင်တယ်"

http://www.cherrythitsar.org

www.foreverspace.com.mm



"ဒါဖြင့်ရင် ဒီလိုလုပ်။ သလင်းဖြူ (rock crystal) ဝယ်ချင်တဲ့ ဟောင်ကောင်က တရုတ်ကုန်သည်တွေ ငါ့ကို လာမှာထားတာရှိတယ်။ လေးပိဿာအထက် အစင်အသန့်ဆိုရင် မင်း တစ်ပိဿာ ရှစ်ထောင်ဈေးရမယ်။ ဆယ်ပိဿာ အထက်အရွယ်ဆိုရင်တော့ မင်း တစ်သောင်းဈေးရမယ်။ မင်းကို ငါ တိုက်ရိုက် ဆက်သွယ်ပေးမယ်။ သူတို့ဆီသာ မင်း ရောင်းတော့"

"သူတို့က ငါ့ကျောက်ကို သလင်းဖြူအဖြစ် ဝယ်ကြမှာလား"

"ဟုတ်တယ်လေ သလင်းဖြူအဖြစ် ဝယ်မှာပေါ့။ ဘာဖြစ်လဲကွ။ သလင်းဖြစ်ဖြစ်၊ စိန်ဖြစ်ဖြစ် ဝယ်သူရှိဖို့၊ ငွေရဖို့ အရေးကြီးတယ် မဟုတ်လား"

"ငါက သလင်းအဖြစ် ဝယ်ရင် မရောင်းဘူး။ စိန်အဖြစ် ဝယ်မှ ရောင်းမယ်။ ငါက စိန်ဖြစ်ဖို့အတွက် တစ်သက်လုံး ကြိုးစားထားခဲ့တာ"

ခက်ပြီ. . .။

ဒီကောင်ကို အဘယ်သို့ ကျွန်တော် စည်းရုံးရမည်နည်း. .။

"ဒီလိုလုပ်လို့ရော မရဘူးလား။ မင်းကျောက်တွေကို ငါ့ကို စိန်အဖြစ်ရောင်း။ ငါ စိန်အဖြစ်နဲ့ဝယ်မယ်။ ငါက တရုတ်တွေကိုတော့ ရောင်းချင်သလို ပြန်ရောင်းမယ်။ မင်း သဘောတူလား"

"တူတယ်။ မင်း ငါ့ကျောက်တွေကို စိန်အဖြစ် ဝယ်ပါတယ်ဆိုတဲ့ အကြောင်းတော့ လက်မှတ်ထုတ်ပေးရမယ်"

"ထုတ်ပေးမယ်ကွာ။ ဒါပေမဲ့ တရုတ်တွေပေးတဲ့ဈေးတော့ ငါ မပေးနိုင်ဘူး။ လေးပိဿာအထက် အသန့်အစင်ကို ရှစ်ထောင်ဈေး ပေးမယ်။ မင်းရောင်းနိုင်မလား"

"ရောင်းမယ်"

စိန်သူဌေး ထွန်းမောင်နှင့် ကျွန်တော် အလုပ်ဖြစ်သွားပြီ။

အချိန်မှာလည်း နေ့လယ် ၁၂ နာရီ ကျော်သွားခဲ့ပြီ။

ယခုမှပင် ရုံးခန်း၌ ပစ်ထားခဲ့သော ဖားကန့်ကျောက်စိမ်းတွင်းမှ အလည်ရောက်နေသည့် ကိုတင်ရွှေကိုလည်း ပြန်သတိရမိပါသည်။

အမှတ် ၆၃၊ ၁၉၉၅၊ စက်တင်ဘာလ။

❋ ❋ ❋

www.foreverspace.com.mm

## ၆။ သခင်ချစ် စိန်

"ကိုကျော်ထိန် ခင်ဗျား စိန်နားကပ်စုံ အခိုးခံထားရတဲ့အမှုက ပြီးသွားပြီလား"

"မပြီးသေးဘူး။ အမှုသွားရင်ဆိုင်နေရတုန်းပဲ"

"အမှုကလည်း ကြာပြီနော်။ ခြောက်လကျော်သွားပြီ ထင်တယ်"

"ဘယ်ကမလဲ ဆရာ။ တစ်နှစ်ရှိသွားပြီ"

"အင်း. . အမှုတစ်ခုက ဖြစ်လိုက်ပြီဆိုရင် မပြီးတော့ဘူး။ သက်သေခံပစ္စည်း စိန်ကြီးနှစ်ပွင့်က တရားရုံးမှာပဲလား"

"မဟုတ်ဘူး။ ကျွန်တော့်လက်ထဲမှာ။ သူခိုးဆီက ပစ္စည်းပြန်ရကတည်းက ပစ္စည်းကို ရဲကလည်း လုံးဝမသိမ်းဘူး။ တရားရုံးကလည်း သိမ်းမထားဘူး။ ကျွန်တော့်လက်ထဲကို ချက်ချင်း ပြန်ပေးတယ်"

အချိန်မှာ နံနက် ရှစ်နာရီခန့်ပင် ရှိဦးမည်။

ရွှေဘုံသာလမ်း ပွဲစားတန်းတွင် ဖြစ်၏။

ဤပွဲစားတန်းမှာ နံနက်တိုင်း ကျွန်တော်သွားနေကျနေရာ ဖြစ်၏။

နံနက် ၁၁ နာရီကျော်မှ ထိုပွဲစားတန်းမှ ကျွန်တော် အိမ်ပြန်လာတတ်သည်။

http://www.cherrythitsar.org

www.foreverspace.com.mm



နှစ်ချီ၍ နံနက်တိုင်းသွားနေကျနေရာဖြစ်၍ ဤပွဲစားတန်း၌ ကျွန်တော် မသိသော ကျောက်ပွဲစား၊ ကျောက်ကုန်သည်ဟူ၍ မရှိသလောက်ပင် ဖြစ်၍ နေချေပြီ။

"ဦးလှဝင်း. . မနေ့က လေးကရက် ဆယ်ပို့င့်ပတ္တမြားတစ်ပွင့် ဈေးကွက်ထဲ ဝင်လာတယ်။ ကိုတင်ထွန်းတို့အဖွဲ့က ရှစ်သိန်းပေးတယ်။ ပိုင်ရှင်က မရောင်းဘူး။ သိန်းနှစ်ဆယ်ကျမှ ရောင်းဖို့ စဉ်းစားမယ်တဲ့"

"ဦးလှဝင်း. . အစိမ်းအရိုင်း ဖြတ်စတစ်ခု ဈေးကွက်ထဲမှာ လည်နေတာရှိတယ်နော်။ သိပ်လှတယ်။ ဒါပေမဲ့ ဒီပစ္စည်းက နောက်ပိုင်းမရှင်းဘူး။ လာပြရင် သတိထား. . "

"ဦးလှဝင်း. . ပြည်ဘက်က ပန်းတိမ်ဆရာတစ်ယောက်ယူလာတဲ့ ပျူခေတ်က ရွှေလက်စွပ်တစ်ကွင်း ဈေးကွက်ထဲမှာ လည်နေတာရှိတယ်။ ပစ္စည်းက ရှေးဟောင်းပစ္စည်းဖြစ်တာ သေချာတယ်လို့ပြောတယ်။ ဒါပေမဲ့ တောင်းဈေးက သိပ်များနေတယ်။ ငါးမူးသားလောက်ရှိတဲ့ ရွှေလက်စွပ်ကို ငါးသောင်းမှ ရောင်းချင်တယ်လို့ ပြောနေတယ်"

ဤသို့သော ကျောက်မျက်လောက၏ သတင်းထူးများမှာ ရွှေဘုံသာကျောက်ပွဲစားတန်းသို့ ကျွန်တော်ရောက်သွားသည်နှင့် နေ့စဉ် ကျွန်တော် ကြားနေကြ သတင်းများဖြစ်၏။

ဤ ပွဲစားတန်း၌ အလွန်လူစုံပါသည်။

အစိမ်းသမား၊ အဖြူသမား၊ အနီသမားများ ရှိကြသကဲ့သို့ ရှေးပစ္စည်းများကို ထိုင်စောင့်ပြီး ဝယ်နေသည့် ပညာရှင်များလည်း ရှိ၏။

ရှေးဟောင်းသုတေသန ပညာများကို စနစ်တကျ သင်ဖူးသူများ မဟုတ်ပါ။

သို့သော် ရှေးဟောင်းပစ္စည်းများကို အတုအစစ် ခွဲနိုင်၏။

ရှေးဟောင်းပစ္စည်းများ၏ တန်ဖိုးကို သိ၏။

ဝယ်တတ်၏။

ရောင်းတတ်၏။

ကျောက်မျက်နှင့် ပတ်သက်၍ ဥပဒေနှင့် မကင်းသောဇာတ်ရှုပ်များမှာလည်း နေ့စဉ် ကြားနေရသတင်းများပင် ဖြစ်၏။

"ဟို. . ရှစ်ကရက်နီလာကြီးကို ငါးသောင်းစရံပေးပြီး ချိတ်စီးထားတာ

http://www.cherrythitsar.org
www.foreverspace.com.mm



ခု တစ်လကြာတဲ့အထိ ငွေလာမချေလို့ ဖွင့်ကြည့်လိုက်တော့ စက္ကူထုတ်ထဲမှာ နီလာမရှိဘူး။ ကျောက်ခဲ ဖြစ်နေတယ်”

“ကိုမြတ်ဦးတို့ ဆယ်သိန်းနဲ့ဝယ်လိုက်တဲ့ အနီက မိုးကုတ်အနီ မဟုတ်ဘူး။ မိုင်းရှူးမီးဖုတ်ကြီးတဲ့”

“မိုးကောင်းက ကုန်သည်တွေ စျေးကွက်ထဲမှာလာပြနေတဲ့ နှစ်ပိသာ အစိမ်းတုံးကြီးက ပစ္စည်းမမှန်ဘူး။ ငွေချေပြီး သွားဖြတ်ကြည့်တော့မှ အခွံတု လုပ်ထားတာကြီး ဖြစ်နေတယ်တဲ့”

ရွှေဘုံသာကျောက်ပွဲစားတန်း၏ သတင်းများကတော့ အလွန်စုံပါသည်။

ပွဲစားတန်းသို့ လာကြည့်သည့်လူများကလည်း အလွှာစုံမှပင် ဖြစ်၏။

ရန်ကုန်မြို့ အင်းယားလမ်း၌ ခြံကြီးတိုက်ကြီးနှင့် နေနိုင်သူများကစပြီး မြောက်ဥက္ကလာ၊ သာကေတ စသည့် ရန်ကုန်မြို့ အစွန်အဖျားရပ်ကွက်၌ တဲငယ်လေးများ၌ နေထိုင်ကြသည့်သူများလည်း ပါ၏။

နောက်. . လူကလည်း လူစုံ။

ဘ၀စုံမှ ကူးလာကြ၏။

ကျောင်းဆရာလူထွက်. .

ဗေဒင်ဆရာလူထွက်. .

ဆေးဆရာလူထွက်. .

ဘုန်းကြီးလူထွက်. .

စစ်သားလူထွက်. .

သင်္ဘောသားလူထွက်. .

ကျွန်တော်ကဲ့သို့ စာရေးဆရာရတနာကုန်သည်တစ်ယောက်အနေနှင့် ရွှေဘုံသာပွဲစားတန်းသို့ နေ့စဉ်သွားရသည်မှာ အလွန်တန်ဖိုးရှိပါသည်။

ကျောက်မဝယ်ရ၍လည်း အရေးမကြီး။

ဝတ္ထုအဖြစ် ပြန်ရေးနိုင်သော ကျောက်မျက်လောက၏ ဇာတ်လမ်းစုံများကို နေ့စဉ်ကြားနေရ၏။

စာပေလောကအတွက် ကုန်ကြမ်းများကို အထူးရှာဖွေစုဆောင်းစရာမလိုဘဲ နေ့စဉ်ရနေ၏။

ယနေ့ ကိုကျော်ထိန် အမှုရင်ဆိုင်နေရသော သူ၏ စိန်နားကပ်စုံ

http://www.cherrythitsar.org
www.foreverspace.com.mm



ကျောက်နှစ်ပွင့်၏ ဇာတ်လမ်းမှာလည်း အလွန် စိတ်ဝင်စားစရာ ကောင်းပါသည်။

ဤ စိန်နှစ်ပွင့်အကြောင်းကို ကျွန်တော် စာရေးရန် အားခဲထားသည်မှာ ကြာပြီ။

အကြောင်းအမျိုးမျိုးနှင့် ကျွန်တော် မရေးဖြစ်။ ကိုကျော်ထိန်သည် စိန်နှင့်လည်း အလွန်အကျိုးပေးဖူး၏။ စိန်နှင့်လည်း အလွန်စိတ်ညစ်ခဲ့ရဖူး၏။ ရယ်ရပါသည်။

ယနေ့ ရွှေဘုံသာကျောက်ပွဲစားတန်း၌ ကျင်လည်နေကြသည့် ကျောက်ကုန်သည် ကျောက်ပွဲစား အများစုမှာ ရန်ကုန်မှ မဟုတ်ကြပါ။ အနယ်နယ်အရပ်ရပ်မှ ဤပွဲစားတန်းတွင် လာစုနေကြခြင်းဖြစ်၏။ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး စသည့် မြို့ကြီးများမှ ရောက်လာသူများ ရှိသကဲ့သို့ မြစ်သား၊ တနင်္သာရီ၊ ငပုတောကဲ့သို့ မြို့ငယ်လေးများမှ ရောက်လာသူများလည်း ရှိ၏။

ကိုကျော်ထိန်သည်လည်း ရန်ကုန်သားမဟုတ်။

မြစ်ဝကျွန်းပေါ် သား ဖြစ်၏။

"ကိုကျော်ထိန်. . ခင်ဗျားရဲ့ စိန်နှစ်ပွင့်က အချိန် ဘယ်လောက် ရှိသလဲ"

"ရှစ်ရတီစုံ ဆရာ"

"စင်လား။ အရည်ကော မှန်လား"

"လုံးဝ အစင်ကြီးတော့ မဟုတ်ဘူး။ တစ်ပွင့်က မဆိုသလောက် ငြိတယ်။ တစ်ပွင့်က လုံးဝစင်တယ်။ အရည်ကတော့ အဝါရည် ငါးရာနှုန်းလောက်ပါတယ်"

"ဈေးက. . "

"အပေါ်ဆုံးဈေး တစ်ရတီ နှစ်သိန်းပဲထားပါ ဆရာရယ်။ ရှစ်သိန်း ဆယ်သိန်း ပြေးမလွတ်ပါဘူး"

"ခင်ဗျား ဒီပစ္စည်းကို ဘယ်လို အခိုးခံခဲ့ရတာလဲ"

"အခိုးခံရတာ မဟုတ်ဘူး ဆရာ။ အနိုက်ခံရတာ"

"ခါးပိုက်နှိုက်ခံရတာလား"

"အဲဒီလိုလည်း မဟုတ်ဘူး။ အဖောက်ခံရတာ။ ဒီလို ဆရာရယ်။ ကျွန်တော် အသေးစိတ်ပြန်ပြောပါမယ်။ မနှစ်က ဒီစိန်နှစ်ပွင့်ကို ပြဖို့ ကျွန်တော် မန္တလေးသွားတယ်။ ညနေ အမြန်ရထားနဲ့လိုက်သွားတယ်။ ရထားက ပထမတန်းတွဲ။ ထိုင်ခုံမဟုတ်ဘူး။ အိပ်စင်"

http://www.cherrythitsar.org
www.foreverspace.com.mm



"နှစ်ယောက်အိပ်ခန်းလား။ လေးယောက် အိပ်ခန်းလား"

"လေးယောက်ခန်း။ လေးယောက်ခန်းမှာ နှစ်ထပ်အိပ်စင်တွေရှိတယ် မဟုတ်လား။ ကျွန်တော်က အောက်အိပ်စင်မှာ နေရာရတယ်။ ကျွန်တော့် မျက်နှာချင်းဆိုင်အောက်အိပ်စင်က ဘုန်းကြီးတစ်ပါး။ ဘုန်းကြီးတစ်ပါးနဲ့ တစ်ခန်းထဲ ကျနေတော့ ရထားပေါ် ရောက်တော့ တော်တော်စိတ်အေးသွားတယ်။ ကျွန်တော် ရထားပေါ် ရောက်သွားတော့ အဲဒီဘုန်းကြီးတစ်ပါးပဲ ရထားတွဲအခန်းထဲမှာ ရှိသေးတယ်။ ရထားထွက်ခါနီးမှ လူငယ်နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ရောက်လာကြတယ်"

"ဘယ်အရွယ်တွေလဲ"

"နှစ်ဆယ်ကျော်လောက်တွေပါ။ တစ်ယောက်က အသားမဲမဲ။ ကုလားစပ်လေးနဲ့တူပါတယ်။ ကျွန်တော်ရဲ့ မျက်နှာချင်းဆိုင်အပေါ် အိပ်စင်မှာ နေရာရတယ်"

"ဘုန်းကြီးရဲ့ အပေါ် အိပ်စင်ပေါ့"

"ဟုတ်ပါတယ်။ နောက်တစ်ယောက်က ပိန်ပိန်ရှည်ရှည်လေး။ ကျန်းမာရေးလည်း ကောင်းပုံမရဘူး။ စကားလည်းဘယ်သူ့ကိုမှ မပြောဘူး။ ရထားထွက်တာနဲ့ အိပ်တော့တာပဲ။ ကျွန်တော့်မျက်နှာချင်းဆိုင်အပေါ် အိပ်စင်က ကုလားဆင်ကောင်လေးကတော့ ရထားစထွက်တာနဲ့ ဘုန်းကြီးနဲ့စပြီး စကားပြောတယ်။ ပြောလိုက်တာလည်း ဘုရားအကြောင်း တရားအကြောင်းတွေပဲ။ နောက် ဘုန်းကြီးကိုလည်း အအေးတွေကပ်လိုက်သေးတယ်။ ဆရာသိတဲ့အတိုင်း ကျွန်တော်တို့ ကျောက်ကုန်သည်ဆိုတာက လူစိမ်းနဲ့ ခရီးသွားရတာကို သိပ်ကြောက်တယ် မဟုတ်လား။ လူစိမ်းနဲ့ တွဲသွားရတော့မယ်ဆိုတာနဲ့ ကိုယ်တွဲသွားရမဲ့ လူကို အမြဲ အသေအချာ အကဲခတ်ကြတယ် မဟုတ်လား။ ခု ကျွန်တော်နဲ့ တစ်ခန်းထဲအတူ တွဲသွားကြမဲ့သုံးယောက်က တစ်ယောက်ကဘုန်းကြီး ဘာမှ စိတ်ပူစရာ မရှိတော့ဘူး။ တစ်ယောက်ကလည်း လူမမာပုံပေါက်နေပြီး မီးရထားစထွက်ကတည်းက သူ့အိပ်စင်မှာ သူအိပ်နေတာ။ ကိုယ့်အတွက် ဒုက္ခပေးမဲ့ဟာမျိုး မဟုတ်ဘူး။ ခု နောက်တစ်ယောက်ကလည်း လူပုံတော့ သိပ်မဟန်ပေမဲ့ ဘုန်းကြီးနဲ့ ဘုရားအကြောင်း၊ တရားအကြောင်းတွေ ပြောနေတာတွေကို ကျွန်တော် နားထောင်ပြီး သြော်. . ဒီကောင်လေးက လူငယ်ပေမဲ့ ဘုရား၊ တရားရှိတဲ့ ကောင်လေး ထင်ပါတယ်။ လူကောင်းလေးပါလို့ ကျွန်တော် စိတ်ထဲကထင်လိုက်ပြီး နည်းနည်း

http://www.cherrythitsar.org

www.foreverspace.com.mm



ပေါ့ပေါ့ထားလိုက်မိတယ်”

“ခင်ဗျားမှာ ဘာပစ္စည်းတွေ ပါသွားလဲ”

“အဓိက ပစ္စည်းကတော့ ဒီ ရှစ်ရတီစုံစိန်ကြီးနှစ်ပွင့်ပါ။ ဒါပေမဲ့ မန္တလေး ရောက်ရင် ဝယ်သူရှိလည်း ရောင်းဖို့ဆိုပြီး ငွေတစ်သိန်းကျော်ဖိုးလောက် တခြား ပစ္စည်းတွေလည်း ပါသွားသေးတယ်။ နောက်. . ငွေသားချည်းပဲက ငါးသောင်း။ နှစ်ရာတန်ချည်းပဲ အသစ်အုပ်လိုက် ကျွန်တော် ယူသွားတယ်”

“ဘယ်လိုသိမ်းသွားလဲ”

“ကျောက်မျက်နဲ့ ငွေအားလုံးကို ကျွန်တော် ပွဲစားတန်းမှာ အမြဲ ကိုင် နေတဲ့ သားရေပိုက်ဆံအိတ်ပျော့လေးထဲ ထည့်ပြီးသိမ်းတယ်။ နောက် အဲဒီ ပိုက်ဆံအိတ်ကို အဝတ်အစားထည့်တဲ့ လက်ဆွဲသားရေအိတ်ကြီးထဲထည့်ပြီး ညအိပ်တော့ အဲဒီအိတ်ကို ခေါင်းအုံးပြီး အိပ်တယ်”

“တော်တော်တော့ သေချာတာပဲ”

“ဟာ. . သိပ် သေချာတာပေါ့ ဆရာရယ်။ လက်ဆွဲသားရေအိတ်ရဲ့ လက်ကိုင်ကြိုးကိုဆိုရင် ဆွဲလုသွားလို့မရအောင် အိပ်စင်က တန်းတစ်ခုနဲ့ အသေအချာ ချည်ထားပေးလိုက်သေးတယ်”

“နောက်. . ဘယ်လိုဖြစ်လဲ။ ဆက်ပါဦး”

“ည ၁၀ နာရီလောက်ကျတော့ ကျွန်တော်လည်း အိပ်ငိုက်လာပြီး အိပ်ရော။ ကျွန်တော်အိပ်တဲ့အထိ မျက်နှာချင်းဆိုင်အိပ်စင်မှာရှိနေကြတဲ့ ဘုန်းကြီးနဲ့ ကုလားဆင်ကောင်လေးက ဘုရားအကြောင်း၊ တရားအကြောင်း ပြောကြတုန်းရှိသေးတယ်”

“နောက်. . ဘယ်လို အခိုးခံလိုက်ရတာလဲ”

“ဘယ်အချိန်က ဘယ်လိုခိုးတယ်ဆိုတာတော့ ကျွန်တော်လည်း မသိ တော့ဘူး။ ကျွန်တော်တစ်ရေးနိုးတော့ ပျော်ဘွယ်ဘူတာကျော်လာပြီ။ နိုးနိုးချင်း ပဲ ကျွန်တော် ခေါင်းအုံးအိပ်နေတဲ့ အဝတ်အစားသားရေအိတ်ကို ဓားနဲ့လှီးခွဲ ထားတဲ့အကွဲကို စမ်းလိုက်မိတယ်။ မီးခဲကိုင်လိုက်မိသလိုပဲ ကျွန်တော် အိပ်နေရာ က ငေါက်ခနဲ ထထိုင်လိုက်တယ်။ တစ်ခန်းလုံးမှာ အိပ်ပျော်နေတဲ့ ဘုန်းကြီး တစ်ပါးကလွဲပြီး ကျန်တဲ့ကောင်လေးနှစ်ယောက်လုံး မရှိကြတော့ဘူး။ အဝတ်- အစားသားရေအိတ်ထဲ နှိုက်ကြည့်လိုက်တော့ အရေးကြီးဆုံးဖြစ်တဲ့ ကျောက်မျက် နဲ့ ငွေထည့်ထားတဲ့ ပိုက်ဆံအိတ်က မရှိတော့ဘူး”

http://www.cherrythitsar.org
www.foreverspace.com.mm



"အဲဒီတော့. . ."

"ချက်ချင်း ဘုန်းကြီးကိုလှုပ်နိုးပြီး မေးကြည့်တယ်။ အရှင်ဘုရား. . . တပည့်တော်ပိုက်ဆံအိတ်တော့ အခိုးခံလိုက်ရပြီ။ အဖိုးတန်ပစ္စည်းတွေ အများကြီး ပါသွားတယ်။ ဟိုကောင်လေးနှစ်ယောက် ဘယ်ဘူတာမှာ ဆင်းသွားလဲ။ အရှင်ဘုရား သိလားလို့ မေးကြည့်လိုက်တယ်"

"ဘုန်းကြီးက ဘာပြန်ပြောလဲ"

"ကျုပ်အိပ်တာ ဘာမှမကြာသေးဘူး။ တစ်နာရီလောက်ရှိဦးမယ်။ တကာကြီးရဲ့အိပ်စင်အပေါ်မှာအိပ်နေတဲ့ ကောင်လေးက တောင်ငူဘူတာမှာ ဆင်းသွားတယ်။ ဦးပဉ္စင်းအိပ်စင်ပေါ်မှာ အိပ်တဲ့ ကုလားဆင်ကောင်လေးက တော့ ပျဉ်းမနားဘူတာမှာ ဆင်းသွားတယ်လို့ ပြန်ပြောတယ်"

"ဒီတော့ ခင်ဗျား ဘာဆက်လုပ်လဲ"

"တွဲစောင့်ကို သွားခေါ်ပြီး အကြောင်းစုံ ပြောပြရတာပေါ့။ တွဲစောင့်က မဆိုးပါဘူး။ ပထမတန်းအတွဲဆိုတော့ ဆရာရယ် တွဲစောင့်မှာ ခရီးသည်စာရင်း ဇယားပါတယ်။ သူက ခရီးသည်စာရင်းဇယားမှာကြည့်ပြီး ကောင်လေးနှစ်ယောက် ရဲ့နာမည်နဲ့ မှတ်ပုံတင်နံပါတ်တွေ ပေးတယ်။ ဘုန်းကြီးအိပ်စင်အပေါ်မှာ အိပ် သွားတဲ့ကောင်လေးရဲ့နာမည်က မော်ဦး။ ကျွန်တော့်အိပ်စင်အပေါ်မှာ အိပ်သွား တဲ့ ကောင်လေးရဲ့နာမည်က အောင်မြင့်။ မော်ဦးရဲ့လက်မှတ်က တောင်ငူအထိ ပဲ ယူထားတာ။ နောက်. . တောင်ငူမှာပဲ ဆင်းသွားတယ်။ အောင်မြင့်ရဲ့လက်မှတ် က မန္တလေးအထိယူထားပြီး ပျဉ်းမနားမှာ ဆင်းသွားတယ်။ ဒီတော့ ချက်ချင်းပဲ သူခိုးက အောင်မြင့်ပဲဖြစ်ရမယ်လို့ တွက်ဆလို့ရတယ်"

"မီးရထားပေါ်မှာ မီးရထားရဲမပါဘူးလား"

"ပါတယ်။ ဒါပေမဲ့ ရထားပေါ်က ဆင်းပြေးပြီးဖြစ်တဲ့ တရားခံကို သူ ဘယ်လိုမှလိုက်ဖမ်းပေးလို့ မရဘူးတဲ့။ ရွှေ့ရောက်မဲ့ သာစည်ဘူတာကျမှ ကျွန်တော် ဆင်းပြီး ရဲဌာနကို တိုင်ဖို့ပြောတယ်"

"ဒီတော့ ခင်ဗျား သာစည်ဘူတာကျတော့ ဆင်းရောလား"

"ဆင်းရတာပေါ့။ ဒီမှာ ပြဿနာတစ်ခုကြုံရပြန်တာက မီးရထားပေါ် မှာဖြစ်တဲ့ ခိုးမှုကို သာစည်ရဲစခန်းကို သွားတိုင်တော့လည်း လက်မခံပြန်ဘူး။ မီးရထားပေါ်ဖြစ်တဲ့ ရာဇဝတ်မှုဟာ မီးရထားရဲနဲ့ပဲ ဆိုင်တယ်တဲ့။ မီးရထားရဲ ကိုပဲတိုင်ဖို့ ကျွန်တော့်ကို ပြောတယ်"

http://www.cherrythitsar.org

www.foreverspace.com.mm



"မီးရထားရဲက ဘယ်မှာရှိလဲ"

"ဘူတာကြီးတိုင်းလိုလိုမှာ ရှိပါတယ်။ သာစည်ဘူတာမှာလည်း ရှိတယ်။ ကျွန်တော် ချက်ချင်း သာစည်ဘူတာက မီးရထားရဲဆီ ပြေးရပြန်တာပေါ့"

"သာစည်ဘူတာရဲက အမှုဖွင့်ပေးလား"

"မဖွင့်ပေးဘူး။ သူတို့ကပြောတယ်။ ကျွန်တော်တို့ သာစည်ဘူတာရဲ့ အင်အားက ဘာမှမရှိဘူး။ ဆရာ့အမှုက ဆယ်သိန်းကျော်တန်ဖိုးရှိတဲ့ ခိုးမှုကြီး ဆိုတော့ အရေးကြီးတယ်။ ကျွန်တော်တို့ထက်ပိုပြီး ထိထိရောက်ရောက် အရေး ယူပေးနိုင်တဲ့ တောင်ငူမီးရထားရဲစခန်းကို ပြန်သွားပြီး အဲဒီစခန်းမှာ အမှုဖွင့် ပါလို့ အကြံပေးတယ်"

"အဲဒီတော့. . . "

"တောင်ငူကို ချက်ချင်း ကားတစ်စီးငှားပြီး ပြန်ပြေးရပြန်တာပေါ့"

"အချိန်က မိုးလင်းနေပြီလား"

"ဘယ်လင်းဦးမလဲ။ နံနက် သုံးနာရီ လေးနာရီ အချိန်ကြီး။ လကလည်း မထွက်တဲ့ညဆိုတော့ ပတ်ဝန်းကျင်တစ်ခုလုံးက မှောင်မည်းနေတာပဲ။ ကျွန်တော့် မှာလည်း လောဘဇောနဲ့ မှောင်ကြီးမည်းကြီးထဲ ကားတစ်စီးနဲ့ တောင်ငူရောက် အောင် ပြန်ပြေးရတယ်။ တောင်ငူရောက်တော့ မိုးလင်းနေပြီ။ သာစည်က မီး-ရထားရဲတွေအကြံပေးတာ သိပ်မှန်တယ်။ တောင်ငူမီးရထားရဲက စခန်းကြီး ရဲ အရာရှိကြီးတွေလည်း ရှိတယ်။ ကျွန်တော့်ပစ္စည်းပျောက်မှုကို ရဲအရာရှိတစ်-ယောက်က အသေအချာနားထောင်ပြီး အမှုဖွင့်ပေးတယ်။ အဲဒီမှာ ပြဿနာ တစ်ခုက ပေါ်ပြန်တယ်"

"ဘာပြဿနာလဲ"

"ပစ္စည်းတန်ဖိုး။ ရဲအရာရှိက ကျွန်တော်ကို မေးတယ်။ ခင်ဗျား စိန် နှစ်ပွင့်ရဲ့တန်ဖိုးက ဘယ်လောက်လဲတဲ့။ ကျွန်တော်က ဆယ်သိန်းလို့ ဖြေလိုက် တယ်။ သူက ဆယ်သိန်းကြီးတော့ မလုပ်ပါနဲ့ဗျာ။ ဆယ်သိန်းတန်ခိုးမှုဆိုတာ ခိုးမှုမှာ သိပ်ကြီးသွားပြီ။ ဒီပစ္စည်းကိုပြန်ရအောင် မလုပ်ပေးနိုင်ခဲ့ရင် ကျုပ်တို့ကို အပေါ်က အပြစ်တင်တာကို ခံရတော့မယ်။ ကျုပ်တို့ အစွမ်းကုန် တတ်နိုင် သလောက်ကြိုးစားပြီး အမှုပေါ်အောင်လုပ်ပေးပါမယ်။ ပစ္စည်းတန်ဖိုးကိုတော့ ကျေးဇူးပြုပြီး ခင်ဗျား တတ်နိုင်သလောက် လျှော့ပေးပါဦးလို့ပြောတယ်။ ဒါကြောင့် ကျွန်တော်က သုံးသိန်းလို့ ပြင်ပေးလိုက်ရတယ်"

http://www.cherrythitsar.org
www.foreverspace.com.mm


ကျွန်တော် အသံထွက်၍ ရယ်လိုက်မိပါသည်။

"ခင်ဗျားအဖြစ်ကလည်း ရဲဌာနသွားပြီး စိန်အရောင်းအဝယ်လုပ်နေတာ ကျနေတာပဲ"

"ဟုတ်တယ်။ အရောင်းအဝယ်လုပ်နေသလိုပဲ။ ဒီကြားထဲ ရဲအရာရှိက ပြောလိုက်သေးတယ်။ ရတနာဆိုတာ သန့်ရှင်းတဲ့ပစ္စည်းစစ် ပစ္စည်းမှန်ဆိုရင်တော့ သူများခိုးလို့ မရပါဘူး။ ပိုင်ရှင်မှန်လက်ထဲ ပြန်ရောက်မှာပါတဲ့။ ကျွန်တော် ဒေါသဖြစ်လိုက်တာ ဆရာရယ်။ မနည်းအောင့်ထားရတယ်"

"နောက် ဘယ်လိုဆက်လုပ်လဲ"

"ဘယ်လို ဆက်လုပ်ရတော့မှာလဲ ဆရာရယ်။ တောင်ငူမီးရထားရဲမှာ အမှုဖွင့်ပြီးတာနဲ့ ရန်ကုန်ပြန်လာခဲ့ရတာပေါ့"

"နောက်တော့ စိန်တွေကို ဘယ်လိုပြန်ရတာလဲ"

"ရန်ကုန်ပြန်ရောက်ပြီး သုံးရက်လောက်နေတော့ တောင်ငူမီးရထားရဲစခန်းမှာ ကျွန်တော့်အမှုကိုလက်ခံတဲ့ ရဲအရာရှိရောက်လာတယ်။ ကျွန်တော့်အိမ်ရောက်တဲ့အချိန်က ည (၈)နာရီထိုးနေပြီ။ သူက ကျွန်တော့်အမှုနဲ့ပတ်သက်ပြီး အခြားသူ သိချင်တာတွေကို လာမေးတာပါ။ အဓိက သူမေးတာက သူခိုးအောင်မြင့်ရဲ့ လူပုံသဏ္ဌာန်ပဲ။ တိုက်ဆိုင်တယ်လို့ပဲ ပြောရမှာလား မသိပါဘူး ဆရာရယ်။ သူ ကျွန်တော့်အိမ်မှာရှိနေတုန်းပဲ ကျွန်တော့်အိမ်ကို ညောင်ဦးရဲစခန်းက ဖုန်းဆက်လာတယ်"

"ဘာတဲ့လဲ"

"ကျွန်တော့်မှာ တူရှိလားလို့ မေးတယ်။ ကျွန်တော်က ကျွန်တော့်မှာ အစ်ကိုတွေ၊ အစ်မတွေ၊ ညီတွေ၊ ညီမတွေက မွေးထားတဲ့တူတွေ အများကြီးရှိတယ်လို့ ပြန်ပြောလိုက်တော့ ညောင်ဦးရဲစခန်းက အောင်မြင့်ဆိုတဲ့တူ ရှိလားလို့ မေးတယ်။ အောင်မြင့်ဆိုတဲ့ နာမည်ကြားလိုက်တာနဲ့ ကျွန်တော်က. . ဟာ. . အဲဒါ သူခိုး။ ကျွန်တော့်စိန်တွေခိုးသွားတဲ့ သူခိုး။ ခင်ဗျားတို့ ဘယ်မှာ တွေ့ထားတာလဲလို့ မေးတော့ သူတို့က သူတို့ရဲစခန်းမှာ ချုပ်ထားတယ်လို့ ပြန်ပြောတယ်။ ကျွန်တော်လည်း ချက်ချင်းပဲ တောင်ငူမီးရထားရဲက အိမ်ရောက်နေတဲ့ အမှုလိုက်ရဲအရာရှိကိုပါ ခေါ်ပြီးတော့ အိမ်ကကားနဲ့ ညောင်ဦး လိုက်သွားတယ်။ မနက်ကြတော့ ညောင်ဦးရောက်သွားတယ်"

"သူခိုးက အောင်မြင့်ပဲလား"

www.foreverspace.com.mm



"အောင်မြင့်မှုအစစ်ပေါ့။ တကယ်တော့ ဆရာ စဉ်းစားကြည့်။ ခိုးသွားတဲ့ စိန်ကလေးနှစ်ပွင့်ဆိုတာ ဘာကြီးလို့လဲ။ လက်သန်းထိပ်လေးလောက်ရှိတဲ့ နှစ်ပွင့်။ ကြိုက်သလို ဝှက်ထားစမ်း။ ဘယ်သူ ဘယ်လို လိုက်ရှာမလဲ။ နောက် ခိုးသွားတဲ့အချိန်ကလည်း ညကြီးသန်းခေါင်။ ဘယ်ကိုခိုးသွားမှန်းလည်း မသိဘူး။ သူခိုးရဲ့ လူနာမည်နဲ့ မှတ်ပုံတင်နံပါတ်ကို သိထားတယ်ဆိုပေမဲ့ ဒီနာမည်၊ ဒီနံပါတ်တွေက အစစ်ဖြစ်ပါဦးမှ။ အတုလုပ်ထားတဲ့မှတ်ပုံတင်နဲ့ နာမည်သာ ဖြစ်နေရင် ဘယ်လိုက်ရှာရတော့မလဲ။ စိန်ဈေးကွက်ကိုသွားပြီး စောင့်ဖမ်းဖို့ဆိုတာလည်း လုံးဝ မဖြစ်နိုင်ဘူး။ မြန်မာနိုင်ငံမှာ စိန်အရောင်းအဝယ်လုပ်နေကြတာက မြို့ကြီးတိုင်းမှာ လုပ်နေကြတာ။ နောက် ရှစ်ရတီစုံဆိုတဲ့ စိန်အရွယ်ကလည်း ရန်ကုန်နဲ့မန္တလေးက ဈေးကွက်ကြီးတွေမှာ အများကြီး။ နောက် တစ်ပွင့်ချင်းခွဲပြီး လေးရတီအရွယ်လက်စွပ်တွေ ကွင်းပြီး ရောင်းမယ်ဆိုရင် ဘယ်လိုမှကို အစရှာလို့ ရစရာ မရှိတော့ဘူး။ ခုတော့ ခိုးခံလိုက်ရပြီး ငါးရက်မြောက်နေ့မှာ ကိုယ့်ပစ္စည်း ကိုယ်ပြန်ရနေပြီ ဆရာရယ်။ အံ့သြဖို့ မကောင်းဘူးလား"

မှန်ပါသည်။

မယုံနိုင်စရာကောင်းလောက်အောင်ပင် အံ့စရာကောင်းလှပါသည်။

"သူခိုးကို ဘယ်လို ပြန်ဖမ်းမိတာတဲ့လဲ"

"တကယ်တော့ ဆရာရယ်။ သူ့ကြမ္မာ သူဖန်ပြီး သူ့ဟာသူ ရဲလက်ထဲ ရောက်သွားရတာ။ ကျွန်တော်တို့ ရတနာလောကမှာ ပြောလေ့ရှိတဲ့ ငွေလက်နဲ့ ရွှေခွက်ကိုင်လို့ မရဘူးဆိုတဲ့ စကားအတိုင်းပေါ့။ သူခိုးက သူနဲ့ထိုက်တဲ့ပစ္စည်း၊ သူနဲ့တန်တဲ့ပစ္စည်းမှမဟုတ်ဘဲ။ သူကိုင်ထားလို့ မရဘူးပေါ့။ ညောင်ဦးရဲစခန်းက ရဲအရာရှိတွေဆိုရင် ကျွန်တော့်ရဲ့ ရှစ်ရတီစုံစိန်ပျောက်မှု လုံးဝ မသိကြဘူး။ သူခိုးကိုမိထားတဲ့အချိန်ထိ သူခိုးလက်ထဲမှာ ဆယ်သိန်းတန်တဲ့ စိန်နှစ်ပွင့် ရှိနေတာကို သူတို့ လုံးဝမသိဘူး။ ဖြစ်ပုံက ဒီလို ဆရာရယ်။ သူခိုးက အဝတ်အစားအိတ်ထဲက ဖောက်ယူသွားတဲ့ သားရေအိတ်ကို တောင်ငူဘူတာအပြင်ကို ထွက်ပြီးမှ ဖွင့်ကြည့်တယ်။ ဖွင့်ကြည့်ပြီးတော့မှပဲ ဟာ. . ငွေငါးသောင်းကျော်နဲ့ စိန်တွေ၊ ကျောက်တွေပါတဲ့အိတ်ပါလားဆိုတာ သူသိတယ်။ သိပ်ဝမ်းသာသွားတယ်။ ကားတစ်စီးငှားပြီး ညောင်ဦးကို မောင်းခိုင်းတယ်။ တောင်ငူအထွက်မြို့ပြင်မှာ တွေ့တဲ့ မကောင်းတဲ့ မိန်းမပျက်သုံးယောက်ကိုလည်း ပိုက်ဆံပုံပေးပြီး ပုဂံဟိုတယ်မှာ သွားပျော်ပါးမယ်ဆိုပြီး ခေါ်သွားတယ်။ ပုဂံမြို့က တည်းခိုခန်းရောက်တော့

http://www.cherrythitsar.org

www.foreverspace.com.mm



မိန်းမပျက်တွေက သူတို့ နေထိုင်ရတာ မလုံခြုံတော့ဘူး”

“ဘာဖြစ်လို့ မလုံခြုံတာလဲ”

“မိန်းမပျက်နဲ့ ရဲက အဆက်အသွယ်ရှိတယ်။ ရဲမျက်စိမှာ ဘယ်သူ မိန်းမပျက်လည်းဆိုတာ သိတယ်။ မှန်းလို့ရတယ်။ ပိုဆိုးတာက ယောကျ်ားတစ်ယောက်ထဲ မိန်းမက သုံးယောက်နဲ့ ပုဂံကို အလည်ရောက်လာပြီး တစ်လှည့်စီ ပျော်ပါးနေကြတာဆိုတော့ တည်းခိုခန်းပိုင်ရှင်ကလည်း ရိပ်မိလာပြီ။ နောက် . . မိန်းမပျက်တွေရဲ့လောကမှာလဲ သူ့နယ်ကိုယ့်နယ်ဆိုတာ ရှိတယ်တဲ့။ နယ်ကျော်လို့ မရဘူး။ တောင်ငူက မိန်းမပျက်တွေက ပုဂံတို့ ညောင်ဦးတို့အထိ နယ်ကျော်ပြီး သွားလုပ်စားလို့မရဘူး။ ဒီတော့ သူတို့က ပြန်ချင်တယ်။ သူခိုးက ငွေတွေ ထုတ်ပေးပြီး မပြန်ခိုင်းဘူး။ မိန်းမပျက်တွေက ငွေလည်းထပ်လိုချင်တယ်။ ကြောက်လည်းကြောက်လာတယ်။ နောက်ဆုံး မိန်းမပျက်တွေက သူတို့ကိုယ် သူတို့ လုံခြုံမှုရှိအောင်ဆိုပြီး ရဲကို သွားသတင်းပေးတယ်။ သူတို့သုံးယောက်ကို လူတစ်ယောက်က ငွေပေးသင့်တာထက် အမြောက်အများပိုပေးပြီး တောင်ငူက ခေါ်လာတယ်။ ဒီလူဟာ ဘာအလုပ်လုပ်စားမှန်းမသိဘူး။ ငွေတွေလည်း သူ့အိတ်ထဲမှာ အများကြီးတွေ့ရတယ်။ အဖိုးတန်ကျောက်မျက်လို့ ယူဆရတာတွေလည်း အခန်းထဲမှာ ကြည့်နေတာကို တွေ့ရတယ်လို့ သွားပြောတယ်။ ရဲက ချက်ချင်းမဖမ်းသေးဘူး။ စောင့်တော့ ကြည့်နေတာပေါ့။ သူခိုးရဲ့ကံကြမ္မာ ပိုဆိုးချင်တာက သူ့လက်ထဲရှိတဲ့ စိန်နှစ်ပွင့်ကို အသာငြိမ်ပြီး ဝှက်မထားဘဲ ညောင်ဦးဈေးထဲက ရွှေဆိုင်မှာ သွားပြတယ်။ ရွှေဆိုင်က ဘယ်လောက်နဲ့ရောင်းမလဲလို့ မေးတော့ သုံးသောင်းလို့ပြောတယ်။ ရယ်ဖို့ သိပ်ကောင်းတာက သူခိုးပြတဲ့ ရွှေဆိုင်ကလည်း စိန်အကြောင်း လုံးဝမသိဘူး။ နားမလည်ဘူး။ ဆယ်သိန်းတန်ကို သုံးသောင်းနဲ့ လာရောင်းနေတာကို လုံးဝမသိဘူး။ ဒါပေမဲ့ သူတို့ ညောင်ဦးရွှေဈေးကွက်မှာ စိန်အတု လာရောင်းသွားတဲ့ ပြဿနာတစ်ခုက ဖြစ်ပြီးထားတာ တစ်လလောက် ရှိသေးတော့ စိန်အတုသမားတစ်ယောက် ရောက်လာပြန်ပြီဆိုပြီး ရဲသွားသတင်းပေးတယ်။ ဒါနဲ့ နောက်ဆုံး ရဲက သူခိုး အောင်မြင့်ကို ဖမ်းလိုက်ရော။ ဖမ်းပြီးတဲ့အထိ ရဲတွေကလည်း သူခိုးအောင်မြင့်ကို သူခိုးမှန်း မသိဘူး။ မသင်္ကာမှုနဲ့ ဖမ်းတာ။ အဲ . . ဖြစ်ချင်တော့ ဆရာရယ်။ သူခိုး ကျွန်တော့်ဆီက ခိုးသွားတဲ့ ပိုက်ဆံအိတ်ထဲမှာ ကျွန်တော့်နာမည်နဲ့ ဆိုင်လိပ်စာကတ်ပြား ပါသွားတယ်။ ဆိုင်တယ်လီဖုန်း၊ အိမ်တယ်လီဖုန်းနံပါတ်တွေ ပါတယ်။ ရဲအရာရှိက

www.foreverspace.com.mm



ကျွန်တော့်လိပ်စာကတ်ပြားကိုကိုင်ပြီး ဒီရွှေဆိုင်က ဘယ်သူ့ရွှေဆိုင်လဲလို့ မေးတော့ သူခိုးက ကျွန်တော့်ဦးလေးရွှေဆိုင်ပါလို့ ပြောတယ်။ မင်းဦးလေး အိမ်နံပါတ်က ဘယ်လောက်လဲလို့မေးတော့ သူခိုးက အလွတ်မကျက်ထားမိတဲ့အတွက် မဖြေနိုင်တော့ဘူး။ အဲဒါနဲ့ ညောင်ဦးရဲက ကျွန်တော့်ဆီ ဖုန်းလှမ်းဆက်ပြီး ခိုးမှုက ချက်ချင်းပေါ်သွားတော့တာပဲ"

"ပစ္စည်းတွေ အကုန်ပြန်ရရဲ့လား"

"စိန်နဲ့ အခြားကျောက်မျက်တွေ အကုန်ပြန်ရတယ်။ ငွေကတော့ သူခိုးဖြုန်းပစ်ပြီးတဲ့ငွေတွေ အကုန် ဆုံးကုန်တော့တာပေါ့"

"ဆယ်သိန်းတန် စိန်ကြီးနှစ်ပွင့်ပြဿနာကို ရဲနဲ့ ဘယ်လိုရှင်းရလဲ"

"ခက်ခက်ခဲခဲတော့ မရှင်းရပါဘူး။ ရဲအရာရှိတွေကလည်း သိပ်စိတ်ကောင်းရှိကြပါတယ်။ ကျွန်တော့်ကို သူတို့ကမေးတယ်။ ဦးကျော်ထိန် . . ဒါ ခင်ဗျား ဆယ်သိန်းတန်စိန်နှစ်ပွင့်ဖြစ်တာ မှန်လားတဲ့။ ကျွန်တော်က မှန်ပါတယ်လို့ ပြန်ပြောတော့ သူတို့က ခင်ဗျားရဲ့ ဆယ်သိန်းတောင်တန်တယ်ဆိုတဲ့ စိန်နှစ်ပွင့်ကို ကျုပ်တို့လည်း မကိုင်ချင်ဘူး။ မသိမ်းထားချင်ဘူး။ ပြဿနာလည်း အဖြစ်မခံနိုင်ဘူး။ ဒီလိုလုပ်။ အမှုက တောင်ငူမှာဖြစ်ခဲ့တာမို့ တောင်ငူတရားရုံးမှာ အမှုစွဲတင်ရမယ်။ တရားခံကို တောင်ငူ ပြန်ခေါ်သွားရမယ်။ ခင်ဗျားက တရားခံနဲ့အတူ စိန်နှစ်ပွင့်ကိုင်ပြီး တစ်ခါတည်း လိုက်လာခဲ့။ တောင်ငူရောက်တော့ တရားရုံးမှာ သက်သေခံပစ္စည်း စိန်နှစ်ပွင့်ကို ပိုင်ရှင် ခင်ဗျားလက်ထဲပြန်သိမ်းဆည်းခွင့်ပြုဖို့ ကျွန်တော်တို့ တရားသူကြီးကို တင်ပြပေးမယ်ဆိုလို့ ကျွန်တော့်မှာ သူခိုးနဲ့အတူ တောင်ငူ ပြန်လိုက်သွားရပြန်တယ်။ ဆရာ စဉ်းစားကြည့်နော်။ အဖိုးတန်ကျောက်မျက်ဆိုတာ သိပ်နတ်ကြီးတယ်။ ပိုင်ရှင်မဟုတ်သူရဲ့ လက်ထဲမှာ နေကို မနေဘူး"

ယုံရလည်း ခက် . . . ။

မယုံရလည်း ခက် . . . ။

ကျွန်တော်၏ ရတနာကုန်သည်ဘဝ အတွေ့အကြုံများအရ အဖိုးတန်ကျောက်မျက်များ၌ နတ်ရှိသည်ကို ကျွန်တော်သိ၏။

ယုံကြည်၏။

ထိုသို့ ယုံကြည်အောင်လည်း ကျွန်တော့်တွင် ကိုယ်တွေ့များ ရှိခဲ့ဖူးပါသည်။ မိမိနှင့် မတန်သောပစ္စည်း၊ မတဲ့သည့်ပစ္စည်းများမှာ မိမိကို အလွန်

http://www.cherrythitsar.org

www.foreverspace.com.mm



ခိုက်တတ်ပါသည်။ အလွန် ကြောက်စရာကောင်းပါသည်။

"ကိုကျော်ထိန်. . ခင်ဗျား ဒီစိန်နှစ်ပွင့်ကို ဝယ်ထားတာ ဘယ်လောက်ကြာပြီလဲ"

"ခြောက်နှစ်ကျော်သွားပြီ ဆရာ"

"ခင်ဗျား မရောင်းချင်ဘူးလား"

"သိပ် ရောင်းချင်တာပေါ့ဆရာရယ်။ ရောင်းဖို့လည်း အမျိုးမျိုး ကြိုးစားခဲ့ပြီးပြီ။ ကျွန်တော့်လက်ထဲက ပြန်မထွက်ကြတော့ဘူး။ ကပ်နေတယ်။ ရောင်းလို့ကို မရဘူး။ ဆရာ့မှာ ဝယ်သူရှိရင် ရောင်းပေးစမ်းပါ။ ကျွန်တော့်ဝယ်ဖိုးကလည်း များတယ် ဆရာ။ ခုနစ်သိန်းကျော် ရှိထားတယ်။ အနည်းဆုံး လေးသိန်းအမြတ်ရနိုင်တာကို မြင်လို့ ဝယ်ထားခဲ့တာ။ ဒီပစ္စည်း ပြန်မထွက်တော့ ကျွန်တော့်မှာလည်း ငွေမြုပ်နေတယ်။ ငွေမလည် ဖြစ်နေတယ်"

ကျွန်တော် နှစ်ခြိုက်စွာ ပြုံးလိုက်မိ၏။

ကိုကျော်ထိန်၏ စိန်မှာ သူ့ထံမှလည်း သူများ ခိုး၍မရ။

သူပြန်ရောင်း၍လည်း မရ။

ဤစိန်မျိုးကို ဘာ စိန်ဟု ခေါ်သည်ကို ကျွန်တော်တို့ ရတနာကုန်သည်လောကမှ လူများသာ သိကြပါသည်။

ပိုင်ရှင်ကို ချစ်တဲ့စိန်၊

ပိုင်ရှင်လက်မှ ပြန်မထွက်ချင်တဲ့ စိန်။

သခင်ကို ချစ်တဲ့ စိန်။

သခင်ချစ်. . . စိန်။

အမှတ် ၆၇၊ ၁၉၉၆၊ ဇန်နဝါရီလ။

❋ ❋ ❋

http://www.cherrythitsar.org

www.foreverspace.com.mm

း)

## ၇ ။ ကျွန်တော့်နီလာဂါ

မြန်မာ့နေမဂ္ဂဇင်းထဲ၌ ကျွန်တော်ရေးသည့် “သခင်ချစ် စိန်”ကို ဖတ်ပြီး နောက် ကိုကျော်ထိန်က နှစ်ခြိုက်စွာ ပြုံးလိုက်သည်။

“သခင်ချစ် စိန်လို့ ဆရာ နာမည်တပ်ပေးလိုက်တဲ့ ကျွန်တော့်စိန်နှစ်ပွင့် အကြောင်းကတော့ တစ်တိုင်းပြည်လုံး သိသွားပြီ။ ကျွန်တော့်ကိုချစ်နေတဲ့ စိန် တွေဆိုတာ သိသွားကြပြီဆိုတော့ ဘယ်သူမှ ဝယ်ချင်ကြတော့မှာမဟုတ်ဘူး။ ကျွန်တော်တော့ ဒုက္ခပဲ”

“ဘာဖြစ်လို့လဲ ကိုကျော်ထိန်”

“ဆရာစဉ်းစားကြည့်လေ။ ကျွန်မမှာ ချစ်သူရှိတယ်။ ကျွန်မမှာ ယောကျ်ားရှိတယ်ဆိုတဲ့ မိန်းမကို ဘယ်သူက စိတ်ဝင်စားလဲ။ ဘယ်သူက ရချင် လဲ။ ဒီလိုပဲပေါ့။ ဆင်၊ မြင်း၊ ရတနာ၊ မိန်းမဆိုတာ အတူတူလိုပဲ သဘောထား ကြတယ် မဟုတ်လား။ ကျွန်တော့်ရတနာစိန်နှစ်ပွင့်က သူတို့မှာ မြတ်နိုးခင်တွယ် တဲ့လူ ရှိနေပြီဆိုတော့ ဘယ်သူက ရချင် ဝယ်ချင် ဝတ်ချင်ကြတော့မှာလဲ”

“အေး. . ဟုတ်တယ်။ ဒါပေမဲ့ ဒီပြဿနာကိုရှင်းဖို့က ခင်ဗျားအတွက် လွယ်လွယ်လေးပါ။ ကိုယ်တိုင်မရောင်းနဲ့ပေါ့။ ပွဲစားထဲ ထည့်ရောင်းပေါ့။ ပွဲစား

http://www.cherrythitsar.org
www.foreverspace.com.mm



ဆိုတာက သူ့ပစ္စည်းပိုင်ရှင်အမည် ဘယ်သူလဲဆိုတာ ဘယ်တော့မှ ပြောပြရိုး ထုံးစံရှိတာမှ မဟုတ်ဘဲ"

"ဩော်. . ဟုတ်သားပဲ။ ပွဲစားထဲထည့်ပြီး ရောင်းရတော့မှာပဲ"

"ဘယ်လိုမှ သဘောမထားပါနဲ့ ကိုကျော်ထိန်ရယ်။ စာဆိုတာ အလှနဲ့ သဘာဝကို မျှအောင်ရေးရတယ် မဟုတ်လား။ ကိုကျော်ထိန် စိန်နှစ်ပွင့်အကြောင်းကို ကျွန်တော်ရေးလိုက်မိတဲ့စာက သဘာဝထက် အလှကို ဦးစားပိုပေးလိုက်မိသလားမသိဘူး။ စိန်သိပွဲအကြောင်း သိကောင်းစရာတွေကို ကျွန်တော် တင်ပြတာကို သိပ်မမြင်ကြတော့ဘူး။ ဇာတ်လမ်းအပေါ်မှာ စူးစိုက်သွားမိတဲ့ စာဖတ်သူက ပိုများနေတယ်။ တကယ်တော့ သခင်ချစ် ကျောက်မျက်တွေဟာ လူတိုင်းမှာ ရှိတတ်ပါတယ်။ ဟောဒီ ကျွန်တော်ဝတ်ထားတဲ့ နီလာဝါ (Yellow sapphire) လက်စွပ်ကိုကြည့်။ ဘယ်လောက်လှသလဲ။ ဒါပေမဲ့ ကျွန်တော့်အတွက် သခင်ချစ် လက်စွပ် ဖြစ်နေတယ်"

ကျွန်တော်က ညာလက်သူကြွယ်တွင်ဝတ်ထားသော နီလာဝါလက်စွပ်ကိုချွတ်ပြီး ကိုကျော်ထိန်လက်ထဲသို့ ထည့်ပေးလိုက်ပါသည်။

"လှလိုက်တာ ဆရာရယ်။ ဒီလောက်စင်ကြယ်တဲ့ လှတဲ့ နီလာဝါကြီးမျိုး ကျွန်တော့်တစ်သက်မှာ တစ်ခါမှ မမြင်ဖူးဘူး။ ဘာကြောင့် ဒီနီလာဝါကို ပြန်မရောင်းရဘဲ ဖြစ်နေတာလဲ"

"အဝါရည်နည်းနေလို့"

"ဘာ. . အဝါရည်နည်းနေလို့။ ဆရာ့နီလာက အခေါက်ရွှေနီးပါးကို ဝါနေပြီပဲ"

"ဟုတ်တယ် ကိုကျော်ထိန်။ အဝါရည် ဒီလောက်ပါတဲ့ မိုးကုတ်ထွက် နီလာကို ကျွန်တော်လည်း တစ်ခါမှ မတွေ့ဖူးဘူး။ ကျွန်တော့်မျက်စိထဲမှာ ရွှေတွင်းဝါကျောက်လောက်ကို အဝါရည်ပါနေတယ်လို့ ထင်ခဲ့တယ်။ ဒါပေမဲ့ ကိုကျော်ထိန်. . နိုင်ငံခြားရတနာကုန်သည်တွေကို ပြကြည့်တော့ လူတိုင်းက အဝါရည်နည်းနေတယ်လို့ ပြောတယ်။ ကျွန်တော်က ဘယ်လောက်နည်းသလဲ လို့မေးတော့ ငါးဆယ်ရာနှုန်းလောက်ကို နည်းသေးတယ်တဲ့"

"ဟင်. . . သူတို့နီလာက ဘယ်လောက်တောင်ဝါသလဲ"

"ဆနွင်းလောက်ကို ဝါတယ် ကိုကျော်ထိန်ရေ။ ကျွန်တော် မယုံဘူးလို့ ပြောတော့ ပြင်သစ်ကုန်သည်တစ်ယောက်က သူ့ဆီမှာရှိတဲ့ နီလာဝါတစ်ပွင့်ကို

http://www.cherrythitsar.org
www.foreverspace.com.mm



ပြန်ယူလာပြီးတော့ ကျွန်တော့်ကိုပြတယ်။ တကယ်ပဲ ကိုကျော်ထိန် ကျွန်တော့် နီလာဝါထက်ကို အပြတ်အသတ် အဝါရည်များတယ်။ ဆန္ဒင်းအရောင်အတိုင်းပဲ အရမ်း. . အရမ်းကိုလှတယ်"

"ဆရာ. . ဒီဆရာ့ရဲ့ နီလာဝါကို ဝယ်ထားတဲ့ ဝယ်ဖိုးများသလား"

"သိပ်တော့မများဘူး။ ဒါပေမဲ့ တစ်သိန်းတော့ကျော်သေးတယ်။ ဝယ်တုန်းက (၁၇)ကရက်တစ်မတ်ရှိတယ်။ ဘယ်လောက်တောင် ပြင်လိုက်သလဲဆိုရင် ခု စိတ်ကြိုက်ပြင်ပြီးတဲ့အချိန်မှာ ၁၀ကရက်ပဲ ကျန်တော့တယ်"

"ဟုတ်တယ်။ ဆရာ့ကျောက်ရဲ့သွေးပုံကလည်း သိပ်ကောင်းတာပဲ။ လေးထောင့်ဝိုင်းကျောက်ပုံမျိုးမှာ ဒီပုံထက်လှအောင် ဘယ်လိုမှ သွေးလို့မရတော့ဘူး။ ဆရာ ဒီကျောက်ကို ဘယ်လိုဝယ်ခဲ့မိတာလဲ"

ကျွန်တော် နှစ်ခြိုက်စွာ ပြုံးလိုက်မိ၏။

"ပြန်ပြောရရင် ဇာတ်လမ်းက တော်တော်ရှည်တယ် ကိုကျော်ထိန်ရေ။ ကျွန်တော် ရွှေကွင်းပြီး လက်မှာဝတ်ထားတာပဲ ၂နှစ်ကျော်သွားခဲ့ပြီ ထင်တယ်"

မှန်ပါသည်။

ဤနီလာဝါ ကျွန်တော့်ထံသို့ ရောက်လာသည်မှာ လွန်ခဲ့သည့် သုံးနှစ်ခန့်က ဖြစ်သည်။

တစ်နေ့ ရတနာကုန်သည် ကိုစိုးလှ ကျွန်တော့်ရုံးခန်း ရောက်လာပါသည်။

"ကိုလှဝင်း. . ဒီကျောက်ဟာ ဘာကျောက်လဲ စစ်ကြည့်ပေးစမ်းဗျာ"

ကိုလှစိုးမှာ မန္တလေးသားဖြစ်၏။

မန္တလေးတွင် သူ့ရတနာဆိုင် ရှိပါသည်။

သူသည် ကျောင်းဆရာဘဝမှ ရတနာကုန်သည်လောကသို့ ကူးလာသူဖြစ်သည်။ သို့သော် သူ ကျောင်းဆရာဘဝကို စွန့်လာခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ် ကျော်ပြီ။

ကျောက်မျက်များအကြောင်းကိုလည်း တော်တော်လေး သိပွဲနည်းကျ စနစ်တကျတတ်ထားသူဖြစ်၏။ ထို့ကြောင့် ဤပုဂ္ဂိုလ်မျိုးက ဘာကျောက်မှန်း မသိ၍ ကျွန်တော့်ကို လာပြသောကျောက်မှာ အလွယ်တကူ စစ်ဆေးပေး၍ ရမည့်ကျောက် မဟုတ်သည်ကို ကျွန်တော် မြင်လိုက်သည်နှင့် သိ၏။

"ခင်ဗျားကျောက်က ဘာကျောက်ကြီးလဲ။ ကျောက်ပြားကြီး။ သွေးပုံ

http://www.cherrythitsar.org

www.foreverspace.com.mm



ကလည်း လုံးဝကြည့်မကောင်းဘူး။ ကြေးမုံကွက်ကို ကြည့်စမ်း။ မျက်နှာရဲ့ လေးပုံတစ်ပုံလောက်ပဲ ရှိတော့တယ်။ ချွန်းဘက်ကအကွက်တွေကလည်း ကွက်ကျဲကြီး ကျောက်ရှင်က သွေးခကုန်မှာစိုးလို့ ကိုယ်တိုင်သွေးထားတဲ့ ကျောက်ကြီး ထင်ပါတယ်"

"ခင်ဗျားကို ကျောက်သွေးပုံ လာစစ်ခိုင်းတာမဟုတ်ဘူး။ ဘာကျောက်လဲသိချင်လို့ လာစစ်ခိုင်းတာ။ သွေးပုံကို ခင်ဗျားမေ့ထားပြီး ဘာကျောက်လဲဆိုတာ စစ်ပေးစမ်းပါ"

ကျွန်တော် ကျောက်လေးကို အသေအချာ ထပ်ကြည့်လိုက်၏။

မှန်ဘီလူး မသုံးသေးပါ။

အရောင်မှာ အလွန်လှသော သလင်းဝါ (citeron)အရောင်ဖြစ်၏။

မှန်ပါသည်။

သလင်းဝါဖြစ်ရန် အလွန် သေချာသလောက်ဖြစ်၏။ အလွန်လှပသော သလင်းဝါများတွင် မြင်တွေ့ရသည့် အနီရိပ်လေးများလည်း ကျောက်၏ ခါးပိုင်းအဝါရည်တွင် ပြေးနေ၏။

ရောနေ၏။

"သလင်းဝါထင်တယ်"

"ဘာဖြစ်လို့လဲ"

"သလင်းဝါရောင်နဲ့ တူလွန်းလို့"

"ရွှေတွင်းဝါရော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ်။ ရွှေတွင်းဝါမှာလည်း ဒီအရည်မျိုးရှိတတ်တာပဲ။ ဒါပေမဲ့ ကျွန်တော်ထင်တာတော့ သလင်းဝါ ပိုဖြစ်ဖို့ များတယ်"

"နီလာဝါရော. . "

"နီလာဝါမှာ ဒီအရည်မရှိဘူး။ အဝါရည် ဒီလောက်ပါတဲ့ မိုးကုတ်ထွက် နီလာဝါ မရှိဘူး"

"ထပ်တစ်ရာကျော်အဝါရော"

"မဖြစ်နိုင်ဘူး။ ထပ်တစ်ရာအဝါက အဝါနုပဲရှိတယ်"

"အညို့ဝါရော"

"အညို့မှာ အဝါရောင်ဆိုတာ မရှိသလောက်ရှားတယ်။ ကျွန်တော့် တစ်သက်လုံး တစ်ခါမှ မမြင်ဖူးသေးဘူး။ ဒီကျောက်ဟာ အညို့ဝါတော့ ဘယ်လို

www.foreverspace.com.mm



မှ မဖြစ်နိုင်ဘူး”

“ရှရှားစိန်အဝါရော”

“ရှရှားစိန်မှာတော့ ဒီအဝါရောင်မျိုး အတိအကျရှိတယ်။ ဒါပေမဲ့ ဒီကျောက်ဟာ ရှရှားစိန် မဖြစ်နိုင်ဘူး။ ရှရှားစိန်သာဆိုရင် ကျောက်က ခုလို ကိုင်ကြည့်လိုက်ရင် သိသိသာသာ ပိုလေးမယ်။ ဒီကျောက်က ပေါ့နေတယ်”

“ဂေါ်မိတ်ဝါရော”

“ဂေါ်မိတ်လည်း မဖြစ်နိုင်ဘူး။ မိုးကုတ်ထွက်ဂေါ်မိတ်မှာ ဒီလို အဝါဖြောင့် မရှိဘူး။ အညိုရည် အမြဲယှက်နေတယ်။ ရောနေတယ်။ ဂေါ်မိတ် ဟုတ်မဟုတ်က စစ်ရတာ လွယ်လွယ်လေးဗျာ။ ဒီလို မျက်နှာဘက်ကနေ ချွန်းဘက်က အကွက်တွေကို ထောင်ကြည့်လိုက်။ ကျောက်ကို နည်းနည်း လှည့်ကစားကြည့်။ မှင်ရိုးတွေက နှစ်ထပ် (double edges) ဖြစ်နေတာကို တွေ့ရလိမ့်မယ်”

“ဒီမှာ ကိုလှဝင်း. . ကျွန်တော် ခင်ဗျားဆီလာတာ ခုလို ခင်ဗျား မျက်စိရိုးရိုးနဲ့ကြည့်ပြီး ထင်မြင်ချက်ကို သိချင်လို့ လာတာမဟုတ်ဘူး။ ဒီလို ထင်မြင်ချက်မျိုးကိုသာ သိချင်ရင် ကျောက်ပွဲစားတန်းမှာ တင်ပြကြည့်၊ မေးကြည့်လို့ ရတယ်။ ခင်ဗျားမှာရှိတဲ့ စက်ကိရိယာတွေနဲ့ စနစ်တကျ စစ်ဆေးပေးတာ သိချင်လို့ လာတာ”

“ဒါဖြင့်ရင် ခင်ဗျား ကျောက်စစ်ခပေးမှာပေါ့ ဟုတ်လား”

“သြော်. . ပေးမှာပေါ့ဗျာ။ ဒုက္ခပါပဲ။ ခင်ဗျားက ကျောက်စစ်ခ မပေးဘူးထင်လို့ မစစ်ပေးသေးတာလား။ ကဲ. . ဘယ်လောက်ပေးရမှာလဲ ပြော။ တစ်ခါထဲ ကြိုပေးထားမယ်”

“အင်း. . ကျွန်တော့်ဓာတ်ခွဲခန်းရဲ့ ကျောက်စစ်ခယူပုံ နှစ်မျိုးခွဲထားတယ်။ ကျောက်မျက်လောကသားမဟုတ်တဲ့ ရိုးရိုး ဘာမှမသိတဲ့ လူတွေဆိုရင်တော့ ကျောက်စစ်ခကို နည်းနည်းပဲယူတယ်။ အဖိုးမတန်ကျောက်လည်း ဖြစ်နေတယ်။ ကျွန်တော့်စာဖတ်ပရိသတ်လည်း ဖြစ်နေတယ်ဆိုရင်တော့ လုံးဝတောင် ကျောက်စစ်ခ မယူပါဘူး။ အလကား စစ်ပေးလိုက်တာ များတယ်။ ကျောက်ကုန်သည် လာစစ်ရင်တော့ ပိုယူတယ်။ ခင်ဗျားလို မတောက်တခေါက်လည်း ကျောက်မျက်သိပ္ပံအကြောင်းကို သိထားတဲ့လူဆိုရင်တော့ ပိုယူတယ်။ ခင်ဗျားလိုလူ ယူလာမဲ့ ပစ္စည်းက ပိုခေါင်းခြောက်ရမယ့်ပစ္စည်း မဟုတ်လား”

“ကဲပါ။ အပိုတွေ ပြောမနေနဲ့။ ဘယ်လောက်ပေးရမလဲဆိုတာသာ

http://www.cherrythitsar.org

www.foreverspace.com.mm



ပြော။ ဩော် . . ဒီလိုလုပ်ပါလား။ ဒီကျောက်က ကျွန်တော်မဝယ်ရသေးဘူး။ ခင်ဗျား စစ်ဆေးပြီးမှ ကြိုက်တဲ့ပစ္စည်းဖြစ်နေရင် ဝယ်မလို့၊ ဝယ်ဖြစ်ရင် ခင်ဗျားကို အစပ်တစ်ဝက်ပေးမယ်။ ကျောက်စစ်ခမယူနဲ့တော့”

“မဝယ်ဖြစ်ရင်ရော . . ”

“တစ်ထောင်ပေးမယ်ဗျာ”

“ကဲ . . ဟုတ်ပြီ။ ဒါဆိုရင် ကျွန်တော် စစ်ပေးမယ်။ လောဘကြီးတာတော့ မဟုတ်ပါဘူးဗျာ။ ကိုစိုးလှတို့လို မန္တလေးက ရတနာကုန်သည်ကြီးတွေ ရောက်လာတဲ့အခါ မင်္ဂလာဖြစ်အောင်လို့ စတီသဘောမျိုး ကျောက်စစ်ခအမည်တပ်ပြီး ယူရတာပါ”

ရယ်ရပါသည်။

ကိုစိုးလှ ကျောက်ကို ကျောက်စစ်ကိရိယာများဖြင့် မစစ်ကြည့်မီကပင် သလင်းဝါ (citeron) ဖြစ်လိမ့်မည်ဟု မှတ်ယူထားပြီးဖြစ်၏။

လွန်ခဲ့သည့် တစ်ပတ်ခန့်ကပင် ထိုင်းနိုင်ငံဘက်မှ သွင်းလာသော သလင်းဝါသုံးပွင့်ကို ကျွန်တော် စစ်ဆေးပေးဖူး၏။

ကိုစိုးလှ ကျောက်ရည်အတိုင်း ဖြစ်၏။

အလွန်လှ၏။

ဤသလင်းဝါမျိုး မိုးကုတ်မှမထွက်။ ပြင်ပမှဝင်လာသော သလင်းများ ဖြစ်၏။

ကျွန်တော် ကိုစိုးလှကျောက်ကို ပထမဆုံး အလင်းယိုင်တန်း (Refractive Index)ရှာသော ကိရိယာပေါ်သို့ တင်ကြည့်လိုက်၏။

မျက်စိကို မယုံနိုင်အောင်ပင် ဖြစ်နေမိ၏။

ကိရိယာအတွင်းမှ အပြာလိုင်းလေးမှာ (၁)ဒသမ (၇၆)နှင့် (၁)ဒသမ (၇၇)အတွင်း၌ ပြနေ၏။

ကုရုန္ဒ (corundum) ဖြစ်နေချေပြီ။

ကုရုန္ဒကျောက်များ၌ အနီရောင်မှာ ပတ္တမြားဖြစ်ပြီး ကျန်အရောင်ရှိသော ကျောက်အားလုံးမှာ နီလာအုပ်စုတွင် ပါဝင်၏။

နီလာဝါ . . . ။

ဘာကြောင့် ဤနီလာဝါတွင် အဝါရည် ဤမျှ ပါနေရသနည်း။

ကျွန်တော် မယုံနိုင်ပါ။

http://www.cherrythitsar.org

www.foreverspace.com.mm



လူလုပ်နီလာဝါ ဖြစ်လိမ့်မည်ဟူသော အတွေးမှာ ချက်ချင်း ကျွန်တော့် ဦးနှောက်အတွင်း၌ ပေါ်လာ၏။

ထို့ကြောင့် အဝါရောင်ကျောက်လေးကို အသေအချာဆေးကြော သုတ်သင်ပြီး ကျောက်စစ်မှန်ဘီလူးဖြင့် စနစ်တကျ စစ်ကြည့်လိုက်၏။

"ကိုစိုးလှ"

"ဟင်. ."

"ခင်ဗျားဟာ နီလာဝါဗျ"

"သဘာဝလား၊ လူလုပ်လား"

"အဲဒါ မဆုံးဖြတ်နိုင်သေးလို့ ကျွန်တော် အသေအချာ စစ်ကြည့်နေတာ။ ပြဿနာဗျာ. ."

"ဘာဖြစ်လို့လဲ"

"ကျောက်က သိပ်စင်တယ်။ ဂေါ် လုံးဝမရှိဘူး။ ကျောက်သားထဲမှာ ဝင်နေတဲ့ ပုံဆောင်ခဲ (included crystal) လုံးဝမရှိဘူး။ ဆယ့်ခုနစ် ကရက်ခွဲတောင် အချိန်ရှိတဲ့ ကျောက်မှာ မြင်နိုင်တဲ့ ပုံဆောင်ခဲသေးသေးလေးတစ်ခုခု လောက်တော့ ရှိဖို့ကောင်းတယ်"

"သဘာဝအမှတ်အသား လုံးဝမရှိဘူးလား"

"တစ်ခုရှိနေတယ်"

"ဘာလဲ"

"feather လေး"

feather ဆိုသည်မှာ သဘာဝကျောက်များတွင် မြင်တွေ့ရတတ်သည့် ငှက်မွေးပုံသဏ္ဍာန်ရှိသော အက်ကြောင်းလေးဖြစ်၏။ ကျောက်မျက်များ စတင်သန္ဓေတည်ချိန်ကစ၍ပင် တည်ရှိခဲ့သော မွေးရာပါ အမှတ်အသားတစ်မျိုး ဖြစ်၏။

ဤငှက်မွေးပုံ အကွဲနာလေးများမှာ ရိုးရိုးကျောက်မျက်ကို လွတ်ကျသဖြင့် ကွဲသည့်အကွဲများနှင့် မတူပါ။ သဏ္ဍာန်အားဖြင့်လည်း တကယ့်ငှက်အတောင်မွေးလေးတစ်ခုအတိုင်းပင် မြင်နေရ၏။ ငှက်တောင်မွေး၌ အမျှင်လေးများရှိသကဲ့သို့ သဘာဝကျောက်မှ ငှက်တောင်ပုံအကွဲလေးတွင်လည်း မြင်နေရ၏။ သို့သော် ကျောက်စစ်မှန်ဘီလူးကို အဆငါးဆယ်အထက်ချဲ့၍ ကြည့်လျှင်မူ ဤအမျှင်လေးများမှာ အရည်စက်များ ဖြစ်နေသည်ကို တွေ့ရ၏။

ဤငှက်မွေးသဏ္ဍာန်အပြစ်မှာ ကျောက်မျက်သိပ္ပံ၌ အင်ကလူရှင်း (in-

http://www.cherrythitsar.org
www.foreverspace.com.mm


clusion) ဟုခေါ်သော ကျောက်စစ်သဘာဝအမှတ်အသားများတွင် တစ်ခု အပါအဝင် ဖြစ်၏။

ဤငှက်မွေးလေးများ၌ပင် အချို့ သဘာဝအက်ရာများမှာ ငှက်မွေးနှင့် မတူတော့။ လက်ဗွေပုံသဏ္ဌာန်မျိုး ဖြစ်နေ၏။ ယင်း သဘာဝအက်ရာမျိုးကို အင်္ဂလိပ်ဘာသာဖြင့် finger print ဟုခေါ်၏။ မြန်မာဘာသာဖြင့်မူ လက်ဗွေပုံ အပြစ်ဟု မှည့်ခေါ်သင့်၏။

မိုးကုတ်မြို့သား ရတနာကုန်သည်များကမူ ဤငှက်မွေးပုံနှင့် လက်ဗွေပုံသဏ္ဌာန်ရှိသော ကျောက်မျက်အမှတ်အသားများကို အဆီပြစ်ဟုသာ ယေဘုယျအမည်ပေးထား၏။ "ထာပွဲ"များတွင် ဤသို့ပင် ယနေ့တိုင် ခေါ်နေကြ၊ ပြောနေဆဲပင်ဖြစ်၏။ ကျောက်မျက်နှာပြင်အနီးမှ ကျောက်သားအတွင်း စိုက်ဝင်နေသော (ဖယ်သာ)လေးများကိုမူ (စိုက်ပြစ်)ဟု ခေါ်ကြ၏။

"(ဖယ်သာ)တွေ့ရတယ်ဆိုတော့ ကျောက်စစ်ဖြစ်တာ သေချာနေပြီပဲ" ကိုစိုးလှက ကျွန်တော့်ကို ပြောလိုက်ခြင်းဖြစ်၏။

"သေချာတယ်လို့တော့ အတတ်ပြောလို့ မရသေးဘူး ကိုစိုးလှ"

"ဘာဖြစ်လို့လဲ"

"(ဖယ်သာ)လေးရဲ့ သုံးပုံတစ်ပုံက မျက်နှာကို ရောက်နေတယ်။ အပေါ်ပေါက် ထွက်နေတယ်"

"ငှက်မွေးအရှည်က ခါးအထိ ရောက်လား"

"မရောက်ဘူး။ ခါးအထိသာ ရောက်နေရင်တော့လည်း ဒီအပြစ်ကို ဂရုစိုက် ဆက်မကြည့်တော့ပါဘူး။ ခု ငှက်မွေးလေးက မျက်နှာ အလယ်မကျ-တကျမှာ ရှိနေတယ်။ အလျား သုံးပုံနှစ်ပုံက ရှစ်ကွက်ထဲမှာရှိပြီး ကျန်တစ်ပုံက ကြေးမုံထဲ ထိုးနေတယ်"

"မျက်နှာကို ဖောက်နေတာက ဘယ်အဖျားကလဲ"

"ကြေးမုံဘက်က. . "

ကြေးမုံဟူသည်မှာ သွေးထားသော ကျောက်တစ်ပွင့်၏ မျက်နှာ အလယ်တည့်တည့်တွင်ရှိသော ရှစ်နားပါရှိသည့် အကွက်ကြီးကို ခေါ်ဆိုခြင်း ဖြစ်၏။

မျက်နှာသို့ ဖောက်နေသော သဘာဝငှက်တောင်ပံပုံအကွဲမျိုးကို ကျောက်မျက်သိပ္ပံဓာတ်ခွဲခန်းများ၌ သဘာဝသဏ္ဌာန် အမှတ်အသားတစ်ခုအဖြစ်

http://www.cherrythitsar.org

www.foreverspace.com.mm



ရာနှုန်းပြည့် လက်မခံချင်ကြပါ။ အကြံအဖန်ပြုလုပ်ထားသည့် ငှက်တောင်ပံ ဖြစ်နေလိမ့်မည်ကို စိုးရိမ်ကြ၏။

လန့်၏။

သံသယဖြစ်၏။

အခြား အထောက်အကူပြုသော သဘာဝအမှတ်အသားတစ်ခုခုကို မတွေ့တွေ့အောင် ရှာကြပြီးမှသာ ကျောက်စစ်အဖြစ် အတည်ပြုဝံ့ကြ၏။

မှန်ပါသည်။

ကျောက်မျက်ဓာတ်ခွဲခန်းတိုင်းမှာ မိမိတွေ့ရှိချက်ကို ရာနှုန်းပြည့် မသေချာသေးဘဲ ကောက်ချက်ကို ဘယ်အခါမှ ပေးလေ့မရှိကြပါ။

"အခြား သဘာဝအမှတ်အသား ဘာမှမတွေ့တော့ဘူးလား"

"မတွေ့ဘူး"

"ခင်ဗျား မျက်စေ့ရှုန်းနေတာ ဖြစ်ချင်ဖြစ်နေဦးမယ်။ တစ်ကွက်ချင်း စနစ်တကျ အသေအချာစစ်ပေးစမ်းပါဗျာ"

"ကျွန်တော် စနစ်တကျကြည့်နေတာပဲ။ ကျော်ကြည့်တာမရှိဘူး။ ကြေးမုံကွက်ထဲကြည့်တယ်။ ဘာမှမရှိဘူး။ ရှစ်ကွက်ကြည့်တယ်။ ဘာမှမရှိဘူး။ စွန်ကွက်ကြည့်တယ်။ ဘာမှမရှိဘူး။ ခါးဆယ့်ခြောက်ကွက်လုံး အသေအချာ ကြည့်ပြီးပြီ။ ဘာမှကို မရှိဘူး"

"ချွန်းဘက်က လှည့်ကြည့်ပါဦး"

အလင်းဖောက်စွမ်းအား ကောင်းလှသည့် ကျောက်မျိုးဖြစ်သဖြင့် တကယ်တော့ ချွန်းဘက်မှပင် ကြည့်စရာမလိုတော့။ မျက်နှာမှကြည့်လျှင်ပင် အတွင်းကျောက်သားတစ်ခုလုံးကို အသေအချာမြင်နေရပြီးဖြစ်၏။

သို့သော် ကိုစိုးလှ ကျေနပ်အောင် ချွန်းဘက်မှလှည့်၍လည်း ကျွန်တော် စစ်ကြည့်ပြန်၏။

ဘာမှမတွေ့။

ခက်ပြီ။

စိတ်ညစ်ကြရပြီ။

ငါးဆယ်. . ငါးဆယ်ကျောက်မျိုး။

"ဘာမှမတွေ့ဘူး ကိုစိုးလှ"

"LIQUID ထဲ ထည့်ကြည့်ရင်ကောဗျာ"

http://www.cherrythitsar.org

www.foreverspace.com.mm



"စမ်းကြည့်ကြတာပေါ့"

ကျွန်တော် (မယ်သလင်းအိုက်အိုဒိုက်) အရည်ပုလင်းကိုယူပြီး ကျောက်ကြည့်ခွက်လေးထဲ အရည်အချို့ကို ငှဲ့ထည့်လိုက်၏။

နောက်. . ကျောက်ဝါလေးကို ထိုအရည်ထဲစိမ်လိုက်ပြီး ကျောက်စစ်မှန်ဘီလူးအောက်၌ ဆက်လေ့လာကြည့်၏။ ယင်းသို့ အရည်အတွင်း၌ ကျောက်ကို စစ်ကြည့်၍ ရသည့်အမြတ်မှာ ကျောက်မျက်နှာပြင်မှ အလင်းပြန်မှုမှာ ဝပ်ကျသွားသဖြင့် ကျောက်အတွင်းသားကို ပို၍ ရှင်းရှင်းလင်းလင်း မြင်နိုင်ခြင်းဖြစ်၏။

ပြဿနာ. . ။

ကြည်လင်နေသော ကျောက်သားအတွင်း၌ ဘာမှရှာမတွေ့။

အတုသဏ္ဍာန်လည်း မတွေ့။

"ကိုစိုးလှ. . ဘာမှမတွေ့ဘူးဗျ"

'ဒါဖြင့် ခင်ဗျား ဘာဆက်လုပ်ပေးနိုင်သေးလဲ"

"ခင်ဗျားကျောက်ကို ထားသွားဗျာ။ မနက်ဖြန် ဒီအချိန် ပြန်လာခဲ့။ ကျွန်တော် အချိန်ယူပြီး ဆက်စစ်လို့ ရနိုင်တာတွေ ဆက်စစ်ထားပေးမယ်"

ကိုစိုးလှ ပြန်သွား၏။

ကိုစိုးလှ ပြန်သွားပြီးနောက် ရောင်စဉ်ကြည့်ကိရိယာ (Spectroscope) ကို ယူပြီး နီလာဝါလေး၏ ရောင်စဉ်များကို စစ်ကြည့်၏။

အနီရောင်စဉ်အတွင်း၌ အစင်းကြောင်းသုံးခုကို မထင်မရှား မြင်ရ၏။

သို့သော် ရေးရေးသာ တစ်ချက်တစ်ချက် မြင်တွေ့မိခြင်းဖြစ်၍ မသေချာ။ ကျွန်တော့်စိတ်တွင် စွဲနေသော အစင်းများလည်း ဖြစ်နိုင်၏။

ပြဿနာမှာ ကျွန်တော်သုံးနေသည့် ရောင်စဉ်ကြည့်ကိရိယာမှာ (GIAGEM 150 Prism Spectroscope) ဖြစ်သဖြင့် အိပ်ဆောင်အမျိုးအစားမျိုး ဖြစ်၏။ အကြမ်းကြည့်ရန်အတွက်သာ ကောင်း၏။ အနုစိတ်ကြည့်ရန်အတွက်မူ အားထား၍ မရ။

ခရမ်းလွန်ရောင်ခြည်အောက်၌ ကျောက်လေးကိုချပြီး အရောင်ပြန်စွမ်းအားကို အသေအချာကြည့်၏။

လှိုင်းရှည်အောက်တွင်လည်းကောင်း၊ လှိုင်းတိုအောက်တွင်လည်းကောင်း ဘာအရောင်မှ သဲသဲကွဲကွဲမပြ။ သို့သော် လှိုင်းတိုအောက်၌ အနီဖျော့ဖျော့ အရောင်လေးသို့ ပြောင်းသလိုလို တွေ့မိ၏။

http://www.cherrythitsar.org
www.foreverspace.com.mm



ပြဿနာတစ်ခု တွေ့ရပြန်ပြီ။

လူလုပ်အဝါရင့်ရောင် နီလာများမှာလည်း လိုင်းတိုခရမ်းလွန်ရောင်ခြည်အောက်၌ အားနည်းသော အနီရောင်ကို ပြ၏။ သဘာဝနီလာဝါရင့်မှာလည်း လိုင်းတိုခရမ်းလွန်ရောင်ခြည်အောက်တွင် အားနည်းသော အနီမှ ဝါနီရောင်ကို ပြတတ်၏။

ယခု မြင်နေရသည်မှာ မထင်ရှားသော အနီဖျော့ဖျော့ . . ။

ဘယ်လိုမှ လိုင်းတို ခရမ်းလွန်ရောင်ခြည်အောက်၌ လူလုပ်နှင့် သဘာဝကို ခွဲမရတော့။

စိတ်ညစ်ရပြန်ပြီ။

နောက်တစ်နေ့ ညနေပိုင်းတွင် ကိုစိုးလှ ပေါ်လာပြန်၏။

"ခွဲလို့ရပြီလား ကိုလှဝင်း"

"တိတိကျကျတော့ မရဘူး ကိုစိုးလှ။ ဒါပေမဲ့ ကျွန်တော်ကတော့ သဘာဝကျောက်စစ်ပဲလို့ ယူဆတယ်။ ခင်ဗျား မဝယ်ရဲရင် ကျွန်တော်ဝယ်မယ်။ ဒါပေမဲ့ ဈေးကတော့ ကျွန်တော့်ကြိုက်ဈေးဖြစ်ရမယ်"

"ဘာဖြစ်လို့ သဘာဝကျောက်စစ်လို့ ခင်ဗျားယူဆလဲ"

"ကျောက်သားပေါ် မြင်နေရတဲ့ ငှက်တောင်ပံပုံအကွဲလေးက လူလုပ်တာ မဟုတ်ဘူး။ သဘာဝအစစ်ပဲ ဖြစ်ရမယ်။ ဘာကြောင့်လည်းဆိုတော့ ကျောက်သားအလယ်လောက်မှာ ရှုကွဲလေးကွဲနေတဲ့ အကွဲမျိုးကို လူလုပ်လို့ မရဘူး။ နောက်တစ်ချက်က လူလုပ်ကျောက် လက္ခဏာဆိုလို့ ဒီ နီလာဝါလေး အပေါ်မှာ တစ်ခုမှ ရှာမရဘူး။ ဥပမာ (မက်သလင်းအိုက်အိုဒိုက်)အရည်ထဲမှာ အချိန်ယူပြီး အသေအချာကြည့်ရင် ဗူစီပေါင်း (bubble)သေးသေးလေးတစ်ခု လောက် ဖြစ်ဖြစ်တော့ တွေ့ဖို့ကောင်းတယ်။ ခု ဘာမှမတွေ့ဘူး။ ကျွန်တော့် လက်ပေါ် တင်ကြည့်တော့လည်း ကျွန်တော့်ရင်ထဲမှာ ခံစားရတဲ့အာရုံက ကျောက်စစ်ရဲ့အာရုံပဲ။ ကျွန်တော် နီလာဝါရင့်အကြောင်းတွေနဲ့ပတ်သက်ပြီး ညက ကျောက်မျက်သိပ္ပံစာအုပ်အမျိုးမျိုးမှာ ရှာဖတ်ကြည့်တယ်။ သိပ်သန့်ရှင်းတဲ့ နီလာဝါတွေမှာ အတုအစစ်ခွဲရတာ အမြဲ ပြဿနာ ဖြစ်ရတယ်တဲ့"

"ကျွန်တော်ကတော့ ရာနှုန်းပြည့် မသေချာသေးဘူးဆိုရင် မဝယ်ဘူး။ ခင်ဗျား ဝယ်မယ်ဆိုရင်တော့ ကျွန်တော် ပွဲစားလုပ်ပေးမယ်"

ကျွန်တော် နီလာဝါလေးကို တစ်သိန်းတစ်သောင်းနှင့် ဝယ်လိုက်၏။

http://www.cherrythitsar.org

www.foreverspace.com.mm



တစ်သိန်းမှာ ကျောက်ပိုင်ရှင်ကိုပေးလိုက်ရပြီး တစ်သောင်းမှာ ကိုစိုးလှကို အကျိုးဆောင်ခအဖြစ် ပေးခဲ့ရခြင်းဖြစ်၏။

ကျွန်တော် ဤကျောက်ကို ဝယ်ပြီးနောက် ပြုပြင်မှုကို ချက်ချင်း မလုပ်သေးပါ။

ကျွန်တော့်ရုံးခန်းသို့ မကြာခဏ ရောက်လာတတ်သော ပြည်တွင်းပြည်ပမှ ကျောက်မျက်ပညာရှင်များကို လူလုပ်ကျောက်နှင့် သဘာဝကျောက်ပြဿနာကို ဆက်စစ်ဆေးခိုင်း၏။

အားလုံးကပင် ကျွန်တော် ထင်မြင်သကဲ့သို့ပင် ကျောက်စစ်ဖြစ်သည်ဟု ဆုံးဖြတ်ကြ၏။

ကျောက်စစ်ဖြစ်ကြောင်း ရာနှုန်းပြည့် သေချာသွားပြီးနောက် ကျောက်ကို ပြင်သွေးရန် ကျွန်တော့်ကျောက်သွေးစက်ရုံမှ ခေါင်းဆောင် ကျောက်သွေးဆရာ မောင်လင်းနိုင်ဝင်းကို ခေါ်လိုက်၏။

"ဒီကျောက်ကို မင်း လှအောင် ပြင်သွေးပေးစမ်းကွာ"

မောင်လင်းနိုင်ဝင်းကတော့ ကျောက်လေးကို အသေအချာစစ်ဆေး၏။

"ဦးလှဝင်းရဲ့ ကျောက်က ချွန်းသိပ်ပါးနေတယ်။ ကျောက်ပြားကြီး ပြန်သွေးရင် အချိန်သိပ်ကျမယ်နော်။ ခု အချိန်ဘယ်လောက်ရှိလဲ"

"ဆယ့်ခုနစ်တစ်မတ်"

"လေးကလပ်တော့ အနည်းဆုံး ကျသွားမယ်ထင်တယ်"

"ကျကျပါစေကွာ။ ငါလိုချင်တာ ကျောက်လုံးဝလှသွားတာ ရချင်တယ်။ မင်း ကျောက်ရဲ့ခါးမှာ အနီရောင်လေးတွေကို အတွင်းဘက်ကိုရောက်လာစေချင်တယ်။ ဒီကျောက်က ဝါနီလေးသာဖြစ်လာရင် သိပ်လှသွားမယ် မဟုတ်လား"

"ကြေးမုံအကွက်ထိ ဝင်လာမယ်မထင်ဘူး။ ဒါပေမဲ့ ခါးကိုရစ်လိုက်ရင်တော့ ဒီ အနီရောင်လေးတွေက အတွင်းဘက်ကို စုလာမှာ သေချာတယ်"

"စမ်းကြည့်လေကွာ။ ကြိုးစားပြီး အကောင်းဆုံးဖြစ်လာအောင်သာလုပ်ပေးစမ်းပါ"

မောင်လင်းနိုင်ဝင်း ကျောက်ကိုယူပြီး ပြန်သွား၏။

နောက် နှစ်ရက်အကြာတွင် ပြန်ပေါ်လာ၏။

"ရော့. . ဒီမှာ ဦးလှဝင်း ကျောက်။ တော်တော်တော့ လှသွားပြီ"

ကျွန်တော် ကျောက်လေးကို ယူကြည့်လိုက်၏။

http://www.cherrythitsar.org
www.foreverspace.com.mm



ဝယ်စဉ်က ကျောက်အသွေးအမွေးနှင့် တခြားစီဖြစ်နေ၏။ အလွန်လှလာပါသည်။

"အနီရောင်လေးတွေက အတွင်းတော့ တော်တော်စုလာသားပဲ"

"ရှစ်ကွက်အထိတော့ ရောက်နေပြီ"

"ကြေးမုံအထိရောက်အောင် လုပ်လို့မရဘူးလား"

"မရဘူး ဦးလှဝင်း။ ခါးကို ခုထက် ပိုရစ်လိုက်ရင် ကျောက်ချိန်က အများကြီး ထပ်ကျသွားလိမ့်မယ်။ ဦးလှဝင်းကျောက်က နဂိုအထိုင်မှ မကောင်းဘဲ"

"ခု အချိန် ဘယ်လောက်ကျန်လဲ"

"ဆယ့်လေးကရက်ကို ဝသေးတယ်"

"သုံးကရက်ကျော်တော့ ကျသွားပြီပေါ့"

"ဟုတ်တယ်"

"ကျောက်ထားသွားကွာ။ ငါ ဘာဆက်လုပ်သင့်တယ်ဆိုတာ အသေအချာ စဉ်းစားဦးမယ်"

မောင်လင်းနိုင်ဝင်း ထားသွားသော ကျွန်တော့်နီလာဝါလေးကို တစ်နေ့လုံး ဆက်လှေ့လာကြည့်နေ၏။

သူသွေးထားပုံ အကုန်ကြိုက်ပါသည်။ သို့သော် ကြေးမုံကွက်ခေါ် ကျောက်၏ဗဟိုကွက်၌ ပွင့်အားမရှိ ဖြစ်နေသည်ကို မကြိုက်။

အဘယ်သို့ ပွင့်အားကို ကြေးမုံကွက်ထိဝင်လာအောင် ပြုလုပ်ရမည်နည်း။

ကံကောင်းထောက်မစွာ ထိုနေ့ညနေ၌ပင် ကိုကံဖ ကျွန်တော့်ရုံးခန်းသို့ ရောက်လာ၏။

ကိုကံဖမှာ ထိုင်းနိုင်ငံ ကျောက်မျက်လောက၌ နှစ်ပေါင်းသုံးဆယ် နေလာခဲ့ဖူးသူဖြစ်၏။ ဘန်ကောက်မြို့၌လည်း ကျောက်သွေးဆရာကြီးအဖြစ် အသက်မွေးခဲ့ဖူး၏။

"ကိုကံဖ. . ဒီကျောက်လေးရဲ့ ပွင့်အားကို ကြေးမုံကွက်အထဲ ဝင်လာအောင် ဘယ်လိုပြင်သွေးရင် ရမလဲ"

ကိုကံဖက ကျောက်ကို အသေအချာ စစ်ဆေးကြည့်လိုက်၏။

"ကျောက်က လေးထောင့်ဝိုင်းပုံဖြစ်နေတော့ အဝိုင်းပုံကျောက်မျိုးမှာ ပွင့်သလို ကြေးမုံထဲ အပြည့်ပွင့်တာမျိုးတော့ ဘယ်လိုမှ မရနိုင်ဘူး။ ဒါပေမဲ့

http://www.cherrythitsar.org

www.foreverspace.com.mm



ကြေးမုံကွက်ထဲ တစ်ဝက်လောက် ဝင်သွားတဲ့အထိတော့ ပြင်ချင်ရင် ပြင်လို့ ရနိုင်သေးတယ်"

"ဘယ်လိုပြင်ရမလဲ"

"ဟောဒီ လျှားနေတဲ့ဖက်ကိုပဲ ပိုလျှားသွားအောင် ကျဉ်းပစ်လိုက်။ ချွန်းကို လုံးဝမထိနဲ့"

"ဘယ်လောက်အထိ ကျဉ်းရမလဲ"

"ခင်ဗျား ကျောက်သွေးဆရာက ပညာတတ်လား"

"တတ်တယ်"

"ချွန်းအထူကို ခါးအနံနဲ့စားပြီး တစ်ရာနဲ့မြှောက်။ ၆၅ ရာနှုန်းထဲ ဝင်လာတဲ့အထိကို ကျဉ်းပြစ်လိုက်လို့ပြော။ ၆၅ ရာနှုန်းအချိုးထဲကို မဝင်သမျှ ကြေးမုံအထဲ ပွင့်အား ဘယ်တော့မှ မရောက်ဘူး"

"ဟုတ်ပြီ။ ခင်ဗျားပြောတဲ့အတိုင်း ကျွန်တော် ခိုင်းလိုက်မယ်။ ဪ. . ဒီ နီလာလေးရဲ့အရည်က မလှဘူးလား"

"အင်း. . လှတော့ လှပါတယ်။ ဒါပေမဲ့ အဝါရည်လိုသေးတယ်"

"ဘာ. . . အဝါရည်လိုသေးတယ်။ ကျွန်တော့်ဘဝတစ်လျှောက်လုံး မှာ ဒီလောက် အဝါရည်ပါတဲ့ မိုးကုတ်ကျောက် တစ်ခါမှ မမြင်ဖူးသေးဘူး"

"ခင်ဗျားမယုံရင် နိုင်ငံခြားဈေးကွက် တိုးကြည့်လေ။ အဲဒီအခါကျတော့ ခင်ဗျား သိလာလိမ့်မယ်"

ကျွန်တော် ကိုကံဖစကားကို လုံးဝ မယုံခဲ့မိပါ။

သို့သော် ကျောက်ပြင်ပုံနည်းစနစ်နှင့်ပတ်သက်၍ သူပြောသွားသည့် စကားမှာ အကုန်မှန်နေပါသည်။ ကျွန်တော့်နီလာဝါလေးကို သူပြောသွားသည့် အခါ၌ ပွင့်အားမှာ ကြေးမုံအတွင်းသို့ တစ်ဝက်ခန့် ရောက်လာ၏။

"လင်းနိုင်ဝင်း. . အချိန်ဘယ်လောက်ကျန်လဲ"

"ဆယ်ကရက်တောင် အေးချင်နေပြီ"

ကျောက်ကို အလှပြင်လိုက်သဖြင့် ရှစ်ကရက်နီးပါးခန့်ပင် အချိန်ကျ သွားလေပြီ။

ဈေးကွက် ထိုးကြည့်ရတော့မည်။

ပထမဆုံး ကျွန်တော့်ရုံးခန်းသို့ ရောက်လာသည့် ထိုင်းကုန်သည်နှစ်ဦး ကို ပြကြည့်သည်။

http://www.cherrythitsar.org
www.foreverspace.com.mm


"အဝါရည်လိုနေတယ်"

"ဘယ်လောက်လိုလဲ"

"ငါးဆယ်ရာနှုန်း. ."

ကျွန်တော် လက်မခံနိုင်ပါ။

"ဘယ်လောက် ရောင်းစားလို့ ရမယ်ထင်လဲ"

"မြန်မာငွေ နှစ်သိန်းလောက်ပေါ့"

ကျွန်တော် အလွန်ဒေါသဖြစ်၍ပင် သွား၏။

အလွန်လှသော နီလာဝါများ၏ဈေးမှာ နီလာပြာ၏ဈေးနှင့် သိပ်မကွာခြားလှတော့ပါ။

ဈေးတူနည်းပါးပင် ရနိုင်၏။

ကျွန်တော့်နီလာဝါကို တစ်ကရက် တစ်သိန်းဈေး ရနိုင်သည်ဟု ထင်ထား၏။ ယခု သူတို့ပြောသောဈေးမှာ နှစ်သောင်းဈေးသာရှိ၏။ ငါးဆကွာနေ၏။

ဒီကောင်တွေ ငါ့နီလာကို ဈေးနှိမ်ပြီးဝယ်ချင်လို့ ဖြစ်ရမယ်။

ဤသို့ပင် ကျွန်တော့်စိတ်ထဲ၌ ထင်ခဲ့မိ၏။

သို့သော် သူတို့မှန်ပြီး ကျွန်တော်မှားခဲ့ပါသည်။ နောက်ထပ် ကျွန်တော့်ရုံးခန်းသို့ ရောက်လာသော ပြည်ပမှ ရတနာကုန်သည်များကလည်း ထိုင်းကုန်သည်များအတိုင်းပင် ဈေးပေးကြ၏။

ကျွန်တော် စိတ်ဓာတ်ကျလာချေပြီ။

တစ်နေ့တွင် ကျွန်တော်နှင့် အလွန်ခင်မင်သော ပြင်သစ်ရတနာကုန်သည် (အိုလီဗာ)ကို မေးမိ၏။

"အိုလီဗာ. . သီဟိုနဲ့ထိုင်းက နီလာတွေက ဘာကြောင့် ဒီလောက် ဝါကြတာလဲဗျာ"

"ကျောက်တွင်းက ထွက်တုန်းကတော့ သိပ်မဝါဘူး။ ခင်ဗျား နီလာဝါ အရည်လောက်တောင် မရှိပါဘူး။ heat treated လုပ်ပြီးမှ ခုလို ဝါလာကြတာ"

"ဟင်. . ဒါဆိုရင် သူတို့အဝါက သဘာဝအဝါမဟုတ်ဘူး။ ပြုပြင်ထားတဲ့ အဝါတွေပေါ့"

"ဟုတ်တယ်"

"ကျွန်တော့်အဝါက သဘာဝအဝါဗျာ။ သူတို့အဝါထက် ပိုဈေးမရသင့်ဘူးလား"

www.foreverspace.com.mm



"ရတော့ ရသင့်တယ်။ ဒါပေမဲ့ ကမ္ဘာ့ဈေးကွက်မှာက သူတို့အဝါပဲ ခေတ်စားနေတယ်။ ခင်ဗျားအဝါမျိုးက ဈေးကွက်မရှိဘူး။ ဈေးကွက်မရှိတော့ ကုန်သည်တွေက ဈေးကြီးပေး မဝယ်ကြဘူးပေါ့"

"ဘယ်တရားမလဲဗျ"

"ဈေးကွက်ဆိုတာ တရားတာ၊ မတရားတာကို စဉ်းစားကြတာမှ မဟုတ်ဘဲ"

ကျွန်တော် စိတ်ဓာတ်မကျတော့ပါ။ ကျွန်တော့်အဝါမှာ သဘာဝအဝါ။ သူတို့အဝါမှာ ပြုပြင်ထားသော အဝါ။

ကျွန်တော့်နီလာဝါ ဒီနေ့ ဈေးကောင်းမရသေးခြင်းမှာ ဈေးကွက် မပေါ်လာသေး၍ ဖြစ်၏။

တစ်နေ့ ဤသဘာဝအဝါမျိုးရှိသည့် နီလာဝါလက်စွပ်ကိုမှ ဝယ်ချင်သူ တစ်ဦးဦး မပေါ်နိုင်ဘူးလား။ ပေါ်ကို ပေါ်လာရမည်။ ပြုပြင်ထားသည့် အလှနှင့် သဘာဝအလှ ဘယ်သူက သာပါသနည်း။ သဘာဝအလှထက် မည်သို့မျှ မသာ နိုင်ပါ။

ကျွန်တော် ဤနီလာဝါကို အပြာဈေးရမှ ရောင်းမည်။ သည်းခံ၍ အချိန်စောင့်ဦးမည်။ ကျွန်တော် လက်စွပ်ကွင်းလိုက်၏။

ရွှေချိန် ငါးမူးကျော် သုံးလိုက်သဖြင့် ပန်းထိမ်ဆရာကို ရွှေဘိုး တစ်-သောင်းနှင့် နှစ်ထောင်ကျော် ပေးလိုက်ရပြန်၏။

ထို့ကြောင့် ကျွန်တော့်နီလာဝါလက်စွပ်အရင်း စုစုပေါင်း တစ်သိန်း သုံးသောင်းကျော်သွားပြီ။

ကျွန်တော် ယနေ့တိုင် ဝတ်ဆင်ထားရဆဲဖြစ်၏။

ဤလက်စွပ်ကိုလည်း သခင်ချစ်လက်စွပ်ဟု ခေါ်သင့်ပါသလား။

အမှတ် ၆၈၊ ၁၉၉၆၊ ဖေဖော်ဝါရီလ။

❋ ❋ ❋

http://www.cherrythitsar.org

www.foreverspace.com.mm

ဲ့း)

## ၈။ သခင်မုန်း စိန်

“ဆရာ့နီလာဝါဇာတ်လမ်းက ကျွန်တော့်ရဲ့ သခင်ချစ် စိန်ထက်တောင် ဆိုးနေပြီလား မသိဘူး”

“ဘာဖြစ်လို့လဲ ကိုကျော်ထိန်”

“ဩော်. . ကိုယ့်ပစ္စည်းက ရှားရှားပါးပါး ဘုရားသခင်ဖန်ဆင်းထားတဲ့ တကယ့် သဘာဝအလှဆုံး အဝါရောင်နီလာကို ရထားပါလျက် လူတွေပြုပြင်ထားတဲ့ အကြံအဖန် နီလာဝါလောက် ဈေးမရဖြစ်နေတယ်။ ဈေးကွက်မဝင်နိုင်ဖြစ်နေတယ် မဟုတ်လား”

“ကုသိုလ်ကံပေါ့ဗျာ”

“ဆရာ့နီလာဝါကိုလည်း ဘန်ကောက်သွားပြီး အပူပေးပြုပြင်တာမျိုး လုပ်ကြည့်ပါလား”

“မရဘူး ကိုကျော်ထိန်။ နီလာဝါတိုင်းကို အပူပေးပြုပြင်လိုက်တာနဲ့ အရည်ကြီးနီလာအဖြစ်ကို ပြောင်းသွားနိုင်ကြတာမဟုတ်ဘူး။ အပူပေးပြုပြင်လို့ရတဲ့ နီလာဝါမှာ ပင်ကိုယ်ရှိရမဲ့သဘာဝဂုဏ်အင်္ဂါတွေ ရှိရသေးတယ်”

“ဘာတွေလဲ ဆရာ”

http://www.cherrythitsar.org
www.foreverspace.com.mm



"ဒီအကြောင်းတွေကိုတော့ ထုတ်မပြောပါရစေနဲ့ဦး ကိုကျော်ထိန်ရယ်။ ဒီနှစ်အတွင်းမှာ ကျွန်တော်က ခေတ်မီကျောက်မျက်မီးဖုတ်ခန်းတစ်ခုကို ရန်ကုန်မှာ တည်ထောင်နိုင်ဖို့ ပြင်ဆင်နေတာတွေ ရှိတယ်။ Trade Secret အနေနဲ့ ဒီပညာရပ်တွေကိုတော့ ကျွန်တော် ထမင်းစားဖို့အတွက် ၂ နှစ် ၃ နှစ်လောက်တော့ ဝှက်ထားသိမ်းထားရဦးမယ်။ ဒီလုပ်ငန်းမှာ ငွေလည်း မြှုပ်သင့်သလောက် စမြှုပ်နေပြီ။ အမြတ်မရတောင် အရင်းပြန်ရပြီးမှပဲ တိုင်းပြည်သိအောင် ကျွန်တော် ပြောနိုင်မယ်"

"အပူပေးပြုပြင်ထားတဲ့ ကျောက်စျေးဟာ သဘာဝစျေးထက် ကြီးတာ စိန်လောကမှာရော ရှိလား"

"မရှိဘူး။ အရောင်ရှိတဲ့ကျောက် (Colored Stones)လောကမှာပဲ ရှိတယ်။ စိန်လောကမှာ အပူပေးပြုပြင်တာထက် ပိုပြီးဆန်းကျယ်တဲ့ သိပ္ပံနည်းကျ အရောင်ပြုပြင်တဲ့နည်းတွေရှိတယ်။ ဒါပေမဲ့ စျေးကွက်မှာ စျေးမရဘူး။ သဘာဝအရောင်စျေးကို မယှဉ်နိုင်ဘူး။ အရောင်ရှိတဲ့ကျောက်စျေးကွက်က စိန်စျေးကွက်လောက်လည်း ကျယ်ပြန့်မှုရှိတာ မဟုတ်ဘူး။ နောက်. . အရောင်ရှိကျောက်-သမားတွေက ကမ္ဘာကလက်ခံအောင် ကြော်ငြာခဲ့ပုံကလည်း ပညာပါခဲ့တယ်။ ဥပမာ. . ဗြိတိန်နိုင်ငံရဲ့ အိမ်ရှေ့မင်းသားက သူ့ကြင်ယာတော်လောင်း (ဒိုင်ယာနာ) မင်းသမီးကို ပေးခဲ့တဲ့ စေ့စပ်ပွဲအခမ်းအနားလက်စွပ်က နီလာက အပူပေးပြီး အရောင်ပြုပြင်ထားတဲ့ နီလာ။ အပူပေးအရောင်ပြုပြင်ထားတဲ့ နီလာကို ကမ္ဘာ-ကျော် မင်းသမီးကတောင် ဝတ်တယ်၊ သုံးတယ်ဆိုတော့ ကျန်လူတွေကလည်း လိုက်ဝယ်ကြ၊ ဝတ်ကြ၊ သုံးကြတော့တာပေါ့ဗျာ"

"ဒါပေမဲ့ ချားလ်မင်းသားနဲ့ (ဒိုင်ယာနာ)မင်းသမီးတို့ရဲ့ အိမ်ထောင်ရေးက မခိုင်မြဲခဲ့ဘူးမဟုတ်လား"

"ဟုတ်တယ်။ ဒါကြောင့် ကျွန်တော်တောင် စဉ်းစားကြည့်နေတယ်။ သဘာဝအရောင်လှလှ နီလာတွေထွက်တဲ့ ကျွန်တော်တို့မြန်မာ၊ ကက်ရှမီးယားတို့ကလူတွေ မိမိအချစ်ကို ခိုင်မြဲစေချင်ရင် သဘာဝအလှ အရောင်များသာရှိတဲ့ နီလာတွေကိုသာ လက်ဆောင်ပေးသင့်တယ်၊ ဝတ်သင့်တယ်လို့ ကြော်ငြာရင် ကောင်းမလားလို့"

"ဟုတ်တယ်။ ကြော်ငြာသင့်တယ်။ စိန်ကို (ဒီဗီးယား)စိန်ကုမ္ပဏီကြီးက "Diamonds are forever" လို့ ကြော်ငြာခဲ့သလိုပေါ့။ ဩော်. . ဆရာ ဒီလို

http://www.cherrythitsar.org

www.foreverspace.com.mm



နီလာဝါအရည်မျိုး တခြားထပ်တွေ့မိတာ ရှိသေးလား”

“ရှိတော့ရှိတယ်။ ဒါပေမဲ့ ကျွန်တော့်နီလာဝါလို ဆယ်ကရက်အရွယ်မျိုးတော့ မတွေ့မိဘူး။ နီလာသေးတွေပဲတွေ့တယ်။ မှတ်မှတ်ရရ ငါးကရက်ကျော်လောက်ရှိတဲ့ ကျွန်တော့်အဝါရည်နီလာမျိုး နီလာတစ်ပွင့်ကိုတော့ ကျွန်တော့်မိတ်ဆွေ ဗေဒင်လက္ခဏာပညာရှင်ကြီး ဦးသင့်နောင်ဆီမှာရှိတယ်။ သဘာဝနီလာဝါ ဟုတ် မဟုတ်ကို ကျွန်တော်ပဲ ဆရာဦးသင့်နောင်ကို စစ်ပေးခဲ့တာပါ”

“ဆရာဦးသင့်နောင်ကရော သူ့နီလာဝါကို မြတ်နိုးလား”

“သိပ်မြတ်နိုးတယ်။ သူက သူ့နီလာဝါကို ငွေနဲ့တန်ဖိုးမဖြတ်ဘူး။ ဆရာဦးလှဝင်း. . ကျွန်တော်တို့မြန်မာမှာ အဝါရောင်ဆိုတာ သာသနာ့အရောင်။ ဝတ်-ဆင်သူကို ကုသိုလ်ကောင်းမှုပြုနိုင်အောင်၊ တရားဓမ္မနဲ့မြဲအောင် ထိန်းသိမ်းပေးနိုင်တဲ့ အရောင်လို့ပြောတယ်”

“သူပြောတာ မှန်လား”

“သိပ်မှန်ပါတယ်။ တကယ်တော့ အဝါရောင်ကို အနောက်တိုင်းမှာလည်း နေမင်းကြီးနဲ့ ဆက်စပ်နေတဲ့အရောင်။ ရွှေရောင်။ ချမ်းသာခြင်း၏ သရုပ်ကို ဖော်ညွှန်းသောအရောင်။ ပျော်ရွှင်ချမ်းမြေ့ခြင်းကို ဖြစ်စေတဲ့အရောင်။ နွေး-ထွေးခြင်းကို ပြန့်လွင်စေတဲ့အရောင်လို့ သတ်မှတ်ကြတယ်။ တရုတ်နိုင်ငံမှာလည်း တော်ဝင်အရောင်အဖြစ် သတ်မှတ်ခဲ့ဖူးတယ်။ ဉပမာ. . ဆန် (Sung)မင်းဆက်ရဲ့အရောင်ဟာ အဝါရောင်ပဲ။ တစ်နည်းအားဖြင့် အဝါရောင်ဆိုတာ အရှေ့တိုင်းမှာရော အနောက်တိုင်းမှာရော ရိုသေလေးစားခြင်းကို ဖော်ညွှန်းတဲ့အရောင်အဖြစ် သတ်မှတ်ထားခဲ့ကြဖူးတယ်”

“ဆရာ့နီလာဝါကို ခုလိုကြော်ငြာပြီး ရောင်းကြည့်ပါလား”

“ရောင်းသင့်ရင်လည်း ရောင်းရမှာပဲ။ လောလောဆယ်တော့ သခင်ချစ် နီလာဖြစ်နေတယ် ကိုကျော်ထိန်”

“သခင်ချစ် ကျောက်လို့တော့ သတ်မှတ်လို့ မရသေးပါဘူး။ ဆရာက ကြိုက်ဈေးမရလို့ မရောင်းသေးတာမဟုတ်လား။ မြတ်လည်းမြတ်နေတာပဲ။ ပေးဈေးလည်း အမြဲထွက်နေတာပဲ။ တစ်နေ့ ဆရာ့ကြိုက်ဈေးကို မရောက်လာနိုင်ဘူးလို့ ဘယ်လိုမှ ပြောလို့မရသေးပါဘူး။ ရတနာဆိုတာ မြတ်တယ်ဆိုတိုင်း မရောင်းသင့်ဘူး။ ကိုင်ထားသင့်တဲ့ရတနာတွေ အများကြီးရှိတယ်။ ကျွန်တော်စိန်တစ်ပွင့်ရဖူးတယ်။ လောရောင်းမိတာ သိပ်မှားသွားတယ်။ ဝယ်ဈေးလည်း

http://www.cherrythitsar.org

www.foreverspace.com.mm



များတာ မဟုတ်ဘူး”

“ဘယ်လောက်လဲ”

“တစ်ဆယ်”

“ရောင်းဈေးက. .”

“သုံးသောင်းခွဲ. .”

“ဟင်. . ဒီလောက်တောင် မြတ်နေပြီပဲ။ ရောင်းပစ်လိုက်တာ မှန်တာပဲ”

“မမှန်ဘူး ဆရာရေ့။ တစ်ဆင့်ပြန်ရောင်းတဲ့လူက နှစ်သိန်းခွဲတောင် ရလိုက်တယ်လို့ပြောတယ်။ ဒီစိန်မျိုးကိုတော့ သခင်မုန်း. . စိန်လို့ နာမည်တပ်ကြ ရရင် ကောင်းမလားမသိဘူး”

“ဘာဖြစ်လို့လဲ”

“ပထမပိုင်ရှင်ကို ကြည့်လေ။ တစ်ဆယ်တည်းရအောင်လုပ်ပေးပြီး ပိုင်ရှင်လက်ထဲက ထွက်သွားတယ်။ ကျွန်တော့်ကိုကျပြန်တော့လည်း သုံးသောင်း ခွဲပဲ ရအောင်လုပ်ပြီး လက်ကူးသွားပြန်တယ်”

“ခင်ဗျား ဒီစိန်ကို ဘယ်လိုလုပ်ပြီး တစ်ဆယ်နဲ့ဝယ်ခဲ့တာလဲ။ ဘယ်တုန်း က ဝယ်တာလဲ”

“နှစ်ပေါင်း နှစ်ဆယ့်တစ်နှစ် ရှိသွားပြီ။ အဲဒီအချိန်က ကျွန်တော် စိန် အကြောင်းတောင် ဘာမှနားမလည်သေးဘူး။ ရွှေဆိုင်ဖွင့်ပြီး ရွှေကုန်သည်ဘဝ နဲ့ အသက်မွေးလို့ သုံးနှစ်လောက်ရှိသေးတဲ့အချိန် ဆိုပါတော့”

“ဒီ ရွှေဘုံသာလမ်းကဆိုင်မှာ လာရောင်းတာလား”

“ဘယ်ဟုတ်ပါ့မလဲ ဆရာရယ်။ အဲဒီတုန်းက ကျွန်တော်က ကျိုက်လတ် မြို့ဈေးက ရွှေဆိုင်တန်းမှာ ရွှေဆိုင်လေးစဖွင့်ပြီး ရတနာပညာမတတ် တတတ် နဲ့ အသက်မွေးနေတဲ့အချိန်”

“ဘယ်သူ လာရောင်းတာလဲ”

“တံငါတစ်ယောက်ပဲ။ ကျွန်တော်နဲ့သိလို့ တိုက်ရိုက်လာရောင်းတာ မဟုတ်ဘူး။ တံငါဆိုတော့ ကွန်ပစ်ရင်းနဲ့ ကွန်မှာငြိပြီး ပါလာတဲ့ ရွှေလက်စွပ် လေး။ တံငါသည်က ကျိုက်လတ်ဈေးထဲမှာရှိတဲ့ သူ့အသိအထည်သည် ဒေါ်ခင်မိ ဆီ ယူလာပြီးရောင်းတယ်။ ဒေါ်ခင်မိက ရွှေအကြောင်း နားမလည်ဘူး။ ဒါကြောင့် ကျွန်တော့်ဆိုင်ခေါ်လာပြီး ရောင်းပေးတယ်”

“ဟိုတုန်းကရွှေဈေးက ဘယ်လောက်ရှိလဲ”

http://www.cherrythitsar.org
www.foreverspace.com.mm


"ရှစ်ရာလောက်ရှိဦးမယ် ထင်တယ်။ ရွှေအချိန်က ငါးပဲသားလောက် ရှိလိမ့်မယ်။ ကျောက်အိုးမှာ ကျောက်ဖြူလေးတပ်ထားတယ်။ အဲဒီကျောက်ဖြူလေးဟာ စိန်ဆိုတာလည်း ကျွန်တော်က လုံးဝမသိဘူး။ ကျောက်အိုးမှာ ကျောက်ကို ရွှဲသပ်ထားတာက စွန်ကုတ်နဲ့မဟုတ်ဘဲ ရွှေသားနဲ့ ဖိသပ်ထားတာဆိုတော့ ဖြုတ်ရတာမလွယ်ဘူး။ ပန်းထိမ်သွားဖြုတ်မှ ရမယ်။ ကျွန်တော်ကလည်း ပန်းထိမ်သွားရမှာ ပျင်းတာနဲ့ ရောင်းသူကို ဟော့. . ခင်ဗျားကျောက် ပြန်ယူသွားမလား။ လက်ဖက်ရည်ဖိုးယူမလားလို့ မေးလိုက်တယ်။ သူက လက်ဖက်ရည်ဖိုး ဘယ်လောက်ပေးမလဲလို့ မေးတယ်။ ကျွန်တော်က တစ်ဆယ်လို့ပြောတော့ သူက လက်ဖက်ရည်ဖိုးပဲပေးဗျာ ဆိုပြီး ကျွန်တော့်ကို ကျောက်အပ်သွားတယ်"

"ခင်ဗျားဝယ်ရပုံကလည်း ချောင်လိုက်တာ"

"ချောင်တာပေါ့ ဆရာရယ်။ ဝယ်တဲ့ ကျွန်တော်ကလည်း ကျောက်ကို စိန်မှန်းမသိ၊ ရောင်းတဲ့တံငါသည်ကလည်း စိန်ကိုစိန်မှန်းမသိဆိုတော့ ပြင်သစ်ချက်ကျောက်ကို ရောင်းသလို ရောင်းကြ ဝယ်ကြတာပဲ"

"နောက် ခင်ဗျား စိန်ဆိုတာ ဘယ်လိုသိလဲ"

"တစ်နှစ်လောက်ကြာတဲ့အထိ ကျွန်တော် စိန်ဆိုတာ လုံးဝမသိသေးဘူး။ ကျောက်ဖြူလေးကို ပန်းထိမ်မှာ သွားဖြုတ်ပြီးတဲ့အခါကြတော့ ကျွန်တော့်ရွှေဆိုင်မှာ ချက်ကျောက်တွေပစ်ထားတဲ့ ဗန်းတစ်ခုရှိတယ်။ အဲဒီဗန်းထဲ ပစ်ထားခဲ့တာပဲ။ ထူးနေတာက တစ်ခါတလေ ကျွန်တော် အဲဒီကျောက်ဗန်းကို ကြည့်လိုက်တဲ့အခါ တံငါသည်ရဲ့ကျောက်ဖြူလေးက ပိုအရောင်တောက်ချင်နေသလိုလို၊ ရောင်စုံတွေ ထွက်ချင်နေသလိုလို ထင်မိတယ်။ စိန်များဖြစ်ချင်ဖြစ်နေမလားလို့ ဘေးက တခြားရွှေဆိုင်ကလူတွေကို မေးကြည့်တော့လည်း ကိုကျော်ထိန်ရယ် ခင်ဗျား ရူးနေလား။ စိန်ကို ဒီပုံမျိုးသွေးတာ မြင်ဖူးလားလို့ ပြောကြတယ်"

"စိန်အချိန်က ဘယ်လောက်ရှိလဲ"

"ခြောက်ရတီကျော်တယ်"

"သွေးပုံက. . "

"လေးထောင့်ပျက်ကြီး ဆရာရယ်။ မျက်နှာကလည်းထူ။ ချွန်းကွက်ကလည်း ကြီး။ ကြေးမုံကွက်ကသေး။ မောက်။ လုံးဝမလှဘူး"

ကျွန်တော် နှစ်ခြိုက်စွာ ပြုံးလိုက်မိပါသည်။ ကိုကျော်ထိန် စိန်မှာ (၁၈၅၀)ခုနှစ်မတိုင်မီက သွေးထားသော စိန်ဖြစ်၏။

http://www.cherrythitsar.org
www.foreverspace.com.mm



စိန်သွေးပညာမှာ လူ့လောက၌ ပေါ်လာခဲ့သည်မှာ မကြာလှသေးပါ။ စိန်အရောင်တင်သည့်ပညာ (Polishing)မှာ (၁၃၀၀)ပြည့်နှစ်ပတ်ဝန်းကျင်တွင် (ဗီးနစ်)မြို့၌ ထွန်းကားခဲ့သည်ဟု ယူဆကြ၏။ (ဗီးနစ်)မြို့မှာ ထိုခေတ်ထိုအခါက ဥရောပနှင့်အာရှသို့ လှေသင်္ဘောများ သွားလာသည့် တံခါးဝတွင်တည်ရှိသော မြို့ ဖြစ်၏။ (၁၅)ရာစုအတွင်း စိန်သွေးပညာမှာ ဗီးနစ်မြို့မှ ဘယ်လ်ဂျီယံနိုင်ငံ အင်တာဝတ် (Antwerp)သို့ ရွှေ့သွား၏။ (၁၅၈၅)ခုနှစ်၌ စပိန်များ အင်တာဝတ် မြို့သို့ ဝင်တိုက်၏။

စိန်သွေးပညာရှင်များမှာ (အင်တာဝတ်)မြို့မှ နယ်သာလန်နိုင်ငံ (အင်စတာတန်)မြို့သို့ ရွှေ့သွားကြပြန်၏။

ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီအထိ (အင်တာဝတ်)နှင့် (အင်စတာတန်) မြို့များမှာ စိန်သွေးပညာနှင့်ပတ်သက်၍ ကမ္ဘာ၌ အထင်ရှားဆုံးမြို့များဖြစ်၏။

အိန္ဒိယနိုင်ငံမှာ ကမ္ဘာ့သမိုင်း၌ စိန်ကို ပထမဆုံး ကျယ်ပြန့်စွာ အသုံးပြုခဲ့သည့် နိုင်ငံဖြစ်၏။ ကမ္ဘာကျော် စိန်ကြီး အများအပြားမှာ အိန္ဒိယနိုင်ငံမှ ထွက်ရှိခဲ့ခြင်း ဖြစ်၏။ ဥပမာ. . . ကိုဟီနိုးစိန်ကြီး။

သို့သော် စိန်သွေးအတတ်ပညာနှင့်ပတ်သက်၍မူ မထင်ရှား။

ယင်းသို့ဖြစ်ရခြင်းမှာ အခြေခံအကြောင်းနှစ်ရပ်ကြောင့် ဖြစ်၏။

ပထမအကြောင်းရပ်မှာ အိန္ဒိယနိုင်ငံသည် စိန်ကိုသာ တွင်ကျယ်စွာ သုံးခဲ့သော်လည်း ဥရောပနိုင်ငံများကဲ့သို့ စိန်သိပ္ပံပညာ ထွန်းကားခြင်းမရှိခဲ့။

ဒုတိယအကြောင်းမှာ အိန္ဒိယနိုင်ငံမှ ရှေးခေတ် (ဟိန္ဒူ)ဘာသာဝင်တို့သည် စိန်ကို ဖြတ်တောက်အကွက်ဖော် သွေးလိုက်ခြင်းဖြင့် သဘာဝစိန်၏ မူလ အတွင်းသဏ္ဍာန်ရှိ တန်ခိုးသတ္တိများ ကွယ်ပျောက်သွားစေနိုင်သည်ဟု ယုံကြည်၏။

ထို့ကြောင့် မူလတွင်းထွက်သဘာဝပုံဆောင်ခဲ (Crystal)များအတိုင်းသာ လက်ဝတ်ရတနာများ ပြုလုပ်ပြီး ဝတ်ဆင်ခဲ့၏။

ထို့ကြောင့်လည်း ယနေ့ အီရန်နိုင်ငံ (မာကာဇီ)ဘဏ်ကြီး၌ ပြသထားသည့် အချိန် (၁၈၅ဒသမ ၁၉)ကရက်ရှိသည့် ဒါရာအိုင်နူး (Darya i-Noor) အမည်ရှိ ရှေးခေတ် အိန္ဒိယစိန်ကြီးမှာ စိန်ပြားကြီး ဖြစ်နေ၏။

ယနေ့ စိန်ပညာရှင်များ မျက်စိဖြင့်ကြည့်လျှင် စိန်နှင့်ပင်မတူ။ လုံးဝ ပုံမလာ။

"ကိုကျော်ထိန် စိန်ကြီးရဲ့ စွန်ကွက်တွေက ပုံသဏ္ဍာန်နှစ်မျိုးဖြစ်နေ

http://www.cherrythitsar.org

www.foreverspace.com.mm



တယ် မဟုတ်လား"

"ဟုတ်တယ် ဆရာ။ စွန်ကွက်လေးကွက်က ကျောရိုးတိုပြီး လေးကိုင်းရှည်တယ်။ ကျန်စွန်ကွက်လေးကွက်က ကျောရိုးသိပ်ရှည်ပြီး လေးကိုင်းက သိပ်ကျဉ်းနေတယ်"

"ခါးကွက်တွေကလည်း ရှည်တဲ့အကွက်ကရှည်။ ကျဉ်းတဲ့အကွက်က ကျဉ်းနေတယ် မဟုတ်လား"

"ဟုတ်တယ်။ ဆရာ အခုပြောတဲ့အတိုင်းပဲ"

"အဲဒီ သွေးပုံမျိုးကို ဥရောပမှာ triple cut လို့လည်းခေါ်တယ်။ Old mine cut လို့လည်းခေါ်တယ်။ ဆယ့်ခုနစ်ရာစုနှောင်းပိုင်းမှာပေါ်ခဲ့တဲ့ သွေးပုံမျိုး။ တကယ်တော့ ဒီသွေးပုံမျိုးဟာ ခေတ်တော်တော်မီလာပြီ။ ကြေးမုံကွက်။ ရှစ်ကွက်။ စွန်ကွက်။ ခါးကွက်အစုံပါတယ်။ အချိုးမကျသေးတာ တစ်ခုပဲရှိတယ်"

"ဒီသွေးပုံထက် ရှေးကျတဲ့သွေးပုံတွေ ရှိသေးလား"

"သိပ်ရှိတာပေါ့။ ရှေးအကျဆုံးသွေးပုံဆိုရင် ရှစ်မျက်နှာရှိတဲ့ ပုံဆောင်ခဲအတိုင်းရှိနေပြီး နတ်ရောင်လေးပါနေတာပဲ ရှိတယ်"

"စိန်က ကုဗစနစ် (Cubic System)ထဲမှာပါတယ် မဟုတ်လား"

"ဟုတ်တယ်။ စိန်ဟာ ကုဗစနစ်ထဲမှာပါတယ်ဆိုပေမယ့် လက်တွေ့တူးဖော်လို့ရတဲ့အခါ ရှစ်မျက်နှာပါတဲ့ ပုံဆောင်ခဲမျိုးပဲ အတွေ့ရများတယ်။ အင်္ဂလိပ်လိုတော့ (Octahadrun)ပေါ့။ ဒီလို ရှစ်မျက်နှာပါပြီး နတ်ရောင်ထွက်နေတဲ့ ပုံဆောင်ခဲမျိုးကို ရွှေနဲ့လက်စွပ်ကွင်းပြီးဝတ်တာ မြန်မာနိုင်ငံမှာလည်း ပျူခေတ်ကတည်းက ရှိခဲ့ဖူးတယ်။ ကျွန်တော့်ရုံးကို မကြာခဏ အလည်လာတတ်တဲ့ အပျော်တမ်း ပျူခေတ်လက်ဝတ်ရတနာပညာရှင် ဦးအောင်မြင့်ကိုယ်တိုင် ပြည်မြို့က ဝယ်လို့ရခဲ့ဖူးတယ်"

"နတ်ရောင်ဆိုတာ ဘာလဲ ဆရာ"

"မိုးကုတ်သားတွေသုံးတဲ့၊ ခေါ်တဲ့စကားပါ။ ကျောက်မျက်နှာပြင်ကို လူက အရောင်တင်ထားတာမဟုတ်ဘဲ သဘာဝအတိုင်း အရောင်ထွက်နေတာပြောတာ။ လူတွေဟာ စိန်ကိုစသွေးတော့ ပထမဆုံး ဘာလုပ်ကြသလဲဆိုရင် စိန်အရိုင်းရဲ့ ကွဲအင် (Cleavage)အတိုင်း ဖဲ့ပစ်လိုက်ပြီး ရှစ်မျက်နှာရှိတဲ့ စိန်အရိုင်းရဲ့ထောင့်ကို ကျဉ်းပစ်လိုက်တယ်။ ရှေးအကျဆုံးစိန်သွေးပုံတစ်ခုဖြစ်တဲ့ point cut ဆိုတာ အဲဒီသွေးပုံမျိုးပဲ။ ရှစ်မျက်နှာရှိတဲ့ စိန်အရိုင်းရဲ့ မူလသဏ္ဍာန်

http://www.cherrythitsar.org
www.foreverspace.com.mm



က သိပ်မပြောင်းသွားသေးပါဘူး။ နောက်. . table cut ဆိုတာ ပေါ်လာတယ်။ ဒီ table cut ခေတ်ကျတော့ မူလပုံဆောင်ခဲသဏ္ဍာန်က ပျက်သွားပြီး စိန်အရိုင်းရဲ့ လေးမျက်နှာဆုံတဲ့နေရာတစ်ခုကို ကြေးမုံခွက်အဖြစ် ဖြန့်ပစ်လိုက်ကြတယ်။ ဆယ့်ခြောက်ရာစုကျတော့ rose cut ဆိုတာ ပေါ်လာတယ်။ နှင်းဆီဖူးသဏ္ဍာန်နဲ့တူတဲ့ စိန်သွေးပုံမျိုးဆိုပါတော့။ ဒီနှင်းဆီဖူးပုံ သွေးပုံကလည်း သွေးတဲ့နိုင်ငံကိုလိုက်ပြီး သဏ္ဍာန်ကွဲအမျိုးမျိုး ရှိကြတယ်။ အိန္ဒိယနိုင်ငံက (မွန်ဂို)တွေရဲ့ သွေးပုံမှာလည်း ဒီ rose cut ဆန်တဲ့ သွေးပုံမျိုး ရှိခဲ့ဖူးတယ်။ ကမ္ဘာကျော် ကိုဟီးနိုး (koh-i-noor)စိန်ကြီးရဲ့ ရှေးမူလသွေးပုံက rose cut သွေးပုံတစ်မျိုးပဲ”

“ဒီ rose cut သွေးပုံမျိုးက ဒီနေ့ဈေးကွက်မှာ မြင်နိုင်သေးလား”

“မမြင်နိုင်တော့ဘူး၊ မရှိတော့ဘူး။ ကျောက်မျက်ပြတိုက်တွေနဲ့ စိန်ဝါသနာရှင်တွေရဲ့ လက်ထဲမှာပဲ မြင်နိုင်တော့တယ်။ ဒီနေ့ ကမ္ဘာမှာကျန်ရှိတဲ့ နှင်းဆီဖူးပုံသွေး အကြီးဆုံးစိန်ကတော့ Orloft စိန်။ အချိန် ၁၈၉ ကရက် ရှိတယ်။ ရုရှနန်းစဉ်ရတနာထဲက သံလျက် (Scepter)မှာ တပ်ထားပါတယ်။ နှင်းဆီသွေးပုံခေတ်ပြီးတော့ မာဇလင် (Mazarin)သွေးပုံဆိုတာ ပေါ်လာတယ်။ ဒီစိန်သွေးပုံကျတော့ မျက်နှာမှာ ကြေးမုံကွက်အပြင် တြိဂံပုံအကွက် ဆယ့်ခြောက်ကွက်ပါလာပြီး၊ ဒီသွေးပုံကို ပြင်သစ်တွေက သူတို့တီထွင်တာလို့ပြောကြတယ်။ ဒီအယူအဆကို တချို့ကလည်း လက်မခံဘူး။ ဒါပေမဲ့ Mazarin ဆိုတဲ့နာမည်က အဲဒီခေတ် ပြင်သစ်ဝန်ကြီးချုပ်ရဲ့နာမည်။ နောက် အင်္ဂလိပ် star cut ဆိုတာ ပေါ်လာတယ်။ ဒီသွေးပုံမှာလည်း ကြေးမုံကွက်နဲ့ တြိဂံပုံ ဆယ့်ခြောက်ကွက်ပဲ ရှိကြသေးတယ်။ မျက်နှာမှာ အကွက်ပေါင်း သုံးဆယ့်သုံးကွက်ရှိတဲ့ ကွက်ပြည့်သွေးတဲ့ခေတ်က ကိုကျော်ထိန်ကို တင်ပြလာရောင်းသွားတဲ့ triplet-cut ခေတ်ရောက်မှ ပေါ်ခဲ့တာ”

“ဒါပေမဲ့ စိန်က လုံးဝမလှသေးဘူးနော်။ အဝိုင်းလည်းမဟုတ်ဘူး။ လေးထောင့်ဝိုင်းကြီး”

“မှန်ပါတယ်။ လှတာကို ကျွန်တော်ပြောတာ မဟုတ်ဘူး။ အကွက်စုံလာပြီဆိုတာကို ကျွန်တော်ပြောတာ။ ဒါပေမဲ့ မလှဘူးဆိုပေမဲ့ သူ့ရှေ့သွေးပုံစိန်တွေထက်တော့ အများကြီးပိုလှလာပါပြီ။ ကိုကျော်ထိန်ရတဲ့စိန်က လေးထောင့်ဝိုင်းဆိုပေမဲ့ အဲဒီခေတ်မှာ အဝိုင်းလည်း ပေါ်စပြုနေပြီ။ ၁၉၈၅ ခုနှစ်နောက်ပိုင်း သွေးတဲ့စိန်ပုံတွေက triplet cut ဆိုပေမဲ့ လေးထောင့်ဝိုင်း မဟုတ်တော့ဘူး။

http://www.cherrythitsar.org
www.foreverspace.com.mm


အဝိုင်းဖြစ်သွားပြီ”

“အဝိုင်းက လေးထောင့်ဝိုင်းထက် ပိုခေတ်မီတဲ့သွေးပုံပေါ့”

“မှန်ပါတယ်။ ဒါပေမဲ့ အကွက်ရိုက်တဲ့ အကွက်သင်္ကေတန်တွေကတော့ သိပ်မထူးလှဘူး။ ပွင့်ပုံနည်းနည်းလေးပဲ ပိုသာတယ်။ ဒီနေ့ခေတ်မျက်စိနဲ့ ကြည့်ရင် နည်းနည်းပိုကြည့်ကောင်းတယ် ဆိုပါတော့။ ဒါပေမဲ့ စိန်စျေးကွက်မှာ အဝိုင်းက လေးထောင်ဝိုင်းထက် ဘာပိုသာသွားသလဲဆိုရင် အဝိုင်းဖြစ်နေတဲ့အတွက် ခေတ်သစ်သွေးပုံ ပြန်သွေးတဲ့အခါ လေးထောင့်ဝိုင်းလောက် အချိန်သိပ်မကျဘူး။ ဒီနေ့ စိန်စျေးကွက်မှာ ရောင်းဖိုးပိုရနိုင်တယ်။ ဒါပေမဲ့ ကျွန်တော်သိသလောက် တော့ ရှေးခေတ်လက်ရာကို ထိန်းသိမ်းတဲ့အနေနဲ့ ပြန်သွေးလေ့မရှိကြပါဘူး။ ရှေးဟောင်းပစ္စည်းအဖြစ်ပဲ အရောင်းအဝယ်လုပ်ကြလေ့ရှိတယ်။ ကဲ. . ဆိုပါဦး။ တံငါဆီကဝယ်ထားတဲ့စိန်ကြီးကို နောက်ဆုံး စိန်မှန်း ကိုကျော်ထိန် ဘယ်လိုသိလဲ”

“စောစောက ကျွန်တော်ပြောသလိုပဲ။ ချက်ကျောက်တွေပစ်ထားတဲ့ ဗန်းထဲမှာ ဒီကျောက်ဖြူလေးက အမြင်ထူးနေတာမို့ . . ဟင်. . ဒီကျောက် စိန်များဖြစ်နေရင်တော့ ငါတော့ပွပြီလို့ တစ်ခါတစ်ခါ စိတ်ကူးယဉ်မိတယ်။ ဒီလို စိတ်ကူးယဉ်ရင်းနဲ့ ကိုယ့်ပစ္စည်းကို စိန်များဖြစ်နေမလားလို့ သံသယရှိလာတယ်။ အဲဒီအချိန်မှာ ဖြစ်ချင်တော့ ဆရာရယ်. . ရန်ကုန် ရွှေဘုံသာလမ်းက ဘောလုံး အသင်း ကျွန်တော်တို့ ကျိုက်လတ်မြို့ကို ဘောလုံးလာကန်တယ်။ ရွှေဘုံသာ လမ်းလက်ရွေးစင်နဲ့ ကျွန်တော်တို့ကျိုက်လတ်လက်ရွေးစင် ပြိုင်ကြတဲ့ဘောလုံးပွဲ ဆိုပါတော့။ ဘောလုံးပွဲက အပျော်ကစားကြတဲ့ပွဲပါ။ ကျွန်တော်က ဧည့်သည် ဘောလုံးသမားတွေကို မနက်စာခေါ်ကျွေးတယ်။ ဘာကြောင့်လည်းဆိုတော့ ဘောလုံးသမားတွေအထဲမှာ မိတ်ဆွေ ရွှေကုန်သည်၊ ရတနာကုန်သည်တွေက လည်း ပါလာကြတယ်မဟုတ်လား။ အဲဒီဘောလုံးသမားတွေ ကျွန်တော့်အိမ် ရောက်တော့ “ဆပ်တရား”ဆိုတဲ့ကောင်လေးက ကျွန်တော့်ကိုမေးတယ်။ ကိုကျော်ထိန် ခင်ဗျားတို့ကျိုက်လတ်မှာ စိန်ကြီးကြီးရောင်းဖို့ မရှိဘူးလားတဲ့”

“ဆပ်တရားက စိန်သမားလား”

“ဟုတ်တယ်။ ကျိုက်လတ်မှာ စိန်ကြီးကြီးက ဘယ်ရှိပါ့မလဲ။ ဒါကြောင့် ကျွန်တော်ကနောက်ပြောင်ပြီး ဟော့ကောင် စိန်ကြီးကြီးတစ်ပွင့်တော့ ငါ့မှာရှိတယ်။ ဝယ်မလားလို့မေးပြီး တံငါဆီကရထားတဲ့ ကျောက်ဖြူလေးကို ထုတ်ပြလိုက်တယ်”

“အံ့သြဖို့ သိပ်ကောင်းနေတာက ဆပ်တရားက ကျောက်ဖြူလေးကို

http://www.cherrythitsar.org
www.foreverspace.com.mm



သူ့လက်ထဲက လုံးဝမချတော့ဘူး။ သူ့မှာပါလာတဲ့ မှန်ဘီလူးလေးနဲ့ အမျိုးမျိုး ကြည့်တယ်။ တခြားဘောလုံးသမားထဲကပါလာတဲ့ စိန်သမားတွေကိုလည်း ဆက် ပြပြီး သဘောထားကိုမေးတယ်။ ဒါပေမဲ့ သူတို့ ဘယ်သူမှ စိန် ဟုတ် မဟုတ်ကို မဆုံးဖြတ်နိုင်ကြဘူး။ ဆပ်တရားက ကျွန်တော့်ကိုမေးတယ်။ ကိုကျော်ထိန် ဒီ ကျောက် စိန်ဖြစ်တာကို ခင်ဗျား တာဝန်ယူလားတဲ့။ ကျွန်တော်က ငါ ဘာတာဝန် မှ မယူဘူး။ မင်းမျက်စိမင်းနိုင်ရင် ဝယ်။ မနိုင်ရင်ထားခဲ့လို့ ပြောလိုက်တယ်"

"တံငါဆီက တစ်ဆယ်နဲ့ဝယ်ထားတဲ့အကြောင်းရော ဆပ်တရားကို ပြောလိုက်လား"

"မပြောဘူး။ ပြောရင် ဒီကောင် ဘယ်စိတ်ဝင်စားတော့မလဲ။ နောက်. . ဈေးကိုလည်း နှိမ်တော့မှာပေါ့"

"အဲ. . ဆိုပါဦး။ နောက် ဘယ်လိုဖြစ်လဲ"

"ဆပ်တရားက ကျွန်တော့်ကိုပြောတယ်။ ကိုကျော်ထိန်. . ကျွန်တော် ခင်ဗျားပစ္စည်းကိုကြိုက်တယ်။ ဒါပေမဲ့ ဒီပစ္စည်းကို စိန်ပါလို့ ကျွန်တော် မဆုံးဖြတ် ရဲသေးဘူး။ ဒီလိုလုပ်ပါလား။ ခင်ဗျား ရန်ကုန်လာတော့ ဒီပစ္စည်းယူလာခဲ့ဗျာ။ ကျွန်တော် တည့်အောင် ခင်ဗျားဆီက ဒီပစ္စည်းကိုဝယ်မယ်တဲ့"

"အဲဒီတော့ ခင်ဗျား ဘာလုပ်လဲ"

"ဘာလုပ်ရမှာလဲ ဆရာရယ်။ ဒီကောင်လေးပြောတဲ့အတိုင်း သဘော တူလိုက်ပြီး အေး. . ငါ ရန်ကုန်လာတော့ ယူလာခဲ့မယ်လို့ ပြောလိုက်တာပေါ့"

"နောက် ဘယ်လိုဆက်ဖြစ်လဲ"

"ဆပ်တရားတို့ ပြန်သွားပြီးတော့ ကျွန်တော့်မှာ နေမထိ၊ ထိုင်မထိ ဖြစ်နေတာတွေတော့ မပြောချင်တော့ပါဘူး။ အလွယ်ဆုံး ဆရာမြင်သာအောင် ပြောရရင် ချက်ချင်း စိန်ရူး ရူးသလိုဖြစ်သွားတယ် ဆိုပါတော့။ ကျိုက်လတ်မှာ ရှိတဲ့ နာမည်ကြီးပန်းထိမ်ဆရာတွေဆီသွားပြီး သူတို့ရဲ့ သဘောထားကိုမေးတယ်။ ဘယ်ပန်းထိမ်ဆရာကမှ စိန်လို့မပြောဘူး။ ကျောက်မျက်အကြောင်းနားလည်တဲ့ ရွှေကုန်သည်တွေကို လျှောက်မေးတယ်။ မင်းဟာ စိန်မဟုတ်ပါဘူးကွာလို့ပဲ ပြောလွှတ်ကြတယ်။ အဲ. . စိန်ဟုတ်ပါတယ်လို့ ပြောတဲ့လူ အဲဒီတုန်းက ကျိုက်လတ်မှာ တစ်ယောက်ပဲရှိတယ်"

"ဘယ်သူလဲ"

"ပွဲစားကြီး ဦးတင်ခိုင်။ ဒီပုဂ္ဂိုလ်က ဒီနေ့အထိ ကျိုက်လတ်မှာ အသက်

http://www.cherrythitsar.org

www.foreverspace.com.mm



ထင်ရှား ရှိနေသေးတယ်။ ဒါပေမဲ့ ပွဲစားတော့ မလုပ်တော့ဘူး။ ဘုန်းကြီးဝတ်နေတယ်။ ဒီနေ့ ဘုန်းကြီး ဦးတင်ခိုင်လို့ပဲဆိုပါတော့။ ဦးတင်ခိုင်နဲ့ကျွန်တော်က ခင်တယ်။ အရောင်းအဝယ်တွေလည်း အတူလုပ်ခဲ့ကြဖူးတယ်။ ဦးတင်ခိုင်ကို ကျွန်တော် စိန်လေးကိုပြပြီး သူ့အယူအဆကိုမေးတော့ သူက စိန်ကို လုံးဝ မကြည့်သေးဘဲ ဟော့ကောင် ရေတစ်ခွက်နဲ့ ကြွေပန်းကန်လုံးလေးတစ်ခု ယူခဲ့ကွာလို့ ပြောတယ်”

“နောက်တော့. . .”

“သူက ဘာလုပ်သလဲဆိုတော့ ဆရာရယ်။ ကြွေပန်းကန်လုံးထဲမှာ ရေထည့်ပြီး ရေထဲကို စိန်လေးနဲ့ ကျောက်ဗန်းထဲက တခြားကျောက်ဖြူလေးတစ်ပွင့်ကို ကောက်ပြီးနှစ်လိုက်တယ်။ နောက်. . တစ်ခါထဲတန်းပြီး၊ ဟော့ကောင်. . ကျော်ထိန် မင်းဟာ စိန်ကွ. . စိန်အစစ်လို့ ပြောတယ်။ ကျွန်တော် အံ့သြလို့ မဆုံးဘူး။ ကြွေပန်းကန်ထဲကရေထဲ စိန်ကိုနှစ်ပြီးတာနဲ့ စိန်လို့ ဘာကြောင့် သူ ပြောနိုင်တာလဲ ဆရာ”

“စိန်ရဲ့ အလင်းယိုင်ကိန်း (Refrective Index)က သိပ်မြင့်တယ် ကိုကျော်ထိန်။ ၂ဒသမ ၄၁၇တောင်ရှိတယ်။ ကျွန်တော်တို့ မြန်မာ့ကျောက်မျက်လောကမှာသုံးနေတဲ့ ကျောက်မျက်တွေအထဲမှာ အလင်းယိုင်ကိန်း အမြင့်ဆုံးကျောက်လို့ အကြမ်းသဘောသတ်မှတ်လို့ရတယ်။ ရေရဲ့ အလင်းယိုင်ကိန်းက ကျောက်မျက်မှာသုံးတဲ့ အလင်းယိုင်တန်း ကိရိယာပေါ်မှာ ၁ ဒသမ ၃၃ ပဲ ရှိတယ်။ အလင်းယိုင်ကိန်းကွာခြားမှုက သိပ်များတယ်။ ရေထဲကို သူနဲ့ အလင်း-ယိုင်တန်း သိပ်မကွာတဲ့ ကျောက်ကိုချကြည့်ရင် ကျောက်က ရေထဲမှာ ထင်ထင်ရှားရှား မမြင်ရတော့ဘူး။ မှိန်သွားတယ်။ ဥပမာဗျာ- (CRYOLITE)ဆိုတဲ့ ကျောက်ရဲ့ အလင်းယိုင်တန်းက ၁ဒသမ၃၃ ပဲရှိတယ်။ ရေနဲ့အတူတူလောက်ပဲ။ ဒါကြောင့် အဲဒီကျောက်ကို ရေထဲချလိုက်ရင် ကျောက်ကိုရှာမတွေ့တော့ဘူး။ (The Gemologist compendium, R.Webster, P 131) လက်နဲ့ ရေထဲ ပြန်စမ်းပြီး ရှာယူရတယ်။ စိန်ကျတော့ ရေနဲ့အလင်းယိုင်ကိန်း ကွာခြားလွန်းတဲ့အတွက် ရေထဲနစ်လိုက်ပေမဲ့ စိန်ကိုမြင်ရတာ ရှိုးရှိုး အပြင်မှာကြည့်တဲ့အတိုင်းပဲ မြင်ရလိမ့်မယ်။ ဦးတင်ခိုင်ဆိုတဲ့ ပုဂ္ဂိုလ်က နဂိုကလည်း ဒီသဘောကိုသိထားတာနဲ့ တူပါတယ်။ ဒါကြောင့် သူ အဲဒီနည်းနဲ့ စမ်းကြည့်တာ ဖြစ်မှာပေါ့”

“အံ့သြစရာပဲ။ ကျိုက်လတ်မြို့ရဲ့ ရတနာဈေးကွက်က အလွန်ကျဉ်းပါ

http://www.cherrythitsar.org

www.foreverspace.com.mm



တယ်။ ဦးတင်ခိုင်က ဘယ်လိုလုပ်ပြီး ဒီပညာကို တတ်ထားတာလဲ မသိဘူး”

“တကယ်တော့ အဲဒီလို စစ်ဆေးတဲ့နည်းဟာ သိပ်တော့မသေချာလှဘူး ကိုကျော်ထိန်။ လူတစ်ဦးချင်းရဲ့ မျက်စိစူးရှမှုအပေါ်မှာ လုံးဝတည်နေတယ်။ မှားနိုင်ဖို့ အခွင့်အလမ်းအများကြီး ရှိတယ်။ ကိုကျော်ထိန် စိန်က ဖြူလား”

“ဟာ. . သိပ်ဖြူတာပေါ့ ဆရာရယ်။ ဖြူတာမှ ဆွတ်ဆွတ်ကိုဖြူနေတာ။ အဝါရည် နှမ်းစေ့လောက်မှ မပါဘူး”

“အဲဒီလိုဖြူရင် ပိုကြည့်ရခက်ဦးမယ်။ ရေအရောင်ကအဖြူ။ ပန်းကန်ကြွေရောင်က အဖြူ။ စိန်အရောင်ကအဖြူ။ အဖြူကြီးပဲဖြစ်နေတော့ ပိုကြည့်ရခက်သွားဦးမယ်။ ဒါပေမဲ့ စောစောက ကျွန်တော်ပြောသလိုပေါ့။ ပွဲစားကြီး ဦးတင်ခိုင်ရဲ့ မျက်စိအာရုံက သူများနဲ့မတူအောင် ကောင်းလွန်းလို့လည်း ခုလို သူ ခွဲခြားပြောနိုင်ခဲ့တာ ဖြစ်မှာပါ။ ကဲ. . ဆိုပါဦး။ နောက် ဘယ်လိုဆက်ဖြစ်လဲ”

“ဦးတင်ခိုင်က စိန်ပါလို့ တိတိကျကျ ရဲရဲဝံ့ဝံ့ပြောလိုက်တဲ့အတွက် ကျွန်တော် အားတော့တော်တော်ရှိသွားတာပေ့ါ။ ဒါနဲ့ ကျွန်တော် နောက်တစ်ပတ်လောက်ကြာတော့ ရန်ကုန်ယူသွားခဲ့ရော”

“ရန်ကုန်ရောက်တော့. . ”

“ရွှေဘုံသာလမ်းဈေးကွက်မှာပဲ စိန် ဟုတ် မဟုတ်ဆိုတဲ့ ပြဿနာက ပတ်ချာလည်နေပြန်တယ်”

“စိန်သမားတွေကို မပြသေးဘူးလား”

“ပြတယ်။ ဘယ်သူမှ ရဲရဲအဆုံးအဖြတ်မပေးဝံ့ဘူး”

“ခါးကို မစစ်ကြည့်ကြဘူးလား”

“စစ်တာပေ့ါ ဆရာရယ်။ ခါးမှာ အရောင်မတင်ထားဘူး။ စိန်သား ဂရိန်း (grain)က ကြမ်းနေတယ်။ စိန်အစစ်နဲ့ လုံးဝတူတယ်။ ဒါပေမဲ့ အဓိက ပြဿနာက ကျွန်တော့်စိန်က ဘယ်သူမှ မမြင်ဖူးလောက်အောင် ဆွတ်ဆွတ်ဖြူနေတယ်။ ကျောက်သားအတွင်းမှာ အပြစ်လုံးဝမရှိဘူး။ Internally flawless အဆင့်မျိုး ဖြစ်နေတယ်”

“မျက်နှာပြင်အပြစ်ရော. . ”

“မျက်နှာပြင်အပြစ်လည်း လုံးဝမရှိဘူး။ အဲဒီလို စင်ကြယ်လွန်းနေတဲ့အတွက်လည်း ရွှေဘုံသာလမ်းက စိန်ဆရာကြီးတွေက လက်မခံရဲဘဲ ဖြစ်နေကြတာပေ့ါ။ နောက် စောစောကပြောသလို ဖြူတာကလည်း ပြိုင်စံရှားအဖြူ (Ex-

http://www.cherrythitsar.org
www.foreverspace.com.mm



ceptional white)"

"အဲဒီတော့ ဘယ်လိုဆက်လုပ်ကြလဲ"

"ကျွန်တော်က ဆပ်တရားကို ပြောလိုက်တယ်။ ဟော့ကောင်. . မင်း စိန်အတုအစစ်ပြဿနာကို ခဏဘေးဖယ်ထားပြီး ဈေးပဲပြောတော့။ ဈေးတည့်တယ်။ ငါကြိုက်ဈေးရမယ်ဆိုရင် ဒီစိန်ကို မင်း စိန်သွေးဆရာဆီယူသွား။ သွေးပြင်ပေါ် တင်ကြည့်။ သွေးပြင်ကို ဘယ်စိန်အတုမှ လိမ်လို့မရဘူး။ စိန်ဆိုတာ ကျောက်မျက်အားလုံးထဲမှာ အမာဆုံး။ မိုးစကေး (Moh scale) ရဲ့ မာဆင့် ၁၀ (Hardness 10) ရှိတယ်။ သွေးပြင်ပေါ် တင်ကြည့်ပြီး စိန်အစစ်ဆိုမှ မင်းငွေချေ။ ငါ့လက်ထဲကထွက်သွားတဲ့ပစ္စည်းဟာ မင်းလက်ထဲရောက်မှ အတုဖြစ်ပြီး မင်းဒုက္ခရောက်တာကိုလည်း ငါ မမြင်ချင်ဘူး။ ဒီလိုအလုပ်မျိုးကိုလည်း ငါ မလုပ်စားဘူး။ ဒီငွေမျိုးလည်း ငါမရချင်ဘူးလို့ ပြောလိုက်တယ်"

"ဒီတော့ ဆပ်တရားက လက်ခံလား"

"လက်ခံတာပေါ့ ဆရာ။ သွေးပြင်ကို ဘယ်သူမှလိမ်လို့ရတာမှ မဟုတ်ဘဲ"

"အဲ. . ဒီတော့. . "

"ဈေးစကား ဆက်ပြောကြတာပေါ့"

"ခင်ဗျားက ဘယ်လောက်တောင်းလဲ"

"တစ်သိန်းတောင်းတယ်"

"ဆပ်တရားက ဘယ်လောက်ပေးလဲ"

"နှစ်သောင်း စပေးတယ်"

"ကွာလှချေလား"

"ထုံးစံပေါ့ဆရာရယ်။ စိန်သမားဆိုတာ ပွတ်လို့ရနိုင်သလောက် ပွတ်လေ့ရှိကြတယ်မဟုတ်လား။ ခု စိန်အရောင်းအဝယ်မှာ ပိုဆိုးနေတာက အတုအစစ်ပြဿနာက ရှိနေပြန်တယ်။ ဈေးစကားပြောရတာကြီးပဲ အားလုံး ငါးရက်လောက်ကြာသွားတယ်"

"နောက်ဆုံး ဘယ်လောက်နဲ့ တည့်လဲ"

"သုံးသောင်းခွဲလေ ဆရာ။တကယ်တော့ ကျွန်တော်က နှစ်သောင်း စပေးကတည်းက ရောင်းချင်လှပြီ။ ကိုယ်က တစ်ဆယ်နဲ့ဝယ်ထားခဲ့တဲ့ ပစ္စည်း မဟုတ်လား။ မနည်းဟန်လုပ်နေရတယ်။ နောက်ဆုံး သုံးသောင်းခွဲလည်း ရောက်

http://www.cherrythitsar.org

www.foreverspace.com.mm



ရောဆက်ဟန်မလုပ်တော့ဘဲ မင်းယူလိုက်တော့ကွာဆိုပြီး ပေးပစ်လိုက်တယ်”

“နောက်တော့. . ”

“စိန်သွေးခုံသွားပြီး သွေးပြင်ပေါ်တင်ခိုင်းတယ်။ တင်လိုက်တာနဲ့ စိန်သွေးဆရာက စိန်အစစ်လို့ တန်းပြောတာပဲ”

“တစ်ဆယ်နဲ့ဝယ်ပြီး သုံးသောင်းခွဲ ရလိုက်တယ်ဆိုတော့ ခင်ဗျား နှစ်နေအောင် မြတ်လိုက်တာပဲ”

“ဆရာကလည်း ကျွန်တော် မြတ်တာပဲသိတယ်။ ဆပ်တရားက အဲဒီစိန်အပေါ် ဘယ်လောက်မြတ်လိုက်သလဲ သိလား”

“ဆိုပါဦး. . ”

“ကျွန်တော့်ဆီက ဝယ်သွားပြီး တစ်လအတွင်းမှာ အိန္ဒိယက ကုလားကုန်သည်တစ်ယောက်ကို ပြန်ရောင်းလိုက်တယ်။ ပွဲငြိမ်း နှစ်သိန်းခွဲရသွားတယ်တဲ့”

“ဟာ. . လွန်လှပါလား”

“အဲဒါကြောင့်မို့ ဆပ်တရား နှစ်သိန်းခွဲနဲ့ရောင်းလိုက်ပြီဆိုတဲ့ သတင်းလည်းကြားရော ကျွန်တော့်မှာ ရင်ကွဲနာကျသလိုတောင် ဖြစ်သွားမိတယ်။ ငါ မိုက်လှပါလား။ ငါညံ့လှပါလား။ ငါ့ထက်တုံးတဲ့ကောင် ကမ္ဘာမှာရှိသေးလားဆိုပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်အမျိုးမျိုးတင်နေမိတယ်။ ရွှေဈေးတစ်ကျပ်သား ရှစ်ရာခေတ်က နှစ်သိန်းခွဲဆိုတဲ့ ငွေပမာဏဟာ ဘယ်လောက်ရှိလိမ့်မယ်ဆိုတာ ဆရာစဉ်းစားကြည့်စမ်း။ ဒီ ရွှေဘုံသာလမ်းမှာ အောက်ထပ်အခန်းဆယ်ခန်းလောက် ကျွန်တော် ဝယ်လို့ရနိုင်တယ်။ ဒီကြားထဲ မိတ်ဆွေ ကျောက်ကုန်သည်တွေက ကျွန်တော့်ကို ဝိုင်းခနဲ့ကြသေးတယ်။ ကျော်ထိန်ရယ်. . မင်းကတော့ ကမ္ဘာကျော်ပဲ။ သောင်းကျောက်မှန်း သိန်းကျောက်မှန်းတောင် မသိဘဲ ရွှေကုန်သည် လုပ်နေတဲ့အကောင်။ မင်းနာမည်ကို ဒီနေ့ကစပြီး ‘ကမ္ဘာကျော်’လို့ ပြောင်းလိုက်တော့တဲ့။ အဲဒီလို သူတို့ ဝိုင်းပြောလေ ကျွန်တော် မခံချင်လေ။ တကယ်တော့ ဆရာရယ်။ ဒီလူတွေကိုလည်း ဆပ်တရား မဝယ်သွားခင်က ကျွန်တော်ပြခဲ့တာပဲ။ သူတို့လည်း မဝယ်ရဲခဲ့ကြဘူး”

“တကယ်တော့ ဒီကျောက်က ခင်ဗျားငွေရင်းများတာလည်း မဟုတ်ဘူးနော်”

“ဟုတ်တယ်။ အဲဒါမျိုးကို ပြန်တွေးမိပြီး ကျွန်တော် အမြဲရင်နာနေတာပေါ့ ဆရာရဲ့။ တကယ်တော့ တို့ကျောက်မျက်ရတနာပစ္စည်းဆိုတာ ကိုယ့်လက်

http://www.cherrythitsar.org
www.foreverspace.com.mm



ထဲမှာ သူပျော်သလောက်သာ နေတာပါ။ အကျိုးပေးသင့်သလောက်ပဲ ပေးသွားတာပါ။ ဆရာ စဉ်းစားကြည့်။ ဒီစိန်ဟာ ပထမပိုင်ရှင်ကို ဘယ်လောက်ပဲ အကျိုးပေးခဲ့သလဲ။ တစ်ဆယ်ပဲရအောင် လုပ်သွားပေးတယ်"

"ခင်ဗျားကိုတော့ သုံးသောင်းခွဲ"

"ဟုတ်တယ်။ ကျွန်တော့်ကိုတော့ သုံးသောင်းခွဲ။ ဆပ်တရားကိုတော့ နှစ်သိန်းခွဲ"

"ဆပ်တရားဆီက ဝယ်သွားတဲ့ အိန္ဒိယကုန်သည်ကိုရော. . "

"အဲဒါတော့ ကျွန်တော် မသိတော့ဘူး ဆရာ။ သိချင်စိတ်လည်း မရှိတော့ဘူး။ နှလုံးနာတဲ့ရောဂါ ပြန်ထလာမှာ စိုးလို့"

ကျွန်တော် နှစ်ခြိုက်စွာ ပြုံးလိုက်မိပါသည်။

"ဆပ်တရားက ဒီနေ့ ကျောက်ဈေးကွက်ထဲမှာ ရှိသေးလား"

"မရှိတော့ဘူး ဆရာ။ ကွယ်လွန်သွားရှာပြီ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ကွယ်လွန်သွားတယ်။ သူ ကွယ်လွန်သွားတာပဲ ဆယ်နှစ်လောက်ရှိသွားပြီထင်တယ်"

အမှတ် ၆၉၊ ၁၉၉၆၊ မတ်လ။

❋ ❋ ❋

http://www.cherrythitsar.org

www.foreverspace.com.mm



## ၉ ။ ဦးသူတော် (၁)

၁၈-၇-၉၆ ရက်နေ့။ အချိန်မှာ. . မွန်းလွဲ တစ်နာရီ. . ။

ကျွန်တော့်ရုံးခန်းသို့ အမေရိကန်ရတနာကုန်သည် ဝီလီလျံလာဆန် ရောက်လာပါသည်။

"မိုးကုတ်က ခင်ဗျား ဘယ်တုန်းက ပြန်လာတာလဲ"

"ဒီနေ့မနက်ပဲ"

ဝီလီလျံလာဆန်မှာ အမေရိကန်ပြည်ထောင်စု နယူးယော့ခ်မြို့ ပါးလား အင်တာနေရှင်နယ် ကျောက်မျက်ရတနာကုမ္ပဏီ၏ ပိုင်ရှင်ဖြစ်၏။ နှစ်လတစ်ကြိမ်ခန့် မြန်မာနိုင်ငံသို့ ကျောက်ဝယ်ရန် လာလေ့ရှိပါသည်။ သူ မြန်မာပြည် ရောက်တိုင်းလည်း ကျွန်တော့်ထံ ဝင်လာလေ့ရှိသည်။ ယခုအပတ်လည်း မိုးကုတ်သို့ မတက်သွားမီ ကျွန်တော့်ထံလာပြီး နှုတ်ဆက်သွားသေး၏။

"ခင်ဗျားဝယ်ချင်တဲ့ ပစ္စည်းတွေ ဝယ်လို့ ရခဲ့လား"

"ရပါတယ်။ တော်တော် ရခဲ့ပါတယ်"

"ရန်ကုန်မှာလည်း ခင်ဗျားကို ကျွန်တော်ပြချင်တဲ့ပစ္စည်းတွေ စုထားတာ ရှိတယ်။ ကြည့်ဦးမလား"

http://www.cherrythitsar.org

www.foreverspace.com.mm



"ကြည့်မယ်လေ။ ဪ. . ခင်ဗျားကို ဝမ်းနည်းစရာ သတင်းတစ်ခု ပြောပြရဦးမယ်။ မိုးကုတ်က ခင်ဗျားမိတ်ဆွေကြီး ဦးသူတော် ဆုံးသွားပြီနော်"

"ဘာ. . ဦးသူတော် ဆုံးသွားပြီ။ ဒီသတင်း ကျွန်တော်လည်း လုံးဝ မကြားမိရပါလား။ သေချာရဲ့လားဗျာ"

"သေချာပါတယ်။ ကျွန်တော် မိုးကုတ်ရောက်သွားတဲ့နေ့က သူရဲ့ ခုနစ်ရက်မြောက် အောက်မေ့ဖွယ်အခမ်းအနား လုပ်တဲ့နေ့။ သိပ်တော်တဲ့ ပုဂ္ဂိုလ်ကြီးဗျာ။ ဒီပုဂ္ဂိုလ်ကြီးဆုံးသွားတာ မြန်မာ့ကျောက်မျက်လောကအတွက် အလွန် ဝမ်းနည်းဖို့ ကောင်းပါတယ်"

ကျွန်တော့်ရင်ထဲ၌ ဝီလီလျံလာဆန်ပြောသော စကားများကို မယုံတစ်ဝက် ယုံတစ်ဝက်။

လွန်ခဲ့သည့် ဆယ်ရက်ခန့်ကပင် ဆရာကြီးဦးသူတော်အိမ်နှင့်ကပ်လျက် အိမ်တွင်နေထိုင်သည့် ကိုစိုင်းအောင်ကျော် ရန်ကုန်ရောက်လာပြီး ကျွန်တော်နှင့် တွေ့စဉ် ဦးသူတော်အကြောင်း ပြောသွားသေးသည်။

"ဆရာကြီး ဦးသူတော်ရော ကျန်းမာရဲ့လား"

"ကျန်းမာပါတယ်။ ကျန်းမာတာ ဒေါင်ဒေါင်မြည်နေတာပဲ"

ကိုစိုင်းအောင်ကျော် ပြောသွားသောစကား ဖြစ်၏။

ယခု ဦးသူတော် ကွယ်လွန်သွားပြီတဲ့။

ဦးသူတော် ကွယ်လွန်သွားခြင်းမှာ သူ့မိသားစုအတွက်မူ အဘယ်မျှ ဆုံးရှုံးသွားသည်မသိ။ ကျွန်တော့်အတွက်မူ လက်ဝယ်ပိုင်ဆိုင်ထားသော ကမ္ဘာ၌ တစ်အုပ်တည်းရှိသော မိုးကုတ်မြို့ စွယ်စုံကျမ်းကြီး မီးလောင်ပျက်စီးသွားခြင်း ခံလိုက်ရသည်နှင့် တူလှ၏။

မှန်ပါသည်။

ဦးသူတော်မှာ ကျွန်တော့်အတွက်မူ မိုးကုတ်ရတနာမြေနှင့်ပတ်သက်၍ သက်ရှိစွယ်စုံကျမ်း Living Encyclopaedia ကြီးနှင့် တူလှဘိ၏။

ယနေ့ ကျွန်တော့်ကျောက်မျက်ဆောင်းပါးများ၌ မိုးကုတ်မြို့နောက်ခံ သမိုင်းများနှင့် ပတ်သက်၍ ခိုင်မာသောအထောက်အထားများကို ဖော်ပြနိုင်ခြင်း၊ လူသိနည်းသော အချက်အလက်များကို ဖော်ထုတ်နိုင်ခြင်းမှာ ဦးသူတော် ကြောင့်ဖြစ်၏။

ကျွန်တော် ကိုယ့်အစွမ်းအစများမဟုတ်။ ဦးသူတော်ကိုမှီပြီး ကျွန်တော်

http://www.cherrythitsar.org
www.foreverspace.com.mm



အမြတ်ထုတ်ခဲ့သည့် ဆောင်းပါးများ ဖြစ်၏။ ကျေးဇူးအားဖြင့်လည်း ဆရာကြီး၏ ကျေးဇူးများသည် ကျွန်တော့်အပေါ်၌ ကြီးမားလှပါသည်။

ကျွန်တော် ဦးညီညီထံသို့ ဖုန်းဆက်ကြည့်၏။

"ဦးညီညီ . . ဆရာကြီး ဦးသူတော် ဆုံးသွားပြီဆို"

"ဟုတ်တယ်။ ကျွန်တော်လည်း ဆုံးသွားတဲ့သတင်းကို ချက်ချင်း မသိဘူး။ ဆုံးပြီး နောက်တစ်နေ့မှ သိတယ်"

"ဘယ်နေ့က ကွယ်လွန်သွားလဲ"

"ခြောက်ရက်နေ့က . ."

ဦးသူတော် ကွယ်လွန်သည့်နေ့မှာ ၆-၇-၉၆နေ့ ဖြစ်၏။

ဦးသူတော်မွေးဖွားသည့်နေ့မှာ ၂၀-၅-၁၉၀၇နေ့ ဖြစ်၏။ အသက် (၉၀) အရွယ်တွင် ကွယ်လွန်သွားခြင်းဖြစ်၏။ ဦးညီညီနှင့် ဦးသူတော်မှာ ဦးလေးနှင့် တူ တော်ပါသည်။ ဦးညီညီ၏ဖခင် ဦးကြွယ်မှာ ဦးသူတော်၏ အစ်ကိုအရင်း ဖြစ်၏။ ဦးကြွယ်မှာ လွန်ခဲ့သည့် ၂နှစ်ကမှ ဆုံးသွားခဲ့ခြင်းဖြစ်၏။ ဦးသူတော်၏ ဖခင်မှာ ဦးရုန်း၊ မိခင်မှာ ဒေါ်မေ။ ဦးသူတော်၏ အစ်ကိုနှင့်အစ်မများမှာ ဦးတယ်၊ ဦးကြွယ်၊ ဒေါ်အေး၊ ဒေါ်စောညွန့်။ ဦးသူတော့်ညီမမှာ ဒေါ်တင်မေ။

သူတို့အားလုံး ကွယ်လွန်ကြလေပြီ။

ဦးသူတော်မှာ ဦးရုန်းနှင့်ဒေါ်မေတို့ သားသမီးများတွင် လူ့လောက၌ အကြာဆုံးနေထိုင်ပြီး နောက်ဆုံးကွယ်လွန်သွားသူ ဖြစ်၏။

ဦးသူတော်သည် ခေတ်ပညာတတ်တစ်ဦးလည်းဖြစ်၏။ သူငယ်စဉ် ကျောင်းသားဘဝက မိုးကုတ်၌ ကျောင်းကောင်းကောင်းမရှိပါ။ ကသာမြို့၌ ကျောင်းသွားနေရ၏။ အင်္ဂလိပ်မြန်မာ ဆယ်တန်းအောင်၏။ တက္ကသိုလ်ဆက် မတက်။

"ဦးညီညီ . . ဦးသူတော်က ဆယ်တန်းအောင်ပြီး တက္ကသိုလ် ဘာဖြစ်လို့ ဆက်မသွားတာလဲ။ သူ့သား ကိုခင်မောင်ဝင်းကတော့ တက္ကသိုလ်ဆက်တက်ဖို့ ငွေကြေးအခက်အခဲရှိလို့ဆိုပြီး ပြောဖူးတယ်"

"ငွေကြေးအခက်အခဲရှိတယ်ဆိုပေမယ့် ကျွန်တော့်အဘိုးအဘွားတွေမှာ တက္ကသိုလ်ကို မဖြစ်ဖြစ်အောင်ပို့မယ်ဆိုရင်လည်း ပို့ပေးနိုင်တဲ့ အခြေအနေရှိကြပါတယ်။ ဒါပေမဲ့ အဲဒီခေတ်က မိုးကုတ်မှာ သားသမီးတွေက အင်္ဂလိပ်မြန်မာဆယ်တန်းအောင်ပြီးရင် တက္ကသိုလ်ဆက်ပို့တဲ့ အလေ့အထမရှိကြသေးဘူး။

http://www.cherrythitsar.org

www.foreverspace.com.mm



သားသမီးတွေကို သိပ်ချစ်ပြီး မိဘမျက်ကွယ်မှာ အဝေးကြီးပို့မထားချင်ကြဘူး။ အဲဒီဓလေ့ကြောင့် ဘဒွေးဟာ တက္ကသိုလ်မသွားခဲ့တာလားလို့ ကျွန်တော် ထင်ပါတယ်"

ဦးသူတော်မှာ ဆယ်တန်းအောင်ပြီးနောက် ဦးဆန်ဟင်း၏သမီး ဒေါ်အေးမြိုင်နှင့် လက်ထပ်လိုက်၏။

ဦးဆန်ဟင်းမှာ မိုးကုတ်မြို့၌ အလွန်ထင်ရှားခဲ့ဖူးသော ကျောက်ကုန်သည်ကြီးဖြစ်၏။ သူ့ခေတ် မိုးကုတ်မြို့၏ အချမ်းသာဆုံး ဆယ်ဦးတွင် တစ်ဦးအဆင့်၌ ပါဝင်ခဲ့သူဖြစ်၏။ အလွန်ချမ်းသာသော ရတနာကုန်သည်ကြီး၏ သမီးနှင့် ဦးသူတော်သည် အကြောင်းပါခဲ့သဖြင့် သူ၏ကျောက်မျက်လောကသို့ စတင်ဝင်ရောက်ထိုးဖောက်ရသောဘဝမှာ သိပ်အခက်အခဲ ရှိလိမ့်မည်ဟု ကျွန်တော် မထင်ပါ။ ဦးသူတော်သည် အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံများမှ ကျောက်မျက်ဆိုင်များသို့ မိုးကုတ်ကျောက် ရောင်းနိုင်သည့်အဆင့် ကျောက်ကုန်သည်ကြီးဘဝသို့ ပင် ရောက်ရှိဖူး၏။

ဆရာကြီး ကျွန်တော့်ကို ပြောပြဖူးပါသည်။

"အင်္ဂလိပ်ခေတ်က စာပို့စနစ်က သိပ်စိတ်ချရတယ်။ ကျောက်တွေကို စာတိုက်ကပဲ ရေစ္စစရီလုပ်ပြီး ကျွန်တော် ပြည်ပကို ပို့ပေးခဲ့တယ်။ ပြင်သစ်က ကျောက်ဆိုင်က ကျွန်တော် ပြန်မယူရသေးတဲ့ ကျောက်တွေတောင် ဒီနေ့အထိ ရှိသေးတယ်"

ဤသည်မှာ ဦးသူတော်ဖြတ်သန်းခဲ့သည့် ရတနာကုန်သည်အဆင့်ကို စာရှုသူမြင်သာအောင် ကျွန်တော် တင်ပြထားခြင်းဖြစ်၏။ တကယ်တော့ ဦးသူတော်သည် ကျောက်ကုန်သည်အလုပ်ထက် ကျောက်မျက်သုတေသနအလုပ်ကို ပို၍ ဝါသနာထုံခဲ့ပုံ ရှိသည်။

သူနှင့် ခေတ်ပြိုင်ရတနာကုန်သည်ကြီးများမှာ အမေရိကန်ရတနာကုန်သည် 'ရမ်းဆေး'။ အင်္ဂလိပ်ရတနာကုန်သည် 'ပိန်း'။ ကုလားရတနာကုန်သည် 'ချိုတရာဘာဘူ' တို့ ဖြစ်၏။

'ပိန်း' မှလွဲပြီး ကျန်နှစ်ဦးမှာ သူ့ထက်စောသူများဖြစ်သည်ဟု ယူဆနိုင်ပါသည်။

"ရမ်းဆေးက ကျုပ်တို့မိုးကုတ်ကို ရောက်လာတုန်းက ဘာမှပိုက်ဆံမရှိသေးဘူး။ ဒါပေမဲ့ သူက ဉာဏ်ရှိတော့ မိုးကုတ်ကျောက်တွေ ဝေါကြီးသွေး-

http://www.cherrythitsar.org

www.foreverspace.com.mm



နည်းကို တီထွင်သွားခဲ့တယ်။ ဂေါ်ကြိုးဗိုလ်ဆိုပြီး ကျုပ်တို့မြို့မှာ နာမည်ကြီးခဲ့သလို ကမ္ဘာမှာလည်း နာမည်ကြီးခဲ့တယ်။ အင်္ဂလိပ်ခေတ်မှာ နာမည်အကြီးဆုံးကျောက်တစ်ပွင့်ဖြစ်တဲ့ ကရက်ချိန် ကိုးရာကျော်လောက်ရှိတဲ့ ငွေးပင်ဦးကျော်လုံးရဲ့ နီလာကြီးကို ဟိုခေတ် ငွေတစ်သိန်းနဲ့ ဝယ်သွားခဲ့တာ သူပဲ။ မစ္စတာ ပိန်းကတော့ ဒီဘက်ခေတ်က လူတွေလည်း တော်တော်များများ မိကြပါတယ်။ သူရဲ့အမိက စွမ်းဆောင်နိုင်မှုကတော့ 'ပိန်းနိုက်'ဆိုတဲ့ အလွန်ရှားပါးတဲ့ ကျောက်နှစ်ပွင့်ကို မိုးကုတ်က တွေ့အောင်ရှာသွားနိုင်ခဲ့တာပဲ။ ချိုတရာဘာဘူကတော့ အဲဒီခေတ်က မိုးကုတ်မှာလာနေပြီး စီးပွားရှာနေတဲ့ ကုလားသူဌေး ကျောက်ကုန်သည်ကြီး။ ဒီပုဂ္ဂိုလ်က ၄၂ ကရက်ရှိတဲ့ အလွန်လှတဲ့ ပတ္တမြားတစ်ပွင့်ကို မိုးကုတ်ကရသွားတယ်။ ဟိုခေတ်က အင်္ဂလိပ်စတာလင် ပေါင်ငွေ လေးသောင်းခြောက်ထောင်ပေးတာကိုတောင် သူ့ကျောက်ကို သူ မရောင်းဘူး"

သူနှင့် ခေတ်ပြိုင် နိုင်ငံခြားသား ကျောက်ကုန်သည်ကြီးများနှင့် ပတ်သက်၍ ဆရာကြီး ဦးသူတော် ကျွန်တော့်ကို ပြောသွားဖူးသည့်စကားများ ဖြစ်၏။

ဦးသူတော်သည် အားကစားကိုလည်း အလွန်ဝါသနာပါခဲ့သူဖြစ်၏။ သူ့ခေတ် မိုးကုတ်ဘောလုံးအသင်း၏ ကပ္ပတိန်ဖြစ်၏။ ဆရာကြီး စာကြည့်ခန်းအတွင်း၌ ၁၉၂၄ ခုနှစ်က ရရှိထားသည့် ဘောလုံးပထမဆုဒိုင်းကြီးတစ်ခု ရှိပါသည်။ ယင်းဒိုင်းကြီးကို သူ အလွန်မြတ်နိုးခဲ့ဟန်ရှိသည်။

"စစ်ပြီးခေတ်မှာ မစ္စတာပိန်းက ဒီဒိုင်းကြီးကို ကျုပ်ဆီက တောင်းတယ်။ ကျုပ် မပေးဘူး။ ဝယ်တယ်။ ကျုပ်မရောင်းဘူး။ ကျုပ်က ဒီလိုခေါင်းမာနေတဲ့အတွက် သူနဲ့ ကျုပ် မပြေမလည်ဖြစ်ခဲ့ရသေးတယ်။ ကျုပ်က ဘယ်ပေးနိုင်ပါ့မလဲဗျာ။ ဒီဒိုင်းကြီးကို ကျုပ်က မြတ်နိုးလွန်းလို့ ဂျပန်ခေတ်အတွင်းတုန်းတောင်မှ ဗုံးကြဲနေတဲ့ကြားထဲ ဒီဒိုင်းကြီး ပိုက်ပြီး ပြေးခဲ့ဖူးတယ်"

မစ္စတာပိန်းကလည်း မိုးကုတ်မြို့၌နေစဉ် မိုးကုတ်မြို့သား လူငယ်များကို အားကစားအလွန်အားပေးခဲ့ဖူးသူဖြစ်၏။ သူတည်ထောင်ခဲ့သည့် 'ပျံလွှား' ဟူသော မိုးကုတ်ဘောလုံးအသင်းမှာ ထိုခေတ်က နာမည်ကြီးဘောလုံးအသင်းဖြစ်၏။

ဦးသူတော်သည် မစ္စတာပိန်းထံမှ ကျောက်စစ်မှန်ဘီလူး (Gemolite) ကို ဝယ်ခဲ့ပါသည်။

ကျွန်တော်တို့ သူ့အိမ်ရောက်တိုင်း ယင်း ကျောက်စစ်မှန်ဘီလူးကြီးကို

http://www.cherrythitsar.org
www.foreverspace.com.mm



မကြာခဏ ထုတ်ပြတတ်၏။

"ဒီကျောက်စစ်မှန်ဘီလူးက မိုးကုတ်မှာ မြန်မာ့ရူဘီမိုင်းကုမ္ပဏီကြီး ခေတ်ကတည်းက သုံးခဲ့တဲ့ မှန်ဘီလူး ရူဘီမိုင်းကုမ္ပဏီဆီက မစ္စတာပိန်း ရတယ်။ မစ္စတာပိန်းဆီက ကျုပ် ရခဲ့တယ်"

မှန်ပါသည်။ ယနေ့ မြန်မာနိုင်ငံရှိ ကျောက်စစ်မှန်ဘီလူးများတွင် ယင်း မှန်ဘီလူးမှာ သက်တမ်းအရင့်ဆုံး ရှိမည့် ကျောက်စစ်မှန်ဘီလူးဟု ကျွန်တော် ထင်၏။ ယနေ့တိုင်လည်း ကောင်းစွာသုံး၍ရသေး၏။ ဆရာကြီး ဦးသူတော် သည် သူ၏ မိုးကုတ်ကျောက်သုတေသနလုပ်ငန်းများကို ယင်း မှန်ဘီလူးကြီးကို ပင် အဓိကအားထားပြီး ပြုလုပ်ခဲ့ပုံရ၏။

ကျောက်မျက်သိပ္ပံ၌ ကျမ်းကိုးအဖြစ်သုံးနိုင်သည့် စာအုပ်အားလုံးနီးပါး ပင် ဦးသူတော်ထံ၌ ရှိ၏။ B.W.Anderson ၏ Gem Testing ပထမအကြိမ် ထုတ်စာအုပ် သူ့တွင်ရှိ၏။ R .Webster ၏ Practical Gemology ပထမ အကြိမ်ထုတ်စာအုပ်ရှိ၏။ ကျွန်တော့်ထံတွင်ရှိသော ကျောက်မျက်သိပ္ပံစာအုပ် များ သူ့ထံ၌ မရှိသည့်စာအုပ်ဟူ၍ မရှိပါ။ ကျွန်တော် အလွန်အံ့သြမိ၏။ ကျောက်မျက်၏ သိပ်သည်းဆတိုင်းနိုင်သော သိပ္ပံချိန်ခွင်ကြီးတစ်ခုကို သူ့အနီး၌ မြင်ရ၏။ ဒိန်းမတ်နိုင်ငံမှ ပြုလုပ်သည့် 'မက်တလာ'အမျိုးအစားဖြစ်၏။ ကမ္ဘာ၌ အကောင်းဆုံး သိပ္ပံချိန်ခွင်ဖြစ်ပြီး ဈေးလည်း အလွန်ကြီးလှဘိ၏။

"ကိုလှဝင်း . ကျွန်တော့်ဘဒွေးဆီမှာ အမာရောင်စုံကျောက်တွေ စု ထားတာရှိတယ်။ ခင်ဗျား သူ့အိမ်ရောက်ရင် တောင်းကြည့်။ ခင်ဗျားကိုတော့ သူ ထုတ်ပြလိမ့်မယ်ထင်တယ်"

မိတ်ဆွေကြီး ဦးကံကိုလေး ကျွန်တော့်ကိုပြောဖူးသောစကားဖြစ်၏။ ဦးကံကိုလေးမှာ ဦးသူတော်၏အစ်မ ဒေါ်စောညွန့်မှမွေးသော တူအရင်းဖြစ်၏။ မှန်ပါသည်။

ဦးသူတော်ထံသို့ ပထမဆုံးအကြိမ် ကျွန်တော်ရောက်သွားသည့်နေ့၌ ပင် သူစုထားသော ရောင်စုံအမာကျောက်များကို ထုတ်ပြ၏။

မိုးကုတ်သားတို့ အမာကျောက်ဖုခေါ်သည့် ကျောက်မှာ ကုရုံဒ္ဒမ် (Corundum) ကို ဆိုလိုခြင်းဖြစ်၏။ကုရုံဒ္ဒမ်မှာ ပတ္တမြားနှင့်နီလာတို့၏ အခြေခံ ကျောက်သားများ ဖြစ်၏။

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ကျော် ကျွန်တော် မိုးကုတ်မြို့သို့ အခြေ

http://www.cherrythitsar.org
www.foreverspace.com.mm



ချစဉ်အချိန်အထိ အပြာရောင် ကုရုန္ဒကိုသာ မိုးကုတ်သားတို့က နီလာဟုခေါ်၏။ ကျန်အရောင်များကို နီလာဟု မခေါ်ကြ။ အဖြူနှင့် အဝါနုရောင်များကို ဥဿဖရားဟူ၍လည်းကောင်း၊ ကျန်အရောင်များကို အညံ့ထုတ်များတွင် ထည့်လိုက်ကြသည်သာများ၏။

ဦးသူတော်သည် နီလာစိမ်း၊ နီလာခရမ်း၊ နီလာမရမ်းများလို အညံ့ကျောက်မဟုတ်။ ကုရုန္ဒအုပ်စုတွင် ပါဝင်သော ကျောက်ကောင်းများ ဖြစ်နေသည်ကို လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင် သိထားဟန် ရှိ၏။

ထို့ကြောင့် အမာအုပ်စုဝင် ရောင်စုံကျောက်ထုတ်အဖြစ် သူ သီးသန့်ခွဲထား၏။ စုထား၏။ သူ့လက်ဝယ်ရှိသော အမာရောင်စုံကျောက်ထုတ်မျိုးကို ကျွန်တော်မမြင်ဖူးပါ။ သွေးပုံမှာလည်း အလွန်တိကျသေချာလှ၏။ Perfect Cutting များ ဖြစ်၏။

ဦးသူတော်သည် ရိုးရိုး ရတနာကုန်သည်မဟုတ်။ ကျောက်ချစ်သူ (Gem lover)၊ ကျောက်စုသူ (Gem Collector)ဖြစ်၏။ မှန်ပါသည်။ ကျောက်မျက်ကို အလွန်ချစ်သူဖြစ်၏။ ထို့ကြောင့်လည်း သူ့ထံ၌ ယနေ့တိုင် စုမိနေသော ကျောက်ကောင်းများ ရှိနေပါသည်။

ကျောက်စုသူအဖြစ်လည်း သူသည် မိုးကုတ်ထွက်ကျောက်မျိုးစုံကို စံကျောက်အမျိုးမျိုးထား၍ စုခဲ့၏။ အလွန်ရှားသော 'ပိန်းနိုက်'ကျောက်၊ 'တာဖိုက်' ကျောက်မျိုးကလွဲ၍ သူ့ထံတွင် အခြားကျောက်မျိုးစုံရှိ၏။ သူသည် ကျောက်မျက်ပုံဆောင်ခဲ (Crystal)များ၏ တန်ဖိုးကိုလည်း သိ၏။ နှစ်ပေါင်းများစွာ မိုးကုတ်ကျောက် ပုံဆောင်ခဲများကို စုခဲ့၏။

တကယ်တော့ မြန်မာ့ကျောက်မျက်လောက၌ ပုံဆောင်ခဲများ၏ တန်ဖိုးကို သိခဲ့ကြသည်မှာ ဘာမှမကြာသေးပါ။ မနေ့ တစ်နေ့ကပင် စသိခဲ့ကြသည်ဟု ယေဘုယျ ပြောနိုင်၏။

"ဦးလှဝင်းနဲ့ အပါတို့ ပုံဆောင်ခဲတွေဝယ်တာ စုတာကို သဘောကျပြီး ခု မိုးကုတ်ရောက်တိုင်း ပုံဆောင်ခဲတွေကို လိုက်ဝယ်တယ်။ စုတယ်။ ကျွန်တော် စုထား၊ ဝယ်ထားတဲ့ ပုံဆောင်ခဲတွေကိုကြည့်ပြီး အဘက ရယ်တယ်။ မင်းတို့ ခုမှ ကျောက်မျက်ပုံဆောင်ခဲတွေရဲ့ တန်ဖိုးကို သိလာကြတယ်မဟုတ်လား။ ငါ့မှာ တစ်သက်လုံး စုမိခဲ့တာကြာပြီလို့ပြောပြီး သူ စုထားတဲ့ ပုံဆောင်ခဲတွေ ကျွန်တော့်ကို ထုတ်ပြတယ်။ အဘရဲ့ကျောက်မျက်ပုံဆောင်ခဲတွေက အများကြီး"

http://www.cherrythitsar.org

www.foreverspace.com.mm



ဦးသူတော်၏ သားငယ်ဖြစ်သော ကိုခင်မောင်ဝင်းက ကျွန်တော့်ကို ပြောပြဖူးခြင်းဖြစ်၏။ ရယ်ရပါသည်။ ၁၉၉၃ခုနှစ်အတွင်းက ပုံဆောင်ခဲနှင့် ပတ်သက်၍ ပြဿနာတစ်ခု ကျွန်တော် ပေါ်ဖူး၏။ ရင်ဆိုင်ရဖူး၏။ ထို ပြဿနာ ပေါ်ချိန်၌လည်း ဆရာကြီး ဦးသူတော်သည် ကျွန်တော့်ဘက်မှ လုံးဝရပ်ခဲ့၏။

"ကျုပ်ကို သက်သေထည့်ပြီး ပြောဗျာ။ အဲဒီပုံဆောင်ခဲမျိုး၊ သဏ္ဍာန် မျိုးက ရှားတော့ရှားတယ်။ ဒါပေမဲ့ လက်တွေ့ မိုးကုတ်ကျောက်မျက်လောကမှာ ရှိတယ်။ ကျုပ်ဘဝမှာ အကြိမ်ကြိမ် မြင်ဖူးတယ်"

အမှတ် ၁၆၊ ၁၉၉၆၊ စက်တင်ဘာလ။

❋ ❋ ❋

www.foreverspace.com.mm

## ၁၀။ ဦးသူတော် (၂)

ယင်း ပုံဆောင်ခဲပြဿနာ ပေါ်ခဲ့ရသည်မှာ ကျွန်တော့်ပေါ့ဆမှုကြောင့် ဖြစ်၏။

ဖြစ်ပုံမှာ 'ခေမဂ္ဂဇင်း'၌ ကျွန်တော် (၁၈)လ အခန်းဆက်ရေးခဲ့သည့် "ကျွန်တော်ရတနာကုန်သည်"ဝတ္ထုဆောင်းပါးတစ်ခု၌ ကျွန်တော့်ဇာတ်ကောင် မြင်ဖူးသော ပတ္တမြားအပိုင်းမှာ နှစ်ဖက်ချွန်ဖြစ်နေသဖြင့် ကြက်ဆူးပုံဟု ခပ်ပေါ့ပေါ့ အမှတ်မထင် ကျွန်တော် ရေးလိုက်မိ၏။

ယင်းရေးသားထားချက်ကို ပညာရှင်တစ်ဦးက အယ်ဒီတာထံ ပေးစာ အခန်း၌ ကျွန်တော့်ကို ဝင်ထောက်၏။ ပတ္တမြားအရိုင်းမှာ ကြက်ဆူးပုံဟူ၍ မရှိ။ ဗုံတိုပုံပဲရှိသည်။ ကျွန်တော့်ရေးသားချက် မှားနေသည်ဟု ပြောသည်။

ရယ်ရပါသည်။

တကယ်တော့ ထိုဝတ္ထုဆောင်းပါးမှာ ကျွန်တော့်ဘဝ၌ တကယ်ဖြစ်၊ တကယ်တွေ့ဖူးသော အဖြစ်အပျက်ကို အခြေခံပြီး ရေးထားသည့် ဝတ္ထုဆောင်းပါး ဖြစ်၏။ လုပ်ကြံပြီး ဖန်တီးရေးသားထားခြင်း မဟုတ်။

သို့သော် လက်လှမ်းမီသမျှ ကျောက်မျက်သိပ္ပံကျမ်းစာအုပ်များ၌မူ

http://www.cherrythitsar.org
www.foreverspace.com.mm



ပတ္တမြားပုံဆောင်ခဲကို ထိပ်နှစ်ဖက် တိပြီး ပြထား၏။ နှစ်ဖက်ချွန်ဗုံတို နီလာပုံဆောင်ခဲများတွင်သာ ဖော်ပြထား၏။

ကျွန်တော် ဘယ်သို့ ပြန်ရှင်းရမည်နည်း။

အကယ်၍ ကျွန်တော့်ဝတ္ထုဆောင်းပါး၌ ထိပ်ချွန်နေသော ပတ္တမြားပုံဆောင်ခဲဟု ရေးခဲ့မိလျှင်လည်း ယင်းပြဿနာပေါ်မည်မဟုတ်။ ခပ်ပေါ့ပေါ့ ကြက်ဆူးပုံဟု ရေးလိုက်မိသဖြင့် တစ်ဖက်မှ ကျွန်တော့်အား ထောက်ပြချင်စရာ ဖြစ်သွားခဲ့၏။

ကျွန်တော် အမှန်တကယ် မြင်ဖူးသော၊ ဈေးဆိုင်ဖူးသော ကြက်ဆူးပုံ ပတ္တမြားပုံဆောင်ခဲမှာလည်း လက်တွေ့ မဝယ်ဖြစ်ခဲ့သဖြင့် လက်ဝယ် မရှိတော့။ ပိုင်ရှင်ပြန်ယူသွားခဲ့ပြီ။

ပိုင်ရှင်မှာ ကျောက်မျက်လောကမှမဟုတ်။ လူစိမ်းဖြစ်နေသဖြင့် ကျွန်တော် ပြန်ရှာ၍လည်း မရတော့။ ကျွန်တော် ချောင်ပိတ်မိ အရိုက်ခံလိုက်ရ၏။

သို့သော် ကံဟုပင် ဆိုရပါမည်။

ခြောက်လခန့် အချိန်အတွင်းပင် နှစ်ဖက်ချွန်ပတ္တမြား ကြက်ဆူးပုံ အရိုင်းတစ်ပွင့်ကို ကျွန်တော်ဝယ်၍ ရသည်။

ကျွန်တော့်အစွမ်းအစဖြင့် ဝယ်နိုင်ခြင်းမဟုတ်။ ကျွန်တော့်သား အပါ မိုးကုတ်မှ ဝယ်လာခြင်းဖြစ်၏။ အပ့်ါအစွမ်းအစဖြင့်လည်း ဝယ်ခဲ့ခြင်းမဟုတ်ပါ။ ဆရာကြီး ဦးသူတော် ဝယ်ပေးလိုက်ခြင်းဖြစ်သည်။

"သား. . မင်း ဒီပတ္တမြားအရိုင်း ပုံဆောင်ခဲလေးကို ဝယ်သွား၊ မင်းအဖေကို ပေးလိုက်၊ တစ်နေ့ ဈေးကောင်းရမှ ပြန်ရောင်းခိုင်း"

လေးကရက် အရွယ်မျှသာရှိသော ကျောက်မျက်တန်းဝင်သည့် ပတ္တမြားအရိုင်း ပုံဆောင်ခဲလေးကို အပါသည် သုံးသောင်းကျပ်ဖြင့် ဝယ်ခဲ့၏။

ထိုပုံဆောင်ခဲလေးကို မြင်ရသည့်အချိန်၌ ကျွန်တော် ဝမ်းသာလှသည့်ဖြစ်ခြင်း. . . ။

ကုရုံန္ဒ (Corundum)ဟူသည်မှာ အရှေ့တိုင်းသားတို့၏ ကျောက်စစ်စစ်ဖြစ်၏။ ကုရုံန္ဒကျောက်အကြောင်းကို အနောက်တိုင်းသားများသည် အရှေ့တိုင်းသားများကဲ့သို့ ပြည့်စုံစွာ မသိ။

သူတို့၏ ကျောက်မျက်သိပ္ပံကျမ်းစာအုပ်များ၌ ပတ္တမြားပုံဆောင်ခဲကို

http://www.cherrythitsar.org

www.foreverspace.com.mm



နှစ်ဖက်ချွန်မရှိ။

ကြက်ဆူးပုံမရှိ။ ကျွန်တော်က ရှိသည်။ ဦးသူတော်က ထောက်ခံသည်။

ယခု ကြက်ဆူးသင်္ကေတန် ပုံဆောင်ခဲ ကျွန်တော့်လက်ဝယ် ရရှိလေပြီ။ ထို ပုံဆောင်ခဲကို ကျွန်တော် အသေအချာ ဓာတ်ပုံရိုက်၏။

အမေရိကန်ကျောက်မျက်အသင်းကြီးသို့ ကော်ပီတစ်ခု၊ ဗြိတိန် ကျောက်မျက်ရတနာအသင်းကြီးသို့ ကော်ပီတစ်ခု ပို့လိုက်၏။

အမေရိကန်ကျောက်မျက်အသင်းမှ ကျွန်တော့်ထံ ချက်ချင်း စာပြန်၏။ သူတို့ထံ၌လည်း ထိုပုံဆောင်ခဲမျိုး စုဆောင်းထားသည်များ ရှိကြောင်း ဖော်ပြ ထား၏။

ကျွန်တော်၏ 'မြန်မာ့ခနေ'ဆောင်းပါးများတွင်လည်း ဤပုံကို သုံး၏။

ကျွန်တော် ပြုစုသည့် ရတနာကုန်သည်သုံး ကျောက်မျက်အဘိဓာန်၌ လည်း အရောင်ဖြင့်ပင် ကြွေစက္ကူပေါ်၌ ဖော်ပြပြီး သုံးလိုက်၏။

ယနေ့ ကျွန်တော့်လက်ဝယ်ရှိ ပုံဆောင်ခဲများကလည်း စုံလှချေပြီ။

ပတ္တမြား၌သာ အနောက်တိုင်း အယူအဆနှင့် ဆန့်ကျင်ပြီး ကြက်ဆူးပုံ ရှိသည်မဟုတ်။

နီလာပုံဆောင်ခဲ၌လည်း သူတို့အယူအဆနှင့် ဆန့်ကျင်၍ ဗုံတိုပုံမျိုး ကျွန်တော့်လက်ဝယ်ရှိ၏။

အချို့ နီလာအရိုင်းများမှာမူ လုံးဝ ပုံဆောင်ခဲမျက်နှာမျိုးမပါရှိဘဲ ကျောက်စိမ်းကဲ့သို့ပင် အခွံထူကြီးနှင့် ပတ်လည်အုပ်နေ၏။ ကျောက်စိမ်းလုံးစွပ် များအတိုင်း အတိအကျ ဖြစ်နေ၏။ ပြန်တွေးကြည့်သည်။

ကျွန်တော့်ကို အိတ်ဖွင့်ပေးစာဖြင့် ထောက်ပြခဲ့သောပုဂ္ဂိုလ်ကို နေ့တိုင်း ပင် အမြဲ ကျေးဇူးတင်လျက်ရှိပါသည်။

သူ့ကြောင့်ပင် ကျွန်တော်သည် ပုံဆောင်ခဲဗေဒစာအုပ်အမျိုးမျိုး စနစ်- တကျ ရှာဖတ်မိ၏။ လေ့လာမိ၏။ ကျောက်မျက် ပုံဆောင်ခဲများကို စိတ်ဝင်စား လာ၏။

ပုံဆောင်ခဲများ၌ တန်ခိုးသိဒ္ဓိရှိသည်ကို မိမိ၏ ထူးခြားသော အတွေ့- အကြုံများကြောင့် သိလာ၏။ ပုံဆောင်ခဲများကို ချစ်လာ၏။ ပုံဆောင်ခဲတန်ဖိုး ကို သိလာ၏။

ပုံဆောင်ခဲများ၌ တန်ခိုးသိလာ၏။ ပုံဆောင်ခဲဈေးကွက်နှင့် အဆက်-

http://www.cherrythitsar.org

www.foreverspace.com.mm



အသွယ်ရလာ၏။ ပုံဆောင်ခဲများကို ရောင်းစားခြင်းဖြင့် ပိုက်ဆံ ရလာ၏။

သူများ မဝယ်တတ်၊ မရောင်းတတ်သော ပညာရပ်တစ်ခုကို မိမိ တတ်ကျွမ်းသွား၏။

တကယ်တော့ ပုံဆောင်ခဲဈေးကွက်သို့ ဝင်လိုက်နိုင်ခြင်းမှာ ငွေကြေးအားဖြင့်သာ အမြတ်အစွန်းရသည်မဟုတ်။

ပညာဂုဏ်အားဖြင့်လည်း မြင့်လာ၏။

အမေရိကန်ကျောက်မျက်ကုန်သည်ကြီး 'ဝီလီလျံလာဆင်'ကဲ့သို့ ပုဂ္ဂိုလ်မျိုး မြန်မာနိုင်ငံသို့ ရောက်တိုင်း ကျွန်တော့်ရုံးခန်းသို့ ယခုကဲ့သို့ ဝင်လာနေခြင်းမှာ ပုံဆောင်ခဲများအကြောင်းကို ကျွန်တော် တတ်သိနားလည်သည့် ကျေးဇူးများကြောင့်ပင် ဖြစ်၏။

ထို့ကြောင့်လည်း အိတ်ဖွင့်ပေးစာဖြင့် ကျွန်တော့်ကို ထောက်ပြခဲ့ဖူးသည့် ပုဂ္ဂိုလ်ကို ယနေ့ ကျွန်တော့်ကို ကျေးဇူးပြုဖူးသူ. . ကျေးဇူးရှိသူ. . တစ်သက်လုံး မေတ္တာပို့ရမည့်သူအဖြစ် သတ်မှတ်ထား၏။

ဦးသူတော်သည် ကျောက်မျက်စာအုပ်များကိုသာ ဖတ်သည့်ပုဂ္ဂိုလ်မဟုတ်။ စာစုံဖတ်သည့် ပုဂ္ဂိုလ်ဖြစ်၏။ သူ့အိမ်တွင် သူ့ကိုယ်ပိုင် စာကြည့်ခန်းရှိ၏။

စာအုပ်အစုံ ရှိ၏။ ယင်းစာအုပ်များအကြောင်းနှင့်ပတ်သက်၍ အငြိမ်းစား သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက ကျွန်တော့်ကို အောက်ပါအတိုင်း ပြောပြဖူး၏။

"ကျွန်တော် ဦးသူတော် အိမ်ရောက်သွားသွားချင်း ပထမဆုံး သဘောကျမိတာကတော့ သူ့ရဲ့စာကြည့်ခန်းပဲ။ လူတစ်ယောက်ရဲ့ ပညာအဆင့် အနိမ့်အမြင့်ကို သူ့အိမ်မှာ သူစုဆောင်းထားတဲ့စာအုပ်တွေကို ကြည့်ပြီး တော်တော်လေး ခန့်မှန်းလို့ ရနိုင်ပါတယ်။ သူ့ဆီမှာ ပထမအကြိမ်ထုတ် First Edition အင်္ဂလိပ်စာအုပ်တွေ တော်တော်များများရှိတယ်။ ပထမအကြိမ်ထုတ် စာအုပ်ဆိုတာ ကျွန်တော်တို့သမိုင်းမှာ အလွန်တန်ဖိုးထားတဲ့ စာအုပ်မျိုး။ အထူးသဖြင့် အင်္ဂလိပ် ဂန္ထဝင်အနုစာပေ (Literature)နဲ့ပတ်သက်တာတွေ တော်တော်စုံတယ်။ ရှေးခေတ် နာမည်ကြီး အင်္ဂလိပ်စာရေးဆရာတွေရဲ့ စာအုပ် တော်တော်များများကို ရှိတယ်။ နောက်. . ဦးသူတော်ဆီမှာ အင်္ဂလိပ်အဘိဓာန်ဆိုရင် တော်တော်စုံစုံကို ရှိတယ်။ Oxford အဘိဓာန်ဆိုရင် အတွဲနှစ်ဆယ်ရှိတဲ့

http://www.cherrythitsar.org

www.foreverspace.com.mm



အဘိဓာန်ကြီးကိုရှိတယ်။ ကျွန်တော်က သူ့အဘိဓာန်ကြီးမျိုးကို ရချင်ပေမယ့် ပိုက်ဆံမရှိတဲ့အတွက် သူ့လို မဝယ်နိုင်ဘူး။ ကျွန်တော့်မှာ ရှိတာက နှစ်တွဲနဲ့ အကျဉ်းပြုစုထားတဲ့ Oxford အဘိဓာန်မျိုးပဲရှိတယ်။ ကျွန်တော်က သူစုဆောင်းထားတဲ့ အဘိဓာန်တွေကို အသေအချာ လိုက်ကြည့်တယ်။ နောက် သူ့ဆီမှာပဲ ရှိပြီး ကျွန်တော့်ဆီမှာမရှိတဲ့ အဘိဓာန်မျိုးလည်း တွေ့တယ်။ အဲဒါကြောင့် သူ့ကို ကျွန်တော်က ပြောလိုက်တယ်။ ခင်ဗျားမှာရှိတဲ့ အဘိဓာန်တွေက သိပ်စုံတာပဲ။ ဒီလောက်တောင် စုံပြီး ဘာဖြစ်လို့ Hopson Jobson အဘိဓာန်ကိုတော့ မဝယ်ထားတာလဲ။ အဲဒီ အဘိဓာန်က သိပ်ကောင်းတယ်လို့ ကျွန်တော်က သူ့ကို ပြောတော့ သူက ရချင်တယ်၊ ဝယ်ပေးပါလို့ ကျွန်တော့်ကို ပြောတယ်။ နောက် ကျွန်တော် မန္တလေးပြန်လာတော့ ကျွန်တော့်ဆီမှာ Hopson Jobson အဘိဓာန် တစ်အုပ်အပိုလည်း ရှိနေတာနဲ့ သူ့ကို လက်ဆောင်ပေးလိုက်တယ်။ သူလည်း ကျွန်တော့်ကို စာအုပ်လက်ဆောင် ပြန်ပေးတယ်။ People, Places,Things, Ideas ဆိုတဲ့ စာအုပ်။ အတွဲကြီး လေးတွဲ ခွဲထားတဲ့ စွယ်စုံကျမ်းလို စာအုပ်ကြီး"

ထိုစာအုပ်မှာ ၁၉၅၄ ခုနှစ်က ပုံနှိပ်ပြီး (လန်ဒန်)ဝေဗာလီမှ ထုတ်ဝေခဲ့သော စာအုပ်ဖြစ်၏။ ရယ်ရပါသည်။ ဦးသူတော်မှာ အလွန် သေချာလွန်းလှ၏။

ပါမောက္ခဆရာ ဦးသန်းထွန်းသို့ သူပေးသော စာအုပ်ပေါ်တွင် သူတစ်ဦးတည်း လက်မှတ်မထိုး။ သုံးဦး လက်မှတ်ထိုးထား၏။

ပါမောက္ခ ဦးသန်းထွန်းသို့ မေတ္တာဖြင့်ဟု ရေးပြီး သူ့လက်မှတ်။ သူ့ဇနီး ဒေါ်အေးမြိုင် လက်မှတ်။ နောက် သူ့သမီးကြီး ဒေါ်မြသန်းလက်မှတ်။

လက်မှတ်သုံးခု ထိုးထား၏။

နေ့စွဲကို 6th March 1975 ဟု တပ်ထား၏။

ယင်းအတွဲလေးတွဲရှိသော စာအုပ်ကြီးကို ဘာကြောင့် ပါမောက္ခဆရာ ဦးသန်းထွန်းကို သူပေးခဲ့ရသည်နှင့် ပတ်သက်၍ ဦးသူတော် အသက်ရှင်လျက် ရှိစဉ်က ကျွန်တော့်ကို ပြောပြဖူး၏။

"ပါမောက္ခကြီးက ကျွန်တော့်အိမ်ရောက်တိုင်း ကျွန်တော့်စာကြည့်ခန်းထဲက အဲဒီစာအုပ်ကြီးကို အမြဲထုတ်ဖတ်တယ်။ နောက် သူမှတ်ချင်တာတွေကိုလည်း စာရွက်တစ်ရွက်နဲ့ မှတ်တယ်။ အဲဒါကို ကျွန်တော်မြင်နေရတော့ ကျွန်တော့်ဇနီးနဲ့ သမီးကြီးကို ပြောလိုက်တယ်။ ဒီစာအုပ်ကြီးကိုတော့ ပါမောက္ခကြီး အကြိုက်တွေ့နေပြီ။ သူက ကျောင်းသားတွေကို တစ်ဆင့်ပညာပွားပေးနိုင်တဲ့

http://www.cherrythitsar.org
www.foreverspace.com.mm



ပုဂ္ဂိုလ်ဆိုတော့ ဒီစာအုပ်ကြီး တို့လက်ထဲမှာရှိတာထက် သူ့လက်ထဲမှာရှိတာ တိုင်းပြည်အတွက် ပိုအကျိုးရှိမယ်။ တို့ သူ့ကို အမှတ်တရလက်ဆောင်ပေးလိုက်ရအောင်ဆိုပြီး ကျွန်တော် ပေးခဲ့တာပါ”

ထိုစာအုပ် ဒေါက်တာသန်းထွန်းထံတွင် ယနေ့တိုင် ရှိပါသည်။

ပါမောက္ခ ဒေါက်တာသန်းထွန်းနှင့် သူ ဘယ်သို့ စတင်ခင်မင်ခဲ့ကြပုံနှင့်ပတ်သက်၍လည်း ဆရာ ဒေါက်တာသန်းထွန်းကို ကျွန်တော် မေးကြည့်ဖူး၏။

“ဆရာနဲ့ ဦးသူတော် ဘယ်လိုစခင်ကြတာလဲ”

“ဒီလိုပါ။ ကျွန်တော့်တပည့် မဟာဝိဇ္ဇာတန်းကျောင်းသား မောင်မောင်လေးက သူ့ရဲ့ မဟာဝိဇ္ဇာဘွဲ့အတွက် စာတမ်းကို ‘မြန်မာမင်းများလက်ထက် မိုးကုတ်မြို့သမိုင်း’ ဆိုတဲ့ ခေါင်းစဉ်ကို ရွေးခဲ့တယ်”

“မောင်မောင်လေးဆိုတာက ဘယ်သူလဲ”

“သူက မန္တလေးဇာတိ၊ မြန်မာ ပန်းသေးတရုတ်။ သူ့အမျိုး တော်တော်များများက မိုးကုတ်မှာရှိတယ်။ ဒါကြောင့်လည်း သူ မိုးကုတ်နဲ့ နွယ်နေတဲ့ စာတမ်းကို ရွေးခဲ့တာ။ သူလည်း ဒီနေ့ မငယ်တော့ပါဘူး။ ဟိုတုန်းက ကျောင်းသားဆိုပေမယ့် ဒီနေ့ ငါးဆယ်ကျော်လောက် ရှိနေရောပေါ့။ မန္တလေးတက္ကသိုလ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်မှုပညာဌာနမှာတောင် တွဲဖက်ပါမောက္ခ ဖြစ်နေပြီ”

“ဩော်. . ”

“မိုးကုတ်ကို ကျွန်တော်ရောက်သွားတာ အဲဒီစာတမ်းနဲ့ပတ်သက်ပြီး မောင်မောင်လေးကို ကူညီရင်းနဲ့ ရောက်သွားတာပဲ။ ကျွန်တော်တို့ သမိုင်းဌာနမှာက မိုးကုတ်နဲ့ပတ်သက်ပြီး ပေစာတွေလောက်ပဲ ရှာလို့ရတာရှိတယ်။ ဒေသခံထဲက မေးမြန်းဆွေးနွေးလို့ရမယ့် ပညာရှင်ကို ရှာတော့ ဦးသူတော်ကိုတွေ့ပြီး ဦးသူတော်ဆီ ကျွန်တော်တို့ ရောက်သွားခဲ့ကြတာပဲ။ ဒီလူက အကူအညီပေးချင်စိတ် အင်မတန် ရှိတဲ့လူပါ။ သူမီတဲ့၊ သူတစ်ဆင့်ကြားဖူး ဖတ်ဖူးတဲ့ မိုးကုတ်သမိုင်းနဲ့ပတ်သက်တဲ့ အချက်အလက်တွေကလည်း အင်မတန် စိတ်ဝင်စားဖို့ ကောင်းပါတယ်”

ဦးမောင်မောင်လေး ပြုစုသွားသည့် စာတမ်းအမည် အပြည့်အစုံမှာ “ပတ္တမြားမြေသမိုင်း ၁၈၈၆-၁၉၄၁” ဖြစ်၏။

ယင်း စာတမ်းနှင့်ပတ်သက်ပြီး မဟာဝိဇ္ဇာဘွဲ့အတွက် ဦးသူတော်သည် အပြင်စာစစ်ပုဂ္ဂိုလ် (External Examiner)အဖြစ် ခန့်အပ်ခံရ၏။ ၂၄-၂-၇၅

http://www.cherrythitsar.org

www.foreverspace.com.mm



နေ့စွဲဖြင့် ဒေါက်တာသန်းထွန်း လက်မှတ်ထိုး အကြောင်းကြားသောစာကိုလည်း ဦးသူတော်၏သား ကိုခင်မောင်ဝင်း ကူညီရှာဖွေပေးသဖြင့် ယနေ့ ကျွန်တော့် လက်ဝယ်၌ ရှိနေပါသည်။

ဦးသူတော်သည် စာပေကိုသာ ချစ်သည်မဟုတ်။

စာပေပညာရှင်များကိုလည်း လေးစား၏။ ခင်မင်၏။ ကူညီ၏။ ပံ့ပိုး၏။

စာရေးဆရာကြီး ရွှေဥဒေါင်းနှင့်လည်း အလွန်ခင်မင်ပါသည်။

ယင်း ခင်မင်မှုများနှင့် ပတ်သက်၍လည်း ဦးသူတော်၏ တူဖြစ်သူ ဦးညီညီက ကျွန်တော့်ကို ဤသို့ ပြောပြဖူး၏။

"ဆရာကြီး ရွှေဥဒေါင်းရဲ့ အမျိုးတစ်ယောက်က ကျွန်တော်တို့ မိုးကုတ် ရှမ်းတောရပ်ထဲမှာပဲ ရှိတယ်။ ဦးသူတော်အိမ် အနောက်နားမှာပဲ။ ဆရာကြီး ရွှေဥဒေါင်းက စာရေးဖို့ဆိုပြီး မိုးကုတ်ကို မကြာခဏ လာတတ်တယ်။ ဘဒွေး အိမ်မှာ ထမင်းစားတယ်။ ဘဒွေးနဲ့ ဆွေးနွေးတယ်။ နောက် အဲဒီတုန်းက ကျွန်တော်တို့ မိုးကုတ်သားတွေ စစ်မင်းကြီးလို့ ခေါ်တဲ့ အင်္ဂလိပ်ကဗျာ ဆရာကြီး "သီရိုဖီးလစ်"ကလည်း မိုးကုတ်မှာနေတယ် မဟုတ်လား။ ဘဒွေးနဲ့ဆရာကြီး ရွှေဥဒေါင်းတို့ "သီရိုဖီးလစ်"အိမ်ကိုလည်း မကြာခဏ သွားလည်တတ်တယ်။ ကျွန်တော်နဲ့ သီရိုဖီးလစ်ရဲ့သား (ဂျွန်)က ငယ်သူငယ်ချင်းဆိုတော့ ကျွန်တော် တောင် မကြာခဏပါသွားတတ်တယ်"

ဦးသူတော်သည် ဆရာကြီး မင်းသုဝဏ်နှင့်လည်း ခင်မင်ပါသည်။ အဆက်အသွယ်ရှိကြပါသည်။

ဆရာကြီးမင်းသုဝဏ်နှင့်အတူ တွဲရိုက်ထားသော ဓာတ်ပုံတစ်ခု ကျွန်တော် မြင်ဖူး၏။

နောက်. . ကွယ်လွန်သူ စာရေးဆရာကြီး လူထုဦးလှနှင့်လည်း ရင်းနှီး ခင်မင်ပုံ ရပါသည်။

ဆရာလူထုဦးလှက ဦးသူတော်ထံ ရေးလိုက်သည့် စာတစ်စောင် ကျွန်တော့်ထံတွင် ရှိပါသည်။ ဤဆောင်းပါး၌ ယင်းစာကို အမှတ်တရအဖြစ် ကျွန်တော် ဖော်ပြထားပါသည်။

ဦးသူတော်သည် မန္တလေးတက္ကသိုလ်ဘူမိဗေဒဌာနသို့လည်း ကျောက်-မျက်ဝယ်ယူရေးနှင့်ပတ်သက်၍ ကူညီခဲ့ဖူးသည်။

ထို ကျောက်မျက်များမှာ ကျောင်းသားများကို သင်ကြားပို့ချရာ၌

http://www.cherrythitsar.org
www.foreverspace.com.mm


အထောက်အကူပြုပစ္စည်းအဖြစ် အသုံးပြုရန်အတွက် ဖြစ်၏။

မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနပါမောက္ခ ဒေါက်တာတင်အေး (ကွယ်လွန်)သည် ၁၉၆၃ခုနှစ်အတွင်းကပင် ဦးသူတော်ထံ စာရေးပြီး ဘူမိဗေဒ ဌာနအတွက် ကျောက်မျက်ဝယ်ယူရေးကိစ္စကို ညှိနှိုင်းဖူး၏။ အကူအညီတောင်း ဖူး၏။

၂၀-၈-၁၉၆၃ နေ့စွဲဖြင့် ဒေါက်တာတင်အေးထံမှ ဦးသူတော်ထံသို့ ပေးပို့သောစာတစ်စောင် ယနေ့ ကျွန်တော့်လက်ဝယ်၌ ရှိနေပါသည်။

မိုးကုတ်မြို့ အထက်တန်းကျောင်း၌လည်း ကျောက်မျက်ပြတိုက်ငယ် တစ်ခုကို ဦးသူတော် ဦးဆောင်ပြီး ဖွင့်ခဲ့ဖူး၏။

ဦးသူတော်သည် သူ့ဘဝတစ်လျှောက်လုံးကို အလွန်စည်းစနစ်ကြီးစွာ ဖြင့် နေထိုင်သွားသူဖြစ်၏။ အရက်မသောက်၊ ဆေးလိပ်မသောက်၊ သီလသမာဓိ လည်း အလွန်ကြီးသူ ဖြစ်ခဲ့၏။

ထို့ကြောင့်လည်း မိုးကုတ်မြို့၏ သမာဓိမြို့ဝန်အဖြစ် ခန့်အပ်ခြင်း ခံခဲ့ ရဖူး၏။ ငယ်စဉ်က ဘောလုံးသမား။

အသက်အရွယ် ကြီးလာသောအခါ၌လည်း သူ့ကျန်းမာရေးကို သူ အလွန်ဂရုစိုက်သည်။ ဆေးပညာကိုလည်း အလွန်ဝါသနာပါ၏။ သူ့စာကြည့်ခန်း ၌ ဆေးပညာစာအုပ်အမျိုးမျိုး ရှိ၏။ နံနက် (၂)နာရီတွင် အိပ်ရာမှထ၏။ ဘုရား ရှိခိုး၏။

"မနက် သုံးနာရီထိုးပြီဆိုတာနဲ့ သူ့ကြေးစည်ထုသံပေါ်လာပြီ။ အဲဒီ ကြေးစည်သံက ကျွန်တော့်ရဲ့ နှိုးစက်ပဲ။ ကျွန်တော်ကလည်း ညနေတိုင်း အရက် နည်းနည်းသောက်ပြီး အစောကြီး အိပ်တတ်တဲ့လူ မဟုတ်လား။ အဲဒီကြေးစည် သံကြားပြီး ပြန်နိုးတဲ့အချိန်မှာ အိပ်ရေးကဝနေပြီ။ ထပ်မအိပ်တော့ဘူး။ အိပ်ရာ ဘေးမှာ အသင့်ချထားတဲ့ မဂ္ဂဇင်းစာအုပ်တွေကို စဖတ်တယ်။ မိုးလင်းတဲ့အထိ ဖတ်တယ်။ အဲဒီလိုဖတ်လို့ ခင်ဗျားဝတ္ထုဆောင်းပါးတွေကို လစဉ်အမြဲ ဖတ်မိနေ တာပေါ့"

ဦးသူတော်အိမ်၏ မျက်စောင်းထိုးတွင် နေထိုင်သော ကျွန်တော့် မိတ်ဆွေကြီး ကိုစိုင်းအောင်ကျော် ပြောဖူးသော စကားဖြစ်၏။

နံနက်တိုင်း လမ်းလျှောက်၏။ ရာသီမရွေး တစ်နှစ်ပတ်လုံးလျှောက်၏။ နံနက် လေးနာရီထိုးလျှင် ဦးသူတော် လမ်းမပေါ် ရောက်နေလေပြီ။

http://www.cherrythitsar.org

www.foreverspace.com.mm



သူ လမ်းလျှောက်သည့်ခရီးမှာ မိုးကုတ်နှင့် ကြပ်ပြင်ကြား (ထင်းရှားပင်) ကွေ့အထိ ရှိသဖြင့် အသွားအပြန်ခရီးမှာ ရှစ်မိုင်ခန့် ရှိပါသည်။ ကုသိုလ်ကံ ထူး၍ပင်လား။ ကျွန်တော် မတွေးတတ်ပါ။ သူသည် ကျန်းမာရေး အလွန် ကောင်း၏။ ဝေဒနာမရှိဘဲ ကွယ်လွန်သွားခဲ့ခြင်းဖြစ်၏။ နောက် သူ၏ အထူးခြားဆုံး လုပ်ဆောင်ချက်မှာ နေ့စဉ် 'ဒိုင်ယာရီ' ရေး၏။ သူ မကွယ်လွန်မီ နှစ်ရက်အထိ သူ့ဘဝနေ့စဉ်မှတ်တမ်းကို သူ ရေးသွားသည်။

ရယ်ရပါသည်။

တကယ်တော့ ကျွန်တော်သည် ဦးသူတော်၏အမည်ကို ကျွန်တော့် ဝတ္ထုဆောင်းပါးအားလုံး၌ ဦးသူတော်ဟု စာလုံးပေါင်းခဲ့သော်လည်း ဦးသူတော် သည် သူ့အမည်ကို ကျွန်တော် စာလုံးပေါင်းသကဲ့သို့ မပေါင်းပါ။ ဦးသူဒေါ်ဟု သာ ပေါင်း၏။ ဘာကြောင့် ဒွေးနှင့် သူ့အမည်ကို သူ ထူးဆန်းစွာ ပေါင်းရပါ သနည်း။ ယင်းပြဿနာနှင့်ပတ်သက်ပြီး ဆရာ ဒေါက်တာသန်းထွန်းက ကျွန်တော့် ကို ဤသို့ ရှင်းပြဖူး၏။

"ကျွန်တော် အဲဒီပြဿနာကို သူ့ကိုမေးကြည့်ဖူးတယ်။ သူက ကျွန်တော့် ကို ပြောတယ်။ သူတော်ဆိုတော့ဗျာ။ ကျုပ်ကို သူတော်ကောင်းလို့ သူများက ထင်အောင် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ဖော်ပြီး ပေါင်းတာလို့ ထင်မှာစိုးလို့ ဒွေးနဲ့ တမင် ပေါင်းလိုက်တာပါတဲ့"

မိုးကုတ်သားကြီး ဦးသူတော်မဟုတ်။

ဦးသူဒေါ် . . . ။

အမှတ် ၁၇၊ ၁၉၉၆၊ အောက်တိုဘာလ။

❋ ❋ ❋

www.foreverspace.com.mm

## ၁၁။ ကျွန်တော်နှင့် နီလာဝါ

လွန်ခဲ့သည့် တစ်လခန့်က ဖြစ်၏။

အသက် သုံးဆယ်ကျော်ခန့်ရှိသည့် မိုးကုတ်သားနှစ်ဦး ကျွန်တော့် ဓာတ်ခွဲခန်းသို့ ရောက်လာပါသည်။

"ကျွန်တော်တို့ကို ဆရာ့ဆီ မိုးကုတ်က ဒေါက်တာ စောနောင်ဦး လွှတ်လိုက်တာပါ"

"ကိစ္စက. . . "

"ဟောဒီ နီလာဝါလေးကို အစစ်ဟုတ် မဟုတ် စစ်ချင်လို့ပါ"

ကျွန်တော် နီလာဝါလေးကို ကိုင်ကြည့်လိုက်၏။

(ဂျင်မိုလိုက်)ကျောက်စစ် မှန်ဘီလူးနှင့် မစစ်ကြည့်သေးဘဲ ပထမ အဆင့်အဖြစ် အိတ်ဆောင် မှန်ဘီလူးလေးနှင့် စစ်ကြည့်၏။

အလွန်စင်သည့် နီလာဝါလေး ဖြစ်၏။

အတွင်း၌ မည်သည့် (အင်ကလူးရှင်း)မှ လုံးဝ ရှာမတွေ့ပါ။

(ဂျင်မိုလိုက်)အောက်တွင် စစ်ကြည့်လိုက်၏။ ဘာမှမတွေ့။

ကျွန်တော် မက်သလင်းအိုက်အိုဒိုက် အရည်အတွင်း နီလာလေးကို

http://www.cherrythitsar.org

www.foreverspace.com.mm



နှစ်ပြီး (ဂျင်မိုလိုက်)အောက်တွင် စစ်ကြည့်ပြန်၏။

အလွန်သေးသော အစက်လေးတစ်ခုကို ကျောက်သားတွင်း၌ ပထမဆုံး မြင်တွေ့ရ၏။

ကျွန်တော် အဆတစ်ရာရှိသော မှန်ဘီလူးခေါင်းကို လဲတပ်ပြီး ထိုအစက်လေးကို အသေအချာ ပြန်စစ်ကြည့်ပြန်၏။

အဆ လေးဆယ်ချဲ့ မှန်ဘီလူးအောက်၌ အစက်တစ်ခုသာ မြင်နေရသော ပစ္စည်းလေးမှာ အဆတစ်ရာချဲ့ မှန်ဘီလူးအောက်၌မူ အစက်လေးတစ်ခု အဖြစ် မဟုတ်တော့။

စုနေကြသော အစက်လေး (၃)စက်ကို ရှုထောင့်အစုံမှ အမျိုးမျိုး လှည့်ကြည့်၏။

အဝိုင်းလား။ မျက်နှာလေးများပါသော အစိုင်ခဲလား။ မသဲကွဲ။

အဝိုင်းလေးများ ဖြစ်နေရင်ဖြင့် ဤနီလာဝါလေးမှာ လူလုပ်ကျောက် (ဝါ) အတု ဖြစ်သွားချေပြီ။

မျက်နှာလေးများပါသည့် အစိုင်အခဲ ဖြစ်နေလျှင်မူ သဘာဝကျောက်-စစ် ဖြစ်ချေပြီ။

"ခင်ဗျားတို့ကျောက်က မရှင်းဘူး။ အစက်လေးသုံးစက်ကို ကျောက်သားထဲမှာ တွေ့နေရပေမယ့် မသဲကွဲဘူး။ ဘောလုံးလေးတွေလို အဝိုင်းလဲ ဖြစ်နိုင်တယ်။ အလွန်သေးငယ်တဲ့ ပုံဆောင်ခဲငယ်လေးတွေလည်း ဖြစ်နိုင်တယ်"

"အသေအချာစစ်ပေးစမ်းပါ ဆရာရယ်။ ဒီကျောက်ဟာ ကျွန်တော်တို့ အရိုင်း ဝယ်သွေးထားတာပါ။ ကျောက်စစ်ပါ။ ဒါပေမဲ့ ဈေးကွက်မှာ စင်လွန်းနေတော့ ဘယ်သူမှ မဝယ်ရဲ ဖြစ်နေကြတယ်"

ကျွန်တော် ကျောက်ကို ဆက်စစ်ကြည့်ပြန်၏။

လူလုပ်ကျောက်၌ ပါလေ့ရှိသော ပူဖောင်းလုံးလေးများကို ကျွန်တော့်ဘဝတွင် အမျိုးမျိုး မြင်ဖူးပါသည်။ သို့သော် ယခုကဲ့သို့ သီးခြား သုံးခုတည်း စုနေသည်ကို မမြင်ဖူးပါ။

တစ်ခါတစ်ရံ တစ်စုတည်းလည်း တွေ့ဖူး၏။ သို့သော် အရွယ်ကြီးပြီး မြင်လိုက်သည်နှင့် ပူဖောင်းဖြစ်ကြောင်း၊ လူလုပ်ကျောက်ဖြစ်ကြောင်းကို တန်းပြောနိုင်၏။

သို့သော် အရေအတွက်မြောက်မြားစွာ စုနေကြသည်သာ ဖြစ်၏။

http://www.cherrythitsar.org

www.foreverspace.com.mm



သုံးလေးခုမျှ စုနေသည်များကို တွေ့လေ့မရှိ။

ကျွန်တော် နီလာဝါလေးမှ အစက်လေးသုံးခုကို ကြိုးစား၍ ဆက်ကြည့်ပြန်၏။ အချို့အစက်များ၌ အရောင်ထွက်နေသည်။

ထိုထွက်နေသော နေရာကို ကျွန်တော် အသေအချာ ပုံကြီးချဲ့ပြီး ကြည့်၏။

မျက်နှာလေးများ ဟု ကျွန်တော်ထင်၏။

မိမိမျက်စိကို မယုံနိုင်သဖြင့် အောက်ထပ် ရတနာဆိုင်တွင် ရှိနေသော သမီးဖြစ်သူ လွင်လွင်ကိုခေါ်ပြီး ကြည့်ခိုင်း၏။

"လေပူဖောင်းတွေပါ ဖေဖေ"

"မဟုတ်ပါဘူးကွာ။ ပုံဆောင်ခဲလေးတွေပါ"

လွင်လွင်က ဘာမှ ပြန်မပြော။

"ခင်ဗျားတို့ကျောက်ကို ကျွန်တော်ကတော့ ကျောက်စစ်လို့ပဲ ထင်တယ်"

"ဆရာ ဝယ်ရဲလား"

"ဝယ်မယ်။ ဒါပေမဲ့ ကျောက်က သိပ်ရှင်းရှင်းလင်းလင်းမဟုတ်တော့ အပေါ်ဈေးတော့ မပေးနိုင်ဘူး။ အောက်ဈေးပဲ။ ခင်ဗျားတို့ ဘယ်လောက် ရောင်းချင်လဲ"

"ဒေါ်လာ နှစ်သောင်းလောက် ရချင်တယ်"

ရယ်ရပါသည်။

တောင်းဈေးကိုပင် ကျပ်ငွေနှင့်မပြော။ ဒေါ်လာနှင့် ပြောသည်။ ထိုငွေမှာ အပြင်ပေါက်ဈေးဖြင့် သိန်းသုံးဆယ်ကျော်ခန့် ရှိလိမ့်မည် ဖြစ်၏။

"ဟင်. . ဒီဈေးနဲ့တော့ ကျွန်တော် မဝယ်နိုင်ဘူး။ ခင်ဗျားတို့ ရန်ကုန်ကျောက်ဈေးကွက်မှာ လိုက်ပြပါ။ နောက်ဆုံး ဘယ်သူမှ ဝယ်မဲ့လူမရှိရင်တော့ ကျွန်တော့်ဆီ ပြန်လာခဲ့။ ကျွန်တော် ဈေးဖွင့်မယ်။ ခင်ဗျားတို့ကျေနပ်ရင်လည်း ရောင်းသွားပေါ့"

"ဟုတ်ကဲ့ ဆရာ"

မိုးကုတ်သားနှစ်ဦး ပြန်သွား၏။

တကယ်တော့ နီလာဝါမှာ မိုးကုတ်ထွက်ကျောက်များတွင် ကျွန်တော် အမြတ်နိုးဆုံးကျောက် ဖြစ်၏။

ကျွန်တော်မှာ အဝါရောင်ကို ကြိုက်၏။ အဝါနှင့်လည်း အကျိုးပေး၏။

http://www.cherrythitsar.org
www.foreverspace.com.mm



နီလာဝယ်တိုင်းပင် မြတ်သည်သာ များ၏။

ယခု နီလာဝါလေးမှာ ကျွန်တော့်မျက်စိမှ မထွက်နိုင်။ အချိန်မှာ ဆယ်ကရက်ခွဲ။ မျက်နှာပြည့်သည်။ ချွန်းမှန်သည်။ သွေးပုံ အချိုးကျသည်။ ပွင့်အားကောင်းသည်။

အထူးသဖြင့် စွဲမက်စရာ အကောင်းဆုံးမှာ အရည်။

အရည်ဟူသည်မှာ ကျောက်သမားများ အရောင်ကို ခေါ်ကြခြင်း ဖြစ်၏။

ယခု နီလာဝါ၏ အဝါမှာ အဝါဖြော့။

ဝါစိမ်း မဟုတ်။ ဝါညိုမဟုတ်။ ဝါနီမဟုတ်။ အဝါဖြော့။

သကြ်န်နီးသည့်အချိန်တွင် ပွင့်တတ်သော ငုဝါပန်းရောင်နှင့် တစ်ထပ်တည်း တူနေသည့် အရောင်။

အလွန်ရှားသော နီလာဝါရောင်။

မိုးကုတ်ထွက် နီလာဝါများမှာ အရည်ချို နီလာဝါများသာ များ၏။ အဝါရည် ပါသည်ဆိုရုံမျှ ပါတတ်၏။

ကမ္ဘာ့ဈေးကွက်၌ ဤမိုးကုတ်နီလာဝါများကို နီလာဝါအဖြစ်ပင် ရောင်း၍မရ။ အဝါရည်သန်း နီလာဖြူများအဖြစ်သာ ရောင်းစားရမည့် ကျောက်များ ဖြစ်၏။

သို့သော် မိုးကုတ်နီလာဝါများ၌ အံ့စရာကောင်းသည်မှာ အပြစ်စင်သည့်ကျောက် များ၏။

ဂေါ်စင်သည့်ကျောက် များ၏။

ကလပ်ချိန် ရှစ်ဆယ်ကျော် လုံး၀ ဂေါ်စင်၊ အပြစ်စင် နီလာဝါမျိုးကို ကျွန်တော် မိုးကုတ်၌ မြင်ဖူး၏။

သို့သော် အရည်မရှိ။

အဝါရောင် ပါသည်ဆိုရုံမျှ ပါ၏။

ထို့ကြောင့်လည်း ရှေးခေတ်က မိုးကုတ်တွင် ဤနီလာဝါများကို နီလာဟုပင် မရောင်း။

ဥဿဖရားအဖြစ် သတ်မှတ်ပြီး ရောင်စုံကျောက်ထုပ်တွင်ထည့်၍ ပေါပေါပဲပဲဖြင့်သာ ရောင်းချလိုက်ကြသည်သာ များ၏။

ယခု နီလာဝါမှာ ဘာကြောင့် ဤမျှ အရည်လှနေရပါသနည်း။

http://www.cherrythitsar.org

www.foreverspace.com.mm



ဤနီလာဝါအရည်မှာ နောင် တစ်ရက် နှစ်ရက် ကြာသွားသည့်အထိ ပင် ကျွန်တော့်မျက်စိမှ ဖျောက်မရ။

စွဲနေခဲ့သည်။

တစ်ပတ်ခန့် ကြာသွားခဲ့ပြီ။

မိုးကုတ်သားနှစ်ဦး ကျွန်တော့်ထံ ပေါ်၍ လာပြန်၏။

"ဆရာ. . ဒီနီလာဝါကို ကျွန်တော်တို့ ရန်ကုန်ဈေးကွက်မှာ ထိုးကြည့် တာ ဈေးမထွက်ဘူး။ ဒါကြောင့် ဆရာ ပေးနိုင်တဲ့ဈေးသာ ဖွင့်ပေးတော့"

ကျွန်တော် ထိုနီလာဝါလေးကို တစ်ကြိမ် ပြန်စစ်ကြည့်လိုက်ပြန်၏။

မှန်ပါသည်။

တစ်နေ့က ကျွန်တော် စစ်ဆေးပေးထားသော နီလာဝါလေးပင် ဖြစ်၏။

"ကျွန်တော့်ဈေးကတော့ ခင်ဗျား တစ်နေ့က တောင်းတဲ့ဈေးနဲ့ အများ ကြီး ကွာမယ်နော်"

"ပေးချင်တဲ့ဈေးသာ ပေးပါ ဆရာရာ။ တောင်းသူတစ်ဆယ်၊ ဝယ်သူ တစ်ကျပ်ဆိုတဲ့ မိုးကုတ်စကားတောင် ရှိသေးတယ် မဟုတ်လား"

"မဟုတ်ဘူးနော်။ ခု ကျွန်တော် ပေးချင်တဲ့ဈေးက ခင်ဗျား တစ်နေ့က တောင်းသွားတဲ့ဈေးထက် ဆယ်ဆမက ကွာလိမ့်မယ်"

"ပေးချင်တာသာ ပေးပါဆရာရယ်။ ဈေးမီရင် ကျွန်တော် ရောင်းမယ်။ မမီရင် ကျွန်တော် မရောင်းဘူးပေါ့။ ဆရာ ဘယ်လောက် ပေးချင်လဲ"

"သုံးသောင်း. ."

"ဟာ. . သုံးသောင်းကတော့ နည်းလွန်းပါတယ် ဆရာရယ်။ တစ်သိန်း တော့ အနည်းဆုံး မီအောင်ကြည့်ပေးပါ"

တစ်သိန်းမှာ ကျွန်တော် ဝယ်နိုင်သည့်ဈေး ဖြစ်၏။

ကျွန်တော့်မျက်စိတွင် ဆယ်ကရက်အရွယ်ရှိသော ဤအရည်မျိုးရှိ သည့် နီလာဝါမှာ တစ်ကရက် တစ်သိန်းဈေး။ ဆယ်သိန်းတော့ ရောင်းစားနိုင် ရမည်။

ကျွန်တော် လောဘများ ရင်ထဲ၌ တက်လာချေပြီ။

ဝယ်ချင်လှပြီ။

သို့သော် မိမိဘဝ၌ ယခင် တွေ့ကြုံထားဖူးသော အတွေ့အကြုံများ၊ သင်ခန်းစာများအရ ချက်ချင်း တက်ဝယ်လိုက်ခြင်းမှာ အကျိုးယုတ်သည်သာ

http://www.cherrythitsar.org
www.foreverspace.com.mm



များလေ့ရှိ၏။

မှားတတ်၏။

ရောင်းသူ ပြန်ခွာသွားတတ်၏။

"ဒီလိုလုပ်ဗျာ။ ခင်ဗျားတို့ကျောက်ကို ထားသွား။ ညနေ လေးနာရီမှ ပြန်လာကြ။ ကျွန်တော် ကျောက်ကို ထပ်လည်း သေချာအောင် စစ်ချင်သေးတယ်။ တစ်သိန်းဈေး တက်ဝယ်ဖို့ ဆိုတာလည်း အချိန်ယူ စဉ်းစားချင်သေးတယ်"

"ရပါတယ် ဆရာ။ ကျောက်ယူထားပါ။ ကြိုက်သလိုစစ်၊ ကြိုက်သလို စဉ်းစားပါ။ ကျွန်တော်တို့ ညနေ လေးနာရီ ပြန်လာတဲ့အခါ ဆရာ စိတ်နိုင်ပြီ ဆိုမှသာ ဝယ်ပါ"

မိုးကုတ်သားနှစ်ယောက် ကျောက်ဝါလေးကို ကျွန်တော့်လက်တွင် ထားခဲ့ပြီး ပြန်ထွက်သွားကြပြန်၏။

အချိန်မှာ နေ့လယ် တစ်နာရီခန့် ရှိဦးမည်။

ကျွန်တော် နီလာဝါလေးကိုယူပြီး ဗိုလ်ချုပ်ဈေး၌ ကျောက်မျက်ရတနာဆိုင် ဖွင့်ထားသော မိတ်ဆွေကြီး ကိုပါးဆိုင်သို့ လျှောက်သွား၏။

ကိုပါးနှင့် အဆင်သင့်ပင် တွေ့၏။

"ကိုပါး. . ဒီနီလာဝါလေးကို ဘယ်အဖိုးနဲ့ ဝယ်သင့်တယ်ဆိုတာ အသေအချာစစ်ပြီး ပြောစမ်းပါဗျာ"

ကိုပါးက နီလာဝါလေးကို သူ့အိတ်ဆောင် မှန်ဘီလူးလေးနှင့် အသေအချာ စစ်၏။

ဆယ်မိနစ်ခန့်ပင် ကြာပါလိမ့်မည်။

"လှလိုက်တဲ့ အဝါရည်ဗျာ။ ကျောက်က ဆယ်ကလပ်ကျော် အရွယ်ကြီးဆိုတော့ အနည်းဆုံး ဆယ်သိန်းတော့ ပြန်ရောင်းစားလို့ ရမယ်။ ငါးသိန်းအထိ တက်ဝယ်ပေါ့။ ဦးလှဝင်း ဘယ်လောက် ဝယ်မယ်လို့ စဉ်းစားထားလဲ"

"တစ်သိန်း. . "

"တစ်သိန်းနဲ့ ဝယ်ရလို့တော့ ချက်ချင်းသာ ငွေချေပစ်လိုက်။ နတ် မ, ပြီး ကိုယ့်ဆီရောက်လာတဲ့ ကျောက်ပဲ။ ဩော်. . ကျောက်က ကျောက်စစ်ဖြစ်တာ သေချာတယ်နော်"

"သေချာပါတယ်။ ကျွန်တော်ကိုယ်တိုင် (ဂျင်မိုလိုက်)အောက်မှာ စစ်ဆေးကြည့်ပြီးသား။ သိပ်သေးတဲ့ ပုံဆောင်ခဲလေးသုံးခုကို ကျောက်သားထဲမှာ

http://www.cherrythitsar.org
www.foreverspace.com.mm



မြင်နေရတယ်”

“ကျွန်တော့်မှာလည်း ဒီအရည်နီလာဝါမျိုး တစ်ပွင့်ရှိတယ်။ ခု ကျောက်လောက်တော့ မကြီးဘူး။ သုံးကရက်ပဲရှိတယ်။ ဘန်ကောက်အထိ ယူသွားပြီး စစ်ကြည့်ပြီးပြီ။ ကျောက်က ကျောက်စစ် မဟုတ်ဘူး။ အတုကြီး”

ကျွန်တော် လန့်သွား၏။

“ခင်ဗျားမှာ ဒီကျောက် ရှိသေးလား”

“ရှိတယ်”

“ရှိရင် ခဏ ပေးလိုက်စမ်းပါ။ ကျွန်တော့်ဓာတ်ခွဲခန်း ယူသွားပြီး စစ်ကြည့်ချင်လို့”

ကိုပါးက သူ့ကျောက်ဘူးထဲမှ ကျောက်ဝါလေးတစ်ပွင့်ကို ရှာပြီး ကျွန်တော့်ကို ထုတ်ပေးလိုက်၏။

မှန်ပါသည်။

ကိုပါး၏ နီလာဝါမှာလည်း ကျွန်တော့်လက်ဝယ်ရှိ နီလာ အရည်နှင့် တစ်ရည်တည်း ဖြစ်နေပါသည်။

ကျွန်တော် ကိုပါး နီလာဝါကို ဓာတ်ခွဲခန်းသို့ ချက်ချင်းယူသွား၏။

(ဂျင်မိုလိုက်) အောက်တွင် စစ်ကြည့်လိုက်၏။

အလွန်စင်သည့် ကျောက်။

သို့သော် ကျွန်တော် ဝယ်တော့မည့် နီလာဝါကလေးကဲ့သို့ပင် ကျောက်သားအတွင်း၌ အဖြူကလေးတစ်ခုကို မထင်မရှား တွေ့နေရ၏။

(ဂျင်မိုလိုက်) မှန်ဘီလူးခေါင်းကို အဆတစ်ရာ ခေါင်းသို့ ပြောင်းလိုက်၏။

မြင်နေရသော အစက်လေးကို အသေအချာ ပုံကြီးချဲ့ကြည့်လိုက်၏။

“ဘုရား. . . ဘုရား”

အစက်လေးမှာ တစ်စက်တည်းမဟုတ်။ ကျွန်တော် တစ်သိန်းဖြင့် ဝယ်တော့မည့် နီလာဝါလေး၏ ကျောက်သားတွင် မြင်နေရသည့် စုနေသော ပူဖောင်းလိုလို၊ ပုံဆောင်ခဲလိုလို သဏ္ဌာန်ရှိသည့် အစက်သုံးစက်ကို မြင်နေရ၏။

ဘန်ကောက်ကျောက်မျက် ဓာတ်ခွဲခန်းက ထိုအစက်သုံးစက်ကို ပူဖောင်းဟု သတ်မှတ်၏။

တစ်နေ့က ကျွန်တော့်သမီး လွင်လွင်ကလည်း ပူဖောင်းတွေပါ ဖေဖေ

http://www.cherrythitsar.org
www.foreverspace.com.mm



ဟု ပြော၏။

ပုံဆောင်ခဲဟု မြင်သူ သတ်မှတ်သူမှာ ကျွန်တော်တစ်ယောက်သာ ရှိ၏။

ကံကြီးလှသည်။

ဒီနေ့ လူလုပ်ကျောက်များ၏ လှည့်ဖျားထားပုံများမှာ မယုံနိုင်စရာ ကောင်းအောင်ပင် ကောင်းလှပေစွ။

တော်လှပေစွ။

ကျွန်တော် မစွန့်ရဲတော့။

ကျွန်တော့် အားနည်းချက်ကို ကျွန်တော် ချက်ချင်း တွေးမိ၏။

လောဘ. . .။

ရန်ကုန်ဈေးကွက်၌ မည်သူမှ မဝယ်ရဲသည့်ကျောက်ကို ကျွန်တော် ဘာကြောင့် ဝယ်ပါသနည်း။

ကျောက်ဝယ်သည့်အခါ လောဘဖက်လွန်းလျှင် အမှားတွေ့ရသည်သာ များ၏။

ကျွန်တော် တစ်သိန်းဝယ်ပြီး ဆယ်သိန်း ပြန်ရောင်းမည်ဟု အားခဲထားသော ဤနီလာဝါကြီးကို မဝယ်ဝံ့တော့။

ကြောက်သွားပြီ။

ကျောက်ရှင်ကို ပြန်ပေးရန် ချက်ချင်း ဆုံးဖြတ်လိုက်၏။

ရွှေစည်းစိမ်၊ ၁၉၉၇၊ ဖေဖော်ဝါရီလ။

❋ ❋ ❋

www.foreverspace.com.mm

)

## ၁၂။ သူတို့လာနေပြီ

တလောက နေ့လည်ဘက် အိမ်သို့ ကျွန်တော် ထမင်းစားပြန်စဉ် အိမ်၌ ဦးညီညီ ထိုင်စောင့်နေသည်ကို တွေ့ရပါသည်။

"အင်း. . ဦးညီညီပါလား။ ဘာကိစ္စရှိလို့လဲ။ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ဟောဒီ ကျောက်သုံးပွင့်ကို စစ်ဆေးပေးစမ်းဗျာ။ ကျွန်တော် ငွေချေတော့မလို့။ ဈေးတည့်ထားပြီးသား။ စိတ်ထဲမှာ မသိုးမသန့်ဖြစ်နေလို့ ငွေမချေခင် စိတ်ရှင်းသွားအောင်ဆိုပြီး ခင်ဗျားဆီ လာစစ်ခိုင်းတာ"

ကျောက်သုံးပွင့်ကို ကျွန်တော် ယူကြည့်လိုက်၏။

အရည်တက် ပတ္တမြားကျောက်သန့်လေးများဖြစ်၏။ တစ်ပွင့်နှင့်တစ်ပွင့် အရွယ်မကွာ။ တစ်ကရက်ခွဲအရွယ်ခန့်သာ ရှိကြပါလိမ့်မည်။

"လာ. . ဦးညီညီ။ ကျောက်စစ်မှန်ဘီလူး Gemolite က အိမ်ရှေ့ခန်းမှာရှိတယ်။ အတုလား၊ အစစ်လားဆိုတာ ခင်ဗျားကိုယ်တိုင် မြင်သွားရတာပေါ့"

ဦးညီညီ အိမ်ရှေ့ခန်းသို့ လိုက်လာခဲ့၏။

ကျွန်တော် သူ့ကျောက်လေးတစ်ပွင့်ကို ကျောက်စစ်မှန်ဘီလူးအောက်

http://www.cherrythitsar.org

www.foreverspace.com.mm



၌ ထားပြီး စစ်ဆေးကြည့်လိုက်၏။

ကျောက်လေးမှာ သာမန်မျက်စိအမြင်တွင် သန့်ရှင်းသလိုရှိသော်လည်း ကျောက်စစ်မှန်ဘီလူးအောက်တွင်မူ အက်ရာ (Crack)အသေးလေးများဖြင့် ကျောက်သားတစ်ခုလုံးတွင် မွနေ၏။ နောက်. . အမည်းရောင်အစိုင်အခဲတုံး နှစ်ခုကိုလည်း မြင်ရ၏။ ငှက်တောင်ပံပုံ (Feather)လေးများကိုလည်း မြင်နေရ၏။

၎င်း မြင်နေရသော အမှတ်အသားအားလုံးမှာ သဘာဝတွင်းထွက်ကျောက်စစ်များ၏ လက္ခဏာ အမှတ်အသားများ ဖြစ်၏။

သို့သော် ကျွန်တော် ဘဝင်မကျ။

ကျောက်တစ်ပွင့်လုံးတွင် ဘာကြောင့် အက်ရာ အသေးလေးများဖြင့် ၎င်းမျှ ပွကြဲနေရပါသနည်း။

အက်ပုံကိုလည်း ကျွန်တော် မကြိုက်။

ရေခဲများတွင် တွေ့ရလေ့ရှိသော အက်ပုံမျိုး။

နောက်. . ငှက်တောင်ပံပုံ အပြစ်များ။ ကျွန်တော့်မျက်စိတွင် မိုးကုတ်ပတ္တမြား၌ မြင်နေကျ ငှက်တောင်ပံပုံ အပြစ်လေးများနှင့်မတူ။ အဖြူရောင်ဇာပဝါလေးများ လေတွင်လွင့်မျောနေသည့် ပုံသဏ္ဌာန်နှင့် ပိုတူနေသည်ဟု ထင်မိ၏။

သို့သော် အမည်းရောင်အစိုင်ခဲတုံးကလေးနှစ်ခုကလည်း အထင်အရှားမြင်နေရပြန်သဖြင့် သဘာဝတွင်းထွက်မဟုတ်နိုင်ဟုလည်း ငြင်း၍မရ။ ကျွန်တော် ငြင်းမိလျှင် ကျွန်တော့်ကို ကျောက်ရှင်က အရူးဟု ပြောတော့မည်။

ကျွန်တော် နောက်ကျောက်လေးတစ်ပွင့်ကိုယူပြီး ကျောက်စစ်မှန်ဘီလူးအောက်၌ စစ်ကြည့်လိုက်ပြန်၏။

အံ့စရာကို မြင်တွေ့ရ၏။

ပထမအပွင့်၌ တွေ့မြင်နေရသော အပြစ်အားလုံးကို ဒုတိယအပွင့်၌လည်း မြင်နေရ၏။

မွနေသော အက်ရာ အပြစ်လေးများ။

ဇာပဝါလေးများ လေထဲ၌ လွင့်နေသည့်သဏ္ဌာန်ရှိသော အဖြူရောင်အပြစ်များ။

အမည်းရောင်ရှိသော အစိုင်အခဲတုံးလေးသုံးခု။

www.foreverspace.com.mm



တစ်ခုကကြီးပြီး၊ ကျန်နှစ်ခုက မထင်မရှား။ ကြိုးစားကြည့်မှ မြင်နိုင်သော အရွယ်များဖြစ်၏။

ယေဘုယျသဘောအားဖြင့်တော့ ပထမအပွင့်မှ အပြစ်များနှင့် ဒုတိယအပွင့်မှ အပြစ်များမှာ တူနေသည်ဟု ပြောနိုင်၏။

ကျွန်တော် တတိယတစ်ပွင့်ကို ယူပြီး ကျောက်မျက်မှန်ဘီလူးအောက်၌ စနစ်တကျ ဆန်းစစ်ကြည့်ပြန်၏။

ပထမအပွင့်၊ ဒုတိယအပွင့်တို့မှ အပြစ်များနှင့်မတူပါ။ သို့သော် အတိ-အကျ မတူကြသော်လည်း ယေဘုယျသဘောတွင် တူနေကြ၏။

"ဦးညီညီ. ."

"ဗျာ. ."

"ခင်ဗျား ကျောက်လေးတွေက သိပ်ထူးဆန်းတာပဲ။ ကျွန်တော်လည်း ဒီကျောက်မျိုးတွေ ဒီတစ်ခါပဲ မြင်ဖူးတယ်။ တစ်ပွင့်ထဲသာ ခင်ဗျားလာစစ်ခိုင်းရင် အစစ်ပဲလို့ ကျွန်တော်ပြောမိမှာ သေချာသလောက်ပဲ"

"ခု အတုတွေဖြစ်နေလား"

"ကံသေကံမတော့ ကျွန်တော်မပြောရဲဘူး။ လူလုပ်ကျောက်ဖြစ်နေတာကတော့ သေချာသလောက်ပဲ"

"ဘယ်လိုဖြစ်နေကြတာလဲ"

"ကျောက်သုံးပွင့်လုံးမှာရှိနေတဲ့ အပြစ်တွေက တူနေတယ်ဗျာ။ ခင်ဗျားစဉ်းစားကြည့်။ မိုးကုတ် ကျောက်တစ်ပွင့်မှာရှိတဲ့ အပြစ်နဲ့ နောက်တစ်ပွင့်မှာရှိတဲ့ အပြစ် ဘယ်မှာတူကြလို့လဲ။ တစ်ပွင့်မှာ ဂေါ်ပါရင် နောက်တစ်ပွင့်မှာ မြင်နိုင်တဲ့ဂေါ် ပါချင်မှပါမယ်။ တစ်ပွင့်မှာ အမည်းစက်ပါပြီး နောက်တစ်ပွင့်မှာ စင်ချင် စင်နေမယ်။ ခု ခင်ဗျား ကျောက်သုံးပွင့်လုံးရဲ့ အတွင်းသဏ္ဍာန်တွေ အကုန်တူနေတယ်။ လာလေဗျာ ခင်ဗျားကိုယ်တိုင် လာကြည့်"

ကျွန်တော် ကျောက်တစ်ပွင့်ကို ကျောက်စစ်မှန်ဘီလူးအောက်၌ အသေအချာချိန်ပြီး ဦးညီညီကို ကြည့်ခိုင်းလိုက်၏။

"အပြစ်တွေက ရှင်းနေတာပဲ"

"ဟုတ်တယ်။ နောက်တစ်ပွင့်ကို ထပ်ကြည့်ဦး"

ကျွန်တော် တတိယအပွင့်ကိုယူ၍ ဦးညီညီကို စစ်ဆေးကြည့်ခိုင်းလိုက်ပြန်၏။

www.foreverspace.com.mm



"ဟုတ်တယ်ဗျ။ အပြစ်တွေက တူနေတယ်။ အရိုင်းကျောက်ကြီးတစ်ပွင့်ထဲကို ဖြတ်သွေးထားကြတာလား မသိဘူး"

"မဖြစ်နိုင်ဘူး ဦးညီညီ။ ခင်ဗျားတို့ မိုးကုတ်သားတွေ အဆီပြစ်လို့ခေါ်တဲ့ အပြစ်လေးတွေကို သေသေချာချာကြည့်။ စိုက်ဆင်းမနေဘူး။ လေထဲမှာ ဇာပဝါဖြူလေးလွင့်သလို တွန့်လိမ်ပြီး လွင့်နေတယ်။ လှိုင်းလေးလို ဖြစ်နေချင်တယ်ဗျာ"

"ဟုတ်တယ်။ ခင်ဗျား ခုပြောနေတဲ့အတိုင်းပဲ"

"ခင်ဗျား ဒီလိုအဆီပြစ်မျိုး မြင်ဖူးလား။ ကျွန်တော်တို့ အနောက်တိုင်းကျောက်မျက်လောကမှာတော့ ဒီအပြစ်ကို Feather လို့ခေါ်တယ်"

"ခက်တာက ကိုလှဝင်း။ ပတ္တမြားရဲ့ အဆီပြစ်ကို ရှင်းရှင်းလင်းလင်းအကြီးကြီး ဒီတစ်ခါပဲ ကျွန်တော်မြင်ဖူးသေးတယ်။ ကျွန်တော်တို့ တစ်သက်လုံးကျောက်ဝယ်ကျောက်ရောင်းလုပ်ခဲ့ကြတာ တစ်ခါမှ ခုလို ကျောက်စစ်မှန်ဘီလူးအောက်မှာ စစ်ဆေးကြည့်ပြီး ဝယ်ကြတာမှမဟုတ်ဘဲ။ ရိုးရိုးမျက်စိနဲ့ပဲ ကြည့်ပြီးဝယ်ခဲ့ရောင်းခဲ့ကြတာ။ ခင်ဗျား ခု ရှင်းပြနေသလို အဆီပြစ်ရဲ့ အသေးစိတ်လက္ခဏာတွေကိုလည်း ခွဲခြားမသိဘူး။ အဆီပြစ်ဆိုတာလောက်ပဲသိတယ်။ အဆီပြစ်က အတုလုပ်လို့ရလား"

"ရတယ်။ ဒါပေမဲ့ တွင်းထွက်သဘာဝကျောက်မှာရှိတဲ့ အဆီပြစ်နဲ့တော့ သေသေချာချာကြည့်ရင် နည်းနည်းတော့ကွာတယ်။ နောက် ခင်ဗျားကျောက်သုံးပွင့်လုံးမှာ မြင်နေရတဲ့ မွနေတဲ့အက်ရာလေးတွေက ရေခဲတုံးမှာ မကြာခဏမြင်နေရတဲ့ အက်ရာလေးတွေနဲ့ မတူဘူးလား"

"ဟုတ်တယ်။ တူတယ်"

"ဒီလိုအက်တဲ့ အက်ရာမျိုးကို ကျွန်တော်ကတော့ သိပ်မကြိုက်ဘူး"

"အမည်းစက်လေးတွေကရော. ."

"အဲဒါ ပြဿနာပဲ။ ကျွန်တော် ခေါင်းခြောက်နေရတာ အဲဒီအပြစ်လေးတွေကြောင့်ပဲ။ ဒီအမည်းရောင်အတုံးလေးတွေ။ ဒါမျိုးက သဘာဝတွင်းထွက်ကျောက်မှာပဲ ရှိတဲ့လက္ခဏာ"

"ခုခေတ်က ကျောက်သားထဲမှာ ဒီလိုအတုံးခဲလေးကို ရှိအောင်ကို လုပ်ပေးနိုင်တဲ့ခေတ် ရောက်နေပြီလားမှ မသိဘဲ"

"ရောက်နေပြီဗျ။ ရောက်နေပြီဆိုတာကိုတော့ ထိုင်းနိုင်ငံက အင်္ဂလိပ်

http://www.cherrythitsar.org

www.foreverspace.com.mm



ဘာသာနဲ့ထုတ်တဲ့ ကျောက်မျက်မဂ္ဂဇင်းတွေမှာဖတ်ရလို့ ကျွန်တော် သိနေပါတယ်။ ရုရှားနိုင်ငံကထွက်တဲ့ နောက်ဆုံးပေါ် လူလုပ်ပတ္တမြားတွေ။ ကျွန်တော်ဖတ်မိတာလည်း ဘာမှမကြာသေးဘူး။ လပိုင်းလောက်ပဲရှိဦးမယ်။ ကျွန်တော် ခု အံ့သြနေတာက ကမ္ဘာမှာ ပေါ်တာမှ ဘာမှမကြာသေးဘဲ ကျွန်တော်တို့ မြန်မာ့ဈေး-ကွက်ကို ဘယ်လိုရောက်ခဲ့ကြတာလဲဆိုတာပဲ။ ဒါထက် နေပါဦး။ ခင်ဗျားကရော ဒီကျောက်လေးတွေကို အတုဖြစ်နိုင်တယ်လို့ ဘယ်လိုသံသယ စရှိခဲ့တာလဲ"

"ဒီလိုဗျာ။ ဒီကျောက်သုံးပွင့်ကို ကျွန်တော့်ကိုလာပြတာ လွန်ခဲ့တဲ့ တစ်လလောက်ကတည်းက။ ကျွန်တော်ကလည်း ခု ကျောက်သိပ်ဝယ်ချင်တော့တာ မဟုတ်ဘူး။ အဲဒီတော့ ကျောက်ရှင် မရောင်းနိုင်တဲ့ဈေးကို ကောက်ဆစ်လိုက်တယ်"

"ဘယ်လောက် ဆစ်လိုက်တာလဲ"

"နှစ်သိန်းခွဲ"

"ဟင်း. . ခင်ဗျားဈေးကလည်း တစ်ပွင့်ဖိုးတောင် မရှိဘူး"

"ဟုတ်တယ်လေ။ ဈေးမတဲ့အောင်ဆစ်တာဆိုတော့ အောက်ဆုံးဈေးပဲ ဆစ်မှာပေါ့ဗျ။ ကျွန်တော့်စိတ်ထဲမှာ ဒီကျောက် ကျွန်တော့်ဆီ ပြန်ရောက်လာတော့မယ်လို့ မထင်ဘူး။ ဒါပေမဲ့ မနေ့က ဒီကျောက်ကို ကျွန်တော့်ဆီ ကျောက်-ရှင်က လာအပ်တယ်"

"ဘာကြောင့် အပ်တာလို့ပြောလဲ"

"ခရီးဝေးသွားစရာရှိလို့။ ငွေဖော်ချင်လို့တဲ့။ ကျွန်တော်က ကျောက်ထားခဲ့ ဒီနေ့ငွေမရှိဘူး။ မနက်ဖြန်မှ ငွေလာယူဆိုပြီး ချိန်းလိုက်တယ်။ နောက် ဒီကျောက်ကို ကျွန်တော့်သမီးကိုပြတော့ ဟင်. . အဖေ့ကျောက်ကလည်း တန်လိုက်တာ အလကားပေးသွားသလိုပဲ။ ဟုတ်မှဟုတ်ရဲ့လား အဖေရယ်။ နောက်ကြောင်း ရှင်း မရှင်းလည်း အသေအချာမေးဦး။ အတုလည်းဖြစ်နေဦးမယ်နော်လို့ သတိပေးတာနဲ့ ကျွန်တော် ဒီမနက် ကျောက်တွေကို အသေအချာ နေရောင်အောက်မှာ ပြန်စစ်ကြည့်တယ်။ စစ်ရင်း စစ်ရင်းနဲ့ စိတ်ထဲမှာ မသိုးမသန့် ဖြစ်လာတယ်။ ပထမဆုံးအချက်ကတော့ ကြည့်လေဗျာ ကျောက်ရည်တွေအားလုံးက ညီနေတယ်။ သုံးပွင့်လုံး တစ်ရည်တည်း၊ တစ်ရောင်တည်း။ နောက် သွေးပုံ။ ဒီကျောက်သွေးပုံကို ခင်ဗျား အသေအချာ စစ်ကြည့်ဦး"

ကျွန်တော် ကျောက်သုံးပွင့်၏ သွေးထားပုံကို စစ်ဆေးကြည့်လိုက်၏။

http://www.cherrythitsar.org

www.foreverspace.com.mm



ဘဲဥပုံသဏ္ဌာန် ပုံကျသွေးထားသော ကျောက်လေးများ ဖြစ်၏။

"ဒီကျောက်သုံးပွင့်လုံး ထိုင်းမှာ သွေးထားတာ ဦးညီညီ။ သွေးကွက်တွေက ညီနေတာပဲ။ နောက် ချွန်းဘက်ကိုချထားတဲ့ အကွက်အဆင်တွေကိုလည်း ကြည့်။ လေးဆင့်ချထားတယ်။ ချွန်းထိပ်ကိုချထားပုံကလည်း ဘယ်လောက်လှလဲ"

"ဟုတ်တယ်။ ကျွန်တော်လည်း သိတယ်။ ဒါ မိုးကုတ်မှာသွေးတာ မဟုတ်ဘူး။ သွေးကွက်က အရောင်တွေကိုကြည့်ရင်လည်း သိနိုင်တယ်ဗျာ။ အရောင်တွေက ဘယ်လောက်ပြတ်သလဲ။ ဒါနဲ့ ကျွန်တော်စဉ်းစားတယ်။ ပြည်ပက ဒီကျောက်သုံးပွင့်ကို ဝယ်လာပြီး မြန်မာနိုင်ငံမှာ ကျောက်ရှင်က အောက်စျေးနဲ့ ဘာကြောင့် လာရောင်းနေတာလဲ"

"ကျောက်ရှင်နဲ့ရော ခင်ဗျား ရင်းနှီးလား"

"ရင်းနှီးတာပေါ့။ ရင်းနှီးလို့လည်း ဝယ်တာပေါ့။ ခုခေတ်မှာ လူစိမ်းဆီကကျောက်တော့ ကျုပ် ဘယ်ဝယ်ရဲပါ့မလဲ"

"ကျောက်ရှင်က ကျွန်တော်တို့ ကျောက်လောက ကလား"

"ကျောက်သမားတော့ ကျောက်သမားပဲ။ ဒါပေမဲ့ ငွေအားနဲ့ ကျောက်လောကကိုကူးလာတဲ့ လူတွေ။ ကျောက်ပညာပိုင်းမှာ အလွန်အားနည်းပါတယ်။ နာမည်ပြောလိုက်ရင် ခင်ဗျားသိပါတယ်။ ခင်ဗျားနဲ့ ခင်နေတဲ့လူပဲ။ မျက်စိနဲ့ မဝယ်ဘဲ နားနဲ့ဝယ်တတ်တဲ့ လူမျိုးဗျာ"

"ဒီကျောက်ဟာ အတုဆိုတာ သူကိုယ်တိုင်မသိသေးတာရော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ်။ သိပ်ဖြစ်နိုင်ပါတယ်။ ကျွန်တော့်ဆီကို သူ လာရောင်းဝံ့တယ်ဆိုကတည်းက အတုဖြစ်နေမှန်းမသိလို့ လာရောင်းတာပါ။ ကျွန်တော်ကတော့ ခံရပေါင်းများနေပြီလေဗျာ။ ကျောက်ဝယ်ရင် အမြဲသတိရှိရမယ်။ ငွေကိုဆွဲချေရမယ်ဆိုတာတွေက လုပ်ရိုးလုပ်စဉ်လို ဖြစ်နေပြီ။ ကျွန်တော် စဉ်းစားကြည့်တယ်။ ခုလို ရုရှားကထုတ်လုပ်တယ်ဆိုတဲ့ ကျောက်တုတွေက ကျွန်တော်တို့ သမားရိုးကျမျက်စိနဲ့ အတုအစစ်ခွဲတဲ့လူတွေအတွက် ဘယ်လိုမှ ခွဲခြားလို့ မရတော့ဘူး။ မှန်တာပြောရရင် ဒီကျောက်ကို တကယ်တော့ ကျွန်တော့်စိတ်ထဲမှာ ကျောက်စစ်လို့ပဲထင်ခဲ့တယ်။ ခု ခင်ဗျားဆီရောက်မှပဲ အတု ဖြစ်သွားတာ။ ဒီတော့ ဒီလိုကျောက်မျိုးတွေ မြန်မာ့စျေးကွက်ထဲမှာ ဒီနေ့ ဘယ်လောက်တောင်

http://www.cherrythitsar.org
www.foreverspace.com.mm



ပြန့်နေကြပြီလဲ မသိဘူး”

“ဟုတ်တယ်။ ခင်ဗျားလက်ထဲတောင် ဒီနေ့ ရောက်လာပြီဆိုတော့ ဈေးကွက်ထဲမှာ ဒီပတ္တမြားအတုတွေ အများကြီးရှိနေနိုင်တယ်။ ဘီချိတ် (B-Jade) လို့ခေါ်တဲ့ ရေချိုးကျောက်စိမ်းတွေ မြန်မာ့ဈေးကွက်ထဲ ဝင်လာကြသလိုပေါ့ဗျာ။ ဈေးကွက်ထဲမှာ လှိုက်စားနေပြီး၊ တစ်နှစ်လောက်နေမှ လူသိခဲ့ကြတာပဲ။ ခုမှ ကျွန်တော် သတိရတယ်။ ခု ဒီကျောက်နဲ့ ခပ်ဆင်ဆင် ပတ္တမြားအတုတစ်ပွင့်ကို ကျွန်တော်မြင်ဖူးတယ်။ ကိုညီညီတို့ မိုးကုတ်က ဒေါက်တာသက်ဦးကို သိတယ် မဟုတ်လား။ ဦးညီညီတို့ထက်တော့ အများကြီးငယ်တယ်”

“သိပါတယ်။ သူ့အဖေရော၊ အမေရော အကုန် ကျွန်တော်သိတယ်။ သူက ဆရာဝန်ဆိုပေမယ့် နိုင်ငံခြားက ကျောက်မျက်သိပ္ပံဘွဲ့တွေ ဘာတွေလည်း ရထားတယ်မဟုတ်လား”

“ဟုတ်ပါတယ်။ ဘန်ကောက်က ကျောက်မျက်ဓာတ်ခွဲခန်းမှာလည်း သူ ဝင်လုပ်ဖူးတယ်လို့ပြောတယ်။ သူက ကျောက်စုတာလည်း ဝါသနာပါတယ်။ ကိုကျော်အောင်ရဲ့ အညှံ့ပန်းကြီးကို အတုအစစ် ကျွန်တော် ခွဲလို့မရဖြစ်နေတုန်း ကလည်း သူပဲ ဓာတ်ခွဲခန်းကိုလိုက်လာပြီး ကျွန်တော့်ကိုကူပြီး ခွဲခြားပေးခဲ့တာ။ လွန်ခဲ့တဲ့ ခြောက်လလောက်က သူ့အိမ်ကို ကျွန်တော် သွားလည်တော့ သူ ထုတ်ပြဖူးတာပဲ”

“မှန်ဘီလူးအောက်မှာ ကြည့်ရတာလား”

“ဟုတ်ပါတယ်။ မှန်ဘီလူးအောက်မှာ ကြည့်တာပါ။ ဒါပေမဲ့ သူ့ကျောက်က မီးစိမ်းမခံဘူး။ ခရမ်းလွန်ရောင်ခြည်အောက်မှာ ကျောက်ကိုထားကြည့်ရင် အရောင်တောက်လာတယ်။ ခု ခင်ဗျားကျောက်လေးတွေလည်း ခရမ်းလွန်ရောင်ခြည်အောက်မှာ အရောင်တောက်လာမှာပါပဲ။ အကွဲကြောင်းတို့၊ အဆီပြစ်တို့ကို အတုလုပ်တတ်နေကြတာတော့ ဈေးကွက်မှာ တော်တော်ကြာသွားပါပြီ။ ခုလို အရောင်းရှိတဲ့ အစိုင်အခဲလေးတွေ ကျောက်သားထဲမှာ ပါဝင်နေအောင် လုပ်တတ်ကြတာတော့ သိပ်မကြာသေးဘူး။ တစ်နှစ်ကျော်လောက်ပဲ ရှိဦးမယ် လို့ ထင်တယ်”

“ခု ကျွန်တော့်ပတ္တမြားအတုတွေရဲ့ ကျောက်သားထဲမှာ တွေ့ရတာက တော့ သုံးပွင့်လုံးမှာ အမည်းစက်တွေပဲ။ အခြား အစိုင်အခဲတွေရော လူတွေ လုပ်တတ်နေကြပြီလား”

http://www.cherrythitsar.org

www.foreverspace.com.mm



"မသိဘူး။ ခုမြင်နေရတဲ့ အမည်းတုံးလေးတွေကိုတောင် အစိုင်အခဲ (Solid) ဟုတ် မဟုတ်ကို ကျွန်တော် ကံသေကံမ မပြောရဲသေးဘူး။ တခြားကျောက်မျက်ဓာတ်ခွဲခန်းက ပညာရှင်တစ်ဦးဦးရဲ့ ထင်မြင်ချက်ကို မေးကြည့်ချင်သေးတယ်။ ခက်တာကဗျာ. . ကျောက်မျက်မဂ္ဂဇင်းတွေကိုလည်း လစဉ်ဝယ်လို့ရနိုင်တာမဟုတ်တော့ ကျွန်တော်လည်း ကမ္ဘာ့ကျောက်မျက်သိပ္ပံလောက တိုးတက်မှုသတင်းတွေနဲ့ပတ်သက်ပြီး တော်တော်လေး ခေတ်နောက်ကျနေတယ်။ ဘယ်နေ့များ စနစ်တကျ ပြည်ပကလုပ်လာတဲ့ ကျောက်တုကြီးကို ကျွန်တော်ကိုယ်တိုင်ဝယ်မိမလဲ မသိဘူး။ လူလုပ်ကျောက်တွေက တစ်ခေတ်ပြီးတစ်ခေတ် သဘာဝတွင်းထွက်ကျောက်တွေနဲ့ ပိုပိုပြီး တူတူလာနေတယ်"

"နောက်ဆုံး သဘာဝတွင်းထွက်ကျောက်တွေနဲ့ လုံးဝခွဲမရအောင် တူတဲ့ခေတ်ကို ကျွန်တော်တို့ မရောက်လာနိုင်ဘူးလား"

"သိပ်ရောက်နိုင်တာပေါ့။ ဒါကြောင့်မို့လည်း (ရစ်ချက်ယူး)က ဆောင်း-ပါးတစ်ပုဒ်ရေးဖူးတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီဆောင်းပါးကို ဖတ်ဖူးတယ်။ သူက လူတွေဟာ ခုလိုပဲ ကြိုးစားပြီး သဘာဝတွင်းထွက်တွေနဲ့တူတဲ့ချက်ကျောက်တွေကို ဆက်လက်ကြိုးစားထုတ်လုပ်နေကြရင် နောင်လာမယ့် နှစ်ငါးဆယ်အတွင်းမှာ သဘာဝတွင်းထွက် ကျောက်မျက်ရတနာတွေရောင်းတဲ့ဈေးကွက်ကြီးဟာ ပျက်သွားတော့မယ်တဲ့"

"သိပ်ကောင်းတဲ့ ချက်ကျောက်ပေါ်တာနဲ့ သဘာဝကျောက်မျက် ဈေး-ကွက်က ဘာကြောင့် ပျက်သွားရမှာလဲ"

"ခင်ဗျားကလည်းဗျာ။ ချက်ကျောက်နဲ့ တွင်းထွက်ကျောက်ကို လုံးဝခွဲမရနိုင်တဲ့ သိပ္ပံခေတ်ကို ရောက်သွားပြီဆိုတော့ ဆိုင်မှာတင်ထားတဲ့ ကျောက်ဟာ ချက်ကျောက်လား၊ သဘာဝတွင်းထွက်လားဆိုတာ သိမှမသိနိုင်တော့ဘဲ။ ဒီတော့ အတုလည်း ဒီဈေးပဲ။ အစစ်လည်း ဒီဈေးပဲဆိုတဲ့ခေတ်ကို ရောက်သွားတော့မှာပေါ့။ ဘယ်သူမှ အပင်ပန်းခံပြီး ကျောက်တွင်းလုပ်မနေကြတော့ဘူး။ ဓာတ်ခွဲခန်းက သိပ္ပံပညာရှင်တွေ ချက်လုပ်တဲ့ကျောက်ကိုပဲ စောင့်ဝယ်ကြတော့မယ်"

"ဒါဆိုရင် ကျောက်မျက်တွေက ဘယ်တန်ဖိုးရှိတော့မလဲ"

"မရှိတော့ဘူးလေ။ အဖိုးတန်ကျောက်မျက်ရတနာရောင်းဝယ်တဲ့ လောကကြီးဟာ ပျက်သွားပြီပေါ့။ ဒီခေတ်မျိုးကို ဘယ်သူမှ ရောက်ချင်ကြမှာ

http://www.cherrythitsar.org

www.foreverspace.com.mm



မဟုတ်ဘူး။ လူ့ဘဝရဲ့ အနှစ်သာရတစ်ခုက ပျက်သွားပြီမဟုတ်လား။ ဒါကြောင့် (ရစ်ချက်ယူး)က သူ့ဆောင်းပါးမှာ သဘာဝကျောက်မျက်နဲ့ မတူတူအောင် လုပ်နေကြတဲ့ ဒီနေ့ သိပ္ပံသုတေသနလုပ်ငန်းတွေကို ရပ်ပစ်ဖို့ အချိန်တန်ပြီလို့ ရေးထားပါတယ်"

"နောက်တစ်ခု ကျွန်တော်မေးချင်သေးတယ် ကိုလှဝင်း။ ကျွန်တော်တို့ ချက်ကျောက်ပတ္တမြားတွေ ဒီခေတ်မှာ အမျိုးမျိုးပေါ်နေသလို လူလုပ်စိန်တွေရော မပေါ်သေးဘူးလား"

"တစ်လောက ကျွန်တော့်ကျောက်မျက်ဓာတ်ခွဲခန်းကိုရောက်လာတဲ့ အမေရိကန်ကျောက်ကုန်သည်တစ်ယောက် ပြောသွားတာတော့ ပေါ်နေပြီလို့ ဆိုတာပဲ။ ကမ္ဘာမှာ လူတွေစိန်ဖြစ်ရုံအဆင့် လုပ်နိုင်ခဲ့ကြတာတော့ ကြာပြီ။ စက်မှုသုံး စိန် (Industrial Diamond)အဆင့်စိန်တွေက တစ်နှစ်ကို ကရက်ချိန်သန်းတစ်ရာလောက်ကို ချက်လုပ်နေပါတယ်။ ကျောက်မျက်တန်းဝင်တဲ့ ဈေး-ကွက်မှာ ရောင်းစားနိုင်တဲ့ လူလုပ်စိန်အဆင့်ကိုသာ မလုပ်ခဲ့နိုင်ကြသေးတာ။ အမေရိကန်ပြည်ထောင်စုက (General Electric)ဆိုတဲ့ ကုမ္ပဏီကြီးဟာ ဒီလူလုပ်စိန် သုတေသနလုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ နာမည်ကြီးပဲ။ ၁၉၅၅ ကစပြီး ဒီကုမ္ပဏီကြီးအနေနဲ့ ကမ္ဘာမှာ သူတို့စိန်လုပ်နည်းကို သိထားပြီး လုပ်နိုင်ပြီလို့ ကြေညာနိုင်တဲ့ အဆင့်ကို ရောက်ခဲ့တယ်။ တခြား ချက်စိန်ထုတ်လုပ်ဖို့ ကြိုးစားနေကြတဲ့ ကုမ္ပဏီကြီးတွေလည်းရှိပါတယ်။ အများစုကတော့ နိုဘယ်ဆုရ သိပ္ပံပညာရှင် Bridman ရဲ့ တွေ့ရှိချက်ကိုအခြေခံပြီး ချက်လုပ်နေကြတာပဲ။ ဆွီဒင်နိုင်ငံကဆိုရင် ၁၉၅၃ခုနှစ်ကတည်းက ကျောက်မျက်တန်းဝင်စိန် ချက်လုပ်နည်းကို တွေ့ထားပြီးပြီလို့ ပြောကြတယ်။ ဒါပေမဲ့ ပြဿနာကဗျာ. . ထုတ်လုပ်မှုစရိတ်က သဘာဝတွင်းထွက်စိန် ထုတ်လုပ်မှုစရိတ်ထက် ပိုကြီးတယ်။ နောက်ပြဿနာတစ်ခုက အရွယ်သိပ်ငယ်တာတွေပဲ ထုတ်လုပ်နိုင်တယ်"

"ဘယ်လောက်တောင် သေးတဲ့ စိန်လေးတွေ ဖြစ်နိုင်လို့လဲ"

"စက္ကူလောက်ကို ပါးတာလေးတွေဗျာ။ တိတိကျကျပြောရရင် ဒသမငါးမီလီမီတာအရွယ်ကနေ ဒသမ သုညသုညတစ် အရွယ်လောက်ပဲရှိတဲ့ စိန်ပြားလေးတွေ"

"ဟာ. . ဒီလောက်တောင်သေးနေရင် ဘယ်လို သွားသွေးတော့မှာလဲ"

"ဟုတ်တယ်လေ။ သွေးလို့မရဘူး။ ဈေးကွက်မဝင်ဘူး။ ဒါကြောင့် စိန်

http://www.cherrythitsar.org
www.foreverspace.com.mm



ဖြစ်ရုံ ထုတ်လုပ်နိုင်ခဲ့ကြတာလို့ ကျွန်တော်ပြောခဲ့တယ်မဟုတ်လား။ အဲ. . ဒါပေမဲ့ ချက်စိန် ထုတ်လုပ်တဲ့ သုတေသနလုပ်ငန်းတွေက အလွန်လျင်မြန်တဲ့ အရှိန်အဟုန်နဲ့ တိုးတက်ပြီး အောင်မြင်မှုတွေရနေကြတယ်။ ဟိုတစ်လောက အမေရိကန်ကုန်သည်ပြောသွားတဲ့စကားအရတော့ ဈေးကွက်ဝင်နိုင်တဲ့စိန်အဆင့်ကို ထုတ်လုပ်နိုင်ကြပြီလို့ ပြောတာပဲ"

"တကယ်သာ အဲဒီ အမေရိကန်ပြောတဲ့စကား မှန်ခဲ့ရင် ဒီနေ့ ကမ္ဘာ့စိန်ဈေးကွက်ကြီးလည်း တစ်မျိုးပြောင်းသွားနိုင်တာပေါ့"

"ပြောင်းတော့ ပြောင်းနိုင်တယ်။ ဒါပေမဲ့ များများစားစားလည်း ထုတ်လုပ်နိုင်ကြသေးပုံမရသေးဘူး။ ဘာကြောင့်လဲဆိုတော့ ဈေးကွက်မှာ ဒီနေ့အထိ မြင်မှ မမြင်ဘူးကြသေးဘဲ"

"ကျွန်တော်တို့ မြန်မာနိုင်ငံကိုပဲ မရောက်သေးတာမျိုးရော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး။ ကျွန်တော် သတိထားမိသမျှ အတုတွေဟာ မြန်မာ့ဈေးကွက်ကိုရောက်လာတာ သိပ်မြန်တယ်။ ရုရှားစိန်လို့ခေါ်တဲ့ Cubic Zirconian ပေါ်ပြီး တစ်နှစ်အတွင်းမှာ မြန်မာ့ဈေးကွက်ကို ရောက်လာတာပဲ။ နောက်. . လေဆာ (Lasar)ရောင်ခြည်ရဲ့ အပူစွမ်းအားကို သုံးပြီး ကျောက်သားထဲက အမည်းစက်ကိုထုတ်ပစ်ပြီး ပြန်ဖာတဲ့ ဖာကျောက် (Filling Stone) စိန်တွေ ဒီနေ့ မြန်မာ့ဈေးကွက်မှာ အများကြီးရှိနေတာပဲ။ ဒီ ဖာကျောက်စိန်တွေရော ပေါ်တာ ဘယ်လောက်ကြာသေးလို့လဲ။ နောက်ဆုံးဗျာ. . ခု ခင်ဗျားယူလာတဲ့ လူလုပ်ပတ္တမြားတွေရော မြန်မာ့ဈေးကွက်ကို ရောက်လာတာ ဘယ်လောက်မြန်သလဲ။ ကျွန်တော်တောင် ဒီပတ္တမြားတွေနဲ့ပတ်သက်တဲ့ သတင်းပြည့်ပြည့်စုံစုံ ဖတ်ခွင့်မရသေးဘူး။ ပတ္တမြားက မြန်မာနိုင်ငံရောက်နေပြီ။ အဲဒီ လူလုပ်စိန်တွေသာ မြန်မာ့ဈေးကွက်ထဲ ရောက်လာရင်တော့ဗျာ မြန်မာ စိန်ကုန်သည်တွေ ဒီ အတုအစစ်ခွဲရတာနဲ့ ပတ်သက်ပြီး တော်တော်စိတ်ညစ်ကြရလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"လူလုပ်စိန်ဆိုတဲ့စိန်က ရုရှားစိန်လိုဟာမျိုးမဟုတ်ဘူး။ ဒီစိန်ရဲ့ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိ အကုန်လုံးက သဘာဝစိန်နဲ့ အတူတူပဲ။ ဘာမှ မကွဲဘူး။ ဒါကြောင့် ဒီနေ့ စိန်လောကမှာ စိန်အတုအစစ်ခွဲတဲ့အခါ အဓိက

www.foreverspace.com.mm
http://www.cherrythitsar.org


အားထား ခွဲခြားနေကြရတဲ့ စိန်ခွဲကိရိယာ (Diamond Tester)တွေလည်း ဘာမှ သုံးလို့ရတော့မှာ မဟုတ်ဘူး"

"ဘာကြောင့်လဲ"

"ဒီလိုဗျာ။ ဒီနေ့ စိန်အတုအစစ်ခွဲတဲ့ကိရိယာက အပူစီးတဲ့ စွမ်းအား ပေါ်မှာအခြေခံပြီး ပြုလုပ်ထားတာ။ စိန်က အပူစီးစွမ်းအား အကောင်းဆုံး ကျောက်မျက်။ စိန်ကိုဖြတ်ပြီး စီးနိုင်တဲ့ အပူစီးစွမ်းအားဟာ တခြား ဘယ်ကျောက် မျက်အပေါ်မှာ ဖြတ်စီးတဲ့စွမ်းအားနဲ့မှ မတူဘူး။ အကောင်းဆုံး။ ခု လူလုပ်စိန် ရဲ့ ရုပ်ဂုဏ်သတ္တိနဲ့အတူတူဖြစ်နေတဲ့အတွက် တွင်းထွက်စိန်တွေအပေါ်မှာ အပူစီး စွမ်းအား ကောင်းသလို ကောင်းနေလိမ့်မယ်။ ဒါကြောင့် ဒီနေ့သုံးနေတဲ့ စိန်စစ် ကိရိယာနဲ့ သွားစစ်ဆေးကြည့်ရင် စိန်အစစ်လိုပဲ ပြမှာပဲ"

"အဲဒီတော့ ဒီစိန်တုတွေ ရောက်လာရင် ဘယ်လိုခွဲကြမလဲ"

"ခုထိတော့ ကျွန်တော်လည်း မသိသေးဘူး။ ကျွန်တော့်ဆီ လာခွဲခိုင်း ရင် မခွဲတတ်ဘူးလို့ပဲ လွယ်လွယ်ပြောလိုက်မှာပဲ။ နောက် ကျောက်မျက်တွေအထဲ မှာ စိန်က တခြားတွင်းထွက်တွေနဲ့ ပိုပြီးထူးခြားနေတာက အပြစ်သိပ်စင်တတ် တယ်။ အပြစ်လုံးဝစင်တဲ့ စိန်ကြီး၊ စိန်ကောင်းတွေ ဈေးကွက်ထဲမှာ အများကြီး ရှိတယ်။ ဒါကြောင့် လူလုပ်စိန်တွေပေါ်လာတဲ့ ခေတ်မှာ အတွင်းပြစ်တွေကို ကြည့်ပြီးတော့လည်း ခွဲဖို့ တော်တော်ခက်ကြလိမ့်မယ်"

"အဲဒီတော့. . . "

"ဘယ်တတ်နိုင်မလဲ။ စောင့်ကြည့်ကြဦးစို့ပေါ့ဗျာ။ ပြဿနာကဗျာ. . အဖိုးတန် ကျောက်မျက်တွေ လောကမှာသာ အတုအစစ်ဆိုတဲ့ ပြဿနာကို လူတွေက သိပ်အလေးထားနေကြတာ။ ဈေးပေါတဲ့ ကျောက်မျက်တွေရဲ့ လောက မှာတော့ အတုအစစ်ကို သိပ်ဂရုမစိုက်ကြတော့ဘူး"

"ဈေးပေါတဲ့ ကျောက်မျက်လောကမှာ လူလုပ်ကျောက်က ရှိသေးလား"

"ရှိတာပေါ့။ ဥပမာဗျာ. . ခရမ်းစွဲ၊ သလင်းဝါ၊ ဒီ. . ခရမ်းစွဲတို့၊ သလင်း ဝါတို့ ဈေးကွက်မှာ လူလုပ်တဲ့ ခရမ်းစွဲ၊ လူလုပ်တဲ့သလင်းဝါတွေကို သဘာဝ တွင်းထွက် ဟုတ်မဟုတ်ဆိုပြီး သိပ် စစ်ဆေးမနေကြတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ဓာတ်ခွဲခန်းရဲ့ စစ်ဆေးခက ကျောက်တန်ဖိုးထက်ကြီးနေလို့ပဲ။ ကျုပ် တို့ မြန်မာနိုင်ငံမှာသာ ဈေးကွက်ရဲ့အနေအထားအရ လူတွေရဲ့ စီးပွားရေး

http://www.cherrythitsar.org
www.foreverspace.com.mm



အနေအထားအရ၊ ကျောက်မျက်ဓာတ်ခွဲခန်းတွေက ကျောက်စစ်ခကို ဈေးသက်သက်သာသာနဲ့ ခုထိလုပ်ပေးနေကြတာ။ တခြား ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ ကျောက်မျက်ဓာတ်ခွဲခန်းတွေရဲ့ ကျောက်စစ်ခက သိပ်ဈေးကြီးတယ်။ အထူးသဖြင့် (ဆွစ်ဇာလန်)မှာရှိတဲ့ ကမ္ဘာကျော် (ဂိုဗလင်)ကျောက်မျက် ဓာတ်ခွဲခန်းကြီးဆိုရင် ကျောက်စစ်ခ အမြောက်အမြားယူတဲ့ဆီမှာ နာမည်ကြီးပဲ။ ကျုပ်တို့လူမျိုး ကျောက်ကုန်သည်တွေ မယုံနိုင်အောင်ကို ကျောက်စစ်ခယူပါတယ်။ အဲဒီတော့ ဈေးသိပ်မတန်တဲ့ ကျောက်မျက်ကို ဒီနေ့ ဘယ်သူမှ ကျောက်မျက်ဓာတ်ခွဲခန်းကို ယူသွားပြီး စစ်မနေကြတော့ဘူးပေါ့ဗျာ”

အမှတ် ၉၃၊ ၁၉၉၈၊ ဧပြီလ။

❋ ❋ ❋

www.foreverspace.com.mm

## ၁၃။ အလျှနှင့် သဘာဝ

ကျွန်တော် ရွှေဘုံသာလမ်း မရောက်သည်မှာ ကြာပြီ။

ခြောက်လခန့်ပင် ရှိသွားခဲ့ပြီဟု ထင်၏။

မသွားချင်၍ မဟုတ်။

မိုင်းရှူး ကျောက်မီးဖုတ်သည့်လုပ်ငန်းကို စလုပ်လိုက်သည့်အချိန်မှ စ၍ ကျွန်တော်သည် ကျောက်သွေးစက်ရုံ၌သာ အချိန်ကုန်နေရသည် များ၏။ နောက် ပန်းချီပြခန်းတစ်ခုကိုလည်း ဝါသနာအလျောက် တွဲဖွင့်မိလိုက်ပြန်သဖြင့် ပြခန်း၌ ကျွန်တော့်ကို စောင့်မျှော်နေသည့် ပန်းချီဆရာများ နေ့တိုင်းရှိ၏။

ကျွန်တော် ပြခန်းကို မသွား၍ မရ။

ယနေ့တော့ အလုပ်များလှသော မိုင်းရှူးမီးဖုတ်ခန်းနှင့် ပန်းချီပြခန်းမှ အလုပ်အားလုံးကို ပစ်ထားပြီး ကျွန်တော် မရောက်တာကြာပြီဖြစ်သော ရွှေဘုံသာလမ်းဘက်သို့ လှည့်လာခဲ့မိ၏။

တကယ်တော့ ရွှေဘုံသာလမ်းမှာ ကျွန်တော်၏ အောင်မြေဖြစ်၏။ မိုးကုတ်မှ ရန်ကုန်ပြောင်းလာပြီး ရန်ကုန်ကျောက်မျက်လောကသို့ ဝင်မည်ဟု တာစူချိန်၌ ဤလမ်းမှပင် ကျွန်တော် ဝင်နိုင်သည့်အပေါက်ကို ချောင်းကြည့်ခဲ့ရ၏။

www.foreverspace.com.mm



ရယ်ရပါသည်။

ဤလမ်း၌ မြန်မာ့ကျောက်မျက်လောကနှင့်ပတ်သက်သည့် လူမျိုးစုံ ကျက်စား၏။

အစိမ်းသမား . . ။

အနီသမား . . ။

အဖြူသမား . . ။

ရွှေသမား . . ။

ကျောက်ဆန်းသမား . . ။

အဖြူဟူသည်မှာ စိန်ကို ဆိုလိုပါသည်။

ဤလမ်း၌ စိန်သမားနှင့် ရွှေသမားမှာ အများဆုံး ဖြစ်၏။

အစိမ်းသမားအုပ်စုတွင် ခွဲခြားဆန်းစစ်လိုက်လျှင် အစိမ်းသမားမျိုးစုံ တွေ့နိုင်၏။

"ဟော့ . . တို့က ဖားကန့်ထွက် ကျောက်ကောင်းတစ်မျိုးပဲ ကိုင်တယ်"

"ဟော့ . . တို့က ခန္တီးပဲ"

"ဟော့ . . တို့ကတော့ ထွက်ရပ်မရွေးဘူး။ အစုံကိုင်တယ်ကွ"

ကျောက်စိမ်းထွက်ရာအရပ်ကို လိုက်၍ သီးခြားလိုင်း ရွေးထားသူများ လည်း ရှိ၏။

ကျောက်တန်ဖိုးကိုလိုက်၍ လိုင်းရွေးထားသူများလည်း ရှိ၏။

လူသွားလမ်းပေါ်၌ ငရုတ်၊ ကြက်သွန် ရောင်းသကဲ့သို့ ဗန်းကြီးတစ်ခု ပေါ်၌ အစိမ်းအရွယ်မျိုးစုံကို ရောင်းသည့် လူမျိုးလည်းရှိ၏။

ဤပုဂ္ဂိုလ်မျိုးမှာ စည်ပင်ရဲ လာမည်ကို ကျီးကန်းမျက်စိဖြင့်ကြည့်ပြီး မဟန်လျှင် ဝုန်းခနဲ ပစ္စည်းသိမ်းပြီး နီးရာလှေကားပေါ်သို့ ပြေးတက်ပြီး လုပ်စား နေသူများဖြစ်၏။

သနားစရာလည်း ကောင်းပါသည်။

သူတို့ရောင်းသည့် ကျောက်အားလုံးမှာ အောက်ကျောက်များဖြစ်၏။

တစ်ဆယ်တန် ကျောက်မှစ၍ ရာကြီးကျောက်များအထိ ဖြစ်၏။

သူတို့သည် အလွန်စိတ်ရှည်ပါသည်။

ဝယ်သူက တစ်ဗန်းလုံး တစ်နာရီခန့် မွှေနှောက်၍ ကျောက်များကို ဖွပြီးနောက် မဝယ်ဘဲ ထပြန်သွား၍လည်း သူတို့ စိတ်မဆိုး။

http://www.cherrythitsar.org

www.foreverspace.com.mm



"ခင်ဗျားကျောက်တွေကလည်း ဈေးမြင့်နေတယ်"

"ဘယ်လောက်မြင့်လို့လဲ ဆရာရယ်။ ဈေး ပေးသာပေးပါ။ ကျွန်တော် ရောင်းနိုင်ရင်လည်း ရောင်းမှာပေါ့"

"ဒီအပွင့်က ဘယ်လောက်လဲ"

"တစ်ထောင့်နှစ်ရာ"

"တစ်ရာ့ငါးဆယ်ပေးမယ်ဗျာ"

"ယူ"

စာရှုသူ . . ။ ဤသို့ ရောင်းနေ ဝယ်နေသည်များကို မည်သည့်စီးပွားရေးလောက၌ သင် မြင်ဖူးပါသနည်း။

ယနေ့ ရွှေဘုံသာလမ်း ကျောက်မျက်ဈေးကွက်ကြီး၌ သင် မြင်တွေ့နိုင်ပါသည်။

လာကြည့်လှည့်ပါ။

ယနေ့ ရွှေဘုံသာလမ်းသို့ ကျွန်တော် ရောက်သွားချိန်၌ ကျောက်သမားအလွန်ပါးနေပါသည်။

"ဘယ်လိုဖြစ်တာလဲ။ ဒီနေ့ လူနည်းလှချည်လား"

အချိန်မှာ နံနက် ၉ နာရီကျော်ပြီ။

"လူနည်းဆို ဆရာရယ်။ လမ်းဘေးလက်ဖက်ရည်ဆိုင်တွေမှ မရှိကြဘဲ။ မနေ့က စည်ပင်ရဲက သဲသဲမဲမဲဖမ်းထားလို့ ဒီနေ့ မထွက်ရဲဖြစ်နေကြတယ်။ ၂၉ လမ်းဘက်မှာ ဒီနေ့ သွားစည်နေတယ်"

မှန်ပါသည်။

ယနေ့ ရွှေဘုံသာလမ်းမှ ရတနာဈေးကွက်ကြီး လူစည်နေရသည့် အခြေခံအကြောင်းရပ်တစ်ခုမှာ လမ်းဘေးလက်ဖက်ရည်ဆိုင်များ၏ ကျေးဇူးကြောင့်လည်း ပါသည်။

ကျောက်သမားအများစုမှာ ဤဆိုင်များမှ ခွေးခြေထိုင်ခုံပုလေးများပေါ်တွင် ထိုင်ပြီး အရောင်းအဝယ်လုပ်နေကြခြင်းဖြစ်၏။

တစ်နေ့လုံး မည်သူမျှ ဤလမ်းပေါ်တွင် မတ်တတ်ရပ်ပြီး အလုပ်မလုပ်နိုင်။

ဤလမ်းဘေး လက်ဖက်ရည်ဆိုင်ရှင် ကောင်လေးများကလည်း ကျွန်တော်တို့ ကျောက်သမားများအပေါ်တွင် အလွန်စိတ်ရှည်ကြပါသည်။

http://www.cherrythitsar.org
www.foreverspace.com.mm



လက်ဖက်ရည်တစ်ခွက်မျှဝယ်သောက်ပြီး သူ့ထိုင်ခုံတွင် သုံးနာရီခန့် ဆက်ထိုင်နေ၍လည်း ဘာမျှမပြော။

မဖယ်ခိုင်း။

"ဟေ့ . . ငါ့မိတ်ဆွေအတွက် ခုံတစ်လုံးရှာပေးပါဦးကွ"

ဟု အမိန့်ပေးလျှင်လည်း ခုံတစ်လုံးကို မရမကရှာပြီး စိတ်ရှည်စွာလာချပေးသေး၏။

တကယ်တော့ ဤလက်ဖက်ရည်ဆိုင်မှ ဆိုင်ရှင်လူငယ်များမှာ ကျွန်တော်တို့ ကျောက်သမားများ၏ ကျေးဇူးရှင်များဟု သတ်မှတ်ချင်လျှင်ပင် သတ်မှတ်၍ရ၏။

ရွှေဘုံသာလမ်း၌ အဓိကလူစည်နေခြင်းမှာ သူတို့ကြောင့်ဖြစ်၏။

မှန်ပါသည်။

ယနေ့ သူတို့ပြေးနေရသည်၊ ပုန်းနေရသည်ဟုဆိုလျှင်ပင် ကျောက်ဈေးတန်းမှာ စည်ကားစိုပြေနေခြင်း မရှိတော့။

ပျင်းခြောက်ခြောက်ကြီးဖြစ်၍ နေချေပြီ။

ကျွန်တော်သည် ဦးနာဒရာဂျန်၏ အခန်းရှိသော ဟိန္ဒူဘုရားကျောင်းရှိရာသို့ ဆက်လျှောက်သွား၏။

ဦးနာဒရာဂျန် အခန်းတွင် ကျွန်တော့်မိတ်ဆွေကြီး ဦးချန်ဒရီကိုလည်း အဆင်သင့်ပင် တွေ့လိုက်ရ၏။

"ဦးလှဝင်း . . ထိုင်ဗျာ။ ထိုင်"

ဦးချန်ဒရီက ဖိတ်ခေါ်လိုက်ခြင်း ဖြစ်၏။

ဦးနာဒရာဂျန်အခန်း၌ ထိုင်စရာခုံမရှိ။ ရှေးခေတ် ဘာဘူကုလားများလက်ထက်ကကဲ့သို့ပင် ကြမ်းပြင်ပေါ်တွင် ဖျာခင်းပြီး ဖျာပေါ်၌ပင် ကျွန်တော်တို့ ထိုင်ကြရပါသည်။

"ကျွန်တော်တို့လည်း ဦးလှဝင်းကို တွေ့ချင်နေကြတာ။ ဘယ်ပျောက်နေတာလဲ"

"မိုင်းရှူးမီးဖုတ်ခန်းဖွင့်ပြီးကတည်းက လုံးဝမအားလို့ပါ ဦးချန်ဒရီ။ ဆို . . ကျွန်တော့်ကို ဘာအတွက် တွေ့ချင်နေကြတာလဲ"

"ပတ္တမြား ထူးထူးဆန်းဆန်းတွေ မြင်တွေ့နေရလို့ပါဗျာ"

"ဘယ်လို ပတ္တမြားတွေလဲ"

http://www.cherrythitsar.org

www.foreverspace.com.mm



"အရည်သိပ်လှပြီး အတွင်းပြစ်တွေကလည်း သဘာဝတွင်းထွက်ကျောက်နဲ့ ဘယ်လိုမှ ခွဲမရအောင် တူနေတဲ့ ပတ္တမြားတွေဗျ"

ကျွန်တော်က နှစ်ခြိုက်စွာ ပြုံးလိုက်၏။

"ဒီပတ္တမြားတွေအကြောင်းကို အရင်လက မြန်မာ့ဓနထဲမှာ ဆောင်းပါးတောင် ကျွန်တော်ရေးပြီးပြီ"

"ဘယ်လိုခေါင်းစဉ်နဲ့ ရေးထားတဲ့ ဆောင်းပါးလဲ"

"သူတို့လာနေပြီဆိုတဲ့ ဆောင်းပါး"

"ဦးလှဝင်းက ဈေးကွက်သတင်းဦး တော်တော်ရတာပဲ။ ဘယ်လိုလုပ်ပြီး ကျွန်တော်တို့ ဈေးကွက်ထဲလည်း မရောက်ဘဲနဲ့ ဒီသတင်းတွေ ရသွားတာလဲ"

"ကျွန်တော်က ကိုယ်ပိုင် ကျောက်မျက်ဓာတ်ခွဲခန်းရှိတယ်လေ။ ကျောက်လာစစ်ခိုင်းတဲ့လူတွေက နေ့တိုင်း ကျွန်တော့်ဆီ လာနေကြတာပဲ။ ဒါပေမဲ့ ဒီပတ္တမြားမျိုးကို စစ်ခွင့်ရလိုက်ရတာက တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သွားတာပါ။ ကျွန်တော့်မိတ်ဆွေကြီး ဦးညီညီယူလာပြီးပြလို့ ကျွန်တော်မြင်လိုက်ရတာ။ အံ့သြဖို့လည်း ကောင်းတယ်ဗျာ။ ဦးညီညီပြန်သွားပြီး နောက်တစ်ပတ်လောက်အတွင်းမှာ ဒီပတ္တမြားမျိုး နှစ်ပွင့် ထပ်တွေ့တယ်။ တစ်ပွင့်က အယဉ်။ တစ်ပွင့်က အရိုင်း"

"အရိုင်းလည်းရှိလား"

"ရှိတယ်။ အံ့သြဖို့ ကောင်းတာက ကျောက်နှစ်ပွင့်လုံး ယူလာတဲ့ ကျောက်ရှင်တွေက မိုးကုတ်သား မိတ်ဆွေတွေပဲ"

"အတုမှန်း သူတို့သိလား"

"လုံးဝမသိဘူး။ တစ်ပွင့်က ခြယ်လက်စွပ် လုပ်ထားတယ်။ ကျောက်ရှင်က ဒီလက်စွပ် လာစစ်တာလည်း မဟုတ်ဘူး။ မိုင်းရှူးကျောက် မီးဖုတ်ဖို့ကိစ္စ လာဆွေးနွေးတာ။ ကျွန်တော် ရုံးခန်းကပြန်ခါနီးမှ ကိုလှဝင်း. . ဒီလက်စွပ်လေးကို အစစ် ဟုတ် မဟုတ် သေသေချာချာ စစ်ပေးစမ်းပါဗျာ။ ကျွန်တော် ဝယ်ထားတာ တစ်လလောက်ရှိသွားပြီ။ သိပ်အရည်ညီလွန်းနေလို့ စိတ်ထဲမှာ တစ်မျိုးကြီးပဲဆိုပြီး စစ်ခိုင်းလို့ စစ်ကြည့်တော့ flux ပတ္တမြားပဲ ဖြစ်နေတယ်"

"ဒီပတ္တမြားမျိုးကို flux လို့ နာမည်ပေးထားလား"

"မသိဘူး။ ကျွန်တော့်ဆီ မကြာခဏလာတတ်တဲ့ အမေရိကန်ကုန်သည်က flux လို့ခေါ်လို့ ကျွန်တော်လည်း (ဖလပ်)လို့ လိုက်ခေါ်နေတာ။ (ဖလပ်) ဆိုတာက ချက်ကျောက်ချက်နည်းတစ်မျိုးပဲ။ ဒီချက်နည်းပေါ်နေတာလည်း ကြာ

http://www.cherrythitsar.org
www.foreverspace.com.mm


ပါပြီ။ အရင်တုန်းက ဒီချက်နည်းနဲ့ ချက်ထားတဲ့ကျောက်တွေကတော့ ဒီနေ့ (ဖလပ်)တွေလောက် သဘာဝတွင်းထွက်နဲ့ သိပ်မတူကြပါဘူး"

"အရိုင်းတစ်ပွင့်ကရော ဘယ်လိုတွေ့တာလဲ"

"ကျွန်တော်နဲ့ ညီလိုခင်နေတဲ့ ဒေါက်တာစောနောင်ဦးရဲ့ ယောက်ဖ ယူလာတာ။ သူက ကျွန်တော့်ရုံးခန်းမှာ လုံးချောလာပြတာပါ။ လုံးချောလေးတွေနဲ့အတူ ဆယ်ကလပ်ကျော်ကျော်လောက်ရှိတဲ့ ပွတ်ချောလုပ်ပြီး အရိုင်းတစ်ပွင့် ပါလာတယ်။ အရိုင်းက အရည်သိပ်လှနေလို့ ကျွန်တော် ယူကြည့်တော့ သူက ဒါ မိုးကုတ်ပတ္တမြား မဟုတ်ဘူး ဆရာ။ မိုင်းရှူးမီးဖုတ်လို့ပြောတယ်။ ကျွန်တော် ကလည်း မိုင်းရှူးမီးဖုတ်တွေ နေ့တိုင်းကိုင်နေရတော့ သူ့ကျောက်ဟာ မိုင်းရှူး မီးဖုတ်မဟုတ်ဘူးဆိုတာ မြင်လိုက်တာနဲ့သိတယ်။ ဒါနဲ့ သေချာအောင်ဆိုပြီးတော့ ကျောက်စစ်မှန်ဘီလူးအောက်မှာ သွားကြည့်ပြီး စစ်ကြည့်တော့ (ဖလပ်)ပဲ ဖြစ်နေတယ်"

"ကျောက်ရှင်က ဘာပြောလဲ"

"သူကတော့ သူ့ကျောက်မဟုတ်ဘူး။ သူများရောင်းဖို့ ထည့်ပေးလိုက်တာတဲ့။ ဒါနဲ့ ကျွန်တော်က ဒါပြဿနာဖြစ်မဲ့ကျောက်။ ပိုင်ရှင်ကို မြန်မြန်ပြန်ပေးလိုက်လို့ ပြောလိုက်တယ်"

"အဲဒီ (ဖလပ်)ကျောက်မှာ ထူးခြားတဲ့သင်္ကေတ ဘာပါတာကို သတိထားမိလဲ"

"ပထမဆုံး ထူးခြားတာကတော့ ဒီ (ဖလပ်)ပတ္တမြားတွေထဲမှာ မြင်နေရတဲ့ အစိုင်အခဲအတုံးလေးတွေက အမည်းတုံးလေးတွေများတယ်။ ဒေါက်တာစောနောင်ဦး ယောက်ဖယူလာတဲ့ကျောက်မှာဆိုရင် အမည်းတွေကပြည့်နေတာပဲ။ ရုတ်တရက်ကြည့်လိုက်ရင် မြန်မာ့နည်း မြန်မာ့ဟန်နဲ့ မီးဖုတ်ထားတဲ့ မိုင်းရှူး ကျောက်လိုပဲ။ ကျောက်မျိုးကျောက်သားကောင်းတယ်။ ကျောက်ရည်က ဒီနေ့ ကျွန်တော် တွေ့ဖူးသလောက်တော့ အရည်ထက်တွေချည်းပဲ။ အရည်ကူးနဲ့ အရည်ကူးတစ်ပတ်ကျ ကျောက်တွေပဲ။ အဲ. . ထင်ရှားသိသာတဲ့ အချက်တစ်ခု ကတော့ ဒီနေ့ ကျွန်တော် မြင်ဖူးသမျှ (ဖလပ်)ကျောက်တွေမှာ ဂေါ်လုံးဝမပါဘူး"

"ဒါ ဖြစ်နိုင်ရင် ဂေါ်မပါတဲ့ အရည်သိပ်လှတဲ့ကျောက်ဆိုရင် (ဖလပ်) ဖြစ်နိုင်တယ်လို့ ခေါင်းထဲမှာ မှတ်ထားရမလို ဖြစ်နေပြီပေါ့"

"ဟုတ်တယ်။ ခင်ဗျားတို့ကတော့ ဒီကျောက်တွေဟာ အတုဖြစ်တယ်

www.foreverspace.com.mm



ဆိုတာ ဘယ်လိုသိခဲ့ကြတာလဲ”

“ကျွန်တော်တို့အတွက်ကတော့ ဒီနေ့အထိ ဒီပတ္တမြားတွေက ဇဝေဇဝါပဲ။ ရှင်းရှင်းပြောရရင်တော့ ဘာမှ ခိုင်မာတဲ့ အတုလက္ခဏာတစ်ခုခုကို ရှာပြနိုင်လို့မဟုတ်ဘူး။ ကိုယ့်အာရုံထဲမှာ အတုလို့ ထင်လို့ မဝယ်ရဲဘဲ အတုလို့ ပြောနေကြတာ။ ကျွန်တော်တို့ အတုထင်တဲ့ကျောက်တွေက အစစ်လည်း ဖြစ်ချင်ဖြစ်နေမှာပဲ”

“မှန်တယ်။ ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာ အတုလို့ထင်တာကို မဝယ်ရဲတာဘဲ ကောင်းတယ် ဦးချန်ဒရီ။ ဦးညီညီ ပြဿနာတုန်းကလည်း အတုလက္ခဏာတစ်ခုခုရှာတွေ့လို့ ကျွန်တော့်ဆီလာပြတာ မဟုတ်ဘူး။ သူ့အာရုံမှာ တစ်မျိုးခံစားရလို့ မဝံ့မရဲဖြစ်နေပြီး ကျွန်တော့်ဆီ ယူလာတာ”

“အင်း. . ဒီအတိုင်းဆိုရင်တော့ ကျောက်ဝယ်ရမှာ တော်တော်ခက်ကုန်ပြီ။ ခက်တာကဗျာ. . ကျောက်မျက်တွေရဲ့ ငါးဆယ်ရာနှုန်းလောက်က တွင်းကထွက်လာစက လှတဲ့ကျောက်တွေမှ မဟုတ်ဘဲ။ ကျောက်ခဲသာသာ အဆင့်မျိုးရှိကြတဲ့ ကျောက်တွေပဲ။ ကျောက်သမားတွေ လက်ထဲရောက်မှ ကျောက်သမားတွေ ပြုပြင်လိုက်မှ လှလာကြတာတွေ”

“လူတွေပြုပြင်လိုက်မှ ကျောက်မျက်တွေဟာ လှလာကြတာဆိုတာ ငါးဆယ်ရာနှုန်းမဟုတ်ဘူး ဦးချန်ဒရီ။ တစ်ရာ ရာနှုန်း။ ခင်ဗျား စဉ်းစားကြည့်။ တွင်းထွက်ကျောက်မျက်အရိုင်းကို အနည်းဆုံး လူတွေကဖြတ်တာ၊ တောက်တာ၊ သွေးတာ၊ အရောင်တင်တာလောက်တော့ လုပ်ကြရတာပဲ။ မဖြတ်မတောက်၊ မသွေးဘဲ ဝယ်လို့ရတဲ့ တွင်းထွက်မျိုး ဘယ်လောက်ရှိလို့လဲ”

“ဟုတ်တယ်။ အယဉ်ဖြစ်လာတဲ့အချိန်မှာတောင် ဆီစိမ်ရတာတို့၊ အနာသက်သာအောင် ပြုပြင်ရတာတို့ လုပ်ရသေးတာပဲ”

“အနောက်တိုင်း ကျောက်မျက်လောကမှာတော့ အဲဒီလို ပြုပြင်ရတာတွေကို ENCHANCEMENT လို့ ခေါ်တယ်။ တကယ်တော့ ဒီလိုကျောက်မျက်ကို ပြုပြင်ကြတဲ့ပညာကို လူတွေစသိခဲ့တာ၊ စလုပ်ခဲ့တာ မနေ့တစ်နေ့ကမှ စလုပ်ကြတာ၊ စသိကြတာ မဟုတ်ဘူး။ နှစ်ပေါင်းထောင်ချီပြီ။ ခု ရာစုခေတ်မှာ လူတွေအခြေခံကစပြီး ကျောက်ကို ပြုပြင်တဲ့နည်းသစ်ကို တီထွင်နိုင်တာဆိုလို့ နည်းနည်းလေးပဲရှိတယ်။ အဲ. . တစ်ခုတော့ ရှိတာပေါ့ခင်ဗျာ။ ရှေးကတည်းက လူတွေပြုလုပ်လာတဲ့ ကျောက်အလှပြင်ပညာကို ကျွန်တော်တို့ ခုနစ်ဆယ်ရာစုခေတ်မှာ

http://www.cherrythitsar.org

www.foreverspace.com.mm



ပိုပြီး သိပ္ပံနည်းကျအောင် ပြုလုပ်နိုင်ကြတယ်။ တိကျမှု ပိုရှိတယ်။ အဆင့်ပိုမြင့်တယ်။ အဲဒီလို ချီးမွမ်းလောက်အောင် အလှပြင်တာတွေကို လုပ်နိုင်ကြတာလည်း ဘာမှမကြာသေးဘူး။ နှစ်ပေါင်း နှစ်ဆယ်လောက်ပဲ အများဆုံးရှိဦးမယ်။ နောက်တစ်ခု ထူးခြားတာကဗျာ. . ခု ကျောက်မျက်တွေကို အလှပြုပြင်နိုင်တာက အရည်အသွေးတက်လာရုံမဟုတ်ဘူး။ ပမာဏမြောက်မြားစွာကိုလည်း ဈေးကွက်အတွက် ထုတ်လုပ်ပြုပြင်ပေးနိုင်တဲ့ခေတ် ရောက်လာတယ်"

"အရောင်ကို ပြုပြင်နိုင်တာတွေကိုရော ဒီနေ့ ကျောက်မျက်တိုင်းကို ပြုပြင်နိုင်ပြီလား"

"ပတ္တမြားတို့၊ နီလာတို့နဲ့ ပတ်သက်လို့တော့ တော်တော်လေး ပြုပြင်ပေးနိုင်တယ်။ နောက် ကျောက်ရဲ့ကြားရည်ကို ပြုပြင်တာတွေပျောက်အောင် လုပ်တာတွေလည်း တော်တော်ပြုလုပ်ပေးနိုင်တယ်"

"ကြားရည်ဆိုတာ ဘာလဲ"

"ဒီလိုဗျာ။ ပတ္တမြားဆိုရင် နီရမယ်။ နီတာက ရိုးရိုးနီတာ မဟုတ်ဘူး။ အနီဖြော့။ အနီဖြော့ဆိုတာက အနီမှာ တခြားအရောင် ရောနေတာတွေ၊ မသိမသာလေးပါနေတာတွေ မရှိရဘူး။ ဥပမာ. . ပတ္တမြားမှာ အပြာရည်လေး နည်းနည်းပါနေရင် မိုးကုတ်သားတွေမျက်စိမှာ ငွေ့တယ်လို့ပြောတယ်။ ကျောက်တန်ဖိုးက နည်းနည်းလေးငွေ့လိုက်တာနဲ့ ပြောင်းသွားပြီ။ နည်းသွားပြီ။ တချို့ငွေ့တာတွေက သာမန်ဝတ်တဲ့လူတွေ မသိပါဘူး။ ပညာသည်တွေရဲ့ မျက်စိမှာသာ မြင်တာ။ သိတာ။ ဒီနေ့ ကမ္ဘာ့ကျောက်မျက်လောကမှာ ဒီလိုငွေ့တာတွေ၊ အပြာရည်ပါတာတွေကို အပြာရည်ထွက်အောင် လုပ်နိုင်ပြီ"

"မြန်မာပြည်မှာရော လုပ်နေကြပြီလား"

"လုပ်ပါတယ်။ မိုးကုတ်ဒေသခံကုန်သည်တွေဆိုရင် ကျွန်တော် ကျောက်မျက်လောကကို မဝင်ခင်ကတည်းက လုပ်နေကြတာပဲ။ ဒါပေမဲ့ ပြဿနာက အဂ္ဂိရတ်ထိုးတဲ့အခါသုံးတဲ့ ဖားမီးဖိုလေးကိုအားထားပြီး အပူပေးကြရတော့ အငွေ့လုံးဝထွက်သွားနိုင်တဲ့ အပူချိန်မရဘူး။ နောက် ကျောက်သားအတွင်းကို အသေအချာ စစ်ဆေးကြည့်နိုင်တဲ့ (မိုက်ခရိုစကုတ်)တွေက မပေါ်သေးတဲ့အတွက် မီးဖုတ်လို့ရတဲ့ကျောက် ဟုတ်လား မဟုတ်လား မခွဲနိုင်ဘူး။ ရမ်းတုတ်မှန်းဆပြီး လုပ်ကိုင်ကြရတဲ့အတွက် အပြာရည်လွင့်အောင်လုပ်တဲ့ကျောက်က အပြာရည်မထွက်ဘဲ တင်းခံနေတာတို့၊ ကျောက်လုံးဝကွဲပြီး ပျက်စီးသွားတာတို့ မကြာခဏ

http://www.cherrythitsar.org

www.foreverspace.com.mm



ကြုံရတာပေါ့ဗျာ"

"ဒီနေ့ရော အောင်မြင်မှုရအောင် လုပ်နိုင်နေကြပြီလား"

"စက်ကိရိယာအထောက်အကူပစ္စည်းရှိတဲ့ လူတွေကတော့ တော်တော် အောင်မြင်အောင် လုပ်နိုင်နေကြပါပြီ။ ကျွန်တော့်ရဲ့ မိုင်းရှူးကျောက်မီးဖုတ်ခန်း မှာလည်း မိုးကုတ်သား မိတ်ဆွေကုန်သည်တွေ မကြာခဏ လာလုပ်ခိုင်းကြပါ တယ်"

"အောင်မြင်လား"

"အောင်မြင်ပါတယ်။ အောင်မြင်တာများပါတယ်။ နီလာကျတော့ လည်း အပြာရည်မှာ အစိမ်းရည်လေးနည်းနည်း ပါသွားရင် အရောင်က ကြောင် သွားရော။ ပြာပုံက အပြာဖြောင့်မဟုတ်ဘူး။ မိုးကုတ်သားတွေက အဲဒီ နီလာမျိုး ကို စိမ်းတယ်လို့ ပြောကြတယ်။ ဈေးကောင်းမပေးဘူး"

"အဲဒီအစိမ်းရည်ရော ထုတ်လို့ရလား"

"သိပ်မရဘူး။ ရတဲ့အခါရ၊ ပျက်တဲ့အခါပျက် ဖြစ်နေတယ်။ အဲ. . နီလာနဲ့ပတ်သက်ပြီး ထူးခြားတာက မိုးကုတ်ကထွက်တဲ့ အချို့နီလာတွေဟာ အပူပေးလိုက်ရင် အပြာရင့်ဖြစ်သွားတယ်"

"အရောင်တက်လာတယ်ဆိုတော့ ဈေးကလည်းတက်သွားမှာပေါ့"

"သိပ်တက်တာပေါ့။ ထောင်ငွေတန်တဲ့ကျောက်က သိန်းငွေတန်တဲ့ ကျောက် ဖြစ်သွားတာကို ကျွန်တော့်မျက်စိနဲ့ကို မြင်ဖူးတယ်။ ကျွန်တော့် မီးဖုတ် ခန်းမှာ လာဖုတ်ခိုင်းလို့ ဖုတ်ပေးလိုက်တာ။ မီးဖိုကလည်း အဲဒီကျောက်ကို ပြန် ထုတ်ရော ကိုယ့်မျက်စိကို ကိုယ်မယုံနိုင်အောင်ကို ဖြစ်သွားခဲ့ရတယ်"

"ကျောက်မျက်တွေအထဲမှာ ဒီနေ့အထိ အရောင်ပြုပြင်လို့မရတဲ့ ကျောက်တွေရော ရှိသေးလား"

"ရှိတာပေါ့။ အများကြီးရှိတာပေါ့။ ဥပမာ . . . မိုးကုတ်ကထွက်တဲ့ ကျောက်တွေထဲမှာပဲ ဂါနက် (Garnet)တို့၊ အိုင်အိုလိုက် (Iolite)တို့၊ အညှံ့ပန်း (Spinel)တို့ဆိုရင် ဒီနေ့အထိ ဘယ်သူမှ အရောင်ပြုပြင်တာကို မလုပ်နိုင်ကြ သေးဘူး"

"မိုးကုတ်က (အိုင်အိုလိုက်) ထွက်လား"

"သိပ်ထွက်တာပေါ့။ လေသာတောင်ဘက်မှာထွက်တယ်။ ကျွန်တော် မိုးကုတ်မှာနေတုန်းက တွင်းသမားတစ်ယောက် အရိုင်းတွေ ပိဿာလိုက်ကို ယူ

http://www.cherrythitsar.org

www.foreverspace.com.mm



လာပြတာ မြင်ဖူးတယ်”

“အရောင်ပြုပြင်ထားတဲ့ ကျောက်မျက်တွေကို ကမ္ဘာ့ကျောက်မျက်ဈေးကွက်ကြီးတွေမှာရော လက်ခံလား။ အရောင်းအဝယ် လုပ်ကြလား”

“လုပ်တာတော့ လုပ်ကြတာပဲ။ မလုပ်လို့လည်း မရတော့ဘူး။ သဘာဝတွင်းထွက်မှာရှိတဲ့ ပထမတန်းအရောင်ရှိတဲ့ ကျောက်မျက်က နည်းနည်းလေးထွက်တာပဲ။ ဒီနေ့ဈေးကွက်မှာ ဒီလိုအလှဆုံးအရောင်မျိုး ကျောက်မျက်ကို ဝတ်ချင်နေကြတဲ့လူတွေက အများကြီးရှိနေတယ်။ အဲဒီလို ဝတ်ချင်နေကြတဲ့၊ ဝယ်လိုသူတွေရဲ့ဆန္ဒကို ဖြည့်စွက်ဖို့ ခုလို လူတွေ အရောင်ပြုပြင်ထားတဲ့ ကျောက်မျက်တွေကို ဈေးကွက်ထဲမှာ မရောင်းရင်၊ အရောင်းအဝယ်မလုပ်ရင် ကျောက်ဈေးကွက်က ကျဉ်းမသွားဘူးလား။ အဲ. . တချို့ကျောက်တွေကျတော့လည်း မီးမဖုတ်ရသေးရင် ဘယ်သူမှမဝတ်ချင်ဘူး။ အရောင်ကမလှဘူး။ ဥပမာဗျာ. . (တန်ဇာနိုက်)ကျောက်။ ဒီနေ့ ကျောက်မျက်ဈေးကွက်မှာ နီလာပြာလို လှနေတဲ့ (တန်ဇာနိုက်)ကျောက်တွေဟာ သဘာဝအတိုင်းပြာတဲ့ (တန်ဇာနိုက်)က သိပ်ကိုရှားတယ်။ အပူပေးပြီး ပြုပြင်လိုက်မှ နီလာလိုပြာတဲ့ (တန်ဇာနိုက်)ကျောက်တွေဖြစ်လာတာ”

“မိုင်းရှူး ပတ္တမြားလည်း ဒီအတိုင်းပဲ မဟုတ်လား”

“ဟုတ်တယ်။ မိုင်းရှူးဒေသကထွက်တဲ့ ပတ္တမြားတိုင်းမှာလိုလိုပဲ ကျောက်သားရဲ့ အလယ်အူချောင်းမှာ အမည်းချောင်းကြီး ခံနေတယ်။ တချို့အပွင့်တွေကျတော့လည်း တစ်ပွင့်လုံးကို အမည်းတွေနယ်နေတယ်။ အဲဒီတော့ မိုင်းရှူးကျောက်ကို တွင်းကထွက်လာစအရိုင်းကို ကြည့်လိုက်ရင် ဘယ်သူမှ ဝတ်ချင်ကြမှာမဟုတ်ဘူး။ အရောင်က လှမှမလှဘဲ။ မည်းမည်းကြီး။ အဲ. . ဒါပေမဲ့ မီးဖုတ်လိုက်တဲ့အခါကျတော့ အမည်းကစင်သွားပြီး မူလကျောက်သားရဲ့ အရည်မှန်၊ အရောင်မှန်က ပေါ်လာတယ်။ နောက် သွေးပြီး အထည်ကပ်လိုက်တော့လည်း သိပ်လှ။ မိုးကုတ်ထွက်ကျောက်လို ဂေါ်မပါဘူး။ ဂေါ်စင်နေတဲ့အတွက်ပွင့်အားက ပိုတောင်ကောင်းနေသေးတယ်”

“မိုင်းရှူးပေါ်စက ကျောက်ဈေးကွက်မှာ သိပ်လက်မခံချင်ကြဘူးဆို”

“ဟုတ်တယ်။ မသုံးဖူးတော့ မသိတော့ဗျာ. . အမျိုးမျိုး မဟုတ်မဟတ်တွေ ပြောကြ၊ ဆိုကြတာပေ့ါ။ ဒါပေမဲ့ ဒီနေ့တော့ မိုင်းရှူးပတ္တမြားကို တစ်ကမ္ဘာလုံး သုံးနေပြီ။ ဘန်ကောက်မြို့မှာ ရောင်းဝယ်နေကြတဲ့ ပတ္တမြား ကိုးဆယ်ရာနှုန်း

http://www.cherrythitsar.org

www.foreverspace.com.mm



က မိုင်းရှူးပဲ။ ဒီနေ့ စိန်နဲ့တွဲပြီး လက်ဝတ်ပြုလုပ်ထားကြတဲ့ အရံကျောက်သေး ပတ္တမြား ကိုးဆယ့်ကိုးရာနှုန်းက မိုင်းရှူးပဲ။ ကျွန်တော် တစ်ခါတစ်ခါ တော်တော် ရယ်ချင်တယ်။ ကျွန်တော့် ကျောက်မျက်ဓာတ်ခွဲခန်းလာပြီး တချို့ ပိုက်ဆံရှိတဲ့ အမျိုးသမီးတွေက ကြွားတယ်။ ကျွန်မတို့က မိုင်းရှူး ဘယ်တော့မှမဝတ်ဘူး။ မိုးကုတ်ပဲဝတ်တယ်။ အဲဒီအခါမှာ ကျွန်တော် သူတို့လက်ဝတ်ကို လှမ်းကြည့် လိုက်တာနဲ့ မိုင်းရှူးဆိုတာ ကျွန်တော် သိနေတယ်"

"ဘယ်လိုသိတာလဲ"

"ကျောက်တွေကဗျာ. . တစ်ညီတည်းဖြစ်နေတယ်။ ဂေါ်ရိုက်သန်းတာ ကို လုံးဝမတွေ့ရဘူး။ သိပ်ပွင့်တယ်။ သွေးပုံက ကွန်ပါကျတွေ။ ထိုင်းဘက်က သွေးပြီးသွင်းလာတာဆိုတာ ချက်ချင်း မှန်းဆလို့ရတယ်။ မိုးကုတ်ထွက် ကျောက် မှာ ဒီလိုကျောက်မျိုးက ဘယ်လောက်ရှိလို့လဲ။ နောက်. . ဒီနေ့ မြန်မာ့ကျောက်- မျက်ဈေးကွက်မှာပဲ မိုးကုတ်ကျောက်လှလှက ဘယ်လောက်တွေ့ရတော့လို့လဲ။ နောက် လူတွေသိပ်မသိကြတာ တစ်ခုရှိသေးတယ်"

"ဘာလဲ"

"ကျွန်တော် ဘန်ကောက်က ထိုင်းကုန်သည်တွေနဲ့ အသေအချာ ဆွေးနွေးဖူးတယ်။ ဒီနေ့ မိုးကုတ်ကျောက်ရဲ့ ခုနစ်ဆယ်ရာနှုန်းကလည်း အပူပေး ပြီး ပြုပြင်ကြရတာပဲ။ ဥပမာဗျာ- အပြာရည်နည်းနည်းလေး မသိမသာ ပါနေရင် လည်း ကျောက်က ငွေ့ရိပ်ပါနေတဲ့အတွက်ကြောင့် အပြာရောင်လွင့်သွားအောင် မီးဖုတ်ကြရတာပဲ။ နောက်. . ဂေါ်ပါနေရင်လည်း ကျောက်က ဖွေးဖွေး၊ ဖွေးဖွေး နဲ့ တစ်ချက်တစ်ချက် မလှဖြစ်နေတဲ့အတွက် ဂေါ်ထုတ်ရတာပဲ"

"ဂေါ်ထုတ်တော့ရော မီးဖုတ်ရတာပဲလား"

"မီးဖုတ်ရတာပဲပေါ့။ ဒီနေ့ဆိုရင် မိုးကုတ်က ကျွန်တော့်မိတ်ဆွေ တစ်- ယောက် ဂေါ်စားကျောက်သေးလေးတွေ ကျွန်တော့်မီးဖုတ်ခန်းလာပြီး မီးဖုတ် တာ တစ်လကို ကလပ်ချိန် သုံးလေးထောင်ကို ရှိတယ်"

"ကလပ် သုံးလေးထောင်တောင်"

"ဟုတ်တယ်။ တစ်ခါတလေ ဒီအချိန်ထက်တောင် များသေးတယ်။ ဒီလူက ဉာဏ်လည်းတော်တော်ရှိတယ်။ သူ ကျွန်တော့်ဆီ လာမီးဖုတ်စက ကလပ်ချိန် တစ်ရာနှစ်ရာပဲ လာဖုတ်တယ်။ နောက်မှ ကျောက်ချိန် တဖြည်းဖြည်း တိုးလာတာ"

www.foreverspace.com.mm



"ဂေါ်စား အညှာလေးတွေဆိုတော့ သူ မိုးကုတ်မှာဝယ်ရတာ ပေါ်မှာပေါ့"

"ပေါတာပေါ့။ သူက သွေးပြီးတော့တောင် မရောင်းဘူး။ ဂေါ်စားကို ဈေးပေါပေါနဲ့ ဟိုကဝယ်။ ကျွန်တော့်ဆီမှာ မီးဖုတ်။ နောက် မိုးကုတ်မှာပဲ ပြန်ပြီး ဂေါ်စင်အရိုင်းအသေးထုပ်တွေအနေနဲ့ ဈေးတင်ပြီး ပြန်ရောင်းတယ်။ အချိန်လည်း မကုန်ဘူး။ ငွေလည်း မအိပ်ဘူး။ ဘယ်လောက်အဆင်ပြေလဲ"

"အရောင်ပြုပြင်ထားတဲ့ (ဘီ) အမျိုးအစား ကျောက်စိမ်း (B-Jade) တွေကျတော့ ဘာဖြစ်လို့ ကျောက်ဈေးကွက်မှာ လက်မခံကြတာလဲ"

"ပြုပြင်ထားပုံက မတူဘူးလေဗျာ။ (ဘီ) အမျိုးအစားကျောက်စိမ်းက ဝယ်သူကို လှည့်ဖျားထားတဲ့ ကျောက်စိမ်း။ သူ့အစိမ်းရောင်ရဲ့ သက်တမ်းက ထာဝရမြဲတဲ့အရောင်မှ မဟုတ်ဘဲ။ ကျွန်တော် သိသလောက် ဝယ်သူက အထည်လုပ်ပြီး ဝတ်ထားလို့ သုံးနှစ်လောက်ဆိုရင် အစိမ်းရောင်က ပြောင်းသွားပြီ။ ဝယ်စတုန်းက အရောင်လို မလှတော့ဘူး"

"ဆေးဆိုးကျောက် တစ်မျိုးပဲ ဆိုပါတော့"

"ဟုတ်တယ်။ လွယ်လွယ်ပြောရရင်တော့ ဆေးဆိုးကျောက်ပဲ။ အဆင့်တန်းမြင့်တဲ့ ဆေးဆိုးကျောက်ပေါ့ဗျာ။ မူလကျောက်သားထဲက အညစ်အကြေးအကုန်စင်အောင် ပထမချွတ်ပြီးမှ အရည်သွင်းထားတဲ့အတွက် ဆိုးထားမှန်းကို မသိရဘူး။ ဒါပေမဲ့ အရောင်က ထာဝရမခိုင်ဘူး။ ဒါတွေက အတုလုပ်တာတွေ။ စောစောက ကျွန်တော်ပြောတဲ့ မိုးကုတ်ထွက် ပတ္တမြားကို အပြာရည်လွင့်သွားအောင် လုပ်တာတို့၊ ဂေါ်စင်အောင် လုပ်တာတို့၊ မိုင်းရှူးကျောက်ကို အမည်းစင်အောင်လုပ်တာတို့က ထာဝရပြောင်းအောင်၊ ထာဝရလှအောင် လုပ်လိုက်တာ။ ကျွန်တော်တို့ မိခင်သဘာဝတရားကြီးက ဒီကမ္ဘာကြီးကို ဖန်ဆင်းတဲ့အခါ လှအောင်လုပ်ပေးရမဲ့ဟာတွေထဲက မေ့ကျန်တာတွေကို ခု ကျွန်တော်တို့လူတွေက ဆက်ပြီး တာဝန်ယူလုပ်ပေးကြတာ။ သဘာဝတရားကိုဆန့်ကျင်ပြီး ပြုလုပ်ကြတာတွေ ဘာမှမပါဘူး။ နောက်တစ်ခု ဦးချန်ဒရီသိထားဖို့က ကျောက်မျက်ကို အလှပြုပြင်တဲ့ပညာဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ထောင်ချီအချိန်ကလည်း လျှို့ဝှက် ထားတဲ့ပညာပဲ။ ဒီပညာကို တတ်တဲ့လူက ဘယ်သူ့ကိုမှ လက်ဆင့်မကမ်းဘူး။ သူ့မိသားစုအတွင်းမှာသာ ဒီပညာကို ထိန်းသိမ်းထားပြီး ဒီပညာနဲ့ အသက်မွေး ကြတာ"

"ဒါတော့ သဘာဝပဲဗျာ။ ကျုပ်တို့ စိန်သမားတွေလည်း ကျုပ်တို့တတ်

http://www.cherrythitsar.org

www.foreverspace.com.mm



တဲ့ စိန်ပညာကို ဘယ်သူ့ကို အကုန်ပေးကြလို့လဲ။ လာပြရင် လာတိုင်ပင်ရင် ကြည့်ပေးလိုက်။ ကိုယ့်ထင်မြင်ချက် ပြောလိုက်ကြတာပဲ။ ပညာကိုတော့ ပေးကြတာမှမဟုတ်ဘဲ။ လွယ်လွယ်သာ ဒီပညာကို လျှောက်ပေးလိုက်ကြရင် ကျုပ်တို့ ဘယ်လို ထမင်းရှာစားကြတော့မှာလဲ"

"ဟုတ်တယ်။ မိုင်းရှူးမီးဖုတ်တဲ့ပညာလည်း ဒီနေ့အထိ ဒီအတိုင်းပဲ။ မီးလာဖုတ်ခိုင်းရင် ဖုတ်ခယူပြီး ဖုတ်ပေးလိုက်တယ်။ မီးဖုတ်နည်း သင်ပေးပါဆိုရင် ဘယ်သူမှ မသင်ပေးဘူး။ မီးဖုတ်နည်းတွေကလည်း တစ်ဦးနဲ့တစ်ဦး မတူဘူး။ ကျွန်တော် (ချန်တာဘူရီ) ရောက်တုန်းကဆိုရင် (ထိုင်း)မီးဖုတ်ပညာသည်တွေက ဘယ်လောက်ဆိုးကြသလဲဆိုရင် ကျွန်တော့်ကို မြန်မာမှန်းသိတာနဲ့ မီးဖုတ်စက်ကိုတောင် မပြတော့ဘူး"

"ကမ္ဘာ့ကျောက်မျက် လေလံပွဲကြီးတွေမှာရော မီးဖုတ်ကျောက်တွေကို ဘယ်လိုအဆင့်သတ်မှတ်ပြီး ရောင်းကြလဲ"

"သာမန်တွင်းထွက် မပြုမပြင်သဘာဝ ကျောက်မျက်တွေနဲ့ယှဉ်ပြီး ရောင်းတာပါပဲ။ အဲ. . ဒါပေမဲ့ တစ်ခုတော့ရှိတာပေါ့ဗျာ။ (ဆိုသာဗီ)တို့၊ (ခရစ်တီး) တို့လို ကမ္ဘာ့နာမည်ကြီး လေလံကုမ္ပဏီကြီးတွေကျတော့ မီးဖုတ်ပြီး ပြုပြင်ထားတဲ့ ကျောက်မျက်ဆိုရင် မီးဖုတ်ပြီး ပြုပြင်ထားပါတယ်လို့ပဲ ကြေညာပြီး လေလံတင်တယ်။ မီးဖုတ်ထားတဲ့ကိစ္စကို လျှို့ဝှက်မထားဘူး"

"လေလံဆွဲတဲ့ လူတွေကရော ဘယ်လိုကျောက်မျက်မျိုးကို ဦးစားပေးပြီး လေလံဆွဲလဲ"

"အဲဒါကတော့ တစ်ဦးချင်းရဲ့ အကြိုက်အပေါ်မှာ တည်တယ်။ အဓိကကတော့ လှတဲ့ကျောက်ကို ဈေးကြီးပေးပြီး လေလံဆွဲကြတာပဲ။ ဘာနဲ့တူသလဲဆိုရင်တော့ မိန်းမရွေးသလိုပေါ့ဗျာ။ သတို့သမီးကို ရွေးချယ်တဲ့အခါမှာ ဒီ သတို့-သမီး ကိုယ်လုံးလှရတာ၊ အသားအရည်လှရတာတွေဟာ သဘာဝအတိုင်း လှနေတာလား၊ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်လို့ လှရတာလားဆိုတာ ဘယ်သူက ထည့်စဉ်းစားလို့လဲ။ ဦးချန်ဒရီ မိန်းမကို ရွေးတုန်းက ဒီအချက်တွေကို ထည့်စဉ်းစားခဲ့ဖူးလား"

ဦးချန်ဒရီနှင့် ဦးနာဒရာဂျန်တို့ နှစ်ဦးလုံး အသံထွက်၍ ရယ်လိုက်ကြပါသည်။

အမှတ် ၉၄၊ ၁၉၉၈၊ မေလ။

❋ ❋ ❋

www.foreverspace.com.mm

## ၁၄။ မိုင်းရှူးမာယာ

ကျွန်တော့်ကျောက်သွေးစက်ရုံ၌ အလုပ်သမားတစ်ရာကျော် ရှိပါသည်။

သို့သော် ဤသို့ အလုပ်သမားတစ်ရာကျော်ရှိသော စက်ရုံသို့ တစ်ခါ-တစ်ရံ တစ်လတွင် တစ်ကြိမ်မျှမရောက်။

ရောက်သွားလျှင်လည်း နာရီဝန်ခန့်ပင် မနေ။

ကျွန်တော်သိချင်သော၊ ကျွန်တော်မြင်ချင်သော အကြောင်းအချက်များကို သိပြီး နားလည်ပြီးဆိုသည်နှင့် ပြန်ထွက်လာခဲ့သည်သာ များ၏

ကျွန်တော့်ကျောက်သွေးစက်ရုံမှာ သန်လျင်တွင်ရှိပါသည်။ ကျွန်တော့်ရုံးခန်းမှာ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း (ဆီဒိုးနား)ဟိုတယ်နှင့် တစ်အိမ်ခြားတွင် ရှိပါသည်။

ရုံးခန်းနှင့်စက်ရုံမှာ ဆယ်မိုင်ခန့် ဝေးနေပါသည်။ ထိုသို့ အလှမ်းဝေးခြင်းမှာလည်း စက်ရုံသို့ ကျွန်တော် မရောက်နိုင်သည့် အကြောင်းတစ်ခု။

နောက်တစ်ခုက ကျောက်သွေးစက်ရုံမှာ ကျွန်တော်မရှိလည်း ပုံမှန်လည်ပတ်နိုင်သည့် အခြေအနေတွင်ရှိနေပြီဖြစ်၏။ မန်နေဂျာဖြစ်သော ကိုမြင့်အေးမှာ ကျွန်တော့်တပည့်။ ကျောက်မျက်သင်တန်းကို ကျွန်တော့်ထံ၌ တက်ရောက်

http://www.cherrythitsar.org
www.foreverspace.com.mm



သင်ကြားခဲ့ပြီး သင်တန်းပြီးသည့်အချိန်မှစ၍ ကျွန်တော်နှင့် လက်တွဲမဖြုတ်တော့ဘဲ တောက်လျှောက်လက်တွဲခဲ့သူ။

ကျောက်သွေးလုပ်ငန်းကို ကကြီးရေကအဆင့်မှစ၍ အတူလက်တွဲပါခဲ့သူ။

ဒုက္ခအတူရောက်ခဲ့ဖူးသူ။

ကျွန်တော် လုံးဝ စိတ်ချရသူဖြစ်၏။

တစ်နေ့က ကျွန်တော် စက်ရုံသို့ ရောက်သွားသည်။

"ဆရာ. . ဘာကိစ္စအထူးရှိလို့လဲ"

ကိုမြင့်အေးက မေးလိုက်ခြင်းဖြစ်၏။

"ဘာမှ အထူးမရှိပါဘူး။ မရောက်တာကြာလို့ ဝင်ခဲ့တာ။ တကယ်တော့ ဒီစက်ရုံကို တစ်ပတ်တစ်ခေါက်တော့ မရောက်ရောက်အောင် ကျွန်တော် ကြိုးစားလာသင့်တယ်"

"ပြဿနာလည်း ဘာမှမရှိပါဘူး ဆရာရယ်။ ဆရာ အဆင်ပြေတဲ့အခါမျိုးမှာသာ ဝင်ခဲ့ပါ"

"အလုပ်ကတော့ ပုံမှန်ရှိတယ် မဟုတ်လား"

"ပုံမှန်တောင်မကဘူး ဆရာရေ။ အလုပ်တွေက ပုံကျနေလို့ မနိုင်အောင်ကို ဖြစ်နေတယ်။ ဒေါ်ခင်ခင်ဝင်း ကျောက်တွေချည်းပဲ ကျွန်တော်တို့ဆီမှာပါ သွေးခိုင်းထားတာ တစ်ပုံကြီး"

ဒေါ်ခင်ခင်ဝင်းမှာ မန္တလေးတွင် နေထိုင်သူဖြစ်သည်။ လစဉ် ကျွန်တော်တို့စက်ရုံ၌ မိုင်းရှူးကျောက်များကို ကီလိုချိန်အလိုက် မီးဖုတ်ခိုင်းပြီး၊ သူမ ပိုင် မီးဖုတ်ပြီး မိုင်းရှူးအများစုကိုလည်း ကျွန်တော့်စက်ရုံ၌ပင် အမြဲသွေးခိုင်းနေသူဖြစ်၏။

"ကျောက်သေးတွေပဲလား"

"မဟုတ်ဘူး ဆရာ။ သူက အစုံ(လိုက်ထိုင်း)တွေလည်း ပါတယ်"

(လိုက်ထိုင်း)ဆိုသောစကားမှာ မြန်မာစကားမဟုတ်သည်ကိုတော့ ကျွန်တော်သိသည်။ (ထိုင်း)စကားလည်း ဖြစ်နိုင်သည်။ ရှမ်းစကားလည်း ဖြစ်နိုင်သည်။ မိုင်းရှူးကျောက်ရိုင်းများမှ အသားပိတ်၍ အမျိုးညံ့သော အတုံးကြီးသည့် ကျောက်များကို ကျောက်သမားများ ယနေ့ ခေါ်နေကြသည့်အမည်ဖြစ်၏။

တစ်ပွင့်တည်း ကလပ်ချိန် တစ်ဆယ်မှ သုံးဆယ်၊ လေးဆယ်အထိပင်

http://www.cherrythitsar.org

www.foreverspace.com.mm



ရှိတတ်ပါသည်။

အရိုင်းအတိုင်းကြည့်လျှင်တော့ လုံးဝမလှ။ ကျောက်ခဲသာသာအဆင့်မျှသာရှိသော မိုင်းရှူးပတ္တမြားများဖြစ်၏။

"ဒီ မီးဖုတ်ပြီးသား (လိုက်ထိုင်း)တွေကို ဒေါ်ခင်ခင်ဝင်းက ခင်ဗျားတို့ကို ဘယ်လိုသွေးခိုင်းလဲ"

"ကျွန်တော်တို့ စက်ရုံမှာက ဂျာမဏီကသွင်းလာတဲ့ ညှပ်တွေရှိတယ် မဟုတ်လား ဒီညှပ်တွေက မိုးကုတ်သားတွေသုံးတဲ့ ကွမ်းညှပ်ထက် ကျောက်ညှပ်တဲ့ဆီမှာ အများကြီးသာတယ်။ အပျက်အစီးနည်းတယ်။ ကြေသွားတာမျိုး မရှိဘူး။ ဒေါ်ခင်ခင်ဝင်းက သူ့(လိုက်ထိုင်း)တွေကို ကျွန်တော်တို့ ညှပ်နဲ့ဖြတ်ခိုင်း၊ ညှပ်ခိုင်းပြီး အထဲမှာ အရည်ရှိတဲ့နေရာ၊ အသားကောင်းတဲ့နေရာကို ရှာတယ်"

"သူမကိုယ်တိုင် လာထိုင်စောင့်ကြည့်နေလား"

"မစောင့်ဘူး။ ကျွန်တော်တို့ကို ယုံကြည်နေပြီဖြစ်တဲ့အတွက် မီးဖုတ်ပြီး (လိုက်ထိုင်း)တွေကို ဒီအတိုင်းပဲ ပစ်ထားပြီး အပ်သွားတယ်။ အောင်ကြီးတို့ သန်းလွန်တို့က ဒီကျောက်တွေကိုညှပ်။ အရည်ကောင်း၊ အသားကောင်းတဲ့နေရာလေးတွေကိုတွေ့ရင် (လုံးချော)ရရင်လည်း လုံးချော၊ (တာပလာ)ရရင်လည်း တာပလာ သွေးပေးရတာပေါ့ ဆရာရယ်"

"အပွင့်တိုင်းမှာ တွေ့လား"

"ဘယ်တွေ့မလဲ။ တွေ့တဲ့အပွင့်တွေ့၊ မတွေ့တဲ့အပွင့် မတွေ့ဘူးပေါ့"

"ဒီတော့ ဒေါ်ခင်ခင်ဝင်းကို ပြန်အပ်ရင် ဘယ်လိုပြန်အပ်လဲ"

"သွေးပြီးသား ကျောက်နဲ့အတူ ညှပ်စ ဖြတ်စတွေကိုပါ ပြန်ပေးလိုက်တယ်"

"ကျောက်ကောင်းရော ရလား"

"ရဖူးတယ် ဆရာ။ ရထားတာတွေတောင်ရှိတယ်။ ဆရာကြည့်ချင်လား"

ကိုမြင့်အေးက သူ့အလုပ်စားပွဲအံဆွဲတွင်းမှ ကျောက်ထုပ်များကို ဆွဲထုတ်ပြီး ဗန်းအဖြူလေးတစ်ခုအပေါ်သို့ သွန်ချပြလိုက်၏။

လုံးချောလေးများမှာ အရွယ်စုံ ဖြစ်၏။

မျိုးသန့်သည့်ကျောက်က မျိုးသန့်ပြီး၊ ပိတ်သည့်ကျောက်က ပိတ်နေသည်။

သို့သော် ကျောက်အားလုံးပင် အရည်ညီပြီး လှနေ၏။

http://www.cherrythitsar.org
www.foreverspace.com.mm



အဓိကလှနေခြင်းမှာ အရောင်တင်ထားခြင်း အလွန်ကောင်းနေသည့်အတွက်ပင်ဖြစ်၏။ ယင်းအရောင်တင်သည့် ပညာကိုလည်း (ထိုင်း)တို့လက်မှ ကျွန်တော်တို့ရရန် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရ၏။ မိုးကုတ်မှ သမားရိုးကျကျောက်-သွေးဆရာများ၏ တင်ထားသောကျောက်ရောင်ထက် တစ်ဆပိုကောင်းပါသည်။

အရောင်ပြတ်သည်။

အပြစ်စေ့သည်။

"(တာပလာ)တွေကော သွေးထားတာ မရှိဘူးလား"

"ရှိတယ် ဆရာ"

(တာပလာ)ဟူသည်မှာ စိန်များကဲ့သို့ အကွက်ဖော်သွေးထားသော ကျောက်များကို ဆိုလိုခြင်းဖြစ်၏။

ကိုမြင့်အေးက (တာပလာ)သွေးထားသော ကျောက်ထုပ်ကိုယူပြီး ဗန်းဖြူလေးတစ်ခုပေါ်သို့ ခင်းပြလိုက်ပြန်၏။

အလွန်လှပါသည်။

ထူးထူးခြားခြားကို လှနေပါသည်။

"(လိုက်ထိုင်း)မိုင်းရှူးတွေအထဲက ဒီလိုသိပ်လှတဲ့ (တာပလာ)ကျောက်တွေ ထွက်လာနိုင်တယ်ဆိုတော့ ကျွန်တော်တို့တောင် (လိုက်ထိုင်း)တွေဝယ်ပြီး မီးဖုတ်ကြည့်ကြရင် ကောင်းမလား မသိဘူး"

"နောက်ကျနေပြီ ဆရာရေ။ ခု (လိုက်ထိုင်း)တွေဈေးလည်း မပေါတော့ဘူးလို့ ပြောတယ်။ ဒေါ်ခင်ခင်ဝင်းက ကိုယ်ပိုင်ကျောက်တွင်းရှိတယ်။ သူ့တွင်းကထွက်တဲ့ ကျောက်တွေထဲက သူကြိုက်တာတွေရွေးပြီး ဒီမှာ မီးလာဖုတ်နေတာ"

"ကိုမြင့်အေး. . ဒီ လုံးချောထုပ်ထဲက အရိုင်းတုံးကြီးကရော ဘယ်သူ့အရိုင်းတုံးကြီးလဲ"

"ဒေါ်ခင်ခင်ဝင်း ကျောက်ပဲ"

ကျွန်တော်တို့ အရိုင်းတုံးကိုယူပြီး မီးထိုးကြည့်လိုက်၏။

တစ်ပွင့်လုံး ရဲ၍သွားပါသည်။

လက်ကိုင်တပ်ထားသော (၂)ဆချဲ့ မှန်ဘီလူးဖြင့် မီးထိုးထားသော ကျောက်ကို စစ်ဆေးကြည့်လိုက်၏။

အပြစ်ကြမ်းမပါ။

လုံးချောလှလှ သွေးနိုင်သော ကျောက်မျိုးဖြစ်နေ၏။

http://www.cherrythitsar.org

www.foreverspace.com.mm



"ကိုမြင့်အေး . . ဒီကျောက်က အချိန်ဘယ်လောက်ရှိလဲ"

"၂၆ ကရက်ကျော်တယ် ဆရာ။ ၂၆ဒသမ ၂၄ ရှိတယ်"

"ဒီကျောက်ကိုရော ဒေါ်ခင်ခင်ဝင်းက (လိုက်ထိုင်း)အထုပ်ထဲမှာပဲ ရောပြီး သွေးဖို့ပေးခဲ့တာလား"

"မဟုတ်ဘူး ဆရာ။ သူ သီးခြားပို့လိုက်တာ။ ကျောက်ကောင်းဖြစ်လာနိုင်တယ်ဆိုတာ သူလည်း မျှော်လင့်ထားလို့ ထင်တယ်"

"ကိုမြင့်အေးဆီမှာ မိုင်းရှူးကျောက်သားထဲကို ဖောက်ထိုးကြည့်လို့ ရတဲ့ လက်နှိပ်ဓာတ်မီးအကြီး မရှိဘူးလား"

"ရှိတယ်"

ကိုမြင့်အေးက အံဆွဲတွင်းမှ မိုင်းရှူးကျောက်သား စစ်ဆေးသည့် လက်နှိပ်ဓာတ်မီးကြီးတစ်ခုကို ကျွန်တော့်ကို ထုတ်ပေးလိုက်၏။

ကျွန်တော် နာရီဝက်ခန့် စိတ်ရှည်လက်ရှည် ကရက်ချိန် ၂၆ ရှိသော အရိုင်းတုံးကြီးကို စစ်ဆေးကြည့်ပါသည်။

အပြင်တွင် အခွံကြမ်းအုပ်နေတတ်သည်မှာ မိုင်းရှူးကျောက်တိုင်းလိုလိုပင်ဖြစ်၏။ ခုကျောက်မှာလည်း ရှစ်ဆယ်ရာနှုန်းခန့် အခွံကြမ်းအုပ်နေပါသည်။ သို့သော် နှစ်ဆယ်ရာနှုန်းပေါ်နေသော အခွံနုပိုင်းမှ ကျောက်သားအတွင်းသို့ မီးထိုးကြည့်လျှင် ကျောက်ရည်မှာ တော်တော်လေးလှ၏။

ကျောက်မျိုးလည်း တော်တော်လေးပင် ကောင်း၏။

ကြိုက်ပြီ။

"ကိုမြင့်အေး . . ဒေါ်ခင်ခင်ဝင်းကို ဖုန်းဆက်ပြီး မေးကြည့်စမ်းဗျာ။ ဒီကျောက်ကို ရောင်းမလားလို့"

"သူ့ကို ဖုန်းဆက်ရတာ မလွယ်ဘူး ဆရာ။ သူပေးထားတဲ့ ဖုန်းနံပါတ်ကိုဆက်ရင် မရှိဘူးလို့ပဲ အမြဲပြန်ပြောတယ်"

"သူ့ကိုယ်စားလှယ်တွေရော မလာဘူးလား"

"လာတယ်။ တစ်ပတ်တစ်ခါလောက် လာတယ်။ လာရင် ကျွန်တော် မေးထားပေးမယ်။ ဆရာ ဘယ်ဈေးလောက် ဝယ်ချင်လဲ"

"ကျောက်က အချိန် ၂၆ ကရက်ကျော်တောင်ရှိတော့ သွေးပြီးရင် လုံးချောဆက်ကရက်တော့ လှလှတင်မှာပဲ။ တစ်ကရက် နှစ်သောင်းဈေးပဲ ရောင်းစား။ နှစ်သိန်းတော့ရနိုင်တယ်။ ကျွန်တော် ဒီအရိုင်းကို ငါးသောင်းအထိ ဝယ်

http://www.cherrythitsar.org

www.foreverspace.com.mm



မယ်ဗျာ။ ခင်ဗျား သုံးသောင်းက စဆစ်ပေါ့”

လောဘ . . ။

ကျောက်သမား၏ လောဘ . . ။

နှစ်သိန်း ရောင်းစားနိုင်သည်ဟု မြင်သောကျောက်ကို ငါးသောင်းသာ ပေး၍ ဝယ်ချင်သည်။

“အောင်ကြီးကတော့ ပြောထားတယ် ဆရာ။ ဒီကျောက်ရဲ့အတွင်းပြစ် တွေက ထင်တာထက် ဆိုးနိုင်တယ်။ ကျောက်ကောင်းမဖြစ်လာနိုင်ဘူးတဲ့”

အောင်ကြီးမှာ ကျွန်တော်တို့ ကျောက်သွေးစက်ရုံမှ ကျောက်သွေး ဆရာကြီး ဖြစ်၏။

မိုးကုတ်သား ဖြစ်၏။

ကျွန်တော့်ထံ၌ အလုပ်လုပ်နေသည်မှာလည်း ငါးနှစ်ခန့်ရှိသွားပြီ။ အမျိုးအနွယ်အလိုက် ကျောက်သွေးသည့်အလုပ်ကို လုပ်လာကြသူများဖြစ်၏။

သူ့အဖေ ကျောက်သွေးဆရာ။

သူ့အစ်ကို ကျောက်သွေးဆရာ။

သူ့ညီ ကျောက်သွေးဆရာ။

ကျောက်သွေးသည့် ပညာ၌လည်း တော်ပါသည်။ သို့သော် တစ်ခါ-တစ်ရံ အရက်သောက်ပြီး ပေါက်တတ်သည့်အားနည်းချက်တစ်ခုသာ ဒီကောင်-လေးတွင် ရှိ၏။

“ဒီကောင် ဘာနားလည်လို့လဲ။ ကျောက်သွေးပဲတတ်တာ။ ရောင်းကွက် ကိုသိတဲ့အကောင်မှ မဟုတ်ဘဲ။ ဆယ်ကရက်အရွယ် လုံးချောလှလှဆိုတာ ဒီနေ့ ဈေးကွက်မှာ ဘယ်လောက်ရှားနေပြီလဲ။ ပျက်ပါစေ။ ဝယ်မယ်ဗျာ။ ကိုမြင့်အေး ငါးသောင်းနဲ့သာ ရအောင်ဆစ်ပေး။ ဩော် . . ကျောက်ကို ကျွန်တော် ယူသွား မယ်။ ဒေါ်ခင်ခင်ဝင်းကိုယ်စားလှယ် မရောက်ခင်စပ်ကြား ကျောက်ကိုလည်း အမျိုးမျိုး စစ်ဆေးနိုင်အောင်ပေါ့ဗျာ”

ကျွန်တော် ကျောက်ယူပြီး သန်လျင် ကျောက်သွေးစက်ရုံမှ ရန်ကုန် ဘက်သို့ ကားပြန်မောင်းလာ၏။

သန်လျင်တံတားပေါ်၌ ကားဖြတ်မောင်းသွားနေစဉ် ကျွန်တော့် (ဆယ် လူလာ) ဖုန်းမှ အသံမြည်လာ၏။

“ဟယ်လို . . . အမိန့်ရှိပါ ခင်ဗျာ”

www.foreverspace.com.mm
http://www.cherrythitsar.org


"ကိုလှဝင်းလား"

"ဟုတ်ကဲ့"

"ကျွန်တော် ဦးညီညီပါ။ ခင်ဗျား ဘယ်ပျောက်နေတာလဲ။ အိမ်မလာတာကြာပြီ။ ကျွန်တော့်အိမ်လည်း လာလည်ပါဦးဗျ"

"ကျွန်တော် သန်လျင်ကျောက်သွေးစက်ရုံက ခုပဲ ပြန်လာနေတာ ဦးညီညီ။ ခင်ဗျား မိုင်းရှူးအရိုင်း စိတ်ဝင်စားလား။ ၂၆ကရက်ကျော်အရွယ်ရှိတဲ့ အရိုင်းတုံးတစ်ခု ပါလာတယ်။ လုံးချောကောင်းကောင်းသွေးလို့ရတယ်"

"မီးဖုတ်ပြီးသားလား"

"ဖုတ်ပြီးသား"

"အရည်အသားကောင်းလား"

"သိပ်ကောင်းတယ်"

"ကျွန်တော့်ကို ရောင်းပေးဗျာ"

"တစ်ခုလုံးတော့ မရောင်းဘူး။ အစပ်ရောင်းပေးမယ်"

"ကျောက်က ခင်ဗျားနဲ့ ပါလာတယ်နော်"

"ပါတယ်"

"ပါလာရင်တော့ ကျွန်တော့်အိမ်ကို တစ်ခါတည်းလာခဲ့ဗျာ။ နေ့လည်စာ ကျွန်တော့်အိမ်မှာပဲစား"

ကျွန်တော် ဦးညီညီအိမ်ရှိရာ အင်းလျားလမ်းသို့ ကားကို ကွေ့မောင်းသွား၏။

နာရီဝက်ခန့်ကြာလျှင် ဦးညီညီအိမ်သို့ ရောက်ချေပြီ။

ဦးညီညီက အသင့်စောင့်ကြိုနေပါသည်။

"ဘယ်မှာလဲ ကျောက်"

"ရော့. . . ဒီမှာ"

မိုင်းရှူးအရိုင်းတုံးလေးကို ဦးညီညီကို ကျွန်တော် ထုတ်ပေးလိုက်၏။

ဦးညီညီက နေရောင်အောက်တွင် ကျောက်ရိုင်းတုံးကို အမျိုးမျိုး စစ်ဆေး၏။

"ကျောက်သားက ညှံ့နေတယ်နော်"

"ခင်ဗျားကလည်း အခွံအုပ်နေတဲ့အပိုင်းကို ကြည့်ရင်တော့ ညှံ့တာပေါ့။ ဟို အကြည်ဖောက်နေတဲ့နေရာကလည်း စစ်ကြည့်ပါဦး"

http://www.cherrythitsar.org

www.foreverspace.com.mm



"ကျွန်တော် စစ်ပြီးပြီ။ အသားက ပိတ်ချင်တယ်။ လုံးချောလှလှ အသားရနိုင်မှာ မဟုတ်ဘူး"

"အပြစ်ရော"

"အပြစ်ကတော့ အခွံ ဒီလောက်တောင်ဖုံးနေတော့ တိတိကျကျ ပြောဖို့ ခက်တယ်"

"ခင်ဗျား သေသေချာချာ မီးထိုးကြည့်စမ်းပါ။ အပြစ်ကြမ်းမပါဘူးဗျ"

"မီးထိုးကြည့်တာလည်း အခွံအုပ်နေတဲ့ကျောက်မှာ အပြစ်သိပ်ကြီးမှ ပေါ်တာ။ အပြစ်ငယ်လေးတွေဆိုရင် လုံးဝ မပေါ်တတ်ဘူး"

"အဲဒီတော့. . ."

"ခင်ဗျား ဒီကျောက်ကို ဝယ်ပြီးပြီလား"

"မဝယ်ရသေးဘူး။ ကျောက်ရှင်နဲ့တောင် စကားမပြောရသေးဘူး။ ကျွန်တော့်ကျောက်သွေးစက်ရုံကို သွေးဖို့လာအပ်ထားတဲ့ကျောက်။ ကျွန်တော်က အရိုင်းအတိုင်းကို ကြိုက်နေပြီ။ မသွေးခင် ဖြတ်ဝယ်ချင်နေတာ"

"ဦးလှဝင်း. . လောဘမကြီးနဲ့။ ခင်ဗျားကျောက်က ပျက်ဖို့များတယ်။ ဒီလိုလုပ်ပါလား။ ဒီကျောက်က ခင်ဗျားကိုသွေးဖို့လည်း အပ်ထားပြီးသား ကျောက်ဆိုတော့ ခင်ဗျားကြိုက်သလို ဖြတ်တောက်သွေးနိုင်တဲ့ အခွင့်အရေးရှိနေပြီပဲ။ ပွတ်ချောသွားလုပ်လိုက်။ မသွေးနဲ့ဦး။ ပွတ်ချောလုပ်ပြီး အရောင်တင်ပြီးရင် ကျွန်တော့်ဆီ ပြန်ယူခဲ့။ ကျွန်တော်တို့ ပြန်ကြည့်ပြီး ဝယ်သင့် မသင့်ကို ပြန်ဆွေးနွေးကြတာပေါ့"

ကျွန်တော် ဦးညီညီစကားကို လက်မခံချင်ပါ။

သို့သော် သူ့စကားမှာ လုပ်သင့်လုပ်ထိုက်သော နည်းလမ်းမှန် ဖြစ်နေသဖြင့် နောက်ဆုံး ကျွန်တော် ခေါင်းညိတ်ခဲ့ရ၏။

ဦးညီညီအိမ်၌ နေ့လယ်စာစားပြီး သန်လျင်ကျောက်သွေးစက်ရုံသို့ တစ်ကြိမ် ကားပြန်မောင်းခဲ့ရပြန်၏။

"အောင်ကြီး ရှိလား"

ကိုမြင့်အေးကို လှမ်းမေးလိုက်ခြင်း ဖြစ်၏။

"မရှိဘူး ဆရာ။ တွင်ခုံသွားတယ်။ ကျောက်သွေးတံအသစ်တွေ သွားအပ်တယ်"

"ဒါဖြင့်ရင် သန်းလွင်ကို ခေါ်ပေးဗျာ"

www.foreverspace.com.mm



ငါးမိနစ်ခန့်အတွင်း သန်းလွင် ရောက်လာ၏။

"ဆရာ. . ဘာလုပ်ပေးရမလဲ"

"မင်း ဒီကျောက်ကို ပွတ်ချောလုပ်ပေးစမ်းကွာ။ အပေါက်တွေကို မတိုက်ပစ်နဲ့။ မျက်နှာသိပ်ချောစရာ မလိုဘူး။ အရောင်တင်လို့ရလောက်အောင် ချောနေရင် တော်ပြီ။ ဒီကျောက်ကို ဝယ်မလို့။ သေချာအောင် ကျောက်ရဲ့ အတွင်းသားကို စစ်ချင်လို့ ပွတ်ခိုင်းတာ"

သန်းလွင်က မိုးကုတ်သားတို့ စစ်လေ့စစ်ထရှိသည့်အတိုင်း နေရောင်အောက်သို့ ကျောက်ကိုယူသွားပြီး စစ်ဆေးကြည့်လိုက်၏။

"ဆရာ. . အောက်ကအူဟာ အပေါ်မျက်နှာထိ ဖောက်နိုင်တယ်နော်"

မိုင်းရှူးကျောက်ဝိုင်းတိုင်းတွင် အူရှိပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ထိုအူကို (CORE)ဟုခေါ်၏။ ထိုအမည်းရောင် အူချောင်းကြောင့်လည်း မိုင်းရှူးကျောက်များ၏အရောင်မှာ မိုးကုတ်ကျောက်ကဲ့သို့ မနီဘဲ မဲနေခြင်းဖြစ်၏။

အူများ၏ ပုံသဏ္ဌာန်မှာလည်း မိုင်းရှူးကျောက်တစ်ပွင့်နှင့်တစ်ပွင့် မတူ။ ယေဘုယျသဘောအားဖြင့် မိုင်းရှူးကျောက်၏ အူပုံသဏ္ဌာန်မှာ ၄မျိုးတွေ့ရှိရ၏။ ကျောက်ရိုင်းတစ်ပွင့်၏ အလယ်တွင် တုတ်ချောင်းတစ်ခု ထိုးစွပ်ထားသကဲ့သို့ တစ်ဖက်ထိပ်နှင့် တစ်ဖက်ထိပ် တိုးလျှိုပေါက်နေသော အူမျိုးလည်း တွေ့ရှိ၏။ သပ်များကဲ့သို့ တစ်ဖက်ချွန် တစ်ဖက်တုံး အူမျိုးလည်း မြင်တွေ့ရ၏။ ဆံပင်ချည်ကဲ့သို့ ကျောက်ရိုင်း၏ အလယ်ဗဟိုတွင် အလွန်သေးသော အမည်းတန်းလေး တစ်ခုသာ စူးဝင်နေသော အူမျိုးလည်း မြင်တွေ့ရ၏။ အမည်းများ ကျောက်ရိုင်း တစ်ပွင့်လုံး နယ်နေသော အူမျိုးလည်း မြင်တွေ့ရ၏။

ဘယ်အူမျိုးရှိသည့် မိုင်းရှူးကျောက်အရိုင်းကို ဝယ်သင့်သည်။ အဘယ် အူမျိုးရှိသည့် မိုင်းရှူးမျိုး မဝယ်သင့်ဟု (ထိုင်း)နိုင်ငံထုတ် ကျောက်မျက်မဂ္ဂဇင်း၌ ရေးသားထားသည့် ဆောင်းပါးအများအပြားကို ကျွန်တော်ဖတ်ဖူး၏။ ထို ဆောင်းပါးများကို ကျမ်းကိုးပြုပြီး ကျွန်တော်က ဆရာကြီးလုပ်၍ ရတနာသစ် မဂ္ဂဇင်း၌ ဆောင်းပါးတစ်ပုဒ် ရေးဖူး၏။

မမှန်။

အတိအကျမှန်သည့် အယူအဆများ တွေ့ရှိချက်များ မဟုတ်။

ယေဘုယျသဘောမျှ မှန်ကန်သည့် အယူအဆများ တွေ့ရှိချက်များသာ ဖြစ်၏။

www.foreverspace.com.mm
http://www.cherrythitsar.org



မိုင်းရှူးကျောက်ကြောင့် ထိုင်းနိုင်ငံ၌ ချမ်းသာသွားကြသည့် လူမျိုးများ ရှိသကဲ့သို့ မွဲသွားသူများလည်း ရှိပါသည်။ စိတ်ဓာတ်ကျပြီး ဘုန်းကြီးဝတ်သွားသူများလည်း ရှိပါသည်။ ကျောက်မျက်လောကကို လုံးဝ ပြန်မလှည့်တော့ဘဲ စိတ်ပျက်သွားသူများလည်း ရှိ၏။ ထို့ကြောင့်လည်း မိုင်းရှူးကို မိုင်းရှူးဟု မခေါ် မိုင်းရှူးဟု ခေါ်၏။

မိုင်းရှူးကျောက်လုပ်ငန်း၏ အဓိကလျှို့ဝှက်ချက်မှာ များများဝယ်၊ များများမီးဖုတ်။ များများသွေး၊ များများ ရောင်း။

ပျက်လိုက် ဖြစ်လိုက်။

ဖြစ်လိုက် ပျက်လိုက်။

တရားမှတ်၍ပင် ရနိုင်ပါသည်။

သို့သော် အဖြစ်ဘက်များလာလိမ့်မည်ဖြစ်၍ ဤလုပ်ငန်းဖြင့် ရပ်တည်နေနိုင်ကြခြင်း ဖြစ်၏။

ဈေးကြီးကျောက် တစ်ပွင့်ကောင်း နှစ်ပွင့်ကောင်း စမ်းဝယ်၍ ဤလောကကို ဝင်၍မရ။

ယနေ့ ကျွန်တော် မိုင်းရှူးမီးဖုတ်ခန်း၌ အမည်းရောင်အူချောင်းများကို အမည်းရောင်ပျောက်သွားအောင် မီးဖုတ်ပေး၍ရ၏။ သို့သော် အမည်းအူချောင်းနေရာ၌ အဖြူရောင်အူချောင်းပေါ်၍ ကျန်ရစ်၏။

အမည်းလည်းပျောက်၊ အဖြူလည်း မပေါ်သော မိုင်းရှူးအရိုင်းများ ရှိပါသည်။ သို့သော် အလွန်ရှား၏။

"သန်းလွင်ရယ် မင်း ကျောက်ကို သေသေချာချာလည်း မီးထိုးကြည့်စမ်းပါဦး။ ဒီအောက်မှာပေါ်နေတဲ့ အဖြူချောင်းက အပေါ်ထိပ်ထိမှ မပေါက်ဘဲ"

"ကျွန်တော် ထင်တာပြောတာပါ ဆရာရယ်။ ဆရာထင်သလိုပဲ အပေါ်ဆက်မတက်ဖို့တော့ များပါတယ်"

လိမ္မာလှသော သန်းလွင်။

ဆရာဖြစ်သူ ကျွန်တော်နှင့် ဘာမှ ဆက်အငြင်းမပွားချင်သဖြင့် သူ့စကားကို သူ ပြန်ချိုးသွား၏။

"ကဲ . . ကဲ . . မြန်မြန်ကျောက်ကို ချောပစ်စမ်းကွာ။ ငါ စောင့်ယူသွားချင်တယ်။ ကြာမှာလား"

"မကြာပါဘူး ဆရာ။ အလွန်ဆုံး တစ်နာရီပေါ့"

http://www.cherrythitsar.org
www.foreverspace.com.mm



ကျွန်တော် ကိုမြင့်အေးရုံးခန်း၌ ထိုင်စောင့်နေ၏။ ၄၅ မိနစ်ခန့် ကြာလျှင် ဆက်ငြိမ်မထိုင်နိုင်တော့။

"သန်းလွန်ဆီ သွားကြရအောင်"

ကိုမြင့်အေးက သန်းလွင် ကျွန်တော့်ကျောက်ကို ပွတ်ချောသွေးနေသော အခန်းသို့ ခေါ်သွား၏။

"ပြီးပြီလား သန်းလွင်"

"ပြီးပါတော့မယ် ဆရာ"

"ပြစမ်းကွာ။ ပြီးတဲ့အပိုင်းလေးတွေ ငါကြည့်ချင်လို့"

သန်းလွင်က ကျွန်တော့်ကို ကျောက်လေး လှမ်းပေးလိုက်၏။

ကျောက်ရိုင်းလေးမှာ အရောင်မှိန်နေသောဘဝမှ စိုနေသောသကြား-လုံးအနီးလေးဘဝသို့ ပြောင်းသွားချေပြီ။

အဝေးမှကြည့်လျှင်တော့ ချစ်စရာလေး။

မီးရောင်ပြင်းပြင်းအောက်၌ အသေအချာကြည့်လိုက်သောအခါ၌မူ. .

"သွားပြီ။ ကံကောင်းလို့ ကိုမြင့်အေးရေ။ ရေထဲကို ငွေငါးသောင်း ပလုံခနဲ ပစ်ချမိတော့မလို့။ ဦးညီညီ ကယ်ပေလို့။ ပွတ်ချောမလုပ်ကြည့်ဘဲ ကျွန်တော် ဝယ်လိုက်မိရင်တော့ ကွဲပြီ။ ဟက်တက်ကိုကွဲပြီ"

ကျောက်တစ်ပွင့်လုံးမှာ အပြစ်ဆိုးများနှင့် ပွထနေ၏။

(လိုက်ထိုင်း) ကျောက်များမှာ အရွယ်ကြီးသဖြင့် အမည်းစင်အောင် လေးငါးကြိမ် မီးဖုတ်ရပါသည်။ မီးဖုတ်ရသည့်အကြိမ် များသဖြင့် အပြစ်ကလည်း ဤသို့ပင် အရုပ်ဆိုးအောင် ပါလာတတ်ပါသည်။

အဆိုးဆုံးမှာ အူချောင်း။

သန်းလွင်ယူဆသည့်အတိုင်း အူချောင်းများမှာ လုံးချော၏ ခေါင်းထားရမည့် နေရာတည့်တည့် မျက်နှာပြင်သို့ ရောက်သည်အထိ ထိုးပေါက်နေ၏။

"အောင်မယ်လေးဗျာ။ ဒီကျောက်မျိုးတော့ ကျွန်တော် ငါးထောင်နဲ့ ရောင်းမယ်ဆိုတောင် မဝယ်တော့ဘူး"

ကျွန်တော် ငြီးတွားလိုက်ခြင်း ဖြစ်၏။

"သွေးပြီး ပြန်ရောင်းရင်ရော ဘယ်လောက်ရနိုင်မလဲ ဆရာ"

"တစ်သောင်းနဲ့တောင် ဘယ်သူမှ ဝယ်မှာမဟုတ်ဘူး"

ရယ်ရပါသည်။

http://www.cherrythitsar.org
www.foreverspace.com.mm



စောစောက ငါးသောင်းပေး၍ အရိုင်းကိုဝယ်မည်ဆိုသူမှာလည်း ကျွန်တော်။

ယခု ငါးသောင်းနှင့်မဝယ်တော့ဟု ပြောနေသူမှာလည်း ကျွန်တော်။

စောစောက သွေးပြီးလျှင် နှစ်သိန်းနှင့် ရောင်းမည်ဟုပြောသူမှာလည်း ကျွန်တော်။

ယခု တစ်သောင်းနှင့်တောင် ဘယ်သူမှ ဝယ်မှာမဟုတ်ဘူးဟု ပြောသူမှာလည်း ကျွန်တော်။

မန္တလေးတွင် နေထိုင်သော ကျောက်သွေးပေးရန် ကျွန်တော့်စက်ရုံကို ယုံကြည်စွာ အပ်နှံထားသည့် ပစ္စည်းရှင် ဒေါ်ခင်ခင်ဝင်းသာ ကျွန်တော့် စကားများကို ကြားလျှင်ဖြင့် . . . ။

အမှတ် ၁၀၂၊ ၁၉၉၉၊ ဇန်နဝါရီလ။

❋ ❋ ❋

www.foreverspace.com.mm

## ၁၅။ အရောင်ပြောင်း နီလာ

တစ်လောက ဒေါက်တာစောနောင်ဦး ကမ္ဘာ့အေးဘုရားလမ်းရှိ ကျွန်တော့် မိုင်းရှူးကျောက်မီးဖုတ်ခန်းသို့ ရောက်လာပါသည်။

ကျွန်တော့်အား ကျောက်စလေးတစ်ခုကို ထုတ်ပြ၏။ အရိုင်းစလေး ဖြစ်၏။ အချိန် ငါးကရက်ခန့် ရှိပါလိမ့်မည်။ အရောင်မှာ စိမ်းပြာပြာ။ ကြားရောင်။

"နီလာစလေး ထင်တယ်"

ကျွန်တော်က မောင်စောနောင်ကို မေးလိုက်၏။

"ဟုတ်ပါတယ်"

"မင်း ဘာလုပ်မလို့လဲ"

"ရောင်းမလို့"

ကျွန်တော်က အရိုင်းစလေးကို ကျောက်စစ်မီးလေးနှင့် ထိုးကြည့်လိုက်၏။ စိမ်းပြာပြာအရောင်းလေးမှ အနီရောင်သို့ ချက်ချင်းပြောင်းသွား၏။

"color-change sapphire လေးပါလား။ ဒါပေမဲ့ မင်း အရိုင်းစက ပေါက်စလေး။ အပြစ်တွေကလည်း ပွနေတာပဲကွာ။ ကျောက်မျက်တန်းမှ မဝင်ဘဲ။ ဘယ်သူဝယ်မှာလဲ"

"ဝယ်တယ် အစ်ကိုရေ။ မိုးကုတ်မှာ ဒီနေ့ အရောင်ပြောင်းနီလာတွေ

http://www.cherrythitsar.org
www.foreverspace.com.mm



သိပ်ခေတ်စားနေတယ်။ ဒီအရိုင်းစလေးမျိုးကို အစ်ကိုဝယ်ရင် ဘယ်လောက် ဝယ်မလဲ”

“အများဆုံး နှစ်ထောင်ပေါ့ကွာ”

“ဒီနေ့ မရတော့ဘူး အစ်ကိုရေ။ ကျွန်တော့်ဝယ်ဈေးတောင် တစ်သောင်းကျော် ပေးထားရတယ်။ သုံးသောင်းအပေါ်မှာရမှ ပြန်ရောင်းမလို့”

“လွန်လှပါလားကွ။ ဒီ နီလာဈေးတွေက ဘယ်လိုဖြစ်ကုန်တာလဲ”

“အစ်ကိုပဲ လုပ်တာလေ။ အစ်ကိုပဲ လွန်ခဲ့တဲ့သုံးနှစ်ကျော်လောက်က ဒီလို အရောင်ပြောင်းနီလာမျိုးကို နှစ်သိန်းပေးပြီး ဝယ်လိုက်တယ်မဟုတ်လား”

“ကိုယ်ဝယ်တဲ့ကျောက်က ဒီလိုကျောက်မျိုးမဟုတ်ဘူး မောင်စောနောင်ရဲ့။ ရတနာအဆင့်ဝင်တဲ့ကျောက်၊ အပြစ်စင်တယ်။ သိပ်လှတယ်။ သွေးထားတာကလည်း ပုံကျ။ အချိန်ကလည်း ရှစ်ကရက်ကျော်ရှိတယ်”

“ဟုတ်ပါတယ်။ အစ်ကို အဲဒီ အရောင်ပြောင်းနီလာကို အမေရိကန်တစ်ယောက်ကို အစပ် ရောင်းပေးလိုက်တယ်မဟုတ်လား။ အဲဒီကျောက်က ဆွစ်ဇာလန်နိုင်ငံ (ရိုဗလင်)ကျောက်မျက်ဓာတ်ခွဲခန်းထိ ရောက်သွားပြီး ရိုဗလင်ဓာတ်ခွဲခန်းက ပညာရှင်နှစ်ဦး မိုးကုတ်အထိလာတယ်။ နမူနာကျောက် လာရှာတယ်။ အဲဒီလူတွေရောက်လာပြီးကတည်းက အရောင်ပြောင်းနီလာတွေ ဈေးခုန်ပြီး တက်သွားတော့တာပဲ”

ကျွန်တော် နှစ်ခြိုက်စွာ အသံထွက်၍ ရယ်လိုက်မိ၏။

မှန်ပါသည်။ လွန်ခဲ့သည့် သုံးနှစ်ကျော်က အရောင်ပြောင်းနီလာ (color change Sapphire)တစ်ပွင့်ကို ကျွန်တော် နှစ်သိန်းဖြင့် ဝယ်ဖူးပါသည်။

ဝယ်ခဲ့သည်မှာလည်း အထူးကြိုးစားလိုက်ရှာပြီး ဝယ်ခဲ့ခြင်းမဟုတ်။

တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့်ကျောက်မျက်ဓာတ်ခွဲခန်းသို့ ရောက်လာသဖြင့် ဝယ်ခဲ့မိခြင်းဖြစ်၏။

မှတ်မိသေးသည်။ ကျွန်တော် ပထမဆုံး ရောင်းစားဖူးသည့် အရောင်ပြောင်းနီလာမှာ လွန်ခဲ့သည့် ငါးနှစ်ခန့်ကဖြစ်၏။ ကျွန်တော့်ကိုယ်ပိုင်လည်း မဟုတ်။ အညို့မောင်ငယ် ဒေါက်တာ ခင်ဇော် လာပေးသွားသည့်ကျောက်။

“ကိုလှဝင်း. . ခင်ဗျားမှာ ဒီလိုပုံဆောင်ခဲ (crystal)လေးကို ရောင်းပေးဖို့ ဈေးကွက်ရှိလား”

ပုံဆောင်ခဲလေးမှာ စိမ်းပြာရောင်။ ခြောက်မျက်နှာပါရှိပြီး ထပ်ချွန်လေး

http://www.cherrythitsar.org

www.foreverspace.com.mm



ဖြစ်နေသည့်သင်္ကေတကိုကြည့်ပြီး နီလာဖြစ်လိမ့်မည်ကို ကျွန်တော် မှန်းဆ၍ရ၏။ သို့သော် ပုံဆောင်ခဲ၏သင်္ကေတမှာ ပုံသင်္ကေတအပြည့်မရှိ။

ခါးအထက်ပိုင်းမှ ပြတ်နေသော ကျောက်စလေးဖြစ်၏။

"မင်း ပုံဆောင်ခဲက လှမှမလှဘဲကွ။ ဘယ်သူဝယ်မှာလဲ။ အရောင်က လည်း ကြားရောင်ကြီး။ အပြစ်တွေကလည်း ပွနေတယ်။ မျက်နှာပြင်တွေကလည်း မရှင်းဘူး။ နောက် တစ်ပိုင်းတစ်စကြီးကွာ"

"ကိုလှဝင်းကလည်း အပြစ်ကြီးပဲ လိုက်ကြည့်နေတာကိုး။ ဒါ ရိုးရိုး နီလာမဟုတ်ဘူး။ အရောင်ပြောင်းနီလာ"

ကျွန်တော် အရိုင်းစလေးကို မီးထိုးကြည့်လိုက်၏။

စိမ်းပြာ (bluish green)မှ ခရမ်းနီ (purplish red)သို့ ချက်ချင်း ပြောင်းသွား၏။

"ဟာ. . ဟုတ်တယ်ကွ။ မင်းကျောက်က အရောင်ပြောင်းနီလာပဲ"

"အချိန်ကိုလည်း ချိန်ကြည့်ပါဦး"

ကျွန်တော် ချိန်ကြည့်လိုက်၏။

ကရက်ချိန် ၄၆ ကရက်အတိ ရှိနေ၏။

"အရွယ်လည်း ကောင်းသားပဲ"

"ဒါမျိုးက ကျောက်မျက်ပုံဆောင်ခဲဈေးကွက်မှာ ရောင်းစားလို့ရလား"

"ရနိုင်တယ်။ ပုံဆောင်ခဲဈေးကွက်က သိပ်လှတဲ့ ကျောက်မျက်ပုံဆောင် ခဲမျိုးမှ စိတ်ဝင်စားကြတာမဟုတ်ဘူး။ ထူးခြားတဲ့အစွမ်းသတ္တိရှိတဲ့ ပုံဆောင်ခဲ တွေကိုလည်း စိတ်ဝင်စားကြတယ်။ ဝယ်ကြတယ်။ ကိုယ့်ရုံးခန်းကတော့ ကျောက် စုတဲ့ collector တွေ လူစုံလာနေကြတာဆိုတော့ စိတ်ဝင်စားတဲ့လူတစ်ယောက် ယောက်တော့ ပေါ်လာမှာပါ။ ထားခဲ့လေ။ ငါ ရောင်းပေးမယ်။ မင်း ဘယ်ဈေး ရချင်လဲ"

"တစ်သိန်း"

"ဟေ့ကောင်. . တစ်သိန်းတော့ များတာပေါ့ကွာ။ ကိုယ်စားဖို့လည်း ချန်ပေးပါဦး"

"ဒါဖြင့်ရင် ဒီလိုလုပ်။ ကိုလှဝင်း ကြိုက်တဲ့ဈေးနဲ့ရောင်း။ ရောင်းပြီးရင် ကျွန်တော့်ကို ငါးသောင်းရှင်း ငါးသောင်းအပေါ်က ရောင်းလို့ရတဲ့ငွေ ကိုလှဝင်း ယူ"

http://www.cherrythitsar.org

www.foreverspace.com.mm



ထိုအရောင်ပြောင်းနီလာ ပုံဆောင်ခဲလေးမှာ ကျွန်တော့်ကျောက်မျက်ဓာတ်ခွဲခန်း၌ ခြောက်လခန့် အိပ်နေပြီး နောက်ဆုံး ပြင်သစ်လူမျိုး ကျောက်ကုန်သည်တစ်ဦးက မြန်မာငွေ ရှစ်သောင်းဖြင့် ဝယ်သွား၏။

အညို့မောင်ငယ် ဒေါက်တာခင်ဇော်၏ကျောက်ကို ရောင်းပေးလိုက်၍ ကျွန်တော်ရလိုက်သည့်အမြတ်မှာ ငွေသုံးသောင်းသာမဟုတ်။ ပညာဖြစ်၏။ ဘယ်လိုအရောင်ပြောင်းနီလာမျိုးမှာ ကမ္ဘာ့ဈေးကွက်၌ ဈေးကောင်းရနိုင်သည်ဟု ကျွန်တော်သိသွား၏။

အရောင်ပြောင်းနီလာမှာ တကယ်တော့ မြန်မာတစ်နိုင်ငံတည်းမှ ထွက်သည်မဟုတ်။

ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် တန်ဇန်နီးယားနိုင်ငံတို့မှလည်း ထွက်၏။

(ဗာနီယာ) လူလုပ်ကျောက် (VERNEUIL SYNTHETIC PRODUCT) နီလာများတွင်လည်း အများအပြား မြင်တွေ့နိုင်၏။

ဤနီလာများ၏ အရောင်ပြောင်းခြင်းစွမ်းအား အဓိကရှိကြရခြင်းမှာ ဗေနီဒီယမ် (VAMADIUM)ဒြပ်စင်ကြောင့် ဖြစ်၏။

"အရောင်ပြောင်းနီလာတွေကတော့ ကျွန်တော့်အတွေ့အကြုံအရ သီရိလင်္ကာနိုင်ငံမှာ အများဆုံးတွေ့ဖူးတယ်။ ခရမ်းပြာရောင် (blue-violet)ရှိတဲ့ နီလာတိုင်းမှာလိုပဲ အရောင်ပြောင်းစွမ်းအား ရှိတတ်တယ်။ ဒါပေမဲ့ ဒီလို အရောင်ပြောင်းနီလာမျိုးက ကျွန်တော်တို့ ကမ္ဘာ့ဈေးကွက်မှာ ဈေးမရှိဘူး။ လူမကြိုက်ဘူး။ အလက်ဇန်းဒရိုက် (Alexandrite)ကျောက်မျိုးမှာရှိတဲ့ အရောင်ပြောင်းစွမ်းအားမျိုးနဲ့တူတဲ့ အရောင်ပြောင်းနီလာ အဲ. . အင်္ဂလိပ်လိုတော့ Alexandrite-like Sapphire မျိုးမှ ဈေးကောင်းရနိုင်တယ်။ နေ့ဘက်အလင်းရောင်အောက်မှာ ပြာစိမ်းရောင် (blue green color)ရှိပြီး၊ ညဘက်မီးသီးအောက်မှာ ခရမ်းနီရောင် (Purplish red)ပြောင်းသွားတဲ့ နီလာမျိုးမှ ဈေးကောင်းရတယ်။ နောက်တစ်ခု အရေးကြီးဆုံးလိုအပ်ချက်က အရောင်ပြောင်းစွမ်းအား (color change phenomenon)သိသိသာသာ ကြီးကြီးမားမား ရှိဖို့ပဲ။ မတူတဲ့ အရောင်နှစ်ခုကို သိသိသာသာ ပြောင်းသွားနိုင်ရမယ်။ ခု ခင်ဗျား ကျွန်တော့်ကို ရောင်းပေးလိုက်တဲ့ကျောက်က အဲဒီအရောင်ပြောင်းစွမ်းအား ရာနှုန်းပြည့်ရှိတဲ့ကျောက်။ ဒီလို အရောင်ပြောင်းနီလာမျိုးက သိပ်ရှားတယ်"

http://www.cherrythitsar.org

www.foreverspace.com.mm



မောင်ခင်ဇော်၏ကျောက်ကို ဝယ်သွားသော ပြင်သစ်ရတနာကုန်သည်က ကျောက်ကိုဝယ်ပြီး ငွေချေပြီးမှ ကျွန်တော့်ကိုပေးသွားသော ပညာများဖြစ်၏။

အလွန် ကျောက်ကုန်သည် ပါးဝသည့် ပြင်သစ်။

စျေးမတည့်ခင်၊ ငွေမချေခင်၊ သူ့လက်ထဲသို့ ကျောက်မရောက်ခင်က ဤစကားမျိုး ကျွန်တော့်ကို လုံးဝမပြော။

သို့သော် . . .

ကျောက်ဝယ်ပြီးနောက် ဤသို့ ပညာပေးသွားသည်ကိုပင် ကျွန်တော် ကျေးဇူးတင်လှပါပြီ။ နိုင်ငံခြားသား ရတနာကုန်သည်အများစုမှာ ကျွန်တော်တို့ မြန်မာဒေသခံများကို ဤသို့ ကျောက်မျက်စျေးကွက်၏ လျှို့ဝှက်ချက်များကို ပြောပြလေ့မရှိပါ။ ကျွန်တော်တို့ မြန်မာများ တတ်သွားမည်၊ သိသွားမည်ကို အလွန်ကြောက်ကြ၏။

ကျွန်တော်ထင်သည်။

တကယ်တော့ ရတနာကုန်သည်ဟူသောအလုပ်မှာ ကံသာအမိ၊ ကံသာ အဖသာ ဖြစ်၏။

ယနေ့ ကျွန်တော် ရတနာကုန်သည်ဖြစ်နေသည်မှာ နှစ်ပေါင်းနှစ်ဆယ် ကျော်ပြီ။

ပြန်စဉ်းစားကြည့်သည်။

ရတနာလောကဌ် ကျွန်တော့်ဘဝ၏ အောင်မြင်မှုအားလုံးနီးပါးပင် ကံကြောင့်သာဖြစ်၏။ ကျွန်တော် သိပ်တော်၍၊ သိပ်တတ်၍မဟုတ်ပါ။

ကျောက်မျက်ပညာနှင့်ပတ်သက်၍ ကျွန်တော် ယနေ့အထိ တတ်သည်၊ သိသည်များမှာ သာမန်အဆင့်သာ ရှိပါသည်။

အညို့မောင်ငယ် ဒေါက်တာခင်ဇော်၏ကျောက်ကို ရောင်းပေးပြီး နောက် တစ်နှစ်ကျော်ခန့်အကြာတွင် အရောင်ပြောင်းနီလာတစ်ပွင့် ကျွန်တော့် ထံ ရောက်လာပြန်သည်။

ထိုကျောက်ကို ယူလာသူမှာ မောင်သာထွန်း ဖြစ်၏။

မောင်သာထွန်းကို ကျွန်တော် မသိပါ။

“ဆရာ. . ကျွန်တော် ဦးထွန်းရွှေသားပါ”

“ဘယ် ဦးထွန်းရွှေလဲ”

“ဆရာ မိုးကုတ်မှာနေတုန်းက ဆရာ့အိမ်နဲ့ တစ်အိမ်ခြားမှာနေတဲ့

www.foreverspace.com.mm


ဦးထွန်းရွှေလေ"

ကျွန်တော်သိပြီ။

ကိုထွန်းရွှေမှာ ကျွန်တော်ကဲ့သို့ပင် မိုးကုတ်သားမဟုတ်။ ရန်ကုန်သားဖြစ်ပြီး မိုးကုတ်တွင်လာပြီး အခြေချနေထိုင်နေသူဖြစ်၏။ ကျွန်တော့်ထက်ကျောက်မျက်လောကသို့ဝင်သည်မှာ ပိုစောပြီး ပို၍လည်း အောင်မြင်ခဲ့သူတစ်ဦးဖြစ်၏။ သူ့ကိုမူ မိုးကုတ်တွင် ကျွန်တော်နေထိုင်စဉ်က သတိမထားမိခဲ့ပါ။

"မင်းအဖေက မိုးကုတ်မှာပဲလား"

"ဟုတ်တယ် ဆရာ။ မိုးကုတ်မှာပဲ"

"ဆို. . ကိုယ် ဘာလုပ်ပေးရမလဲ"

"ကျောက်တစ်ပွင့် ပြချင်လို့ ဆရာ။ ကျောက်က တန်ဖိုးလည်း သိပ်မရှိပါဘူး။ ဒါပေမဲ့ စိတ်ထဲမှာ သံသယရှင်းသွားချင်လို့။ ကျောက်က ကျွန်တော်တို့တွင်းကထွက်တဲ့ ကျောက်ပဲ။ ကျောက်သွေးဆရာဆီယူသွားတုန်းက အညံ့စိမ်းလို့ထင်ပြီး ယူသွားတာ။ ကျောက်သွေးဆရာက သွေးပြီးတော့ ဒီကျောက်ဟာအညံ့မဖြစ်နိုင်ဘူး။ သိပ်မာတယ်။ နီလာစိမ်း ဖြစ်နိုင်တယ်ဆိုလို့ ကျွန်တော် ဆရာ့ဆီ ယူလာပြတာ"

"ဘယ်မှာလဲ ကျောက်"

မောင်သာထွန်းက သူ့အိတ်တွင်းမှ စိမ်းပြာရောင်ကျောက်လေးတစ်ပွင့်ကို ကျွန်တော့်ကို ထုတ်ပြ၏။

ကျောက်ကို မြင်လိုက်သည်နှင့် အရောင်ပြောင်းနီလာဖြစ်သည်ကို ကျွန်တော် သိ၏။

ပိုသေချာရန်အတွက် ပထမဆုံး အလင်းယိုင်ကိန်းကို တိုင်းကြည့်လိုက်၏။

နီလာ၏ အလင်းယိုင်ကိန်းဖြစ်နေ၏။ နီလာဖြစ်နေသည်မှာ သေချာသွားပြီ။

ကျောက်လေးကို ကျောက်စစ်မှန်ဘီလူးအောက်တွင် မီးထိုး၍ စစ်ကြည့်လိုက်၏။ ကျောက်အရောင်မှာ ခရမ်းနီရောင်သို့ ရုတ်ချည်းပြောင်းသွား၏။

ကောင်းလိုက်သည့် အရောင်ပြောင်းစွမ်းအား. . ။

ရိုးရိုး အလင်းရောင်အောက်မှ ကျောက်ရောင်နှင့် မီးရောင်အောက်ကျောက်ရောင်မှာ လုံးဝမတူ။

www.foreverspace.com.mm



မွဲပြာစိမ်းရောင်နှင့် ရွှင်သော၊ လှသော ခရမ်းနီရောင်။ အပြစ်ကလည်း အလွန်စင်လှပါသည်။

ကျောက်သားအတွင်း၌ မိုးကုတ်ကျောက်များတွင် မြင်တွေ့လေ့ရှိသော သဘာဝသဏ္ဍာန် လက္ခဏာအမှတ်အသားအချို့မှလွဲ၍ အခြား ဘာအပြစ်မျိုးမှ မရှိ။

"မောင်သာထွန်း. . မင်းကျောက်က နီလာပဲ။ အညွှံ့စိမ်း Green Spinel မဟုတ်ဘူး"

"ဒါဖြင့်ရင် ကျောက်သွေးဆရာထင်တဲ့အတိုင်း မှန်နေတာပေါ့"

"မှန်တယ်။ မင်း ကျောက်သွေးဆရာက ဉာဏ်ရှိတယ်"

"ဒီနီလာမျိုးက ဘယ်လိုရောင်းရမလဲဆရာ။ အရောင်က ကြားရောင်ကြီး။ အစိမ်းလည်းမဟုတ်၊ အပြာလည်းမဟုတ်။ အစိမ်းနဲ့အပြာ ရောနေပြီး ခပ်မွဲမွဲကလည်း ဖြစ်နေပြန်တယ်"

"မင်း ကျောက်ကို သွား အထင်မသေးနဲ့။ ဒါ အရောင်ပြောင်းနီလာ။ ဒီကျောက်မျိုးက ဈေးရှိတယ်"

မိုက်လိုက်သည့် ကျွန်တော်။

ညံ့လိုက်သည့် ကျွန်တော်။

ကျွန်တော် မိုက်မှန်း၊ ညံ့မှန်းကို နောက်ပိုင်းမှပင် ကျွန်တော်သိ၏။

"ဈေးရှိတယ်။ ဟုတ်လား"

"ဟုတ်တယ်။ ဈေးရှိတယ်"

"ဒါဖြင့်ရင် ဆရာဝယ်ပါလား"

"ဝယ်မယ်လေ။ မင်းကျောက်ဈေးက. . "

"ကျွန်တော်လည်း ဘယ်အဖိုးထားပြီး ရောင်းရ၊ တောင်းရမှန်းတောင် မသိတော့ပါဘူး ဆရာရယ်။ ကျောက်က ဆရာမြင်တဲ့အတိုင်းပဲ သိပ်စင်တဲ့ကျောက်။ အရွယ်ကလည်း ရှစ်ကရက်ကျော်တောင်ရှိတယ်။ ဒီလိုအရွယ်၊ ဒီလို အပြစ်စင်တဲ့ ကျောက်မျိုးက နီလာပြာသာဖြစ်ရင် ဈေးကတော့ ဆယ်သိန်းအပေါ်မှာပဲ။ သိန်း ၂၀လည်း ရနိုင်တယ်။ ဒါပေမဲ့ ဒီကျောက်က ဆရာ့လက်ထဲရောက်လာမှပဲ တန်ဖိုးရှိတဲ့ ကျောက်ဖြစ်သွားတဲ့အတွက် ကျောက်ဖိုးငါးသိန်းပဲ ထားလိုက် ဆရာရယ်"

မောင်သာထွန်းမှာ ကျွန်တော် မျှော်မှန်းထားသည်ထက် အလွန်ပို၍

http://www.cherrythitsar.org

www.foreverspace.com.mm



ပါးနပ်လိမ်မာသူ ဖြစ်နေပါသည်။

သူ့အဖေ ကိုထွန်းရွှေထက်ပင် သာနိုင်သည်ဟု ကျွန်တော် ချက်ချင်း မှန်းဆတွေး၍ရ၏။

"ဟေ့ကောင်. . . မင်းဈေးက မလွန်လွန်းဘူးလားကွ"

"မလွန်ပါဘူး။ ဆရာပဲ ဒီကျောက်မျိုးက တန်ဖိုးရှိတယ်။ ဈေးရှိတယ်ဆို"

ကျွန်တော် ရုတ်တရက် ဘာပြန်ပြောရမှန်းပင် မသိတော့။

ဩော်. . မိုက်လိုက်သည့် ငါ။

ညံ့လိုက်သည့် ငါ။

ကုန်သည်ပါးမဝသည့် ငါ။

စောစောက မောင်သာထွန်းယူဆနေသည့်အတိုင်း ကြားရည်ထားပြီး ဒီကျောက်ကို ကျွန်တော်ဝယ်လျှင် ကျောက်ဖိုးငါးသောင်းအောက်၌ လွယ်လွယ် ဝယ်ယူနိုင်သော ကျောက်။

ယခု သိန်းချီပေး၍ ကျွန်တော် ဝယ်ရတော့မည်။

"မင်းဈေးတော့ ငါမမီဘူးကွာ"

"ဆရာ. . ဘယ်လောက်မီလဲ"

"တစ်သိန်းအောက်ပဲ"

"ဟာ. . ဒီလောက်ကြီးတောင် အောက်ဈေးထားပြီးတော့ မဆစ်ပါနဲ့ ဆရာရယ်။ သိန်းကျောက်ဟာ သိန်းငွေတန်ဖိုးဖြတ်ပြီးတော့ပဲ ဆရာဆစ်ပေးပါ"

"ဒါဖြင့်ရင်လည်း တစ်သိန်းထားလိုက်ကွာ"

"တစ်သိန်းတော့လည်း နည်းလွန်းတယ် ဆရာရယ်။ ဆရာ့ဘက်က လည်း သိန်းငွေနဲ့ မင်္ဂလာရှိအောင် ကျောက်ဖိုးကို ဖွင့်ပေးလိုက်ပြီဆိုတော့ ကျွန်တော့်ဘက်ကလည်း သိပ်တင်းလွန်းနေတယ်ဆိုတာမျိုးမဖြစ်အောင် တောင်း ဖိုးကို တစ်သိန်းလျှော့ပေးလိုက်မယ်။ လေးသိန်းထား ဆရာ။ လေးသိန်းနဲ့တော့ ဆရာဝယ်သင့်ပါတယ်။ ဆရာတို့က မျက်စိကြီး နားကြီးတွေဆိုတော့ ဆရာ ပြန် ရောင်းရင် သိန်းလေးဆယ်လည်း ရနိုင်မှာပါ"

စကားတတ်လိုက်သည့် မောင်သာထွန်း . . .

ဒီကောင်လေးထံမှပင် အရောင်းအဝယ်စကားများကို ကျွန်တော် ပြန် သင်ရပါဦးမည်။

"မောင်သာထွန်းရယ်. . မင်းကျောက်က အရည်ဖြောင့်မှုမဟုတ်ဘဲ။

www.foreverspace.com.mm

http://www.cherrythitsar.org



မင်း စောစောကပြောသလို ကြားရည်။ အရည်တစ်ခုတည်းကိုသာကြည့်ပြီး ရောင်းရင် မင်းကျောက်ကို ဘယ်သူမှ ဝယ်မှာ၊ ကြိုက်မှာမဟုတ်ဘူး။ ကိုယ် အခု ဝယ်မှာက ကျောက်ဆန်းကို ဝယ်သလိုဝယ်တာ။ ကျောက်ဆန်းဈေးက မင်းသိတဲ့အတိုင်း ပုံမှန်ဈေးရှိတာမှမဟုတ်ဘဲ။ ကြိုက်ရောင်း ကြိုက်ဝယ်ပဲ။ ဝယ်သူတွေ့ဖို့ဆိုတာ သိပ်စောင့်ရတဲ့ကျောက်မျိုး။ ဒီလိုလုပ်လေ။ မင်းကို နှစ်ရက်အချိန်ပေးမယ်။ ပေးနိုင်တဲ့ဈေးကိုလည်း အကုန်လုံးပြောလိုက်မယ်။ နှစ်ရက်အတွင်း မင်း ရွှေဘုံသာလမ်းထဲက ကြိုက်တဲ့ကုန်သည်လိုက်ပြ။ ကိုယ့်ပေးဖိုးထက်များရင် ရောင်းသာပစ်ခဲ့။ ကိုယ့်ပေးဖိုးကိုမမီဘူးဆိုရင်တော့ ကိုယ့်ဆီမှာ ပြန်လာရောင်း။ မင်းကျေနပ်လား"

"ဆရာ. . ဘယ်လောက်ဈေးကုန်ပေးမလဲ"

"နှစ်သိန်း"

ကံကောင်းပါသည်။

ထိုစဉ်က ရွှေဘုံသာလမ်းမှ ကျောက်လောကတွင် အရောင်ပြောင်းနီလာကို စိတ်ဝင်စားသူ မရှိသေးပါ။

ကျွန်တော့်ပေးဖိုးကို မည်သူမျှမမီ။

ထို့ကြောင့်လည်း မောင်သာထွန်းက နောက်ဆုံးတွင် ကျွန်တော့်ထံ ပြန်ရောက်လာပြီး သူ့ကျောက်ကို နှစ်သိန်းနှင့် ရောင်းသွား၏။

တကယ်တော့ ထိုအချိန်၌ မောင်သာထွန်း၏ အရောင်ပြောင်းနီလာကို အဖိုးတန်မှန်းသာ ကျွန်တော်သိသည်။

ကမ္ဘာ့ဈေးကွက်၏ ပေါက်ဈေးကို မသိ။

စိတ်ဝင်စားသည့် ကုန်သည်၊ စိတ်ဝင်စားသည့် ကျောက်ဆိုင် ကမ္ဘာကြီး၏ ဘယ်နေရာတွင်ရှိသည်ကိုလည်း ကျွန်တော် လုံးဝမသိသေးပါ။

တကယ်တော့ ရတနာကုန်သည်ဟူသည်မှာ ကျောက်မျက်တစ်ပွင့်ကို မဝယ်မီ ရောင်းကွက် ဘယ်မှာရှိသည်ကို သိရ၏။ မိမိဝယ်လိုက်သော ကျောက်-မျက်ကို ဘယ်ဈေးနှင့် ပြန်ရောင်း၍ရနိုင်သည်ကို သိရ၏။

ရမ်းတုတ်ပြီး ဝယ်၍မရ။

ကျွန်တော် မောင်သာထွန်း၏ ထိုအရောင်ပြောင်းနီလာကို ဝယ်လိုက်သည်မှာ စွန့်၍ဝယ်လိုက်ခြင်းဖြစ်၏။ သို့သော် ကျွန်တော့်အာရုံအတွင်း၌ အလိုလို ခံစား၍ရနေသည်။

http://www.cherrythitsar.org
www.foreverspace.com.mm



ယင်း ကျောက်မျက်အပေါ်၌ အမြတ်ကောင်းကောင်း ရကိုရလိမ့်မည်။

ကျွန်တော် ဒေါက်တာသက်ဦးအိမ်ကို ကားမောင်းသွား၏။

ဒေါက်တာသက်ဦးနှင့် အဆင်သင့်တွေ့၏။ ဒေါက်တာသက်ဦးမှာ ထိုင်းဈေးကွက်၌ နှစ်ပေါင်းအတန်ကြာ ကျင်လည်ခဲ့သူဖြစ်၍ ကျောက်စုံမြင်ဖူး၏။ ကမ္ဘာ့ရတနာဈေးကွက်ကို ကျွန်တော့်ထက် ပိုသိ၏။

ဒေါက်တာသက်ဦးအိမ်၌ သူ့ဖခင် ဦးကျော်ရင်လည်း ရောက်နေပါသည်။

"ကိုသက်ဦး. . ဒီကျောက်လေးကို အသေအချာကြည့်ပေးစမ်းပါ"

"ဘာလဲ. . အတုကြီးလား"

"ဘယ်ကအတုရမှာလဲ။ အစစ်ပါဗျ။ ကျွန်တော် အသေအချာစစ်ပြီးပြီ"

"ဦးလှဝင်းက အစစ်ပြောလို့သာ ကျွန်တော် ဒီအရောင်ပြောင်းနီလာကို အစစ်လို့သတ်မှတ်ရမယ်။ တခြား ကုန်သည်တစ်ယောက်ယောက်ကသာ ဒီ ကျောက်ကိုယူလာရင် မစစ်တော့ဘူး။ အတုလို့ပဲပြောလိုက်တော့မယ်။ ကျွန်တော် မြင်ဖူးသလောက် မိုးကုတ်ကရောက်လာတဲ့ ဒီလိုအသွေးအရောင်မျိုးရှိတဲ့ အရောင်ပြောင်းနီလာအားလုံးက အတုတွေကြီးပဲ။ အစစ်မမြင်ဖူးဘူး။ ကျွန်တော် မြင်ဖူးတဲ့ မိုးကုတ်ထွက် အရောင်ပြောင်းနီလာတွေက အရည်ချိုတွေပဲ များတယ်"

"တစ်ချက်လောက် သေချာအောင် မှန်ဘီလူးနဲ့ ထောက်စစ်ကြည့်ပါဦး"

ဒေါက်တာသက်ဦးက သူ့စားပွဲပေါ်မှ အိတ်ဆောင် ကျောက်စစ်မှန်ဘီလူးလေးကိုယူပြီး ကျောက်လေးကို ထောင်ကြည့်လိုက်၏။

"ဟုတ်တယ်။ အစစ်ဗျ။ ဦးလှဝင်း ဘယ်ကရခဲ့တာလဲ"

"ဒီလိုပဲ ကျွန်တော့်ဆီကို မိုးကုတ်က လူငယ်ကုန်သည်တစ်ယောက်က ရောင်းသွားတာ။ မလှဘူးလား"

"သိပ်လှတယ်။ လူလုပ်အရောင်ပြောင်းနီလာတွေနဲ့ အရည်အသွေးတစ်ပုံစံတည်းပဲ။ ကျွန်တော် ဘန်ကောက်မှာနေတုန်းက အရောင်ပြောင်းနီလာတွေ အများကြီးမြင်ဖူးတယ်။ စစ်ပေးခဲ့ဖူးတယ်"

"ဝယ်ဖူး၊ ရောင်းဖူးလား"

"မရောင်းဖူးဘူး။ ဘာလဲ. . ဦးလှဝင်းက ရောင်းချင်လို့လား"

"ဟုတ်တယ်"

www.foreverspace.com.mm



"ဘယ်လောက်ရောင်းချင်လဲ"

"မသိဘူး။ ဘယ်ဈေးနဲ့ရောင်းရင် ကောင်းမလဲလို့ လာတိုင်ပင်တာ။ ဦးလေး ဦးကျော်ရင်ရော ဒီလိုအရောင်ပြောင်းနီလာမျိုး ရောင်းဖူးလား"

"ကျွန်တော်က နီလာကို အရည်ဖြောင့်ပဲ ဝယ်ရောင်းလုပ်တယ်။ အရောင်တိမ်းတဲ့ ကြားရည်ကျောက်တွေကို လုံးဝမကိုင်ဘူး။ ကျွန်တော်သိသလောက် ထိုင်းဈေးကွက်မှာလည်း ဒီနီလာမျိုး ရောင်းရခက်တယ်။ မစ္စတာ(ဟိုး)တို့ဆိုဆိုရင် တင်တောင်အတင်မခံဘူး။ ခက်တာက ဒီနီလာအသွေးမျိုးက ပုံမှန်ထွက်တာမှ မရှိဘဲ။ တစ်ခါတရံမှ ပေါ်လာတတ်တာ။ ပုံမှန်ဈေး မရှိဘူး"

"ဦးကျော်ရင် ဘယ်လောက်ရနိုင်တယ်လို့ မှန်းသလဲ"

"မမှန်းတတ်ဘူး။ ကိုယ် မရောင်းစားဖူးတဲ့ ကျောက်ဆိုတော့ ဘယ်လိုမှန်းပေးနိုင်မလဲ။ ဦးလှဝင်း ဘယ်လောက်နဲ့ ဝယ်ထားလဲ"

"နှစ်သိန်း"

"ရှစ်ကရက်လောက်ရှိတဲ့ ကျောက်ကို နှစ်သိန်းနဲ့ဝယ်တာဆိုတော့ တစ်ကရက် နှစ်သောင်းခွဲဈေးလောက် ရှိတာပဲ။ ရှုံးတော့မရှုံးနိုင်ပါဘူး"

ဝါရင့်ရတနာကုန်သည်များမှာ တခြားလူလက်တွင်ရှိနေသော ကျောက်ကို အပြစ်ပြောလေ့မရှိပါ။ အကောင်းဘက်မှသာ ပြောလေ့ရှိသည်မှာ ထုံးတမ်းစဉ်လာဖြစ်၏။ ထို့ကြောင့်လည်း ဦးကျော်ရင်၏ မရှုံးနိုင်ပါဘူးဟူသောစကားကို ကျွန်တော် အတည်ယူ၍မရ။

မောင်သာထွန်းထံမှ အရောင်ပြောင်းနီလာကိုဝယ်ထားပြီး နောက်တစ်လကျော်ခန့်ကြာသည်အထိ ပြန်ရောင်းနိုင်သည့်ဈေးကွက်နှင့် ပတ်သက်၍ အကြံကောင်း၊ ဉာဏ်ကောင်းပေးနိုင်သူ တစ်ဦးတစ်ယောက်မျှ ကျွန်တော် ရှာမတွေ့။

တစ်နေ့တွင် ကျွန်တော့်သား အပါက အကြံပေး၏။

"ဖေဖေ. . ဒေးဗစ်ကို ပြကြည့်ပါလား"

ဒေးဗစ်မှာ အမေရိကန်လူမျိုး ဖြစ်၏။ ကျွန်တော့်သား အပါနှင့် ထိုစဉ်က လုပ်ငန်းများ စပ်တူလုပ်နေသူဖြစ်၏။

"ဒီကောင်က ကျောက်ဝယ်လို့လား"

"ဟုတ်တိပတ်တိတော့ ပုံမှန်မဝယ်ဘူး။ ဒါပေမဲ့ သူက တခြားလူ စိတ်မဝင်စားတဲ့ကျောက်ကို စိတ်ဝင်စားတတ်တယ်"

http://www.cherrythitsar.org

www.foreverspace.com.mm



ဒေးဗစ်မှာ လူထူးလူဆန်း ဖြစ်၏။

ကမ္ဘာကျော် အမေရိကန် (ဂျီအိုင်အေ)ကျောက်မျက်သိပ္ပံ၌ နည်းပြဆရာအဖြစ်နှင့် ငါးနှစ်ခန့် အလုပ်ဝင်လုပ်ဖူး၏။ ကျောက်အကြောင်းကို သိပ္ပံနည်းကျ အကုန်သိ၏။ (နယူးယော့)မှ ကျောက်မျက်ကုန်သည်အများအပြားနှင့်လည်း ခင်၏။ သို့သော် သူသည် မြန်မာနိုင်ငံသို့လာပြီး ကျောက်မျက် အရောင်းအဝယ်အလုပ်မှလွဲပြီး အခြားအလုပ်မျိုးစုံကို လုပ်နေ၏။ သူလုပ်သည့်အလုပ်များတွင် အရက်ချက်သည့် အလုပ်ပင် ပါလိုက်သေး၏။

ဒေးဗစ်ကို ကျွန်တော်၏ အရောင်ပြောင်းနီလာလေးကို ပြလိုက်၏။

ဒေးဗစ်က ကျောက်ကလေးကို အသေအချာကြည့်ပြီး အလွန် စိတ်ဝင်စား၏။

“လှလိုက်တာဗျာ။ ဒီလောက်ကောင်းတဲ့ အရောင်ပြောင်းနီလာမျိုး တစ်ခါမှ ကျွန်တော်မမြင်ဖူးဘူး”

“(ဂျီအိုင်အေ) ကျောက်မျက်သိပ္ပံမှာ အရောင်ပြောင်းနီလာတွေရှိလား”

“ရှိတာပေ့ါ။ ကမ္ဘာပေါ်မှာထွက်တဲ့ ကျောက်မျက်တွေအထဲက (ဂျီအိုင်အေ)မှာမရှိတာ မရှိဘူး။ ကမ္ဘာမှာ သုံးပွင့်သာတူးဖော်လို့ရသေးတဲ့ (ပိန်းနိုက်)လို ကျောက်မျိုးတောင် (ဂျီအိုင်အေ)မှာရှိတယ်။ ဒါပေမဲ့ ဒီ အရောင်ပြောင်းနီလာလေးက သိပ်ကိုလှလွန်းနေတယ်။ အရောင်ပြောင်းစွမ်းအားက သိပ်ကောင်းတာပဲ။ သွေးပုံလည်း လှတယ်။ အရောင်ပြတ်အောင် နည်းနည်းလေး ထပ်တင်ပေးဖို့ပဲ လိုတာရှိတယ်။ ဦးလှဝင်း ရောင်းဖို့အတွက်လား”

“ဟုတ်တယ်”

“ဘယ်လောက် ရောင်းချင်တာလဲ”

“အဲဒါ ပြဿနာဖြစ်နေတာပေ့ါ။ ခင်ဗျား ဒီကျောက်ကို ဘယ်ဈေးနဲ့ (နယူးယော့) ဈေးကွက်မှာ ရောင်းစားနိုင်မယ်လို့ ထင်လဲ”

“ကြမ်းခင်းဈေး အနည်းဆုံး တစ်ကရက်ပေါ် ဒေါ်လာတစ်ထောင်ဈေးတော့ ရောင်းစားနိုင်မယ်ထင်တယ်။ ဒါ အနည်းဆုံးပြောတာနော်။ နှစ်ထောင်ကျော် သုံးထောင်ဈေးအထိလည်း ရချင်ရနိုင်မယ်”

“ဒါဖြင့်ရင် ဒီလိုလုပ်ပါလား ဒေးဗစ်။ ဒီကျောက်က အချိန် ရှစ်ကရက်ခွဲလောက်ရှိတယ်။ ဒီကျောက်ကို တစ်ကရက် ဒေါ်လာသုံးရာဈေးပဲထားပြီး ခင်ဗျားကို အစပ်ရောင်းပေးမယ်။ ဒေါ်လာသုံးထောင်ထားလိုက်ဗျာ။ ခင်ဗျား

http://www.cherrythitsar.org

www.foreverspace.com.mm



ကျောက်ဖိုးတစ်ဝက် ထောင့်ငါးရာပဲပေး။ အမေရိကန်ဈေးကွက်မှာ ရောင်းပြီးမှ တစ်ဝက်စိခွဲယူကြတာပေါ့"

ဒေးဗစ်က အလွယ်တကူပင် ဒေါ်လာထောင့်ငါးရာနှင့် အစပ်ပါရန် သဘောတူလိုက်၏။

ကျောက်ကို အမေရိကန်သို့ ယူသွား၏။ သုံးလခန့်ကြာလျှင် မြန်မာပြည်သို့ သူ ပြန်လာ၏။

"ဒေးဗစ် . . ဘယ်လိုလဲ။ ရောင်းလို့ ရလား"

"ဝယ်ချင်တဲ့လူတွေတော့ ရှိတယ်။ ဈေးကောင်းလည်းပေးတယ်။ ပြဿနာက မြန်မာနိုင်ငံကထွက်တဲ့ အရောင်ပြောင်းနီလာဆိုတာကို မယုံကြဘူး"

"ခင်ဗျား မပြောပြဘူးလား။ ကိုယ်တိုင် မြန်မာပြည်က ဝယ်ခဲ့တာလို့"

"ဒီလိုပြောပြီး ရောင်းလို့မရဘူး။ ကမ္ဘာ့အသိအမှတ်ပြု ကျောက်မျက်ဓာတ်ခွဲခန်းကြီးတစ်ခုခုက ထောက်ခံစာပါမှ ဝယ်ချင်တဲ့လူက ဝယ်လိမ့်မယ်"

"ခင်ဗျား သွားမစစ်ခိုင်းဘူးလား"

"ကျွန်တော် ဆွစ်ဇာလန်က ဒေါက်တာ (GIIBELIN)ဓာတ်ခွဲခန်းကို ယူသွားပြီး စစ်ခိုင်းတယ်။ အာမခံလက်မှတ် ထုတ်ခိုင်းတယ်"

"ထုတ်မပေးဘူးလား"

"မထုတ်ပေးဘူး"

"ဘာဖြစ်လို့တဲ့လဲ"

"သူတို့ တစ်ခါမှ ဒီလိုလှတဲ့ မိုးကုတ်ထွက် အရောင်ပြောင်းနီလာမျိုး မမြင်ဖူးကြလို့တဲ့။ ကျောက်ကို သူတို့ဓာတ်ခွဲခန်းက ခု ယူထားတယ်။ မိုးကုတ်ကို ပညာရှင်နှစ်ဦးလွှတ်ပြီး ဒီလို အရောင်ပြောင်းနီလာမျိုး ထွက် မထွက်ကိုပါ သုတေသနလုပ်ကြလိမ့်မယ်။ အဲဒီ သုတေသနလုပ်ငန်းပြီးမှ ကျွန်တော်တို့ ကျောက်ကို မိုးကုတ်ထွက် အရောင်ပြောင်းနီလာ ဟုတ် မဟုတ်ကို အဆုံးအဖြတ်ပေးကြမယ်တဲ့"

"ဘယ်လောက် အချိန်စောင့်ရမလဲ"

"မသိဘူး။ သူတို့ သုတေသနလုပ်ပြီးတဲ့ အချိန်အထိပေါ့"

လွန်ခဲ့သည့် တစ်နှစ်ကျော်ခန့်က (ရိုဗလင်) ကျောက်မျက်ဓာတ်ခွဲခန်းမှ ပညာရှင်နှစ်ဦး မိုးကုတ်လာသွားသည်ဟု ကျွန်တော် သတင်းကြား၏။ သူတို့ကို မိုးကုတ်လိုက်ပို့ပေးသူမှာ ဒေါက်တာသက်ဦးပင် ဖြစ်နေပြန်သည်။ အညို့

http://www.cherrythitsar.org

www.foreverspace.com.mm



မောင်ငယ် ဒေါက်တာခင်ဇော် ပြန်ပြောပြ၍ မိုးကုတ်ထွက် အရောင်ပြောင်းနီလာ နှစ်ပွင့်ကို စံကျောက်များအဖြစ် သူတို့ ဝယ်သွားနိုင်ခဲ့သည်ဟုလည်း သိရပြန်၏။

မိတ်ဆွေကြီး ဒေးဗစ်လက်တွင် ဒေါက်တာ (ရိုဗာလင်)၏ ဓာတ်ခွဲခန်းမှ ထုတ်ပေးသော ထောက်ခံစာလည်း ရောက်ဖို့ကောင်းနေပြီ။

သို့သော် ဒေးဗစ်လည်း ယနေ့အထိ ပျောက်ချင်းမလှ ပျောက်နေ၏။ မြန်မာနိုင်ငံသို့လည်း လုံးဝပြန်မပေါ်လာ။

ကျွန်တော် အစပ်တစ်ဝက်ပါနေသော အရောင်ပြောင်းနီလာကို သူ ရောင်းလိုက်ပြီလား။

သူ့လက်တွင်းပင် ရှိသေးလား။

ကျွန်တော် မမှန်းဆတတ်ပါ။

သို့သော် ဒေးဗစ်မှာ လိမ်မည့်သူမဟုတ်သည်ကို ကျွန်တော်သိ၏။

၁၉၉၈ ခုနှစ်၊ ဩဂုတ်လထုတ် ကမ္ဘာကျော် colored stone မဂ္ဂဇင်းကြီး၌မူ သုံးကရက်နှင့် ငါးကရက်အရွယ်ကြားရှိ ပထမတန်းစား အရောင်ပြောင်းနီလာ တစ်ကရက်ဈေး ဒေါ်လာ ၉၀၀ မှ ၁၅၀၀ အတွင်းရှိသည်ဟူသော သတင်း တစ်ပုဒ်ကိုမူ ဖတ်လိုက်မိပါသည်။

ကျွန်တော့်ကျောက်မှာ ရှစ်ကရက်ကျော်. . ။ ပထမတန်းစား. . ။

ဤကျောက်မျိုး ဘယ်ဈေးအထိ ရသင့်ပါသနည်း။

အမှတ် ၁၀၃၊ ၁၉၉၉၊ ဖေဖော်ဝါရီလ။

❋ ❋ ❋

http://www.cherrythitsar.org
www.foreverspace.com.mm

## ၁၆။ ရွှေဘုံသာလမ်းပေါ်မှာ

ရွှေဘုံသာလမ်းသို့ ကျွန်တော် မရောက်သည်မှာ ကြာပြီ။

လေးလခန့်ပင် ရှိပြီဟု ထင်၏။

အချိန်မှာ နံနက် (၁၀)နာရီခန့်။

ယခင်က အချိန်မျိုးမှာ ရွှေဘုံသာလမ်း၌ ကျောက်ပွဲစားများနှင့် ကြိတ်ကြိတ်တိုး စည်ကားနေရမည့်အချိန်။

ယနေ့ တစ်လမ်းလုံးမှာ ကျိုးတိုးကျဲတဲ. . . ။

ညောင်ပင်အောက်မှ လမ်းဘေးလက်ဖက်ရည်ဆိုင်တွင် ထိုင်နေသူများ၏ မျက်နှာကို ကျွန်တော် လှမ်းကြည့်လိုက်၏။

ကျွန်တော့် သိဖူးသူ၊ မြင်ဖူးသူ တစ်ယောက်မှမရှိ။

(ပေါ်တီကို)ကြီး အောက်သို့ ကျွန်တော် ဆက်လျှောက်လာသည်။ ကျားထိုးနေသူနှင့် စစ်တုရင်ကစားနေကြသည့် လူငယ်များကိုသာ တွေ့၏။ ကျွန်တော်နှင့် ခင်မင်သည့် ပွဲစားများ ကုန်သည်များ တစ်ယောက်မှမတွေ့။

ဦးအောင်မြတ်ကျော်၏ ပန်းထိမ်ရှေ့မှ ဖြတ်လျှောက်သွားသည်။

မျက်နှာသိတစ်ယောက်မျှ မရှိ။

http://www.cherrythitsar.org

www.foreverspace.com.mm



ကုန်သည်အားလုံး စံထားကြသော အသင်းပိုင် သမာဓိချိန်ခွင်ရှိသော ဆိုင်ရှေ့သို့ ရောက်လေပြီ။

"ဆရာ. . . ရွှေပါလား။ ရွှေ ရောင်းချင်လား။ ရွှေချိန်ချင်လား။ ကျွန်တော်တို့ဆိုင်က ရွှေဈေးကို အကောင်းဆုံးပေးဝယ်တယ်။ ဆရာ ရောင်းချင်ရင် ကျွန်တော်တို့ဆိုင် လိုက်ရောင်းပါ"

ရွှေကြိုကောင်လေးတစ်ယောက်က ကျွန်တော့်ကို လှမ်းပြောလိုက်ခြင်း ဖြစ်၏။

ကျွန်တော် ပြုံးလိုက်မိ၏။

"မင်း ငါ့ကို မသိဘူးလား"

ရွှေကြိုကောင်လေးက ကျွန်တော့်အမေးစကားကြောင့် ကြောင်သွား၏။

"ဘာဖြစ်လို့လဲ ဆရာ"

"ဘာမှ မဟုတ်ပါဘူးကွာ။ ငါက ကုန်သည်ပါ။ နယ်က ရွှေလာရောင်းတဲ့လူ မဟုတ်ပါဘူး။ ဒီလမ်းမှာ အရင်ကတော့ နေ့တိုင်း သွားလာနေလို့ ရွှေကြိုကောင်လေးတိုင်းက သိတယ်။ ဘယ်သူမှ ရွှေရောင်းဖို့ ပါလားလို့ မမေးဖူးဘူး။ မင်းကျမှ ငါ့ကို. . မေးနေလို့ အံ့သြပြီး မေးမိတာပါ"

"ကျွန်တော်က ရွှေကြိုအလုပ်ကို ဝင်လုပ်တာ မကြာသေးပါဘူး ဆရာ"

"ဘယ်လောက်ကြာပြီလဲ"

"နှစ်လတောင် ပြည့်မှာ မဟုတ်သေးပါဘူး"

"ဘယ်ဆိုင်အတွက် မင်း လုပ်နေတာလဲ"

"ကိုမြတ်ဝင်းဆိုင်အတွက်ပါ"

ရွှေကြိုသမားဟူသည်မှာ ရွှေဘုံသာလမ်းတွင် အငယ်ဆုံး ရွှေပွဲစားလေးများပင် ဖြစ်၏။

သူတို့သည် ရွှေအကြောင်းလည်း တစ်လုံးမှ မသိ။

သိစရာလည်း မလို။

သူတို့တာဝန်မှာ ရွှေလာရောင်းသူကို သူ့ဆရာဆိုင်သို့ မရောက်ရောက်အောင် ခေါ်သွားနိုင်ရေးပင်ဖြစ်၏။ ရွှေရောင်းချင်သည့်သူက သူ့ဆရာဆိုင်သို့ ရောက်သွားပြီး အရောင်းအဝယ်ဖြစ်လျှင် သူ့ဆရာက သူ့ကို အရောင်းအဝယ် ပမာဏကို လိုက်ပြီး ပွဲခပေး၏။

အရောင်းအဝယ် မဖြစ်လျှင် တစ်ပြားမှ မရ။

http://www.cherrythitsar.org

www.foreverspace.com.mm



ရယ်ရပါသည်။

ရွှေဘုံသာလမ်းမှ ရွှေဆိုင်အများအပြားပင် “ပြင်ပရွှေ လုံးဝ မဝယ်ပါ” (ဆိုင်းဘုတ်)များကို ကပ်ထား၊ ထောင်ထားကြသော်လည်း ဈေးသက်သာလျှင် မိမိအတွက် ဘေးအန္တရာယ် မဖြစ်နိုင်ဟုထင်လျှင် ဝယ်ကြသည်သာ ဖြစ်၏။

ကျွန်တော် ဆက်လျှောက်လာသည်။

ဟိန္ဒူဘုရားကျောင်းအောက်မှ ဆိုင်ခြောက်ခန်းတွဲအရှေ့သို့ ရောက်ပြီး

“ဦးလှဝင်း. . လာ. . ထိုင်”

လမ်းဘေး လက်ဖက်ရည်ဆိုင်၏ ခွေးခြေထိုင်ခုံတစ်လုံးတွင် ထိုင်နေသော မိတ်ဆွေကြီး ဦးနာဒရန်ဆင်က လှမ်းနှုတ်ဆက်လိုက်ခြင်း ဖြစ်၏။

“အနဲ. . . နေကောင်းတယ်နော်”

“ကောင်းပါတယ် ဦးလှဝင်း။ ထိုင်ပါဦး။ လက်ဖက်ရည် သောက်မလား။ ကော်ဖီ သောက်မလား”

“ကျွန်တော် ဘာမှ မသောက်ချင်ဘူး။ ရေနွေးကြမ်းပဲ သောက်ပါ့မယ်”

ကျွန်တော်က ဦးနာဒရန်ဆင်၏ဘေးမှ ခွေးခြေလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။

ဦးနာဒရန်ဆင်ကို ရွှေဘုံသာလမ်းတစ်ခုလုံးမှ ပွဲစားများ၊ ကုန်သည်များ အားလုံး အနဲဟု ခေါ်ပါသည်။

ဘာကြောင့် ခေါ်ကြသည် မသိ။

ကျွန်တော်ကလည်း ဦးနာဒရန်ဆင်ကို အခြားသူများ ခေါ်သကဲ့သို့ အနဲဟုပင် ခေါ်ပါသည်။

“အနဲ ဒီလမ်းမှာ ဘာဖြစ်နေလဲဗျ။ ကျွန်တော် ခုမနက် လျှောက်လာတာ တစ်လမ်းလုံး ကျွန်တော့်မျက်နှာသိ ကုန်သည်ပွဲစား တစ်ယောက်မှ မတွေ့ဘူး။ ဘယ်ရောက်ကုန်ကြတာလဲဗျ”

“အလုပ် မဖြစ်ကြဘူးလေ။ ပွဲစားကလည်း သူ့အိမ်က ဒီလမ်းကို လာရတဲ့ ခရီးစရိတ်တောင် နေ့တိုင်း မကျေဖြစ်နေတော့ မလာချင်ကြတော့ဘူး။ ကျောက်ကုန်သည်တွေလည်း ဒီအတိုင်းပဲ။ အရောင်းအဝယ်က သိပ်ပါးလွန်းနေတယ်။ ကျောက်တစ်ပွင့်ကို ကိုင်မိ ဝယ်မိပြီးရင် ပြန်မထွက်တော့ဘူး။ အရှုံးခံပြီး အောက်ဈေးဆင်းရောင်းရင်တောင် ဝယ်မဲ့လူ မရှိဖြစ်နေတယ်”

“ဘယ်လို ဖြစ်သွားတာလဲ”

http://www.cherrythitsar.org
www.foreverspace.com.mm



"မသိပါဘူးဗျာ။ ဒီလမ်းရဲ့ ဈေးကွက်က ဒီနေ့ ပျက်ကိုနေတယ်။ ဟို ရှေ့က ကျောက်စိမ်းပွဲစားတန်းကို ကြည့်ပါလား။ အရင်တွေ့နေကြ ပွဲစားတွေ၊ ကုန်သည်တွေ၊ ဘယ်သူ ရှိကြတော့လို့လဲ"

မှန်ပါသည်။

ကျွန်တော့်မိတ်ဆွေကြီး ကိုထွန်းမြင့်တို့ အမြဲထိုင်လေ့ရှိသော ကျောက်စိမ်းသမားအုပ်စုတို့၏ နေရာ၌လည်း လူမရှိ ဖြစ်နေပါသည်။

"ကျောက်စိမ်းဈေးကွက်က ဘာဖြစ်လို့ ဒီလောက် ပျက်သွားရတာလဲ"

"အာရှရဲ့ စီးပွားပျက်တဲ့ ပြဿနာပေါ့။ ကမ္ဘာမှာ ကျောက်စိမ်းကို ဝယ်တာက တရုတ်တွေ မဟုတ်လား။ ဟောင်ကောင်တို့၊ စင်ကာပူတို့ မဟုတ်လား။ ကြည့်ရတာ အဲဒီက ကုန်သည်တွေလည်း ဒီနေ့ ငွေကြေးပြဿနာအမျိုးမျိုးကြောင့် ဝယ်အား အရင်လို မရှိကြတော့ဘူး ထင်တယ်"

"မော်ထဲက ကျောက်တွေရော ရန်ကုန်ကို ပုံမှန် ဝင်လာနေကြတုန်းပဲလား"

"ဘယ်လာပါ့မလဲ ဦးလှဝင်းရယ်။ ရန်ကုန်မှာ ဆွဲအားမရှိရင် မော်ထဲကလည်း ဒီကို ဘယ်ဆင်းလာတော့မလဲ။ အားလုံးက ကွင်းဆက်တွေလို ဖြစ်နေတာပဲ။ ဒီနေ့ အစိမ်းဈေးကွက်မှာ သိပ်ကောင်းတဲ့ အစိမ်းတွေပဲ ကောက်နေတဲ့ လူ ရှိတယ်။ ဒီလိုဟာမျိုးကို ကောက်နိုင်တာလည်း ဒီလမ်းထဲမှာ နှစ်ယောက် လောက်ပဲရှိတယ်။ အထုပ် စပ်ကြတာပါ။ အထုပ်ကြီးပေါ့။ ကြည့်ရတာက သူတို့မှာ (အော်ဒါ)ရှိပြီးသား။ (အော်ဒါ)ရှိထားလို့ ကောက်ရဲနေကြတာ ထင်ပါတယ်"

မှန်ပါသည်။

ကျောက်မျက်များ၏ ကုန်သွယ်မှုအခြေခံသဘောမှာ မြစ်များ၌ ရေစီးဆင်းနေသကဲ့သို့ပင် ဖြစ်၏။

ရှေ့မှ စီးနေသော မြစ်ရေကို တန့်လိုက်နိုင်လျှင် နောက်မှ ရေများမှာလည်း ဆက်မစီးနိုင်တော့ဘဲ တန့်ကုန်ကြသကဲ့သို့ ဈေးကွက်၌လည်း ဆွဲအား ရှိနေမှသာလျှင် ထုတ်လုပ်သည့် အပိုင်းမှ ဆက်ထုတ်နိုင်ပါသည်။

ဝယ်အားကောင်းမှ ထုတ်အား၊ ရောင်းအားလည်း ကောင်းလာပါသည်။

"ကိုနီတစ်ယောက်လည်း မမြင်ပါလား"

ကျွန်တော်က အနဲကို မေးလိုက်ခြင်းဖြစ်၏။

"ကိုနီ ရန်ကုန်မှာ မနေတော့ဘူး။ တွံတေး ပြောင်းသွားပြီ။ တွံတေး

http://www.cherrythitsar.org

www.foreverspace.com.mm



မှာပဲ နေတော့တယ်”

ဘာကြောင့် ကိုနီ တွံတေးပြောင်းသွားသည်ကို ကျွန်တော် မေးနေစရာ မလိုတော့ပါ။

ကိုနီမှာ ကျွန်တော်နှင့် အလွန်ခင်မင်သော ကျောက်ကုန်သည်၊ ကျောက်ပွဲစားတစ်ဦး ဖြစ်၏။ သူသည် ကျောက်စုံကိုင်သော်လည်း အနီနှင့်အပြာကို ပို၍ အားသန်သူ ဖြစ်ပါသည်။

မှတ်မိသေးသည်။

ကိုနီ. . . ကျွန်တော့်ကို ကျောက်အမျိုးမျိုး လာပြဖူး၏။ ရောင်းဖူး၏။

“ဦးလှဝင်း. . ကျွန်တော့်မှာ ကလပ် ရှစ်ဆယ်ကျော်ရှိတဲ့ အနီလုံးချောကြီးတစ်ပွင့် ရှိတယ်”

“ကိုနီ ကျောက်က လှလား”

“သိပ်လှပေါ့ဗျာ”

“ခေါင်းချောလား”

“ချောတယ်”

“အရည်လှလား”

“ပထမတန်းအရည်ပဲ”

“ဈေးက ပေးဖိုး ထွက်ထားပြီးလား”

“ပေးဖိုးကတော့ အမြဲ ထွက်တယ်။ ဒါပေမဲ့ သိပ်ကွာနေလို့။ ကျွန်တော်က ဒီကျောက်ကို သိပ်ကြိုက်နေလို့ ပေါ်ပေါ်နဲ့တော့ မရောင်းဘူး။ အမေရိကန်ဒေါ်လာ တစ်သောင်းဈေးလောက်ကို ရမှ ရောင်းမယ်။ ဦးလှဝင်း ကြည့်ချင်လား”

“ကြည့်မယ်လေ။ ယူလာခဲ့”

နောက်တစ်နေ့ မနက်တွင် ကိုနီ အစောကြီး ကျွန်တော့်အိမ်သို့ ရောက်လာ၏။ သူနှင့်အတူ သူ၏အလွန်လှသည်ဟုဆိုသော အနီလုံးချောကြီးလည်း ပါလာ၏။

ကျွန်တော် သူ့ကျောက်ကို မြင်သည်နှင့် အလွန်စိတ်ပျက်သွား၏။

ကျောက်များ မိုးကုတ်သားများ ဝါးဖြူတောင်ကျောက်ဟုခေါ်သော ကျောက်။ ဗွေများ ပါနေသည်။ စိန်ဆီမပေါ်ခင် ခေတ်က ဤကျောက်မျိုးကို မည်သို့မှ ခေါင်းချောအောင်၊ ခေါင်းလုံးအောင် သွေး၍မရ။ အဖတ်များ ကွာကျ၏။

ယခု စိန်ဆီပေါ်လာသည့်ခေတ်တွင် တစ်ဦးတစ်ယောက် အလွန် စိတ်-

http://www.cherrythitsar.org

www.foreverspace.com.mm



ရှည်စွာဖြင့် သွေးထား၊ အရောင်တင်ထားဟန်ရှိ၏။ ကျောက်မှာ ချောပြီး ဝင်း-လက်နေ၏။

သို့သော် မိုးကုတ်သားများက (မျိုး)ဟုခေါ်သော အလင်းဖောက် စွမ်း-အားနည်းနေသည်။ ကျောက်မျက်နှာပြင်ပေါ်သို့ အသေအချာကြည့်လျှင် မူလကျောက်ထွက်ရာ သဘာဝဇာတိကိုပြသော ဗွေများက ပေါ်မြဲ ပေါ်နေဆဲ. . ။

"ဦးလှဝင်း ကြိုက်လား"

"ကြိုက်ပါတယ်။ ဒါပေမဲ့ ဒီလိုကျောက်မျိုးကို ပြန်ရောင်းနိုင်တဲ့ ဈေး-ကွက်မျိုး ကျွန်တော်မှာ မရှိဘူး ကိုနီ"

ကျွန်တော် မကြိုက်သဖြင့် ပါးနပ်လိမ္မာစွာ ငြိမ်နေသည်ကို သူ ချက်ချင်း သဘောပေါက်၏။

"ကျွန်တော်ကတော့ ဦးလှဝင်း ကြိုက်မယ်ထင်လို့ ယူလာတာပဲ။ မကြိုက်လည်း အရေးမကြီးပါဘူး။ ကြိုက်တဲ့လူမျိုးတွေ့ရင် ပေါ်လာရင်တော့ ကျွန်တော့်ကို ပြောပေါ့"

"ဟုတ်ကဲ့။ ပြောပါ့မယ်။ သြော်. . ကိုနီ ကျောက်ကို ခင်ဗျားဝယ်ထားတဲ့ ဝယ်ဖိုးက များလား"

"မများပါဘူး။ ကျွန်တော်က တော်တော့်ကို ချောင်ချောင်နဲ့ ဝယ်ထားတာ"

တော်ပါသေးသည်။

သူ့ဝယ်ဖိုး များနေလျှင်ဖြင့်. . . ။

ကျွန်တော် စိတ်မကောင်းပါ။ ကိုနီကို သူ့ကျောက်၏ အားနည်းချက်များကိုလည်း ဘာမျှ ပြောမနေတော့ပါ။

သတ္တဝါတစ်ခု၊ ကံတစ်ခု. . . ။

ကိုနီပင် ဤကျောက်မျိုးကို မှားဝယ်မိခဲ့လျှင် တစ်နေ့တွင်လည်း ဤကျောက်မျိုးကို မှားဝယ်မည့်သူ ပေါ်ကောင်း ပေါ်လာပါလိမ့်မည်။

အမေရိကန်ကုန်သည်များ ပြောလေ့စကားတစ်ခု ရှိပါသည်။ ကမ္ဘာမှာ မိနစ်တိုင်းတွင် လူမိုက်တစ်ယောက်ယောက်ကို အမြဲမွေးနေသည်တဲ့။ ဤလူမိုက်မျိုး ကိုနီ့ထံ ရောက်လာသည့်နေ့တွင် ကိုနီ့ကျောက်ကို ဈေးကောင်းဖြင့် ကိုနီ ပြန်ရောင်းကောင်း ရောင်းနိုင်ပါလိမ့်မည်။ ယခုတော့ စောင့်ပေဦးတော့. . ။

တကယ်တော့ ကိုနီမှာ ကျွန်တော်ထက်ပင် ကျောက်ပညာရှိသူ ဖြစ်ပါ

www.foreverspace.com.mm



သည်။ တစ်ခါက ကျွန်တော် မှားဝယ်လုဝယ်ခင်ဖြစ်နေသော ကျောက်အရိုင်း အတုတစ်ပွင့်ကို သူ သတိပေးသဖြင့် ချမ်းသာခဲ့ရဖူး၏။

"ကိုလှဝင်း. . ဒီကျောက်ကို မဝယ်နဲ့။ ကပ်ကျောက်အပေါ်က အရိုင်းစနဲ့ အောက်ကအရိုင်းက တစ်ဆက်တည်းမဟုတ်ဘူး။ ကော်နဲ့ကပ်ပြီး ဆက်ထားတာ။ အကြံအဖန်ကြီး။ ခင်ဗျား မယုံရင် အပ်တစ်ချောင်းရှာပြီး ဟောဒီ ဆက်ထားတဲ့နေရာကို ခြစ်ကြည့်။ ကော်စတွေ ထွက်လာလိမ့်မယ်"

ထိုကျောက်မှာ အမှန်ပင် ထပ်ကျောက် ဖြစ်နေသည်။

ဤအဖြစ်အပျက်မှာ လွန်ခဲ့သော ဆယ်နှစ်ကျော်က အဖြစ်အပျက်ဖြစ်၏။

ကိုနီသည် ကျောက်ပညာရှိပါလျက် ဘာကြောင့် မအောင်မြင်ရပါသနည်း။

အဓိက ငွေရင်း ဖြစ်၏။

သူ့တွင် ကိုင်နိုင်သည့် ငွေရင်းမှာ အလွန်နည်း၏။

သူမြတ်မည့်ကျောက်ကို သိ၏။ ရွေးဝယ်တတ်၏။ သို့သော် ဈေးကောင်းရအောင် အချိန် စောင့်ရောင်းနိုင်သည့်အင်အား သူ့တွင် မရှိ။

တစ်သောင်း အမြတ်ရနိုင်သည့်ကျောက်ကို ငွေပေါ်လျှင် ပြီးရော သဘောဖြင့် ကျွန်တော့်ထံတွင် နှစ်ထောင်အမြတ်ဖြင့် ပြန်ရောင်းသွားခဲ့ဖူး၏။

"မတတ်နိုင်ဘူး ကိုလှဝင်းရေ။ ငွေက ငွေပူဖြစ်နေတယ်။ သူများဆီက ဆွဲပြီး သုံးထားရတဲ့ငွေ။ ကတိအတိုင်း ငွေရှင်ကို အချိန်မီ ပြန်မပေးနိုင်ရင် ကိုယ်နာမည် ပျက်တော့မယ်"

ကျွန်တော် စိတ်မကောင်းပါ။

ကိုနီကဲ့သို့ပင် ကျောက်ပညာရှိသော်လည်း ငွေအင်အားနည်းသဖြင့် တဝဲဝဲလည်လည် ဖြစ်နေသူများ ကျွန်တော်တို့ ရွှေဘုံသာလမ်းဈေးကွက်တွင် အများအပြားပင် ရှိ၏။

ရင်းနှီးပါသည်။

သာဓကအဖြစ် ပုဂ္ဂိုလ်တစ်ယောက်ကို တင်ပြချင်ပါသည်။

ကျောင်းဆရာ။

သူ့နာမည် ဘယ်သိုခေါ်သည်ကို ကျွန်တော် မသိ။ တစ်လမ်းလုံးရှိကုန်သည် ပွဲစားများက ကျောင်းဆရာဟုသာ ခေါ်နေကြသဖြင့် ကျွန်တော်က

http://www.cherrythitsar.org

www.foreverspace.com.mm



လည်း သူ့ကို ကျောင်းဆရာဟုပင် ခေါ်လိုက်ပါသည်။

အသက်အရွယ်မှာ လေးဆယ်ကျော်ခန့်ရှိလေပြီ။

သူနှင့် ကျွန်တော့်ကို မည်သူမျှ မိတ်ဆက်မပေးပါ။ လွန်ခဲ့သည့် ဆယ်နှစ်ခန့်က ဖြစ်၏။ သူ့ဟာသူ တစ်နေ့တွင် ကျောက်မျိုးစုံ တစ်ပွေ့တစ်ပိုက်ကြီးဖြင့် ကျွန်တော့် ကျောက်မျက်ဓာတ်ခွဲခန်းသို့ ရောက်လာပြီး မိတ်ဆက်၏။

သူ့နာမည်ကို ပြော၏။

နာမည်မှာ သုံးလုံးဖြစ်၏။

"ဒါပေမဲ့ ဆရာ။ ပွဲစားတန်းမှာ အားလုံးကပဲ ကျွန်တော့်ကို ကျောင်းဆရာလို့ ခေါ်နေကြတော့ ဆရာလည်း ကျွန်တော့်ကို ကျောင်းဆရာလို့ပဲ ခေါ်လို့ရပါတယ်။ ကျွန်တော်က ဆရာ့စာတွေဖတ်ပြီး ဆရာ့ကို သိပ်တွေ့ချင်နေတာ"

"ဘာလုပ်ဖို့လဲ"

"ကျွန်တော်မသိတာတွေ မေးချင်စမ်းချင်လို့ပေါ့ ဆရာရယ်။ ကျွန်တော့်မှာ စုဆောင်းထားတဲ့ ကျောက်တွေအများကြီး ရှိတယ်"

နောက်တစ်နေ့တွင် ကျောင်းဆရာသည် ကျွန်တော့်ထံသို့ မြွေရေခွံအိတ်တစ်လုံးနှင့် အပြည့်ထည့်ထားသော ကျောက်များကို ယူလာပြီး ပြ၏။

ကျောက်မျက်တန်းဝင် ကျောက်မျက်အဆင့်ကျောက်မျိုး တစ်ပွင့်မျှမပါ။

အသားကျောက်။ ကျောက်စိမ်းအရိုင်းများ။

သလင်း (Quartz) ရောင်စုံအတုံးကြီးများ။

အမဲရောင် မှတ်မီးကျောက်များ။

"ကျွန်တော့် ကျောက်တွေအထဲမှာ ဆရာ စိတ်ဝင်စားတာ ပါလား"

ကျွန်တော် စိတ်မကောင်းပါ။ မဖြေချင်ပါ။ သို့သော် မဖြေ၍လည်း မဖြစ်။

"မပါဘူး"

"ဒီကျောက်တွေအားလုံးက ကျောက်စစ်တွေ မဟုတ်ဘူးလား ဆရာ"

"ဟုတ်ပါတယ်။ ကျောက်စစ်တွေပါ။ ဒါပေမဲ့ ကျောက်မျက်တန်းမဝင်လို့ စိတ်မဝင်စားတာပါ"

"ဆရာ့လက္ခဏာကို ကျွန်တော် ကြည့်ချင်တယ် ဆရာ"

"ဘာလဲ။ လက္ခဏာပညာလည်း တတ်သလား"

http://www.cherrythitsar.org

www.foreverspace.com.mm



"တတ်တာပေါ့ ဆရာရယ်။ ကျောက်ပွဲစားတန်းကို ကျွန်တော် ဝင်တိုးတာ အသိအကျွမ်းရှိလို့မှ မဟုတ်ဘဲ။ လက္ခဏာပညာကိုအားကိုးပြီး ဝင်ရတာ။ ကျွန်တော်က ပွဲစားတန်းမှာ ပွဲစားတွေ၊ ကုန်သည်တွေအားလုံးကို လက္ခဏာ အခမဲ့ ကြည့်ပေးတယ်။ ကြည့်ခမယူပေမဲ့ အကြည့်ခံတဲ့လူတိုင်းကတော့ ကျွန်တော့်ကို လက်ဖက်ရည်တိုက်သွား၊ မုန့်ကျွေးသွားပေါ့ ဆရာရယ်။ တစ်နေ့ တစ်နေ့ ပွဲစားတန်းမှာ စားဖို့သောက်ဖို့အတွက်ကတော့ ကျွန်တော် မပူရဘူး"

ကျွန်တော် နှစ်ခြိုက်စွာ အသံထွက်၍ ရယ်လိုက်မိပါသည်။

"ဒါဖြင့်ရင် ကျွန်တော့်လက္ခဏာကို ကြည့်ပေးပြီးရင်လည်း ကျွန်တော် ကျောင်းဆရာကို လက်ဖက်ရည်လည်း တိုက်ပါ့မယ်။ မုန့်လည်းကျွေးပါ့မယ်"

ကျောင်းဆရာမှာ ဇဝနဉာဏ် အလွန်ရှိသူ ဖြစ်၏။

ဟာသအမျိုးမျိုးကိုလည်း ပြောတတ်၏။

ကျွန်တော်တို့ ကျောက်မျက်လောက၏ အနိဋ္ဌာရုံ စိတ်ညစ်စရာများကိုလည်း ရယ်စရာရှုထောင့်မှ မြင်နိုင်စွမ်းသူ ဖြစ်၏။

ကျောင်းဆရာနှင့် ကျွန်တော်မှာ သူ ပထမဆုံးလာသည့်နေ့မှစ၍ပင် ခင်မင်သွားခဲ့ပါသည်။

သူ မကြာခဏ ကျွန်တော့်ထံသို့ ရောက်လာတတ်ပါသည်။ အံ့သြစရာ မြင်တွေ့ သိလာရပါသည်။

ကျောင်းဆရာသည် ကျောက်မျက်ပညာနှင့် ကျောက်မျက်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းမှုကို အမှန်တကယ် အလွန်မြတ်နိုးပြီး အလွန် သိချင်တတ်ချင်နေသူဖြစ်၏။

သို့သော် ရွှေဘုံသာလမ်း ကျောက်မျက်ဈေးကွက်၌ သူ လုံးဝ မအောင်မြင်ပါ။ ထီးဖြူ ဖိနပ်ပါး လမ်းပွဲစားဘဝမျိုးဖြင့်သာ ရုန်းကန်ပြီး အချိန်ကုန်ခဲ့ရ၏။

သို့သော် . . .

သူ့ကြောင့် ငွေတစ်သိန်းကျော် ကျွန်တော် အမြတ်ရဖူး၏။

မယုံနိုင်စရာပင် ဖြစ်၏။

တစ်နေ့ ငါးပိဿာခန့်ရှိသော အစိမ်းတုံးကြီးတစ်ခုကို ပွေ့ချီပြီး ကျောင်းဆရာ ကျွန်တော့်ထံ ရောက်လာ၏။

"ဘာအတုံးကြီးလဲ ကျောင်းဆရာ"

"ဆရာ့ဖို့ ကျွန်တော် ယူလာတာ။ ဆရာ့တည့်အောင်ဝယ်။ ကြက်တူရွေး

http://www.cherrythitsar.org

www.foreverspace.com.mm



စိမ်းလို့ ခေါ်တယ် ဆရာ။ ကျောက်စိမ်းအမျိုးထဲမှာပါတယ်။ ဒီလောက်ကြီးတဲ့ အစိမ်းတုံးကြီးမျိုးရဖို့ သိပ်ခက်တယ်။ အရုပ်ထုလို့ရတယ် ဆရာ။ အရုပ်ထုပြီးရင် သိပ်လှတာ"

အစိမ်းတုံးကြီးမှာ ကြက်တူရွေးစိမ်းဟု သူ နာမည်ပေးထားသည့်အတိုင်း ပင် အရောင်မှာ ကြက်တူရွေးငှက်၏ အရောင်အတိုင်းပင် စိမ်းနေ၏။

"ဒီလို အစိမ်းတုံးမျိုး ကျွန်တော် မဝယ်တတ်ဘူး။ ဘယ်မှာ သွားပြန် ရောင်းရမှန်းလည်း မသိဘူး"

"မဝယ်တတ်လည်း ဝယ်ပါ ဆရာရယ်။ ဆရာ့လက္ခဏာကို ကျွန်တော် ကြည့်ထားပြီးသား။ ဆရာက ကံရှိတဲ့လူ။ ဒီပစ္စည်းဟာ ဆရာ့လက်ထဲ ရောက် သွားပြီးတာနဲ့ ချက်ချင်း တန်ဖိုးတက်လာမှာပါ။ ဝယ်တဲ့လူ ချက်ချင်းပေါ်လာမှာပါ"

ကျွန်တော်က နှစ်ခြိုက်စွာ ပြုံးလိုက်မိ၏။

ကျောင်းဆရာသည် ကျွန်တော့်ကို မြှောက်ပင့်၍ ပေါင်း၏။ ကျွန်တော် ကလည်း အမြှောက်ကြိုက်သူ။

မြှောက်ပင့်ပြောဆိုပြီး လာရောင်းသည့် ပွဲစားပစ္စည်းကို အမြဲတည့် အောင် ဝယ်တတ်သူ ဖြစ်၏။

"ကဲ. . ကျွန်တော် ဝယ်ပြီးလို့ တစ်လအတွင်း မရောင်းရတော့ ခင်ဗျား ပြန်ဝယ်မှာလား"

"အဲဒီလိုတော့လည်း မချည်လိုက်ပါနဲ့ ဆရာရယ်။ ဆရာ့တပည့် ကျွန်တော်က ပိုက်ဆံရှိတဲ့လူမှမဟုတ်ဘဲ။ နောက် ဒီပစ္စည်းက ကျွန်တော်ပိုင် ပစ္စည်းမဟုတ်ဘူး။ ပွဲစားဝင်လုပ်တာ။ ဆရာ ခုဝယ်လိုက်တာနဲ့ ပစ္စည်းရှင်ကို ငွေချက်ချင်း သွားပေးရမှာ"

"ဒါဖြင့်ရင် ပစ္စည်းတော့ မဝယ်တော့ဘူး။ လက်ဖက်ရည်တိုက်လိုက် မယ်။ မုန့်လည်း ခင်ဗျား ဝအောင်ကျွေးမယ်"

"စားတာတော့ စားမှာပေါ့ ဆရာရယ်။ ဆရာ အမြဲ ကျွန်တော် လာ တိုင်း ကျွေးနေတာပဲ။ အိမ်က မိန်းမကိုလည်း ပိုက်ဆံ ပြန်မပေးနိုင်တာ ကြာပြီ။ ဒီတစ်ခါတော့ ဒီပစ္စည်းကိုတည့်အောင် ဆရာဝယ်စမ်းပါ။ ကျွန်တော့်ကိုလည်း သနားပါဦး။ ဆရာ့ကိုအားကိုးပြီး ဒီအစိမ်းတုံးကြီးကို ရွှေဘုံသာလမ်းအောက် (ဘလောက်)ကနေ ဗိုလ်ချုပ်ဈေးအထိရောက်အောင် ထမ်းခဲ့ရတဲ့ဒုက္ခက ဘယ်- လောက်ကြီးသလဲ။ ဘယ်လောက်ပင်ပန်းမလဲ"

http://www.cherrythitsar.org

www.foreverspace.com.mm



ရယ်ရပါသည်။

ဘာကြောင့်ဟူ၍ မသိ။

သူ့ရဲ့ အစိမ်းတုံးကြီးကလည်း ကျွန်တော့်မျက်စိတွင် လှနေပါသည်။

"ခင်ဗျား အတုံးကြီးက ဘယ်ဈေးလဲ"

"တစ်သောင်းထဲပါ ဆရာရယ်"

"ကျောင်းဆရာ. . ကျုပ် ဘာအတုံးကြီးမှန်းတောင် မသိတဲ့ကျောက်ကို ဘယ်လိုလုပ်ပြီး ငွေတစ်သောင်းကြီးနဲ့ ဝယ်နိုင်မှာတုန်း"

"ဆစ်ပေါ့ ဆရာရယ်"

"ဆစ်လည်း မဆစ်ချင်ဘူး။ ခင်ဗျားရဲ့ ရောင်းဖိုးပြော. . "

"ကျောက်ရှင်ကတော့ ငါးထောင်ရရင် ရောင်းခဲ့လို့ မှာလိုက်တာပဲ ဆရာ"

"ငါးထောင်တော့ မပေးနိုင်ဘူး။ နှစ်ထောင်ပေးမယ်။ ရောင်းနိုင်ရင်လည်း ထားခဲ့။ မရောင်းနိုင်ရင်လည်း ပြန်ယူသွား"

"ဒီလိုလုပ်ပါ ဆရာ။ ကျောက်ရှင်ကို ကျွန်တော် ရောင်းနိုင် မရောင်းနိုင် သွားပြန်မေးလိုက်ဦးမယ်။ ကျောက်တုံးကြီးကိုတော့ ဆရာ့ဆီမှာပဲ ထားခဲ့မယ်"

ကျောင်းဆရာ ရွှေဘုံသာလမ်းမှ ပွဲစားတန်းသို့ တစ်ခေါက် ပြန်သွားပြန်၏။

တစ်နာရီခန့်အတွင်း သူ ပြန်ပေါ်လာပြီး . .

"ပိုင်ရှင်က ရောင်းလိုက်တဲ့ဆရာ။ ကျွန်တော်ကိုတော့ ပွဲညွှန့်ငါးရာပိုပေးပါ ဆရာရယ်။ ကျွန်တော့်မိန်းမက ငွေငါးရာလောက်မှ မပါရင် ဒီနေ့ အိမ်ပြန်မလာနဲ့တော့လို့ မှာထားလို့ပါ"

ကျောင်းဆရာကို သနားပြီး သူ့ကျောက်တုံးကို ဝယ်လိုက်ပါသည်။

ငွေငါးရာလည်း ပွဲညွှန့်ပေးလိုက်ပါသည်။

ကြက်တူရွေးရောင် စိမ်းတုံးကြီးမှာ အလွန်လှသော အစိမ်းတုံးကြီးဖြစ်နေသဖြင့် ကျွန်တော့်အလုပ်စားပွဲပေါ်၌ အလှတင်ထားလိုက်၏။

လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လျှင် အလင်းဖောက်စွမ်းအား လုံးဝမရှိသဖြင့် ပြန်ရောင်းစား၍ ရနိုင်သော ကျောက်ဟု ကျွန်တော် လုံးဝမထင်ခဲ့ပါ။

ကျောင်းဆရာထံမှ ထိုအစိမ်းတုံးကြီး ဝယ်ပြီး တစ်လခန့် အကြာတွင်

http://www.cherrythitsar.org

www.foreverspace.com.mm



ကိုထွန်းမြင့် ကျွန်တော့်ရုံးခန်းသို့ အလည်ရောက်လာ၏။

“ဟင်း. . ဦးလှဝင်းက ကြက်တူရွေးစိမ်းတွေလည်း ဝယ်သလား”

“နားလည်လို့ ပြန်ရောင်းစားစရာဈေးကွက်ရှိလို့ ဝယ်တာတော့ မဟုတ်ပါဘူး ကိုထွန်းမြင့်ရယ်။ ဟိုတစ်လောက ပွဲစား ကျောင်းဆရာ အတင်း လာထိုးရောင်းလို့ မဝယ်ချင်ဘဲနဲ့ မလွှဲသာလို့ ဝယ်ထားရတာ”

ကိုထွန်းမြင့်က အစိမ်းတုံးကြီးကို ပွေ့ချီပြီး ဖင်ပြန် ခေါင်းပြန်ကြည့်၏။

“ဘယ်လောက်ပေးထားရလဲ”

“နှစ်ထောင်”

“ကျွန်တော် ငါးထောင်ပေးမယ်။ ကျွန်တော့်ကို ပြန်ရောင်းပေး”

ကျွန်တော့်မျက်လုံးများ ချက်ချင်း ပြူးကျယ်သွား၏။

ကိုထွန်းမြင့်မှာ အစိမ်းသမားဖြစ်၏။

အစိမ်းဈေးကွက်ကို သိ၏။

“ဒါ ကျောက်စိမ်းလား”

“ကျောက်စိမ်း မဟုတ်ဘူး။ ဒါပေမဲ့ ထွက်ရပ်ကတော့ ကျောက်စိမ်းမှော်တွေအထဲကပဲ။ ဖားကန့်က ထွက်တာပဲ”

“ကျွန်တော်လည်း မျက်စိထဲမှာ လှလို့ ဒီလို အလုပ်စားပွဲပေါ်မှာ တင်ထားတာ”

“ဘယ်လိုလဲ။ ရောင်းမလား”

“ကျွန်တော် စဉ်းစားဦးမယ်”

“ကဲ. . တစ်သောင်းအထိ ပေးမယ်ဗျာ။ ရောင်းပေတော့”

ကျွန်တော်က မတောင်းရဘဲ ကိုထွန်းမြင့်က ကျောက်ဈေးကို တစ်ဆတိုးပေးလိုက်ပြန်၏။

ကျွန်တော် သိသည်။

ကိုထွန်းမြင့်သည် အစိမ်းတုံးကြီးကို သူ့ရောင်းကွက်၌ အနည်းဆုံး နှစ်သောင်းမရဘဲ ကျွန်တော့်ကို တစ်သောင်းပေး၍ ဝယ်လိမ့်မည်မဟုတ်။

ကျွန်တော်က လုံးဝ တန်ဖိုးမသိဟု မူလကပင် ဝန်ခံထားမိသဖြင့် သူ့ဝယ်ဈေးမှာ အောက်ဆုံးဈေး ပေးဝယ်နေခြင်း ဖြစ်လိမ့်မည်ဟု ကျွန်တော်တွေး၍ရ၏။

“ဦးလှဝင်း သဘောပဲလေ။ ကျွန်တော်က ကော်ဖီထုပ်ပုံအရုပ် ထုချင်

http://www.cherrythitsar.org
www.foreverspace.com.mm



လို့ပါ။ ဒီ ကြက်တူရွေးစိမ်းမျိုးက ကော်ဖီထုပ်ပုံအရုပ်ထုရင် သိပ်လှတယ်”

ကိုထွန်းမြင့် ပြန်သွားပြီးနောက် မြန်မာစျေးကွက်၌ ကြက်တူရွေးစိမ်းဟုခေါ်နေကြသော ကျွန်တော့်အလုပ်စားပွဲပေါ်မှ အစိမ်းတုံးကြီးကိုကြည့်ပြီး ကျွန်တော် အမျိုးမျိုးတွေးနေမိ၏။

စဉ်းစားနေ၏။

ကျောက်စိမ်းမှာ အင်္ဂလိပ်ဘာသာဖြင့် Jadei th ...

ဒီ ကြက်တူရွေးစိမ်းတုံးကြီးမှာ အင်္ဂလိပ်ဘာသာဖြင့် ဘာကျောက်ဟုခေါ်ပါသနည်း။

အင်္ဂလိပ်အမည် သိလျှင်ဖြင့် ဤအစိမ်းတုံးကြီးအကြောင်း အသေးစိတ်သိရန် ကျွန်တော့်အတွက် ဘာမှမခက်တော့။

နောက်တစ်နေ့တွင် ရွှေဘုံသာလမ်းသို့သွားပြီး ကြက်တူရွေးစိမ်းကျောက်အကြောင်းကို စုံစမ်းသည်။

တွေ့ဖူး မြင်ဖူးသည့်ကုန်သည် အများအပြားပင် ရှိ၏။

“လက်သီးဆုပ်အရွယ် အစိမ်းတုံးတွေ လာရောင်းကြတာကိုတော့မကြာမကြာ မြင်ဖူးတယ်။ ဦးလှဝင်းရဲ့ ငါးပိသာကျော်လောက်တောင်ရှိတဲ့အစိမ်းတုံးကြီးမျိုးတော့ လာရောင်းတာ ကျွန်တော်တို့ မတွေ့ဖူးဘူး”

မကြာမီ စံအဖြစ် အသုံးချနိုင်သည့် အစိမ်းတုံးအမျိုးမျိုးကို ကျွန်တော်ဝယ်၍ရ၏။

အံ့စရာ မြင်တွေ့ရ၏။

ရွှေဘုံသာစျေးကွက်၌ မြန်မာတို့ ကြက်တူရွေးစိမ်းဟု ခေါ်နေသောအစိမ်းတုံးများမှာ အမျိုးကွဲ သုံးမျိုးခန့် ဖြစ်နေ၏။

အမည်းပြောက်များ ပါသော အစိမ်း။

အမည်းကင်းသော အစိမ်း။

အဖြူပြောက်များ၊ အဖြူကွက်များနှင့် ရောနေသော အစိမ်း။

အသားမှာလည်း အမျိုးမျိုး ဖြစ်နေ၏။

အချို့မှာ ကျစ်၏။

အချို့မှာ ပွ၏။

အလင်းပေါက်ချင်နေသည့် ကျောက်သားမျိုးကိုလည်း တွေ့ရ၏။ ထို့-ကြောင့် ကြက်တူရွေးစိမ်းဟူသော ကျောက်မှာ ယေဘုယျအမည်မျှသာ ဖြစ်နေ

http://www.cherrythitsar.org
www.foreverspace.com.mm



သည်ကို ကျွန်တော် တွက်ဆ၍ ရ၏။

ကျောင်းဆရာ ကျွန်တော့်ကို ရောင်းပေးသွားသည့် အစိမ်းတုံးကြီးမှာ အမည်းပြောက်၊ အမည်းစင်းများနှင့် ရောနေသောအစိမ်း. . . ။

အသားမှာ မကျစ်မပွ။ ကျွန်တော် ရှာဖွေ၍ရသော ကြက်တူရွေးစိမ်းကျောက်အတုံးငယ် ဆယ်ခုတွင် ဤကျောက်မျိုး တစ်ခုသာပါ၏။

တစ်နှစ်ခန့် ကြာသွားပြီးနောက်ဟု ကျွန်တော် ထင်ပါသည်။

အမေရိကန်ရတနာကုန်သည် (ဘီလာစန်) တစ်နေ့ ကျွန်တော့်ရုံးခန်းသို့ ရောက်လာပါသည်။

"ဟာ. . ဒီ(မော်စစ်စစ်)ကြီးက တယ်လှပါလား"

"မော်စစ်စစ်"

"ဟုတ်တယ်လေ။ မော်စစ်စစ်"

"ဘယ်လို စားလုံးပေါင်းလဲ"

"MAW-SIT-SIT"

"မြန်မာနာမည်ပဲ"

"ဟုတ်တယ်လေ။ စတွေ့တာ ဘာကြာသေးလို့လဲ။ စစ်ပြီးခေတ်မှာ တွေ့တာ။ အင်္ဂလိပ်နာမည်မှ မရှိသေးဘဲ။ ကချင်ပြည်နယ် ကျောက်စိမ်းတွင်းနယ်မြေက ရွာတစ်ရွာရဲ့နာမည်လို့ ပြောတယ်။ ဒီကျောက်မျိုးတွေကို အဲဒီရွာအနီးမှာပဲတွေ့လို့ အဲဒီရွာနာမည် ပေးတာတဲ့။ ကျောက်မျက် အဘိဓာန်ထဲမှာ JADEITE. ALBITE ROCK လို့ ရေးထားပေမဲ့ ကျောက်စိမ်း မဟုတ်ဘူး။ သီးခြားကျောက်တစ်မျိုး။ ကမ္ဘာမှာ ဒီနေ့အထိ လူတွေ ရှာဖွေတွေ့ရှိပြီးသမျှကျောက်တွေထဲမှာ ခရိုမီယမ် (CHROMIUM)ဒြပ်စင် အများဆုံးပါတဲ့ ခနိဇ (MINERAL)လို့ ပြောတယ်။ ခင်ဗျား ဒီကျောက်ကို ရောင်းမလား။ ကျွန်တော် ဝယ်ချင်တယ်"

"ခင်ဗျား ဘယ်လောက် ပေးမလဲ"

"ဒေါ်လာ ငါးရာ ယူ"

"နည်းတယ်"

"ခြောက်ရာ"

"နည်းတယ်"

"ခုနစ်ရာ"

http://www.cherrythitsar.org

www.foreverspace.com.mm



"ယူသွားတော့ဗျာ"

ထိုအချိန်က အမေရိကန်ဒေါ်လာ ခုနစ်ရာမှာ မြန်မာငွေ တစ်သိန်း ကျော်ခန့်နှင့် ညီမျှပါလိမ့်မည်။

"အနဲ. . ကျောင်းဆရာ လာတာ တွေ့သေးလား"

ကျွန်တော် အနဲကို မေးလိုက်၏။

"ကျွန်တော် မတွေ့တာ ကြာပြီ။ သူပျောက်နေတာ နှစ်ကို ချီသွားပြီ ထင်ပါတယ်။ သနားပါတယ်။ ဒီလူလည်း ကျွန်တော်တို့လောကမှာ အောင်မြင်မှု မရသွားရှာဘူး"

ကျွန်တော် စိတ်မကောင်းပါ။

ကျောင်းဆရာကို သတိရပါသည်။

ပြန်တွေ့ချင်ပါသည်။

သူ့ကိုတွေ့လျှင် အကြံလည်း ပေးချင်ပါသည်။

ကျောက်မျက်လောကတွင် မနေချင်ပါနှင့်။ ဗေဒင်လက္ခဏာလောက တွင် နေပါဟု. . .။

အမှတ် ၁၀၄၊ ၁၉၉၉၊ မတ်လ။

❋ ❋ ❋

www.foreverspace.com.mm

း)

## ၁၇ ။ ယနေ့ စိန်တုပြဿနာ

တစ်နေ့က နံနက်အစောကြီး ကျွန်တော့်ထံသို့ တယ်လီဖုန်းလာပါသည်။ အမျိုးသမီးတစ်ဦးထံမှ ဖြစ်၏။

"ဆရာဦးလှဝင်းလား"

"ဟုတ်ပါတယ်"

"ကျွန်မနာမည် မြင့်မြင့်သန်းပါ။ ကျွန်မ ဂျပန်ကပြန်ရောက်တာ နှစ်ရက်ပဲရှိသေးတယ်။ ကျွန်မမှာ ဂျပန်ကသွင်းလာတဲ့ စိန်တွေရှိတယ်။ ဆရာ. . ကိုသောင်းငြိမ်းကို သိတယ်မဟုတ်လား"

"သိပါတယ်"

"ကိုသောင်းငြိမ်းက ကျွန်မကို မှာလိုက်တယ်။ ကျွန်မ စိန်တွေကို မြန်မာပြည်ပြန်ရောက်လို့ ရောင်းချင်ရင် ဆရာ့ဆီ ဆက်သွယ်ပါ။ ဆရာ ရောင်းပေးလိမ့်မယ်တဲ့။ ဒါကြောင့် ကျွန်မ ဖုန်းဆက်တာပါ"

"စိန်တွေက ဘယ်အရွယ်တွေလဲ"

"အရွယ်စုံပဲ"

"အသန့်လား"

http://www.cherrythitsar.org

www.foreverspace.com.mm



"အသန့်"

"ကျွန်တော် အသန့်လို့ပြောတာ အရောင်ဖျော့ရမယ်။ ကျင်ရိပ် မပါရဘူး။ အပြစ်စင်ရမယ်"

"မှန်ပါတယ်။ ကျွန်မစိန်တွေက လုံးဝအဖြူပါ။ အပြစ် လုံးဝစင်ပါတယ်။ ဂျပန်မှာ စိန်ညှံ့ကို မသုံးဘူး"

"ခင်ဗျား ကျွန်တော့်ဆီ ဘယ်တော့ လာခဲ့ချင်လဲ"

"ဆရာအားတဲ့အချိန်သာ ပြောပါ။ ကျွန်မ လာခဲ့ပါမယ်"

"ဒီနေ့တော့ မလာနဲ့တော့။ ချိန်းထားပြီးသားကိစ္စတွေနဲ့ ပြည့်နေပြီ။ တစ်နေ့လုံး အားမှာမဟုတ်ဘူး။ သန်ဘက်ခါလောက် လာခဲ့ပါ။ နေ့လယ်ပိုင်း (၂)နာရီနောက်ပိုင်းမှာ လာခဲ့ပါ"

"ဘယ်ကို လာရမလဲ"

"ကမ္ဘာအေးဘုရားလမ်းက ကျွန်တော့်ရုံးခန်းကိုသာ လာခဲ့ပါ"

တစ်ဖက်မှ အမျိုးသမီး ဖုန်းချသွား၏။

သောင်းငြိမ်း . . သောင်းငြိမ်းကို ကျွန်တော် လုံးဝ မတွေ့ရသည်မှာ ငါးနှစ် ခြောက်နှစ်ခန့်ပင် ရှိပြီဟု ထင်၏။ သူသည် အလုပ်မျိုးစုံလုပ်၏။ တော်လည်း တော်ပါသည်။ အကွက်လည်း မြင်ပါသည်။ သို့သော် သူ အဆင်မပြေ။ ကြုံလိုက်တိုင်း လွဲနေပြီးနောက် ဂျပန်ရောက်သွား၏။

သူသည် စာရေးလည်း ကောင်း၏။ လွန်ခဲ့သောနှစ်အတွင်းကဟု ထင်ပါသည်။ မြန်မာ့နေ၌ မျက်နှာဖုံးဆောင်းပါးပင် သူ ဝင်ရေးလိုက်သေး၏။

သူသည် စာကို အစဉ်တစိုက်သာရေးလျှင် အောင်မြင်သော စာရေးဆရာတစ်ယောက် ဖြစ်လာနိုင်ပါသည်။ သို့သော် မရေး။ စိတ်ကူးရမှ ထရေးတတ်၏။ သူ့ကို ကျွန်တော့်ညီငယ်တစ်ဦးကဲ့သို့ပင် ခင်ပါသည်။ ကျွန်တော့်ကိုလည်း သူ့အစ်ကိုကြီးတစ်ဦးကဲ့သို့ ခင်ပါသည်။

"သမီးကြီး . . ဦးသောင်းငြိမ်းမိတ်ဆွေဆိုတဲ့ အမျိုးသမီးတစ်ဦး ခုပဲ ငါ့ကို ဖုန်းဆက်တယ်။ ဂျပန်က ယူလာတဲ့ စိန်တွေ ရောင်းချင်လို့တဲ့။ ညီး . . . စိတ်ဝင်စားတဲ့ စိန်သေးတွေလည်း ပါတယ်"

ကျွန်တော်က သမီးကြီး လွင်လွင်ကို လှမ်းပြောလိုက်၏။

သမီးလွင်လွင်မှာ . . . (အက်ဖ်အမ်အိုင်) ကုန်တိုက်တတိယထပ်၌ ကျွန်တော်တည်ထောင်ခဲ့သော 'ရွှေဇီးကွက်ရတနာ'ဆိုင်ကို ယနေ့ တာဝန်ယူ၍

http://www.cherrythitsar.org

www.foreverspace.com.mm



ဦးစီးလုပ်ကိုင်နေသူ ဖြစ်ပါသည်။ လွင်လွင်သည် မြန်မာပတ္တမြားနှင့် နီလာများကို စိန်နှင့်တွဲပြီး၊ ရံပြီး အထည်အမျိုးမျိုးခတ်ရောင်း၏။ ကိုလံဘီယာမြေကို ဘန်ကောက်မှ ကြိုးစားသွင်းပြီး စိန်နှင့်တွဲ၍ အထည်ခတ်၏။

မိန်းကလေး ဖြစ်နေ၍ပင်လား မသိ။ အထည်ခတ်သည့်၊ ကပ်သည့် အလုပ်တွင် ကျွန်တော့်သမီး လွင်လွင်မှာ ကျွန်တော့်ထက် လုပ်တတ် ကိုင်တတ် ရှိနေပြီး ဖြစ်ပါသည်။

"ဖေဖေကြီး စိန်တွေက စိန်အသန့်တွေလား"

"အသန့်။ သန့်လိုက်တာမှ ဂျပန်စိန်တဲ့။ လုံးဝဖြူ လုံးဝအပြစ်စင်"

"အဲဒါဆိုရင်တော့ ဖေကြီး မဝယ်နဲ့တော့။ အတုမိလိမ့်မယ်"

"ဘာ. . ."

"ဖေကြီး ခုတလော ရွှေဘုံသာလမ်းထဲ မရောက်ဘူးထင်တယ်။ စိန်တုတွေဝယ်မိပြီး စိန်သမားတွေ တော်တော် ဒုက္ခရောက်နေကြတယ်"

"အတုနဲ့အစစ်က တခြားစီပဲကွာ။ မျက်စိနဲ့ ကြည့်စစ်လည်း ရတာပဲ။ စိန်စစ်ကိရိယာ Diamond Tester သုံးပြီး စစ်လည်းရတာပဲ"

"ဒီလိုစစ်လို့ မရတော့ဘူး။ ဖေကြီး ကွဲသွားမယ်။ ခု အတုဝယ်မိတဲ့လူတွေ အကုန်လုံးက နာမည်ကြီး စိန်ကုန်သည်ကြီးတွေပဲ။ ဖေကြီးလို စိန်ကို အကုန်ကျွမ်းပြီးသား။ ဒီလူတွေတောင်မှ စိန်အတုတွေကို ခွဲခြားလို့ မရတော့ဘူးတဲ့"

"စိန်စစ်ကိရိယာရော"

"ဒီ ကိရိယာလည်း သုံးမရဘူး။ စိန်လို့ပဲ ပြနေတယ်တဲ့"

"မဖြစ်နိုင်ပါဘူးကွာ။ စိန်ဆိုတာ အပူစီးတဲ့။ အပူလျှောက်တဲ့နှုန်းမှာ ကျောက်မျက်တွေအကုန်လုံးမှာ အကောင်းဆုံး။ ဘယ်ကျောက်မျက်မှ သူ့ကို မမီဘူး။ စိန်စစ်ကိရိယာ Diamond Tester ဆိုတာက ဒီစိန်ရဲ့ ထူးခြားတဲ့ ဂုဏ်သတ္တိအပေါ် အခြေခံပြီး ပြုလုပ်ထားတာ။ စိန်မဟုတ်တဲ့ကျောက်ကို ဘယ်တော့မှ စိန်လို့ မပြဘူး"

"ခက်ပါပြီကော။ ဖေကြီးကလည်း အတင်းငြင်းနေတာပဲ။ ဒီ စိန်စစ်ကိရိယာ အသုံးချမရတော့လို့ ဒီနေ့ စိန်ကုန်သည်တွေ ရွှေဘုံသာလမ်းထဲမှာ စိတ်ညစ်နေကြတာပေါ့။ ဒီ စိန်စစ်ကိရိယာက စိန်ကုန်သည်ကြီးတိုင်းရဲ့ လက်ထဲမှာ ရှိနေတာပဲ။ ဒီနေ့ စိန်တုတွေက ဒီကိရိယာနဲ့စစ်တာကို အစစ်ခံနိုင်တဲ့အဆင့်မှာ ရှိနေပြီ။ ဖေကြီး ရွှေဘုံသာလမ်းထဲ ဒီနေ့ သွားပတ်လိုက်ပါဦး။ ဖေကြီး

http://www.cherrythitsar.org

www.foreverspace.com.mm



မိတ်ဆွေ စိန်ကုန်သည်ကြီးတွေနဲ့ ဆွေးနွေးကြည့်လိုက်ပါဦး”

“ခု ငွေစိန်တွေက ဦးသောင်းငြိမ်းလွှတ်လိုက်တဲ့ အမျိုးသမီးယူလာတာ”

“ဦးသောင်းငြိမ်းက စိန်အကြောင်း ဘာသိလို့လဲ ဖေကြီးရဲ့။ တစ်ခါတုန်းကလည်း ဦးသောင်းငြိမ်းယူလာတဲ့ ရွှေအတုကို မှားဝယ်မိပြီးပြီနော်။ အဲဒီတုန်းကလည်း ဦးသောင်းငြိမ်းက သေသေချာချာစစ်ကြည့်ပါဦးဆိုတာ ဖေကြီးပဲ မစစ်ဘဲ ယူလိုက်တာ။ ခု စိန်ပြဿနာမှာလည်း ရွှေတုန်းကလို ထပ်ဖြစ်နေဦးမယ်”

မှန်ပါသည်။ အဖြစ်မှာ လွန်ခဲ့သော ရှစ်နှစ်၊ ဆယ်နှစ်ခန့်ကဖြစ်၏။ အပေါင်ခံသည့်ပစ္စည်း ရွှေလက်ကောက်များဖြစ်၏။ သောင်းငြိမ်းပစ္စည်းလည်း မဟုတ်။ သောင်းငြိမ်းက မလွှဲသာ၍ ကြားမှ ပွဲစားဝင်လုပ်ပြီး ကျွန်တော့်ထံ ယူလာသော လက်ကောက်များကို ကျွန်တော် စနစ်တကျစစ်ဆေးခြင်းများ မပြုလုပ်ဘဲ ယူလိုက်မိသဖြင့် ရွှေလက်ကောက် အစစ်များကြားတွင် ရွှေတုလက်ကောက်များ ရောပါနေပြီး ပြဿနာတစ်ခုနှင့် ကြုံရဖူး၏။

ယခု သောင်းငြိမ်းထံမှ ရောက်လာသည့် စိန်ပြဿနာ။ တကယ်တော့ ပြဿနာ မစသေးပါ။ စိန်အစစ်များ ဂျပန်မှ ရိုးသားစွာ ဝင်လာခြင်း၊ ယူလာခြင်းလည်း ဖြစ်ကောင်း ဖြစ်နေနိုင်ပါသည်။

သို့သော် အလွန် သတိထားစရာဖြစ်နေသည့် အချက်တစ်ရပ်မှာ ‘လုံးဝ အစင်၊ လုံးဝ အဖြူ’ဟူသော စကားပင်ဖြစ်၏။ ဤစိန်မျိုးများတွင် စိန်တုများ ရောပါတတ်ပါသည်။

မှန်ပါသည်။ သမီးကြီး လွင်လွင်ပြောသည့်အတိုင်းပင် ယခုလအတွင်း ရွှေဘုံသာလမ်းသို့ ကျွန်တော် တစ်ရက်မှ မရောက်သေး။ ယခု. . လပင် ကုန်တော့မည်။

ရွှေဘုံသာလမ်းသို့ ကျွန်တော် ရောက်သွားချိန် နံနက် ၁၀နာရီပင် ထိုးလုပြီ။

“ဆရာ. . . ဘယ်လဲ”

လမ်းဘေးလက်ဖက်ရည်ဆိုင်တစ်ဆိုင်မှ ကျွန်တော့်ကို လှမ်းနှုတ်ဆက်လိုက်ခြင်းဖြစ်၏။

“ဟင်း. . ကိုဖိုးဖြူ။ ခင်ဗျားနဲ့မတွေ့ရတာတောင် အတော်ကြာသွားပြီ။ ခင်ဗျား ဘယ်ပျောက်နေတာလဲ”

“ကျွန်တော် ပျောက်တာမဟုတ်ဘူး။ ဆရာ ပျောက်နေတာပါ။ လာပါ

http://www.cherrythitsar.org

www.foreverspace.com.mm



ဦး။ ထိုင်ပါဦး။ ဆရာ ဘာသောက်မလဲ”

“ဘာမှမသောက်ဘူး။ ရေနွေးကြမ်းပဲ သောက်မယ်။ အတော်ပဲဗျာ။ ကျွန်တော်လည်း ခုမနက်လာတာ ခင်ဗျားတို့ စိန်သမားတွေနဲ့ တွေ့ချင်လို့ပဲ”

မှန်ပါသည်။ ကိုဖိုးဖြူမှာ စိန်သမားတစ်ဦးဖြစ်၏။ သို့သော် သူသည် စိန်ကြမ်းများကိုသာ ကိုင်သူဖြစ်၏။ စိန်ချောသမား မဟုတ်။ စိန်ကြမ်းဟူသည်မှာ ရှေးစိန်များ ဖြစ်၏။ စိန်အထူများ ဖြစ်၏။

“ကိုဖိုးဖြူ . ခုတလော ပြည်ပက စိန်အတုတွေ ဝင်လာတယ်ဆိုတာ ဟုတ်လား”

“ပြောနေကြတာပဲ ဆရာ။ ကျွန်တော်တော့ တစ်ပွင့်မှ မတွေ့ဖူးသေးဘူး”

“ဘယ်သူတွေ ဝယ်မိတယ်လို့ ကြားလဲ”

“ပြဿနာဖြစ်တယ်လို့ပဲ ကြားတယ်။ ဘယ်သူ့လက်ထဲမှာ မိနေတယ်ဆိုတာလည်း တိတိကျကျ မကြားဘူး။ ပြဿနာက ဒီလိုဆရာ။ စိန်တွေက စိန်ကောင်းတွေလို့ ပြောတယ်။ အင်အားကောင်းတဲ့ အချောသမား လက်ကြီးတွေသာ ကိုင်နိုင်တဲ့ စိန်မျိုးတွေ။ ဒီစိန်တွေကို စစ်နိုင်တဲ့နည်း မရှိသေးဘူး။ သွေးပြင်ပေါ်တင်ကြည့်မှ သိနိုင်တယ်လို့ ပြောတယ်။ ဒါပေမဲ့ ဆရာသိတဲ့အတိုင်း သွေး-ပြင်ပေါ်တင်ကြည့်ပြီးမှ အရောင်းအဝယ်လုပ်တာမျိုး ဘယ်မှာရှိလို့လဲ။ အချောအပါးကို သွေးပြင်ပေါ်သွားတင်ရင် ပျက်ကုန်မှာပေါ့။ စျေးရော့ကုန်မှာပေါ့”

“အဲဒီတော့ . . ”

“အဲဒီတော့ မျက်စိနဲ့ပဲ ဝယ်ကြရတယ်မဟုတ်လား။ ခု ဝင်လာတဲ့စိန်တုတွေက မျက်စိနဲ့ ကြိုက်သလိုစစ်ကြည့်။ စိန်အစစ်အတိုင်းပဲတဲ့။ စိန်စစ်တဲ့ ကိရိယာနဲ့ ထောက်ကြည့်။ စိန်ပဲတဲ့”

“ဒါဖြင့်ရင် စိန်တုဆိုတာကို ဘယ်သူက သတ်မှတ်လိုက်တာလဲ”

“သူတို့ လက်ကြီးသမားတွေပဲ ဝယ်ပြီးမှ စိတ်ထဲ မသိုးမသန့်ဖြစ်လာပြီး ပြောပြတဲ့ စကားတွေနဲ့ တူပါတယ်”

“ဘယ်လိုကြောင့် မသိုးမသန့် ဖြစ်ကြတာလဲ”

“ဒီလို ဆရာရယ်။ စိန်တွေက သိပ်သန့်နေတယ်။ ပထမတစ်ပွင့်ဝယ်ပြီး နောက်တစ်ပွင့်ဝယ်တော့ ဒုတိယဝယ်တဲ့အပွင့်က ပထမအပွင့်နဲ့အတူတူပဲဖြစ်နေတယ်။ သဘာဝထွက်တဲ့စိန်မှာ တစ်ပွင့်နဲ့တစ်ပွင့် ချွတ်စွပ်တူတဲ့ နှစ်ပွင့်

http://www.cherrythitsar.org
www.foreverspace.com.mm



ဘယ်တုန်းက ရှိဖူးလို့လဲ။ ခု . . ဝယ်မိတဲ့ စိန်တွေက စိန်သားရော၊ အရောင်ရော၊ အပြစ်စင်တာရော၊ အကုန်တူတူ ဖြစ်နေတော့ သံသယဖြစ်ကုန်ကြတာပေါ့"

"ဒါက. . ခင်ဗျားထင်တာကို ပြောနေတာလား။ တကယ်ဈေးကွက် မှာ ဖြစ်နေတာလား"

"တကယ်ဈေးကွက်မှာ ဖြစ်ခဲ့တာ ဆရာ။ ဒါပေမဲ့ ကျွန်တော် သိရတာက တစ်ဆင့်ကြားစကားပါ။ ဆရာ တိတိကျကျသိချင်ရင် ဦးချန်ဒရီနဲ့ ဆရာ သွားတွေ့။ ဆရာနဲ့ ဦးချန်ဒရီလည်း ဒီလောက်ခင်ကြတာပဲ။ ကျွန်တော် ကြားတာတော့ ဒီစိန်မျိုး သူ့လက်ထဲမှာကို ရှိနေတယ်။ ဆရာဆိုရင်တော့ သူ ထုတ်ပြပါလိမ့်မယ်"

ကျွန်တော် ဦးချန်ဒရီရှိရာသို့ ဆက်လျှောက်သွား၏။

ဦးချန်ဒရီက ထုံးစံအတိုင်း ခေါင်းအုံးတစ်ခုကို နောက်မှီပြီး ကြမ်းပြင်ပေါ်တွင် ထိုင်နေ၏။ ကျွန်တော် သူ့ဘေးတွင် ဝင်ထိုင်လိုက်၏။ ဦးချန်ဒရီ တပည့်က သူ့ဆရာကျောမှီနေသော လေးထောင့်ခေါင်းအုံးမျိုး တစ်လုံးကို ကျွန်တော့်ထံ လာချပေး၏။

"ဆို. . ကိုလှဝင်း ဘာရောင်းစရာ ပါလဲ"

"ပစ္စည်းရောင်းဖို့ လာတာမဟုတ်ပါဘူး ဦးချန်ဒရီ။ ပညာယူဖို့ လာတာပါ"

"ဘာ. . ခင်ဗျားက ကျွန်တော့်ဆီကပညာယူဦးမယ်။ ခင်ဗျားက ဆရာ-ကြီးပဲ။ ကျွန်တော်ကသာ ခင်ဗျားဆီက ပညာယူရမှာ"

"တကယ်ပြောတာပါ။ ခုပေါ်နေတဲ့ စိန်တုပြဿနာကို ကျွန်တော် လာစုံစမ်းတာပါ။ ကျွန်တော်ကြားခဲ့တဲ့သတင်းတွေအရတော့ ခင်ဗျားလက်ထဲမှာ ဒီစိန်မျိုးတွေ ရှိနေတယ်ဆို။ ကျွန်တော့်ကို တစ်ပွင့်လောက် ထုတ်ပြစမ်းပါဗျာ"

"ကြံကြံဖန်ဖန် မရှိရပါဘူးဗျာ။ ကျွန်တော့်ဆီကို တစ်ယောက်ယောက်က ခင်ဗျားကို ချောက်တွန်းပြီး လွှတ်လိုက်တာဖြစ်လိမ့်မယ်။ တကယ်တော့ ကျွန်တော့်လက်ထဲမှာ တကယ်ရှိလည်း ခင်ဗျားကို မပြဘူး"

"ဘာဖြစ်လို့လဲ"

"ဒီစိန်တွေ သတင်းလည်း ခင်ဗျားလည်း ကြားပြီးသားဖြစ်မှာပေါ့။ အတုလို့သာ ရမ်းသမ်းပြီးပြောနေကြတာ။ စိန် အစစ်ထုပ်ထဲမှာရှိနေတဲ့ ဒီ စိန် တစ်ပွင့်ကို ရွေးထုတ်ပြစမ်းပါဆိုရင် ဘယ်သူမှ တိတိကျကျရွေးနိုင်ကြတာမှ

http://www.cherrythitsar.org

www.foreverspace.com.mm



မဟုတ်ဘဲ။ အဲဒီတော့ ဘယ်သူက ကိုယ်လက်ထဲမှာရှိတဲ့စိန်ကို ထုပ်ပြမလဲ"

"ဘာဖြစ်လို့လဲ"

"ပြလိုက်ရင် ဘယ်လိုပြန်ရောင်းတော့မလဲ။ ပြတဲ့လူကို သူ့လက်ထဲမှာ ရှိတာ စိန်အတုတွေပါလို့ သတင်းလွင့်သွားပြီး ဘယ်ကုန်သည်က သူ့ဆီက စိန် ဝယ်ချင်တော့မှာလဲ။ လန့်ကုန်ကြမှာပေါ့။ နောက် ဒီအတုတွေက ရွှေဘုံသာလမ်း ဈေးကွက်ကို ဒီနေ့ များများစားစားလည်း ရောက်မလာကြသေးပါဘူး။ ဒီနေ့အထိ ရှိလွန်းလှရင် ဆယ်ပွင့်ပေါ့"

"ဟင်. . ဒါပဲ ရှိသေးလား"

"အဲဒီလောက် အများဆုံးပါပဲ။ ဒီထက်တောင် အရေအတွက်က နည်း နိုင်သေးတယ်။ သွင်းလာတဲ့လူကလည်း မအဘူး။ ဘယ်သူမှ အထုပ်ကြီးလိုက် ထုတ်ရောင်းမှာမဟုတ်ဘူး။ ဈေးကွက်ထဲကို တစ်ပွင့်စနှစ်ပွင့်စ ဘယ်သူမှ မရိပ်မိ အောင် ထုတ်ရောင်းပေးနေမှာ။ ဝယ်မိတဲ့လူကလည်း ပထမတန်းစား စိန်တွေကို ကိုင်တဲ့ လူတွေဆိုတော့ ပါးနပ်ပြီးသား။ ကိုယ်ဝယ်မိတဲ့စိန်ကို အတုလို့ သံသယ ဖြစ်နေရင်လည်း ဘယ်သူ့ကိုမှ သွားမပြောကြဘူး။ သွားမစစ်ခိုင်းဘူး။ ဈေးနည်း- နည်း လျှော့ပြီးသာ ပြန်ထုတ်ရောင်းပေးလိုက်ရုံပေါ့"

"အတုမှန်း သိနေပြီးတော့ ကိုယ်တိုင်ပြန်ရောင်းရမှာ လိပ်ပြာမသန့် မဖြစ်ကြဘူးလား"

"ဘယ် ကိုယ်တိုင် ရောင်းပါ့မလဲ ဆရာဦးလှဝင်းရယ်။ ပွဲစားလက်ထဲ ထည့်ပေးလိုက်ပြီး ရောင်းခိုင်းကြတာပေါ့။ ပွဲစားထုံးစံကလည်း ဝယ်သူကို သူ ရောင်းပေးတဲ့ စိန်ပိုင်ရှင်အမည်ကို ဘယ်သူပါလို့ ဘယ်တုန်းက ထုတ်ဖော်ပြောပြ ဖူးလို့လဲ"

မှန်ပါသည်။ ကျောက်မျက်ပွဲစားများမှာ ကျောက်ရှင်အမည်ကို ဘယ် အခါမှ မပြောကြပါ။ ဝယ်သူကလည်း မေးရိုးထုံးစံ မရှိပါ။

"ခင်ဗျားပစ္စည်းရဲ့ ပိုင်ရှင်လက်က သန့်တယ်နော်။ တာဝန်ယူတယ်နော်" ဤသို့သာ မေးတတ်၏။

ခိုးရာပါပစ္စည်းဖြစ်နေမည်ကို စိုး၍သာ တစ်ခါတစ်ရံ မေးတတ်ခြင်း ဖြစ်၏။ စိတ်ချယုံကြည်ရသော ပွဲစားလက်မှ ပစ္စည်းဖြစ်နေလျှင် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဘာမေးခွန်းမှ မမေးကြပါ။

"ကျွန်တော် အံ့သြနေတာတစ်ခုရှိတယ် ဦးချန်ဒရီ။ စိန်ခါးက ဝှက်လို့မှ

http://www.cherrythitsar.org

www.foreverspace.com.mm



မရဘဲ။ စိန်ခါးရဲ့ ကြမ်းပုံအဖုလေးတွေ GRAIN သင်္ကေတန်က ဘယ် အဖြူရောင် ကျောက်နဲ့မှမတူဘူး။ ဆယ်ဆချဲ့ မှန်ဘီလူးနဲ့ ထောက်ကြည့်လိုက်ရင် ရှင်းနေ တာပဲ။ ခု စိန်တုတွေရဲ့ ခါးကို ကျွန်တော် ကြည့်ချင်လိုက်တာ"

"ဦးလှဝင်းကလည်းဗျာ။ စိန်အသန့်လောကမှာ ဒီနေ့ ခါးကို စစ်နိုင်တဲ့ ခေတ်ကလည်း ကုန်သွားပြီ။ ဒီနေ့ဈေးကွက်ကိုဝင်လာတဲ့ စိန်အသန့်အားလုံးက အရောင်မတင်ထားတဲ့ အပွင့်တွေ လုံးဝမပါတော့ဘူး။ ဒီနေ့ ပေါက်စ စိန်သေး-လေးတွေကအစ ပထမတန်းစားစိန်တွေမှာ ခါးကို အကွက်ချ အရောင်တင်ထား တယ်။ ဒီတော့ ဘယ်လို ခါးကိုကြည့်ပြီး ခွဲကြတော့မလဲ"

မှန်ပါသည်။ စိန်သွေးသည့်ခေတ်ကလည်း တစ်ခေတ်ဆန်းခဲ့ပြီးဖြစ်၏။

(ဒီဗီးယား)ကုမ္ပဏီကြီးကဲ့သို့ ကမ္ဘာကျော်စိန်ကုမ္ပဏီကြီးများမှ ရောင်းချ သည့် စိန်ကြီးစိန်သန့်များတွင် ခါး၌ အကွက်ချ အရောင်တင်ရုံမက မှတ်ပုံတင် နံပါတ်ကိုပင် (လေဆာ)ရောင်ခြည်သုံး၍ ရေးမှတ်ပေးထား၏။ ထိုနံပါတ်ကို ပြော လိုက်သည်နှင့် သူတို့၏ ကုမ္ပဏီမှတ်တမ်းဌာနတွင် ယင်းစိန်နှင့်ပတ်သက်သည့် အကြောင်းအရာအသေးစိတ်ကို ပြန်ရှာ၍ရ၏။ ယနေ့ စိန်လောက၏ တိုးတက် ပြောင်းလဲမှုများမှာ အလွန်အံ့စရာ ဖြစ်နေ၏။

"ဦးနာဒရာချန်. . ဒီနေ့ ဝင်လာတဲ့ စိန်တုတွေက လူလုပ်စိန် Synthetic diamond တွေများ ဖြစ်နေမလား မသိ"

"မဟုတ်ဘူး။ မဖြစ်နိုင်ဘူး။ ဘာကြောင့်လည်းဆိုတော့ Synthetic diamond က ဒီနေ့လူတွေ ထုတ်လုပ်နိုင်ကြပြီး ဖြစ်ပေမဲ့ ထုတ်လုပ်စရိတ်က သိပ်မြင့်နေသေးတယ်။ စီးပွားဖြစ်ထုတ်နိုင်ကြပြီလို့ မကြားဖူးသေးဘူး။ ထုတ်လုပ် တဲ့ဆီမှာ အခက်အခဲတွေ အများကြီးရှိနေသေးတယ်"

"ရွှေဘုံသာလမ်း ဈေးကွက်ကို ဒီနေ့ဝင်လာတဲ့ စိန်တုရဲ့နာမည်ကို ဦးနာဒရာချန် သိလား။ ကြားမိလား"

"တစ်လောက စိန်ကုန်သည်ကြီးတစ်ယောက် ပြောသွားတာကတော့ (မွန်ဇာနိုက်)ဆိုလား ဘာလား မသိပါဘူးဗျာ။ ဒီလူကလည်း သူကိုယ်တိုင် သိ တာ မဟုတ်ဘူး။ နိုင်ငံခြားသားတစ်ယောက် ပြောပြသွားတာကို မှတ်ထားမိ တာတဲ့"

"သိပြီ။ ကျွန်တော် သိပြီ။ ဦးနာဒရာချန်"

"ဘာ. . ခင်ဗျား သိပြီ"

www.foreverspace.com.mm



"ဟုတ်တယ်။ ကျွန်တော်က Colored Stone ဆိုတဲ့ ကျောက်မျက်မဂ္ဂဇင်း မှန်မှန်ဝယ်ဖတ်နေတဲ့လူဆိုတော့ ကျောက်မျက်လောကရဲ့ သတင်းဦးသတင်းထူးလေးတွေကို အမြဲ သူများထက် ကြိုသိနေရတယ်။ Colored Stone ဆိုတဲ့ မဂ္ဂဇင်းက နှစ်လမှ တစ်ကြိမ်ထွက်တာ။ တစ်နှစ်မှ (၆)အုပ်ထုတ်ဝေတဲ့ မဂ္ဂဇင်းဆိုပါတော့။ သူတို့မဂ္ဂဇင်းကို သူတို့ကြော်ငြာတဲ့ဆီမှာ ကမ္ဘာ့ကျောက်မျက်လောကရဲ့ သတင်းထောက် (The international reporter of the gem trade)ဆိုပြီး ကြော်ငြာတယ်။ ကျောက်မျက်အရောင်းအဝယ် သတင်းတွေကိုပဲ ဦးစားပေး ဖော်ပြတယ်။ အဲဒီမဂ္ဂဇင်းမှာ မွန်ဇာနိုက် (Moessaniet) အကြောင်း ပါလာတာ ဘာမှမကြာသေးဘူး။ လွန်ခဲ့တဲ့နှစ် ဩဂုတ်လထုတ်မဂ္ဂဇင်းမှာ ပါတာ။ အဲဒီတုန်းကမှ သတင်းဦးအနေနဲ့ပါတဲ့ စိန်တုက ဒီနေ့ ရွှေဘုံသာလမ်းဈေးကွက်ကို ရောက်နေပြီ။ အံ့ဩဖို့ကောင်းလိုက်တာဗျာ"

"မအံ့ဩနဲ့ ဦးလှဝင်း။ ရုရှားစိန်ပေါ်တုန်းကလည်း ဒီအတိုင်းပဲ။ နိုင်ငံခြားဈေးကွက်မှာပေါ်ပြီး တစ်လလောက်အတွင်းမှာကို ကျုပ်တို့ ရွှေဘုံသာလမ်းကို ဒီ စိန်တွေ ရောက်လာတယ်။ ကျုပ်တို့လမ်းက ကျောက်မျက်အကောင်းတွေသာ တဖြည်းဖြည်းချင်းမှရောက်တာ။ ကျောက်မျက်အတုတွေ ရောက်လာကြပုံကတော့ မြန်သလား မပြောနဲ့။ ကျွန်တော် သတိထားမိသလောက် ဘန်ကောက်ဈေးကွက်ကိုရောက်ပြီး တစ်ပတ်လောက်အတွင်း ရွှေဘုံသာဈေးကွက်ကို ရောက်တယ်"

မှန်ပါသည်။ ဘန်ကောက်ဈေးကွက်နှင့် ရွှေဘုံသာဈေးကွက်မှာ တစ်ခုတည်းဟုဆိုလောက်အောင်ပင် လုံးဝ ဆက်စပ်နေပါသည်။ မဆက်၍လည်းမဖြစ်။ (ထိုင်း)နိုင်ငံ၏ ယနေ့ပြည်ပထုတ်ပို့ ရောင်းချသော အဓိကကျောက်မျက်မှာ ပတ္တမြားဖြစ်၏။ (ထိုင်း)နိုင်ငံမှ ပြည်ပပို့ ကျောက်မျက်အားလုံးတန်ဖိုး၏ တစ်ဝက်ရှိ၏။

ယင်း ပတ္တမြားများကို (ထိုင်း)တို့ ဘယ်ကရသနည်း။ မြန်မာနိုင်ငံမှဖြစ်၏။

မိုင်းရှူးနှင့်မိုးကုတ်ထွက် ပတ္တမြားများပင် ဖြစ်၏။

ဈေးကွက်ထိတွေ့မှုရှိသကဲ့သို့ (ထိုင်း)နှင့်မြန်မာ ရတနာကုန်သည်များ၏ ထိတွေ့မှုမှာလည်း အမြဲရှိနေပါသည်။ မှန်ပါသည်။ ကျွန်တော်စဉ်းစားကြည့်သည်။ ကျွန်တော်သည် မော်လမြိုင်မြို့တွင်ကြီးပြီး ရန်ကုန်မြို့တွင် အခြေချနေထိုင်သူဖြစ်၏။ ကျွန်တော်ဘဝတွင် မန္တလေးမြို့သို့ ရောက်ဖူးသည့် အကြိမ်

http://www.cherrythitsar.org
www.foreverspace.com.mm



ပေါင်းနှင့် ဘန်ကောက်မြို့သို့ ရောက်ဖူးသည့်အကြိမ်ပေါင်းကို နှိုင်းယှဉ်ကြည့်လျှင် ဘန်ကောက်သို့ ရောက်ဖူးသည့် အကြိမ်ပိုများနိုင်၏။

"ကဲ . . ပြောစမ်းပါဦး။ ခင်ဗျားဖတ်ဖူးတဲ့ (မွန်ဇာနိုက်)အကြောင်း ရေးတဲ့ ဆောင်းပါး"

"ဒီဆောင်းပါးကို မွန်ဂင်ဗရက် (MORGANBEARD)ဆိုတဲ့လူ ရေးတာ။ Colored Stone မဂ္ဂဇင်းရဲ့ အုပ်ချုပ်မှုအယ်ဒီတာပဲ။ (မွန်ဇာနိုက်)က လူလုပ်ကျောက်မျက် (Synthetic gem)တဲ့ Cree Research ဆိုတဲ့ ကုမ္ပဏီက တီထွင်ထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်မှာ တာဝန်ယူရောင်းချပေးတဲ့ ကုမ္ပဏီက တော့ စီသရီး (C 3 Inc)ဆိုတဲ့ကုမ္ပဏီ။ (မွန်ဇာနိုက်)ကျောက်ရဲ့ ထူးခြားချက်က ဒီနေ့အထိ စိန်ကို တုပတဲ့ကျောက်မျက်အားလုံးမှာ စိန်နဲ့ မာတဲ့ဂုဏ် (Hardness)၊ အလင်းယိုင်ကိန်း (Refractive Index)၊ သိပ်သည်းဆ (Specific gravity) အနီးစပ်ဆုံး တူညီတဲ့ ကျောက်"

"ဒါကြောင့် ဒီနေ့ ကျွန်တော်တို့လမ်းမှာ သုံးနေတဲ့ စိန်စစ်တဲ့ကိရိယာ Diamond Tester တွေနဲ့ စမ်းလို့မရတော့တာ ထင်တယ်"

"ဟုတ်တယ်။ မရတော့ဘူး။ မွန်ဇာနိုက်နဲ့ စိန်ကိုခွဲခြားဖို့က ခုမှပေါ်တဲ့ (C 3's Tester Model 590)ဆိုတာကို ဝယ်ပြီးခွဲမှ ခွဲလို့ရနိုင်တယ်"

"ဒီကိရိယာကို ဘယ်မှာ ဝယ်လို့ရလဲ"

"အာရှတိုက်အတွက် ဂျပန်နိုင်ငံက ကျောက်မျက်ကုမ္ပဏီကြီးတစ်ခုနဲ့ ဖိလစ်ပိုင်က ကျောက်မျက်ကုမ္ပဏီကြီးတစ်ခုတို့ ကျောက်ရော၊ ကျောက်စစ်တဲ့ ကိရိယာကိုရော ရောင်းဖို့ ကိုယ်စားလှယ်ပေးလိုက်တယ်"

"ဘာကြောင့် အာရှတစ်တိုက်လုံးမှာ ကုမ္ပဏီကြီးနှစ်ခုကိုပဲ ရောင်းခွင့် ပေးရတာလဲ"

"ဒီကုမ္ပဏီကြီးနှစ်ခုက ကျောက်နဲ့ ကျောက်ခွဲကိရိယာပစ္စည်းကို အမေရိကန် ဒေါ်လာ ၂သန်းခွဲဖိုးစီ ဝယ်ကြမယ်လို့ စာချုပ်ချုပ်ခဲ့ကြလို့။ ငွေရင်း တောင့်လို့ ဖြန့်အားကောင်းလို့ ဆိုပါတော့။ ဒီ ကုမ္ပဏီကြီးနှစ်ခုကမှတစ်ဆင့် အာရှတိုက်မှာရှိတဲ့ အခြားကျောက်မျက်ကုမ္ပဏီတွေက မွန်ဇာနိုက်နဲ့ ကျောက်စစ် ကိရိယာကို ဝယ်ကြရမှာ"

"ထိုင်းဈေးကွက်မှာတော့ ဒီနေ့ ရောက်နေလောက်ရောပေါ့"

"ရောက်နိုင်တယ်။ ကျွန်တော် တစ်လောက ကျွန်တော့်သား မိတ်ဆွေ

http://www.cherrythitsar.org

www.foreverspace.com.mm



(ထိုင်း)ကောင်မလေး (ဆူဝါနာ)ဆိုတာ ရန်ကုန်လာတုန်းကတောင် မေးကြည့်မိသေးတယ်။ မင်းတို့ဆီမှာ (မွန်ဇာနိုက်)တွေ ရောက်နေပြီလားလို့မေးတော့ သူက ကျွန်မတို့ကုမ္ပဏီမှာ သွေးပေးဖို့ လာညှိတယ်။ ဒါပေမဲ့ စမ်းသွေးကြည့်တော့ ကျောက်က သိပ်မာနေလို့ သူတို့ပေးတဲ့ကျောက်သွေးခနွန်းနဲ့ မကိုက်ဘူး။ လက်မခံလိုက်ဘူးတဲ့"

"မွန်ဇာနိုက်ဈေးကရော ဘယ်လိုလဲ။ ရူရှားစိန်လိုပဲ ပေါလား"

"မပေါဘူး။ မွန်ဇာနိုက်တစ်ပွင့်ရဲ့ဈေးက အရည်အသွေးတူ စိန်တစ်ပွင့်ဈေးရဲ့ ဆယ်ပုံတစ်ပုံရှိတယ်တဲ့"

"ဒါပေမဲ့ စိန်အတိုင်း အမှန်တကယ်လှတယ်ဆိုရင်တော့ စိန်ကောင်းဝတ်ချင်တဲ့လူတွေ ဝယ်ဝတ်ကြမှာပဲ"

"ဝတ်မှာပေါ့။ လှလည်းလှမှာပဲ။ ကျွန်တော်တို့ ရွှေဘုံသာလမ်းထဲမှာတောင် စိန်အစစ်နဲ့ ခွဲလို့မရလို့ မှားဝယ်မိတဲ့လူက မှားဝယ်မိနေကြပြီ မဟုတ်လား"

"မွန်ဇာနိုက် စိန်တုတွေက ဒီနေ့ ကမ္ဘာ့ဈေးကွက်မှာရော တော်တော်အရောင်းအဝယ်ဖြစ်နေကြပြီလား"

"ကျွန်တော် သိသလောက်တော့ သိပ်မဖြစ်သေးဘူး။ Colored Stone မဂ္ဂဇင်းမှာ ဆောင်းပါးပါတဲ့ ၁၉၉၈ခုနှစ်၊ ဩဂုတ်လအထိ မွန်ဇာနိုက်ကို ထုတ်လုပ်တာလည်း များများမထုတ်လုပ်နိုင်သေးဘူး။ နမူနာအဖြစ် ရောင်းပေးဖို့လောက်ပဲ ထုတ်လုပ်နိုင်သေးတယ်။ ဒါပေမဲ့ ဒီစိန်တုရဲ့ အနာဂတ်က သိပ်ကောင်းစရာရှိတဲ့အတွက် (စီသရီး)ကုမ္ပဏီကြီးအနေနဲ့ မွန်ဇာနိုက်ချက်လုပ်တဲ့ (စလိုရီဆပ်) ကုမ္ပဏီကို စိန်တုထုတ်လုပ်တဲ့အခါ သုံးရတဲ့ကိရိယာပစ္စည်းတွေ ဝယ်ဖို့ပဲ ကြိုတင်ထုတ်ပေးငွေ အမေရိကန်ဒေါ်လာ ၃သန်း ၄သိန်း ထုတ်ပေးခဲ့တယ်လို့ သိရတယ်။ (စီသရီး)ကုမ္ပဏီကြီးအနေနဲ့ ကျောက်မျက်ဈေးကွက်ကို အဓိကထိုးဖောက်ဖို့ နှစ်အဖြစ်တော့ သက္ကရာဇ် ၂၀၀၀ပြည့်ကို မှန်းထားတယ်။ အဲဒီအချိန်ရောက်ရင်တော့ စိန်တုလောကတစ်ခုလုံးကို မွန်ဇာနိုက်တွေက နေရာယူကြလိမ့်မယ်လို့ မျှော်မှန်းထားကြတာပဲ"

"ကျွန်တော် စဉ်းစားကြည့်တယ် ဦးလှဝင်း။ ကျောက်မျက်လောကမှာ တဖြည်းဖြည်းနဲ့ အတုတွေက ပိုကောင်းလာကြမယ်။ အလှမှာလည်း ပိုလှမယ်။ သဘာဝအတွင်းသဏ္ဌာန်တွေမှာလည်း ကျောက်စစ်နဲ့ခွဲမရအောင် တူလာကြပြီဆိုရင် ကျောက်မျက်လောကဟာ ဘယ်လိုဖြစ်သွားနိုင်လဲ"

http://www.cherrythitsar.org

www.foreverspace.com.mm



"သဘာဝကျောက်မျက်စျေးကွက် ခေတ်ပျက်သုဉ်းသွားပြီး ကျောက်-မျက်အတု စျေးကွက်ခေတ်သစ်ကြီးကို ရောက်သွားနိုင်တာပေါ့။ ဒါကြောင့် ရစ်ချက်ယူး (Richard Hughes)ရေးထားတဲ့ ကျောက်မျက်ဆောင်းပါးတစ်ပုဒ်ကို ကျွန်တော်ဖတ်ဖူးတယ်။ ကျောက်မျက်အတုကို ပြုလုပ်တဲ့ သိပ္ပံသုတေသနလုပ်ငန်းတွေကို ရပ်ကြပါတော့။ မရပ်ရင် နှစ်ငါးဆယ်အတွင်းမှာ ကျောက်မျက်ဆိုတာ လူ့လောကကြီးက ပျောက်ကွယ်သွားနိုင်တယ်တဲ့"

အမှတ် ၁၀၅၊ ၁၉၉၉၊ ဧပြီလ။

❋ ❋ ❋

www.foreverspace.com.mm

## ၁၈။ အမှားနှင့် အမှန် (၁)

အချိန်မှာ ည(၈)နာရီ ထိုးလုပြီ။ ကျွန်တော် အိမ်သို့ပြန်ရောက်စ။ အဝတ်အစားပင် မလဲရသေး။

'ဒေါက်. . ဒေါက်. . ဒေါက်"

အပြင်မှ တံခါးခေါက်သံ ကြား၏။ လူခေါ် လျှပ်စစ်ခေါင်းလောင်း ရှိပါလျက် ထိုလျှပ်စစ်ခေါင်းလောင်း၏ခလုတ်ကို မနှိပ်ဘဲ တံခါးမကြီးကို ခေါက်နေသဖြင့် လူစိမ်းဧည့်သည်ဖြစ်ရမည်ကို ကျွန်တော့်မိသားစုတစ်ခုလုံး မှန်းဆ၍ရ၏။

ကျွန်တော့်သားငယ် အတွတ်က တံခါးကို သွားဖွင့်ပေး၏။ သို့သော် တစ်ခုလုံးကိုမဖွင့်။ ဟရိုသာဖွင့်၍ရသော အတွင်းတံခါး သံကြိုးချိတ်ကို ချိတ်ပြီးမှ တံခါးသော့ချက်ကို ဖွင့်လိုက်၏။

"ဦးလှဝင်း ရှိပါသလားခင်ဗျာ"

ယောကျ်ားတစ်ယောက်၏အသံ။

ကျွန်တော့်သား အတွတ်က ဘာမှပြန်မပြောသေး။ ကျွန်တော့်မျက်နှာကို လှမ်းကြည့်လိုက်၏။ အဓိပ္ပာယ်မှာ ကျွန်တော်တွေ့ချင်သူ ဟုတ်မဟုတ်ကို မေးနေခြင်းဖြစ်၏။

http://www.cherrythitsar.org

www.foreverspace.com.mm



"ဘယ်သူလဲ။ ဘာကိစ္စရှိလို့လဲလို့ မေးလိုက်ကွာ"

တကယ်တော့ ဤအချိန်မျိုးတွင် မည်သည့်ဧည့်သည်နှင့်မျှ ကျွန်တော် မတွေ့လိုပါ။ အနားယူချင်သည့် အချိန်ဖြစ်၏။ မှန်ပါသည်။ ည(၈)နာရီထိုးလုပြီ။ ရေမချိုးရသေး၊ ညစာ မစားရသေး။ အဝတ်ပင်မလဲရသေး။ တစ်နေ့လုံး အလုပ်မျိုးစုံဖြင့် ထွေးလုံးသတ်ပုတ်ပြီး ယခုမှ အိမ်ပြန်ရောက်လာခြင်း မဟုတ်ပေလား။

"ဘယ်သူပါလဲ ခင်ဗျာ"

"ကျွန်တော်တို့ ရွှေဘုံသာလမ်းက ပွဲစားတွေပါ။ ဆရာနဲ့တွေ့ချင်လို့ပါ"

"အတွတ် ပြောလိုက်ကွာ။ အလုပ်ကိစ္စနဲ့ဆိုရင် မနက်မှ လာပါလား။ ဖေဖေ ခုပဲ ပြန်ရောက်တယ်လို့"

သားမောင် အတွတ်က ကျွန်တော့်အတွင်းခန်းမှ မကြားတကြား လှမ်းပြောလိုက်သည့်အတိုင်း အပြင်မှဧည့်သည်ကို လှမ်းပြောလိုက်၏။ သို့သော် ဧည့်သည်က မပြန်။

"ဆရာ့ကို တောင်းပန်ပေးပါ။ ကျွန်တော်တို့မှာ အရောင်းအဝယ်နဲ့ ပတ်သက်ပြီး ပြဿနာဖြစ်နေလို့။ ဆရာ့အဆုံးအဖြတ်ပေးမှပဲ ဒီပြဿနာပြီးမှာမို့ လာတာပါလို့"

ခက်ပြီ။ ဤဧည့်သည်မျိုးမှာ ဂေါ်ပြားနှင့် ကော်ချ၍လည်း အိမ်ပေါ်မှ ဆင်းပြန်သွားမည့် ဧည့်သည်မျိုး မဟုတ်ပါ။

အရောင်းအဝယ်တစ်ခုခုဖြစ်ပြီး ငွေပေးချေခါနီးမှ ပြဿနာတစ်ခု အရှုပ်အရှင်းတစ်ခုဖြစ်ပြီး ကျွန်တော့်ကို ကြားလူအဖြစ် သမာဓိလူကြီးလုပ်ခိုင်းရန် လာကြခြင်းဖြစ်သည်ကို ကျွန်တော် မမေးဘဲ သိနေ၏။

"ကဲ. . ကဲ။ သား ဖွင့်ပေးလိုက်ကွာ"

အတွတ် တံခါးကို ဖွင့်ပေးလိုက်၏။ ပွဲစားသုံးဦး ဝင်လာ၏။ အားလုံးမှာ အသက်သုံးဆယ်၊ သုံးဆယ့်ငါးနှစ်ခန့်။ ခပ်နွမ်းနွမ်းဝတ်ဆင်ထားကြပုံများကို ကြည့်လိုက်သည်နှင့် အောက်ကျောက်ကိုင်သော ပွဲစားများဖြစ်မည်ကို ကျွန်တော် မမေးဘဲ သိနေ၏။ ကျွန်တော် သုံးယောက်လုံးကိုပင် မသိပါ။ သို့သော် သုံးဦးလုံးကပင် ကျွန်တော့်ကို ပြုံးရွှင်စွာ နှုတ်ဆက်ပြီး . . .

"ဆရာ. . ကျွန်တော်တို့ ရွှေဘုံသာပွဲစားတန်း မလာတာကြာပြီ ထင်တယ်။ ဆရာ့ကို မတွေ့မိတာကြာပြီ"

"လာပါ့ဗျာ။ ဒီနေ့ မနက်ကတောင် ကျွန်တော် လာသွားပါတယ်"

http://www.cherrythitsar.org
www.foreverspace.com.mm



"ဆရာ ကျွန်တော်တို့ဘက်ကို ရောက်မသွားဘူး ထင်တယ်"

"ခင်ဗျားတို့ ဘယ်အနားမှာ ထိုင်တာလဲ"

"မီးပွိုင့်နားက (ပလီ)ရှေ့မှာ ထိုင်တာပါ"

"အဲဒီဘက်တော့ ကျွန်တော် မရောက်ဘူး။ အောက်ဘက် ဦးအောင်ကျော်မြင့်ပန်းထိမ်ရှေ့ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ပြန်ခဲ့တာပါ။ ကဲ. . ထိုင်ကြ။ ထိုင်ကြ။ ဆို. . ဘာကိစ္စလဲ"

"ဟောဒီ ဘုရားပုံလေးကိစ္စပဲ။ ဒီ ဘုရားပုံလေးကို (တိုပက်)ကျောက်နဲ့ ထုထားတာ ဟုတ်လား မဟုတ်လား ဆရာ စစ်ပေးပါ"

"ဒီအချိန်ကြီး ကျွန်တော် ဘယ်လို စစ်ပေးရမှာတုန်း။ နောက် ခင်ဗျားတို့ကိစ္စက ဘာများ ဒီလောက်အရေးကြီးနေလို့လဲ"

ဘုရားပုံလေးမှာ တကယ်တော့ စေတီပုံလေးဖြစ်၏။

သုံးမြှောင်ပုံ ကျောက်သား၏ ထောင့်စွန်းတစ်ဖက်ကို ပုံဖော်ပြီး ထုထားခြင်းဖြစ်၏။ ထုထားသည့်ဘက်မှကြည့်လျှင် စေတီပုံမှာ မပေါ်။ ဆန့်ကျင်ဘက်မျက်နှာမှ ကြည့်လျှင်မူ စေတီပုံမှာ ထင်ထင်ရှားရှားပေါ်နေ၏။ ဤပုံမျိုးကို မိုးကုတ်မှပညာသည်များ အများဆုံးထုလေ့ရှိပါသည်။

"ဒီလိုပါ ဆရာရယ်။ ဒီပစ္စည်းက ဈေးတည့်ပြီးသား"

"ဘယ်လောက်နဲ့ တည့်တာလဲ"

"တစ်သောင်းခွဲ"

"တစ်သောင်းခွဲက များတာမှမဟုတ်ဘဲ။ ဘယ်လိုပြဿနာဖြစ်တာလဲ"

"ပစ္စည်းကိုသွားအပ်တော့ ဆရာ။ ဝယ်တဲ့လူက (တိုပက်)နဲ့ ထုထားတဲ့ပစ္စည်းဆိုရင် သူဝယ်မယ်။ တခြားကျောက်နဲ့ထုထားတဲ့ပစ္စည်းဆိုရင် မဝယ်ဘူးတဲ့"

"ဒါဆိုရင်လည်း မနက်ကျမှ လာကြ။ ကျွန်တော်ဆီလည်း မလာနဲ့။ ကျွန်တော့်သမီးဆိုင်ကိုသွား။ ကျောက်စစ်တဲ့ပစ္စည်းတွေ သူ့ဆိုင်မှာအကုန်ရှိတယ်"

"မရဘူး ဆရာ။ ရက်ကူးလို့မရဘူး။ မနက်ဖန်မှ ပစ္စည်းသွားအပ်ရင် ဝယ်တဲ့လူက မဝယ်တော့ဘူးလို့ပြောရင် ဘယ်နှယ့်လုပ်မလဲ"

"မဝယ်ရင်လည်း မရောင်းနဲ့ပေါ့"

"မရောင်းတော့ ကျွန်တော်တို့ မစားရဘူးပေါ့ ဆရာ"

"ဒီပစ္စည်းက ဘယ်သူ့ပစ္စည်းလဲ"

"ပိုင်ရှင်က မိုးကုတ်က။ ကျွန်တော်တို့ကို အပ်သွားတာ"

http://www.cherrythitsar.org

www.foreverspace.com.mm



"သူ ဘယ်လောက်နဲ့ ရောင်းခိုင်းလဲ"

"ငါးထောင်"

"အခု တစ်သောင်းတောင် ပွဲညွှန့် ခင်ဗျားတို့အတွက် ကျန်နေတယ်ဆိုပါတော့"

"ဟုတ်ပါတယ် ဆရာ"

"စောစောက ဘာဖြစ်လို့ ဘာကျောက်သားလဲဆိုတာ ကျောက်မျက်ဓာတ်ခွဲခန်း ကြို သွားမစစ်ကြတာလဲ"

"ကျောက်စစ်ခ မတတ်နိုင်လို့ပေါ့ ဆရာ။ ဓာတ်ခွဲခန်းတွေကလည်း ဒီနေ့ သွားစစ်ခိုင်းရင် အနည်းဆုံး ငါးရာလောက်တောင်းကြတာ။ ကျွန်တော်တို့ကလည်း အောက်ကျောက်ပွဲစားတွေမဟုတ်လား။ ငွေရှိတဲ့လူတွေ မဟုတ်ဘူး။ ငါးရာဆိုတဲ့ ပိုက်ဆံကလည်း ကျွန်တော်တို့အတွက် နည်းတဲ့ပိုက်ဆံ မဟုတ်ဘူး"

"ကျွန်တော်ကလည်း ခု အလကား စစ်မပေးဘူး။ ပိုက်ဆံရမှ စစ်ပေးမှာ"

"ပေးပါ့မယ် ဆရာရယ်။ ခု ကျွန်တော်တို့က တစ်သောင်းကြီးတောင် အမြတ် ကျန်ကြတော့မှာမဟုတ်လား။ ခုတလော အလုပ်အကိုင်တွေကလည်း မကောင်းဘူး ဆရာရဲ့။ ပွဲစားတန်းလာပြီး တစ်ပြားမှငွေမရဘဲ ပြန်ကြရတဲ့ရက်တွေက များနေတယ်။ ဆရာ (တိုပက်)ကျောက်သားဆိုတာ မှန်ကန်ကြောင်း ထောက်ခံပေးစမ်းပါ"

"ကျွန်တော် ထောက်ခံပေးချင်ပါတယ်ဗျာ။ ဒါပေမဲ့ ကျောက်စစ်ကိရိယာတွေကလည်း ဒီအိမ်မှာ ဘာမှမရှိဘူး။ ဆိုင်မှာပဲ ရှိတယ်"

"ဆရာ့မှာ ရှိတဲ့ပစ္စည်းနဲ့ပဲ စစ်ပေးစမ်းပါ။ ဆရာက (တိုပက်)ဆိုရင် ဝယ်တဲ့လူက (တိုပက်)ဖြစ်သွားမှာပဲ"

"ဝယ်တဲ့လူက ကျောက်လောက ကလား"

"မဟုတ်ဘူး ဆရာ။ တရုတ်တန်းက တရုတ်ကြီး။ ဒီစေတီပုံလေးကို သူ့အိမ်မှာ ကိုးကွယ်ချင်လို့ ဝယ်တာ။ စောစောက သဘာဝကျောက်သားဆိုရင်ပြီးရောဆိုပြီး ဝယ်တာ။ နောက်မှ ဘယ်သူက သွားချွန်လိုက်လဲမသိဘူး။ (တိုပက်)နဲ့ထုတဲ့ စေတီဖြစ်မှ ဝယ်တော့မယ်တဲ့"

"ဝယ်မယ့်သူက ဘယ်မှာလဲ"

"အောက်မှာစောင့်နေတယ်။ အားနာလို့ ဆရာ့အိမ်ပေါ်ကို ခေါ်မလာတာ"

http://www.cherrythitsar.org
www.foreverspace.com.mm



"ဒါဖြင့်ရင် သွားခေါ်ခဲ့ဗျာ"

သူတို့ထဲမှတစ်ယောက် အောက်ဆင်းသွားပြီး ဝယ်သူဆိုသူကို အိမ်ပေါ်သို့ ခေါ်လာ၏။

"ဟင်. . . ဦးရှိန်"

တိုက်ဆိုင်လွန်းလှပါသည်။ ဝယ်သူကို ကျွန်တော်သိပါသည်။ ကျောက်သမားလည်း မဟုတ်။ ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦးဖြစ်၏။ ရှေးဟောင်းပစ္စည်းများကို ဝါသနာပါပြီး ကျွန်တော့် ကျောက်မျက်ဓာတ်ခွဲခန်း ဗိုလ်ချုပ်ဈေးတွင်ရှိစဉ်က အကြိမ်ကြိမ် လာဖူး၏။ ပျူခေတ်ပစ္စည်းဆိုသော ရှေးခေတ်ကျောက်-ပုတီးနှင့် ကျောက်လက်ဝတ်များကို ယူလာပြီး ကျွန်တော့်ထံ၌ အမျိုးအစား လာခွဲခိုင်းခြင်းဖြစ်၏။

"ခင်ဗျား ဘာဖြစ်လို့ စောစောက တက်မလိုက်ခဲ့တာလဲ"

"ကျွန်တော် အားနာလို့ ဆရာ"

"ခင်ဗျား ဒီ. . စေတီရုပ်ထုကို ဘာအတွက် ဝယ်ချင်တာလဲ"

"လှလို့ ဆရာ။ အိမ်က ဘုရားစင်မှာထားပြီး ကိုးကွယ်ချင်လို့"

"ဒါ. . ရှေးဟောင်းလက်ရာ ရှေးပစ္စည်းမဟုတ်ဘူးနော်"

"ကျွန်တော် သိပါတယ် ဆရာ"

"ခင်ဗျားက ကျောက်သားကို ဘာဖြစ်လို့ (တိုပက်)မှ ဝယ်ချင်တာလဲ"

"မသိပါဘူး ဆရာ။ ကျောက်သမားတစ်ယောက်က ဒီလို စေတီရုပ်ထုမျိုးဟာ (တိုပက်)ပေါ်မှာ ထုထားတဲ့-ရုပ်ထုမှ တန်ဖိုးရှိတယ်ပြောလို့"

တစ်ယောက်ယောက်က ကြားမှ ဦးရှိန်ကို အရောင်းအဝယ်ပျက်အောင် ချောက်တွန်းသွားခြင်းဖြစ်သည်ကို ကျွန်တော် ချက်ချင်းသဘောပေါက်၏။ ခက်ပါသည်။

အထက်ကျောက်လောကမှာလည်း အထက်ကျောက်မို့။ အောက်ကျောက်လောကတွင်လည်း အောက်ကျောက်မို့။ အပြိုင်အဆိုင်က အလွန်များ၏။ မနာလို ဝန်တိုမှုများလည်း လွန်ကဲ၏။ တစ်ခါတစ်ရံ ကျောက်သမားအချင်းချင်း စားရသည်ကိုလည်း အချို့ မနာလိုကြ။ ဘဝတူများအပေါ်တွင်လည်း ကြံဖန်ပြီး အရောင်းအဝယ်ပျက်အောင် လုပ်တတ်၏။ မဆန်းပါ။ တကယ်တော့ ခုလို မနာလိုဝန်တိုမှုရှိကြသည့်သဘောမှာ စီးပွားရေးလောကမျိုးစုံတွင်ပင် ရှိ၏။ ကျောက်လောကတစ်ခုတည်းကိုမှလည်း ကွက်ပြီး အပြစ်မဆိုသာပါ။ သို့သော်

http://www.cherrythitsar.org

www.foreverspace.com.mm



ဤကောက်ကျစ်သည့် ညဉ်မျိုးမှာ ကျောက်မျက်လောကတွင် ပိုများလိမ့်မည်ဟု ကျွန်တော်ထင်၏။

"ကျွန်တော် ရှင်းပြမယ် ဦးရှိန်။ မိုးကုတ်ကျောက်လောကကို ကျွန်တော် ဝင်နေတာ ခု နှစ်ပေါင်းသုံးဆယ်ကျော်လောက်ပဲ ရှိတော့မယ်။ ခုလို သုံးမြှောင်ပုံ မိခင်ကျောက်သားပေါ်မှာ စေတီပုံလေးတွေထုတာ ကျွန်တော် ဒီကျောက်လောကကို မဝင်ခင်ကတည်းက မိုးကုတ်မှာရှိတယ်။ ဘယ်ခေတ်က ဘယ်သူစခဲ့တယ်ဆိုတာ ဘယ်သူမှမသိဘူး။ ကွယ်လွန်သွားပြီဖြစ်တဲ့ ကျွန်တော့်ဆရာကြီး မိုးကုတ်ရှမ်းတောရပ်က ဦးသူတော်အိမ်မှာဆိုရင် အရွယ်စုံ၊ အရောင်စုံ ဒီစေတီမျိုးလေးတွေ စုဆောင်းထားတာ ရှိတယ်"

"ဘယ်စေတီပုံမျိုးက တန်ဖိုးရှိလဲ ဆရာ"

"ကျောက်သားပေါ်မှာ မတည်ဘူး။ ပန်းပုလက်ရာနဲ့ အရွယ်ပေါ်မှာ တည်တယ်။ စေတီထုထားတဲ့ ကျောက်သားအားလုံးက အပြစ် လုံးဝစင်တဲ့ ကျောက်သား များတယ်။ ကျွန်တော်မြင်ဖူးတဲ့ စေတီထုတဲ့ကျောက်သားအများစုကတော့ သလင်းကျောက်။ အက္ခာမလင်းကျောက်၊ နောက်. . တိုပက်ကျောက်၊ ဒီကျောက်အားလုံးမှာ သလင်းကျောက်နဲ့ ထုထားတဲ့စေတီတွေက များတယ်"

"ဘာဖြစ်လို့လဲ ဆရာ"

"သလင်းကျောက်က အရွယ်ကြီးကြီးနဲ့ အပြစ်စင် မစင်ကို ပိုရှာရလွယ်တယ်။ နောက် ထုလို့လည်း ကောင်းတယ်။ အက္ခာမလင်းကျောက်က မြကျောက်ရဲ့ မိခင်ကျောက်သားဆိုတော့ ဆပ်တယ်၊ ပျက်စီးလွယ်တယ်၊ ထုရ ခက်တယ်။ တိုပက်ကျောက်ကတော့ အက်ရာစင်တာ ရှားတယ်။ အဆီပြစ်ပါတတ်တယ်။ အိမ်မှာ ကိုးကွယ်ဖို့ထုထားတဲ့ ဘုရားပုံက အပြစ်စင်ကြယ်ကြယ်နဲ့ ကြည်ညိုချင်စရာ၊ ကိုးကွယ်ချင်စရာပုံမျိုး ဖြစ်နေမှ ကောင်းတယ်မဟုတ်လား။ နောက် တချို့ကလည်း အပြစ်ပါရင် ကိုးကွယ်သူ၊ ဝယ်သူကို ခိုက်တတ်တယ်လို့ အစွဲရှိပြီး အပြစ်ပါတဲ့ကျောက်သားနဲ့ ထုထားတဲ့ စေတီတို့ ရုပ်ထုတို့ကို မရချင်၊ မဝယ်ချင်ကြဘူး"

"ခု စေတီရုပ်တုလေးက စင်လား"

"စင်ပါတယ်။ ခု ကျွန်တော် ရိုးရိုးမျက်စိနဲ့ကြည့်တာတော့ အပြစ်ဆိုးဘာမှရှာမတွေ့ဘူး။ ကျွန်တော် ခုလို စိတ်ရှည်လက်ရှည် ရှင်းပြနေတာကတော့ ဘာမှမဟုတ်ဘူး။ ဦးရှိန်က (တိုပက်)ကျောက်နဲ့ထုတဲ့ စေတီရုပ်ထုကိုမှ ဝယ်မယ်

http://www.cherrythitsar.org
www.foreverspace.com.mm



ဆိုတဲ့ အယူအဆက မှားနေတယ်ဆိုတာ သဘောပေါက်သွားအောင်လို့ပါ”

“ကျေးဇူးတင်ပါတယ် ဆရာ။ ဒါပေမဲ့ ကျွန်တော့်ကို ညနေက ပြောပြတဲ့ ပွဲစားကတော့ မိုးကုတ်ကထုတဲ့ စေတီရုပ်ထု အကုန်နီးပါးဟာ (တိုပက်) ကျောက်နဲ့ ထုတာတဲ့။ ဒီလို (တိုပက်)ကျောက်သားဖြစ်နေတာကိုလည်း မိုးကုတ်-သားတိုင်းက ကြည့်လိုက်တာနဲ့ သိတယ်တဲ့”

“အလကား ပြောတာပါ။ နားမလည်လို့ပြောတာပါ။ စေတီရုပ်ထု အကုန်လုံးရဲ့ ထိပ်နဲ့အောက်က အပြိုင်ပြင်ညီတွေ ဖြစ်နေတယ်။ (တိုပက်) ကျောက်ရိုင်းကလည်း မူလတွင်းက ထွက်လာကတည်းကကို ထိပ်နှစ်ဖက်က အပြိုင်ပြင်ညီတွေဖြစ်နေတယ်။ ဒါကြောင့် သူတို့က စေတီရုပ်ထုအကုန်လုံးကို (တိုပက်)ကျောက်လို့ ထင်နေတာ။ အကွာမလင်းနဲ့ သလင်းကျောက်တွေကိုလည်း အပြိုင်ပြင်ညီတွေရချင်ရင် စိန်သွားတပ်ထားတဲ့ လွှလေးနဲ့ဖြတ်ပြီး မှတ်ပေါ်မှာ ချောလိုက်။ အရောင်တင်လိုက်ရတာပဲ။ ကျွန်တော်ပြောပြမယ်။ အရွယ်ကြီးကြီး အပြစ်စင်စင် သဘာဝကျောက်ရိုင်းက သလင်းကျောက်ပဲရနိုင်တယ်။ ဒါကြောင့်လည်း ဒီနေ့ မြန်မာနိုင်ငံက ဘုရားတွေမှာ ပူဇော်ထားတဲ့ စိန်ဖူးအားလုံးက သလင်းကျောက်တွေနဲ့ ထုထားတာ။ စစ်မဖြစ်ခင် (၁၉၃၉)ခုနှစ်က မိုးကုတ်က သီဟိုဠ်နိုင်ငံကို လှူဖူးတဲ့ ကမ္ဘာကျော် စိန်ဖူးကြီးဟာလည်း သလင်းကျောက်နဲ့ လုပ်ထားတာပဲ။ ကျွန်တော်သိသလောက် မြန်မာနိုင်ငံမှာ (တိုပက်)ကျောက်တို့ အကွာမလင်းကျောက်တို့နဲ့ ထုလုပ်ထားတဲ့ ဘုရားစိန်ဖူးကြီးကြီးတစ်ခုမှ မရှိဘူး။ ဒီတော့ ဒီနေ့ နာမည်ကြီးစေတီ အကုန်လုံးနီးပါးမှာ ပူဇော်ထားတဲ့ သလင်း-ကျောက်သားနဲ့ ခင်ဗျားအိမ်မှာ စေတီထုပြီး ကိုးကွယ်တာ ပိုပြီး မွန်မြတ်မှု မရှိဘူးလား။ အရေးကြီးတာက ခု စေတီထုထားတဲ့ကျောက်သားက လူလုပ်ကျောက်သားမဟုတ်ဘဲ သဘာဝတွင်းထွက် ကျောက်သားစစ်စစ် ဖြစ်နေဖို့ပဲ”

“သလင်းကျောက်က လူလုပ်ကျောက် ရှိသေးလို့လား”

“ရှိတာပေါ့ဗျာ။ ဖန်ချက်စက်ရုံကထွက်တဲ့ ဖန်တုံးကြီးတွေအားလုံးကို သလင်းဆိုပြီး ညာရောင်းနေကြတာ အများကြီး။ ဒီနေ့ လူလုပ် ကမ္ဘာကျော် သလင်းကျောက်တွေက သဘာဝသလင်းကျောက်တွေနဲ့တောင် လှသေးတယ်”

“ဘာဖြစ်လို့လဲ ဆရာ”

“အလင်းယိုင်ကိန်း (REFRACTIVE INDEX) ကို သဘာဝ သလင်းကျောက်ထက်ကို ပိုပြီး မြင့်အောင်လုပ်နိုင်လို့ပဲ။ ဒီလို အလင်းယိုင်ကိန်း ပိုမြင့်

http://www.cherrythitsar.org
www.foreverspace.com.mm



သွားတဲ့အတွက် ကျောက်ရဲ့ပွင့်အားက ပိုကြီးတယ်။ ပိုလှတယ်။ ဥပမာဗျာ. . ဒီနေ့ကမ္ဘာမှာ ဟိုတယ်ကြီးတွေမှာ ချိတ်ထားတဲ့ မီးဆိုင်းတွေကိုထုတ်လုပ်ပြီး အလွန်နာမည်ကြီးနေတဲ့ ဆာရောစကီး (SWAROVSKI)ကုမ္ပဏီကထုတ်လုပ်တဲ့ ဖန်တွေအကုန်လုံးက သဘာဝသလင်းကျောက်ထက်ကို အရောင် ပိုသန့်တယ်။ ပွင့်အား ပိုကောင်းတယ်။ အလင်းယိုင်ကိန်း ပိုမြင့်တယ်။ ဒါကြောင့်လည်း သူတို့ကုမ္ပဏီက ထုတ်လုပ်တဲ့ ဖန်ရုပ်တွေဆိုရင် သိပ်လှတာ။ ဈေးလည်း သိပ်မြင့်တယ်။ ခု ဒီစေတီပုံအရွယ် ရုပ်ထုတစ်ခုကို မြန်မာငွေတစ်သောင်းခွဲလောက်နဲ့ ဘယ်လိုမှ ဝယ်လို့မရနိုင်ဘူး။ ဒေါ်လာတစ်ရာလောက် ပေးဝယ်ရလိမ့်မယ်။ ဒါပေမဲ့ မြန်မာ့ကျောက်မျက်လောကမှာတော့ ခုလို စေတီရုပ်ထုတွေကို သဘာဝတွင်းထွက်အစစ်နဲ့ ထုလုပ်ထားတာကိုပဲ ကိုးကွယ်ချင်ကြတယ်”

“ခု စေတီရုပ်ထုက သဘာဝတွင်းထွက်အစစ်လား ဆရာ။ သဘာဝတွင်းထွက်အစစ် ဟုတ် မဟုတ်ဘဲ ဆရာစစ်ပေးပါတော့။ (တိုပက်)မဟုတ်လည်း အရေးမကြီးတော့ဘူး။ ကျွန်တော် ဝယ်ပါ့မယ်”

“ရပါတယ်။ ကျွန်တော် စစ်ပေးမယ်။ ဟေ့. . သမီးကြီး ငါ့ အိပ်ဆောင် မှန်ဘီလူး သွားယူခဲ့စမ်း”

ကျွန်တော့်သမီးကြီး လွင်လွင်ကို လှမ်းအော်ပြောလိုက်၏။

“ဖေကြီး. . ဘယ်မှာထားလဲ”

“ငါ့ပိုက်ဆံအိတ်အတွင်းက အိတ်ငယ်လေးထဲမှာ. . ”

သမီးကြီး လွင်လွင်က ကျွန်တော့်အိပ်ခန်းထဲ ဝင်သွားပြီး မှန်ဘီလူးကို သွားရှာ၏။

မတွေ့။

“ဖေကြီး ပိုက်ဆံအိတ်ထဲမှာ ဖေကြီး မှန်ဘီလူး မရှိဘူး”

“ရှိပါတယ်ကွာ။ ယူခဲ့စမ်း ငါ့ပိုက်ဆံအိတ်။ ငါ့ဟာငါ ရှာမယ်”

သမီး လွင်လွင်က ပိုက်ဆံအိတ်ကိုယူလာပြီး ကျွန်တော့်ကို လှမ်းပေးလိုက်၏။ ကျွန်တော်က ပိုက်ဆံအိတ်ကိုဖွင့်ပြီး အတွင်းအိတ်လေးထဲတွင် မှန်ဘီလူးကို ရှာလိုက်၏။

မတွေ့။

“ဟေ့. . ငါ့လက်ဆွဲအိတ် ယူခဲ့စမ်း”

သမီးကြီးလွင်လွင်က ကျွန်တော့်လက်ဆွဲအိတ်ကို ယူလာပြန်သည်။

http://www.cherrythitsar.org

www.foreverspace.com.mm



ကျွန်တော်က လက်ဆွဲအိတ်ကိုဖွင့်ပြီး တစ်အိတ်လုံးအနှံ့ မှန်ဘီလူးကို ရှာပြန်သည်။ တကယ်တော့ ကျွန်တော့်မှန်ဘီလူးလေးမှာ ရိုးရိုးသိမ်းထားသည် မဟုတ်။ လည်ပင်းတွင်ဆွဲ၍ရရန် ပိုးကြိုးအဝါလေးဖြင့်ချီပြီး သိမ်းထားခြင်း ဖြစ်၏။ လက်ဆွဲအိတ်တွင်း၌လည်း အိတ်ဆောင်မှန်ဘီလူးကို ရှာမတွေ့။

"ဟော့. . ငါ့မှန်ဘီလူးကို ဘယ်သူ ယူသုံးလဲကွ"

"အပါပဲ ဖြစ်မှာပဲ။ ဒီကောင်က စည်းကမ်းကိုမရှိတဲ့ကောင်။ ငါ့မှန်ဘီလူး က ငါ့အသက်။ ဒီမှန်ဘီလူးမရှိရင် ငါ့မျက်စိကန်းသလို ဖြစ်သွားတော့မယ်"

မှန်ပါသည်။ ဤမှန်ဘီလူးလေးဖြင့် ကျွန်တော် လုပ်စားလာခဲ့သည်မှာ နှစ်ပေါင်း ကြာမြင့်လှပြီ။ ဒီမှန်ဘီလူးကြောင့် ကျွန်တော့်ဘဝတွင် သိန်းငွေ အကြိမ်ကြိမ် ရခဲ့ဖူး၏။ ဤမှန်ဘီလူးမှာ ကျွန်တော်ကိုင်နေကျဖြစ်သဖြင့် ကျောက် အတုအစစ် (၉၀%)ကို ဤမှန်ဘီလူးတစ်ခုတည်းသုံးပြီး ကျွန်တော် ခွဲခြားပေး နိုင်၏။

"ဖေကြီးမှန်ဘီလူးကို ဘယ်သူမှ မကိုင်ဘူး။ အပါလည်း မကိုင်ဘူး။ အပါ အိမ်ပြန်မအိပ်ဘဲ ကျောက်သွေးရုံမှာ အိပ်နေတာတောင် နှစ်ညရှိသွားပြီ။ မနက်ကတောင် ကိုအေးဝင်းနဲ့အတူ ဖေကြီး စိန်တွေ အဲဒီမှန်ဘီလူးနဲ့ စစ်နေ သေးတယ် မဟုတ်လား"

"အေး. . ဟုတ်တယ်"

ကျွန်တော့်တစ်ကိုယ်လုံး ထူပူသွား၏။ အိပ်ဆောင်မှန်ဘီလူးလေး ပျောက်သွားပြီ။ သို့သော် လောလောဆယ် ဤမှန်ဘီလူးပြဿနာကို မရှင်းနိုင် သေး။ အိမ်ပေါ် ရောက်နေသည့် ဦးရှိန်တို့၏ပြဿနာ အရင်ရှင်းလိုက်ရဦးမယ်။

"သမီးကြီး. . နင့် အိတ်ဆောင်မှန်ဘီလူးပဲ ခဏယူခဲ့စမ်းကွာ"

တကယ်တော့ ကျွန်တော့်သမီးသုံးသည့် မှန်ဘီလူးမှာလည်း ကျွန်တော် ယခင်ကသုံးခဲ့သည့် မှန်ဘီလူးပင်ဖြစ်၏။ ဂျာမဏီနိုင်ငံမှလုပ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်နီးပါးကပင် ကျပ်ငွေသုံးထောင်ပေး၍ ဝယ်ထားရသည်။ ယနေ့ ဈေးကွက်တွင် အနည်းဆုံး နှစ်သောင်းပေးဝယ်ရမည့် မှန်ဘီလူး ဖြစ်၏။

ကျွန်တော် စိတ်မပါ့တပါဖြင့် စေတီရုပ်ထုလေး ကျောက်သားအတွင်း မှ သဘာဝသင်္ကေတများကို ကြိုးစားရှာကြည့်လိုက်၏။

အလွယ်တကူပင် ကျောက်သားအတွင်းမှ ငှက်မွေးသင်္ကေတ အဆီပြစ် (FEATHER)လေးတစ်ခုကို တွေ့လိုက်သဖြင့် သဘာဝတွင်းထွက်ဖြစ်သည်ကို

http://www.cherrythitsar.org

www.foreverspace.com.mm



ချက်ချင်းသိ၏။ တစ်ချိန်တည်း၌ ကျောက်သားအရောင်မှာ ပန်းရိပ်လေးများ ပြေးနေသဖြင့် (တိုပက်)မဟုတ်နိုင်။ သလင်းကျောက်ပင် ဖြစ်လိမ့်မည်ကိုလည်း ကျွန်တော်သိ၏။ သို့သော် မှန်ဘီလူးပြဿနာကြောင့် ကျောက်အမျိုးအစား ဘာဖြစ်နေသည်ကိုလည်း ကျွန်တော် မပြောတော့ပါ။

"ဦးရှိန်. . ကျောက်စစ်ပါ။ ဒါ. . သဘာဝတွင်းထွက်ပါ"

ဦးရှိန်က ချက်ချင်းပင် ငွေတစ်သောင်းခွဲထုတ်ပေးပြီး ပွဲစားများထံမှ စေတီရုပ်ထုလေးကို ဝယ်လိုက်၏။ ပွဲစားများက ကျွန်တော့်ကို ငွေတစ်ထောင် ခွဲပေး၏။

"ဒီငွေက ဘာလုပ်ဖို့လဲ"

"ဆရာ့အတွက် ဉာဏ်ပူဇော်ခလေ။ ပွဲခသဘောမျိုးပေးတာ မဟုတ်ပါဘူး"

"မလိုပါဘူးကွာ။ မင်းတို့လည်း ပိုက်ဆံရှိကြတာမဟုတ်ဘူး။ ဒီငွေ တစ်ထောင်ကို မင်းတို့ သုံးယောက်ပဲ ဝေခွဲယူလိုက်ကြတော့။ နောင်ကိုတော့ ဒီလို အချိန်မျိုး ကိုယ့်အိမ်ကို ကျောက်စစ်ဖို့ မလာကြပါနဲ့တော့။ ဒါ ကိုယ်နားတဲ့ အချိန်။ ကဲ. . ကဲ။ ပြန်ကြပေတော့။ ကိုယ့်မှန်ဘီလူးပျောက်နေလို့ ကိုယ် သိပ် စိတ်ညစ်နေတယ်။ ဘယ်မှာ ဘယ်လို ပြန်ရှာရမှန်းလဲ မသိသေးဘူး"

ဦးရှိန်နှင့် ပွဲစားသုံးယောက်လည်း ကျွန်တော့်ကိုနှုတ်ဆက်ပြီး ပြန်သွားကြ၏။ အချိန်မှာ ည(၉)နာရီကျော်ပြီ။ မှန်သည်။ ယနေ့ ကျွန်တော်၏ အိတ်ဆောင်မှန်ဘီလူးလေးကို အိမ်တွင်လည်း သုံးသည်။ ရွှေဘုံသာပွဲစားတန်းတွင် လည်း သုံးခဲ့သည်။ ယနေ့ မနက်အစောကြီး မောင်အေးဝင်း ကျွန်တော့်ထံ ရောက်လာသည်။

"ဆရာ စိန်နားကပ်တစ်ရံ အစပ်ဝယ်မလား"

"မြတ်ရင်တော့ ဝယ်မှာပေါ့ကွာ"

"အရပ်ထည် ဆရာ။ မြတ်မှာ သေချာတယ်"

"ဘယ်မှာလဲ မင်း စိန်နားကပ်က. . "

"ရော့. . ဒီမှာ ဆရာ"

ကျွန်တော်က နေရောင်ဝင်၍ လင်းနေသော အိမ်ရှေ့ခန်းသို့ စိန်နားကပ်ကို ယူသွား၏။ ပိုက်ဆံအိတ်ထဲမှ အိတ်ဆောင်မှန်ဘီလူးလေးကို ထုတ်ပြီး စိန်နားကပ်လေးကို အသေအချာစစ်ကြည့်လိုက်၏။ အလွန်လှပါသည်။

http://www.cherrythitsar.org

www.foreverspace.com.mm



အပြစ်လည်း လုံးဝ စင်ပါသည်။

"မောင်အေးဝင်း. . ဘယ်စျေးတောင်းလဲ"

"ဆယ့်နှစ်သိန်းတဲ့ ဆရာ"

"အချိန်က သုံးရတီ ပိုမယ်ထင်တယ်"

"သိပ်မှန်တာပေါ့ ဆရာရယ်။ အောက်ထစ်ကို သုံးတစ်မတ် ရှိနိုင်တယ်"

"ဒါဖြင့်ရင် တစ်ရတီ ငါးသိန်းစျေးပဲ ထားတွက်ကြည့်ကွာ။ တန်ဖိုးက (၁၇)သိန်းလောက် ဖြစ်နေပြီ။ မင်းပစ္စည်းက ကောက်ယူရုံပစ္စည်းမျိုး ဖြစ်နေပြီ။ ငါ့ကို မင်းအစပ် ဘယ်လောက်ပေးမလဲ"

"ထက်ဝက်ယူ"

"ပိုင်ရှင်ရော"

"ရွှေဘုံသာလမ်းမှာ စောင့်နေတယ်။ ကျွန်တော့်အတွက်ပါ ဆရာ ငွေစိုက်ပြီး (၁၂)သိန်း တစ်ခါတည်းယူခဲ့။ ငွေ အပြီးချေလိုက်ကြရအောင်"

ရွှေဘုံသာလမ်းသို့ ကျွန်တော်လိုက်သွားသည်။ အရောင်းအဝယ်အားလုံးကို ဦးအောင်ကျော်မြင့် ပန်းထိမ်အရှေ့မှာ လမ်းဘေးလက်ဖက်ရည်ဆိုင်လေးတွင်ပင် ပြီးပြတ်အောင် လုပ်လိုက်ကြ၏။ ငွေမချေမီလေးတွင်ပင် ကျွန်တော့်မှန်ဘီလူးလေးဖြင့် စိန်နားကပ်ကို အသေအချာ ထပ်ကြည့်ပါသေးသည်။

"ဖေကြီး မှန်ဘီလူးက နောက်ဆုံး ဘယ်မှာကြည့်လဲ"

"ရွှေဘုံသာလမ်းဘေးက လက်ဖက်ရည်ဆိုင်မှာလို့ ထင်တာပဲ"

"ဒါဖြင့်ရင် အဲဒီလက်ဖက်ရည်ဆိုင်မှာပဲ ကျခဲ့တာဖြစ်မှာပေါ့။ လမ်းဘေး မှာ ပြုတ်ကျခဲ့တာဆိုတော့ ဖေကြီးပစ္စည်း ဆုံးပါပြီ"

ကျွန်တော် စိတ်မကောင်းပါ။ ဤမှန်ဘီလူးလေးကို ကျွန်တော် သုံးလာခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ။ ဤမှန်ဘီလူးလေးဖြင့် ပြဿနာအမျိုးမျိုးကို ရှင်းခဲ့ဖူး၏။ နှစ်ပေါင်းများစွာ မိမိသုံးလာခဲ့သော ပစ္စည်းဖြစ်သဖြင့် ယခုကဲ့သို့ ကျပျောက်သွားသည်ကို အလွန်နှမြောလှ၏။ တကယ်တော့ အိတ်ဆောင်မှန်-ဘီလူး (Pocket Lens)တစ်ခုမှာ ရတနာကုန်သည်တစ်ဦးအတွက် အသက်ပင်ဖြစ်၏။ ဤပစ္စည်းထက် ပိုအရေးကြီးသောပစ္စည်းဟူ၍ ကျွန်တော်တို့တွင် မရှိတော့။

ကျောက်မျက်ရတနာအားလုံးကို ဤပစ္စည်းလေးကိုပင် အားထားပြီး တန်ဖိုးဖြတ်ကြရ၏။ ကျွန်တော်သုံးသော မှန်ဘီလူးမှာ အမေရိကန်ပြည်ထောင်စု

http://www.cherrythitsar.org

www.foreverspace.com.mm



(ဂျီအိုင်အေ)ကျောက်မျက်သိပ္ပံမှ ရောင်းချသော မှန်ဘီလူးဖြစ်၏။ BOUSCH AND LOMB ကုမ္ပဏီမှထုတ်သည့် မှန်ဘီလူး။ ဤကုမ္ပဏီမှာ ကမ္ဘာကျော် (ရေဗန်)မျက်မှန်ကို ထုတ်လုပ်သည့် ကုမ္ပဏီ။

ရယ်ရပါသည်။

ဆရာကြီး ရွှေဥဒေါင်း၏ စုံထောက်မောင်စံရှား သုံးသော မှန်ဘီလူးမှာ ကျွန်တော်တို့ ရတနာလောကတွင် သုံး၍မရပါ။ လက်ကိုင်ကြီးနှင့်ဖြစ်၍ ကျောက်မျက်လောက၌ သုံးရန် ကိုးရိုးကားရားကြီး ဖြစ်နေ၏။ နောက်. . . နှစ်ဆမျှသာ ပုံကြီးချဲ့အားရှိသဖြင့် စုံထောက်မောင်စံရှား မှန်ဘီလူးမှာ စာဖတ်ရာ၌သာ အသုံးတည့်လိမ့်မည် ဖြစ်၏။

နာရီပြင်ဆရာတို့ သုံးသော မှန်ဘီလူးမှာလည်း ကျွန်တော်တို့ သုံးမရပါ။ မျက်စိ၌ အသေတပ်ထားသဖြင့် ကျောက်စစ်ရာ၌ ခွင်မကျ။ ကျောက်မျက်လောက၌ ရှေးခေတ်ရှေးအခါမှစ၍ သုံးခဲ့ကြသည့် မှန်ဘီလူးမှာ (၈)ဆနှင့် (၁၀)ဆချဲ့ မှန်ဘီလူးများသာဖြစ်၏။ မှန်ဘီလူးပေါ်တွင် အမြှောက်ရှစ်(၈×)၊ အမြှောက်တစ်ဆယ်(၁၀×)ဟုသာ ရေးထား၏။

ကျောက်မျက်သုံး မှန်ဘီလူးများတွင် အဆနှစ်ဆယ် (၂၀×)ဟု ရေးထားသော မှန်ဘီလူးများအထိ သုံး၏။ သို့သော် လက်တွေ့အသုံးချရာတွင် မြင်နိုင်သည့်မြင်ကွင်း (FIELD OF VIEW)ကျဉ်းလွန်းသဖြင့် အသုံးချမရ။ ယနေ့ကမ္ဘာ၌ ကျောက်မျက်ရတနာကုန်သည်အများစုသုံးသော မှန်ဘီလူးမှာ ဆယ်ဆချဲ့ (၁၀×) မှန်ဘီလူးများသာ ဖြစ်၏။

ရတနာကုန်သည်သုံး မှန်ဘီလူးများတွင် အရေးအကြီးဆုံး လိုအပ်ချက်နှစ်ခုရှိ၏။ ပထမဆုံးအရေးကြီးသည့်လိုအပ်ချက်မှာ အရောင်။ မှန်ဘီလူးဖြင့် ကြည့်သောအခါ၌ မြင်တွေ့ရသည့် ဝတ္ထု။ ပစ္စည်း၏အရောင်မှာ မူလအရောင်မှန်အတိုင်း ရှိနေရမည်။ အနည်းငယ်မျှ အရောင်တိမ်းသွားစောင်းသွား၍မရ။

ဒုတိယ လိုအပ်ချက်မှာ မှန်ဘီလူးဖြင့် ကြည့်၍မြင်ရသော ဝတ္ထု။ ပစ္စည်းသည် ကွေးသွားခြင်း၊ ကောက်သွားခြင်း လုံးဝမရှိရ။ အင်္ဂလိပ်ဘာသာဖြင့် (FREE OF DISTORITION)ဟု ခေါ်ပါသည်။

ယင်း ဂုဏ်ရည်နှစ်ခုဖြင့်ပြည့်စုံရန်မှာ အပေါစားမှန်ဘီလူးများကို ဝယ်သုံး၍မရပါ။ မှန်သုံးထပ် (TRIPLET)ဖြင့် ပြုလုပ်ထားသော ဆယ်ဆချဲ့ အကောင်းစား မှန်ဘီလူးများကို ဝယ်သုံးရ၏။

http://www.cherrythitsar.org

www.foreverspace.com.mm



စိန်လောက၌ အပြစ်စင်သည့်စိန် (FLAWLESS DIAMOND)ဆို- သည်မှာ ဆယ်ဆချဲ့အကောင်းစား မှန်ဘီလူးဖြင့် စစ်ဆေး၍ အပြစ်ရှာမရသော စိန်မျိုးကို ဆိုလို၏။

ဆယ်ဆချဲ့မှန်ဘီလူးမျိုးကို သုံးတတ်ရန်မှာ လချီပြီး ကြိုးစားလေ့ကျင့်ရ၏။ လေ့ကျင့်ရာ၌လည်း သင်ကြားပြသပေးမည့်ဆရာ လိုပါသည်။ မှန်ဘီလူးကို ကြည့်ရာ၌ ပထမဆုံးအရေးကြီးသည့်အချက်မှာ မျက်စိတစ်ဖက်မှိတ်ပြီး မကြည့်ရ။ မျက်စိနှစ်လုံးစလုံးဖွင့်ပြီး ကြည့်ရ၏။ ထိုသို့ ကြည့်ပါမှ ကြာကြာကြည့်နိုင်၏။ မျက်စိတစ်ဖက်မှိတ်ပြီးကြည့်လျှင် မိနစ်အနည်းငယ်အတွင်း မျက်စိမှာ ညောင်းလာလိမ့်မည် ဖြစ်၏။

နောက်. . ကျောက်ကို လက်ဖြင့်ကိုင်ပြီးမကြည့်ရ။ ဇာဂနာဖြင့် ကိုင်ပြီး ကြည့်ရ၏။ ဇာဂနာဖြင့်ကျောက်ကိုင်ရာတွင် အပေါစားဇာဂနာများကိုသုံးလျှင် အလွန်အန္တရာယ်များ၏။ ကျောက်လွတ်ကျပြီး ကျောက်ပျက်စီးတတ်၏။ ကျောက်စစ်ရာ၌ သုံးသောဇာဂနာမှာ ထိပ်တွင် အသွားလေးများ တပ်ထားသည့် အကောင်းစား ဇာဂနာများကို သုံးရ၏။ ယနေ့ ဤဇာဂနမျိုးတစ်ချောင်းကိုပင် မြန်မာငွေကျပ် ငါးထောင်ခန့် ပေး၀ယ်နေရ၏။

ကျောက်ကိုစစ်ဆေးကြည့်ရှုရာတွင် ညာလက်ဖြင့် မှန်ဘီလူးကိုကိုင်ရပြီး ဘယ်လက်ဖြင့် ကျောက်ကိုကိုင်ရ၏။ နောက်. . လက်ဖဝါးနှစ်ဖက်မှာ ထိနေရ၏။ တံတောင်ဆစ်နှစ်ခုမှာ စားပွဲပေါ်၌ ထောင်ထားရ၏။ ထိုအနေအထားမျိုးဖြင့် ကြည့်မှ မျက်စိနှင့် ကျောက်မျက်မှာ ငြိမ်နေကြမည် ဖြစ်၏။

နောက်. . အလင်းရောင်။ မှန်ဘီလူးသုံးရာတွင် အလင်းရောင်မှာ အသက်ပင်ဖြစ်၏။ အလင်းရောင်၏သဘော၊ သဘာ၀ကို မသိဘဲ မှန်ဘီလူးကို အသုံးချ၍ မရပါ။

အမှတ် ၁၀၆၊ ၁၉၉၉၊ မေလ။

❋ ❋ ❋

http://www.cherrythitsar.org

www.foreverspace.com.mm

## ၁၉။ အမှားနှင့် အမှန် (၂)

မှန်ပါသည်။

နေရောင်မှာ အိတ်ဆောင်မှန်ဘီလူးကို အသုံးပြုရာ၌ အဓိက အား- ထားရသည်မှာ အလင်းရောင်ပင် ဖြစ်၏။

သို့သော် အရောင်ရှိသော ကျောက်မျက် (colored stones)များ၏ အရောင်ကို နေရောင်(ဝါ) နေပူကျဲကျဲအောက်တွင် သွားကြည့်က အရောင်မှန် ကို မတွေ့နိုင်ပါ။ နေရောင်မှာ စူးသဖြင့် ကျောက်မျက်၏အရောင်များ အရောင် ပျက်၍ သွားပါသည်။

"ပနာ ပြင်းရင် မရဘူး။ အရောင်ကွဲသွားမယ်။ ကျောက်မှာ ကြည့်လို့ မလှဘူး"

မိုးကုတ်သားများ ပြောလေ့ရှိသော စကားဖြစ်၏။

အပြင်မှ နေရောင်ကြောင့် လင်းနေသောအခန်းတွင်းမှ အရောင် ဖြစ် ရပါမည်။ ထို့ကြောင့် ကျောက်စစ်ရာ၌သုံးသော အရောင်မှာ နေရောင်မဟုတ်။ နေ့ဘက်အလင်းရောင် (DAY LIGHT)ဖြစ်၏။

နေရောင်ကြောင့် လင်းနေသော်လည်း နေရောင်မထိုးသော၊ မဝင်

http://www.cherrythitsar.org

www.foreverspace.com.mm



သောအခန်းမှ အလင်းရောင်ဖြစ်၏။

တစ်ခါ နေ့ဘက်အလင်းရောင်တွင်မှ ကျောက်စစ်မည့်အခန်းမှာ မိုးကုတ်သားများစကားဖြင့် "တစ်ပေါက်ပနာ"မျိုး ဖြစ်ရန်လို၏။ တစ်ပေါက်ပနာ ဆိုသည်မှာ မိမိကျောက်စစ်သည့်အခန်း၌ အလင်းဝင်သော ပြတင်းပေါက်သည် တစ်ပေါက်တည်းရှိရမည်ဟု ဆိုလိုခြင်းဖြစ်၏။

ပတ်ပတ်လည်၌ ပြတင်းပေါက်များ ရှိနေသော အခန်းမျိုး၌ ကျောက် မစစ်သင့်ပါ။ စစ်ရ အလွန်ခက်ပါသည်။

ရယ်ရပါသည်။ အနောက်တိုင်း စိန်လောကတွင် ယင်း တစ်ပေါက်ပနာ တွင်မှ မြောက်ကမ္ဘာလုံးခြမ်းတွင်ဖြစ်က မြောက်အရပ်မှဝင်သော အလင်းရောင် ဖြစ်ရ၏။ (NORTH LIGHT)ဟု ခေါ်၏။ တောင်ကမ္ဘာလုံးခြမ်းတွင် ဖြစ်က တောင်ဘက်မှဝင်သော အလင်းရောင်ဖြစ်ရ၏။ (SOUTH LIGHT) ဟုခေါ်၏။

မိုးကုတ်၌ ကျောက်ကုန်သည်များသည် ရှေးနှစ်ပေါင်းများစွာကပင် ကျောက်ကြည့်ရာတွင် "တစ်ပေါက်ပနာ"ကို သုံးသင့်သည်ကို လက်ခံ၏။

သို့သော် အစဉ်အလာအရပင် ကျောက်ကြည့်ရာ ကျောက်စစ်ရာတွင် အိတ်ဆောင်မှန်ဘီလူးသုံးသည်ကို လက်မခံချင်ကြပါ။

မှန်ပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ခန့်က ကျွန်တော် ကျောက် မျက်လောကသို့ ဝင်စအချိန်က မှန်ဘီလူးသုံးသူကို လူပေါ်ဟုပင် သူတို့ သတ်မှတ် ၏။

"မိုးကုတ်ကျောက်တိုင်းက အပြစ်ရှိတာပဲ။ အပြစ်စင်တဲ့ကျောက်က ရှိတာမှမဟုတ်ဘဲ။ မှန်ဘီလူးသုံးပြီး ကျောက်ဝယ်နေလို့တော့ ဘယ်ကျောက် ဝယ်လို့ ရနိုင်ပါတော့မလဲ"

အညို့ဖခင် ကျွန်တော့်ဆရာ ဦးအောင်ဘ မကြာခဏ ပြောသွားဖူး သော စကားဖြစ်၏။

သို့သော် ခေတ်ပြောင်းသွားချေပြီ။ ယနေ့ မိုးကုတ်သားတို့ ထာပွဲဟု ခေါ်သော ကျောက်ဈေးများတွင် လူငယ်ကုန်သည်ပွဲစားတိုင်းသည် အိတ်ဆောင် မှန်ဘီလူးကို သုံးနေကြပြီ ဖြစ်၏။

သို့သော် ကျွန်တော် ကျောက်လောကသို့ ဝင်စခေတ်က မိုးကုတ်တွင် မှန်ဘီလူးသုံးကျောက်ဝယ်သူ တစ်ဦးတစ်ယောက်မှ မမြင်ဖူးခဲ့ပါ။

ကျွန်တော်သည် ငယ်စဉ်ကပင် စာစုံဖတ်သူဖြစ်၏။ ကျောက်ဝယ်ရာ၌

www.foreverspace.com.mm



အိတ်ဆောင်မှန်ဘီလူးသုံး ဝယ်ရမည်ကို ကျောက်မျက်လောကသို့ ဝင်စအချိန်မှ ပင် စ၍သိ၏။ ထိုစဉ်က ရွှေဘုံသာလမ်း စိန်လောကတွင်မူ အိတ်ဆောင် မှန်ဘီလူးကို မသုံးသည့်သူ မရှိ။

မှန်သည်။

တကယ်တော့ စိန်ဝယ်သည့်သဘောသဘာဝနှင့် ပတ္တမြားဝယ်သည့် သဘောသဘာဝမှာ လုံးဝမတူပါ။

စိန်လောက၌ အပြစ်စင်သည့် စိန် (FLAWLESS DIAMOND)ဟူ သည်မှာ (၁၀)ဆချဲ့ အိတ်ဆောင်မှန်ဘီလူးဖြင့် မည်သည့် အပြစ်အနာဆာကိုမျှ ရှာဖွေ၍ မရနိုင်သော စိန်မျိုးကို ဆိုလို၏။

ပတ္တမြားနှင့် နီလာတို့၌ အပြစ်စင်သော ပတ္တမြား၊ နီလာ ဟူသည်မှာ သာမန်မျက်စိရိုးရိုးဖြင့် ကြည့်၍ အပြစ်ရှာမရသော ကျောက်မျက်မျိုးကို ဆိုလို၏။

မှန်သည်။

ယင်းသို့ အပြစ်စင်ပုံ (FLAWLESS)အခြေခံသဘော သတ်မှတ်ပုံ လုံးဝမတူကြသဖြင့်လည်း မိုးကုတ်ပတ္တမြား၊ နီလာလောက၌ အိတ်ဆောင် မှန်- ဘီလူးသုံးခြင်းကို ရယ်ဖွယ်အဖြစ် သတ်မှတ်ခဲ့ကြဟန် ရှိ၏။

သို့သော် ဂေါ်ထုတ်နိုင်သောခေတ်၊ ငွေ့ရည်(ဝါ)အပြာရည်ပျောက် အောင် ပြုနိုင်သောခေတ်။ သို့မဟုတ် မီးဖုတ်ကျောက် (Heat treatment) ခေတ်သို့ ရောက်လာသောအခါ၌မူ (၁၀)ဆချဲ့ အိတ်ဆောင်မှန်ဘီလူးမသုံးဘဲ ကျောက်ဝယ်၍ မရတော့ပါ။ အတွင်းပြစ်များကို စစ်ဆေးရာ၌ (၁၀)ဆချဲ့ မှန်ဘီလူး လိုချေပြီ။

ကျောက်တစ်ပွင့်ကို မီးမဖုတ်မီအတွင်း အပြစ်အမျိုးအစားကို အသေ- အချာ ခွဲခြားသိရန်လို၏။ တိတိကျကျ ခွဲခြားမသိသေးဘဲ ကျောက်တစ်ပွင့်ကို မီးဖုတ်၍မရ။ ပျက်စီးသွားနိုင်၏။ ကျောက်များတို့၏ ကျောက်သားအတွင်းရှိ သဘောသဏ္ဌာန် (INCLUSION)များကို စစ်ဆေးရာ၌ (၁၀)ဆချဲ့မှန်ဘီလူးကို သုံးရ၏။ ထို (၁၀)ဆချဲ့မှန်ဘီလူးဖြင့် စစ်ဆေးပြီး၍မှ မသေချာသေးလျှင် မှန်- ဘီလူးကြီးများရှိသော ကျောက်မျက်ဓာတ်ခွဲခန်းသို့ ပြေးလာကြရသေး၏။

ကျွန်တော် မှတ်မိသေးသည်။ တကယ်တော့ အညို့ဖခင်ကြီးသည် မီးဖုတ်ကျောက်ခေတ်ကို ပထမဆုံးစခဲ့သူတစ်ဦးဖြစ်၏။ သူသည် အင်္ဂရတ်အလုပ်၊ ဖိုထိုးသည့်အလုပ်ကို ဝါသနာပါသည်။ ချိန်အားရလျှင် ဖိုအမြဲထိုးနေတတ်၏။

http://www.cherrythitsar.org

www.foreverspace.com.mm



ဖိုထိုးသည့်အလုပ်ကို ဝါသနာပါသဖြင့် သူသည် မီး၏ သဘောသဘာဝကို သိသည်။ လုံကို သုံးတတ်သည်။

"အနီရောင်သာ ခိုင်မြဲပြီး၊ အပြာရောင်ဟာ မခိုင်မြဲဘူးကွ။ အပြာရောင်ဆိုတာ အပူပေးလိုက်ရင် လွင့်သွား ပျောက်သွားနိုင်တယ်"

ထိုင်းလူမျိုးတို့ မီးဖုတ်ကျောက်ခေတ် မစမီ နှစ်ပေါင်းများစွာကပင် အင်္ဂလိပ်ရတ်ဆရာ မိုးကုတ်သားကျောက်ကုန်သည်များ သိထားကြသော အသိများဖြစ်၏။

သို့သော် ဤအင်္ဂရိတ်ဆရာအများစုမှာ ပညာတတ်များ မဟုတ်ကြပါ။ ကျောင်းပညာကို သုံးလေးတန်းမျှသာ သင်ကြားခဲ့ကြဖူးသူများဖြစ်သဖြင့် ခေတ်မီသိပ္ပံပညာအခြေခံများကို သင်ကြားခွင့် မရခဲ့ကြ။

"ငွေ့တဲ့ကျောက် ဈေးပေါ်ရင် ဝယ်သာဝယ်ခဲ့။ အပြာရည်လွင့်သွားအောင် ငါ တာဝန်ယူ မီးဖုတ်ပေးမယ်"

အညို့ဖခင် မကြာခဏပြောလေ့ရှိသော စကားဖြစ်၏။ ထိုခေတ်က မိုးကုတ်ထာပွဲကုန်းရပ်မှ ဦးသာဇံနှင့် အညို့ဖခင်ကြီးတို့မှာ ကျောက်မီးဖုတ်ရာ၌ နာမည်ကြီးပုဂ္ဂိုလ်များ ဖြစ်၏။ သူတို့ ကျောက်မီးဖုတ်သည့် အလုပ်မှာ အောင်သည်လည်း ရှိ၏။ ပျက်သည်လည်းရှိ၏။ ထို့ကြောင့်လည်း မစွန့်စားဝံ့သော သတ္တိနည်းသည့် ကျွန်တော်မှာ ထိုအလုပ်ကို ထိုအချိန်က စိတ်ဝင်စားမှု မရှိလှပါ။

ရယ်ရပါသည်။

တစ်နေ့ ပိတ်စွယ်တွင်နေသော ကိုသိန်းမောင် အိမ်ရောက်လာပါသည်။ ကိုသိန်းမောင်မှာ ထိုစဉ်က ကျွန်တော်နှင့် ဂေါက်သီးကစားဖက်ဖြစ်၏။ သူ့အကြောင်းကို လွန်ခဲ့သည့် ခြောက်နှစ်ခန့်က ကျွန်တော် ဝတ္ထုဆောင်းပါးတစ်ပုဒ်တွင် ထည့်ရေးခဲ့ဖူးပြီးဖြစ်၏။ လူတော်ဖြစ်၏။ သူ့ဘဝကို မိုးကုတ်တွင် ဝက်သားရောင်းသည့် ဈေးသည်ဘဝမှ စခဲ့၏။ ထိုဘဝမှ ကျောက်ကုန်သည်ကြီးတစ်ဦး ဖြစ်ခဲ့၏။ လူချမ်းသာတစ်ဦး ဖြစ်ခဲ့၏။

"ဦးလေးဘ. . ကန္တနီလာဂေါ်ကြီးကြီး ကောင်းကောင်းတစ်ပွင့်ရှိတယ်။ ဝယ်ချင်လား"

ကိုသိန်းမောင်က အညို့ဖခင်ကြီးကို မေးလိုက်ခြင်း ဖြစ်၏။

"မင်းကျောက်က သန့်လား"

"သိပ်သန့်တာပေါ့"

http://www.cherrythitsar.org

www.foreverspace.com.mm



"စျေးကောပေါလား"

"သိပ်ပေါတယ်"

"ငါကလည်း စျေးပေါမှ ဝယ်ချင်တာ။ မီးဖုတ်ပြီးစွန့်ရမှာဆိုတော့ စျေးကြီးရင် မဝယ်ချင်ဘူး။ မစွန့်ချင်ဘူး။ ဘယ်မှာလဲ မင်းကျောက်။ ခုပါခဲ့လား"

"ပါတယ် ဦးလေးဘ။ ရော့. . ဒီမှာကြည့်"

ကိုသိန်းမောင်က သူ့အိတ်တွင်းမှ ဣန္ဒနီလာဂေါ်ကြိုးကြီးတစ်ပွင့်ကို ထုတ်ပြလိုက်၏။

ဂေါ်ကြိုးကြီးမှာ အလွန်လှသော ဂေါ်ကြိုးကြီးဖြစ်၏။ အပြီးသွေးထားသော ကျောက်မဟုတ်သော်လည်း ခေါင်းချောထားသော ကျောက်ဖြစ်၏။ ခေါင်းထိပ်တွင် ခြောက်ကြိုးလုံးမှာ ထင်ထင်ရှားရှားကြီး မြင်နေရ၏။ အရွယ်ကလည်း မသေးပါ။ ၂၁ ကရက် ရှိပါသည်။

"မင်းကျောက်က တယ်လှပါလားကွ"

"လှလို့လည်း ဦးလေးဘဆီ ယူလာတာပေါ့"

"စျေးက. ."

"ရှစ်သောင်း ဦးလေးဘ"

"များလှပါလားကွ"

"ဩော်. . အရွယ် ၂၁ ကရက်တောင် ရှိနေတယ်ဆိုတာကိုလည်း ဦးလေးဘ သတိရပါဦး"

ရယ်ရပါသည်။ ကျောက်စျေးမှာ ထိုခေတ်စျေးနှင့် ယနေ့စျေး တခြားစီဖြစ်နေပါသည်။ ယနေ့သာ ဤကျောက်မျိုးကို ဝယ်ရလျှင် သိန်းနှစ်ဆယ် အပေါ်တွင် ဝယ်ရလိမ့်မည် ဖြစ်၏။

"လျှော့ဦးကွာ"

"ဦးလေးဘ ဘယ်လောက်ပေးချင်လဲ"

"နှစ်သောင်း"

"နှစ်သောင်းတော့ နည်းလွန်းတယ်ဗျာ။ ကျွန်တော် ဘယ်လိုမှ မရောင်းနိုင်ဘူး။ တက်ပါဦး။ ရဲရဲတက်စမ်းပါဦး။ ကျွန်တော်က ဦးလေးဘလို မီးမဖုတ်တတ်လို့ လာရောင်းရတာ။ မီးသာဖုတ်တတ်ရင် တစ်သိန်းပေးလည်း မရောင်းဘူး"

နောက်ဆုံး ထိုကျောက်မှာ ငါးသောင်းဖြင့် တည့်သွား၏။ ငါးသောင်းဟူသောငွေမှာ ထိုခေတ်ထိုအခါက နည်းသည့်ငွေမဟုတ်။ (ဖင်မလီယာ)ကား

http://www.cherrythitsar.org

www.foreverspace.com.mm



တစ်စီး ဝယ်စီး၍ ရနိုင်ပါသည်။

ကိုသိန်းမောင် ပြန်သွားပြီးနောက် အညို့ဖခင်ကြီးသည် ကျောက်ကို ဆီလူးပြီး အတွင်းပြစ်များကို အသေအချာ ထိုင်ကြည့်၏။

"ဟဲ့. . အဝင်း လာစမ်း။ ဒီကျောက်မှာ မီးဖုတ်ရင် ကွဲနိုင်တဲ့ အပြစ်မျိုးတွေ ပါနေသလား။ ဝိုင်းကြည့်ပေးစမ်း။ မင်းက မျက်စိကောင်းတယ်"

အဝင်းဟူသည်မှာ အညို့အစ်ကိုဖြစ်၏။ အညို့ဖခင်ကြီးက အဝင်းဟု ငယ်နာမည်ကိုခေါ်ပြီး ကျွန်တော်တို့က ကိုဝင်းတင်ဟုသာ ခေါ်ပါသည်။ ကိုဝင်းတင်က ကျောက်လေးကိုထောင်ပြီး အသေအချာ ကိုင်ကြည့်၏။

"အဘ. . ဘာမှမတွေ့ဘူး။ ကျောက်တစ်ပွင့်လုံးက ဂေါ်တွေ နယ်နေတာကိုပဲ တွေ့ရတယ်"

"ဂေါ်ကြိုးပဲကွ။ ဂေါ်နယ်မှာပေါ့"

ကျွန်တော်က ထိုကျောက်လေးကိုယူပြီး စစ်ကြည့်ပြန်၏။ ထုံးစံအတိုင်း ကျွန်တော့်မှာ မျက်စိကို အားကိုးသူမဟုတ်။ မှန်ဘီလူးကို အားကိုးသူဖြစ်သဖြင့် နေရောင်တွင် ထောင်ပြီး အိတ်ဆောင်မှန်ဘီလူးလေးဖြင့် ထောက်ကြည့်လိုက်၏။

မျက်နှာတွင် ဘာမှ အပြစ်မရှိသော်လည်း ခါးနားတွင် ပိုးတီကောင်လေး သဖွယ်ဖြစ်နေသော သဘာဝသဏ္ဍာန် (INCLUSION)တစ်ခုကို မြင်လိုက်ရ၏။

"အဘ ကျောက်က ခါးနားမှာ အပြစ်ရှိတယ်နော်။ အရည်ကြည်တွေနဲ့ ပြည့်နေတဲ့ အပြစ်တစ်မျိုးပဲ"

အညို့ဖခင်ကြီးက ကျွန်တော်ထောက်ပြသည့်နေရာကို အသေအချာ စစ်ကြည့်လိုက်၏။

"ငါတော့ ဘာမှမတွေ့ဘူး။ မင်းက မှန်ဘီလူးနဲ့လိုက်ကြည့်နေတာကိုး။ မိုးကုတ်ကျောက်ကို မှန်ဘီလူးနဲ့သာ လိုက်ကြည့်နေရင် အပြစ်စင်တဲ့ကျောက် ဆိုတာကို ဘယ်ရှိနိုင်ပါ့မလဲ"

အညို့ဖခင်ကြီးက ကျွန်တော့်စကားကို လက်မခံ။ အပြစ်ပင် ဆိုခဲ့သေး၏။

"မီးဖုတ်မယ်ကွာ။ မီးဖုတ်ပြီးလို့ အပြာရည်ကုန်သွားရင် ဒီကျောက်ဟာ ငါးသိန်းလည်း ရနိုင်တယ်။ အပြာရည် အကုန်မထွက်ဘဲ နည်းနည်းထွက်သွားတယ်ဆိုရင်ပဲ သိန်းကျောက်တော့ ဖြစ်ပြီ။ မင်း အစပ်ပါမလား"

"ကျွန်တော့်ကို လှမ်းမေးလိုက်ခြင်း ဖြစ်၏။

http://www.cherrythitsar.org

www.foreverspace.com.mm



"မပါရဲဘူး အဘ။ ကျွန်တော် ကြောက်တယ်"

"တယ်ကြောက်တဲ့ အကောင်ပဲ"

အဘိုးကြီးက ငြီးတွားလိုက်၏။

"အဝင်း. . မင်းရော ပါဦးမလား"

"ကျွန်တော် အစပ်တစ်သောင်းပါမယ် အဘ"

ကျွန်တော်အကြောက်မှာ အကြောက်ကောင်း ဖြစ်၏။

ထိုကျောက်ကို ထိုနေ့တွင်ပင် အညို့ဖခင်ကြီး မီးဖုတ်သည်။ သုံးနာရီခန့် အအေးခံပြီး ည (၈)နာရီခန့်တွင် လုံကိုခွဲ၍ ကြည့်လိုက်သောအခါ၌. . .

"သွားပြီဟေ့။ သွားပြီ။ ပိုက်ဆံငါးသောင်းကိုတော့ ရေထဲပစ်ချပစ်လိုက်သလို ဖြစ်သွားပြီ"

မှန်ပါသည်။ ကျောက်အရောင်မှာ ခရမ်းပြာအရောင်မှ အနီရောင်သို့ ပြောင်းသွားပြီဖြစ်သော်လည်း တစ်ပွင့်လုံး အစိတ်စိတ်အမြွှာမြွှာ ကွဲသွားခဲ့လေပြီ။

ထိုဆုံးရှုံးမှု ဘာကြောင့် ဖြစ်ခဲ့ရသနည်း။

အညို့ဖခင်ကြီးသည် အိတ်ဆောင်မှန်ဘီလူး၏တန်ဖိုးကို မသိခဲ့ခြင်း၊ ကျွန်တော့်မျက်စိကို ယုံကြည်မှုမရှိခဲ့ခြင်းများကြောင့်ပင် မဟုတ်ပေလား။

ကျွန်တော် ခု ပျောက်နေသော အိတ်ဆောင်မှန်ဘီလူးမှာ ချဲ့အား (၁၀)ဆ မဟုတ်။ (၁၂)ဆ။

(၁၂)ဆ ဖြစ်သဖြင့် ကျောက်မျက်၏အတွင်းသဏ္ဌာန်များကို (၁၀)ဆ ချဲ့ မှန်ဘီလူးထက် ပို၍ ရှင်းလင်းသဲကွဲစွာ မြင်ရ၏။ အံ့ဩဖို့ ကောင်းလှသည်မှာ အမေရိကန်ကျောက်မျက်သိပ္ပံ (ဂျီအိုင်ဘေ)မှ မည်သို့ ပြုပြင်ပေးထားသည် မသိ။ (၁၂)ဆချဲ့ မှန်ဘီလူးဟုသာ ဆိုသော်လည်း (၁၀)ဆချဲ့ မှန်ဘီလူးကဲ့သို့ပင် မျက်လုံးအားမကုန်ဘဲ အလွယ်တကူ ပေါ့ပေါ့ကြည့်နိုင်၏။

တကယ်တော့ ဤအိတ်ဆောင်မှန်ဘီလူးကို ကျွန်တော် ဝယ်ထားသည်လည်း မဟုတ်။ စင်ကာပူနိုင်ငံမှ စိန်ကုန်သည်တစ်ဦးက လက်ဆောင်ပေးသွားခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် ကျွန်တော့်လက်ထဲသို့ ဝင်သည့်အဝင်၌ပင် မင်္ဂလာရှိသော မှန်ဘီလူး။

အကျိုးပေးသော မှန်ဘီလူး။

မှန်သည်။ ဤမှန်ဘီလူး စရသည့်အချိန်မှစ၍ပင် ကျွန်တော် ပစ္စည်း

http://www.cherrythitsar.org

www.foreverspace.com.mm



ကောင်းများကို မပြတ် ဝယ်ခဲ့ရ၏။ ကျောက်မျက်ပညာရှင်လောက၌လည်း ဤမှန်ဘီလူးကြောင့်ပင် အကြိမ်ကြိမ် ဂုဏ်တက်ခဲ့ရ၏။ ယခု ဤမှန်ဘီလူး ပျောက်သွားပြီ။ ကျွန်တော် ဘာလုပ်ရမည်နည်း။

အချိန်မှာ ည(၁၀)နာရီ ထိုးလုနေပြီ။ ယခုအချိန်မျိုးတွင် ရွှေဘုံသာလမ်းသို့ သွားရှာ၍လည်း မရတော့။ နောက်နေ့ မိုးလင်းသည့်အချိန်ထိ စောင့်ရပေဦးမည်။

နေ့သစ် ကူးခဲ့ပြီ။

နံနက် (၈)နာရီထိုးသည်နှင့် ရွှေဘုံသာလမ်းသို့ ကျွန်တော် ထွက်လာ၏။ ဦးအောင်မြတ်ကျော် ပန်းထိမ်ဆိုင်အရှေ့မှ လမ်းဘေးလက်ဖက်ရည်ဆိုင်သို့ ကျွန်တော် လှမ်းကြည့်လိုက်၏။ ဆိုင်မှာ ဖွင့်စ. .။ အလုပ်သမားများမှာ ခွေးခြေထိုင်ခုံလေးများ လိုက်ချခြင်း၊ မီးမွှေးခြင်းများကို ပြုလုပ်နေကြ၏။

"မင်းတို့ ဆိုင်ရှင်က ဘယ်သူလဲ"

ကျွန်တော်က ခွေးခြေ လိုက်ချနေသော ကောင်လေးကို မေးလိုက်၏။

"ကျွန်တော်ပဲ ဆရာ။ ဘာကိစ္စရှိလို့လဲ"

ပန်းကန်ဆေးနေသော ကောင်လေးတစ်ယောက်က ကျွန်တော့်ကို လှမ်းပြောလိုက်၏။

"ဘာကိစ္စမှ အထူးရှိလို့ မဟုတ်ပါဘူးကွာ။ မင်းဆိုင်မှာ မနေ့မနက်က ငါ မောင်အေးဝင်းနဲ့ လာထိုင်သွားတယ်။ စိန်နားကပ်တစ်ရံကို ဒီမှာ တို့ အကြာကြီး ကြည့်တယ်။ ဆယ်နာရီကျော်လောက်မှာ ကိုယ် ထပြန်သွားတယ်။ သေတော့ မသေချာဘူး။ ဒါပေမဲ့ မင်းဆိုင်မှာပဲ ကျကျန်ရစ်ခဲ့တယ်လို့ ထင်တာပဲ။ ကိုယ့်အိတ်ဆောင်မှန်ဘီလူးလေး ပျောက်သွားလို့။ မင်းတို့ ကောက်ရထားသလားလို့ လာမေးတာ"

"အမဲရောင် မှန်ဘီလူးသေးသေးလေး။ ပိုးကြိုး အဝါရောင်လေးနဲ့ ချည်ထားတဲ့ မှန်ဘီလူး မဟုတ်လား"

"ဟုတ်ပါ့ဗျာ။ အဲဒီမှန်ဘီလူးမှ အစစ်ပဲ"

ကျွန်တော် အလွန်ဝမ်းသာသွား၏။

"ဆရာ ကျကျန်ခဲ့တာတော့ ကျွန်တော် မတွေ့ဘူး။ ကုန်သည် တစ်ယောက် ကောက်ယူထားလိုက်တာကိုတော့ ကျွန်တော်တွေ့တယ်။ ဆရာက မနေ့ကတည်းက ဘာဖြစ်လို့ ပြန်လာမရှာတာလဲ"

www.foreverspace.com.mm



"မသိလို့ပေါ့ကွာ။ မှန်ဘီလူးပျောက်နေမှန်း ကျကျနန်ရစ်ခဲ့မှန်းကို ကိုယ်သိတဲ့အချိန်က ည(၉)နာရီကျော်နေပြီ။ မင်း ဆိုင်ပိတ်နေပြီ။ ဆိုပါဦး။ ဘယ်ကုန်သည် ကောက်သွားတာလဲ။ ကောက်သွားတဲ့ကုန်သည်ကို မင်းမှတ်မိလား။ ကိုယ့်မှန်ဘီလူးက ကိုယ် နှစ်ပေါင်းများစွာသုံးခဲ့တဲ့ပစ္စည်းမို့ နှမြောတယ်ကွာ။ တန်ဖိုးရှိလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘယ်သူပဲ ကောက်ရကောက်ရ ကိုယ့်ကို ပြန်ပေးရင် ကိုယ် ငွေတစ်ထောင်ပေးပါမယ်"

"စိတ်မပူပါနဲ့ ဆရာ။ ကောက်သွားတဲ့ ကုန်သည်ကို ကျွန်တော် သိတယ်။ ကျွန်တော် တောင်းထားပေးမယ်။ ဆရာ နေ့လယ် (၁၂)နာရီလောက် တစ်ခေါက် ပြန်လာခဲ့ပါလား"

ထိုနေ့မှာ တနင်္ဂနွေနေ့ ဖြစ်နေ၏။

"ဒီနေ့က တနင်္ဂနွေနေ့ကြီး။ မင်းကုန်သည်က ဒီနေ့ ပွဲစားတန်း လာပါ့မလား"

"လာတယ် ဆရာ။ ဒီကုန်သည်က ရွှေဘုံသာလမ်းကို နေ့တိုင်း လာတယ်။ ကျွန်တော့်ဆိုင်မှာ အမြဲထိုင်တယ်။ စိတ်ချပါ။ ကုန်သည်ကြီးထဲကပါ။ ဆရာ့ပစ္စည်းကို ပြန်ပေးမှာပါ။ ၁၂ နာရီလောက်မှာသာ ပြန်လာခဲ့ပါ"

"အဲဒီ ကုန်သည်နာမည်က ဘယ်သူလဲ"

"နာမည်တော့ ကျွန်တော် မသိဘူး ဆရာ"

"အနီသမားလား။ အဖြူသမားလား"

"အစိမ်းသမား ဆရာ"

အစိမ်းမှာ ကျွန်တော် ကိုင်လေ့မရှိသဖြင့် အစိမ်းကုန်သည်များကို အလွန် အသိနည်း၏။ အကယ်၍ ကျွန်တော် သိထားဦးလည်း လက်ဖက်ရည်ဆိုင်ရှင်ကောင်လေးက နာမည် ထုတ်ပြောမည် မဟုတ်သဖြင့် အဘယ်သို့မှ ကျွန်တော် လိုက်ရှာ၍ ရနိုင်မည်မဟုတ်။

မတတ်နိုင်။ သူပြန်လာပါဆိုသည့် နေ့လည် ၁၂ နာရီရောက်သည့် အချိန်အထိတာလည်း သည်းခံစောင့်ရပေဦးမည်။

ကျွန်တော် ရွှေဘုံသာလမ်း၌ စိန်သမားများ ထိုင်လေ့ရှိသော ဟိန္ဒူကုလားဘုရားကျောင်းရှေ့မှ လက်ဖက်ရည်ဆိုင်ရှိရာသို့ လျှောက်သွား၏။ အချိန်မှာ စောလွန်းသေးသဖြင့် လမ်းတွင် ရောက်နေသည့် ပွဲစားများကလည်း မစုံကြသေး။

www.foreverspace.com.mm



တကယ်တော့ ရတနာကုန်သည်တစ်ဦးအနေဖြင့် ပစ္စည်းကျပျောက်သည်ဟူသော အဖြစ်မှာ မဖြစ်ထိုက်သည့် ဖြစ်ရပ်ဖြစ်၏။ ရတနာလောက၌ ပစ္စည်းကျပျောက်သည်ဟူသော ဖြစ်ရပ်မှာ မည်သူမှ လက်မခံနိုင်သည့် ဖြစ်ရပ်ဖြစ်၏။

ရတနာလုပ်ငန်းမှာ အခြားလုပ်ငန်းနှင့် မတူပါ။ အလွန်သေးငယ်သော ပစ္စည်းများအပေါ်တွင် အရောင်းအဝယ် ပြုလုပ်နေကြခြင်းဖြစ်၍ သေချာမှု ရှိခြင်းမှာ အသက်ဖြစ်၏။

ရတနာလောကသို့ စဝင်လာသည့် လူသစ်တစ်ဦးကို ပထမဆုံး သင်ကြားပေးလေ့ရှိသည်မှာ ပစ္စည်းယူပုံ ယူနည်း ဖြစ်၏။

"တို့ ရတနာလောကမှာ ပထမဆုံး အရေးကြီးတာက ပစ္စည်းယူတာ၊ ပစ္စည်းပြန်အပ်တာ သေချာဖို့ပဲ။ တို့လောကမှာ ဥပဒေ မရှိဘူး။ တရားစွဲတာတို့၊ ဘာတို့ မရှိဘူး။ ပျောက်ရင် လျော်ပဲ။ မလျော်နိုင်ရင် ဒီလောကကို မဝင်နဲ့တဲ့။ ပစ္စည်းပေးလိုက်တဲ့အခါမှာလည်း ဘယ်သူမှ မင်းကို လက်မှတ်မထိုးခိုင်းဘူး။ မင်းကို စိတ်ချယုံကြည်လို့ ပေးတာ။ ဒီလို စိတ်ချယုံကြည်ဖို့အဆင့်ကို ရောက်ဖို့ကလည်း လွယ်တာမဟုတ်ဘူး။ မင်းနေတာ၊ ထိုင်တာ၊ လုပ်တာ၊ ကိုင်တာအားလုံး ကျေနပ်ပြီဆိုမှ ပစ္စည်းရှင်တွေက ပစ္စည်းပေးမှာ။ နောက်တစ်ခုက မင်းမလျော်နိုင်လည်း မင်းမိဘ လျော်နိုင်တယ်ဆိုတာ သိလို့ ပစ္စည်းပေးတာ။ ကိုယ့်ကို ပေးတဲ့ပစ္စည်းကို လက်မခံခင် ပစ္စည်းရှင်ရှေ့မှာပဲ သေသေချာချာ စစ်။ ဘယ်နှစ်ပွင့်လဲ။ ဘယ်လို အရည်လဲ။ ဘယ်အရွယ်တွေလဲ။ အသေအချာကြည့်။ ကျောက်ကို အလွတ် ဘယ်တော့မှမကိုင်နဲ့။ လွတ်ကျတတ်တယ်။ အထုတ်နဲ့မှ ကိုင်။ အထုတ်ကလည်း စနစ်တကျ ထုတ်ထားတာ ဖြစ်ရမယ်"

မှန်ပါသည်။ ကျောက်ထုတ်ပုံမှပင်စ၍ စနစ်တကျရှိရ၏။ ကမ္ဘာ့ကျောက်မျက်လောကတစ်ခုလုံး၌ ကျောက်ထုတ်ပုံမှာ တစ်မျိုးတည်းရှိ၏။ ထိုသို့ကျောက်ထုတ်ပုံကိုလည်း ရတနာလောကသို့ စဝင်ရောက်လာသည်နှင့် သင်ယူရ၏။ ကျွန်တော်၏ ရတနာကုန်သည် သင်တန်းဖွင့်စဉ်ကလည်း ယင်း ကျောက်ထုတ်ပုံကို ကျွန်တော်၏ သင်တန်းသားတိုင်းကို သင်ကြားပေးခဲ့ပြီး လက်တွေ့လည်း ထုတ်ခိုင်းခဲ့ဖူး၏။

မှန်ပါသည်။

ကျောက်ထုတ်စက္ကူ၏အရွယ်မှာ ပုံမှန် စာရေးစက္ကူအရွယ်ပင် ဖြစ်၏။

www.foreverspace.com.mm



ကျောက်ထုတ်ရာ၌ အရေးကြီးဆုံးအချက်မှာ တစ်လက်မခွဲရှိသော စက္ကူထိပ်မှ အပိတ် (ဝါ) အဖုံးစာရွက်သာ ချန်ရန်ပင် ဖြစ်၏။

နောက်. . အခြား အရေးကြီးသည့် အချက်တစ်ရပ်မှာ စက္ကူကို နှစ်ထပ်သုံး၍ထုတ်ရန်ဖြစ်၏။ တစ်ထပ်တည်းသုံး၍ ကျောက်ထုတ်လျှင် ကျောက်ပေါက်ထွက်ကျတတ်ပါသည်။ အန္တရာယ်ရှိပါသည်။ ယနေ့မူ ကိုယ်တိုင် ကျောက်မထုတ်တတ်၍လည်း ပြဿနာ မရှိကြတော့။ အသင့်ပြုလုပ်ထားသော ကျောက်ထုတ်စက္ကူများမှာ ရွှေဘုံသာလမ်းတစ်လမ်းလုံး၌ ရောင်းနေပါသည်။

နောက်. . ကျောက်သယ်ယူနည်း။

ကျောက်သယ်ယူရာ၌ စိတ်အချရဆုံးနည်းမှာ တစ်ဖက်ပိတ် ရှုံ့ကြိုး အဝတ်အိတ်လေးများနှင့် သယ်ယူခြင်းဖြစ်၏။ ယင်းအဝတ်အိတ်၏ တစ်ဖက်ကြိုးစကို တစ်ပေခန့်အရှည်ထားသင့်၏။ လည်ပင်း၌လွယ်၍ သယ်ယူနိုင်ရန်အတွက်ဖြစ်၏။

ဤ တစ်ဖက်ရှုံ့အဝတ်အိတ်လေးများမှာလည်း ကျွန်တော်တို့ မြန်မာနိုင်ငံ၌ ဘိုးစဉ်ဘောင်ဆက်သုံးခဲ့သော အိတ်ဖြစ်၏။

ကျွန်တော် မှတ်မိသေးသည်။

ကျွန်တော့်ဘွားသည် သူ ဈေးသွားတိုင်း သူ့ပိုက်ဆံများကို ဤအဝတ်ရှုံ့ကြိုးတပ်အိတ်ဖြင့်ပင် သယ်ယူသွားတတ်၏။ ထိုစဉ်က အဝတ်ရှုံ့ကြိုးတပ်အိတ်ကို သုံးသောအဘွားကို ကျွန်တော်တို့ကလေးများက ရယ်မောလှောင်ပြောင်ခဲ့ပါသည်။

ဝဋ်ဟုပင် ဆိုရမည်လား။ ကျွန်တော် ယနေ့ရတနာကုန်သည် ဖြစ်လာသောအချိန်၌ အဘွားသုံးခဲ့သော အဝတ်ရှုံ့ကြိုးတပ်အိတ်မျိုးကိုပင် ပြန်သုံးနေရပါသည်။

ကျွန်တော်သည် လေသူရဲဘဝမှ ရတနာကုန်သည်ဖြစ်လာသူ ဖြစ်၏။ လေသူရဲဟူသော အသက်မွေးဝမ်းကျောင်းမှာ အလွန်သေချာစေ့စပ်ရသော အသက်မွေးဝမ်းကျောင်းဖြစ်၏။ မိမိလုပ်ရမည့် (ဝါ) စစ်ဆေးရမည့် လုပ်ငန်းအားလုံးကို အလွတ်ကျက်ထားရ၏။ ထိုအလွတ်ကျက်ထားသည်များကို ပါးစပ်မှ ရွတ်ဆိုပြီး လက်မှ လိုက်လုပ်ရ၏။

ရတနာကုန်သည်အလုပ်ကိုလည်း ကျွန်တော်သည် လေသူရဲအလုပ်ကဲ့သို့ပင် သတ်မှတ်ထား၏။ မိမိ နေ့စဉ်လုပ်ကိုင်ရမည့် အလုပ်များကို စာရွက်

http://www.cherrythitsar.org

www.foreverspace.com.mm



တစ်ရွက်တွင် ရေးချထားပြီး တစ်ခုချင်းပြီးအောင် စနစ်တကျ လုပ်ကိုင်ခဲ့၏။

ကျွန်တော့်ဘဝတွင် ကျောက် ကျပျောက်ခဲ့ဖူးခြင်းမရှိပါ။ ယခုမှ ဘာ-ကြောင့် အိတ်ဆောင်မှန်ဘီလူး ကျပျောက်ရပါသနည်း။

တကယ်တော့ အိတ်ဆောင်မှန်ဘီလူး ကျပျောက်သည့်အဖြစ်မှာ ရွှေဘုံသာလမ်းပေါ်၌ ထူးဆန်းသည့်ဖြစ်ရပ်မဟုတ်တော့ပါ။ မှန်ဘီလူး ကျပျောက်ခြင်း၊ မေ့ပြီး အခြားကုန်သည်လက်တွင် ပါသွားခြင်းဖြစ်ရပ်များမှာ နေ့စဉ် မကြာ-ခဏ ကြုံတွေ့နေရသော ဖြစ်ရပ်များဖြစ်၏။

ကျွန်တော့် မှန်ဘီလူးတွင် တစ်ပေခန့်ရှိသော ပိုးကြိုးအဝါလေးကို ချည်ထား၏။ လည်ပင်းတွင် စွပ်ထားရန်အတွက်ဖြစ်၏။ အကယ်၍သာ ကျွန်တော်သည် မနေ့က ပိုးကြိုးလေးကို လည်ပင်းတွင်စွပ်ပြီး စိန်နားကပ်ကို စနစ်တကျ စစ်ဆေးမှုပြုလုပ်လျှင် အိတ်ဆောင်မှန်ဘီလူးမှာ ကျပျောက်ခဲ့စရာမရှိပါ။ ဘာ-ကြောင့် ပိုးကြိုးကိုပင် လည်ပင်း၌ စွပ်ရန်မေ့ပြီး ဗျာများခဲ့ရပါသနည်း။

လောဘကြောင့်ပင် ဖြစ်၏။

နာရီပိုင်းအတွင်း ငွေ သုံးလေးသိန်းမြတ်မည့် ပစ္စည်းဖြစ်နေသဖြင့် ပစ္စည်းကို လုံးဝအလွတ်မခံချင်။ ထိုသို့ လောဘတက်နေသည့် မိမိအဖြစ်ကိုလည်း ပိုင်ရှင်အသိမခံနိုင်။ ပိုင်ရှင် ရိပ်မိသွားလျှင် မိမိကို ရောင်းတော့မည်မဟုတ်။

ထို့ကြောင့် အိတ်ဆောင်မှန်ဘီလူးကို အသုံးချရာ၌လည်းကောင်း၊ သိမ်းဆည်းရာ၌လည်းကောင်း၊ မိမိလိုက်နာရမည့် စည်းစနစ်များကို သတိမရနိုင်တော့။

ပေ့ါခဲ့သည်။ အရောင်းအဝယ်ဖြစ်ရေးကိုသာ ဦးတည်ခဲ့သည်။ ထို့ကြောင့်လည်း အိတ်ဆောင်မှန်ဘီလူး လွတ်ကျခဲ့သည်ကိုပင် လွတ်ကျခဲ့မှန်း မသိခဲ့။

လေသူရဲဘဝကသာဆိုလျှင် ဤအမှားမျိုးမှာ အသက်သေနိုင်ပါသည်။

၁၂ နာရီထိုးလုပြီ။

ဦးအောင်မြတ်ကျော် ပန်းထိမ်ဆိုင်ရှေ့မှ လမ်းဘေးလက်ဖက်ရည်ဆိုင်သို့ ကျွန်တော် ပြန်လျှောက်သွား၏။

ဆိုင်ရှင်ကောင်လေးမှာ ကျွန်တော့်ကို အသင့်ထိုင်စောင့်နေသည်။

"မင်း လက်ဖက်ရည်ဆိုင်က ဒီနေ့ အစောကြီးသိမ်းပါလား"

"အရောင်းအဝယ်မကောင်းလို့ပါ ဆရာ။ တနင်္ဂနွေနေ့ဖြစ်နေတော့ ကုန်သည်တွေကလည်း ဒီနေ့ သိပ်အလာနည်းတယ်။ ဒါကြောင့် ကျွန်တော် နေ့တစ်ပိုင်းတည်း ဖွင့်တာ"

www.foreverspace.com.mm



"ဘယ်လိုလဲ။ ကိုယ့်အိတ်ဆောင်မှန်ဘီလူး ကောက်သွားတယ်ဆိုတဲ့ အစိမ်းသမားနဲ့ တွေ့လား"

"တွေ့တယ်။ သူလာသွားပြီးပြီ။ မှန်ဘီလူးကိုလည်း ကျွန်တော့်ကို ပေးသွားခဲ့ပြီးပြီ။ ဒါပေမဲ့ ဆရာ. . "

"ဘာ ဒါပေမဲ့လဲ"

"ဆရာ့အိတ်ဆောင်မှန်ဘီလူးက အကောင်းစားမှန်ဘီလူးတဲ့။ ဈေးကြီးတဲ့ မှန်ဘီလူးတဲ့။ ဒီ မှန်ဘီလူးကို ပြန်ပေးတဲ့အတွက် ဆရာငွေ တစ်ထောင်ထဲ ပေးတာတော့ နည်းလွန်းတယ်တဲ့"

"သူက ဘယ်လောက်တောင်းလဲ"

"တစ်ထောင့်ငါးရာလောက်တော့ ပေးခဲ့ပါတဲ့"

"ရော့. . ရော့. . ရော့ ဒီမှာ ငွေတစ်ထောင့်ငါးရာ။ ငါ့မှန်ဘီလူးပေး"

ကောင်လေးက သူ့အင်္ကျီအိတ်တွင်းမှ ကျွန်တော့် အိတ်ဆောင်မှန်ဘီလူးလေးကို ထုတ်ပေးသည်။

ရယ်ရပါသည်။

အစိမ်းသမား ကုန်သည်ကြီးတစ်ယောက်အတွက် တစ်ထောင့်ငါးရာ ဟူသောငွေမှာ ဘာမှ မက်လောက်သောငွေ မဟုတ်။ ကြားမှ ဘယ်သူ တောင်းနေသည့်ငွေ ဖြစ်သည်ကို ကျွန်တော်သိသည်။

ရွှေဘုံသာလမ်းပေါ်မှ လက်ဖက်ရည်ရောင်းသော ကလေးများပင် အတုမြင် အတတ်သင် ဖြစ်ကုန်ချေပြီ။

မတတ်နိုင်။ ကျွန်တော် စစ်မေးမနေတော့ပါ။ ဈေးဆစ်မနေတော့ပါ။ ကျွန်တော့်ခန္ဓာကိုယ်နှင့် ခွဲခြားမရနိုင်သော အိတ်ဆောင်မှန်ဘီလူးလေးကို ယခု ပြန်ရလိုက်သည့်အတွက်ပင် ဝမ်းသာလှပေပြီ။

အမှတ် ၁၀၇၊ ၁၉၉၉၊ ဇွန်လ။

❋ ❋ ❋

http://www.cherrythitsar.org

www.foreverspace.com.mm



## ၂၀။ အောင်ဘာလေ

ကျွန်တော်သည် ကျွန်တော့်ဘဝကို စစ်ဗိုလ်လေသူရဲဘဝမှစပြီး နောက် စာရေးဆရာ. .၊

နောက်. . သတင်းစာဆရာ. . .၊

နောက်. . . ရတနာကုန်သည်. . .၊

နောက်. . . လွန်ခဲ့သည့် (၂)နှစ်ကျော်ကစပြီး ပန်းချီလောကသို့ ကူး သွားပြန်သည်။ ပန်းချီဆရာဘဝကို ကူးသွားခြင်းမဟုတ်ပါ။ ကျွန်တော် ပန်းချီ လုံးဝမဆွဲတတ်ပါ။ ပန်းချီကုန်သည် Art Dealer ဘဝကို ကူးသွားခြင်း ဖြစ်ပါ သည်။

ပန်းချီကားများ ကျွန်တော်စုသည်။ ပန်းချီပြခန်း (Gallery)တစ်ခုကို ကျွန်တော် တည်ထောင်သည်။ ၂ နှစ်အတွင်း ကျွန်တော့်ပန်းချီပြခန်းမှာ မြန်မာ-နိုင်ငံတွင် အကြီးစားပန်းချီပြခန်းတစ်ခုအဆင့်သို့ ရောက်လာသည်။

ပန်းချီအရသာကို စပြီးခံစားတတ်လာသည်။ ရှေးပန်းချီကားများကို စုဆောင်းချင်သော ဝါသနာပေါ်လာသည်။ ဆရာခြံတို့ခေတ်မှစပြီး ဆရာ ပန်းချီ အောင်စိုးတို့ ပန်းချီကားများအထိ ကျွန်တော် မြန်မာနိုင်ငံအနှံ့ရှာသည်။ စုဆောင်း

http://www.cherrythitsar.org
www.foreverspace.com.mm


သည်။ အကောင်းဆုံးကားများကို ကျွန်တော် ပြန်မရောင်းတော့။ သိမ်းသည်။ မကြိုက်သည့်ကားများကို ကျွန်တော်ရောင်းသည်။

ပန်းချီကားဟောင်းများကို ရှာရင်း စုရင်းဖြင့် တဖြည်းဖြည်း ကျွန်တော် ရှေးဟောင်းပစ္စည်းများကို ဝါသနာပါလာသည်။ ရှေးဟောင်းပစ္စည်းရောင်းဝယ်သည့်ကုန်သည် (Antique Dealer)ဖြစ်ချင်လာပြန်သည်။

တကယ်တော့ ကျောက်မျက်၊ လက်ဝတ်၊ ပန်းချီနှင့် ရှေးဟောင်းပစ္စည်း လုပ်ငန်းများမှာ တစ်ခုနှင့်တစ်ခု ဆက်နွယ်နေကြသော ညီအစ်ကိုမောင်နှမ လုပ်ငန်းများပင် ဖြစ်သည်။

ရယ်ရပါသည်။

ရှေးဟောင်းပစ္စည်းအရောင်းအဝယ် ငါးဆယ်ရာနှုန်းခန့်မှာ ကျွန်တော်တို့ ရွှေဘုံသာလမ်း၌ပင် အရောင်းအဝယ်ဖြစ်၏။

ငွေဓား. .၊

ငွေဖလား. .၊

ငွေလင်ပန်း. .၊

ငွေခွက်. .၊

ပျူခေတ်လက်စွပ်. .၊

ပျူခေတ်ကျောက်မျက်. .၊

ပျူခေတ်ပုတီးစေ့. .။

ဤပစ္စည်းများ အရောင်းအဝယ်အားလုံးမှာ ရွှေဘုံသာလမ်းပေါ်၌ ကျွန်တော် နေ့စဉ်မြင်တွေ့နေရသော လုပ်ငန်းများပင်ဖြစ်၏။ ကျွန်တော် ဤပစ္စည်းများကို ယနေ့ စိတ်ဝင်စားနေပြီ။ ရောင်းချင်ဝယ်ချင်နေပြီ။ ကျွန်တော် ဘယ်သူ့ကို ဆရာတင်ရမည်နည်း။ ကျွန်တော် ဘယ်သူ့ထံမှ အကြံဉာဏ် တောင်းသင့်ပါသနည်း။

ကျွန်တော်တွေးနေသည်။ စဉ်းစားနေသည်။

ကျွန်တော့်အတွေးများအတွင်းသို့ ချက်ချင်း ပြေးဝင်လာသူမှာ "အောင်ဘာလေ" ဖြစ်၏။

စာရှုသူ. .၊ အောင်ဘာလေဟူသော လူနာမည်ကို သင် ကြားဖူးပါသလား။ သင် မည်သို့မှ ကြားဖူးလိမ့်မည်ဟု မထင်ပါ။ မှန်သည်။ ကျွန်တော်လည်း ကျွန်တော့်ဘဝတွင် ယခင်က ဤအမည်မျိုး လုံးဝ မကြားခဲ့ဖူးပါ။ ရွှေဘုံ-

http://www.cherrythitsar.org

www.foreverspace.com.mm



သာလမ်းပေါ် ရောက်လာမှ ကြားဖူးသည့် အမည်ဖြစ်၏။

ကိုအောင်ဘာလေကို ကျွန်တော် စတင်သိကျွမ်းခင်မင်ခဲ့သည်မှာ လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကပင်ဖြစ်၏။ သူနှင့် ကျွန်တော့်ကို ပထမဆုံး မိတ်ဆက်ပေးခဲ့သူမှာ ကိုနီဟု ကျွန်တော်ထင်၏။

တစ်ခုသော နံနက်ခင်းတွင်ဖြစ်၏။ ထိုခေတ်က ရွှေဘုံသာလမ်းမှာ နံနက်ပိုင်းတွင် အလွန်စည်ပါသည်။

"ဟေ့ . . ကိုအောင်ဘာလေ . . လာဦး။ ခင်ဗျားကို ကျွန်တော် ဦးလှဝင်းနဲ့ မိတ်ဆက်ပေးမလို့"

အသက်လေးဆယ်ခန့်ရှိမည့် လူတစ်ယောက် . . ။

လူပုံသဏ္ဌာန်မှာ ဝသည့်ဘက်ကိုများသော်လည်း အဝကြီးမဟုတ်။ စစ်လွယ်အိတ်ဟောင်းကြီးတစ်လုံးကို လွယ်ထားသည်။

"ကိုနီ မိတ်ဆက်ပေးစရာမလိုဘူး။ ဆရာဦးလှဝင်းကို ကျွန်တော် သိပါတယ်"

အံ့စရာဖြစ်နေ၏။ ကျွန်တော် သူ့ကို မသိသော်လည်း သူက ကျွန်တော့်ကို သိနေသည်။

"လာဗျာ။ ထိုင်။ လက်ဖက်ရည်သောက်ပါဦး"

ကျွန်တော်က ဖိတ်ခေါ်လိုက်ခြင်းဖြစ်၏။

ကိုအောင်ဘာလေက ကျွန်တော်တို့ ထိုင်နေကြသော လမ်းဘေးလက်ဖက်ရည်ဆိုင်မှ ခုံလွတ်တစ်ခုတွင် ဝင်ထိုင်ပါသည်။

"ကိုအောင်ဘာလေက ကျောက်ကုန်သည်ပဲလား"

"ဟုတ်ပါတယ် ဆရာ"

"ဘာကျောက်တွေကိုင်လဲ။ ဘာရောင်းစရာပါလဲ"

"ဆရာဦးလှဝင်းက ဘာကျောက် စိတ်ဝင်စားလဲ။ ဘာကျောက် ဝယ်ချင်လဲ"

"မြတ်မဲ့ကျောက်ပေါ့ဗျာ။ မြတ်မဲ့ကျောက်ဆိုရင် ကျွန်တော် အကုန်စိတ်ဝင်စားတယ်။ အကုန်ဝယ်တယ်"

"ကျွန်တော့်မှာ ပါလာတဲ့ကျောက်တွေကတော့ အကုန်မြတ်မဲ့ ကျောက်ချည်းပဲ။ ရှုံးကျောက် လုံးဝမပါဘူး"

"ဒါဖြင့်ရင်လည်း ပြဗျာ"

http://www.cherrythitsar.org

www.foreverspace.com.mm



သူက သူ့စစ်လွယ်အိတ်ကြီးကို ဖွင့်လိုက်၏။ ဗန်းဖြူလေးတစ်ခုလည်း သူ့အိတ်တွင် အဆင်သင့်ပါလာ၏။ နောက် စက္ကူအထုပ်များဖြင့် စနစ်တကျ ထုပ်ထားသော ကျောက်မျက်မျိုးစုံကို ကျွန်တော့်ကို ထုတ်ပြ၏။

"ဒါက အညံ့ပန်းရောင်စုံအထုပ် ဆရာ"

"ဒါက နီလာဂေါ်ကြီးတွေ"

"ဒါက ဖရဲအူကျောက်တွေ ဆရာ"

သူ့အိတ်အတွင်းရှိကျောက်များမှာ ကျွန်တော်မျှော်လင့်ထားသည်ထက် အမျိုးအလွန်စုံလှ၏။

သို့သော် အားလုံးနီးပါးပင် အောက်ကျောက်များဖြစ်နေ၏။ ကျွန်တော့် ရောင်းကွက်မဝင်။

"အသန့်လေးတွေ မပါဘူးလားဗျာ"

"တစ်ခါတလေလည်း ပါတယ်ဆရာ။ ဒါပေမဲ့ ဆရာသိတဲ့အတိုင်းပဲ။ အသန့်က ဝယ်လက်များတော့ လက်ထဲမှာ ကြာကြာမနေဘူး။ ဝယ်သူလက်ထဲ ပါသွားကြတာပဲ။ နောက်တစ်ခါ ကျွန်တော် အသန့်ရရင် ဆရာ့ဓာတ်ခွဲခန်းကို လာပြပါ့မယ်"

ထိုနေ့မှစပြီး ကုန်သည်လမ်း ကျွန်တော့်တိုက်ခန်းတွင် ဖွင့်ထားသော ကျောက်မျက်ဓာတ်ခွဲခန်းသို့ ကိုအောင်ဘာလေ မကြာခဏလာတတ်၏။ ပစ္စည်း အမျိုးမျိုး လာပြ၏။

"ဆရာ ပျူခေတ်ရွှေလက်စွပ်တစ်ကွင်း ရောင်းဖို့ရှိတယ်။ ဆရာ ဝယ် မလား"

"ခင်ဗျား ခု ပါလာသလား"

"မပါဘူး။ ပြည်မြို့က လာရောင်းတာ။ ရွှေဘုံသာဈေးကွက်ထဲမှာ ခု မနက်ပဲ ကျွန်တော်မြင်လာတယ်"

ပျူခေတ်ရွှေလက်စွပ်ကို ကျွန်တော် ထိုစဉ်က မမြင်ဖူးပါ။

"ရွှေဆိုတာ ရှေးခေတ်ရွှေနဲ့ ဒီနေ့ရွှေ ထူးခြားတာ ဘာမှရှိကြတာမှ မဟုတ်ဘဲ။ ပျူခေတ်ရွှေဆိုတာကို ခင်ဗျားတို့ ဘယ်လိုခွဲသလဲ"

"ရတယ် ဆရာ။ သိသာတယ်။ ခွဲလို့ရတယ်။ ကျွန်တော် တာဝန်ယူ တယ်။ ပျူခေတ်ရွှေမှ ပျူခေတ်ရွှေအစစ်"

"ဒါဖြင့်ရင်လည်း သွားယူခဲ့ဗျာ။ ဈေးသင့်တော်ရင် ကျွန်တော်ဝယ်မယ်"

http://www.cherrythitsar.org

www.foreverspace.com.mm



နာရီဝက်ခန့်အတွင်း ပျူခေတ်ရွှေလက်စွပ်ပိုင်ရှင်နှင့်အတူ ကိုအောင်ဘာလေ ကျွန်တော့်ဓာတ်ခွဲခန်းသို့ ပြန်ရောက်လာ၏။

"ဒီလက်စွပ်လဲ ဆရာ"

လက်စွပ်ကို ကြည့်လိုက်သည်နှင့် ရှေးခေတ်လက်စွပ်ဖြစ်သည်ကိုတော့ ကျွန်တော်သိ၏။

"ကိုအောင်ဘာလေ. . ပျူခေတ်ဆိုတာ ပုဂံခေတ်ရှေးကို ရောက်နေတယ်နော်။ နှစ်ပေါင်းနှစ်ထောင်လောက်ရှိနေပြီ။ ဒီလက်စွပ်ဟာ ရှေးနှစ်ပေါင်းနှစ်ထောင်လောက်က လက်စွပ်ဖြစ်တယ်ဆိုတာ ခင်ဗျားတို့ ဘယ်လိုပြောနိုင်သလဲ"

"ဒီပစ္စည်းတွေက မြေအောက်ပစ္စည်း"

"ဘာလဲ မြေအောက်ပစ္စည်းဆိုတာ"

"လွယ်လွယ်ပြောရရင်တော့ မြေကြီးထဲကတူးဖော်လို့ရတဲ့ ပစ္စည်းပေါ့ ဆရာရယ်။ မြေအောက်ထဲမှာ ဒီပစ္စည်းမြုပ်နေတာက နှစ်ပေါင်းထောင်ချီရှိနေပြီ။ ဒီတော့ ဒီရွှေဟာ ဒီနေ့ရွှေနဲ့မတူဘူး။ ပြဒါးချေးလေးတွေ ကပ်နေတယ်"

"ဘာလဲ။ ပြဒါးချေးဆိုတာ"

"သိပ္ပံနည်းကျတော့ ကျွန်တော်လည်း မရှင်းပြတတ်ဘူး ဆရာ။ ဆရာ မှန်ဘီလူးလေးနဲ့ ဒီလက်စွပ်ကို သေသေချာချာစစ်ကြည့်။ ကွင်းရိုးပေါ်မှာကိုပဲ ချိုင့်နေတဲ့ နေရာသေးသေးလေးတွေ တွေ့လိမ့်မယ်။ အဲဒီချိုင့်တွေထဲမှာ အဖြူလေးတွေ အသေကပ်နေတာ တွေ့ရမယ်။ အဲဒါ မြန်မာတွေခေါ်တဲ့ ချေး ဆိုတာပါ"

မှန်ပါသည်။ ထိုလက်စွပ်လေး၏ကွင်းရိုးကို ကျွန်တော့်အိတ်ဆောင်မှန်ဘီလူးလေးနှင့် စစ်ကြည့်လိုက်သောအခါ၌ ကိုအောင်ဘာလေပြောသည့် ပြဒါးမျိုးလေးများကို အထင်အရှားမြင်နေရ၏။

"ဒီလိုချေးလေးတွေ ပေါ်အောင်ပန်းထိမ်မှ အတုသွားလုပ်ခိုင်းလို့မရဘူးလား"

"ဘယ်လိုမှမရဘူး။ ဆရာမယုံရင် ပန်းထိမ်ဆရာတွေနဲ့ သွားဆွေးနွေးကြည့်"

ထိုနေ့က ထိုလက်စွပ်လေးကို ငွေနှစ်သောင်းနှင့် ကျွန်တော် ဝယ်လိုက်ပါသည်။ လှ၍ဝတ်ချင်၍ ဝယ်လိုက်ခြင်းမဟုတ်ပါ။ ပျူခေတ် ရွှေလက်စွပ်ဟုဆိုသဖြင့် အမှတ်တရဝယ်လိုက်ခြင်း ဖြစ်ပါသည်။

လက်စွပ်လေးမှာ ယနေ့ ကုန်သည်မျက်စိဖြင့်ကြည့်လျှင် လုံးဝမလှ။

http://www.cherrythitsar.org

www.foreverspace.com.mm



ဝယ်ချင်စရာလုံးဝမရှိ။

"ကိုအောင်ဘာလေ. . ခင်ဗျားကျောက်မျက်လောကကို ဘယ်အရွယ်က စဝင်တာလဲ"

"ဆယ့်လေးနှစ်သားကတည်းက ဆရာ"

"ဟင်. . ကလေးဘဝထဲက ဝင်နေတာပဲ။ ခင်ဗျား ကျောင်းမနေဘူးလား"

"နေပါတယ်။ ကျောင်းနေရင်းတစ်ဖက်နဲ့ ကျောက်လောကကို ဝင်တာ"

"ခင်ဗျားက ရန်ကုန်သားလား"

"မဟုတ်ဘူး။ ဟသ်ာတမြို့သား။ ဟသ်ာတမြို့ ဗိုလ်ချုပ်လမ်းမှာ ကျွန်တော်တို့နေတယ်။ ကျွန်တော့်အဖေက ဓာတုဗေဒစိန်အလုပ်ကိုလုပ်တယ်"

"ဘာလဲ။ ဓာတုဗေဒစိန်ဆိုတာ. . "

"ချက်ကျောက်ပေါ့ ဆရာရယ်။ အဲဒီခေတ်က ပြင်သစ်ချက်ကျောက် အဖြူရောင်လေးတွေကို ဓာတုဗေဒစိန်လို့ လူတွေကခေါ်ကြတယ်။ ကျွန်တော့် အဖေက ဟသ်ာတမှာ အဲဒီအချိန်က ဓာတုဗေဒစိန်သွေးတဲ့ အလုပ်ရုံကြီးတစ်ခု ထောင်ထားတယ်။ သွေးပြီးသမျှ ဓာတုဗေဒစိန်တွေကို မြစ်ဝကျွန်းပေါ်တစ်ခုလုံး လှည့်ပြီး လိုက်ရောင်းတယ်။ အဲဒီခေတ် မြစ်ဝကျွန်းပေါ်က ရွှေဆိုင်တိုင်းကို မေးကြည့်ရင် "ဓာတုဗေဒစိန် ဆရာရှိန်"ဆိုရင် လူတိုင်းသိတယ်။ ကျွန်တော်က ၁၄နှစ်သားအရွယ်ထဲက ကျောက်မျက်လောကကို ဝင်တယ်ဆိုတာက ကုန်သည် အနေနဲ့ ဝင်တာမဟုတ်ဘူး။ ကျောက်သွေးတဲ့လုပ်ငန်းကို ဝင်လုပ်တာ"

"ခင်ဗျားက ကျောက်လည်းသွေးတတ်တယ်ပေါ့"

"သွေးတတ်တာပေါ့ ဆရာရယ်။ ၁၄ နှစ်သားအရွယ် ညနေဖက် ကျောင်းက အိမ်ပြန်လာပြီဆိုရင် အဖေရဲ့ ဓာတုဗေဒစိန်သွေးတဲ့ကျောက်ခုံမှာ ကျောက်ဝင်သွေးတယ်။ အဖေကလည်း ကျောက်သွေးခရှင်းပေးတယ်"

"ခင်ဗျားရဲ့ အဖေလုပ်ငန်းက ခွဲထွက်ပြီး ကိုယ်ပိုင်စီးပွားရေးကို ဘယ်အရွယ်မှာ ဝင်လုပ်လဲ"

"အသက် ၂၀ အရွယ်မှာ"

"ဘယ်လိုစပြီး ခွဲထွက်လုပ်တာလဲ"

"အဖေက ခွဲခိုင်းတာ။ အဖေက ကျွန်တော့်ကိုပြောတယ်။ မင်းလည်း အရွယ်ရောက်လာပြီ။ တော်တော်ကြာရင် မိန်းမယူတော့မယ်။ ဒီတော့ စောစော

http://www.cherrythitsar.org
www.foreverspace.com.mm



ကပဲ ငါ့လုပ်ငန်းကခွဲထွက်ပြီး ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို တည်ထောင်တော့လို့ ပြောတာနဲ့ ကိုယ်ပိုင်စီးပွားရေးကို စလုပ်ရတာ”

“ဘာလုပ်ငန်းကို စလုပ်လဲ”

“ကျောက်ပဲပေါ့ ဆရာရယ်။ အဖေကျောက်သွေးခုံကထွက်လာတဲ့ ဓာတုဗေဒစိန်တွေကိုပဲ ရောင်းတဲ့အရောင်းဆိုင်တစ်ခုကို ကျွန်တော် စတည်ထောင်တယ်။ အဲဒီတုန်းက ဟသ်ာတမြို့ ဗိုလ်ချုပ်လမ်းပေါ်မှာ ကျောက်ရောင်းတဲ့ ဆိုင်တစ်ခုဖွင့်ရတဲ့စရိတ်က ဘာမှမရှိဘူး။ ကျွန်တော်က ကျောက်ရောင်းကျောက်ဝယ်တဲ့ အလုပ်နဲ့ သိပ်အကျိုးပေးတယ်။ ၂နှစ်အတွင်း သိပ်စီးပွားရေးတက်ခဲ့တယ်”

“ဓာတုဗေဒစိန် အရောင်းအဝယ်တစ်ခုတည်းနဲ့ပဲလား”

“ဘယ်ဟုတ်မလဲ ဆရာရယ်။ ကျွန်တော်က ရောင်းတော့သာ ဓာတုဗေဒစိန်ကိုရောင်းပြီး ပြန်ဝယ်တော့ မိုးကုတ်ကျောက်အစစ်နဲ့ စိန်အစစ်တွေကို ပြန်ဝယ်တယ်”

“ဟသ်ာတမြို့ပေါ်မှာပဲလား”

“ဘယ်ဟုတ်မလဲ။ အနယ်နယ်အရပ်ရပ်မှာပေါ့။ ကျွန်တော်က ဟသ်ာတ ဗိုလ်ချုပ်လမ်းမှာသာ ဓာတုဗေဒစိန်ရောင်းတဲ့ဆိုင်ဖွင့်ထားပေမဲ့ ဆိုင်ကို တပည့်တွေနဲ့ထားပြီး မြစ်ဝကျွန်းပေါ်က မြို့တွေအကုန်လှည့်ပြီး ကျောက်ရောင်းကျောက်ဝယ်လုပ်တယ်။ အဲဒီတုန်းက မြစ်ဝကျွန်းပေါ်ကရွှေဆိုင်တွေမှာ စိန်နဲ့ မိုးကုတ်ကျောက်ကို နားလည်တဲ့လူတွေက သိပ်ရှိတာမဟုတ်ဘူး။ ကိုယ်ရဲ့ ဓာတုဗေဒစိန်ကို သွားရောင်းရင်းနဲ့ ကိုယ့်ကျောက်ကိုဝယ်တဲ့ ရွှေဆိုင်တွေမှာပဲ ခင်ဗျားတို့ဆီမှာ ပြန်ရောင်းစရာ အနီအပြာတွေ မရှိဘူးလားလို့ မေးရတယ်။ သူတို့ ထုတ်ပြတဲ့အထဲက ကိုယ် ကျောက်စစ်တယ်လို့ ထင်တာကို ဝယ်ရတာပဲ”

“ခင်ဗျားက ကျောက်စစ်နဲ့ ကျောက်တုကို ဘယ်လိုခွဲတတ်သွားတာလဲ”

“လွယ်လွယ်လေးပါ ဆရာရယ်။ ကျွန်တော်က ကျောက်တုရောင်းတဲ့လူမဟုတ်လား။ ကျောက်တုကို ပိုင်တယ်။ ကိုယ်ရောင်းနေတဲ့ ကျောက်အတုနဲ့ သဘောသဘာဝမတူတဲ့ ကျောက်ဟာ ကျောက်စစ်ပေါ့”

“ဟား. . ဟား. . ဟား. . လွယ်လိုက်တဲ့ နည်းဗျာ”

ကျွန်တော် အသံထွက်၍ အော်ရယ်လိုက်မိပါသည်။

မှန်ပါသည်။ ကျွန်တော် ရယ်သာရယ်ရသော်လည်း ကိုအောင်ဘာလေ

http://www.cherrythitsar.org

www.foreverspace.com.mm



၏စဉ်းစားနည်းမှာ အကျိုးအကြောင်းဆီလျော်နေပါသည်။ သူ၏ ကျောက်တု ကျောက်စစ် ခွဲပုံခွဲနည်းမှာ အတုယူချင်စရာ မမှားနိုင်သော နည်းတစ်နည်းပင် ဖြစ်၏။

"အဲဒီအချိန်က မြစ်ဝကျွန်းပေါ်ကျောက်လောကကလူတွေက ဘာမှ နားလည်ကြသေးတာမဟုတ်ဘူး။ တစ်ယောက်နဲ့တစ်ယောက် ဘာမှမသိဘဲ လူ-တတ်ကြီးတွေလုပ်နေကြတာ။ ပစ္စည်းလာဝယ်တဲ့လူတွေကလည်း တစ်ခါတလေ လူတတ်ကြီးတွေဟန်မျိုးလုပ်တတ်ကြသေးတယ်။ ကျွန်တော် မှတ်မိသေးတယ် ဆရာ။ တစ်ခါက အိမ်မဲမြို့က ရွှေဆိုင်တစ်ဆိုင်မှာ ထိုင်နေတုန်း လူတစ်ယောက် ရွှေလာဝယ်တယ်။ သူက သူလိုချင်တဲ့ပစ္စည်းကို လက်ညှိုးထိုးပြပြီး ဘယ်ဈေးလဲ လို့ မမေးဘူး။ မှတ်ကျောက်ရှိလားလို့ မေးတယ်။ ဆိုင်ရှင်က ရှိပါတယ်လို့ ပြော တော့ ခဏထုတ်ပေးစမ်းပါဆိုပြီး မှတ်ကျောက်တောင်းတယ်။ နောက် ဘာလုပ် လဲသိလား ဆရာ။ မှတ်ကျောက်ပေါ်မှာ သူဝယ်ချင်တဲ့ပစ္စည်းကို တင်ထားပြီး ပတ်ပတ်လည်လှည့်ပတ်ကြည့်တယ်။ နောက်တော့ ကောင်းတယ်။ ကောင်းတယ် လို့ပြောပြီး ဘယ်ဈေးလဲလို့မေးတယ်"

"ဆိုင်ရှင်က ဘာပြန်ပြောလဲ"

"ဆိုင်ရှင်က ဒီလူ ဘာမှမသိဘဲ တတ်ယောင်ကားလုပ်တဲ့ လူမှန်း ရိပ်မိ သွားပြီး မဟားတရား ဈေးတောင်းပြီး ရိတ်ပစ်လိုက်တာပေါ့။ ကျွန်တော့်မှာ ဒီလူ ပြန်သွားမှ ရယ်လိုက်ရတာ အူတက်မတတ်ပဲ"

"အဲဒီတုန်းက ခင်ဗျား မြစ်ဝကျွန်းပေါ်မှာ လှည့်ပတ်ပြီး ဝယ်လို့ရတဲ့ ကျောက်ကောင်းတွေကို ဘယ်မှာသွားရောင်းလဲ"

"ဒီ. . ကျွန်တော်တို့ ရွှေဘုံသာလမ်းပေါ်မှာပဲပေါ့။ မြန်မာနိုင်ငံရဲ့ အဓိက ကျောက်မျက်ရတနာဈေးကွက်က ဒီဈေးကွက်ပဲ ရှိတာပဲ"

"ဒါဖြင့်ရင် ခင်ဗျား ဒီရွှေဘုံသာလမ်းပေါ်ကို ရောက်နေတာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်သုံးဆယ်လောက်ကတည်းကပေါ့"

"ဟုတ်တာပေါ့ ဆရာရယ်။ ဒါကြောင့် ကျွန်တော် ရှေးလူကြီးတွေ အကုန်နီးပါးကို မီလိုက်သေးတယ်။ ခေါင်းပေါင်းကြီးဦးတင်အောင်တို့၊ ဦးထိန်ဝင်း တို့ အကုန်လုံး ကျွန်တော်မီတယ်။ ဆရာ့မိတ်ဆွေ ဦးနာဒရန်ဆင်ကို မေးကြည့် ပါလား။ သူနဲ့ကျွန်တော် အဲဒီခေတ်ကတည်းကကို ခင်တာပဲ။ ကွယ်လွန်သွားရှာ ပြီဖြစ်တဲ့ ရတနာကုန်သည်ကြီး ဦးထိန်ဝင်းဆိုရင် ကျွန်တော့်ကို သိပ်ခင်တာ။

http://www.cherrythitsar.org

www.foreverspace.com.mm



သားလိုပဲခင်တယ်။ ကျေးဇူးရှင်လို့လည်း ပြောလို့ရတာ။ ကျွန်တော့်ကို သူ အကူ-အညီပေးခဲ့ဖူးတာတွေ အများကြီးပဲ”

“ခင်ဗျားက ကျောက်မျက်ခေတ်ကောင်းကို မီလိုက်တဲ့လူဆိုတော့ မြစ်ဝကျွန်းပေါ်က ကျောက်ချောင်ချောင်နဲ့ မြက်မြက်လေးစားရတာမျိုးရော မရလိုက်ဘူးလား”

“ခဏခဏ ဝယ်ရဖူးတာပေါ့ ဆရာရယ်။ တစ်ခါတုန်းကဆိုရင် မိုးကုတ်ကျောက်အစစ်တွေ သံဘူးစီးကရက်တစ်ဘူးနဲ့အပြည့်ကို ဝယ်လို့ရဖူးတယ်”

“ဘယ်မှာဝယ်ရတာလဲ”

“ငသိုင်းချောင်းဆိုတဲ့ မြို့မှာ။ ဖြစ်တာက ဒီလို ဆရာရယ်။ ငသိုင်းချောင်းက ရွှေဆိုင်တစ်ဆိုင်နဲ့ ကျွန်တော် အင်မတန်ခင်တယ်။ ငသိုင်းချောင်းရောက်တိုင်း အဲဒီရွှေဆိုင်မှာပဲ ကျွန်တော် အမြဲတည်းတယ်။ တစ်နေ့ အဲဒီဆိုင်ကို ရောက်သွားတော့ ဆိုင်ဘေးကပ်လျက်မှာ ငရုတ်သီးခြောက်ရောင်းတဲ့ အဘွားကြီးက “ဟဲ့ ငါ့သား. . မင်း ငါ့ကျောက်တွေဝယ်မလား”လို့ မေးတယ်။ ကျွန်တော်က ကြိုက်ရင်ဝယ်မယ်လို့ ပြောတော့ အဘွားကြီးက သူ့အိမ်ထဲခေါ်သွားပြီး စီးကရက်ဗူးနဲ့ အပြည့်ထည့်ထားတဲ့ မိုးကုတ်ကျောက်တွေ ထုတ်ပြတယ်။ အမေကြီး ဘယ်-လောက်နဲ့ရောင်းမလဲလို့ ကျွန်တော်ကမေးတော့ အဘွားကြီးက သုံးရာတဲ့။ ကျွန်တော်က ခပ်တည်တည်ကျောက်တွေကို စိတ်မဝင်စားသလို ကြည့်ပြီး အမေ-ကြီး လျှော့ပါဦးလို့ပြောတော့ ငါးဆယ်လျှော့ပေးမယ်ကွယ်။ ၂၅၀ နဲ့ ဝယ်သွားလို့ ပြောပြီး ၂၅၀နဲ့ ရောင်းပေးလိုက်တယ်”

“ကျောက်တွေက ကျောက်ဖြုန်းတွေလား”

“ဘယ်ဟုတ်ပါ့မလဲ ဆရာရယ်။ ကျောက်ဖြုန်းတွေလည်းပါတယ်။ ကျောက်ကောင်းတွေလည်း ပါတယ်။ ဒါပေမဲ့ အရိုင်းတွေဖြစ်နေတော့ သူတို့မျက်စိမှာ ဘယ်ကြည့်လို့လှပါ့မလဲ။ မကောင်းတဲ့ကျောက်တွေလို့ပဲ ထင်နေကြတာပေါ့။ ကျွန်တော် အေးအေးဆေးဆေးကျောက်တွေကို အသေအချာသန့် ပြီး၊ ကိုယ်တိုင် အသေအချာသွေးတယ်။ နောက် တစ်နှစ်လောက်အချိန်ယူပြီး စိတ်ရှည်လက်ရှည် ရွှေဘုံသာဈေးကွက်မှာ ပြန်ရောင်းလိုက်တယ်”

“ဘယ်လောက်ရလဲ”

“ဆယ်သိန်းကျော် ရလိုက်တယ် ဆရာ”

“ဟာ. . မြတ်လှပါလား”

http://www.cherrythitsar.org

www.foreverspace.com.mm



"မြတ်တာတော့ မပြောနဲ့ ဆရာရေ။ ကျွန်တော့်ဘဝက ထောင်ကိုတက်သွားတော့တာပဲ"

"ခုရော ဒီလိုအကွက်မျိုး မရတော့ဘူးလား"

"မရတော့ဘူး ဆရာ။ မြစ်ဝကျွန်းပေါ်တစ်ခုလုံးကလူတွေက မျက်စိပွင့်ကုန်ကြပြီ။ အချောင်သွားနှိုက်ချင်လို့ လုံးဝကို မရတော့ဘူး။ ကိုယ့်ထက်တောင် ပိုတတ်ကုန်ကြပြီ။ မြန်မာနိုင်ငံရဲ့ ကျောက်မျက်ခေတ်က ပြောင်းသွားပြီ ဆရာရေ"

"အဲဒီတော့. . ခင်ဗျားအဖေနဲ့ စီးပွားခွဲထွက်လာပြီးတဲ့နောက်မှာ ခင်ဗျား သိပ်စီးပွားတက်ခဲ့တယ်ဆိုပါတော့"

"မှန်ပါတယ် ဆရာ။ ကျွန်တော်အသက် ၂၂နှစ်မှာ အိမ်ထောင်ပြုလိုက်တယ်။ အိမ်ထောင်ပြုပြီး ဘာမှမကြာလိုက်ဘူး။ ဟသ်ာတမှာ ကိုယ်ပိုင်မြေ ကိုယ်ပိုင်အိမ်ဝယ်နိုင်တဲ့ဘဝ ရောက်သွားတယ်"

"စီးပွားက တောက်လျှောက်တက်သလား"

"ကျောက်မျက်နဲ့တော့ တက်တယ် ဆရာ။ ဒါပေမဲ့ ကျွန်တော်က ကျောက်မျက်တစ်ခုတည်းနဲ့ စီးပွားမရှာဘူး။ လမ်းမှားတစ်ခုကို လိုက်သွားမိတယ်"

"ဘယ်လိုလမ်းမှားလဲ"

"ထီဆိုင်ဖွင့်လိုက်မိတာ ဆရာ"

"ထီဆိုင်ဖွင့်တာနဲ့ ဘယ်လို စီးပွားကျသွားရတာလဲ"

"ဖြစ်တာက ဒီလို ဆရာ။ ကျွန်တော်က ကျောက်မျက်အလုပ်နဲ့ ကြီးပွားချမ်းသာလာတဲ့အခါမှာ တဖြည်းဖြည်း ကြောက်လာတယ်။ ကျောက်မျက်ကုန်သည်အလုပ်ကို လုပ်စားတယ်ဆိုတဲ့ နာမည်မခံရဲတော့ဘူး"

"ဒါကြောင့် ထီဆိုင်ပြောင်းဖွင့်တယ် ဆိုပါတော့"

"ဟုတ်တယ် ဆရာ။ ကျောက်မျက်ရတနာဆိုင်ဆိုတဲ့ ဆိုင်းဘုတ်ကို ဖြုတ်ပြီး ထီဆိုင်ဆိုတဲ့ နာမည်တပ်လိုက်တယ်။ ထီဆိုင်ကလည်း အကျိုးပေးသလား မပြောနဲ့။ ဟသ်ာတမြို့မှာ စက်ဘီးပေါ်ကက်ဆက်တင်ပြီး အသံချဲ့စက်နဲ့ ထီလိုက်ရောင်းတဲ့အလုပ်ကို ကျွန်တော် ပထမဆုံး တီထွင်ပြီးစလုပ်တာ။ အလုပ်သမားငါးယောက်ငှားပြီး စက်ဘီးတစ်စီးစီနဲ့ ဟသ်ာတမြို့ပတ်ဝန်းကျင်တစ်ခုလုံးကို ထီလိုက်ရောင်းခိုင်းတယ်"

"ထီဆိုင်နာမည်က ဘယ်လိုပေးထားသလဲ"

"ရွှေတိုင်သမတဆိုတဲ့ ထီဆိုင်။ ဒီနာမည်က တကယ်တော့ ကျွန်တော့်

http://www.cherrythitsar.org

www.foreverspace.com.mm



ရဲ့ ကိုယ်ပိုင်ဆိုင်နာမည် မဟုတ်ဘူး။ ကြည့်မြင်တိုင်ညစျေးက ထီဆိုင်တစ်ဆိုင်ရဲ့ နာမည်ကို သဘောကျပြီး အမည်တူလိုက်ပေးထားတာ။ ကြည့်မြင်တိုင်ညစျေး က ထီဆိုင်ပိုင်ရှင်ကလည်း ကျွန်တော့်ကို မကန့်ကွက်ဘူး။ ကျွန်တော့်ထီဆိုင်က ဟင်္သာတမြို့မှာပဲ ဖွင့်ထားတာ မဟုတ်လား"

"ခင်ဗျားထီဆိုင်က ပေါက်တဲ့လူ များသလား"

"သိပ်များတာပေါ့ ဆရာရယ်။ အဲဒီလို ပေါက်တဲ့လူများလွန်းတဲ့အတွက် လည်း ကျွန်တော်ဒုက္ခရောက်တာ"

"ဘယ်လိုရောက်တာလဲ"

"လစဉ် ပေါက်တဲ့လူက များလွန်းနေတော့ ကိုယ်တိုင်ထီထိုးချင်စိတ် ပေါက်လာတယ်။ သူများရောင်းမဲ့အစား ငါပဲထိုးပစ်မယ်။ ဆုတွေကို ငါပဲ ယူမယ် ဆိုပြီး အပတ်စဉ် သောင်းချီ သိန်းချီပြီး ထီထိုးတယ်"

"ပေါက်ရော ပေါက်သလား"

"ပေါက်တော့ ပေါက်တာပေါ့ ဆရာ။ ဒါပေမဲ့ ထိုးထားတဲ့ငွေရင်းက လည်း အများကြီးဆိုတော့ ဘယ်ကိုက်မလဲ။ ရှုံးလိုက် မြတ်လိုက်ဖြစ်နေတယ်။ နောက် တဖြည်းဖြည်း စီးပွားကကျလာတယ်။ လစဉ် ထီပဲထိုးနေတယ်။ အလုပ် ကောင်းကောင်း မလုပ်တော့ဘူး။ ထီက သိပ်စွဲတာ ဆရာ။ ဘိန်းစွဲသလို အရက်စွဲ သလို စွဲတာ။ အပတ်စဉ် ထီမထိုးဘဲနဲ့ကို မနေနိုင်တော့ဘူး"

"ဒီနေ့ရော ထိုးတုန်းပဲလား"

"ထိုးတာပေါ့ ဆရာရယ်။ ဒါကြောင့်လည်း ကျွန်တော့်ဘဝဟာ ဒီနေ့ မှာ လူမွဲပြောင်သင့်သလောက် မပြောင်ဖြစ်နေတာပေါ့"

"ဒီနေ့ရော လစဉ် ခင်ဗျားထီဘယ်လောက်ဖိုး ထိုးသလဲ"

"ငါးသောင်းအထက်မှာ အမြဲရှိတယ်။ ဝင်ငွေကောင်းရင် ကောင်းသလို ထိုးပစ်တယ်။ ထီပေါက်ဖူးတဲ့ စံချိန်မှာလည်း မြန်မာနိုင်ငံမှာ ကျွန်တော့်ထက် ပိုပေါက်ဖူးတဲ့လူ မရှိတော့ဘူးလို့ ထင်တယ်"

"ထီ ဘယ်နှစ်ကြိမ် ပေါက်ဖူးလဲ"

"အကြိမ်နှစ်ရာကျော် ပေါက်ဖူးတယ်။ ဆရာ ယုံနိုင်မလား။ ဆုကြီး ဆိုလို့ ၁၆၄သိန်း ဆုကြီးအထိ ရဖူး၊ ပေါက်ဖူးတယ်"

"ဘာ. . ၁၆၄သိန်းတောင်။ ခင်ဗျား သူဌေး မဖြစ်သေးဘူးလား"

"မဖြစ်ဘူး ဆရာ။ ဒီဆုက ကိုယ်တစ်ယောက်တည်းပေါက်တဲ့ ဆုမှ

http://www.cherrythitsar.org

www.foreverspace.com.mm



မဟုတ်ဘဲ။ အစုစပ်ထိုးတဲ့ဆီမှာ ပေါက်တဲ့ဆု။ ကျွန်တော့်အစုအတွက် ငွေတစ်သိန်း နှစ်သောင်းပဲရလိုက်တယ်"

"အောင်ဘာလေဆိုတဲ့ ခင်ဗျားနာမည်ကလည်း တယ်ထူးဆန်းပါလား။ ခင်ဗျား မိဘပေးထားတဲ့ နာမည်အရင်းလား"

"ဘယ်ဟုတ်ပါ့မလဲ ဆရာရယ်။ ထီရောင်းရင်းနဲ့ ရတဲ့နာမည်။ ဒီရွှေဘုံသာလမ်းဈေးကွက်မှာ ဟိုတုန်းက ရှေ့နေ ဦးလှဘော်ဆိုတဲ့ ကျောက်သမားတစ်ယောက်ရှိတယ်။ ဦးလှဘော်က ကျွန်တော့်ကို ထီရှုံးမှန်းသိလို့ နောက်ပြောင်ပြီး ကျွန်တော် ရွှေဘုံသာလမ်းကိုလာတိုင်း 'အောင်ဘာလေ'ဆိုပြီးခေါ်တယ်။ သူခေါ်တော့ တခြားကုန်သည်တွေကလည်း လိုက်ခေါ်တယ်။ ဒီလိုနဲ့ ဒီ ရွှေဘုံသာလမ်းပေါ်မှာ ကျွန်တော့်နာမည်ဟာ 'အောင်ဘာလေ'ဆိုပြီး ဖြစ်သွားတယ်။ ဟသ်ာတနဲ့ မြစ်ဝကျွန်းပေါ်တစ်ခုလုံးမှာ ကျွန်တော့်ကို 'အောင်ဘာလေ'ဆိုပြီး ဘယ်သူမှမခေါ်ဘူး။ မသိဘူး။ ကျွန်တော့်အဖေပေးထားတဲ့ ကျွန်တော့်နာမည်က 'စိုးမြင့်ရှိန်'။ ငယ်ငယ်က ခရစ်ယန်သာသနာပြုကျောင်းမှာနေဖူးတော့ စိုးမြင့်ဆိုတဲ့အမည်မှာ ဖခင်အမည် ရှိန် တစ်လုံး ပိုတတ်ထားပေးတာ"

"ခင်ဗျားနာမည်အရင်းက တော်တော်လှတာပဲ။ ကျွန်တော် စိုးမြင့်ရှိန်လို့ ခေါ်ရမလား"

"မခေါ်ပါနဲ့တော့ ဆရာရယ်။ ရွှေဘုံသာလမ်းပေါ်မှာ လူတိုင်းက အောင်ဘာလေလို့ ခေါ်နေကြပြီဆိုတော့ ဆရာလည်း အောင်ဘာလေလို့ပဲ ခေါ်ပါ"

ရယ်ရပါသည်။ ကိုအောင်ဘာလေမှာ ကျွန်တော့်ဘဝတွင် မြင်ဖူးသောလူထူးလူဆန်းများတွင် အထူးခြားဆုံး လူထူးလူဆန်းဖြစ်၏။ သူ နေ့စဉ်ဝတ်စား၍ ရွှေဘုံသာလမ်းပေါ်၌ သွားလာနေပုံကိုလည်း ကြည့်ပါဦး။

လွယ်အိတ်ကြီးတစ်လုံးကို အမြဲလွယ်ထား၏။ ထိုလွယ်အိတ်ထဲတွင် ကျောက်မျိုးစုံရှိ၏။ အစစ်လည်းပါ၏။ အတုလည်းပါ၏။ လက်နှိပ်ဓာတ်မီးက သုံးခုလောက်ပါ၏။ မှန်ဘီလူးက လေးခုလောက်သုံး၏။ လည်ပင်းတွင် ပျူခေတ်ပုတီး သို့မဟုတ် ရှေးခေတ် ပယင်းပုတီးကြီးတစ်ကုံးကို အမြဲစွပ်ထား၏။ လက်-ကွင်းလည်း မြန်မာတို့ စေတီကျောက်ခေါ် (Agate)ကျောက်ကို ငွေကွင်းထားသည့် ရှေးခေတ်လက်စွပ်သုံးလေးကွင်းကို အမြဲဝတ်ထား၏။ လုံချည်ကိုလည်း

http://www.cherrythitsar.org

www.foreverspace.com.mm



ခိုင်အောင်မဝတ်။ ချက်ပြုတ်အမြဲဝတ်ထား၏။ သူ၏ဝတ်ဆင်ပုံတစ်ခုတည်းကို ကြည့်၍ ဝေဖန်ရလျှင် သူ့ကို အထင်ကြီးစရာ ဘာမှမရှိ။ သို့သော် သူသည် ရွှေဘုံသာလမ်းပေါ်မှ ကျောက်မျက်ပညာရှင်တစ်ဦးပင်ဖြစ်၏။ ပယင်း၏ တန်ဖိုးကို သူ ပထမဆုံး သိ၏။

ကျွန်တော်သည် ပယင်းအကြောင်းကို သိပ္ပံနည်းကျ၊ စနစ်တကျသိ၏။ ဆောင်းပါးရှည်ကြီး ရေးဖူး၏။ သို့သော် ပယင်းတန်ဖိုးကိုမသိ။ ပယင်းနှင့် ငွေမရှာတတ်။

ပယင်းတစ်ပွင့်တန်ဖိုးကို သိန်းချီ၍ ရောင်းစားဖူးသူမှာ ရွှေဘုံသာလမ်းပေါ်၌ ကိုအောင်ဘာလေတစ်ဦးသာ ရှိသေးသည်ဟု ကျွန်တော်ထင်၏။ သူ ရှေးပယင်းအထည်များကို လိုက်ရောင်းစက ကျွန်တော် သူ့ကို လူပေါတစ်ဦးဟု ထင်ခဲ့၏။ သူ လူပေါမဟုတ်။ နောက်ဆုံး ကျွန်တော် လူပေါဖြစ်နေ၏။

အရောင်ပြောင်းနီလာ (colour change Sapphire)တန်ဖိုးကိုလည်း ကျွန်တော့်ထက်စော၍ သူသိ၏။ တစ်သိန်းကျော်ဈေးဖြင့် ကျွန်တော့်ထက် ပိုစော၍ ရောင်းစားဖူး၏။

"ကိုအောင်ဘာလေ. . ခင်ဗျား အဲဒီ အရောင်ပြောင်းနီလာကို ဘယ်လို လုပ်ပြီး ရှာတွေ့တာလဲ"

"အဟောင်းပစ္စည်းတွေရောင်းတဲ့ ကုလားတွေဆီက"

"ဘယ်လိုစစ်ဆေးပြီး ခင်ဗျားဝယ်ခဲ့တာလဲ"

"အဲဒီကုလားတွေဆီက ဝယ်ရင် စစ်ဆေးပြီးမှဝယ်ရင် သူတို့ မရောင်းတော့ဘူး။ သူတို့ နယ်တကာလှည့်ပြီး ဝယ်လာခဲ့တဲ့ ကျောက်အတုမျိုးစုံ အပုံကြီးကိုကြည့်ပြီး ကိုယ်က ဈေးပေးရတယ်။ ကျောက်တွေကို ကိုင်ခွင့်မပေးဘူး။ စွန့်ဝယ်ရတာ။ ဆရာဆိုရင် ဝယ်ရဲမှာမဟုတ်ဘူး။ ကိုယ်ပေးတဲ့ဈေးကို ကြိုက်ရင် သူတို့ ရောင်းတယ်။ မကြိုက်ရင် မရောင်းဘူး"

"ခင်ဗျား ဘယ်လောက်ဈေးပေးပြီး ဝယ်ခဲ့တာလဲ"

"နှစ်ထောင်"

ရယ်ရပါသည်။ ကိုအောင်ဘာလေ နှစ်ထောင်ပေး၍ဝယ်ခဲ့သော ကျောက်ထုတ်ထဲမှာ အရောင်ပြောင်းနီလာအစစ်တစ်ပွင့်တည်းကို သူ ငွေ

http://www.cherrythitsar.org

www.foreverspace.com.mm



တစ်သိန်းကျော်နှင့် ပြန်ရောင်းနိုင်ခဲ့၏။ ကျွန်တော် မှတ်မိသေးသည်။

သူ့ကျောက်ကို ဝယ်သွားသူမှာ ကျောက်မျက်ရုံးမှာ ကိုဟန်ထွန်း ဖြစ်၏။ ကိုဟန်ထွန်းမှာ ဘူမိဗေဒပညာရှင်။ ကျွန်တော် လေးစားသော ကျောက်မျက်ပညာရှင်တစ်ဦးဖြစ်၏။ ကိုအောင်ဘာလေမှာ ဤ ကျောက်မျက်ပညာရှင်ဖြစ်သော ကိုဟန်ထွန်း အိတ်ထဲမှ သိန်းဂဏန်းငွေကိုပင် ရအောင်နှိုက်ယူနိုင်ခဲ့သူ ဖြစ်၏။

အမှတ် ၁၀၈၊ ၁၉၉၉၊ ဇူလိုင်လ။

❋ ❋ ❋

http://www.cherrythitsar.org

www.foreverspace.com.mm

## ၂၁။ နှစ်ထပ်မ သုံးထပ်မ (၁)

ယနေ့ ရွှေဘုံသာလမ်းသို့ ကျွန်တော်ရောက်သွားသောအချိန်မှာ ပွဲစားတန်း၏ လူအစည်ဆုံးအချိန်။

နေ့လယ် ၁၁ နာရီထိုးလုပြီ။

"ဆရာဦးလှဝင်း. . လက်ဖက်ရည်သောက်ပါဦးဗျ"

ကိုချမ်းအေးနှင့် ကိုမြတ်မင်း ဖြစ်၏။

"ကိုမြတ်မင်း ဘယ်တုန်းက ရန်ကုန်ရောက်နေတာလဲ"

"တစ်ပတ်လောက်ရှိသွားပြီ ဆရာ"

"ကျွန်တော် နေ့တိုင်း ပွဲစားတန်း ရောက်နေတာပဲ။ ခင်ဗျားကို မမြင်မိပါလား"

"ကျွန်တော် ဗိုလ်ချုပ်ဈေးက ဆိုင်တစ်ဆိုင်မှာ အကြီးတစ်ပွင့် လာရောင်းတာ ဆရာ။ ဒီပစ္စည်းကို ဈေးဆိုင်နေတာနဲ့ ဗိုလ်ချုပ်ဈေးမှာပဲ နေ့တိုင်း အချိန်ကုန်နေတယ်"

"ခု တည့်သွားပြီလား"

"တည့်သွားပြီ။ တည့်သွားလို့လည်း ဒီနေ့မနက် ရွှေဘုံသာလမ်း ပွဲစားတန်းကို လာခဲ့နိုင်တာပေါ့"

www.foreverspace.com.mm

http://www.cherrythitsar.org



"ကိုချမ်းအေးနဲ့က ဘယ်လိုဆုံမိနေကြတာလဲ"

"ချမ်းအေးက ကျွန်တော့်ကို သူ့ဒုက္ခ ရင်ဖွင့်နေတာ ဆရာ"

ကိုချမ်းအေးကို ကျွန်တော်သိနေသည်မှာ ကြာပြီ။ လူပုံသဏ္ဌာန်မှာ ပုပု၊ ဂင်တိုတို၊ အသားမည်းပြီး ပါးစပ်ပြဲ၏။ အသက်မှာ ၅၀ကျော်ခန့် ရှိပေမည်။ ကိုချမ်းအေးမှာ ကျွန်တော်ကဲ့သို့ပင် မော်လမြိုင်သားတစ်ဦးဖြစ်၏။ ကျောက်ကုန်သည်တစ်ဦး ဖြစ်၏။

သူနှင့်ကျွန်တော် ကွာခြားသည်မှာ ကျွန်တော်က ကျောက်စုံကိုင်ပြီး ကိုချမ်းအေးမှာ အစိမ်းတစ်ခုတည်းကိုသာ ကိုင်၏။ အစိမ်းသမားသက်သက် ဖြစ်၏။

တကယ်တော့ သူ့ဘဝမှာ အလွန်စိတ်ဝင်စားစရာဖြစ်၏။ သူနှင့် ကျွန်တော် ခင်မင်နေကြသည်မှာ နှစ်ပေါင်း ၂၀ ကျော်လှပြီ။

ကိုချမ်းအေးကို ရွှေဘုံသာကျောက်ဝိုင်း၌ ယနေ့ ရတနာကုန်သည် အဖြစ် လူတိုင်းသိနေကြသော်လည်း သူ့ဘဝမှာ ဖိနပ်ချုပ်သမား၊ ထီးပြင်သမား ဘဝမှ စလာခဲ့သူ ဖြစ်၏။

ကျောက်စိမ်းအကြောင်းကို မန္တလေးကျောက်ဝိုင်းအနီး၌ ဖိနပ်ချုပ်၊ ထီးပြင်သည့်အလုပ်များကို လုပ်ရင်း တဖြည်းဖြည်း နားလည်သွား၏။

သူ ကျွန်တော့်ကို ပြောပြဖူးပါသည်။

"ကျွန်တော့်ရဲ့ ထီးပြင်တဲ့အလုပ်၊ ဖိနပ်ချုပ်တဲ့အလုပ်က ကျောက်သမားတွေဘေးမှာ လုပ်နေတဲ့အလုပ်ဆိုတော့ ကျောက်သမားတွေလုပ်နေကိုင်နေတာတွေကို နေ့တိုင်း မြင်ရတွေ့နေရတယ်။ အားလုံးက အစိမ်းသမားတွေချည်းပဲဆိုတော့ ကိုယ်လည်း တဖြည်းဖြည်းနဲ့ အစိမ်းအလုပ်ကိုပဲ စိတ်ဝင်စားလာတယ်။ မော်လမြိုင်က မန္တလေးကို သွားခြေချကတည်းက ကျွန်တော်က ရတနာကုန်သည် ဖြစ်ချင်လို့ သွားခြေချတာ။ မူလရည်ရွယ်ချက်က အစိမ်းတွင်းတောထဲကို တိုက်ရိုက်သွားမလို့ပဲ။ ဒါပေမဲ့ ကျွန်တော့်ကျန်းမာရေးက မကောင်းတော့ ငှက်ဖျားမိမှာစိုးပြီး တွင်းတောထဲကို မသွားရဲဘူး။ ကျောက် ပညာသင်ဖို့ကလည်း ကျောက်လောကမှာ ကိုယ်ရဲ့ အသိအကျွမ်း ဆွေမျိုးမောင်နှမ သားချင်းမိတ်ဆွေဆိုလို့ တစ်ယောက်မှရှိတာ မဟုတ်တော့ ကိုယ့်အစွမ်းအစနဲ့ကိုယ့်ဟာကိုယ် ပညာ မရှာရင် ဘယ်လိုရှာလို့ ရနိုင်မလဲ။ မန္တလေးကျောက်စိမ်းပွဲစားတန်းမှာ ထီးပြင်တဲ့အလုပ်။ ဖိနပ်ချုပ်တဲ့အလုပ်ကို ကျွန်တော် တစ်နှစ်တောင် မလုပ်လိုက်ရပါဘူး။

http://www.cherrythitsar.org

www.foreverspace.com.mm



အောက်ကုန်သည်စဖြစ်တယ်။ နတ်မော်ကျောက်တွေက အဲဒီအချိန်တုန်းက သိပ်ပေါတာ ဆရာ။ တစ်ပွင့်မှ နှစ်ကျပ်သုံးကျပ် ပေးဝယ်ရတဲ့ခေတ်။ ဒီကျောက်လေးတွေဝယ်။ အတွဲဖြစ်အောင်စု။ အတွဲဖြစ်တော့ ပြန်ရောင်းရင် သိပ်မြတ်တာကိုး ဆရာရဲ့။ ငါးနှစ်လောက်အတွင်း ကျွန်တော့်ဘဝဟာ ကျောက်ကြီးတွေ စကိုင်နိုင်တဲ့ဘဝကို ရောက်သွားတယ်။ ကျောက်ကြီးတွေ စကိုင်နိုင်တယ်ဆိုရင်ပဲ ကျွန်တော် မန္တလေးဈေးကွက်မှာ မနေတော့ဘူး။ ရန်ကုန်ရွှေဘုံသာလမ်း ဈေး-ကွက်ကို ပြောင်းလာတယ်။ မန္တလေးဈေးကွက်မှာက ကျွန်တော့်ကို ဖိနပ်ချုပ်သမား၊ ထီးပြင်သမားဘဝက စပြီး သိခဲ့ကြတဲ့လူတွေဆိုတော့ မြို့ခံကုန်သည်ကြီးတွေက သိပ် အထင်မကြီးချင်ကြဘူး”

ဤစကားများကို ကိုချမ်းအေး ကျွန်တော့်ကို ပြောပြစဉ်အချိန်က ကိုချမ်းအေးမှာ ကျွန်တော် ဝယ်မစီးနိုင်သော နောက်ဆုံးပေါ် ကား အမျိုးမျိုးကို ဝယ်စီးနေနိုင်သည့် အချိန်ဖြစ်၏။

လွန်ခဲ့သည့် ငါးနှစ်ခန့်ကစပြီး ကိုချမ်းအေးဘဝမှာ ဘယ်သို့ဖြစ်သွားသည် မသိပါ။

တစ်ဆင့်ပြီးတစ်ဆင့် ပြုတ်ကျလာ၏။ သူ စီးနေသည့်ကားများမှာ ထိပ်ဆုံးကားမှစပြီး အောက်ဆုံးကားအဆင့်ကို တဖြည်းဖြည်း ဆင်းလာ၏။

အလိမ်ခံရသည်။ အမှုဖြစ်နေသည်။ အဖမ်းခံရသည်။. . စသည်ဖြင့် မကောင်းသတင်းမျိုးစုံကိုလည်း ကျွန်တော် မကြာခဏ ကြားမိ၏။

ကျွန်တော်ကြားသည့် သတင်းများမှာ ကောလဟာလများသာ ဖြစ်၏။ သတင်းမှန်ကိုတော့ တစ်ဦးတစ်ယောက်မျှ မပြောပြဖူးသေးပါ။

“ကိုချမ်းအေးက ဘာတွေ ခင်ဗျားကို ညည်းပြနေတာလဲ”

ကျွန်တော်က ကိုမြတ်မင်းကို မေးလိုက်ခြင်းဖြစ်၏။

“ညည်းပြနေတာ မဟုတ်ဘူး ဆရာရေ။ ခေတ်စကားနဲ့ ပြောရရင်တော့ ငိုပြနေတာ”

ကျွန်တော်တို့သုံးယောက် အသံထွက်၍ ရယ်လိုက်ကြ၏။

“ဘာတွေ ငိုပြနေတာလဲ။ ကျွန်တော့်ကိုလည်း ပြောပြပါဦး”

“ပြောလိုက်လေ ကိုချမ်းအေး။ ဆရာ ဦးလှဝင်းနဲ့ ခင်ဗျားက မော်လမြိုင်သား အချင်းချင်းပဲ။ ကိုယ့်မြို့သားအချင်းချင်း ခင်ဗျား ပြည့်ပြည့်စုံစုံ ရင်ဖွင့်ပြလိုက်ရရင် ခင်ဗျားရင်ထဲမှာ ပိုပြီး ပေါ့သွားမှာပေါ့”

http://www.cherrythitsar.org
www.foreverspace.com.mm



ရယ်ရပါသည်။ ရွှေဘုံသာလမ်းတွင် ရောက်နေကြသော ကျွန်တော်တို့ မော်လမြိုင်သား အများအပြားပင် ရှိပါသည်။ အထူးသဖြင့် မြန်မာပန်းထိမ်နာမည်ကြီးများမှာ မော်လမြိုင်မြို့ ဒိုင်းရင်ကွင်းရပ်ကွက်မှ ရွှေဘုံသာလမ်းတွင် လာလုပ်ကိုင်နေကြသော ပန်းထိမ်ဆရာများပင် ဖြစ်၏။

"ကိုချမ်းအေး. . ခင်ဗျား ဘာဖြစ်လို့ ငိုပြနေရတာလဲ။ အရောင်းအဝယ်မဖြစ်လို့လား။ ဒီနေ့ ဒီအချိန် ဒီရာသီမှာ အရောင်းအဝယ်မဖြစ်တာက ခင်ဗျားတစ်ယောက်တည်း မဟုတ်ဘူး။ ပွဲစားတန်းတစ်ခုလုံး မဖြစ်တာပဲ။ ရှိတာလေးတွေ ဖဲ့ပြီး စားသင့်တဲ့အချိန်မျိုးမှာလည်း အေးအေးနေဦးမှပေါ့ဗျာ။ ကျွန်တော်လည်း ခု ဖဲ့စားနေရတာပဲ"

ကျွန်တော်ကလည်း အားပေးသလိုလိုနှင့် ဝိုင်းရောပြီး ငိုပြလိုက်ပြန်ပါသည်။

"ဟာ. . ဆရာကလည်း တော်ရုံဘဝပျက်တာမျိုးလောက်တော့ ကျွန်တော်က ဘယ်ဂရုစိုက်မလဲ။ ဆရာသိတဲ့အတိုင်း ကျွန်တော့်ဘဝက ဖိနပ်ချုပ်သမား၊ ထီးပြင်သမားဘဝကစခဲ့တဲ့ကောင်ပဲ။ ဆင်းရဲဒဏ်အမျိုးမျိုးကို ကြုံခဲ့ပြီးသား။ မူလဘဝအထိ ပြန်ကျသွား၊ ဆင်းသွားလို့လည်း ကျွန်တော် ဂရုမစိုက်ဘူး။ ကိုယ်က အဲဒီဘဝမှာ နေခဲ့ဖူးပြီးသား။ ကျွန်တော် ခု ကိုမြတ်မင်းကို ငိုပြနေတာက မခံချင်တာ ဆရာ။ ကိုယ်မလိမ္မာတာ။ ကိုယ်မိုက်မိတာ။ ကိုယ် အရှုးလုပ်ခံရတာ။ ကိုယ် အလိမ်ခံရတာတွေ ပြန်တွေးမိတိုင်း ရှက်ပြီး၊ အသည်းနာပြီး ရယ်ချင်သလို ငိုချင်သလို ခံစားမှုတွေအကြောင်းကို ပြောပြနေတာ"

"ဟင်. . ခင်ဗျားပြဿနာကလည်း တစ်မျိုးကြီးပါလား"

"ဟုတ်တယ်။ တစ်မျိုးကြီး။ အဲဒီတစ်မျိုးဆိုတာက ဘယ်သူ့ပြဿနာနဲ့မှ မတူတဲ့ ပြဿနာဖြစ်နေလို့ပေါ့ ဆရာရဲ့"

"ပစ္စည်းမှားဝယ်တာလား၊ ရှုံးတာလား၊ အလိမ်ခံရတာလား"

"ပစ္စည်းကတော့ မှားမဝယ်ဘူး။ ဆယ်သိန်းလောက်နဲ့ လွယ်လွယ် ပြန်ရောင်းလို့ရတဲ့ပစ္စည်းကို သုံးသိန်းနဲ့ ဝယ်ခဲ့တာပဲ"

"ဒါဖြင့်ရင်လည်း မြတ်မှာ သေချာနေတာပဲ"

"မမြတ်ဘူး ဆရာ။ ရှုံးတယ်"

"ရှုံးတယ် ဟုတ်လား။ ဘယ်လောက်ရှုံးသလဲ"

"သုံးသိန်းနဲ့ ဝယ်တဲ့ပစ္စည်း ရှုံးရင် ဘယ်လောက်ရှုံးမယ်လို့ ဆရာ

http://www.cherrythitsar.org

www.foreverspace.com.mm



ထင်လဲ”

“အများဆုံး အရင်းပြုတ်သွားမှာပေါ့။ သုံးသိန်းလုံး ရေထဲပစ်ချလိုက်သလို ဖြစ်သွားမှာပေါ့”

“ကျွန်တော့်အဖြစ်က အဲဒီကျောက်အပေါ်မှာ ဝယ်ရင်းတစ်ခုလုံး ပြုတ်သွား ရှုံးသွားရုံတင်မကဘူး ဆရာ။ ဆယ်သိန်းလောက် အဆစ်လိုက်ခဲ့ရသေးတယ်”

ကျွန်တော် သူ့စကားကို နားမလည်ပါ။ ဤကဲ့သို့ အရှုံးမျိုးကို မကြုံဖူး မကြားဖူးပါ။

“ဟင်. . . တစ်မျိုးကြီးပါလား”

“ဆရာ အေးအေးဆေးဆေးထိုင်ဦး။ လက်ဖက်ရည်တစ်ခွက်သောက်ဦး။ ကိုချမ်းအေးအဖြစ်က အားလုံး ခု သူပြောသွားတဲ့အတိုင်း အမှန်တွေချည်းပဲ”

“ဘယ်လိုဖြစ်တာလဲ ကိုချမ်းအေး။ ကျွန်တော့်ကို ပြောပြစမ်းပါ။ ကျွန်တော် စိတ်ဝင်စားလို့။ ဘယ်သူ့ကိုမှ ကျွန်တော် ပြန်မပြောပါဘူး”

“ပြန်ပြောလို့လည်းရပါတယ် ဆရာ။ ပြန်ပြောရုံတင်မကဘူး။ ဆရာ့စာထဲမှာတောင် ထည့်ရေးချင်ရေးလိုက်ဦး။ ကျွန်တော့်ဇာတ်လမ်းက တကယ်တော့ ဆရာသာမသိပေမဲ့ ရွှေဘုံသာလမ်းက အစိမ်းသမားတွေ အကုန်သိထားပြီးကြတဲ့ ဇာတ်လမ်းပါ။ ဆရာလည်း ကြားမိမှာပါ။ လွန်ခဲ့တဲ့ လေး၊ ငါးနှစ်လောက်က ကျွန်တော် အလိမ်ခံရတယ်။ အဖမ်းခံရတယ်။ ထွက်ပြေးနေရတယ်ဆိုတဲ့ သတင်းတွေ ဒီပွဲစားတန်းမှာ ပြန့်နေတာ”

“အဲဒီ ကောလဟာလသတင်းတွေ မဟုတ်လား။ အဲဒီသတင်းတွေ ကျွန်တော် ကြားမိပေမဲ့ ခင်ဗျားကို ဒီပွဲစားတန်းထဲမှာ အမြဲတွေ့မိ မြင်မိနေတာပဲ။ တကယ်ဖြစ်ခဲ့တာမှ မဟုတ်ဘဲ”

“တကယ်ဖြစ်ခဲ့တာ ဆရာ။ အဲဒီသတင်းက အမှန်တွေ။ ကောလဟာ မဟုတ်ဘူး”

“ဘယ်လိုဖြစ်တာလဲ။ ငွေ တော်တော်များများ ထိသွားလား”

“ငွေကတော့ သိပ်မထိပါဘူး ဆရာရယ်။ ဆယ်သိန်း ပိုပိုလောက်ပါ။ ဒါထက်ကြီးတဲ့ အရှုံးမျိုးလည်း ကျွန်တော်ကြုံဖူးပါတယ်။ ဒါပေမဲ့ အဲဒီပြဿနာဖြစ်ပြီးကတည်းက ကျွန်တော် အလုပ်မလုပ်ချင်တော့ဘူး။ စိတ်ဓာတ်သိပ်ကျသွားပြီး ကျောက်လောကကိုလည်း စိတ်နာတယ်။ ဒီလောကမှာလည်း မနေချင်

http://www.cherrythitsar.org

www.foreverspace.com.mm



တော့ဘူး။ အညွန့် လုံးဝကျိုးကျသွားသလိုပဲ ဆရာ"

"လူ့ဘဝဆိုတာ ဒီလိုပဲပေါ့ဗျာ။ ခံနိုင်အောင်တော့ ကြိုးစားရတာပဲ။ ကဲ. . ပြောပါဦး။ ခင်ဗျားဇာတ်လမ်းက . . . "

"ဆရာကို တစ်ခါတုန်းက ကျွန်တော်ပြောပြဖူးတဲ့အတိုင်း ဖိနပ်ချုပ်သမား၊ ထီးပြင်သမားဘဝက ကျောက်စိမ်းလောကကို ကူးလာခဲ့ပြီးတော့ ကျွန်တော့်ဘဝဟာ သိပ်အဆင်ပြေတယ်။ ကျွန်တော် ရွှေဘုံသာဈေးကွက်မှာ အလုပ်လုပ်ပေမဲ့ ရောင်းတဲ့အလုပ်ပဲ ဒီဈေးကွက်မှာ လုပ်တာ။ ဝယ်တဲ့အလုပ်ကို အမြဲ ခန္တီး သွားလုပ်တယ်"

"ခန္တီးမြို့ပေါ်မှာပဲ ဝယ်တာလား"

"ဟုတ်တယ်။ မြို့ပေါ်မှာပဲ။ အကောင်းဆုံး အကျိုးပေးတဲ့အချိန်က ဘယ်လောက်တောင် အကျိုးပေးခဲ့ဖူးလဲဆိုရင် နှစ်သိန်းနဲ့ ဝယ်ထားတဲ့ အရိုင်းတုံးတစ်တုံးကို သိန်း ရှစ်ဆယ်နဲ့ ပြန်ရောင်းလို့ ရခဲ့ဖူးတယ်"

"အဆ ၄၀လောက် မြတ်တာပဲ"

"ဟုတ်တယ်။ အဆ ၄၀ကို မြတ်ဖူးတာ။ နောက် မြတ်တဲ့အမြတ်က သိန်းငွေနော်။ ဒါပေမဲ့ဆရာ။ ဒါက အများဆုံး မြတ်ဖူးတာကို ပြောတာပါ။ သိန်းဆယ်ချီပြီး ရှုံးတာလည်း အကြိမ်ကြိမ် ကြုံဖူးပါတယ်။ ဒါပေမဲ့ အစိမ်းသမားတစ်ယောက်ဘဝမှာ ဒါတွေက ဘာမှ အဆန်းမဟုတ်ပါဘူး ဆရာရယ်။ အစိမ်းသမားကြီးတိုင်း တွေ့ကြုံနေကြရတဲ့ အတွေ့အကြုံတွေပါ။

"ခန္တီးကို အဲဒီတုန်းက ခင်ဗျား တစ်နှစ် ဘယ်နှကြိမ်လောက် သွားလဲ"

"အများဆုံး လေးကြိမ်ပါ။ သုံးလကို တစ်ကြိမ်လောက်ဆိုပါတော့။ အခုပြဿနာပေါ်တဲ့အခေါက်ကတော့ တကယ်တော့ ပြဿနာပေါ်ဖို့ မဟုတ် ဘူး။ ကျွန်တော် ရန်ကုန်ပြန်လာတော့မလို့ လေယာဉ်ပျံပေါ်တောင် ရောက်နေပြီးသား။ ဖြစ်ချင်တော့ ခန္တီးမြို့မလှမ်းမကမ်းမှာ ကျွန်တော် ပြန်မယ့်နေ့မှာ ကားမှောက်မှုတစ်မှု ဖြစ်ပြီး လူနှစ်ယောက် သေတယ်။ လူတွေ တော်တော်များများ ဒဏ်ရာရတယ်။ ဒဏ်ရာရတဲ့လူတွေအထဲက သိပ်ဒဏ်ရာပြင်းတဲ့ တစ်ယောက်ကို မန္တလေးဆေးရုံ အရေးပေါ်ပို့ချင်တော့ လေယာဉ်ပျံပေါ် ရောက်နေပြီးသား ခရီးသည်တွေအထဲက တစ်ယောက် ပြန်ဆင်းခိုင်းတယ်။ ကျွန်တော့်ကို အတင်းပြန်ဆင်းခိုင်းတာလည်း မဟုတ်ဘူး။ မြို့က အာဏာပိုင်တွေ မေတ္တာရပ်ခံတာကို ကျွန်တော်ကလည်း အရေးတကြီး ရန်ကုန်ပြန်စရာကိစ္စလည်း ဘာမှ ရှိတာ

http://www.cherrythitsar.org

www.foreverspace.com.mm



မပုတ်တဲ့အတွက် ကိုယ့်အသိစိတ်နဲ့ ကိုယ် ဆင်းပေးခဲ့တာ”

“အဲဒီတုန်းက ခန္တီးလေယာဉ်ပျံက တစ်ပတ်ကို ဘယ်နှခေါက်ရှိလဲ”

“တစ်ရက်ခြား တစ်ခေါက် ရှိပါတယ် ဆရာ”

“အဲဒီတော့ ခင်ဗျား ခန္တီးမှာ ၂ ညပိုအိပ်ရတယ် ဆိုပါတော့”

“ဟုတ်ပါတယ်။ လေယာဉ်ပျံကို တစ်ရက်ထပ်စောင့်ရတာပေါ့။ ကျွန်တော်က အဲဒီလိုစောင့်နေတဲ့ တစ်ရက်အချိန်အတွင်းမှာပဲ ပျင်းတာနဲ့ မှော်ထဲသွား လည်တယ်”

“ဘယ်မှော်လဲ”

“ခန္တီးမှော်ကြီးပေါ့။ ခန္တီးက ၂၇မိုင်လောက်ပဲ ဝေးလိမ့်မယ်ထင်တယ်။ ကျွန်တော်က ခန္တီးကိုသာ ပစ္စည်းဝယ်ဖို့ ခဏခဏရောက်ဖူးနေပေမယ့် အဲဒီမှော်ကြီးကို တစ်ခါမှ မရောက်ဖူးဘူး။ ပစ္စည်းဝယ်ပြီးတာနဲ့ ရန်ကုန်ကို အမြဲ ချက်ချင်းပြန်တယ်။ ခုတစ်ခေါက်တော့ ပစ္စည်းတွေလည်း ဝယ်ပြီးပြီ။ တစ်ရက် လုံးလုံးလည်း လုံးဝအားနေတာနဲ့ ခြေရှည်ပြီး မှော်ကြီးကို သွားလည်ခဲ့မိတာ”

“မှော်ကြီးဆိုတာက ကျောက်စိမ်းတွင်းနော်”

“ဟုတ်ပါတယ်။ ကျောက်စိမ်းတွင်းပါ။ အဲဒီမှော်ကြီး ကျောက်စိမ်းတွင်း နယ်မြေမှာ “ဈေးတန်း”ဆိုတာ ရှိတယ်။ တွင်းသမားတွေရဲ့ မိသားစုတွေ စုနေကြတဲ့ နေရာ။ ရပ်ကွက်လေးတစ်ခုလို ဖြစ်နေတယ်ဆိုပါတော့။ ကျွန်တော်က မှော်ကြီးရောက်တော့ အဲဒီဈေးတန်းမှာ တည်းတယ်”

“အသိရှိလို့လား”

“ရှိပါတယ်။ ကျွန်တော်တို့ ရန်ကုန်၊ မန္တလေး ကျောက်ဝိုင်းက မှော်ထဲမှာ သွား အလုပ်လုပ်နေကြတဲ့ လူတွေအများကြီး။ အကြံကုန် ဂဠုန်ဆားချက် ဆိုသလို ကျောက်ဝိုင်းမှာ မအောင်မြင်တော့ မှော်ထဲသွားပြီး ကံစမ်းကြတဲ့သဘောပါ။ ကျွန်တော်က ခန္တီးမှော်ကြီးထဲကို ပထမဆုံး ရောက်ဖူးတာဆိုတော့ တစ်နေ့ လုံး မှော်ထဲ လျှောက်လည်တယ်။ အဲဒီလို လျှောက်လည်တုန်းမှာ မန္တလေး ကျောက်ဝိုင်းထဲက ပွဲစား စန်းစန်းကို သွားတွေ့တယ်”

“မိန်းမပွဲစားလည်း မှော်ကြီးရောက်တဲ့အထိ သွားလား”

“သွားတယ်။ သူတို့က အုပ်စုလိုက်ကို မန္တလေးက သွားကြတာ။ စန်းစန်း က ကျွန်တော့်ကိုပြောတယ်။ ကိုချမ်းအေး ကျောက်ကောင်းကောင်းတစ်တုံး တွေ့ ထားတယ်။ ဝယ်သွားပါလားတဲ့။ ကျွန်တော်က စန်းစန်း ငွေမှာ ပိုက်ဆံမပါဘူး။

http://www.cherrythitsar.org

www.foreverspace.com.mm



ငွေ ခုနစ်ထောင်ပဲ ပါတယ်လို့ ပြန်ပြောလိုက်တော့. . စန်းစန်းက ပိုက်ဆံက အရေးမကြီးဘူး ကိုချမ်းအေး။ ကျောက်ကြိုက်ဖို့ ဈေးတည့်ဖို့ ပိုအရေးကြီးတယ်။ ဈေးတည့်ရင် မန္တလေးရောက်မှ ငွေချေရင်လည်း ရတယ်လို့ ပြန်ပြောတယ်"

"အဲဒီတော့ ခင်ဗျား လိုက်ကြည့်ရောဆိုပါတော့"

"လိုက်ကြည့်ရတာပေါ့ ဆရာရယ်။ ကျောက်သမားဆိုတော့ ကျောက်ကောင်းဆိုတာနဲ့ စိတ်ဝင်စားနေပြီးသားပဲ။ ဒါနဲ့ ကျွန်တော် ကျောက်လိုက်ကြည့်ရော ဆိုပါတော့။ ကျောက်ပိုင်ရှင်က မောင်ကျေးဆိုတဲ့ ကောင်လေး။ အသက်က ၂၀ လောက်ပဲ ရှိဦးမယ်"

"ကျောက်က ကျောက်ကောင်းလား။ ဘယ်အရွယ်ရှိလဲ"

"ကျောက်ကောင်း ဆရာ။ အခွံကြည့်လိုက်တာနဲ့ အစိမ်းသမား အကြိုက်ကျောက်မျိုးပဲ။ အရွယ်ကလည်း မကြီးဘူး။ သုံးပိဿာလောက်ပဲရှိတယ်"

"ဈေးက ဘယ်လောက်လဲ"

"သိန်းသုံးဆယ်တဲ့"

"ခင်ဗျားက ဘယ်လောက်ပေးလဲ"

"သုံးသိန်း"

"တည့်လား"

"မတည့်ဘူး။ မောင်ကျေးက သူ့ကျောက်ကို ဆယ်သိန်းအောက် မရောင်းဘူးလို့ပြောတာနဲ့ အရောင်းအဝယ်လဲ ပျက်သွားတယ်"

"ပြီးတော့ . . . "

"အချိန်က ညနေလည်းစောင်းလာပြီဆိုတော့ ကျွန်တော်လည်း ခန္တီး ပြန်တော့မယ်ဆိုပြီးတော့ ကားဂိတ်ပြန်လာခဲ့တယ်။ ကားဂိတ်မှာ မန္တလေးက ပွဲစားမတစ်ယောက်နဲ့ တွေ့ပြန်တယ်။ နာမည်က ဒေါ်လုံးတဲ့"

"ဒီမိန်းမကြီးကို ကျွန်တော်သိတယ်။ ကျွန်တော်တို့ ရန်ကုန်ရွှေဘုံသာ ကျောက်ဝိုင်းကိုလည်း အကြိမ်ကြိမ်လာဖူးတယ်။ ပုပု၊ ဝဝ၊ မည်းမည်း၊ ရုပ်ဆိုးဆိုး မဟုတ်လား။ နတ်ကတော်လိုလို ဘာလိုလို ပုံမျိုး"

"ဟုတ်တယ်။ အဲဒီမိန်းမကြီးပဲ။ ဒီမိန်းမကြီးနဲ့တွေ့တဲ့အချိန်မှာ ခန္တီးကို ပြန်မယ့်ကားထွက်ဖို့ အချိန်ကလည်း တစ်နာရီကျော်ကျော်လောက် လိုနေသေးတော့ ဒေါ်လုံးက ကျွန်တော့်ကို မှော်ကြီးထဲရောက်တုန်း နတ်မေးသွားပါလား။ မှော်ကြီးထဲကနတ်စင်က သိပ်စွမ်းတယ်လို့ ပြောတယ်။ ကျွန်တော်က နတ်ယုံလှ

http://www.cherrythitsar.org

www.foreverspace.com.mm



လို့တော့ မဟုတ်ဘူး။ အချိန်ပိုပြီး ပျင်းနေတာနဲ့ နတ်ကတော်အိမ် လိုက်သွားမိရော ဆိုပါတော့"

"နတ်ကတော်အိမ်က ဝေးသလား"

"မဝေးဘူး။ မှော်ကြီးရဲ့နတ်စင်ရော နတ်ကတော်အိမ်ရော ကားဂိတ်နားမှာပဲ ရှိတယ်"

"ကဲ. . ဒါနဲ့ နတ်မေးရော ဆိုပါတော့"

"ဟုတ်တယ်။ နတ်မေးကြတဲ့အခါမှာ နတ်ဝင်သည်က ကျွန်တော့်ကို ပြောတယ်။ ကျွန်တော် ကျောက်ကောင်းရဖို့ ကိန်းရှိနေတယ်။ အရွယ်မကြီးဘူး။ အခွံက ဘယ်လိုအခွံမျိုး။ ကျောက်ပုံဥဏ္ဏာန်က ဘယ်လိုပုံသဏ္ဍာန်။ ကျောက်တုံးပေါ်မှာ အပြစ်က ဘယ်လိုပေါ်နေတယ်။ ပုံပါဆွဲပြလိုက်သေးတယ် ဆရာရယ်။ အဲဒီကျောက်ကို ဝယ်ဖြစ်အောင် ဝယ်သွား။ ငွေသိန်းရာချီ မြတ်လိမ့်မယ်။ ဒီကျောက်ဝယ်ဖို့ တစ်ညပဲအိပ်စောင့်။ ဝယ်ကို ဝယ်ရလိမ့်မယ်လို့ အတပ်ပြောတယ်၊ ဟောတယ်"

"ဒါနဲ့ ခင်ဗျားလည်း ယုံသွားပြီး တစ်ညအိပ်မိရောဆိုပါတော့"

"မှန်ပါတယ်။ လူဆိုတာ လောဘသား မဟုတ်လား။ သိန်းရာချီမြတ်မယ့် ကျောက်ရမယ်ဆိုတော့ တစ်ညအိပ်စောင့်ဖို့ ကျွန်တော် ချက်ချင်းဆုံးဖြတ်လိုက်တယ်။ လေယာဉ်ပျံကလည်း နောက်တစ်နေ့ ညနေမှ ထွက်မယ်မဟုတ်လား။ နောက်တစ်နေ့မနက်အထိမှ ကျွန်တော် ကျောက်မဝယ်ရလည်း ခရီးကို လေယာဉ်ပျံ အချိန်မီပြန်နိုင်တာပဲ။ ပြဿနာမှမရှိဘဲ။ တကယ်တော့ အဲဒီနေ့က မှော်ကြီးကို ကျွန်တော်သွားတာ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့သွားတာ။ ညအိပ်စရာ ဘာမှ ပါတာမဟုတ်ဘူး"

"ဒီလိုနဲ့ ညအိပ်မိရောဆိုပါတော့"

"ဟုတ်တယ်။ ညအိပ်မိရော။ ည ၈ နာရီလောက်အချိန်ရောက်တော့ ကျွန်တော် ညအိပ်တဲ့တည်းခိုနေတဲ့အိမ်ကို ပွဲစားစန်းစန်းနဲ့ ကျောက်ပိုင်ရှင် မောင်ကျေးတို့ ရောက်လာကြတယ်။ ပွဲစားစန်းစန်းက ကျွန်တော့်ကို ပြောတယ်။ ကိုချမ်းအေး. . ရှင် မောင်ကျေးကျောက်ကို တည့်အောင်ဝယ်လိုက်ပါ။ ဈေးကို နေ့လယ်က ဆယ်သိန်းအောက်မရောင်းဘူးလို့ ပြောထားခဲ့ပေမဲ့ ခု ငါးသိန်းနဲ့ ရောင်းပေးမယ်။ အဲဒီငါးသိန်းမှာ မောင်ကျေးက အစပ်တစ်ဝက်ပြန်ပါမယ်။ ရှင် သဘောတူလားလို့ မေးတယ်"

http://www.cherrythitsar.org

www.foreverspace.com.mm



"ခင်ဗျားက ဘာပြန်ပြောလိုက်လဲ"

"ကျွန်တော်က မောင်ကျေး အစပ်ပါမယ်ဆိုရင်တော့ ကျောက်ဖိုးကို ငါးသိန်းမထားနဲ့။ နေ့လယ်က ကျွန်တော်ဆစ်ခဲ့တဲ့ သုံးသိန်းဈေးနဲ့ပဲ ရောင်းပေးလို့ ပြောလိုက်တယ်"

"မောင်ကျေးက သဘောတူလား"

"တူတယ်"

"ဒါဖြင့်ရင် အဲဒီကျောက်ဟာ အဲဒီကောင် ဈေးပေါပေါနဲ့ ရထားတဲ့ကျောက် ဖြစ်လိမ့်မယ်"

"သိပ်သေချာတာပေါ့ ဆရာရယ်။ ကျွန်တော် နောက်ပိုင်းမှ ပြန်သိရတာက ဒီကောင် ဒီကျောက်ကို မှော်ကြီးတည်းက တွင်းသမားတစ်ယောက်ဆီက နှစ်သောင်းခွဲထဲနဲ့ ဝယ်ထားတာ။ အောက်ဈေးမှ ဟိုး . . အနိမ့်ဆုံး အောက်ဈေးနဲ့ ဝယ်ထားတာ"

"အဲဒီကျောက်ရဲ့ ပုံသဏ္ဌာန်တွေကရော နတ်ကတော်ဟောထားတဲ့ ကျောက်ရဲ့ ပုံသဏ္ဌာန်တွေနဲ့ တူနေလား"

"ချွတ်စွပ်ကို တူနေတယ် ဆရာရယ်။ အဲဒါကြောင့်လည်း ကျွန်တော်က သိပ်မက်နေပြီး ချက်ချင်းဝယ်ဖို့ သဘောတူဖြစ်လိုက်တာပေါ့။ ဆရာ သိတဲ့အတိုင်း နေ့လယ်ကဆစ်တုန်းက မရောင်းဘဲ ဈေးပြန်လန်သွားတဲ့ကျောက်ကို ညဘက်ဈေးလာပြန်ညှိနေပြီဆိုရင် ကိုယ့်မူလဆစ်ထားတဲ့ဈေးအတိုင်း ရောင်းတော့မယ်ဆိုတာ သေချာနေပြီပဲ။ အစပ်တွေ ဘာတွေ ဘာပေးနေစရာ လိုသလဲ အပြတ်ဝယ်လိုက်ရုံပဲ ရှိတာပဲ။ ဒါပေမဲ့ ကျွန်တော်က ကျောက်ကို သိပ်ရချင်နေပြီး အရောင်းအဝယ်ပျက်သွားမှာ သိပ်ကြောက်နေတော့ ကိုယ့်လောဘဇောနဲ့ ကိုယ် မောင်ကျေးကို တစ်ဝက်အစပ် ပြန်ပေးမိခဲ့တာ"

"ကျောက်ဖိုး သုံးသိန်းထဲက ခင်ဗျား အစပ်ပေးရမယ့် ငွေတစ်သိန်းခွဲကို ဘယ်လိုရှာပေးခဲ့လဲ"

"ခန္တီးမှာ ငွေရှာရတာ ဘာမှမခက်ဘူး။ မော်တော်ပိုင်ရှင်တွေရှိတယ်။ ကိုယ်ဝယ်တဲ့ကျောက်ကို သူတို့ဆီမှာ သွားအပ်လိုက်ပြီး ငွေတစ်သိန်းခွဲကို ချက်ချင်း တောင်းပေးလို့ရတယ်။ ဒီလူတွေက (ကယ်ဒီ)အလုပ်ကိုပါ တာဝန်ယူပြီး မန္တလေးက ကိုယ့်လိပ်စာပေးထားတဲ့ အိမ်ရောက်တဲ့အထိ တာဝန်ယူ ပို့ပေးတယ်"

http://www.cherrythitsar.org

www.foreverspace.com.mm



"သူတို့ကို ပေးရမယ့် အကြွေးက ဘယ်လိုရှင်းရလဲ"

"မန္တလေးအိမ်ကို ကျောက်ရောက်မှပေး။ (ကယ်ဒီ)ခ ရိုးရိုးတင် မဟုတ်တော့ဘူးပေါ့ ဆရာရယ်။ ကိုယ်ယူထားတဲ့ငွေအပေါ်မှာ အတိုး ငါးကျပ်နှုန်းထားပြီး ပိုရှင်းပေးရတယ်"

"သူတို့ကို စိတ်ချရလား"

"သိပ်စိတ်ချရတယ်။ လမ်းမှာ အပျောက်အဆုံးရှိရင် သူတို့ တာဝန်ယူလျော်တယ်။ ကျောက်စိမ်းအရိုင်းတုံးကြီးတွေကို လေယာဉ်ပျံနဲ့ ဘယ်လို သယ်လို့ရမှာလဲ ဆရာရယ်။ ဒီလူတွေ လိုင်းကပဲ အမြဲပို့နေကြရတာပဲ။ ဒီလူတွေက ကျောက်အရောင်းအဝယ် မလုပ်ဘူး။ သယ်ယူပို့ဆောင်ပေးတဲ့အလုပ်ပဲလုပ်တယ်"

"သူတို့အလုပ်က ဘယ်အရှုံးရှိမလဲ"

"မရှိဘူး။ သေချာတဲ့အလုပ်။ ဒါကြောင့် ငွေရှင်တွေ၊ သူဌေးတွေဟာ ခန္တီးမှာ သူတို့ပဲ နောက်ဆုံး ဖြစ်ကုန်ကြတာပဲ။ ကျောက်သမားဆိုတာက ဆရာသိတဲ့အတိုင်း ရှုံးလိုက်မြတ်လိုက်နဲ့ နှဲသမားပါးစပ်လို အမြဲ ဖြစ်နေရတဲ့ဘဝပဲ"

"ကဲ. . ဆိုပါဦး။ ခင်ဗျားကတော့ မန္တလေးကို လေယာဉ်ပျံနဲ့ပဲ ပြန်လာတယ် ဆိုပါတော့"

"ဟုတ်တယ် ဆရာ။ မန္တလေးအထိတောင် မဟုတ်ဘူး။ ရန်ကုန်အထိတောင် လေယာဉ်ပျံနဲ့ ပြန်လာတာ"

"မန္တလေး ရောက်သွားမယ့် ကျောက်ကရော. . "

"မန္တလေးက မိတ်ဆွေအိမ်ကို ရန်ကုန်က ငွေလွှဲပို့ပေးလိုက်ပြီး. . သူတို့ဆီရောက်လာတဲ့ကျောက်ကို ရန်ကုန်ရောက်တဲ့အထိ ဆက်ပို့ခိုင်းလိုက်တာပေါ့"

"ကျောက်က ချောချောမောမော ရန်ကုန် ရောက်လာသလား"

"ရောက်ပါတယ်။ တစ်ပတ်တောင်မပြည့်ဘူး။ ခြောက်ရက်အတွင်းမှာကို ရန်ကုန်က ကျွန်တော့်အိမ် ရောက်လာတယ်။ ကျောက်ကလည်း သုံးပိဿာလောက်ပဲရှိတဲ့ အတုံးသေးသေးလေး မဟုတ်လား။ သူတို့အတွက် (ကယ်ဒီ) လုပ်ပေးရတာ ဘာမှမခက်ကြဘူးနဲ့ တူပါတယ်"

"အစပ်ပါတဲ့ မောင်ကျေးကရော ရန်ကုန်ကို ခင်ဗျားနဲ့ လေယာဉ်ပျံ တစ်စီးတည်းနဲ့ အတူလိုက်လာခဲ့သလား"

"မလိုက်လာဘူး။ ခန္တီးမှာ ရှင်းဖို့ရှိတဲ့ ပြဿနာလေးတွေ ပြီးအောင်ရှင်းဖို့ တစ်ပတ်လောက် နေခဲ့ဦးမယ်ဆိုပြီး ခန္တီးမှာပဲ နေခဲ့တယ်။ ဒါပေမဲ့ သူနဲ့

http://www.cherrythitsar.org

www.foreverspace.com.mm



ကျွန်တော် ကျောက်အစပ်မဝယ်ခင်ကတည်းက သဘောတူထားခဲ့ကြတာက ကျောက်ကို ကျွန်တော့်စိတ်ကြိုက် တစ်ဦးတည်းသဘောနဲ့ ပွတ်နိုင်တယ်။ သူ လုံးဝ ဝင်မပါဘူး။ တကယ်တော့ ဒီကောင်လေးက ဝင်ပါလို့လည်း မရဘူး။ ကျောက်ကို ဘာမှတတ်တဲ့ကောင် မဟုတ်ဘူး။ မော်ထဲမှာ ကျင်လည်နေပြီး ကျောက်ကို မျက်စိနဲ့ ဝယ်တာမဟုတ်ဘူး။ နားနဲ့ဝယ်တာ”

မှန်ပါသည်။

မျက်စိနှင့်ဝယ်တာ မဟုတ်ဘူး၊ နားနှင့်ဝယ်တာဟူသော စကားမှာ ကျွန်တော်တို့ ကျောက်လောက၏ စကားဖြစ်၏။ မိမိမျက်စိဖြင့် ကျောက်တန်ဖိုးကို မဆုံးဖြတ်တတ်သဖြင့် အခြားနားလည်သူများ၏ ဆစ်သောဈေးကို ဆစ်သူ ကုန်သည်မသိအောင် နားထောင်ပြီး ထိုကုန်သည်ပေးသော ဈေးထက် ကျောက်ရှင်ကို အနည်းငယ်ပိုပေးပြီး ဝယ်သော ကလိမ်ကကျစ် ဝယ်ပုံဝယ်နည်းမျိုးကို ဆိုလို၏။

ထို့ကြောင့် ဝါရင့်ကုန်သည်များသည် ကျောက်ဝယ်သောအခါ၌ မိမိ အနီးအနား၌ လူစိမ်းရှိလျှင် ဘယ်အခါမှ ဈေးပေးလေ့မရှိပါ။ ကျောက်ရှင်နှင့် နှစ်ယောက်တည်းရှိသည့် အချိန်အခါမျိုးတွင်မှ စဈေးဖွင့်ပေးတတ်၏။

“မောင်ကျေးက တစ်ပတ်လောက် အချိန်ကြာတော့ ရန်ကုန် လိုက်လာခဲ့လား”

“မလာဘူး။ နှစ်ပတ်သုံးပတ်ကြာတဲ့အထိလည်း မလာဘူး။ လုံးဝကို မပေါ်လာဘူး။ အဲဒီတော့ ကျွန်တော်ကလည်း စိတ်မရှည်တော့ဘူး။ သူ့ကို မစောင့်တော့ဘူး။ ကျောက်ပြင်တာတွေကို ကိုယ့်ဟာကိုယ်ပဲ စလုပ်တော့တယ်။ ကျောက်ကလည်း အံ့ဩဖို့ကောင်းလိုက်တာ ဆရာရယ်။ အခွံကို နည်းနည်းလေး ပွတ်ကြည့်လိုက်တာနဲ့ အစိမ်းရည်က စပေါ်လာတယ်။ နောက် ကျောက်တုံးတစ်ခုလုံးကို ဘယ်နေရာ ပွတ်ကြည့်ကြည့် အစိမ်းရည်ရှိနေတယ်”

“အဲဒီတော့. . .”

“ကျွန်တော် အတုံးတစ်ဝက်လောက်ကို အခွံတိုက်ဖြစ်လိုက်တယ်။ အခွံအောက်မှာ ပေါ်နေတဲ့ အသားတစ်ခုလုံးက အစိမ်းဖြစ်နေတယ်”

“အံ့စရာပဲ”

“ဟုတ်တယ်။ အံ့စရာပဲ။ ကျွန်တော် အစိမ်းအရိုင်းတုံးတွေ ပွတ်ဖူး၊ ဖြတ်ဖူးတာ မရေမတွက်နိုင်တော့ဘူး။ ခုလို ကျောက်မျိုး တစ်ခါမှ မမြင်ဖူးဘူး။

http://www.cherrythitsar.org

www.foreverspace.com.mm



ကျောက်တုံးတစ်ခုလုံးရဲ့ တစ်ဝက်လောက်ကို အခွံခွာကြည့်ပြီးပြီ။ ခွာပြီးတဲ့ ကျောက်သားတစ်ခုလုံးက စိမ်းနေတယ်ဆိုတော့ ဘယ်လောက်ဝမ်းသာဖို့ ကောင်းနေပြီလဲ"

"ခန္တီးမော်ကြီးက နတ်ကတော် ကြိုပြောထားတဲ့အတိုင်း အကုန်ဖြစ်နေပြီဆိုပါတော့"

"အစပိုင်းကတော့ အကုန်ဖြစ်နေသလိုပဲ။ ကိုယ့်မျက်စိထဲမှာ ကိုယ့်ကျောက်ကို ကြည့်ရတာ သိပ်ကိုလှနေတာပဲ။ ဒါပေမဲ့ သိပ်ရင်းနှီးတဲ့မိတ်ဆွေ ကျောက်စိမ်းကုန်သည်ကြီးတစ်ယောက် နှစ်ယောက်ကို တိုးတိုးတိတ်တိတ် ပြကြည့်၊ တိုင်ပင်ကြည့်တော့ သူတို့ကပြောတယ်။ ဟေ့. . ကိုချမ်းအေး အရည်မမှန်ဘူးနော်။ အပြာရည်များနေတယ်။ ကျောက်ကို လုံးဝမဖြတ်နဲ့။ လူမိုက်ရှာပြီး ဒီအတိုင်းရောင်းတဲ့"

မှန်ပါသည်။ အစိမ်းရောင်ဟူသည်မှာ ပင်ကိုယ်အရောင် မဟုတ်။ အဝါနှင့် အပြာကို ရောစပ်ပေါင်းစည်းထားသည့် အရောင်ဖြစ်၏။

ကျောက်သမားများခေါ်သည့် အစိမ်းဖြောင့် (Straight Green) ဆိုသည်မှာ အပြာရည်နှင့် အဝါရည် အညီအမျှ ရောစပ်ပါဝင်နေသော မည်သည့် အဝါနှင့် အပြာရည်ဘက်ကိုမှ မသန်းသည့် အစိမ်းသက်သက် သန့်ရှင်းသော အစိမ်းရောင်မျိုးကို ဆိုလို၏။

မြစိမ်း (Emerald Green) ဟူသည်မှာ ဤ လှပသော အစိမ်းရောင်မျိုးကို ခေါ်ဆိုခြင်းဖြစ်၏။

ကျောက်စိမ်း၌ အပြာရည်များလျှင် အစိမ်းသမားများ လုံးဝမကြိုက်။ သူတို့အခေါ် ကန်စွန်းရည်။ ပုပ်သောအစိမ်းရောင်။ အမဲစက်ပါနေသော အစိမ်းရည်။

"ကျောက်သားကရော. . "

"ကျောက်သားကတော့ သိပ်ကောင်းတယ် ဆရာ။ ဖယောင်းသား။ ညက်နေတဲ့အသား၊ ဖယောင်းသားစစ်စစ်။ ကျောက်မျိုးကလည်း ကောင်းသလားမပြောနဲ့။ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်ရင် ကျောက်ရဲ့ ဟိုး အတွင်းသားအထိကို မြင်နေရတယ်"

"ဒါဖြင့်ရင်လည်း မဆိုးပါဘူး။ ရတနာတန်းမဝင်ရင်တောင် အရုပ်ထုလို့တော့ သိပ်ကောင်းမယ့်ကျောက်ပဲ"

http://www.cherrythitsar.org

www.foreverspace.com.mm



"ဟာ. . ဆရာကလည်း ဘယ်လိုလုပ်ပြီး အရုပ်ထုတဲ့အဆင့်ကို ထားပြီး ကျွန်တော် စဉ်းစားမလဲ။ ပြာတယ်ဆိုတာက သေသေချာချာကြည့်မှ ပြာတယ်လို့ ပြောနိုင်တဲ့ ပြာပုံမျိုး။ ကျွန်တော့်မျက်စိမှာတော့ အဲဒီတုန်းက ပြာတယ်လို့ မထင်ပါဘူး။ ကိုယ့်ကျောက်ဖြစ်နေတဲ့အတွက် အကောင်းဘက်ကိုပဲ လုံး၀ မြင်နေတာ။ ခန္တီးမှော်ကြီးက နတ်ကတော်ကလည်း သိန်းငွေရာချီရလိမ့်မယ်လို့ ကြို ပြောထားတယ် မဟုတ်လား"

"ကဲ. . ဆိုပါဦး။ ဒီကျောက်ပေါ်မှာ အစပ်ပါတဲ့ မောင်ကျေးဆိုတဲ့ အကောင်က ဘယ်တော့ရောက်လာလဲ"

"လေးပတ်ကြာသွားတဲ့အထိလည်း လုံး၀မပေါ်လာဘဲ ငါးပတ်ကြာတဲ့ အချိန်ရောက်တော့ ဒီကျောက်ကို ရောင်းပေးတဲ့ ပွဲစားစန်းစန်းနဲ့ ရွှေနေမ ဒေါ်ထားထားဦးဆိုတာ ရောက်လာကြတယ်"

အမှတ် ၁၀၉၊ ၁၉၉၉၊ ဩဂုတ်လ။

❋ ❋ ❋

http://www.cherrythitsar.org

www.foreverspace.com.mm

## ၂၂။ နှစ်ယောက်သုံးယောက် (၂)

"ဒေါ်ထားထားဦးဆိုတာ တရုတ်မ ပိန်ပိန်ပါးပါး" ကိုမြတ်မင်းက ဝင်ပြောလိုက်ခြင်း ဖြစ်၏။

"ဟုတ်တယ်"

"လမ်းသွားရင် နွဲ့နွဲ့၊ နွဲ့နွဲ့နွဲ့။ ဒီမိန်းမကို ကျွန်တော်သိတယ်။ တော်တော်ရှုပ်တဲ့မိန်းမ။ အသက်က လေးဆယ်ကျော်လောက်ရှိနေပြီ"

"မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဒီမိန်းမကို အရင်က တစ်ခါမှ မမြင်ဖူးဘူး။ ရန်ကုန်က ကျွန်တော့်အိမ်ကို စန်းစန်းနဲ့အတူ ရောက်လာမှ ကျွန်တော်မြင်ဖူးတာ။ နောက်မှ ကျွန်တော့်ကို သူများပြောပြလို့ သိရတာက ဒီမိန်းမက မုဆိုးမ။ သူ့ယောကျ်ားက အရက်သမား။ အသက်ငယ်ငယ်နဲ့ ဒီမိန်းမဒဏ်၊ အရက်ဒဏ်နဲ့ သေသွားတယ်။ ဒီမိန်းမက ခန္တီးမှာ ရှေ့နေသွားလုပ်တယ်။ မအောင်မြင်ဘူး။ ငှားမဲ့လူ မရှိဘူး။ နောက် ဒီမိန်းမက နတ်ကတော်လည်း လုပ်တယ်။ နတ်ပွဲကတယ်။ ဗေဒင်ဟောတယ်"

"မောင်ကျေးနဲ့ ဒီမိန်းမ ဘယ်လိုပတ်သက်နေတာလဲ"

ကျွန်တော်က မေးလိုက်ခြင်းဖြစ်၏။

http://www.cherrythitsar.org

www.foreverspace.com.mm



"ကျွန်တော် ရှင်းပြပါ့မယ်။ ဒီမိန်းမက ပွဲစားစန်းစန်းနဲ့အတူ ကျွန်တော့် အိမ်ရောက်လာပြီးတော့ ကျွန်တော့်ကို ပြောတယ်။ မောင်ကျေးဟာ မှော်ကြီး ထဲမှာ သူ့ရဲ့တူလို သားလို မွေးထားတဲ့ကောင်လေး။ ခု သူ စိတ်ပူလို့လိုက်လာ တာ။ မောင်ကျေးက ငွေအသုံးကြမ်းတယ်။ အပေါင်းအသင်းလည်းများတယ်။ ခု ကျွန်တော်နဲ့ ဒီကျောက်ကိုရောင်းပြီးရင် မောင်ကျေး ဖြုန်းပစ်လိုက်မှာကို သူ စိုးရိမ်တယ်။ မောင်ကျေးမိဘတွေက ညောင်ဦးမြို့မှာနေပြီး ဆင်းရဲတယ်။ ခု ကျောက်ကိုရောင်းပြီးရင် ရောင်းလို့ရတဲ့ငွေကို မောင်ကျေးမိဘတွေကို ရင်းနှီး စားသောက်ဖို့ သူ သွားပေးချင်တယ်။ မောင်ကျေးကလည်း သူသွားပို့ပေးဖို့ သဘောတူတယ်။ ဒီလိုဆောင်ရွက်ပေးရတာ မောင်ကျေးကို သူက သားလို ချစ် နေလို့။ ငွေသွားပို့ပေးရမဲ့ စရိတ်စကတွေကိုလည်း သူ တစ်ပြားမှမယူဘူး။ သူ့ စရိတ်သူစားပြီး စေတနာနဲ့ သူသွားပို့ပေးရမှာ"

"ခင်ဗျားကလည်း သူပြောနေတဲ့ စကားတွေကို အကုန်ယုံလား"

"ယုံဆိုဗျာ၊ ပွဲစားစန်းစန်း ခေါ်လာပြီး စန်းစန်းက ဒေါ်ထားထားဦး ပြောတဲ့စကားတွေဟာ အကုန်အမှန်တွေပါလို့ ပြောတော့ ကျွန်တော် ယုံမိတာ ပေါ့။ ဒီကြားထ သူ့ကို ပိုအထင်ကြီးသွားမိတာက မောင်ကျေးကိစ္စ ပြောပြီးတာ နဲ့ သူက ကျွန်တော့်လက်ထဲမှာရှိတဲ့ အစပ်ဝယ်ထားတဲ့ ကျောက်အခြေအနေကို အာရုံနဲ့ကြည့်ပြီး ပြောပြမယ်ဆိုပြီး ဘုရားစင်ရှေ့သွား။ ဘုရားကို ဦးသုံးကြိမ်ချ။ နတ်ဝင်သည်လို တစ်ကိုယ်လုံးတုန်ပြီး ကျောက်ရဲ့အခြေအနေကို ဒိုင်း. . ဒိုင်း. . ဒိုင်း. . နဲ့ လျှောက်ပြောတော့တာပဲ"

"မှန်သလား"

"ဟာ. . အကုန်ကိုမှန်နေတာပဲ။ ကျောက်က အခုပြင်ထားပြီးပြီ။ အသွေးအပွေးကောင်းတဲ့ လက္ခဏာတွေ အကုန်ပေါ်နေတယ်။ ခု အခြေအတိုင်း ရောင်းရင်ပဲ ဝယ်စျေးထက် ဆယ်ဆလောက်မြတ်နေပြီ။ ကျောက်ကို ဆက်မပြင် နဲ့တော့။ ဒီအတိုင်းထား။ တစ်လကျော်လောက်စောင့်ပြီးမှရောင်း။ သိန်းရာချီ ရနိုင်တယ်။ နောက် ပိုပြီး ကျွန်တော့်မိန်းမနဲ့ ကျွန်တော် သူ့ကို အထင်ကြီးချင် စရာဖြစ်သွားတာက ကျွန်တော့်မိန်းမက ကံနိမ့်နေတယ်။ နှစ်ပတ်အတွင်းမှာ ကားတိုက်မှုတစ်ခုဖြစ်ထားတယ်။ ကျွန်တော့်ကိုလည်း စနေသမီး မိန်းမက သိပ် ရချင်နေတယ်။ ကျွန်တော့်မိန်းမအသက်ကိုရန်ရှာပြီး ကျွန်တော့်ကိုယူဖို့အထိ ကြံစည်နေတယ်။ ကျပ်ကျပ် သတိထား။ ရွှေတိဂုံဘုရား အရှေ့တောင်ထောင့်

http://www.cherrythitsar.org
www.foreverspace.com.mm



မှာ ထီးကိုးလက် အမြန်ဆုံးသွားလှူလိုက်။ ဒီ စနေသမီး ရန်ကုန်မြို့က ချက်ချင်း ထွက်ပြေးရလိမ့်မယ်ဆိုပြီး ဟောတယ်"

"မှန်လား"

"အကုန်မှန်တယ်ဗျာ။ ကျွန်တော့်မိန်းမ ကားတိုက်မှုဖြစ်ထားတာ အဲဒီ တုန်းက ဆယ်ရက်လောက်ပဲ ရှိသေးတာ။ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါ ဘူး။ ကားနောက်မှန် ကွဲသွားတာလောက် ဖြစ်သွားတာ။ ပိုဆိုးတာက ဗိုလ်ချုပ် ဈေးထဲက ကျွန်တော်နဲ့ရှုပ်နေတဲ့ စနေသမီးကိစ္စ။ ဒီ စနေသမီးကိစ္စနဲ့ပတ်သက် ပြီး ကျွန်တော့်မိန်းမနဲ့ ကျွန်တော် ခဏခဏ ရန်ဖြစ်ခဲ့ကြဖူးတယ်။ ခု သူက ဒီ စနေသမီးပြဿနာကို တိုက်ရိုက်ဟောကိန်းထုတ်လိုက်တော့ မိန်းမက သိပ် အထင်ကြီးသွားတာပေါ့"

"ဘုရားမှာ ထီးဖြူကိုးလက်ရော သွားလှူလား"

"လှူတာပေါ့ဗျာ။ မိန်းမပဲ။ ကိုယ့်လင်နဲ့ရှုပ်နေတဲ့ မိန်းမ ပြေးရမယ်ဆို တဲ့ ယတြာကို ချက်ချင်း သွားပြေးလုပ်တာပေါ့"

"သူပြောတဲ့အတိုင်း ဗိုလ်ချုပ်ဈေးထဲက ခင်ဗျားရဲ့ စနေသမီးက ယတြာ လုပ်ပြီးတော့ ရန်ကုန်က ပြေးရရောလား"

"တိုက်ဆိုင်တယ်လို့ပဲ ပြောရမလား။ သူပဲ တကယ် အကြားအမြင်ရ နေသလားတော့မသိဘူး။ ထီးဖြူ(၉)လက်သွားလှူပြီး (၂)ရက်ပဲ ကြာလိုက်တယ်။ ဗိုလ်ချုပ်ဈေးထဲက စနေသမီး သူ ပွဲစားလုပ်ဖို့ယူသွားတဲ့ စိန်ထည်တွေကျပျောက် ပြီး အဖမ်းခံရမှာစိုးတာနဲ့ နယ်ကို ထွက်ပြေးတော့တာပဲ"

"ခင်ဗျားဇနီးက ဒီမိန်းမကို သိပ် အထင်ကြီး၊ သိပ်သဘောကျ ဖြစ်သွား ရောပေါ့"

"အကုန်ဖြစ်ကုန်တာပေါ့။ ဘယ်လောက်တောင် အထင်ကြီးသွားသလဲ ဆိုရင် ဒေါ်ထားထားဦးလို့ ခေါ်နေရာကနေပြီး ချက်ချင်း ဆရာမကြီးလို့ ပြောင်း ခေါ်တယ်။ ဗဟန်းက သူ့အသိအိမ်မှာ သူ့ဟာသူ တည်းခိုနေတာကို ချက်ချင်း ပြောင်းခိုင်းပြီး ကိုယ့်အိမ်မှာ လာတည်းခိုင်းတယ်"

"ပြီးတော့ . . . "

"နတ်အကြောင်း၊ ဗေဒင်အကြောင်း၊ ယတြာအကြောင်းတွေပဲ တိုင်ပင် ပြီး နေ့တိုင်း အချိန်ကုန်နေကြတာပေါ့။ အဲဒီလိုနဲ့ ဆယ်ရက်လောက်ကြာတော့ ဒီ ဒေါ်ထားထားဦးက ကျွန်တော့်မိန်းမကို ပြောတယ်။ ကျွန်တော့်ကံဇာတာက

www.foreverspace.com.mm



နိမ့်နေတယ်။ ခု အစုစပ်ဝယ်ထားတဲ့ ကျောက်စိမ်းတုံးကြီးနဲ့ပတ်သက်ပြီး အဖမ်းခံရဖို့ ကိန်းရှိတယ်"

"ယတြာတွေ ထပ်မချေခိုင်းဘူးလား"

"အမျိုးမျိုး ချေခိုင်းတာပေါ့။ ဒါပေမဲ့ မရဘူး။ သူ့အာရုံထဲမှာ မြင်နေတာတော့ ခု ကျွန်တော်နေတဲ့အိမ်ကို ရဲတွေ မကြာခင်လေးမှာ ရောက်လာတော့မယ်။ အစိမ်းတုံးကို ဝှက်ထားကြမှ ဖြစ်မယ်။ အိမ်မှာမထားနဲ့လို့ ပြောရော. . "

"အဲဒီတော့. . . "

"ကျွန်တော့်မိန်းမကလည်း သူ့ကို သိပ်အထင်ကြီးနေပြီဆိုတော့ ချက်ချင်းပဲ သူ့ညီမအိမ်ကို ရွှေ့လိုက်တယ်။ အဲဒီညီမအိမ်ကိုရွှေ့ပြီးတော့လည်း ဒေါ်ထားထားဦးက စိတ်မချရသေးဘူး။ ညီမအိမ်မှာလည်း အဖမ်းခံရကိန်း ရှိတယ်။ ဒီပစ္စည်းက ကျွန်တော့်မိန်းမလက်ထဲမှာပဲ ထားမှ စိတ်ချရမယ်လို့ပြောလို့ ကျွန်တော့်မိန်းမက ကျောက်စိမ်းတုံးကြီးကို အိတ်တစ်ခုထဲထည့်ပြီး သွားလေရာကို လွယ်ပြီး သွားလာနေရတယ်။ စဉ်းစားကြည့်ဗျာ။ ကျောက်စိမ်းတုံးကလည်း သုံးပိဿာလောက် လေးတာဆိုတော့ သွားလေရာကို ဒီဝန်ထုပ်ကြီးကို သယ်ပြီး သွားနေရတော့လည်း ကျွန်တော့်မိန်းမကလည်း စိတ်ညစ်လာတာပေါ့"

"ဟား. . ဟား. . ဟား ခင်ဗျားတို့ဒုက္ခကလည်း ကြံကြံဖန်ဖန် အဖြစ်ကြီး"

"ဟာ. . ကြံကြံဖန်ဖန်ဖြစ်လိုက်ကြတာတွေတော့ မပြောနဲ့။ တချို့နေရာတွေမှာ ဒေါ်ထားထားဦးက သူ့အာရုံထဲမှာ လူတွေချောင်းပြီး လာစောင့်နေကြတာ မြင်တယ်။ တခြား သွားရှောင်နေဆိုလို့ ကျွန်တော့်မိန်းမခမျာ တစ်ခါတလေ ရုပ်ရှင်ရုံထဲ အစိမ်းတုံးကြီးပိုက်ပြီး သွားထိုင်နေရတယ်။ ဒီလိုနဲ့ ဒီဒုက္ခတွေကို ကြာရှည်မခံနိုင်ကြတဲ့အခါကြတော့ မိသားစုဝိုင်းထိုင်ပြီး ဒီပြဿနာကို ဘယ်လိုရှင်းကြရင် ကောင်းမလဲလို့ ဆွေးနွေးကြ အကြံထုတ်ကြတယ်"

"ဘယ်လိုအကြံရလဲ"

"အကောင်းဆုံးက အစိုးရကျောက်မျက်ဌာနမှာ မှတ်ပုံသွားတင်ထားလိုက်တာ ကောင်းတယ်လို့ အကြံရကြတယ်"

"မှတ်ပုံသွားတင်ရောလား"

"မတင်ဘူး။ ဖြစ်ချင်တော့ အဲဒီအချိန်က ကျောက်မျက်ရတနာပြပွဲကျင်းပဖို့ တစ်ပတ်လောက်လိုတော့တဲ့ အချိန်"

http://www.cherrythitsar.org

www.foreverspace.com.mm



"ပြပွဲကို သွားတင်ကြရောလား"

"သွားတင်ဖို့ စိတ်ကူးကြတာပေါ့။ ဒါပေမဲ့ ပြဿနာက ကျောက်မျက်ရတနာပြပွဲ တင်ချင်တဲ့ကျောက်က ကျောက်မျက်ရုံးကို နှစ်လလောက်ကြိုပြီး သွားပို့ထား၊ အပ်ထားကြရတယ် မဟုတ်လား။ ခု ပြပွဲကျင်းပဖို့ပဲ တစ်ပတ်လောက်လိုတော့တဲ့အချိန်မျိုး ဖြစ်နေတော့ ကျောက်မျက်ပြပွဲတင်ဖို့အချိန်က နောက်ကျနေပြီ"

"အဲဒီတော့ . . . "

"ဒီအခါမှာ ဒေါ်ထားထားဦးရဲ့ အရည်အချင်းတစ်ခုက ပေါ်လာပြန်တယ်။ သတ္တုတွင်းဝန်ကြီးဌာနက လူကြီးတွေကို သူ ဘယ်လိုသွားပြောလဲ မသိဘူး။ ဦးချမ်းအေး လက်ထဲမှာရှိတဲ့ အဖိုးတန်ကျောက်စိမ်းတုံးကြီးကို လက်ခံပြီး ခု ပြပွဲမှာ ပြသရောင်းချခွင့်ပြုလိုက်ပါတဲ့။ အံ့တယ်ဗျာ။ သူ ဘယ်လိုချဉ်းကပ်ပြီး သွားပြောခဲ့နိုင်လည်းဆိုတာ ကျွန်တော် စဉ်းစားလို့ကို မရဘူး"

"ခင်ဗျားကလည်း အလိုက်တာဗျာ။ သိပ်တန်ဖိုးရှိတဲ့ ကျောက်ကောင်းသာ ကိုယ့်လက်ထဲမှာရှိနေရင် သွားပြောနေစရာမလိုဘူး။ ကျောက်မျက်ရုံးက ဦးဆောင်ညွှန်ကြားရေးမှူးကိုပဲ တိုက်ရိုက်သွားတက်ပြော။ လက်ခံမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျောက်ကြီး ကျောက်ကောင်းဆိုတာ သိပ်ရှားတာမဟုတ်လား။ ဒီလိုကျောက်မျိုး ရောင်းခွင့်ရရင် နိုင်ငံတော်အနေနဲ့ အခွန်ငွေပိုရမယ်။ ဒီလို အခွန်ငွေပိုရမယ်ဆိုရင် သတ်မှတ်ထားတဲ့ရက် ကျော်နေရင်လည်း လက်ခံကြမှာပဲ။ အောက်ကျောက်ဆိုရင်တော့ ဘယ်လက်ခံမလဲ။ ငြင်းလွှတ်မှာပေါ့။ ခု ခင်ဗျားတို့ကျောက်က အဖိုး ဘယ်လောက်ထားပြီး ကျောက်မျက်ရုံးကို တင်ကြလဲ"

"ပြဿနာကြီးက အဲဒီမှာစဖြစ်တာပဲ။ ပထမဆုံးပြဿနာက ပစ္စည်းပိုင်ရှင် ဘယ်သူ့နာမည်တပ်မလဲဆိုတဲ့ ပြဿနာ"

"ခင်ဗျားနာမည် တပ်လိုက်ပေါ့"

"မရဘူးလေ။ ဒီကျောက်က အစပ်ကျောက်၊ မောင်ကျေးနဲ့ နှစ်ဦးစပ်ဝယ်ထားတဲ့ကျောက်ဖြစ်နေတော့ ကျွန်တော့်နာမည်တစ်ခုတည်းနဲ့ သွားအပ်လိုက်ရင် မောင်ကျေးအတွက် ကျွန်တော့်အပေါ် မောင်ပိုင်စီးသလားဆိုပြီး သံသယတွေဖြစ်လာလိမ့်မယ်။ အဲဒီပြဿနာကြောင့် ကျွန်တော်က ဘယ်လိုရှုပ်ပြီး စီမံချက်ချလိုက်သလဲဆိုရင် ကျွန်တော့်နာမည်တစ်ခုတည်းနဲ့ ကျောက်မျက်ရုံးကို သွားမအပ်ဘဲ မောင်ကျေးရဲ့အဒေါ်လို အမေလိုဖြစ်နေတယ်ဆိုတဲ့

http://www.cherrythitsar.org

www.foreverspace.com.mm



ဒေါ်ထားထားဦးနာမည်ကိုပါထည့်ပြီး နှစ်ဦးပိုင်ကျောက်အဖြစ် သွားအပ်ဖို့ပဲ”

“ဒေါ်ထားထားဦး အကြိုက်တွေ့သွားမှာပေ့ါ”

“တွေ့တာပေ့ါ။ ဝမ်းမြောက်ဝမ်းသာနဲ့ ကျောက်မျက်ရုံးကို ချက်ချင်း သွားအပ်ကြဖို့ ပြေးတော့တာပဲ”

“ဒါနဲ့ ခင်ဗျားတို့ သွားအပ်ကြရော ဆိုပါတော့”

“ဟုတ်တယ်။ သွားအပ်လိုက်ကြတယ်”

“တန်ဖိုးကိုရော ဘယ်လောက် သတ်မှတ်ပေးလိုက်လဲ”

“ကျောက်မျက်ရုံးရောက်တော့ ကျောက်လက်ခံတဲ့အရာရှိက ဘယ်လောက်ဈေး သတ်မှတ်ရောင်းချင်လဲလို့မေးတယ်။ ကျွန်တော်ကလည်း ချက်ချင်း မဖြေတတ်ဘဲ စဉ်းစားနေတုန်း ဒေါ်ထားထားဦးက သိန်းငါးရာလို့ ပြောလိုက် တယ်။ ဒီလိုပြောလိုက်တော့ ကျွန်တော် သိပ်လန့်သွားတယ်။ ကျွန်တော့်မျက်စိ ထဲမှာ ဒီကျောက်က အများဆုံးရမှ သိန်းငါးဆယ်ဆိုပါတော့။ ဒါပေမဲ့ ကျောက် လက်ခံတဲ့အရာရှိက သိန်းငါးရာလို့ မှတ်တမ်းတင်ပြီး ကြည်ကြည်ဖြူဖြူ လက်ခံ လိုက်တယ်။ ဒီတော့ ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုထင်မိသလဲဆိုတော့ ကျောက် လက်ခံတဲ့ ကျောက်မျက်ရုံးကအရာရှိက ကျောက်မျက်ပြပွဲကြီးတွေမှာ အကြိမ်ကြိမ် အတွေ့အကြုံရှိထားတဲ့လူ။ ဌါ့ထက် ပစ္စည်းတန်ဖိုးကို သိတဲ့လူ ဖြစ်လိမ့် မယ်။ စမ်းကြည့်ကြတာပေ့ါလေလို့ စိတ်ထဲက ဆုံးဖြတ်ချက်ချပြီး သိန်းငါးရာ ဈေးကိုပဲ ကျွန်တော် လက်ခံခဲ့တယ်”

“ရှေ့နေမ ဒေါ်ထားထားဦးဆိုတဲ့ အမျိုးသမီးက အစိမ်းဈေးကို ကျွမ်းလား”

မကျွမ်းဘူး။ ဘာမှနားမလည်ဘူး။ သူ့ရဲ့ဗေဒင်လက္ခဏာပညာနဲ့ ရမ်းတုတ် ပြောခဲ့တာတဲ့”

“ဒါဆိုရင်တော့ ရှုပ်ကုန်ပြီ။ ခင်ဗျားတို့ကျောက်ကို ပြပွဲမှာ ဘယ်သူ ဝယ်တော့မှာလဲ”

“ဘယ်သူမှမဝယ်ဘူး။ နိုင်ငံခြားကုန်သည်ကြီးတွေ ဘယ်သူမှ စိတ်ပါ ဝင်စားပြီး ကြည့်ကြတာ မရှိဘူး”

“အဲဒီတော့ . . . ”

“ပြပွဲပြီးတော့ ကျောက်မျက်ရုံးက ပြန်ထုတ်ကြရတာပေ့ါ။ အဲ. . ပြန် ထုတ်ပြီးလို့ ဘာမှ မကြာဘူး။ မောင်ကျေး ရန်ကုန်ရောက်လာခဲ့တယ်”

http://www.cherrythitsar.org

www.foreverspace.com.mm



"ဒီကောင်က ဘာဖြစ်လို့ ရန်ကုန် ချက်ချင်းလိုက်ခဲ့မယ်ဆိုပြီး မလိုက်နိုင်ခဲ့ရတာတဲ့လဲ"

"သူကလည်း သူ့အကြောင်းနဲ့သူဗျ။ သူ့အဖြစ်ကလည်း ဒီလို. . ဒီကောင်က ပိုက်ဆံမရှိဘူး။ မှော်ထဲမှာနေတော့ မျက်စိတော့မြင်တတ်ပြုတတ်တယ်ပေါ့ဗျာ။ ဒီလိုကျောက်ဝယ်နိုင်တဲ့ အစွမ်းအစလေးရှိတဲ့အတွက် သူ့ကို ခန္တီးမှာ အဲဒီအချိန်က တာဝန်ကျနေတဲ့ ဦးကျော်ဝင်း ဆိုတဲ့လူက ငွေလေးသောင်းထုတ်ပေးပြီး မောင်ကျေး မင်းမျက်စိနဲ့ မင်းကြိုက်သလို ကျောက်ဝယ်။ ဝယ်ပြီးရင်လည်း မင်းဟာမင်း ကြိုက်သလိုရောင်း။ အမြတ်ကိုသာ ငါ့ကို တစ်ဝက်ခွဲပေးဆိုပြီး ငွေထုတ်ထားပေးတာ။ ကျွန်တော့်ကို သုံးသိန်းနဲ့ရောင်းခဲ့တဲ့ ခု အစိမ်းတုံးက မှော်ထဲမှာ ဒီကောင် နှစ်သောင်းခွဲထဲနဲ့ ဝယ်ထားတဲ့ကျောက်"

"ဆယ်ဆကျော် မြတ်နေပြီပဲ"

"ဟုတ်တယ်။ မြတ်နေပြီးသား။ ဒါပေမဲ့ ဒီကောင်က ငွေရှင် ဦးကျော်ဝင်းကို အမြတ်တစ်ပြားမှ သွားမခွဲပေးဘူး။ ဒါကြောင့်လည်း ဦးကျော်ဝင်းက ဒီသတင်းကို ကျွန်တော်ပြန်လာခဲ့ပြီး နောက်ပိုင်းမှ ကြားတော့ စိတ်ဆိုးပြီး မောင်ကျေးခန္တီးက ဘယ်မှထွက်မသွားနိုင်အောင် မောင်ကျေးရဲ့ နိုင်ငံသားမှတ်ပုံတင်လက်မှတ်ကို သိမ်းထားလိုက်တယ်။ မောင်ကျေးကလည်း တောသား။ မှော်ထဲမှာကြီးတဲ့ကောင်။ မှတ်ပုံတင်မရှိဘဲ ဘယ်လိုခရီးသွားလာနိုင်တယ်ဆိုတဲ့နည်းကို မသိဘူး။ ဒါကြောင့် ပထမဆုံး ဦးကျော်ဝင်းကိုဆပ်ဖို့ ငွေလိုက်ရှာနေရပြီး၊ ငွေကျေပြီးမှတ်ပုံတင်ပြန်ရမှ ခရီးထွက်လာနိုင်ခဲ့တဲ့အတွက် ရန်ကုန်ကို တစ်လကျော်ပြီးမှပေါ်လာခဲ့ရတာ"

"ပြဿနာပဲ"

"ဟုတ်တယ်။ ပြဿနာပဲ။ ဒီကောင်ရောက်ရောက်လာခြင်း ပြဿနာတက်တာက ရွှေနေမ ဒေါ်ထားထားဦးနဲ့ပဲ"

"ဘယ်လိုတက်ကြတာလဲ"

"ဒေါ်ထားထားဦးက မောင်ကျေးရောက်ရောက်လာချင်းပဲ ကျွန်တော့်အရှေ့မှာပြောတယ်။ မောင်ကျေးကျောက်ကတော့ ကျောက်မျက်ပြပွဲတောင်တင်ခဲ့ပြီးပြီ။ အပ်တဲ့ဆီမှာရော ပြန်ထုတ်တဲ့ဆီမှာရော ဦးချမ်းအေးနဲ့ ငါ့နာမည်ထည့်ထားတာ။ ဥပဒေအရ ဒီနေ့ ဒီကျောက်ဟာ ငါနဲ့ ဦးချမ်းအေး နှစ်ဦးပဲပိုင်တဲ့ ကျောက်။ မင်းနဲ့ ဘာမှမဆိုင်တော့ဘူး။ မင်းက ငါ စေတနာရှိလို့ ပေး

http://www.cherrythitsar.org
www.foreverspace.com.mm



သလောက်ပဲ ရတော့မယ်လို့ ပြောတယ်"

"စကားများကြရော ဆိုပါတော့"

"အကြီးအကျယ် စကားများကြတာပေါ့။ ဒါပေမဲ့ နောက်ဆုံး ဘယ်လို ဈေးတဲ့သွားကြသလဲဆိုရင် မောင်ကျေးက ကျောက်ရောင်းပြီးရင် သူတို့ရမဲ့ အစုငွေထဲက သုံးပုံတစ်ပုံကိုယူ။ ဒေါ်ထားထားဦးက သုံးပုံနှစ်ပုံကိုယူမယ်။ ဒီလို ညှိလို့ရပြီးပြီဆိုတာနဲ့ သူတို့ရှေ့နေတစ်ယောက်ကို ချက်ချင်းသွားခေါ်ပြီး ချက်ချင်း စာချုပ်ချုပ်ကြတယ်"

"တစ်ယောက်ကိုတစ်ယောက် မယုံမကြည် ဖြစ်ကုန်ကြပြီဆိုပါတော့"

"မှန်ပါတယ်။ လုံးဝကို မယုံကြတော့ဘူး။ ကျွန်တော်ကလည်း ကြားက ညှပ်မိနေတာပေါ့"

"ကျောက်ကို ဘယ်သူ့လက်ထဲမှာထားဖို့ သူတို့ သဘောတူကြသလဲ"

"ကျွန်တော့်လက်ထဲမှာ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ကြားလူ ဖြစ်သွားပြီ။ နောက်တစ်ခုက ကျောက်ပညာကလည်း ကျွန်တော့်မှာပဲရှိတာ။ သူတို့ကကျောက်ကို ဆက်ပြုပြင်ရမယ်၊ ဖြတ်ရမယ်၊ ရောင်းရမယ်ဆိုတာတွေ လုံးဝနားလည်ကြတာမှ မဟုတ်ဘဲ။ ကျွန်တော့်ကို သူတို့က ကျောက်အပ်ထားရုံ တင် မဟုတ်ဘူး။ ပြုပြင်တာရော ရောင်းတာရော ကြိုက်သလိုလုပ်ပါလို့ ပြော ကြတယ်"

"ကျောက်မျက်ရိုးက ပြန်ထုတ်လာခဲ့ပြီးတော့ ခင်ဗျား ဈေးကွက် တင် မကြည့်ဘူးလား"

"တင်ကြည့်တာပေါ့"

"ဘယ်ဈေးနဲ့တင်လဲ"

"ပထမ သိန်းသုံးရာဆိုပြီး တင်ကြည့်တယ်"

"ချက်ချင်း သိန်းငါးရာက သိန်းသုံးရာဈေးကို လျှော့ချလိုက်တယ် ဆို ပါတော့"

"ဟုတ်တယ်"

"ဆစ်သူရှိလား"

"မရှိဘူး။ ပွဲစားတန်းက ကုန်သည်ကြီးတွေ ဘယ်သူမှ စိတ်မဝင်စားဘူး"

"တောင်းဈေးကို ပြန်မလျှော့ချလိုက်ဘူးလား"

"နှစ်ရာထိလျှော့တယ်။ ဘယ်သူမှ စိတ်မဝင်စားသေးဘူး။ အဲဒီလိုနဲ့

http://www.cherrythitsar.org

www.foreverspace.com.mm



ဒီကျောက်ကြီးက ပွဲစားတန်းမှာ ၂နှစ်လောက်ကြာတဲ့အထိ တဝဲလည်လည် ဖြစ်နေခဲ့တယ်”

“နောက် ဘယ်လိုဆက်ဖြစ်လဲ”

“သုံးနှစ်လောက်ကြာတော့ ဝယ်သူတစ်ဦး ပေါ်လာတယ်”

“ဘယ်ကလဲ”

“တရုတ်နယ်စပ်က တရုတ်တစ်ယောက်”

“ဘယ်ဈေးပေးသလဲ”

“သုံး ၃၀ တဲ့”

“ခင်ဗျားတို့ ရောင်းဖို့ စိတ်ဝင်စားလား”

“သုံးနှစ်လောက် ဘယ်သူမှ ဈေးမပေးဘဲ ခု သိန်း၃၀ဈေးပေးတဲ့လူ ရှိလာပြီဆိုတော့ ကျွန်တော်ကတော့ ချက်ချင်း ရောင်းချင်နေပြီပေါ့။ ဒါကြောင့် မောင်ကျေးနဲ့ ဒေါ်ထားထားဦးကိုခေါ်ပြီး ကျွန်တော်တော့ ရောင်းချင်ပြီ။ ခင်ဗျားတို့ သဘော ဘယ်လိုလဲလို့ မေးတယ်”

“သူတို့က ကျွန်တော့်သဘောပဲ။ ရောင်းချင်ရင် ရောင်းတဲ့”

“အဲဒီတော့ . . . ”

“နယ်စပ်က သိန်း၃၀ပေးမယ်ဆိုတဲ့ တရုတ်ကိုခေါ်ပြီး ရောင်းတော့တာပေါ့။ ဒါပေမဲ့ အဆင်မပြေပြန်ဘူး”

“ဘာဖြစ်လို့လဲ”

“သူ့မှာ ငွေမပါလာဘူး။ ငွေစောင့်ရဦးမယ်။ စရံသုံးသောင်းပဲ ပေးထားနိုင်ဦးမယ်လို့ ပြောတယ်”

“ခင်ဗျားတို့ လက်ခံလိုက်လား”

“ပထမတော့ လက်မခံဘူး။ ဒါပေမဲ့ နောက်ဆုံးတော့လည်း သူ တစ်ယောက်ပဲ ဝယ်တဲ့လူရှိနေတဲ့အတွက် စရံသုံးသောင်းကိုပဲ လက်ခံပြီး ရောင်းဖို့ သဘောတူလိုက်ကြတယ်။ ဒါပေမဲ့ နောက်ခြောက်လကြာသွားတဲ့အထိ ငွေ လာမချေဘူး။ ပစ္စည်းလည်း လာမယူဘူး”

“အဲဒီတော့ . . . ”

“တရုတ်အိမ်လိုက်သွားပြီး ခင်ဗျားဝယ်ဦးမှာလား၊ စရံအဆုံးခံမလား လို့ မေးကြည့်ရတာပေါ့”

“ဘာပြန်ပြောလဲ”

http://www.cherrythitsar.org

www.foreverspace.com.mm



"စရံအဆုံးခံမယ်။ မဝယ်တော့ဘူးတဲ့။ အဲဒီအခါမှာ ကျွန်တော်တို့ အားလုံး အလွန်စိတ်ပျက်သွားတယ်။ ဘယ်လို ဆက်ကြံကြရမှန်းလည်း မသိတော့ဘူး။ အဲဒီအခါမှာ ကျွန်တော်က သူတို့ကိုမေးတယ်။ ဒီကျောက်ကို ကျွန်တော် သိန်း ၃၀နဲ့ပဲ ဖြတ်ယူမယ်။ ဒါပေမဲ့ ငွေကိုတော့ ကျွန်တော် ချက်ချင်းမပေးနိုင်ဘူး။ ကျောက်ကို ကျွန်တော်စွန့်ပြီးဖြတ်မယ်။ အပွင့်ထုတ်မယ်။ ဈေးကွက် တင်ရောင်းမယ်။ ရောင်းပြီးမှ ငွေချေမယ်။ သဘောတူလားလို့"

"သူတို့က ဘာပြောလဲ"

"တူတယ်တဲ့။ နောက်. . တိုတိုပြောရရင် ကျောက်ကို ကျွန်တော် ဖြတ်လိုက်ရော ဆိုပါတော့"

"အောင်လား"

"မအောင်ဘူး။ အံ့စရာပဲဗျာ။ ကျောက်က ဖရဲသီးခွံလိုပဲဖြစ်နေတယ်။ လှပတဲ့ စိမ်းနေတဲ့နေရာက အပေါ်အခွံပိုင်းလေးတင်။ အတွင်းသားတစ်ခုလုံးက အပြာရည် သိပ်များနေတယ်။ ဖြတ်ပြီးတာနဲ့ ကျွန်တော်သိတယ်။ ရှုံးပြီ။ အရင်းပြန်ရအောင်တောင် အတော်ကြိုးစားရမယ်လို့။ ရွှေဘုံသာဈေးကွက်မှာက ဒီလို ကျောက်အရည်မျိုးကို ဘယ်သူမှကြိုက်တဲ့လူ မရှိဘူး။ ဒါကြောင့် ကျွန်တော်က ကျောက်တစ်တုံးလုံးရဲ့ အရည်ရှိတဲ့နေရာလေးတွေကို စိတ်ယူဖြတ်ယူပြီး ဖြတ်စတွေကို နယ်စပ်သွားရောင်းတယ်"

"နယ်စပ်က ကုန်သည်တွေရော ဝယ်လား"

"မြန်မာကုန်သည်တွေက မဝယ်ဘူး။ ကျောက်ပညာမတတ်တဲ့ တရုတ်ကုန်သည်တွေကတော့ နည်းနည်းပါးပါးဝယ်တယ်။ ဒါပေမဲ့ ဈေးကောင်း မပေးဘူး။ တစ်လလောက်စောင့်ရောင်းမှ ၂သိန်းဖိုးလောက် ရောင်းရတယ်။ ကျွန်တော် အဲဒီငွေကို ရန်ကုန်က ကျွန်တော့်မိန်းမဆီကိုလွှဲ။ ကျွန်တော့်မိန်းမက ပွဲစားစန်းစန်းနဲ့ မောင်ကျေးကိုခေါ်ပြီး ငွေ ၂သိန်းလုံး ပေးလိုက်တယ်။ အဲဒီအခါမှ ကံဆိုးချင်တော့ မောင်ကျေးနဲ့စန်းစန်းက အဲဒီ ငွေ ၂သိန်းကို တစ်ပြားမှ ဒေါ်ထားထားဦးကို မပေးကြဘူး။ အကုန် သူတို့အိတ်ထဲ ထည့်လိုက်ကြတယ်"

"ဒေါ်ထားထားဦးနဲ့သူတို့ ပြဿနာမဖြစ်ကြဘူးလား"

"ဖြစ်ကြတာပေါ့။ ဒါပေမဲ့ သူတို့အချင်းချင်း နောက်ဆုံး သဘောတူလိုက်ကြတာက နောက်တစ်ကြိမ် ကျွန်တော်ငွေပို့လာရင် ဒေါ်ထားထားဦး ယူဆိုတာပဲ။ အဲဒီတော့ ဒေါ်ထားထားဦးက ကျွန်တော့်မိန်းမဆီ နေ့တိုင်းလာပြီး

http://www.cherrythitsar.org

www.foreverspace.com.mm



ကျွန်တော့်ဆီက ငွေမပို့ဘူးလားဆိုတာ မေးတယ်။ ဖြစ်ချင်တော့ ကျွန်တော်ကလည်း နယ်စပ်မှာဆက်ပြီး ပါသွားတဲ့ အစတွေကို ရောင်းတာ တစ်စမှ မရောင်းရတော့ဘူး။ ဘယ်သူမှမဝယ်ဘူး။ ရွှေဘုံသာဈေးကွက်မှာ လူမကြိုက်လို့ မရောင်းရတဲ့ ကျောက်ဟာ နယ်စပ်မှာလည်း ဘယ်သူမှမကြိုက်ပါဘူး။ ဒါကြောင့် နယ်စပ်ကျောက်သွားရောင်းပြီး သူဌေးဖြစ်ကြတဲ့ ကုန်သည် ဘယ်နှစ်ယောက်ရှိလို့လဲ။ ဒီလိုနဲ့ သုံးလလောက်ကြာသွားတဲ့အခါ ကြာတော့ ဒေါ်ထားထားဦးက ကျွန်တော့်မိန်းမကိုလည်း မယုံတော့ဘူး။ ရဲစခန်းသွားပြီး ကျောက်မျက်ရုံးက ပြန်ထုတ်လာတဲ့ နှစ်ဦးပိုင်ကျောက်ကို ကျွန်တော့်ဆီမှာ ယုံကြည်စွာအပ်နှံထားတာကို ကျွန်တော်က သူ့ရဲ့ သဘောတူညီမှုမရှိဘဲ ဖြတ်တယ်၊ စိပ်တယ်။ ခု မောင်ပိုင်စီးပြီး ရှောင်ပြေးနေတယ်ဆိုပြီး အမှုဖွင့်တော့တယ်"

"ဘယ် ရဲစခန်းမှာ အမှုဖွင့်တာလဲ"

"ပန်းဘဲတန်း ရဲစခန်းမှာ. . ."

"အမှုဖွင့်တော့ သူ့ဘက်က သက်သေပြနိုင်တဲ့ လူ ရှိလို့လား"

"ရှိတယ်လေ"

"ဘယ်သူတွေလဲ"

"ပွဲစားစန်းစန်းနဲ့ မောင်ကျေးပေါ့။ အမှုဖွင့်တဲ့အချိန်မှာ သူတို့သုံးယောက်က ပေါင်းပစ်လိုက်ကြပြီ။ ဒီလို ပေါင်းလိုက်မှပဲ ကျွန်တော့်ဆီက ငွေပိုင်ပိုင်နိုင်နိုင် ညစ်လို့ရမယ် မဟုတ်လား"

"အဲဒီတော့ . . ."

"ကျွန်တော့်မိန်းမက အဲဒီ အမှုဖွင့်ထားပြီဆိုတဲ့ သတင်း ကြားတယ်ဆိုရင်ပဲ သိပ်စိတ်ပူပြီး ကျွန်တော့်ကို ရန်ကုန် အမြန်ပြန်လာဖို့ ပြဿနာတွေအမြန်လာရှင်းဦးဆိုပြီး အကြောင်းကြားတော့တာပေါ့"

"ခင်ဗျားလည်း ချက်ချင်း ပြန်ပြေးခဲ့ရပြန်ရော ဆိုပါတော့"

"ပြန်ခဲ့ရတာပေါ့။ ကံကလည်းဆိုးလိုက်တာ ယုံကြည်စွာအပ်နှံမှုကို ဖောက်ဖျက်တဲ့ ဥပဒေပုဒ်မက အာမခံပေးလို့ရတဲ့ ပုဒ်မ မဟုတ်ဘူး။ ဒါကြောင့် ရဲဌာနကို ကျွန်တော် ပြန်ရောက်လာပါပြီလို့ သွားသတင်းပို့လိုက်တာနဲ့ စခန်းမှူးက ကျွန်တော့်ကို ချက်ချင်းဖမ်း၊ နောက်တရားရုံးကို အမှုစွဲတင်တော့တာပဲ။ ကျွန်တော်ကလည်း တစ်သက်လုံး တစ်ခါမှ အမှုဖြစ်ခဲ့တဲ့လူ မဟုတ်တော့ အဖမ်းခံလိုက်ရတယ်ဆိုရင် စိတ်ဓာတ်က သိပ်ကျသွားပြီး အဲဒီအခါမှာ ရှေ့နေလုပ်လာဖူးတဲ့

www.foreverspace.com.mm



ဒေါ်ထားထားဦးက ကျွန်တော့်ရှေ့နေကတစ်ဆင့် ကျွန်တော့်ကို ညှိတယ်"

"ဘယ်လိုညှိလဲ"

"ပထမညှိတာက ကျွန်တော် အာမခံလျှောက်ပါ။ တရားလိုဖြစ်တဲ့ သူ မကန့်ကွက်ဘူး။ ဒါပေမဲ့ အာမခံလျှောက်တဲ့နေ့မနက်မှာ သူ့ကို ငွေတစ်သိန်း ရှာပြီး ထုတ်ပေးရမယ်"

"ဒုတိယညှိတာက . . . "

"ကျောက်ကို ကျွန်တော်က သိန်း၃၀နဲ့ ဖြတ်ဝယ်ထားခဲ့တဲ့အတွက် သူတို့ကို ကျွန်တော်ပေးရမဲ့ ငွေ ၁၅သိန်းရှိတယ်။ ဒီငွေထဲက နယ်စပ်က ပို့လာတဲ့ငွေ ၂သိန်းနဲ့ အာမခံလျှောက်မဲ့ မနက်မှာ ကျွန်တော်ထုတ်ပေးမဲ့ ငွေ တစ်သိန်း နှုတ်လိုက်ရင် ၁၂သိန်း ကျန်မယ်။ ဒီ ၁၂သိန်းကို ကျွန်တော် ဘယ်လိုပေးမယ် ဆိုတာ တရားသူကြီးက အာမခံပေးတဲ့ စီရင်ချက်အမိန့်မချခင်မှာ ပြီးအောင်ညှိ. . "

"ဘယ်သူ့ရှေ့မှာ ညှိမှာလဲ"

"နှစ်ဖက်ရှေ့နေနှစ်ဦး အရှေ့မှာပေါ့"

"ညှိပြီးတော့ . . . "

"ညှိပြီးတဲ့အတိုင်း ဆက်လုပ်ကြဖို့ပေါ့"

"ခင်ဗျားတို့ ဘယ်လိုညှိကြလဲ"

"ကျွန်တော်က ကျွန်တော် သူတို့ကို ပေးစရာ ငွေမရှိဘူး။ ဒါကြောင့် ကျွန်တော် ရစရာရှိတဲ့ ကျွန်တော့်ဝေစုလည်း တစ်ပြားမှမယူတော့ဘူး။ ခု ၂သိန်း ဖိုး ရောင်းပြီးလို့ ကျန်တဲ့ ဖြတ်စတွေအကုန်လုံးကိုပဲ သူတို့ ကျွန်တော့်ဆီက ရစရာရှိတဲ့ အကြွေးအဖြစ် ယူလိုက်ကြပါတော့လို့ ပြောတယ်"

"သူတို့ သဘောတူလား"

"မတူသေးဘူးခင်ဗျာ။ ကျွန်တော့်လက်မှာ ကျန်ရှိနေတဲ့ ဖြတ်စတွေရဲ့ တန်ဖိုးက သူတို့ ရစရာရှိနေတဲ့ ငွေ ၁၂သိန်းဖိုးမရှိဘူးတဲ့။ ၆သိန်းဖိုးလောက်ပဲ ရှိတယ်။ ဒါကြောင့် ဖြတ်စကျောက်တွေအပြင် ငွေသားအနေဖြင့်လည်း ၆သိန်း တိတိကို ကျွန်တော်က သူတို့ကို ပေးရဦးမယ်တဲ့"

"ခင်ဗျား သဘောတူလိုက်လား"

"မတူလို့ ဘယ်နဲ့လုပ်ကြမလဲ။ လူက အဖမ်းခံနေရတာ နှစ်ပတ်လောက် တောင် ရှိသွားပြီဆိုတော့ ထောင်ထဲမှာလည်း မနေချင်တော့ဘူး။ စိတ်ညစ်လှ ပြီ။ မိန်းမကလည်း ကိုယ့်ယောကျ်ား အဖမ်းခံနေရတာကို မကြည့်ရက်တဲ့အတွက်

www.foreverspace.com.mm
http://www.cherrythitsar.org



ဆယ်သိန်းလောက်တန်တဲ့ ကားတစ်စီးကို ၆ သိန်းနဲ့ ကားပွဲစားတန်း သွားပြီး ချက်ချင်းရောင်းပစ်လိုက်တယ်။ နောက် သူတို့တောင်းနေတဲ့ ငွေ ၆သိန်းနဲ့ လက်ထဲမှာရှိတဲ့ ဖြတ်စ၊ ညှပ်စ ကျောက်စိမ်းအကုန်လုံးကို သူတို့လက်ထဲ ပေးလိုက်ရရော ဆိုပါတော့"

"အောင်မလေး. . နစ်နာလှပါလားဗျာ"

"အဲဒါ ကျွန်တော်ပြောတာပေါ့ ဆရာ။ ပြန်တွေးလိုက်တိုင်း ကိုယ်ခံရတာကို ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်ပြီး၊ အဲဒီအချိန်ကစပြီး လူဟာ အညွန့်တုံးသလို ဖြစ်သွားခဲ့တယ်ဆိုတာ။ သုံးသိန်းနဲ့ဝယ်တဲ့ ကျောက် ဘာဖြစ်လည်း အကုန်ရှုံးပစ်လိုက်လည်း အရှုံး သုံးသိန်းပေါ့။ ခု ကျွန်တော့်အဖြစ်က အရင်းသုံးသိန်းရှုံးပစ်လိုက်ရုံးတင်မကဘူး။ အဆစ်က ဆယ်သိန်းလည်း မကဘူး။ ကား အရေးပေါ် ရောင်းလို့ ရှုံးတာနဲ့ ခရီးစရိတ်ကုန်တာတွေနဲ့ပါ ပေါင်းလိုက်ရင် ၁၅သိန်းလည်း မကဘူး။ ဒီကြားထဲ အဖမ်းခံရတုန်း ထောင်ထဲမှာ၊ ရဲစခန်းမှာ၊ တရားရုံးမှာ စိတ်ဆင်းရဲခံရတာတွေကိုပါ ပေါင်းလိုက်ဦးမယ်ဆိုရင် ကျွန်တော် နစ်နာတာတွေ ဘယ်လောက်တောင် ရှိသွားပြီလဲ"

"ခန္တီးမှော်ကြီးက နတ်ကတော်ကတော့ ခင်ဗျားကို ရာချီမြတ်တဲ့ ကျောက်ကို ဝယ်ရမယ်လို့ ဟောခဲ့တယ်ဆို. . . "

"တော်ပါပြီ ဆရာရယ်။ အဲဒီနတ်ကတော်အကြောင်းလည်း ကျွန်တော် ပြန်မပြောချင်တော့ဘူး။ ဇာတ်က သိပ်ကိုရှုပ်တဲ့ဇာတ်။ ဇာတ်ရှုပ်ကြီးဖြစ်နေလို့။ တကယ်တော့ ခုဇာတ်လမ်းမှာ အဲဒီ နတ်ကတော်ကြီးလည်း ပါတယ်။ ကျွန်တော် အလိမ်ခံခဲ့ရတာက လူ အလိမ်ခံရတာတင် မဟုတ်ဘူး။ နတ်လိမ်တာကိုပါ ခံခဲ့ရတာ ဆရာ"

အမှတ် ၁၁၀၊ ၁၉၉၉၊ စက်တင်ဘာလ။

❋ ❋ ❋

www.foreverspace.com.mm

## ၂၃။ ထိုက်သူပန်

တစ်လောက မျိုးမင်း ကျွန်တော့်ရုံးခန်းသို့ ရောက်လာပါသည်။ သူနှင့် ကျွန်တော်မှာ ငယ်သူငယ်ချင်းဖြစ်၏။

စစ်တက္ကသိုလ်မှ အပတ်စဉ်တစ်ခုတည်း အတူတက်ပြီး အတူအောင်မြင်လာခဲ့သူများ ဖြစ်၏။

"သူငယ်ချင်း. . ငါ့မိန်းမအတွက် စိန်နားကပ်တစ်ရံ ဝယ်ချင်တယ်"

မျိုးမင်းက ကျွန်တော့်ကို ပြောလိုက်ခြင်းဖြစ်၏။

"မင်း မြင်ထားတဲ့ နားကပ်ရှိလား"

သူကပင် မေးခွန်းထုတ်လိုက်ပြန်သည်။

"မရှိဘူး"

"မင်း သင့်တင့်တယ်ထင်တဲ့ နားကပ်တစ်ရံ ဝယ်ပေးစမ်းပါ"

"မင်း ငွေဘယ်လောက်တတ်နိုင်လဲ။ ငွေဘယ်လောက်သုံးဖို့ ရည်ရွယ်ထားလဲ"

"သုံးသိန်းဝန်းကျင်ပေါ့ကွာ"

"ခြယ်နားကပ်လား၊ ပွင့်ကောက်လား"

http://www.cherrythitsar.org

www.foreverspace.com.mm



"ဘာလဲကွ ခြယ်နားကပ်ဆိုတာ၊ ဘာလဲကွ ပွင့်ကောက်ဆိုတာ"

"ခြယ်နားကပ်ဆိုတာက စိန်ပွင့်သေးသေးလေးတွေနဲ့ စုပေါင်းပြီး အလှ ခြယ်ထားတဲ့ နားကပ်ပေါ့ကွာ။ နားကပ်တစ်ဖက်မှာ စိန်အပွင့် ၆ပွင့်ရှိချင်လည်း ရှိမယ်။ ၁၀ပွင့် ရှိချင်လည်းရှိမယ်။ ပွင့်ကောက်ဆိုတာက နားကပ်တစ်ဖက်ကို စိန်တစ်ပွင့်တည်းနဲ့ လုပ်ထားတဲ့နားကပ်"

"အဲ. . အဲ. . ငါ့မိန်းမပန်ချင်တယ်ဆိုတာက အဲဒီနားကပ်မျိုးပဲ။ အဲဒီ ပွင့်ကောက်ဆိုတဲ့ စိန်နားကပ်မျိုး ဝယ်ပေးကွာ"

"အဲဒီ ပွင့်ကောက်စိန်နားကပ်မျိုးမှာပဲ နှစ်မျိုးရှိတယ်။ ခေတ်စိန်လား၊ ရှေးစိန်လား"

"ပိုလှတဲ့ စိန်မျိုးပေါ့ကွာ"

"ပိုလှတဲ့ စိန်ကတော့ ခေတ်စိန်။ ပုံကျသွေးထားတဲ့ စိန်မျိုး။ မင်းက ဘယ်အရွယ်လောက် လိုချင်လဲ"

"ခပ်ကြီးကြီးပေါ့ကွာ"

"ခပ်ကြီးကြီးဆိုရင်တော့ မင်း ငွေသုံးသိန်းလောက်နဲ့ ငါ ဘယ်လိုမှ ဝယ်ပေးလို့မရဘူး။ ၅ ရတီ၊ ၈ ရတီအရွယ်ရှိတဲ့ ခေတ်စိန်နားကပ်ဆိုရင်ပဲ တစ်ရတီ ၅သိန်းအပေါ်မှာ ဒီနေ့ ပေးဝယ်နေရတယ်။ မင်းလက်ထဲမှာ ငွေ သိန်းသုံးလေး-ဆယ်လောက်ရှိမှ ငါ့ဆီပြန်လာခဲ့"

"ရှေးစိန်ဆိုရင်ရော"

"ရှေးစိန်လည်း သူ့ဈေးနဲ့သူရှိတာပဲ။ ကောင်းမယ်လှမယ်ဆိုရင်တော့ အရွယ်တူအရည်အသွေးတူ ခေတ်စိန်ရဲ့တစ်ဝက်။ ဒါမှမဟုတ် သုံးပုံတစ်ပုံဈေး တော့ အနည်းဆုံးရှိလိမ့်မယ်။ မင်းလိုချင်တဲ့ အရွယ်ကြီးကြီးနားကပ်မျိုးကို ငါ ဘယ်လိုမှ ငွေသုံးသိန်းနဲ့ မဝယ်ပေးနိုင်သေးဘူး"

"ဒါဖြင့်ရင်လည်း မင်း သင့်တော်မယ်ထင်တဲ့ ရှေးစိန်ပဲ သုံးသိန်းဝန်းကျင် တန်ဖိုးရှိတဲ့ စိန်နားကပ်တစ်ရံ ဝယ်ပေးကွာ"

"ဝယ်ပေးဆိုရင်လည်း ခု ချက်ချင်းတော့ ငါဝယ်ပေးလို့ မရဘူး။ စိန် နားကပ်ဆိုတာက ငရုတ်သီး ကြက်သွန်လို ချက်ချင်းငွေပေးဝယ်လို့ ရနိုင်တဲ့ ပစ္စည်းမျိုးမဟုတ်ဘူး။ အချိန်စောင့်ဝယ်ရတယ်။ ငါ့ကို အချိန်ပေးဦး"

"ဘယ်လောက် အချိန်ပေးရမလဲ"

"တစ်လတော့ အချိန်ပေးကွာ။ စောရချင်လည်း ရမယ်။ ငါ ရရင်၊

http://www.cherrythitsar.org
www.foreverspace.com.mm



တွေ့ရင် မင်းဆီ ဖုန်းဆက်လိုက်မယ်"

မျိုးမင်း ပြန်သွား၏။

မျိုးမင်းကံဟုပင် ဆိုရမည်လားမသိ။ သူ ပြန်သွားပြီး တစ်ပတ်ခန့် အတွင်း မြင်းခြံမြို့မှ အမျိုးသမီးတစ်ဦး ကျွန်တော့်ထံ စိန်နားကပ်တစ်ရံ လာ ရောင်းပါသည်။

ရှေးစိန်။ ကျပ်ပြည့်မဖြူ။ သို့သော် အဝါရည်ပါသည်ဆိုရုံမျှ ပါ၏။ အပြစ်လုံးဝစင်၏။ မျက်နှာမှာ ထူသည်ဆိုရုံမျှထူ၏။ ခွန်းထိပ်မှာလည်း တိသည် ဆိုရုံမျှ တိထား၏။

အချိန်ကလည်း သုံးရတီခွဲရှိ၏။ ကျွန်တော် သုံးသိန်းနှစ်သောင်းဖြင့် ထိုနားကပ်ကို ဝယ်၍ရ၏။

ဤနားကပ်မှာ ရွှေဘုံသာလမ်း၌ ပွဲစားလက်ထဲထည့်၍ ကျွန်တော် ရောင်းလျှင် ငါးသိန်းအထိ ရောင်းစားနိုင်သော နားကပ်ဖြစ်၏။ သို့သော် ကျွန်တော်မရောင်း။ မျိုးမင်းကို ကျွန်တော် လှမ်းဖုန်းဆက်ခေါ်လိုက်၏။

"ရော့. . ဒီနားကပ်ကို မင်းဝယ်လိုက်။ ငါ သုံးသိန်းနှစ်သောင်းနဲ့ ဝယ် ထားတဲ့နားကပ်။ အမြတ် ၃သောင်း ငါ့ကိုပေး။ မင်း ၃သိန်းခွဲနဲ့ဝယ်"

"မင်း ၃သောင်းကြီးတောင် အမြတ်ယူတာ မများဘူးလားကွာ"

"မများဘူး။ မင်းကို ရောင်းသင့်ရောင်းထိုက်တဲ့ဈေးနဲ့ ရောင်းပေးနေ တာ။ မင်းဝယ်ရင် မင်းဘက်ကသာတယ်။ ငါ့ကို လာဈေးဆစ်မနေနဲ့။ ကြိုက်ရင် ယူသွား။ မကြိုက်ရင် မယူနဲ့"

"ငွေမချေခင် ငါ့မိန်းမကို သွားပြကြည့်လို့ မရနိုင်ဘူးလား"

"ရနိုင်တယ်။ သွားပြ။ မင်းမိန်းမတင်မဟုတ်ဘူး။ မင်းစိတ်ချယုံကြည် တဲ့ စိန်နားလည်တဲ့ ဘယ်သူ့ကိုမဆို ပြချင်သလိုသွားပြဦး။ နောက်ဆုံး ကြိုက်ပြီ။ ကျေနပ်ပြီဆိုမှ ငါ့ဆီ ငွေလာချေ"

မျိုးမင်း နားကပ်ယူပြီး ပြန်သွား၏။ နှစ်ရက်ခန့်ကြာပြီးနောက် ကျွန်တော့်ရုံးခန်းသို့ သူပြန်ပေါ်လာ၏။

"သူငယ်ချင်း. . ငါ့ကိုစိတ်မဆိုးနဲ့ကွာ။ မင်းနားကပ်ကို ငါ့မိန်းမက မကြိုက်ဘူးတဲ့။ သူ့သူငယ်ချင်းတစ်ယောက်ဆီက တိုက်ရိုက်ဝယ်လို့ရတဲ့ နားကပ် ကို ဝယ်လိုက်ပြီ"

မျိုးမင်းက ကျွန်တော့်နားကပ်ကို ပြန်ပေးပါသည်။ ကျွန်တော်က သူ

http://www.cherrythitsar.org

www.foreverspace.com.mm



ပြန်ပေးသော နားကပ်ကို လှမ်းယူရင်း . . .

"မင်းမိန်းမဝယ်လိုက်တဲ့ နားကပ်ရော ပါလာလား"

"ပါတယ်။ ငါ့မိန်းမကလည်း မင်းကို ပြကြည့်ဦးဆိုပြီး ပေးလိုက်တယ်"

သူက စိန်နားကပ်တစ်ရံကို ကျွန်တော့်ကို လှမ်းပေးပါသည်။ ကျွန်တော် သူပေးသော နားကပ်ကို ရိုးရိုးမျက်စိနှင့် မြင်လိုက်သည်နှင့်ပင် အလွန် စိတ်ပျက်သွား၏။

ကုန်သည်လုံးဝမကြိုက်သည့် စိန်မျိုး။ ကျင်ရည်များလွန်းနေသည့် စိန်ဖြစ်၏။ ဤစိန်နားကပ်မျိုးမှာ ကျွန်တော်တို့ ဤရတနာကုန်သည်များကိုသာ လာရောင်းလျှင် တစ်သိန်းရရန်ပင် မလွယ်ပါ။

"မင်း ဘယ်လောက်ပေးလိုက်ရလဲ"

"သုံးသိန်း"

"ငွေချေပြီးပြီလား"

"ပြီးပြီ။ ဘယ်လိုလဲကွ။ တန်ရဲ့လား"

"မင်းဝယ်ပြီးနေတဲ့ ပစ္စည်းပဲ။ တန်မတန် ငါ့ကို လာမေးမနေနဲ့တော့။ မင်းမိန်းမကြိုက်ဖို့ အရေးကြီးတာပဲ။ ဝတ်ပေ့ါကွာ။ တစ်သက်လုံးသာဝတ်ပေ့ါ"

ရယ်ဖို့လည်း ကောင်းပါသည်။ မျိုးမင်းကိုလည်း ကျွန်တော် သနားပါသည်။ ရတနာပစ္စည်းကောင်းဆိုသည်မှာ ထိုက်မှရပါသည်။ မထိုက်သူကို မိမိက စေတနာထားပြီး ဘယ်လောက် ကြိုးစား၍ ပေးစေချင်သော်လည်း မရ။ မယူ။ 'ထိုက်သူပန်၊ မိုက်သူခံ'ဟူသော မြန်မာစကားမှာ ကျွန်တော်တို့ ရတနာလောကသားများအတွက် အလွန်မှန်လှသော စကားဖြစ်၏။

ရတနာပစ္စည်းကောင်းဟူသည်မှာ မထိုက်သူ၏လက်တွင် ဘယ်သော အခါမှ အချိန်ကြာကြာမနေပါ။ မထိုက်သူ၏လက်တွင် ရတနာကောင်းဟူသည်မှာ ပူလောင်နေသော ပစ္စည်းကဲ့သို့ပင် ဖြစ်နေတတ်၏။

မနေတတ်. . .၊

မထိုင်တတ်. . .၊

မသွားတတ်. . .၊

မလာတတ်. . .၊

အိပ်ရခက်. . .၊ စားရခက်. . .၊ သွားရခက်ဖြင့် နောက်ဆုံး ဤရတနာပစ္စည်းကောင်း လက်တွင်ရောက်လာသည့်အတွက်ပင် အကျိုးမပေးဘဲ

http://www.cherrythitsar.org

www.foreverspace.com.mm



ခိုက်တတ်သေး၏။ မကျန်းမမာဖြစ်၏။ ခိုက်ရန်ဖြစ်၏။ အဖမ်းအဆီးခံရ၏။ တွေ့နိုင်သည့်အန္တရာယ်များကလည်း စုံလှဘိ၏။

သို့သော် ထိုက်သူ၏လက်တွင်မူ ရတနာကောင်းမှာ အလွန်အကျိုးပေး၏။ အတင်းလုယူ၍ပင် ယူ၍မရ။ ရအောင်လုသွားခဲ့ပြီးနောက်လည်း အကြောင်းအမျိုးမျိုးဖြင့် မူလပိုင်ရှင်သို့ ပြန်ပေးရတတ်၏။

မျိုးမင်း ပြန်သွားပြီးနောက် ကျွန်တော့်အတွေးများမှာ ဖြတ်သန်းခဲ့ပြီးဖြစ်သော ရတနာကုန်သည်ဘဝ၌ ကြုံတွေ့ခဲ့ဖူးသည့် ဖြစ်ရပ်အမျိုးမျိုးကို ပြန်လည် သတိရနေမိ၏။

ရယ်ရပါသည်။ ထိုနေ့. . . နေ့လယ်ကပင် (အက်ဖ်အမ်အိုင်)ကုန်တိုက်တတိယထပ်ရှိ လက်ဖက်ရည်ဆိုင်၌ ဤအကြောင်းကို မိတ်ဆွေတစ်ယောက်နှင့် ဆွေးနွေးခဲ့မိသေး၏။

ကိုပြုံး . . .

ကိုပြုံးဟူသော အမည်နှင့်လိုက်အောင်ပင် အမြဲပြုံးရွှင်စွာ နေတတ်သူဖြစ်၏။ လူပုံသဏ္ဌာန်ကလည်း ထောင်ထောင်မောင်းမောင်း။ မျက်နှာပေါက်ကလည်း တော်တော်လေးချောသူဖြစ်၏။ ကိုပြုံးနှင့်ကျွန်တော် ခင်မင်ခဲ့ကြသည်မှာ နှစ်ပေါင်း ၂၀ ဆယ်ခန့်ရှိသွားပြီ ဖြစ်လိမ့်မည်ဟု ထင်၏။

မှန်ပါသည်။

ကိုပြုံးကို ကျွန်တော် မိုးကုတ်၌ နေစဉ်ကပင် စသိပါသည်။ သို့သော် ရင်းနှီးခဲ့ကြသည်မှာ ရန်ကုန်ပြောင်းလာခဲ့ပြီးမှ ဖြစ်၏။

ရတနာကောင်းဟူသည်မှာ ထိုက်သူ၏လက်တွင်း၌သာ တည်ရှိနေနိုင်သည်မှာ ကိုပြုံး၏ ကိုယ်တွေ့ အဖြစ်အပျက်မှာ အထင်ရှားဆုံး သာဓကဖြစ်လိမ့်မည်ဟု ကျွန်တော်ထင်၏။

"ကိုပြုံး. . ခင်ဗျားရဲ့ကျောက်ထုပ် အခိုးခံရတဲ့ဇာတ်လမ်းကို ကျွန်တော် ဝတ္ထုရေးမယ်လို့ စိတ်ကူးနေတာ ကြာပြီ။ အကြောင်းအမျိုးမျိုးနဲ့ မရေးခဲ့မိဘူး။ ခုတော့ မေ့ကုန်သလောက်တောင် ဖြစ်နေပြီ"

"မေ့ဆိုရင် မေ့လောက်ပြီ ဦးလှဝင်း။ ဒီကျောက်ထုပ်အခိုးခံရတဲ့အဖြစ်က စနှစ်လောက်ပဲရှိတော့မယ်ထင်တယ်"

"အဲဒီတုန်းက ကျွန်တော်ကလည်း တစ်ဆင့်စကားသာ ကြားခဲ့ရတာ။ ခင်ဗျားကိုရော၊ မနိုင်ကိုရော တိုက်ရိုက်လည်း တစ်ခါမှ မမေးကြည့်ဖူးဘူး။

http://www.cherrythitsar.org
www.foreverspace.com.mm



ဒါကြောင့်လည်း မရေးဖြစ်ခဲ့တာပါ”

မှန်ပါသည်။

ထိုစဉ်က ကျွန်တော့်ရတနာဆိုင်မှာ ဗိုလ်ချုပ်ဈေးတွင် ရှိ၏။

ကိုပြုံးနှင့်မနိုင်တို့၏ ရတနာဆိုင်မှာလည်း ဗိုလ်ချုပ်ဈေး၌ပင် ရှိ၏။ ဆိုင်နီးချင်းများ မဟုတ်သော်လည်း တစ်ဆိုင်နှင့်တစ်ဆိုင် ဝေးလှသည်လည်း မဟုတ်ပါ။

“ကိုပြုံး ကျောက်ထုပ်အခိုးခံလိုက်ရတဲ့အချိန်က ဘယ်အချိန်လဲ။ ဘယ်လို ခိုးသွားတာလဲ”

“ဆိုင်ပိတ်တော့မယ့်အချိန်ဗျာ။ ညနေ ၄နာရီခွဲ အချိန်သာသာလောက် ရှိလိမ့်မယ်။ ဦးလှဝင်း ယုံနိုင်မလား။ အားလုံးအဖြစ်အပျက်က ၂မိနစ်လောက်ပဲ ရှိလိမ့်မယ်။ ၂မိနစ်လောက်အချိန်အတွင်း အခိုးခံလိုက်ရတာ”

“ဘာ. . . ၂မိနစ်”

“ဟုတ်တယ်။ အချိန် ၂မိနစ်တည်း။ ဒီလိုဗျာ။ ညနေ ၄နာရီခွဲနေပြီ ဆိုတော့ ဆိုင်တွေအကုန်လုံးက စသိမ်းနေကြပြီ။ ကျွန်တော့်မိန်းမ မနိုင်က ဆိုင် (ကောင်တာ)ထဲမှာရှိတဲ့ ကျောက်ထည် လက်ဝတ်လက်စားတွေကို သိမ်းပြီးတာ တစ်ဝက်ကျော်လောက်ရှိနေပြီ။ ကျွန်တော်ကလည်း ချိန်းထားတာရှိတဲ့ဆီကို သွား တော့မလို့။ ဆိုင်ကထွက်ခါနီးမှာ. . ဦးလှဝင်း သိပါတယ်။ ပွဲစားမြင့်မြင့် ရောက် လာပြီး ကျောက်တစ်ပွင့်ပြတယ်။ ကိုပြုံး. . ဒီကျောက်လေးကို ကြည့်စမ်း။ သူများ သုံးသိန်းပေးပြီးပြီ။ ပိုင်ရှင်က သုံးသိန်းခွဲဆိုရင် ရောင်းတော့မယ်။ ပစ္စည်းက သိပ်တန်တယ်နော်ဆိုတာနဲ့ ကျွန်တော်က ဆိုင်ပေါ်မှဆင်းနေရာက ကျောက်ထုပ် ကို ကြမ်းပေါ်ချလိုက်ပြီး ပွဲစားမြင့်မြင့်ရဲ့ကျောက်ကို တစ်ချက်လှမ်းယူကြည့်လိုက် တယ်။ အားလုံး ၂မိနစ်ပဲ အများဆုံးကြာမယ်။ ကျောက်ကို မီးရောင်အောက်မှာ တစ်ချက်ကြည့်ပြီးတာနဲ့ မြင့်မြင့် နင့်ပစ္စည်း ငါမကြိုက်ဘူးဆိုပြီး ပစ္စည်းပြန်ပေး ပြီး အနောက်ကို ပြန်လှည့်လိုက်တော့ ဆိုင်ကြမ်းပြင်ပေါ်ချထားတဲ့ ကျွန်တော့် ကျောက်ထုပ်မရှိတော့ဘူး”

“ငယ်ငယ်တုန်းက နတ်ဝှက်တမ်းကစားကြသလိုပဲဆိုပါတော့”

“ဟုတ်တယ်။ အဲဒီအတိုင်းပဲ”

“ကျောက်ထုပ်ကို စနစ်တကျမသိမ်းထားဘူးလား”

“သိမ်းတာပေါ့။ သိပ်ကို စနစ်တကျသိမ်းထားတာ။ ဦးလှဝင်း သိတဲ့

http://www.cherrythitsar.org

www.foreverspace.com.mm



အတိုင်း ကျွန်တော်က သိပ်ကို သတိကြီးတဲ့လူ။ ကျောက်ကုန်သည်စလုပ်ခဲ့တဲ့ အချိန်ကစပြီး တစ်ခါမှ ကျောက်ကျပျောက်ဖူးတဲ့လူ မဟုတ်ဘူး။ တခြားလူတွေကိုတောင် အမြဲသတိပေးနေတဲ့လူ။ ပစ္စည်းကိုသိမ်းတာမှ သားရေအိတ်က နှစ်ထပ်။ ဆယ်လက်မလောက်ရှိတဲ့ သားရေအိတ်ကြီးထဲမှာ သုံးလက်မလောက်ရှိတဲ့ သားရေအိတ်ငယ်လေးနဲ့ ကျောက်ထုပ်ကို ထည့်ထားတယ်။ ကျောက်ထုပ်ကလည်း ရိုးရိုးစက္ကူနဲ့ ထုတ်ထားတာမဟုတ်ဘူး။ (ဇစ်)တပ်ထားတဲ့ ပလက်စတစ်အိတ်သုံးခုနဲ့ အသေအချာထည့်ထားတာ"

"ကျောက်က ဘယ်နှပွင့်လဲ"

"၂၄ပွင့် ပါတယ်။ ဂေါ်ကြီးတွေချည်းပဲ"

"တန်ဖိုးက . . . "

"အဲဒီခေတ်အချိန်အခါ ငွေတန်ဖိုးနဲ့ သိန်းငါးဆယ်ကျော်ရှိတယ်။ အဲဒါ ကျွန်တော့်ဝယ်ဈေးနော်"

"အနီတွေလား"

"အနီရော၊ အပြာရော ပါတယ်။ အဲဒီညနေမှာ ခရီးဝေးသွားမယ့် ဧည့်သည်တစ်ယောက်ကို ပြမလို့ ပြင်ဆင်ထားတာ"

"ခိုးတဲ့လူက ဘယ်လိုခိုးသွားတာလဲ"

"ကျွန်တော် ပွဲစားမြင့်မြင့်ပြတဲ့ ကျောက်ကို ထကြည့်တုန်းမှာ အသာကလေး ဆွဲယူသွားတာပေါ့။ မြန်လိုက်တာ မပြောနဲ့ဗျာ။ ကျွန်တော်လည်း ချက်ချင်းထူပူပြီး ဟေ့. . ငါ့ကျောက်ထုပ်ခိုးသွားပြီလို့ အော်ပြီး ဈေးအဝင်အဝ တံခါးရှိတဲ့ဆီကို ပြေးတယ်။ ဟိုရောက်တော့ ဈေးပြင်ထွက်လာသမျှ လူတွေရဲ့ လက်ထဲမှာ ကျွန်တော့်သားရေအိတ်ကို လှမ်းကြည့်တယ်ပေါ့ဗျာ။ ဘယ်တွေ့မှာလဲ။ ခိုးတဲ့သူခိုးက အိတ်ကိုကိုင်ပြီး ထွက်သွားတာမဟုတ်ဘဲ။ အိတ်ကို သူ့ရင်ဘတ်ထဲဝှက်ယူပြီး ထွက်သွားတာ"

"နောက်တော့. . . "

"မနိုင် ခေါ်ပြီး ရဲစခန်းကို ချက်ချင်းသွားတိုင်ရတာပေါ့ဗျာ"

"ဘယ်ရဲစခန်းလဲ"

"ပန်းဘဲတန်းရဲစခန်းပေါ့"

"ရဲစခန်းက ဘာလုပ်ပေးလဲ"

"ချက်ချင်း ဈေးလိုက်လာပြီး ရှာပေးပါတယ်။ ဒါပေမဲ့ ဈေးကပိတ်ပြီ။

http://www.cherrythitsar.org

www.foreverspace.com.mm



ဈေးထဲမှာ ဘယ်သူမှ မရှိတော့ဘူး”

“အဲဒီတော့ . . . ”

“ကျွန်တော်လည်း စိတ်ပျက်လက်ပျက်ဖြစ်ပြီး ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ကို သွားတယ်။ ဒန တပ်ဖွဲ့ကို တိုင်တယ်”

“ဘာလဲ (ဒန) တပ်ဖွဲ့ဆိုတာ”

“ဒုစရိုက်နှိမ်နင်းရေးတပ်ဖွဲ့ဗျာ။ သူတို့က ရန်ကုန်တစ်တိုင်းလုံးမှာရှိတဲ့ ဒုစရိုက်မှုတွေကို ကိုင်တွယ်နှိမ်နင်းပေးရတဲ့အဖွဲ့”

“သူတို့ကရော ဘာလုပ်ပေးလဲ”

“ချက်ချင်း အကူအညီပေးပါတယ်။ အခိုးခံရတဲ့ပစ္စည်းတန်ဖိုးက သိပ်များလွန်းနေတဲ့အတွက် ရဲတပ်ဖွဲ့ရဲ့ ရာထူးအကြီးဆုံးရှိတဲ့ ပုဂ္ဂိုလ်အထိကို ဒီ ခိုးမှုသတင်းက ချက်ချင်းရောက်သွားတယ်။ အားလုံးက အရေးတယူလိုက်ရှာကြတာပေါ့ဗျာ”

“သူတို့ လိုက်ရှာပေးနေကြတဲ့ အချိန်အတွင်းမှာ ကိုပြုံးနဲ့ မနိုင်တို့ကရော ကိုယ့်အိမ်မှာပဲ ကိုယ်ထိုင်စောင့်နေလား”

“ဘယ်စောင့်နေနိုင်မလဲ။ ပထမဆုံး ကျွန်တော့်တူတွေကို နယ်စပ်မြို့သုံးမြို့ကို လွှတ်ပြီး နယ်စပ်ဈေးကွက်မှာ ဒီပစ္စည်းတွေပေါ်လာရင် ရဲအကူအညီနဲ့ သိမ်းခိုင်းလိုက်တယ်။ နောက်. . ရွှေဘုံသာလမ်းပေါ်မှာရှိတဲ့ ရတနာဆိုင်ကြီးတိုင်းကို ကိုယ်တိုင်သွားပြီး သူခိုး ကျွန်တော့်ပစ္စည်းတွေ လာရောင်းရင် သတိထားဝယ်ကြဖို့ သတင်းပေးကြဖို့ မေတ္တာရပ်ခံရတာပေါ့ဗျာ။ ရွှေဘုံသာလမ်းပေါ်က ဆိုင်အားလုံးကလည်း အကူအညီပေးကြပါတယ်။ နောက်. . ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ကို သွားပြီး ကျွန်တော်ကိုယ်တိုင် ဘာလုပ်ပေးနိုင်သလဲလို့ သွားမေးတယ်”

“ကိုပြုံးက ဘာလုပ်ပေးနိုင်တာတွေ ရှိလို့လဲ”

“ရှိတာပေါ့ဗျာ။ ပထမဆုံး ကျွန်တော်လုပ်ပေးနိုင်ခဲ့တာက သူခိုးရဲ့ ပုံပန်းသဏ္ဌာန်ကို ထုတ်ဖော်ပြနိုင်ခဲ့တာ”

“ဘယ်လိုပြခဲ့နိုင်တာလဲ”

“ဒီလိုဗျာ။ ကျွန်တော်က ပန်းချီဆွဲတာ ဝါသနာပါတယ်။ ပန်းချီလည်း ငယ်ငယ်ကတည်းက တော်တော်ဆွဲနိုင်တယ်။ သူခိုး ကျွန်တော့်အိတ်ကို ကိုင်ပြီး အလစ်သုတ်သွားတာကို မျက်နှာချင်းဆိုင်က အမျိုးသမီးတစ်ယောက်က ရိုးတိုးရိပ်တိပ် မြင်လိုက်မိထားတာရှိတယ်။ ကျွန်တော်က ဒီအမျိုးသမီးဆီသွားပြီး သူ

http://www.cherrythitsar.org
www.foreverspace.com.mm



မှတ်မိသလောက် သူခိုးရဲ့ ရုပ်သဏ္ဌာန်ကိုပေးပြီး မျက်နှာပုံကို ဆွဲပြတယ်။ အံ့ဩဖို့ သိပ်ကောင်းတယ်။ ကျွန်တော်ဆွဲပြတဲ့ လူပုံသဏ္ဌာန်မျက်နှာတွေ အမျိုးမျိုးထဲက နောက်ဆုံး အမျိုးသမီးက နီးစပ်မှုရှိတယ်ဆိုတဲ့ပုံက သူခိုးမိတော့ တထေရာတည်း တူနေတယ်"

"ကိုပြုံးဆွဲပြတဲ့ အဲဒီပန်းချီမျက်နှာပုံကို ကြည့်ပြီး ရဲတပ်ဖွဲ့က သူခိုးကို ဖမ်းနိုင်ခဲ့တာလား"

"ဘယ်ဟုတ်မလဲ။ သူခိုးက ရဲလက်ထဲမှာ မှတ်တမ်းမရှိသေးတဲ့ သူခိုး။ သူခိုးလူသစ်လေး ဆိုပါတော့"

"ဟာ. . . ဒုက္ခပဲ"

"ဟုတ်တယ်။ သူခိုးလူသစ်ဖြစ်နေတဲ့အတွက် ရဲကလည်း တော်တော်အကျပ်ရိုက်ခဲ့ရတယ်။ ဦးပြုံး. . သူခိုးက တောင်ဥက္ကလာမှာ နေတယ်။ ကျွန်တော်တို့ ဒီနေ့ သွားဖမ်းမယ်ဆိုလို့ ကျွန်တော်က ရဲကို ကားနဲ့တင်ပြီး တောင်ဥက္ကလာပကို လိုက်သွားတယ်။ ဟိုရောက်တော့ သူတို့ဖမ်းမိတဲ့သူခိုးက ကျွန်တော့်ကျောက်ထုပ်ခိုးခဲ့တဲ့ သူခိုးမဟုတ်ဘူး။ တခြားပစ္စည်းခိုးတဲ့ သူခိုးဖြစ်နေပြန်တယ်။ အဲဒီလိုနဲ့ ကျွန်တော့်ကားနဲ့လိုက်အပို့ကောင်းလို့ အရင်က မမိသေးတဲ့ခိုးမှုတွေ တော်-တော်များများ ပေါ်လာတယ်"

"ခင်ဗျားက ကားမောင်းပြီး ရဲတပ်ဖွဲ့ကို အကူအညီပေးခဲ့တယ်ဆိုပါတော့"

"သိပ်မှန်တာပေါ့။ အဲဒီတုန်းက ကျွန်တော့်ကားက အသစ်။ ယာယီနံပါတ်ပဲ တပ်ထားရသေးတယ်။ သူခိုးမိပြီးတာနဲ့ အဲဒီကားကို ကျွန်တော် ဆက်တောင် မစီးတော့ဘူး။ (လပ်ကီး)မရှိဘူး။ ဒီကားကို ငါ ဆက်စီးရင် ရဲခေါ်ပြီး သူခိုးပဲ ဆက်ဖမ်းပေးနေရဦးမယ်လို့ အစွဲအလမ်းဖြစ်ပြီး အောက်ဈေးနဲ့ ရောင်းပစ်လိုက်တယ်"

"သူခိုးမမိခင်ကြားမှာ မနိုင်ကရော ဘာလုပ်နေလဲ။ ခင်ဗျားနဲ့အတူ ရဲတပ်ဖွဲ့တွေဆီကိုပဲ သွားနေလား"

"ဘယ်သွားမှာလဲ။ သူက မိန်းမဆိုတော့ ဗေဒင်ဆရာ၊ အကြားအမြင်ဆရာ၊ နတ်ကတော်. . အောက်လမ်း၊ အထက်လမ်းအစုံပါပဲဗျ။ ဘေးက မိတ်ဆွေတွေပြောသမျှ တန်ခိုးအစွမ်းသတ္တိရှိတယ်ဆိုတဲ့ လူတွေဆီကိုသွားပြီး ပူဇော်ပသရတာပေါ့။ အဲဒီမှာလည်း လူတော်၊ လူကောင်းတွေနဲ့ ကြုံတွေ့ရသလို၊

http://www.cherrythitsar.org
www.foreverspace.com.mm



လူလိမ်လူညာတွေနဲ့လည်း ကြုံရပါတယ်။ ပြီးတာလည်းပြီးပြီ။ ပုဂ္ဂိုလ်ရေးတွေ ပါနေတာမို့ အသေးစိတ်လည်း ကျွန်တော် ပြန်မပြောပြချင်တော့ပါဘူး”

“သူခိုးကို နောက်ဆုံးမိခဲ့ရတာက ဘယ်လိုအကျိုးအကြောင်းတွေကြောင့်လို့ ကိုပြုံး ထင်လဲ”

“ကျွန်တော်ထင်တာကတော့ အကြောင်းအကျိုးနှစ်ခုကြောင့်ပါ။ ပထမ အကြောင်းအကျိုးကတော့ ရဲတပ်ဖွဲ့ရဲ့ကြိုးပမ်းမှုကြောင့်ပါ။ ရဲတပ်ဖွဲ့ထဲမှာ ကျွန်တော် အမြဲတမ်း မမေ့နိုင်တဲ့လူ ၂ယောက်ရှိတယ်။ တစ်ယောက်က ဒုရဲအုပ် ဦးအေးကို။ နောက်တစ်ယောက်က မုတ်ဆိတ်စိုးဝင်း။ မုတ်ဆိတ်စိုးဝင်းက ဒီနေ့ ဘာရာထူးရှိလဲ ကျွန်တော် မသိဘူး။ အဲဒီတုန်းက ရဲအရာခံဗိုလ်။ လူက မုတ်ဆိတ်နဲ့။ သူ့ပုံသဏ္ဌာန်က ရဲအရာရှိနဲ့မတူဘူး။ လူဆိုးနဲ့ ပိုတူတယ်။ အဲဒီလို ရုပ်ဖျက်ထားတာ ကောင်းလွန်းလို့လည်း သူပိုပြီး အောင်မြင်ခဲ့တာလို့ ထင်ပါတယ်။ အဲဒီ ပုဂ္ဂိုလ်နှစ်ယောက်ရဲ့ ကြိုးပမ်းအားထုတ်မှုတွေကတော့ စံတင်လောက်ပါတယ်။ ချီးမွမ်းဖို့လည်း အလွန်ကောင်းပါတယ်။ အမှုပေါ်တဲ့အထိ မအိပ်ဘဲ၊ မစားဘဲ အစွမ်းကုန် ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့ကြပါတယ်”

“ကျောက်ထုပ်အခိုးခံရတဲ့အချိန်ကစပြီး ကျောက်ထုတ်ပြန်ရတဲ့အထိ အချိန်က ဘယ်လောက်ကြာလဲ”

“ဝါဆိုလကွယ်နေ့မှာ အခိုးခံရပြီး ဝါခေါင်လပြည့်နေ့မှာ ပြန်ရတယ်ဆိုတော့ အချိန်က စုစုပေါင်း နှစ်ပတ်ပေါ့။ ဒါပေမဲ့ ဒီနှစ်ပတ်အတွင်းမှာ ရဲတိုင်း ဒုစရိုက်နှိမ်နင်းရေးအဖွဲ့က ရဲအကုန်နီးပါးလောက်နဲ့ကို ကျွန်တော် သိကျွမ်းခင်မင်သွားခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ မနက် ကျွန်တော်သွားရင် လူတိုင်း ကျွန်တော့်ကို သိတယ်။ နှုတ်ဆက်တယ်။ အဲ. . ကျွန်တော့်ပစ္စည်းပြန်ရတဲ့ ဒုတိယအကြောင်းရပ်ကတော့ ကျွန်တော့်ကိုယ်ကျင့်တရားကြောင့်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော် ဘယ်သူ့ပစ္စည်းဥစ္စာကိုမှ မတရားရယူတာမျိုး မလုပ်ခဲ့ဖူးဘူး။ ဘုရားတရားကိုလည်း ဘယ်တုန်းကမှ ကျွန်တော် မမေ့ဘူး။ နေ့စဉ်မနက်တိုင်း ညတိုင်း ကျွန်တော် ရွတ်ဆိုတဲ့သုတ်တွေ ရှိတယ်။ နားလည်တဲ့အရွယ်ရောက်တဲ့အချိန်အခါကစပြီး အမြဲရွတ်ခဲ့တယ်။ ဒါကြောင့်လည်း အဖိုးတန်တဲ့ ကျောက်ထုပ်ကြီး အခိုးခံသွားရပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ပစ္စည်း ပြန်ကိုရလိမ့်လို့ အလိုလိုထင်နေတယ်။ မဆုံးရှုံးနိုင်ဘူးဆိုတာ အလိုလို သိနေတယ်”

“သူခိုးကိုမိတာက ဘယ်လိုမိတာလဲ”

http://www.cherrythitsar.org

www.foreverspace.com.mm



"အသေအချာပြန်ဆန်းစစ်လိုက်ရင် သူခိုးက ကျောက်ထုပ်ကို သူ့ဟာသူ ပြန်လာပို့တာ။ သူ့ဟာသူ အဖမ်းလာခံသလိုပါပဲ"

"ဘာ. . . ထူးဆန်းလှချေလား"

"ဟုတ်တယ်။ သိပ်ထူးဆန်းတယ်။ ဒီလိုဗျာ။ ကျောက်ထုပ်ကို သူခိုးက တခြားတစ်မြို့တစ်ရွာကို ယူသွားပြီး ရောင်းမယ်ဆိုရင် ရောင်းလို့ရပေမဲ့ မရောင်းဘူး။ ဒီဈေးထဲက ကျွန်တော့်ဆိုင်နဲ့ နှစ်ဆိုင်ခြားက ရတနာဆိုင်မှာ လာရောင်းတယ်"

"အဲဒီဆိုင်က ကိုပြုံးပစ္စည်းတွေမှန်း သိလား"

"သိတယ်။ သိလို့လည်း ဝယ်လိုက်တယ်"

"ဘယ်လောက်နဲ့ ဝယ်လိုက်တာလဲ"

"ငါးထောင်နဲ့"

"သိန်းငါးဆယ်ကျော်တန်တဲ့ ကျောက်ထုပ်ကို ငွေငါးထောင်နဲ့ လာရောင်းတယ်"

"ဟုတ်တယ်။ လာရောင်းတယ်။ အဲဒီဆိုင်ကလည်း ရတနာကုန်သည် ရည်ဝနေတဲ့ လူတွေဆိုတော့ ခိုးလာတဲ့ပစ္စည်းလာရောင်းတာ ဖြစ်နိုင်တယ်ဆိုတာ ချက်ချင်းသိတယ်။ ကျွန်တော့်ပစ္စည်း ဖြစ်နိုင်တယ်ဆိုတာလည်း သိတယ်။ သူတို့က သူခိုး ငါးထောင်နဲ့ဝယ်ပါဆိုတာကို နှစ်ထောင်ပိုယူသွားဦးလို့ဆိုပြီး နှစ်ထောင်တောင် ပိုပေးလိုက်သေးတယ်။ ခုနစ်ထောင်နဲ့ ဝယ်လိုက်တယ်။ ပြီးတော့ ကျွန်တော့်ကို ဖုန်းဆက်ခေါ်တယ်"

"ကိုပြုံးက ဘယ်ရောက်နေလဲ။ အချိန်က ဘယ်အချိန်လဲ"

"ကျွန်တော်က အိမ်မှာအိပ်နေတာ။ အိပ်နေတာဆိုပေမဲ့ အိပ်လို့က မပျော်ပါဘူး။ ဝါခေါင်လပြည့်နေ့ကြီးဆိုတော့ ကျွန်တော်က ဥပုသ်စောင့်ထားတယ်။ အချိန်က အခိုးခံရတုန်းကအချိန်မျိုးပဲ။ ညနေ ၄နာရီခွဲလောက်. . ၊ ဈေးသိမ်းတော့မယ့်အချိန်။ လူအစည်ဆုံးအချိန်။ ဒါကြောင့်မို့လည်း ကျောက်ထုပ် အခိုးခံရတုန်း ဗိုလ်ချုပ်ဈေးထဲမှာ ဟိုးလေးတကျော်ဖြစ်ခဲ့သလို ကျောက်ထုပ် ပြန်ရတော့လည်း ချက်ချင်း ဈေးထဲမှာ ဟိုးလေးတကျော်ဖြစ်ခဲ့ရတာပေါ့"

"ဖုန်းဆက်ခေါ်တော့ ကိုပြုံး ဘယ်လိုလုပ်လဲ"

"အိပ်ရာထဲက ချက်ချင်းထပြီး ကားနဲ့တောင် မလာတော့ဘူး။ အိမ်က နေ ဈေးရောက်တဲ့အထိ ပြေးလာတယ်။ အိမ်နဲ့ဈေးကလည်း နှစ်ဖာလုံလောက်ပဲ

http://www.cherrythitsar.org
www.foreverspace.com.mm



ဝေးတယ် မဟုတ်လား”

“ကျောက်ထုပ်က ကိုယ်ထုပ်ထားတဲ့အတိုင်းပဲလား”

“အတိအကျကို ကိုယ်ထုပ်ထားတဲ့အတိုင်း လက်ရာကို လုံးဝမပျက်ဘူး။ နောက်ပိုင်းမှ သူခိုးကို ကျွန်တော် ကိုယ်တိုင်အံ့ဩလို့မေးကြည့်တော့ သူ ကျောက်ထုပ်ကို တစ်ခါမှ မဖွင့်ကြည့်ဘူး။ လာရောင်းတော့မှပဲ ဝယ်တဲ့လူက ဖွင့်ကြည့်ခဲ့တာတဲ့”

“အံ့စရာပဲ”

“ဟုတ်တယ်။ အံ့စရာတွေကြီးပဲ”

“သူခိုးကို နောက် ဘယ်လိုမိခဲ့တာလဲ”

“သူခိုးကလည်း ခပ်အအ ဆိုပါတော့ဗျာ။ သူ့ကျောက်ထုပ်ကို ဝယ်လိုက်တဲ့ ကျွန်တော့်ဆိုင်နားနီးချင်းက မင်း မနက်ဖြန်ပြန်လာခဲ့ဦး။ လာဘ်ခေါ်တဲ့အနေနဲ့ ငါ ငွေထပ်ပေးဦးမယ်လို့ပြောတော့ ဟုတ်ကဲ့လို့ ပြောသွားတယ်တဲ့”

“အဲဒီတော့ ပြန်မိတော့ အဲဒီဆိုင်မှာပဲ ဆိုပါတော့”

“မဟုတ်ဘူး။ ဈေးထဲမှာတော့ ဈေးထဲမှာပဲ။ ဒီလိုဗျာ။ ရဲတပ်ဖွဲ့ကလည်း သူခိုး နောက်တစ်နေ့မှာ ပြန်လာဦးမယ်ဆိုတာ သိထားပြီးဖြစ်တဲ့အတွက် အရပ်ဝတ်နဲ့ ရဲတွေ တစ်ဈေးလုံးအနှံ့ ချထားပြီးပြီ။ နောက် ဖြစ်ချင်တော့ သူခိုးက ဈေးထဲမှာ စီးကရက်ဝယ်သောက်တယ်။ အဲဒီတုန်းက စီးကရက်တစ်လိပ်က သုံးကျပ်။ ဒီ စီးကရက်သုံးကျပ်ဖိုးကို ပေးတဲ့ဆီမှာ စီးကရက်ရောင်းတဲ့လူကို သူခိုးက ငွေငါးရာတန် ထုတ်ပေးတယ်။ စီးကရက်ရောင်းတဲ့လူကလည်း ရဲရဲ့ သတင်းပေးဖြစ်နေတော့ ချက်ချင်း ရဲကို သံသယရှိတဲ့အကြောင်း လှမ်းသတင်းပေးပြီး ရဲက ချက်ချင်း ဖမ်းလိုက်တာပေါ့”

“ဖမ်းမိတဲ့အချိန်ကရော ဘယ်အချိန်လဲ”

“ညနေ ၄နာရီခွဲလောက်။ ဈေးပိတ်ခါနီး လူအစည်ဆုံးအချိန်ပဲ”

“ကိုပြုံးက အဲဒီအချိန်တုန်းက ဘယ်မှာရှိနေလဲ”

“ဈေးထဲမှာပေါ့။ သူခိုးဖမ်းမိပြီဆိုတာနဲ့ ချက်ချင်း ကျွန်တော် သတင်းကြားရတယ်။ ချက်ချင်း ရဲစခန်းကို လိုက်သွားတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ ငါ့ကို နှစ်ပတ်လောက် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲအမျိုးမျိုးဖြစ်အောင် လုပ်ထားတဲ့အကောင် အနည်းဆုံး တွေ့တဲ့အခါ တစ်ချက်လောက်တော့ ထိုးပစ်လိုက်ဦးမယ်ဆိုပြီး သွားတာပဲ။ ဒါပေမဲ့ . . . ”

http://www.cherrythitsar.org

www.foreverspace.com.mm



"မထိုးဖြစ်ဘူးလား"

"ဘယ်ထိုးဖြစ်ပါ့မလဲ ဦးလှဝင်းရယ်။ သူခိုးက ကောင်လေး။ ၁၇နှစ်သား၊ ၁၈နှစ်သား။ ကိုယ့်သားအရွယ်လေးဖြစ်နေတယ်။ ရုပ်ကလည်း တော်တော်ချောတဲ့အကောင်။ (ဗီဒီယို)မင်းသားလုပ်စားရင်တောင် ရနိုင်တယ်။ ကျွန်တော်က သူ့ကိုမေးကြည့်တယ်။ မင်း ငါ့ကျောက်ထုပ်ကို ဘယ်မှာသွားသိမ်းထားလဲဆိုတော့ ကျွန်တော့်ခေါင်းအုံးအောက်မှာပဲထားပြီး ညတိုင်း အိပ်ပါတယ်တဲ့။ မင်းငါးဆိုင်နားက ဆိုင်ကိုမှ ဘာဖြစ်လို့ လာရောင်းရတာလဲလို့ မေးကြည့်ပြန် တော့ဘယ်လိုဖြေသလဲဆိုရင် . . ဦးလေးရယ် . . ဒီကျောက်ထုပ်ကြီး ခိုးသွားပြီးကတည်းက ကျွန်တော့်ရင်ထဲမှာ အမြဲ ပူလောင်နေသလိုပဲတဲ့။ နောက်ဆုံး ဒီပူလောင်တာကို ဘယ်လိုမှ ဆက်မခံနိုင်ဘူး။ ဦးလေးဆိုင်ကို လာပြန်ပေးမယ်လို့ ဆုံးဖြတ်ပြီးမှ ပြန်လာမပေးရဲတာနဲ့ အနီးကပ်ရက် ရတနာဆိုင်ကို ရောင်းပေးခဲ့ရတာပါတဲ့"

"အံ့စရာတွေပဲဗျာ"

"ဟုတ်တယ်။ အားလုံး အံ့စရာတွေပဲ။ အဲဒီအချိန်ကစပြီး ရတနာပစ္စည်းကောင်းဆိုတာ မြတ်တဲ့ပစ္စည်း။ တန်ဖိုးသတ္တိရှိတယ်။ ထိုက်တဲ့သူမှ ကိုင်နိုင်တယ်ဆိုတာ ပိုပြီး ကျွန်တော် ယုံကြည်မှုရှိခဲ့တယ်။ နောက် ရတနာကုန်သည်ဆိုတာ နှစ်မိနစ်လောက်မှ သတိလစ်သွားလို့မရဘူး။ သူခိုးဆိုတာလည်း ရုပ်ရှင်ထဲ၊ ဗွီဒီယိုထဲက သူခိုးပုံမျိုးတွေသာ ရှိတာမဟုတ်ဘူး။ ဥပဓိရုပ်ရှိတဲ့သူ့သား ကိုယ့်သားပုံသဏ္ဍာန်မျိုးလည်း ရှိနိုင်တယ်ဆိုတာ သိခဲ့ရပါတယ်"

အမှတ် ၁၁၈၊ ၂၀၀၀ ပြည့်နှစ်၊ မေလ။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

❋ ❋ ❋

http://www.cherrythitsar.org
www.foreverspace.com.mm

# ရွှေဘုံသာလမ်းပေါ်မှာ

ဦးလှဝင်း (လေသူရဲတစ်ဦး)

